The Sun of flower(Season 2)
နေနှစ်စင်းရဲ့ ချစ်ပုံပြင်
Author~AyeMyatMay

Intro....

ပြုံးကွဲနေတဲ့မိသားစုကနေဆင်းသက်လာတဲ့
လင်းရိပ်ကို ဆိုတဲ့မိန်းကလေးဟာ
သူမမာမီဆုံးပြီးနောက်ပိုင်း သူမဒယ်ဒီက မိထွေးနဲ့
မယားပါသမီးကို
အိမ်ပေါ်ခေါ်တင်လာတဲ့အခါ...ကလေးဆန်တဲ့ကော
င်မလေးက ရဲရင့်ပြတ်သားတဲ့
ကောင်မလေးအဖြစ်ပြောင်းလဲသွားပြီး
သူမရဲ့ပုံစံအမှန်ဟာ
လုံးဝပျောက်ကွယ်သွားတော့သည်။

Lay Nge

"ဘာလုပ်လို့လဲ ဟုတ်လား ဒယ်ဒီ မာမီနေရောမှ
ဒယ်ဒီသာသေသွားခဲ့ရင်
မာမီသမီးကိုအဲလိုဆက်ဆံမှာမဟုတ်ဘူး
သမီးဒယ်ဒီကိုစိတ်ကုန်သွားပြီ ဒယ်ဒီက သမီးနဲ့
ဒီမယားငယ်
သားအမိယှဉ်လာရင်သူတို့ဘက်ပဲပါတယ် ဒါပင်မဲ့
ဘာမှမဖြစ်ဘူး လင်းရိပ်ကို
ကိုဘယ်လိုသန်မာအောင်နေရမလဲဆိုတာ
မာမီကလမ်းပြခဲ့ပြီးသား အခုလည်း
တစ်ခါထဲပြောလိုက်မယ် တိမ်ယံဘွားနဲ့
လပ်ထပ်ပွဲကိုဖျက်သိမ်းမယ်

မယားငယ်တွေကိုရှုံသလို

သူတို့ကိုပက်သက်တဲ့သူကိုလဲ ရှုံသွားတာ"

လင်းရိပ်ကို

...

📖 The Sun Of Flower {Season 2} 📖

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

Part_1

အမေရိကန်ပြည်ထောင်စု
ဝါရှင်တန်မှာရှိတဲ့ကျောင်းတစ်ခုတွင်....

Sun စာကြည့်တိုက်မှာစာကြည့်နေတုန်း သူထိုင်တဲ့
ဝိုင်းရဲ့မျက်နှာချင်းဆိုင်ထိုင်ခုံမှာဝင်ထိုင်တဲ့
မိန်းကလေးကိုကြည့်လိုက်တော့..

"မခြယ်"

Lay Nge

"နင် ဒီနှစ်ရောပြန်ဖို့အစီအစဉ်မရှိဘူးလား နေနေ"

မခြယ်သူ့ကို နေနေလို့ခေါ်လိုက်တာကြောင့်
မျက်မှောင်ကုတ်ကာ...

"နေနေ
လို့ခေါ်ရအောင်ငါကလေးမဟုတ်တော့ဘူးနော်
ပြီးတော့ ဒီနှစ်ငါမြန်မာပြည်ပြန်မှာ ဖေဖေ
တို့ကိုလွမ်းနေပြီ"

Ivy Nge

Sun အမေရိကန်ရောက်တာ
12နှစ်အရွယ်ကတည်းကပင်။ဖေဖေကသူ့ကိုဘာလု
ပ်ချင်လဲမေးတော့ သူလဲစိတ်ထဲရှိတဲ့အတိုင်း
အမေရိကန်သွားပြီး ပညာသင်ချင်တယ်ပြောတော့
ဖေဖေကချက်ခြင်းစီစဉ်ပေးကာ မခွဲနိုင်တဲ့
မေမေကိုသားခဏခဏပြန်လာမှာပါဆိုရင်းလာခဲ့
တာ ၀နှစ်တောင်ရှိပြီဖြစ်သည်။အမေရိကန်မှာရှိတဲ့
ဖေဖေသူငယ်ချင်းတွေက
သူ့ကိုလိုလေသေးမရှိအောင်အကုန်စီစဉ်ပေးတာ
ကြောင့်
၀နှစ်လုံးအခက်အခဲမရှိပညာသင်ယူနိုင်ခဲ့သည်။နော
က်တစ်နှစ်နေရင် ကျောင်းပြီးတော့မှာဆိုပင်မဲ့

ဖေဖေတို့ကို အရမ်းတွေ့ချင်နေတာကြောင့်
ကျောင်းပိတ်ရက်မှာပြန်ဖို့ဆုံးဖြတ်ထားသည်။

"ဟဲ့ ငါပြောနေတာကြားလား နေတစင်း!!"

မခြယ်အော်သံကြောင့် သူအတွေးတွေရပ်လိုက်ကာ
သူတို့ခုံနားမှာမက်တပ်ရပ်နေတဲ့
နိုင်ငံခြားသားအဖြူကောင်ကိုကြည့်ကာ
သူကဘာလဲဆိုတဲ့သဘောနဲ့
မျက်စပစ်ပြလိုက်သည်။

"သူက ငါ့ နှလုံးသား"

သူက ပုခုံးတွန့်ပြပြီး စာဆီကိုသာ
အာရုံပြန်ထားလိုက်သည်။မခြယ်က
ရည်းစားတစ်ယောက်ပြီးတစ်ယောက်ထားတာသူ
သိသည့်အတွက်
ဘာမှမပြောတော့ခြင်းဖြစ်သည်။သူမကတစ်နှစ်တ
စ်ခါ မြန်မာပြည်ပြန်နေကြမို့ မိဘတွေနဲ့က
အဆင်ပြေသည်။သူကတော့ ဒီတစ်ခေါက်ပြန်ရင်
မေမေကို ချော့ရပေဦးမည်။

ခြယ်လဲ

စကားတစ်ခွန်းထွက်ဖို့အရေးအာပေါက်အောက်

ပြောရတဲ့နေတစင်းအကြောင်းသိသည်မို့

ဆက်မပြောတော့K ကိုသူမဘေးဝင်ထိုင်စေပြီး K

နဲ့သာစကားဆက်ပြောနေလိုက်တော့သည်။

"လင်းရိပ်ကို!!"

ကို ညွှန်ခန်းထဲဆိုဖာမှာ Company

ကပါလာတဲ့အလုပ်တွေလုပ်နေတုန်း

မိထွေးဖြစ်သူက စောင့်ခေါ်တာကြောင့်

မျက်လုံးကိုတစ်ချက်လှမ်းကြည့်ပြီး Computer ဆီ
ပြန်ကြည့်နေလိုက်သည်။

"နင် ငါ့သမီးကို ပါးရိုက်ထားတယ်ဆို
နင့်အထက်အကြီးလေ သမီးမေက"

"အသက်ကြီးပြီးအသုံးမှမကျတာ
ဘာလုပ်လို့ရမှာလဲ"

သူမ့ဆိုဖာပေါ်ထိုင်နေရာက
ထကမိထွေးအရှေ့တည့်တည့်ရပ်ပြီးပြောလိုက်

Lay Nge

တော့ ဘယ်တုန်းကတည်းကရောက်နေမှန်းမသိတဲ့
ဒယ်ဒီက....

"မေ ကသမီးထက်အကြီး
သမီးအဲလိုရိုင်းတာမကောင်းဘူးနော်"

သူမမဲ့ပြုံးပြုံးကာ...

"ဒါဆို သမီးကိုဘွဲ့မရသေးပဲ Company
ဦးစီးနေတယ်ပြောတဲ့
ဒယ်ဒီမယားပါသမီးကရောယဉ်ကျေးနေတာလား..ဒီ

Lay Nge

အိမ် company စက်ရုံ ပိုင်ဆိုင်မှုမှန်သမျှ
မာမီဟာတွေကြီးပဲ ဒါကြောင့်
သမီးနဲ့ပဲဆိုင်တယ်ထင်လို့ သမီးဦးစီးတာ "

"သမီး!!"

"ဒယ်ဒီ ကို ပြောနေတာအမှန်တွေနော် ဒယ်ဒီ
မဘက်ပါပြီး မမိုက်နဲ့ဒယ်ဒီ သမီးရဲ့အချစ်ဆုံးကနေ
အမုန်းဆုံးမဖြစ်ချင်ရင်ပေါ့"

Ley Nge

ဒေါ်မေသန္တာလဲ
သားအဖစကားပြောနေတာကိုမဲ့ရွဲ့ကာ..

"အစ်ကိုတွေ့လား အစ်ကိုသမီးက
အစ်ကိုရှေ့မှာတောင် ဒီလောက်ပြောနေတာ
အစ်ကိုနောက်ကွယ်မှာဆို..."

ဒေါ်သန္တာ စကားမဆုံးခင်
လင်းရိပ်ကိုကလက်ညှိုးထိုးကာ..

LayNge

"မိထွေးက မိထွေးလိုနေ
ဒေါ်သန္တာနေရာတကာဝင်မပါနဲ့ လင်းရိပ်ကို
ကအစကတည်းက ပန်းနုသွေးမဟုတ်ဘူး "

လို့ပြောတော့ ဒယ်ဒီကို
အားကိုးတဲ့မျက်လုံးနဲ့ကြည့်နေတဲ့ ဒေါ်သန္တာရဲ့
ကောက်ကျစ်တဲ့အတွေးတွေကိုသိတဲ့သူမက
ဒယ်ဒီမပြောခင်...

"ဒယ်ဒီ သမီးက ဘယ်လိုလူမျိုးလဲဆိုတာ
မွေးထားတဲ့ ဒယ်ဒီပိုသိမှာ"

လို့ပြောကာ ခုံပေါ်တင်ထားတဲ့ Computer နဲ့လ
File တွေကိုယူကာ
ညှဉ်ခန်းကထွက်လာလိုက်ပြီးအပေါ်ထပ်ကိုတက်
လာလိုက်သည်။လွန်ခဲ့တဲ့နှစ်နှစ်အထိ
သူမဘဝမှာအပျော်ရွင်ဆုံး အချိန်တွေနဲ့
ဘဝကိုလွတ်လပ်စွာဖြတ်သန်းခဲ့သည်။သူမ
18နှစ်ပြည့်ပြီးနောက်တစ်နေ့မှာ
မထင်မှတ်ပဲသူမဘဝရဲ့မြင့်မိုရ်တောင်
မာမီဆုံးပါးသွားခဲ့တယ်။မာမီဆုံးသွားလို့
ရင်ထဲအပူမီးတွေတောက်နေချိန်
နှစ်လလောက်အကြာမှာ ဒယ်ဒီက

မိထွေးနဲ့သူ့သမီးကိုအိမ်ဖော်ခေါ်တင်လာခဲ့သည်။အဲ့
အချိန်ကတည်းကပျောက်ဆုံးသွားခဲ့တာက သူမရဲ့
ကလေးဆန်ခြင်းနဲ့ ချစ်စဖွယ်အမူအရာတွေ။မာမီ နဲ့
ဒယ်ဒီက သူမကြောင့်
အိမ်ထောင်ရေးမြဲခဲ့တယ်ထင်ပါသည်။သူမကိစ္စက
လွဲရင် တစ်ယောက်ကိစ္စ
တစ်ယောက်တစ်ခါမျှဝင်မပါပေ။ဒယ်ဒီက
သူ့company သူဦးစီးသလို မာမီကလဲ သူ့
company နဲ့
တစ်ခြားလုပ်ငန်းကိုတွေကိုဦးစီးသည်။ဒယ်ဒီ နဲ့မာမီ
တစ်ခုကွာတာက ဒယ်ဒီကအလုပ်ရှုပ်ရင်
သူမကိုမေ့တက်ပင်မဲ့

မာမီကတော့ဘယ်လောက်ပင်အလုပ်ရှုပ်ပါစေ
သူမအတွက်ကိုသာဦးစားပေးခဲ့သည်။

မာမီဖြစ်စေချင်တဲ့
သန်မာတဲ့မိန်းကလေးတစ်ယောက်ဖြစ်အောင်သမီး
ကြိုးစားနေပါတယ်....။

ကျွီးးးး....

Taxi ကားလေးက NayLatYar လို့ရေးထားတဲ့
ခြံရှေ့ရောက်တယ်ဆိုရပ်သွားကာ

Lay Nge

ထိုကားပေါ်ကဆင်းလာသူကတော့ နေတစင်း။Sun
ကားပေါ်ကဆင်းက Taxi မောင်းတဲ့ အစ်ကိုကို
ပိုက်ဆံပေးလိုက်ပြီး
ခြံရှေ့လျှောက်သွားကာဘဲလ်တီးလိုက်သည်။သူ
ဖေဖေ နဲ့
မေမေနဲ့ကိုတွေ့ချင်လွန်းလို့သာပြန်လာခဲ့တာ
လေဆိပ်ကဆင်းတော့
ကိုယ်အိမ်လိပ်စာတောင်မသိ။မခြယ်ကတော့မနေ့
ကတည်းကပြန်သွားမို့။ဒါကြောင့် Taxi
သမားအစ်ကိုကို NayLatYar လို့ပြောတော့
သိလို့တော်သေး။သူလမ်းမသိတာလဲမပြောနဲ့

NayLatYar

ငယ်ငယ်ကတည်း အမေရိကန်ကိုရောက်နေတာမို့
မထူးဆန်းပေ။

"ညီလေး ဘယ်သူနဲ့တွေ့ချင်လို့လဲ "

ခြံစောင့်လို့ထင်ရတဲ့ သူက သူ့ကိုမေးတော့...

"ဖေဖေ တို့ မေမေတို့ရှိတယ်မဟုတ်လား"

Lay Nge

လို့သူမေးလိုက်တယ်ဆို
ခြံစောင့်လေးကရောက်တာမကြာသေးပင်မဲ့
အစ်ကိုလေးမှာ သားတစ်ယောက်ရှိတာသိတာမို့
ပြာပြာသလဲနှင့်...

"တောင်းပန်ပါတယ်
အစ်ကိုကရောက်တာမကြာသေးလို့ပါ"

ပြောရင်းခြံတံခါးကိုပါတစ်ခါထဲဖွင့်ပေးသည်။သူ
ခြံစောင့်အစ်ကို ကိုခေါင်းငြိမ့်ပြကာ Luggage
အိတ်ကိုဆွဲကာ

LayNge

ခြံထဲဝင်လာလိုက်သည်။သူအိမ်ပေါ်တီအောက်ရောက်ထဲဆို အသက်ပြင်းပြင်းရူထုတ်ကာ
စိတ်တည်ငြိမ်အောင်လုပ်ပြီး
အိမ်ထဲဝင်လာလိုက်သည်။

ဒေါ်လက်ရာနဲ့ ဦးနေမင်း အပြင်သွားဖို့
ညှဉ်ခန်းထဲက အတွက် Luggage အိတ်တစ်ခုနဲ့
ဝင်လာတဲ့ ကောင်လေးကို
သေချာကြည့်လိုက်တော့ Coffee ရောင် Shirt
လက်ရှည်နဲ့ ေဘာင်းဘီအတိုကို
တွဲဖက်ဝတ်ထားတာကြောင့်....

Lay Nge

"မြေး မြေးလား ဟင်"

Sun သူကို ကြည့်ပြီးအံ့သြနေတဲ့
အဘွားဖြစ်သူကိုပြုံးပြကာ
အနားလျှောက်သွားပြီး...

"ဘွား သားပြန်လာပြီ"

လို့ပြောတော့ ဦးနေမင်းပါပြုံးသွားကာ
ဒေါ်လက်ရာက

LayNge

မြေးဖြစ်သူလက်လေးကိုင်လိုက်ပါးကိုင်လိုက်နဲ့အ
လုပ်ရှုပ်နေသည်။

"မြေးရယ် သတိရသေးလို့တော်သေးတာပေါ့
ဘွားတို့ကို မေ့သွားပြီတောင်ထင်တာ ဟင့် "

"သားက မမေ့ပါဘူး
ဟိုမှာစာကိုတစိုက်မတ်မတ်လုပ်ချင်လို့ပါနောက်တ
စ်နှစ်တက်ပြီးရင်ပြီးပါပြီ"

ကျောင်းနောက်နှစ်တက်ရဦးမယ်ဆိုတာကြောင့်..

"အပြီးပြန်လာတာမဟုတ်ဘူးလား"

"မဟုတ်ဘူးဘွား သား
မနေနိုင်တော့လို့ပြန်လာတာ"

မြေးကိုအကဲပိုနေတဲ့ လက်ရာကိုကြည့်ပြီး
ပြုံးကာ...

"လက်ရာ ကိုယ်တို့ဒီတစ်တစ်သက်
သမီးဆီရောက်ပါဦးမလား"

Lay Nge

ပြုံးတိတိနဲ့မေးနေတဲ့ ယောကျ်ားဖြစ်သူကြောင့်
ဒေါ်လက်ရာမျက်စောင်းထိုးကာ..

"သား ဒါဆို သားဖေဖေနဲ့
မေမေကိုသွားတွေ့လိုက်ဦး
သားမတွေ့သေးပဲအရင်နားမယ်ဆို
ဖေဖေတို့အခန်းဘေးကအခန်း ပြင်ထားတယ်"

LayNge

"ဟုတ်ကဲ့ဘွား သား
ဖေဖေတို့ကိုသွားတွေ့လိုက်ဦးမယ်
မေမေကိုသားအရမ်းလွမ်းနေပြီ"

"ဟုတ်ပါပြီ ရှင့်သွားပါ"

ဒေါ်လက်ရာတို့လဲ မြေးဖြစ်သူပြန်လာတာကြောင့်
ပြုံးနေကာ မြေးဖြစ်သူအပေါ်တက်သွားမှ
သမီးဆီသွားဖို့ အိမ်ကထွက်ရတော့သည်။

Lay Nge

သူအပေါ်ထက်ရောက်တယ်ဆို ဖေဖေတို့အခန်းရဲ့
ဘေးအခန်းတံခါးကိုဖွင့်ကာ luggage အိတ်ကို
ထည့်ပြီး တံခါးပြန်ပိတ်ကာ
ဖေဖေတို့အခန်းဘက်ဘက်ကူးလာလိုက်သည်။တံ
ခါးကို လော့မချထားတာကြောင့် သူဖွင့်ပြီး
ဝင်လာတော့ ဖေဖေနဲ့ မေမေကိုမတွေ့တာကြောင့်
မျက်မှောင်ကုတ်သွားရသည်။သူရေချိုးနေတယ်အ
ထင်နဲ့ ရေချိုးခန်းတံခါးအနားကပ်နားထောင်တော့
ရေသံမကြားရတာမို့ သူရှာဖို့
အဝတ်လဲခန်းသာရှိတော့တာကြောင် အဝတ်လဲခန်း
တံခါးနားကပ်နားထောင်တယ်ဆို....

"မောင် ဘယ်လိုဖြစ်နေတာလဲ"

"မ ကလည်းချစ်နေတာလေ မွှ"

အထဲကအသံတွေကြားရတာနဲ့ တင်ရဖေဖေ
မေမေကို စနေပြီဆိုတာသိတာကြောင့်
ငယ်ငယ်ကတည်းက ပွဲဖျက်နေကြမို့ တံခါးဖွင့်ကာ
ဝင်လိုက်တော့သည်။

ကျွီး....

Lay Nge

"အမလေး !! မောင်"

"မင်း မင်း "

သူအဝတ်လဲခန်းတံခါးကိုဖွင့်ဝင်လာတယ်ဆိုလက်
ညှိုးထိုးကာ ကြည့်နေတဲ့
ခါးမှတဘတ်တစ်ထည့်ထဲသာရှိပြီး
အပေါ် ပိုင်းဗလာဖြစ်နေတဲ့ ဖေဖေ နဲ့
အအလန့်တကြားကြည့်နေတဲ့ အသက်Over
40လို့မထင်ရအောင် လှမြဲလှနေတဲ့
မေမေအနားလျှောက်သွားကာ...

"မင်း ဘယ်လိုလုပ်အခန်းထဲဝင်လာတာလဲ ဟမ်
နေတစင်း !!!"

သူနာမည်ကိုပါတစ်ဆက်ထဲခေါ်လိုက်တဲ့
ဖေဖေကြောင့်မျက်ခုံးပင့်သွားရကာ
ေမမေကတော့ အံ့သြခြင်းမျက်ဝန်းတွေနဲ့
သူနားပိုကပ်လာသည်။

"သား "

Lay Nge

"ဖေဖေ သားကိုမှတ်မိသားပဲ"

"ခွေးသား မင်းကိုငါမွေးထားတာ ငါ့ပုံစံ Copy
ထားတာကိုမမှတ်မိရင် ငါ့မဟုတ်တော့ဘူး"

Sun သူ့ကို ဖေဖေဆဲတာကြောင့်
မေမေနားကပ်ကာ...

သူမ
ရှေ့ကသားကိုကြည့်ကာမျက်ရည်ဝဲလာရသည်။
သားကအမေရိကန်ကိုမသွားခင်က

LayNge

သူမပုခုံးလောက်ရှိတဲ့ကလေးက
အခုသူမအရပ်ထက်တောင်ရှည်ကာ သူ့အဖေနဲ့
ညီအစ်ကိုအတိုင်းပင်။

"သားရယ် မေမေလွမ်းနေခဲ့တာ
မေ့သားလေးတောင် လူပျိုကြီးဖြစ်နေပြီပဲ"

Sun မေမေကိုဖက်ထားကာ သူ့ကိုခါးထောက်ပြီး
မကျေနပ်လို့ကြည့်နေတဲ့ ဖေဖေကို....

Lay Nge

"ဖေဖေ သားဝိန္နစ်တောင် မနှောက်ယှက်တာကို
ဖေဖေနောက်ကလေးထက်မရဘူးနော် ညံ့ချက်"

"ဘာကွ!!"

"ဟုတ်တယ်လေး ဖေဖေ စကေးကလဲ
သားတစ်ယောက်ပဲထွက်တာလား
သားတစ်ကောင်ကြွက်ဖြစ်ရတာ ဖေဖေကြောင့်"

"ဟယ် သား"

Lay Nge

"မင်းကများ ငါ့စကားကအခုထိမကျသေးဘူး
မင်းအမေမေးကြည့် "

"မောင် !!!!"

"မကျသေးရင်
မေမေဗိုက်ကဒီလိုချပ်နေပါ့မလားဗျ"

နေတစင်းက
မေမေဗိုက်ချပ်ချပ်လေးကိုကိုင်ကာပြောလိုက်တော့
...

Lay Nge

"သား!!

နှစ်ယောက်လုံးအရှက်မရှိတိုင်းပြောနေကြတာကြ
ည့်စမ်း "

"မ သားအရင်ပြောတာလေ မောင်က
မပင်ပန်းမှာဆိုးလို့ ကလေးထပ်မယူခိုင်းတာကို
ဒင်းက အဖြစ်မရှိဘူးလာလုပ်နေတယ် ဟွန်း
နေမင်းလက်ရာ တို့က
လာပါလို့လက်ကမ်းစရာမလိုဘူး
ချာတိတ်မတွေကကပ်ချင်နေတာမှတစ်ပုံကြီး"

Lay Nge

သူကတော့ သားကိုနိုင်ချင်စောနဲ့ပြောလိုက်ပင်မဲ့
စကားနောက်တရားပါဆိုတဲ့အတိုင်း....။

အဖေဖြစ်သူကို ပြန်ချေပဖို့ပြင်နေတဲ့ သားကို...

"သား အပြင်ထွက်တော့ သားရှိနေတာနဲ့
ဒင်းကအဝတ်အစားဝတ်ဖြစ်တော့မှာမဟုတ်ဘူး"

Lay Nge

"ဟုတ်ပါပြီ မေမေ
သားမေမေတို့ကုတင်ပေါ်ကနေထိုင်စောင့်နေမှာနော်
သိပ်ပြီးမကဲကြနဲ့"

ဆိုပြီး
ပြောကာအပြင်ကိုပြန်ထွက်သွားတဲ့သားကိုကြည့်
ကာ မောင်နဲ့သူမ ပြုံးနေလျက်....။

☕ B Love Coffee & Cake ☕

LayNge

ဆိုင်တွင် သူမချိန်းထားတာရှိတာကြောင့်
ဆိုင်ထဲဝင်လာတယ်ဆို ကောင်တာကိုသွားကာ VIP
ကဒ်ယူပြီး သီးသန့်အခန်းကို ဝင်တယ်ဆို သူမနဲ့
ချိန်းဆိုထားတဲ့ Company ပိုင်ရှင်အပြင် မေ
ဆိုတဲ့မိန်းမကိုပါ တွေ့လိုက်ရတာကြောင့်.....

"ဒါကဘာသဘောလဲ ဦးစွဲမြဲထင် ကျွန်မနဲ့
လုပ်ပြီးသားအလုပ်တွေကိုတစ်ခြားကိုလွဲပေးဖို့စဉ်း
စားနေတာလား"

သူမမေးတော့ စွဲမြဲထင်က ....

"သူမက ညီမအဖေ Company ကဆိုတော့"

"ဒယ်ဒီ company ဘာတွေကျွန်မစိတ်မဝင်စားဘူး
ကျွန်မစိတ်ဝင်စားတာ ဒီ ပရောဂျက်ကို
ကျွန်မရဖို့ပဲ"

မေက မဲ့ပြုံးတစ်ချက်ပြုံးပြီး
နာဂိုသူမအပေါ်ထားတဲ့စိတ်ကို ဖျောက်လိုက်ပြီး
သူတော်ကောင်းဟန်ဆောင်ကာ...

Lay Nee

"ညီမလေး မမတို့ကညီမတွေပဲ
ထိုင်ပြီးစကားပြောကြမယ် ဖေဖေ"

"အဟွန်း ရှင့်လို့ နောက်မယားကပါလာတဲ့
မယားပါသမီးက မရှက်ပဲ
ဖေဖေခေါ် ရဲတယ်..ကျွန်မကလေ
ကိုယ်နဲ့အဆင့်တူတဲ့လူတွေနဲ့ပဲ တစ်ခုံထဲထိုင်တာ
ရှင် နဲ့ ကျွန်မက အဆင့်တူလို့လား!"

နှုတ်ခမ်းနီရဲရဲ ကိုယ်ကျပ်ဂါဝန်နဲ့
ဒေါက်ဖိနပ်အနီတို့က သူမကိုရဲရင့်တဲ့

မိန်းကလေးအသွင်ဆောင်ကာ
နှင်းဆီအနီတစ်ပွင့်အလား။

မေတစ်ယောက် ကို
ရဲ့အပြောကြောင့်မျက်နာပျက်သွားတာကြောင့်
ပြုံးကာ စွဲမြဲထင်ဘက်လှည့်ပြီး.....

"ရှင်သူတို့ကို ခွဲပေးဖို့ စဉ်းစားပြီးပြီဆိုရင် ကျွန်မက
ရှင့် ပရောဂျက်ကို
လွှတ်ပစ်လိုက်ပြီလို့မှတ်လိုက်ပါ..ရှင့်အတွက်
စဉ်းစားချိန် 5 မိနစ် ပေးမယ် ဖုန်းဆက်လိုက်"

သူမ မေဆိုတဲ့မိန်းမကို လှည့်တောင်မကြည့်ပဲ ထို
အခန်းထဲကထွက်လာလိုက်သည်။သူမဆိုင်ဝရောက်
တယ်ဆို လွယ်ထားတဲ့
အိတ်ထဲကဖုန်းထမြည်လာတာကြောင့်နှုတ်ခမ်းလှ
လှလေးကတွန့်ယုံလေးပြုံးမိသွားသည်....

နှင်းဆီမခူးခင်
ဆူးကိုသတိမထားမိရင်တော့ကိုယ့်အကြောင်းနဲ့ကို
ယ်ပဲ.....။

~~~~~~~~~~~~~

Hello သဲလေးတို့ရေ

မင်မင်အကြာကြီးပျောက်သွားခဲ့တဲ့အတွက်

Season 2ကို စတင်ပေးနေတာပါနော် 🥰

အခုမှတွေ့ပြီးဖက်မဲ့သူတွေကတော့ Season 1ကိုအရင်ဖတ်ဖို့ပြောချင်ပါတယ် ဘာလို့ဆို Season 1ကဇာတ်ကြောင်းတစ်ချို့ပါမှာမို့ပါ 🤍 🤍

စနေ နဲ့ တနင်္ဂနွေ နှစ်ရက်တင်ပေးမယ်နော် 🥰
~~~~~~~~~~~~~

ချစ်သူ့မောင်သိစေက ကျန်တဲ့
5ရက်မှာတင်မှာမို့🥰

နေမင်းလက်ရာက part _1မှာတင်ဆဲနေတာမို့
မိဇူးရေ Love You ခ
နောက်ထက်လည်းဆဲတာတွေပါဦးမှာပါ😄🤭

အဖေ နဲ့ သား နှစ်ပါးသွား😆

📘 The Sun Of Flower {Season 2} 📘

Lay Nge

☺ နေနှစ်စင်းရဲ့ချစ်ပုံပြင် ☺

Part_2

"မေမေ"

သူမနက်စာပြင်နေတဲ့ မေမေအနောက်ကနေ
ခါးလေးကို ဖက်ကာမေးလိုက်တော့..

Lay Nge

"သား နဲ့ သားဖေဖေ အတွက် Coffee
အအေးဖျော်နေတာသားရဲ့ cake
ကအဆင်သင့်ဖြစ်နေပြီ"

"မေမေလက်ရာ စားရတော့မယ်
တကယ်လွမ်းနေတာ ဝိနှစ်ကြီးများတောင်"

"ဟုတ်ပါပြီရှင့် မေမေကိုဒါတွေ
ထမင်းစားပွဲပေါ်သွားတင်ပေးဦး"

Jay Nge

ထိုအခါမှ ဘေးမှရပ်ကြည့်နေကြတဲ့
နှိုင်းယှဉ်တို့က...

"မမ ပေးညီမတို့လုပ်ပေးမယ်
အစ်ကိုလေးကမကြိုက်လို့သာ
သူစားဖို့မလုပ်ပေးတာ"

နှိုင်းယှဉ်အပြောကို သူမကပြုံးပြနေတုန်း သားက...

"အန်တီတို့ ယူရင်ယူသွားလိုက်တော့
ဖေဖေဆင်းလာတော့မှာ သိတယ်မဟုတ်လား"

LayNge

"အင်းပါ သားရယ်"

သားစကားကြောင့်
နှိုင်းယှဉ်တို့နှစ်ယောက်အသဲအသန်ပြင်ဆင်နေတာ
ကိုသကသဘောတကျရီနေတာကြောင့် သူမ
သားပုခုံးကိုရိုက် လိုက်သည်။

"သား ဘာလို့သူများကို အဲလိုစရတာလဲ မင်းနော်
မေမေမကြိုက်ဖူး"

သူမရိုက်တာကို သူမပုခုံးကိုဖက်ကာပြုံးနေတဲ့
သားမျက်နာလေးကိုကြည့်က
ရင်အေးရပါသည်။သားကသူ့အဖေနဲ့တော်တော်
များများ ရုပ်ရည်ကအစတူတယ်ဆိုပင်မဲ့
အနေအေးတာမို့
ရန်ဖြစ်တာတို့ဘာတို့ငယ်ငယ်ကတည်းမရှိ။မောင်ရဲ့
အရည်အချင်းတွေထဲမှာ
အဲ့အရည်အချင်းကိုသွားမတူတာပဲဆုတောင်းပြည့်
သလိုလို။သူမတို့သားအမိ မနက်စာပြင်တင်ပြီးလို့
ထမင်းစားခန်းထဲရောက်တယ်ဆို
မောင်ကရောက်နေပြီဖြစ်သည်။သူမ နဲ့သား
မောင့်ရဲ့တစ်ဖက်တစ်ချက်ဆီမှာထိုင်လိုက်သည်။

"မြေး"

"ဟုတ်ကဲ့ ဘွား"

"ဘွားမနေ့က သားအန်တီလေးဆီသွားရင်းနဲ့
ခြယ်လေးနဲ့ တွေ့တယ် မြေးကနိုင်ငံခြားမှာ
ခြယ်လေးကိုသိပ်အရေးမလုပ်ဘူးဆို"

LayNge

သူ မေမေဖျော်ထားတဲ့
ကော်ဖီအအေးကိုသောက်နေရာမှ
ခွက်ကိုချလိုက်ကာ..

"သားက အရေးမလုပ်တာမဟုတ်ဘူး ဘွား
မခြယ်က စကားတအားများတယ်
သားကစာကလွဲပြီးကျန်တာသိပ်စိတ်မဝင်စားဘူး"

နေ သားစကားကိုပြုံးကာ သောက်နေတဲ့coffee
ခွက်ကိုခုံပေါ် ပြန်ချလိုက်ပြီး...

"အပိုတွေသိပ်မပြောနဲ့
မင်းစကားကြီးစကားကျယ်ပြောပြီး ချစ်တဲ့သူတွေမှ
အနောက်ကတစ်ကောက်ကောက်လိုက်နေရမယ်
ဝဋ်ကနောင်ဘဝမကူးဘူး"

"မင်းလိုမျိုးမှတ်နေလား ငါ့မြေးကို"

သြော် တကယ်ပဲ
ဝဋ်ဆိုတာနောင်ဘဝမကူးပါလား။သူ သားကို
လူတက်ကြီးလုပ်ပြီးပြောတယ်ဆို
ဒယ်ဒီကသူ့ကိုပြန်လူတက်ကြီးလုပ်တာခံရပြီ။သူ

ဘာမှမပြောတော့ပဲ
ချစ်ဇနီးလေးပြင်ပေးတဲ့မနက်စာကိုသာဆက်စားနေ
လိုက်တော့သည်။

"အန်ကယ်"

ရှိုင်းထက်မြတ် တူမဖြစ်သူရဲ့ခေါ်သံကြောင့်
လှည့်ကြည့်လိုက်သည်။ဂါဝန်ပန်းရောင်လေးနဲ့
အသက်အရွယ်နဲ့မမလိုက်
လှသွေးကြွယ်နေတာကြောင့် သူတို့မှာ
စိတ်မချနိုင်ဖြစ်နေရသည်။

Ray Nge

ပန်းရိပ်လွှာ အန်ကယ်အနားလျှောက်သွားကာ...

"သမီးမြန်မာပြည်အနံ့ ခရီးထွက်ချင်လို့ ဘယ် Company ကကောင်းလဲဟင်"

သူလက်မောင်းကိုကိုင်ကာ မေးနေတာကြောင့် ခေါင်းလေးကိုပွတ်လိုက်ကာ...

"သမီးကရော ဘယ်နာမည်ကြီးခရီးသွားCompany နဲ့ စီစဉ်ချင်တာလဲ"

"Nature Flower"

"ဘယ်လို"

သူ Company နာမည်ကြားယုံနဲ့တင် အတိတ်က
ဒဏ်ရာဟောင်းတွေကပေါ်လာတာကြောင့်
လွှာလေးဖက်ထားတဲ့ လက်ကိုဖယ်ချကာ
မျက်နာကို လက်နဲ့ပွတ်လိုက်ပြီး....

"တစ်ခြား Company တွေနဲ့ လုပ်ပါလား "

ဇွတ်တရွတ်တူမတော်အကြောင်းသိပင်မဲ့
ပြောကြည့်သောဌာ...

"ဟင်အင်း အဲ့ Company ကစိတ်ချရတယ် အဲ့
company နဲ့ပဲ ဆက်သွယ်ချင်တယ်လို့"

လွှာ နှုတ်ခမ်းလေးဆူပုတ်ကာ
ခြေလေးစောင့်လိုက်တယ်ဆို..

Jayloe

"မယ်မင်းကြီးမတော်ပါတော့
ငါ့အိမ်လဲနင်ခုန်လို့ပြုကျသွားပါဦးမယ်"

"ဒါဆိုခွင့်ပြုမှာလားဖြော"

"အေး သဘောပဲ "

"ဒါမှပေါ့ ဟီးသွားပြီး
ဆွေးနွေးတာတွေလုပ်လိုက်ဦးမယ်
ဘဏ်အကောင့်ထဲလဲ ရေထည့်ထားပေးဦးနော်"

Lay Nge

လို့ပြောကာ
ပြေးထွက်သွားတော့သည်။သူကတော့ဘာတွေဖြစ်
လာဦးမလဲဆိုပြီးသက်ပြင်းတွေသာချနေရတော့သ
ည်။သူ ညီမလေးအပေါ်လုပ်ခဲ့တဲ့
လုပ်ရက်ကခွင့်လွှတ်စရာမှမရှိခဲ့တာ။သူဘယ်လော
က်ခွဲခွဲ ဖူးစာရှင်တွေဆိုတော့
ပြန်လဲပေါင်းစပ်ကြတာပါပဲ။သူအလှည့်တုန်းကဖြစ်
ရက်တွေဖြစ်မှာသူမလိုချင်တော့ပေ။

Sun

မြန်မာပြည်မှာကသူငယ်ချင်းအပေါင်းအသင်းလဲမရှိ
တာကြောင့်

အပြင်လဲတစ်ယောက်ထဲမလည်ချင်တာမို့
ကားယူကာ ဖေဖေ company ဘက်ကိုသာ
ထွက်လာခဲ့တော့သည်။အိမ်ကထွက်လာတော့
မေမေက ဖေဖေ ဘယ် company
မှာဒီအချိန်ရှိနေမယ်လို့ ပြောလိုက်ပင်မဲ့
လမ်းလဲရောက်ရော ဘာမှမသိ
လမ်းတွေမှားကုန်တော့သည်။သူကားကိုလမ်းဘေး
ထိုးရပ်လိုက်ပြီး
အိမ်လည်းမပြန်တက်တော့တာကြောင့် car box
ထဲက ဖုန်းကို ယူကာ မေမေဆီဆက်လိုက်သည်။

"Hello မေမေ သား ဖေဖေ company nameပြန်ပြောပေးပါဦး သားလမ်းပျောက်နေပြီ"

"....."

"Nature Flower နော်မေမေ"

"....."

Lay Nge

"ဟုတ်မေမေ သား Google
နဲ့တည်နေရာကြည့်လိုက်မယ်မေမေ"

သူမေမေဖုန်းချသွားတယ်ဆို ဖုန်းဖွင့်ပြီး
မြေပုံလမ်းညွှန်ကို ကြည့်ကာ ဖေဖေ company
ကိုရှာရတော့သည်။သူ Google
မြေပုံလမ်းညွှန်းအတိုင်းကားကို
မောင်းလာလိုက်သည်။မြန်မာနိုင်ငံသားဖြစ်ပြီး
ကိုယ်နိုင်ငံမှာကိုယ်လမ်းပျောက်နေရတဲ့သူ့အဖြစ်။

သူတစ်နာရီခွဲလောက် မောင်းပြီးမှာ မေမေပြောတဲ့
ဖေဖေ Company ရှေ့ရောက်လာပြီး company
မဝင်ခင်အနီးအနားမှာ coffee ဆိုင်တွေ့တာကြောင့်
နေ့လည်ဘက် ဖေဖေလဲသောက်ရအောင် သူ
coffee
ဆိုင်ထဲဝင်လာလိုက်သည်။ဆိုင်ထဲဝင်လာပြီး B
Love စာတန်းပါ
ကောင်တာမှာမက်တပ်ရပ်လိုက်တော့
ဆိုင်ဝန်ထမ်းလို့ ထင်ရတဲ့သူက...

"ညီလေး ဘာလိုချင်လိုဘာလဲ"

" ice_coffee နဲ့ chocolate cake "

ဆိုပြီး ပြောလိုက်တာ
သူတစ်ယောက်ထဲမဟုတ်သူဘေးနား
ဘယ်အချိန်ကတည်းကရောက်နေလဲမသိတဲ့
မိန်းကလေး။ဆိုင်ဝန်ထမ်းလေးကလဲ
မှာတာကပြုံးတူမို့မှင်သက်နေမိသည်။

ကို လဲသူမနဲ့
အကြိုက်တူတဲ့ဘေးကလူကိုတစ်ချက်ကြည့်လိုက်

Lay Nge

တော့ ရုပ်ရည်ကတော့မင်းသား
ရုံးလောက်ချောမောကာ မျက်နာတစ်ခုလုံးမှာ
အလှဆုံးအစိတ်အပိုင်းကတော့မျက်လုံးပင်။သူမ
တွေးမိတွေးရာလျှောက်တွေးနေရာကသတိဝင်လာ
ကာ ကောင်တာဘက်ပြန်လှည့်ကာ
ပြောမလို့ရှိသေး...

"ကျွန်တော်ကို ice_coffee နှစ်ခွက်နဲ့ chocolate cake အကြီးတစ်ခုပေးပါ "

"ရှင် Lady First ဆိုတာ နားမလည်ဘူးလား"

Sun

နောက်မှလည်းရောက်လာသေးဗိုလ်ကျချင်နေတဲ့
မိန်းကလေးကို မသိချင်ယောင်ဆောင်တာထက်
မသိမှမသိပဲ
စကားပြန်ပြောစရာလို့မထင်တာကြောင့်ငြိမ်နေလို
က်သည်။

ကို သူမကိုဂရုမစိုက်သလိုရှိတယ်လို့မထင်တဲ့
လူကြောင့် ဒေါသထွက်လာကာ သူမရဲ့ဒေါက်ဖိနပ်နဲ့
သူခြေထောက်ကို နင်းချပလိုက်သည်။

Sun သူကိုနင်းလိုက်တာ နာသွားပင်မဲ့
အသံထွက်မှာဆိုးတာကြောင့်
အံကိုကြိတ်ထားလိုက်သည်။ဘယ်လိုဟာလေးနဲ့မ
သိ
အခုမှတွေ့တဲ့လူကိုအမုန်းရှာနေတာ။သူလည်းမိန်း
ကလေးတစ်ယောက်နဲ့ပြုံးနေတဲ့
ကောင်မဖြစ်ချင်တာကြောင့်.....

"သူမကိုအရင်လုပ်ပေးလိုက်ပါ
ကျွန်တော်စောင့်လို့ရတယ်"

LaNge

သူအပြောကို
သူမကသဘောကျသွားဟန်နဲ့ပြုံးနေတော့သည်။

"အမေရိကာနို့ တစ်ခွက်ရော နော်"

ဆိုင်ဝန်ထမ်းလေးက ခေါင်းငြိမ့်ကာ ထွက်သွာတော့
Sun ဖေဖေ ဆီလာမယ်လို့ပြောမလို့ ဘောင်ဘီ
အိတ်ကပ်ထဲ ဖုန်းစမ်းကြည့်လိုက်တော့ carbox
ထဲပြန်ထည့်ထားခဲ့တာ သတိရသွားသည်။

သူမ ခဏကသူမအပြုံးမူကို
သေချာပြန်စဉ်းစားကြည့်တော့
ကိုကြီးရှေ့မှာတောင်တစ်ခါမှ
ကလေးဆန်တဲ့အပြုံးမူမရှိခဲ့တဲ့သူမက
ဒီလူနဲ့မှ။ကိုကြီးဆိုတာ သူမနဲ့
မကြာခင်လက်ထပ်ရတော့မဲ့
ဒေါက်တာတိမ်ယံဘွား။ကိုကြီးက သူမထက်
10နှစ်လောက်ကြီးသလို
အရမ်းလဲရင့်ကျက်သည်။ဒယ်ဒီ စီစဉ်ပေးတော့
သူမရော ကိုကြီးကပါ ချစ်နေကြတာမို့
လက်ခံလိုက်ကြသည်။

ကိုယ့်အတွေးနဲ့ ကိုယ်ငြိမ်သက်နေတုန်း
ဆိုင်ဝန်ထမ်းနှစ်ယောက်ရောက်လာသည်။

"မှာထားတာတွေရပါပြီ"

သူ ဝန်ထမ်းဆီက Coffee ခွက်နှစ်ခွက်နဲ့ Cake
ဘူးကိုယူကာ...

"ဘယ်လောက်ကျလဲ"

Lay Nge

"12000 ပါ"

သူ ပိုက်ဆံအိတ်ထဲက
သောင်းတန်နှစ်ရွက်ကိုထုတ်ပေးလိုက်သည်။သူက
အရောင်းဝန်ထမ်း ဆီ
ပြန်အမ်းပိုက်ဆံကိုစောင့်နေတုန်း
ခဏကမိန်းကလေးကတော့
ဆိုင်ထဲကတောင်ထွက်သွားလေပြီ။

"သား ပြန်ရောက်နေတယ်ကွ"

LaNge

နေစကားကြားတယ်ဆို ကျော်သူရက...

"ဟုတ်လား ဒီကောင်တောင်ငါတို့မတွေ့တာ
၀နှစ်လောက်ရှိပြီနော်
အချိန်တွေကုန်တာမြန်လိုက်တာ ငါတို့တောင် over
40တွေဖြစ်နေကြပြီနော်"

"ဟုတ်ပကွာ သားတောင်လူပျိုဖြစ်နေမှတော့
ငါတို့လည်း ဒီအရွယ်ရောက်တာမဆန်းပါဘူး"

သူတို့နှစ်ယောက်ပြောနေတာကိုငြိမ်နားထောင်နေ
တဲ့ အံ့က...

"မင်းသမီးရော အခုဘယ်မှာလဲကျော်သူရ
ငါတို့အုပ်စုထဲ သား မွေးတာဆိုလို့
ဒင်းတစ်ကောင်ပဲရှိတယ်"

ကျော်သူရ ကိုအံ့စကားကြောင့်ပြုံးကာ...

LayNge

"သမီးက ပြင်သစ်မှာလေ
ဒီဇိုင်နာဘွဲ့ယူပြီးမှပြန်လာမယ်တဲ့ဗျာ ဒါနဲ့
ခြယ်လေးပြန်ရောက်နေတယ်ဆို"

"ဟုတ်တယ် အဆိုးမလေးရောက်တယ်ဆို
အမေအနားကမခွာတော့ဘူး"

ဒေါက် ဒေါက်

သူတို့ 3ယောက်ဆိုဖာပေါ်ထိုင်ပြီး
စကားပြောနေတုန်း တံခါးခေါက်သံကြောင့်...

"ဘယ်သူလဲ "

"CEO သားရောက်နေပါတယ်"

သားရောက်လာတယ်ဆိုတာကြောင့်....

"ဝင်လာခိုင်းလိုက်ပါ"

ကျွိး

LayNge

သူဖေဖေအသံကြားတယ်ဆို
မန်နေဂျာလို့ထင်ရတဲ့သူကို ခေါင်းငြိမ့်ပြလိုက်ပြီး
အထဲကိုဝင်လာလိုက်သည်။သူဝင်လာတယ်ဆို
အန်ကယ်တို့နှစ်ယောက်
ဖေဖေကသူ့ကိုကြည့်နေကြသည်။သူ coffee
နှစ်ခွက်နဲ့ cake ဘူးက ခုံပေါ်တင်လိုက်ပြီး ဖေဖေ
ဘေးဝင်ထိုင်လိုက်သည်။

LaNge

ကျော်သူရနဲ့ အံ့ မှာမှင်သက်လျက် ဝတ်ပုံစားပုံက
ဖအေဖြစ်သူနဲ့တစ်ထေရာထဲ
မွေးလဲမွေးတက်ပါတယ်။

"သား အန်ကယ်တို့ကိုမှတ်မိလား"

"ဟုတ်ကဲ့ ဖေဖေ သားမှတ်မိပါတယ် ဒီအန်ကယ်က
သားနိုင်ငံခြားမသွားခင်နှစ်က အိမ်လာတော့
သားကန်တဲ့ဘောလုံးထိပြီး ခေါင်းကွဲသွားတဲ့
အန်ကယ်မဟုတ်လား"

Lay Nge

"ဟုတ်တယ် သား"

"ဘာဟုတ်တယ် သားလဲ
အဲ့တုန်းကငါတော်တော်အီစလန်ဝေသွားတာကွ
...ဒါနဲ့ သားကကျောင်းပြီးပြီလား"

သူ အန်ကယ်အမေးကို...

"နောက်တစ်နှစ်တက်ဖို့ကျန်သေးတယ် အန်ကယ်
ဖေဖေတို့ကို သတိရလို့ပြန်လာတာ"

Lay Nge

"အော် သားရည်းစားတွေဘာတွေရနေပြီလား"

"အန်ကယ် သမီးနဲ့ပေးစားမလို့လား"

ကျော်သူရ နေတစင်းအပြောအကြောင့်
ကြက်ကြီးလည်လိမ်ထားသလိုမျိုးဖြစ်သွားတာကို
နေ နဲ့ အံ့ကသဘောကျနေကြသည်။

"အော် ဖေဖေ
ဒါသောက်လိုက်ဦးအရည်ပျော်သွားရင်
သောက်မကောင်းတော့မှာဆိုးလို့ ဒီမှာ Cake "

Lay Noe

နေ သားဆီက coffee ခွက်ကိုယူလိုက်ပြီး
အဖုံးဖွင့်ကာ ပိုက်ကိုချထားလိုက်ပြီး
ဒီအတိုင်းမော့သောက်နေလိုက်သည်။သူလလဲ
ဖေဖေသောက်တဲ့အတိုင်း သောက်လိုက်ပြီး Cake
ဘူးကို အန်ကယ်တို့ဘက်ချပေးလိုက်သည်။

"မ ဖျော်တာလောက်မကောင်းဘူး"

"မကောင်းရင် မင်းမိန်းမကို company
ခေါ်လာပေါ့ကွာ"

"ငါ့မိန်းမကိုလူတွေငေးမှာမကြိုက်လို့ဟော့ရပြီလား"

ဖေဖေ ကိုမျက်စောင်းတကဲကဲနဲ့ကြည့်နေတဲ့
အန်ကယ်တို့ကို
သူကြည့်နေလိုက်တော့သည်။ဘယ်အရွယ်ပဲရောက်
လာကြပါစေ မပြောင်းလဲတဲ့
ခင်မင်မှုတွေကိုကြည့်ကာ သူအားကျရသည်။သူမှာ
သူငယ်ချင်းဆိုတာ
ဒီအရွယ်အထိဘာမှန်းမသိခဲ့။နိုင်ငံခြားမှာလဲ
မခြယ်ကလွဲ တစ်ခြားသူကိုဆိုရှိတယ်မထင်တဲ့ သူ။

"ဟင်"

သူမ ကိုကြီးရုံးခန်းထဲလာရင်း ယှဉ်ပြိုး
လျှောက်လာတဲ့ မေဆိုတဲ့မယားပါသမီး
နဲ့ကိုကြီးတွေ့လိုက်ရတာကြောင့်
သူတို့နှစ်ယောက်ရှေ့သွားရပ်ကာ...

"ဟင် ငယ် ကိုယ့်ဆီလာတာလား"

တိမ်ယံ သူဆီမလာစဖူးလာတဲ့ ငယ်ကြောင့်
ပျော်သွားရကာ မေးလိုက်တော့...

"ဟုတ်တယ် ဒီမိန်းမနဲ့က ဘာလဲ"

မေ မျက်နာတည့်တည့်ကို
လက်ညှိုးထိုးကာမေးလိုက်တော့ တိမ်ယံ
သူမလက်တွေကို
မေမျက်နာတည့်တည့်ထိုးထားရာကနေဖယ်ချပေး
လိုက်တော့ အောင်နိုင်သူအပြုံးနဲ့ ခနဲ့နေတာကို
သူမမြင်ဖြစ်အောင်မြင်လိုက်သည်။

LayNge

"ငယ် သူများကိုမရိုင်းရဘူးလေ
သူမကငယ်အစ်မဆိုရင်လဲဟုတ်တယ်လေ"

"ကိုကြီး ငယ်မေးတာပဲဖြေ လှည့်ပတ်ပြောမနေနဲ့
ဒီမိန်းမ နဲ့ကိုကြီးကဘာလို့အတူရှိနေတာလဲ"

တိမ်ယံ ငယ်ဒေါသကိုသိတာမို့သက်ပြင်းချကာ..

"သူမကိုယ်ရဲ့လူနာ အဲဒါငယ်ရဲ့ဖေဖေကိုယ်တိုင်
တာဝန်ပေးထားတာ"

"ဘာ !!!"

သူမ အံ့ဩလို့မဆုံး သူမနဲ့
မေဆိုတဲ့မိန်းမနဲ့မတည့်မှန်းသိသိနဲ့
ဒယ်ဒီကသူမလက်ထပ်မဲ့သူကို
အဲ့မိန်းမရဲ့ဆရာဝန်လုပ်ခိုင်းတယ်တဲ့။

"ဒယ်ဒီက အခုဖုန်းဆက်ပြောမယ်"

Layige

လို့ဆိုကာ လွယ်ထားတဲ့
အိတ်ထဲကဖုန်းကိုထုတ်မယ်တကဲကဲလုပ်နေတဲ့
ငယ်လက်ကို ကိုင်လိုက်ကာ ..

"ငယ်တော်တော့ ဒါကဆေးရုံ
လူနာတွေကိုအနှောက်အယှက်ဖြစ်မယ် နော်
ကိုကြီးတို့
ရုံးခန်းထဲစကားအေးဆေးသွားပြောကြမယ်"

"မပြောဘူး ကျွန်မလက်ကိုလွှတ်ဒီနေ့ကစပြီး
လက်ထပ်ပွဲကို ကျွန်မဘက်ကဖျက်သိမ်းတယ်

စိတ်လုံခြုံမှုမပေးနိုင်တဲ့ ချစ်ခြင်းကို
ကျွန်မအလိုမရှိဘူး"

"ငယ်!!"

လက်ထပ်ပွဲဖျက်သိမ်းမယ်လို့ပြောလာတဲ့
ငယ်စကားကြောင့် စိတ်တိုလာတာကြောင့်
ငယ်လို့ခေါ်လိုက်တာ အသံကျယ်သွားသည်။

"လာမအော်နဲ့ လွတ်"

Lay Nge

သူမ တိမ်ယံဘွား
လက်ထဲကသူမလက်ကိုရုန်းထုတ်လိုက်ပြီး
လက်တစ်ဖက်က ကိုင်ထားတဲ့
အမေရိကာနို့ခွက်ကိုယူကာ အဖုံးဖွင့်လိုက်ပြီး
တိမ်ယံ မျက်နှာကို ပက်ချပလိုက်သည်။သူမ
ပိုင်ဆိုင်တဲ့ ဒယ်ဒီအချစ်တွေသာမကာ သူမရဲ့
ချစ်ရတဲ့သူကိုပါ အလုခံရတာကြောက့်
စိတ်ထဲကြေကွဲနေပင်မဲ့ တခြားသူရှေ့မှာ
သူမပုံစံအမှန် ထုတ်မပြချင်တာကြောင့်
တည်တင်းထားသည်။

"ညီမလေး ဘယ်လိုလုပ်လိုက်တာလဲ"

"ဒီမှာ Dramaတွေသိပ်ခင်းမပြနဲ့
စနိုက်ကျော်မနဲ့ခြိုခုန်နွား
ဇာတ်လမ်းပေါက်သွားမယ်"

လို့ပြောကာ သူမလှည့်ထွက်လာလိုက်သည်။သူမ
ရိုင်းတာလို့လူများအမြင်မှာထင်ချင်ထင်နေလိမ့်မယ်
အလိုရိုင်းတာရဲ့နောက်ကွယ်ကအကြောင်းအရင်းရှိ
တယ်.....။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

SEASON 1 ကစဖက်တဲ့လူလေးတွေ
ဗီလိန်စပါပါပြီနော် 🤍

ရှိုင်းထက်မြတ်တူမ နဲ့ နေ တို့ဘယ်လိုတွေ
ဖြစ်ကြမလည်းဆိုတာ စောင့်မျှော်ပေးကြပါဦး 🥹

ချစ်တယ်အကုန်လုံးကို

Comment လေးတွေမန့်ခဲ့ပေးဦးနော် ရှင်တို့
မောင်တို့အတွဲကြား ဝင်လာတော့မယ်နော် 🥹

Layne

OBJ

🔰 The Sun Of Flower {Season 2} 🔰

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_3

"ဒေါက် ဒေါက် ဒေါက်"

နေညနေစောင်းတော့မှာမို့အလုပ်တွေလက်စသတ်နေတုန်း တံခါးခေါက်သံကြားတာကြောင့်....

Lay Nge

"ဝင်ခဲ့"

ကျွီး.....

"CEO ခရီးသွားဖို့အတွက်ဆွေးနွေးဖို့
ရောက်နေပါတယ်"

"အင်း ဝင်လာခိုင်းလိုက် ည့်သည်အတွက် Coffee
နဲ့ မုန့် ယူခဲ့ပေး"

LayNge

"ဟုတ်ကဲ့"

Manager ထွက်သွားတယ်ဆို
အခန်းထဲလူတစ်ယောက်ဝင်လာတာကြောင့်
သူကြည့်လိုက်တော့
သားအရွယ်လောက်သာရှိသေးသည့်မိန်းကလေး။

လွှာ သူမအရှေ့ကမြင်လိုက်ရတဲ့ လူကြီးကြောင့်
ရင်ဘက်ထဲမှာလဲတဒိတ်ဒိတ်။ချောလိုက်တာ

Lay Nge

သူမဘဝမှာမြင်ဖူးတဲ့သက်တူရွယ်တူတွေထက်ကို
သူမရှေ့ကလူကြီးကပိုသာပါသည်။

နေ သူ့ကိုကြည့်နေတဲ့မိန်းကလေးကို..

"ထိုင်ပါ"

"ဟုတ်ကဲ့ လူကြီး"

Lay Nge

နေသူ့ကို
လူကြီးလို့ခေါ်လိုက်တာကြောင့်မျက်မှောင်ကုတ်
ကာ...

"ဘယ်ခရီးအတွက်စီစဉ်ပေးရမှာလဲ ဘယ်တော့လဲ
လူဘယ်နှစ်ယောက်ပါမှာလဲ"

"....."

"ဒီမှာ မင်းကိုငါမေးနေတယ်လေ
လာကစားတာဆိုရင်ပြန်တော့ ငါ့မှာအချိန်မရှိဘူး"

Lay Nge

သူမေးတာကိုပြန်မဖြေလို့ဒေါသထွက်စပြုလာတဲ့
တည်ကြည်တဲ့ လူကြီးရဲ့
မျက်နာကပိုလိုတောင်ကြည့်ကောင်းနေသေးသည်။
လူကြီးရယ်
လွှာနှလုံးသားလေးကိုတွေ့တွေ့ချင်းပြုစားရက်နိုင်
တယ်။

"ဟုတ် လူကြီး ခရီးကနောက်တစ်ပတ်ထွက်မှာပါ
မြန်မာပြည်အနှံပါ ကချင်ပြည်နယ်မှာလည်း
တောင်တက်ဖို့ပါရှိဦးမှာပါ'

"အင်း Hotel ကတော့ NayLatYar Hotel
ခွဲတွေမှာကြိုတင်ဘိုကင်တင်ထားပေးမယ်
ကျန်တဲ့ကိစ္စကတော့ company
ကဝန်ထမ်းတွေစီစဉ်ပေးလိမ့်မယ်
သွားမဲ့အချိန်အတိအကျကို တစ်ရက်ကြိုပြီး
company ကိုဖုန်းဆက်ပါ"

သူမလို ငယ်ငယ်ချောချောလှရက်နိုင်လွန်းတဲ့သူကို
ပုံမှန်အကြည့့်
သာမာန်သဘောထားတွေနဲ့သာဆက်ဆံနေတဲ့

ဒီလူကြီးကိုသူမပိုပိုင်ဆိုင်ချင်လာသည်။ခင်များကြီး
ကို ချစ်နေမိပြီထင်တယ်လူကြီးရယ်။

"အင်း ဒါတိုဖုန်းဆက်ဖို့ လူကြီးဖုန်းနံပတ်ပေး"

"ရော့ ဖုန်းဆက်ရင်
ဒီကဒ်ထဲကနံပတ်ကိုဆက်လိုက်"

"လူကြီး ဖုန်းနံပတ်လား"

Lay Nge

"ဘာဆိုင်လို့ ငါ့ဖုန်းနံပတ်ပေးရမှာလဲ အဲ့တာ company ကဖုန်း မင်းတို့အတွက်စီစဉ်ပေးမှာက company ကဝန်ထမ်းတွေ ငါမဟုတ်ဘူး ပြီးတော့ စကားပြောတာဆင်ခြင်ပါ လူကြီးလို့မခေါ် နဲ့ နေမင်းလက်ရာ လို့ပဲခေါ်ပါ ဆွေးနွေးပြီးပြီမို့ ခွင့်ပြုပါဦး"

လို့ပြောကာ
သူကအရင်ရုံးခန်းထဲကထွက်ခဲ့လိုက်သည်။ဒီမိန်းက လေးဘာခြေလှမ်းလှမ်းနေတယ်ဆိုတာသူသိတာပေါ့။သေချာတာကတော့သူ့ဘဝမှာ မတစ်ယောက်ထဲသာလျင်သူ့ဘဝအတွက်အရာရာ။

"သမီး
သားတိမ်ယံကိုဆေးရုံမှာသွားသောင်းကြမ်းထားတယ်ဆို "

သူမညစာစားနေတုန်းထပြောတဲ့ ဒယ်ဒီကြောင့်
ဟိုသားအမိဆီအကြည့်တစ်ချက်ဝေ့ပြီး...

"ဟုတ်တယ်လေ စနိုက်ကျော်မ နဲ့ခြံခုန်နွား
သာယာနေတာကို မကြည့်ချင်လို့"

ဘုန်း

ဦးဆွေးရိပ်ကမ္ဘာ ဒေါသထွက်လာကာ
ခုံကိုရိုက်ထုတ်လိုက်ပြီး....

"သမီး မရိုင်းစမ်းနဲ့ သားတိမ်ယံကိုဒယ်ဒီကိုယ်တိုင်
သမီးမေရဲ့ဆရာဝန်လုပ်ခိုင်းတာ"

ကိုတစ်ချက်မဲ့လိုက်ပြီး
ဒယ်ဒီကိုစိတ်နာတဲ့မျက်ဝန်းတွေနဲ့ကြည့်ကာ...

LayNge

"တိမ်ယံဘွား ဆိုတာ သမီးနဲ့လက်ထပ်မဲ့သူလေ
တစ်ခြားတစ်ယောက်နဲ့တွဲသွားတွဲလာလုပ်နေတာ
သမီးမှာတားပိုင်ခွင့်ရှိတယ် ဒယ်ဒီ"

"လင်းရိပ်ကို သမီးကို
မေလေးကဘာလုပ်လို့အဲ့လောက်မုန်းနေတာလဲ
ဒယ်ဒီကိုပြောစမ်းပါ"

ကိုထိုင်ရာမှ မက်တပ်ရပ်လိုက်ပြီး
ဟိုသားအမိကိုလက်ညှိုးထိုးကာ...

"ဘာလုပ်လို့လဲ ဟုတ်လားဒယ်ဒီ မာမီနေရောမှ
ဒယ်ဒီသာသေသွားခဲ့ရင်
မာမီသမီးကိုအဲလိုဆက်ဆံမှာမဟုတ်ဘူး
သမီးဒယ်ဒီကိုစိတ်ကုန်သွားပြီ ဒယ်ဒီက သမီးနဲ့
ဒီမယားငယ်
သားအမိယှဉ်လာရင်သူတို့ဘက်ပဲပါတယ် ဒါပင်မဲ့
ဘာမှမဖြစ်ဘူး လင်းရိပ်ကို
ကိုဘယ်လိုသန်မာအောင်နေရမလဲဆိုတာ
မာမီကလမ်းပြခဲ့ပြီးသား အခုလည်း
တစ်ခါထဲပြောလိုက်မယ် တိမ်ယံဘွားနဲ့
လပ်ထပ်ပွဲကိုဖျက်သိမ်းမယ်

မယားငယ်တွေကိုရုံသလို
သူတို့ကိုပက်သက်တဲ့သူကိုလဲ ရုံ့သွားတာ"

"ညီမလေး မေမေကမယားငယ်မဟုတ်ဘူးနော်
ဖေဖေ တရားဝင်လက်ထပ်ထားတဲ့မိန်းမ ညီမလေး
မေမေမရှိတော့မှ..."

မေဆိုတဲ့မိန်းမစကားပြောနေတာကို
သူမဖျက်ပြောလိုက်သည်။

Jay Nge

"ဒေါ်မေသန္တာက မာမီရှိစဉ်ကတည်းက ဒယ်ဒီနဲ့ မကင်းဘူးလေ မယားငယ်ဖြစ်ပြီးမှ အဟက် မယားငယ်က မယားငယ်ပါပဲ"

ဆွေးရိပ်ကမ္ဘာ ထိုင်နေရာမှထလာကာ သူမအနားလျှောက်လာပြီး သမီးရိုက်ချလိုက်တော့ မျက်နာလည်ထွက်သွားသည်။

"ကဲမိုက်ရိုင်းချင် ဦး"

ဖြန်း

ကို အရိုက်ခံရတာကို ဒေါ်မေသန္တာတို့က ကျေနပ်တဲ့
အပြုံးတွေနဲ့ကြည့်နေကြသည်။ကိုလဲ
အရိုက်ခံရတာ ဟိုမိန်းမတွေကြောင့်မို့
ဒယ်ဒီကိုမကြည့်ပဲ ထိုင်နေတဲ့သားအမိနားသွားက
မေဆိုတဲ့ မိန်းမကို ဆံပင်ကိုစောင့်ဆွဲပြီး
ပါးကိုရိုက်ချလိုက်သည်။

ဖြန်း

"အမလေး သမီးလေး အစ်ကို အ့"

ဖြန်း

ဒယ်ဒီကိုတိုင်ဖို့လုပ်နေတဲ့ ဒေါ်မေသန္တာ
ပါးကိုရိုက်ချလိုက်တော့သည်။ဆွေးရိပ်ကမ္ဘာ လဲ
သမီးလုပ်ရပ်ကို အံ့သြနေကာ လဲကျနေတဲ့
သန္တာတို့သားအမိကိုလဲမထူမိ။

"မှတ်ထား ရှင်တို့ကြောင့်
ဒယ်ဒီကျွန်မကိုတစ်ခုခုလုပ်ရင် ကျွန်မကရှင်တို့ကို
နှစ်ဆပြန်လုပ်မယ်"

လို့ပြောကာ
ထမင်းလည်းစာချင်စိတ်မရှိတာကြောင့်အပေါ်ထပ်
ကိုသာတက်လာခဲ့တော့သည်။သူအခန်းထဲကိုရော
က်တယ်ဆို မှန်တင်ခုံရှေ့ထိုင်ပြီး
ဒယ်ဒီရိုက်လို့ရဲသွားတဲ့ပါးလေးကိုကိုင်ကာ
မျက်ရည်ကျလာတော့သည်။သူမကို
ငယ်ငယ်ကတည်းက မြေကြီးနဲ့ထိရင်တောင်
ခြေဖဝါးလေးတွေနာမှာဆိုးလို့
အမြဲချီထားခဲ့တဲ့သူက အခုတော့။

သူမမှန်တင်ခုံအံ့ဆွဲထဲက မာမီရဲ့
လည်ဆွဲလေးကိုထုတ်ကာ
ဘယ်ဘက်ရင်ဘက်နှလုံးသားနားကပ်ပြီး.....

"မာမီ သမီးအရမ်းသတိရတယ်
သမီးထွေ့ပွေ့မူလိုအပ်နေချိန်မှာ ဒယ်ဒီကလည်း
သမီးဘက်မှာမရှိဘူး ကိုကြီးကလဲ
အဲ့မိန်းမတွေမာယာမှာ နစ်မြုပ်သွားပြီ
သမီးဘက်အချိန်တိုင်းရပ်တည်တဲ့မာမီကြ
သမီးအနားကဘာလို့ ခဏမဟုတ်တဲ့
ထာဝရခွဲခွာသွားရတာလဲ"

သူမ ဆောက်တည်ရာမရဖြစ်တိုင်းသတိရမိတာက
မာမီကနွေးထွေးတဲ့ရင်ခွင်.....။

"မေမေ ဘွားတို့ရောညစာဆင်းမစားကြဘူးလား"

ထမင်းစားဝိုင်းဝင်လာတဲ့ သားရဲ့အမေးကို....

"အင်း ဟုတ်တယ်သား ဖေဖေနဲ့မေမေက
သားအန်တီလေးဆီသွားတယ်လေ
မနက်ကြမှပြန်လာမှာ"

Lay Nge

သူမေမေပြောတာကို ခေါင်းငြိမ့်ပြပြီး
ဖေဖေဘေးဝင်ထိုင်ကာ မေမေကလဲ
ဖေဖေရဲ့တစ်ဘက်ခြမ်းကိုဝင်ထိုင်သည်။

"ဖွားတို့ကလဲ သားလာမှာပဲအန်တီလေးဆီနေ့တိုင်း
ဌဝနေတော့တာပဲ"

"အော် သားရယ် သားအန်တီလေးက ကျူတာလေ
အဆောင်မနေရတော့သွားတွေ့ရတာပေါ့

Lay Nge

အိမ်ကနေတက်ဖို့ကလဲ သားအန်တီလေးကျတဲ့
တက္ကသိုလ်နဲ့ အိမ်ကဝေးတယ်လေ"

"ဟွန်း အန်တီလေးလည်းသားစိတ်ဆိုးတယ်
သားပြန်ရောက်နေတာကို
ခဏတောင်လာမကြည့်ဘူး"

သားကလူအများရှေ့မှာသာရုပ်တည်ပြီး
စကားပြောဖို့အရေး စောင့်ရပင်မဲ့
မိဘတွေရှေ့မှာဆို
တကယ်ကလေးလေးပင်။အခုလဲ

သူအန်တီလေးလာမကြည့်ရကောင်းလားဆိုပြီး နှုတ်ခမ်းဆူနေနေတဲ့ပုံလေးကဖက်နမ်းချင်စရာ။သူမသားရဲ့ဖြစ်ပျက်နေပုံကိုပြုံးကာ...

"သားကသွားတွေ့လိုက်ပါ့"

"အာ ဟုတ်တယ် မေမေပြောတာမှန်တယ် အန်တီလေးကျောင်းကိုလိုက်သွားပြီး အပျိုကြီးကို ယောကျ်ားပေးစားပစ်ဦးမယ်"

"အဲတာပဲကောင်းတယ်"

ကြည့်တစ်ချိန်လုံးငြိမ်နေတဲ့မောင်က
သူသားစကားကို ထထောက်ခံသေးတာ
တော်တော်လိုက်လဲလိုက်တဲ့သားအဖ။

"မောင်နော် သူဘာသာအပူမရှာချင်လို့မယူတဲ့ဟာ"

"ဒါဆို မေမေကအပူမှန်းသိရဲ့နဲ့ ဘာလို့
ဖေဖေကိုယူသေးလဲ"

LayNge

"ဘာလို့လဲဆိုတော့ မေမေက မောင်ကိုချစ်လို့ပေါ့
သားကိုပြောတော့လဲ သားနားလည်မှာမဟုတ်ဘူး"

ဆိုကာ ဖေဖေလက်မောင်းကိုချိတ်ပြီး
မှီထားတဲ့ပုံစံက တကယ်ကလေးလေးကျနေရော။

နေ သူကိုမှီထားတဲ့ မနဖူးလေးကို
နှုတ်ခမ်းဖိကပ်နမ်းလိုက်ပြီး သားကိုကြည့်ကာ...

Lay Nge

"Fa တွေနဲ့ ပြိုင်ပြောမနေပါနဲ့မရာ
သူတို့လက်သုံးစကားတစ်ခုရှိတယ် Single is the best တဲ့ အရှက်ပြေပြောတဲ့ စကား "

{ငါ့အရှိုက်တည့်တည့်ထိ}

သူ့ရှေ့မှာ Ro ပြနေတဲ့ဖေဖေ နဲ့ မေမေကိုကြည့်ကာ သူခံရမခက်တဲ့အပြင်ပိုလိုတောင်ကြည်နူးမိပါသေးသည်။သူ နိုင်ငံခြားမှာနေတာများတော့ ဟိုမှာက မြန်မာပြည်မှာလို့ သားသမီးနဲ့ မိဘကြားနွေးထွေးမှုမရှိ ပိုက်ဆံတစ်ခုထဲနဲ့သာ

မိဘတာဝန်ကျေနေကြသည်။သူ broken family
တွေလဲတွေ့ခဲ့ဘူးသည်။သူ့မိဘနှစ်ပါးကျ
တစ်ယောက်ကိုတစ်ယောက်
နှလုံးသားတစ်ခုလုံးနဲ့ချစ်ကြတာမို့
သူအတွက်ကတော့ နိဗ္ဗာန်ဘုံလေးပင်။

လွှာ
ညဘနာရီကျော်နေပင်မဲ့အိပ်လို့မရ။နေ့ခင်းကလူ
ကြီးမျက်နာကိုပဲမြင်ယောင်နေတော့သည်။သူမ
ဘဝမှာ မိဘတွေပြီးရင် အခင်တွယ်ရဆုံးက
အန်ကန် နဲ့ အဖိုးလေးပင်။အခုတော့
သူမတွယ်တာရမဲ့လူတစ်ယောက်တိုးလာပြီ။သူမ

အိမ်ယာပေါ်လိမ့်နေရင်းနဲ့ နေ့ခင်းက Manager ဆိုတဲ့လူကြီးဆီကမလိမ့်တပတ်နဲ့တောင်းလာတဲ့ လူကြီးဖုန်းကိုခေါ် ဖို့ဆုံးဖြတ်လိုက်သည်။သူမ ကုတင်ဘေးကခုံပေါ်မှားထားတဲ့ ဖုန်းကိုယူကာ contact မှာအသဲပုံအနီလေးနဲ့ LuuGi ဆိုတဲ့ ဖုန်းလေးကို နိပ်ကာခေါ်လိုက်သည်။

Ring Ring Ring

သဘာဝ

မောင်လက်မောင်းပေါ်မှခေါင်းအုံကအိမ်ပျော်နေတု

Lay Nge

နှ်း ဘေးခုံက ဖုန်းမြည်သံကြောင့်နိုးလာသည်။သူမ
မောင်ကိုကြည့်လိုက်နော့ အိပ်နေတာမို့
ထထိုင်လိုက်ပြီး ခုံပေါ်က ဖုန်းကိုလှမ်းယူကာ
ကိုင်မလိုလုပ်တုန်း အချိန်ကြည့်တော့
ညဘနာရီကျော်နေပြီးမို့ အရေးကြီးတယ်ထင်ပြီး
ကိုင်လိုက်သည်။

"Hello"

လွှာတစ်ဖက်ကအသံက
အေးချမ်းပြီးချစ်စရာကောင်းတဲ့ အသံမို့

မိန်းကလေးအသံမှန်းသဘောပေါက်ကာ
ဒီအချိန်ကြီး လူကြီးဖုန်းက
အဲ့မိန်းကလေးဆီမှရှိတယ်ဆိုတော့
သူခေါင်းရမ်းလိုက်ပြီး သတ္တိမွေးကာ...

"လူကြီး နဲ့စကားပြောချင်လို့ပါ "

သဘာဝ အချိန်မတော်ကြီးဖြစ်တဲ့အပြင်
မိန်းကလေးအသံဖြစ်နေတာကြောင့်
မျက်မှောင်ကုတ်သွားရကာ....

Lay Nge

"တို့ကိုပြောတာက သူ့ကိုပြောသလိုပဲ"

ဒီမိန်းမအလားပါလားဟ....

"ရှင့်ကဘယ်သူမို့လဲ ဘာလို့လူကြီး
ဖုန်းကိုကိုင်ရတာလဲ"

မောင့်ကို တလူကြီးထဲလူကြီးနေတဲ့
မိန်းကလေးကိုအမြင်ကတ်လာတာထက်
မောင့်ကိုသဝန်တိုတာကြောင့်....

Lay Nge

"ကုတင်တစ်ခုထဲ အတူတူအိပ်တဲ့သူတွေပဲ
ဖုန်းကိုင်တာ ဆန်းသလား"

"ဘာ!!!"

တစ်ဖက်ကစကားကြားပြီးတယ်ဆို
လွှာရင်ထဲစို့နစ်နစ်ကြီးဖြစ်လာတာမို့ဖုန်းကိုချပစ်လို
က်သည်။လူကြီးမှာ မိန်းမရှိတာလား။ဒါမှမဟုတ်
Club ကမိန်းမလား။အင်း ဟုတ်မှာပါ club
ကမိန်းမပဲနေမှာပါ။သူမကိုယ်ကို

ကိုယ်ဖြေသိမ့်နေပင်မဲ့
စိတ်ထဲနည်းနည်းလေးမှမအေးချမ်း။

~~~~~~~~

အပေါ်ထက်ကနေ company
သွားဖို့ဆင်းလာတယ်ဆို ဧည့်ခန်းမှာထိုင်နေတဲ့
တိမ်ယံဘွားကို တွေ့တာကြောင့်
မမြင်ချင်ယောင်ဆောင်ကာ
အိမ်ရှေ့ကိုထွက်လာတော့ ကိုကြီးက
သူမနောက်လိုက်လာသည်။

LayNge
~~~~~~~~

"ငယ် ကိုယ်ရှင်းပြတာနထောင်ဦး"

"နားမထောင်နိုင်ဘူး company
မှာအစည်းအဝေးရှိတယ် ပြီးရင်လဲ
ကျောင်းဆက်သွားရဦးမှာ"

တိမ်ယံဘွား မျက်နာတည်နေတဲ့
ငယ်လက်ကိုကိုင်လိုက်တော့
ငယ်ကရုန်းထွက်သွားသည်။

"ဒီမှာ ကျွန်မကို
ငယ်လို့ခေါ်စရာအကြောင်းမရှိတော့ဘူး
ဒေါက်တာတိမ်ယံဘွား ရှင့် လူကိုသာရှင်ဂရုစိုက်ပါ
လင်းရိပ်ကို ဘဝမှာဘယ်သူမှမလိုဘူး"

လိုအပြတ်ပြောကာ အိမ်ရှေ့ကနေထွက်လာပြီး
ကားထိုးထားတဲ့နေရာမှာ
သူမကားအနက်ကလေးထဲဝင်ကာ
ခြံထဲကနေမောင်းထွက်လာသည်။သူမအတွက်
ကိုကြီးကအချစ်ဦး ဖြစ်သလို
အရမ်းလဲချစ်ရပါသည်။ဒါပင်မဲ့
ဟိုသားအမိပေါ်ထားတဲ့ အမုန်းထက်မပိုလို့လားမသိ

ပြတ်သားနိုင်ခဲ့သည်။ဒါပင်မဲ့ ရင်ထဲမှာတော့
အနည်းငယ်ခံစားရသည်။သူချစ်တဲ့သူတွေဆီက
အမှတ်တွေကို ရနေတဲ့သားအမိကို
သူမဘယ်တော့မှ အရှုံးပေးမှာမဟုတ်။

နေ
သူအလုပ်သွားဖို့အကြိုရွေးပေးနေတဲ့မမျက်နာလေး
ကိုကြည့်လိုက်တော့ အရင်လို့မလန်းတာကြောင့်....

" မ ဘာဖြစ်နေတာလဲ နေမကောင်းဘူးလား"

Lay Nge

သူမနဖူးလေးကို လက်နဲ့စမ်းလိုက်တော့
ကိုယ်လဲမပူပါ။

"ဘာဖြစ်လို့လဲ မောင်မေးနေတယ်"

"ဘာမှမဖြစ်ဘူး !"

ညက ဖုန်းဆက်တဲ့ကိစ္စကြောင့်
လူကတစ်ညလုံးလည်း မအိပ်ရသေး။မောင်က
အသက်ကလဲငယ်သေးပြီးတော့ ယောကျ်ားလေးမို့
သူမစိတ်မချ။အခုအချိန်မှ

Lay Nge

သူမဆီကမရတဲ့သာယာမှုတွေ တခြားနဲ့များဆိုတဲ့
စိတ်နဲ့တင် လူက
ရူးတော့မည်။ဘယ်အသက်ရှယ်ပဲရောက်ပါစေ
ချစ်တဲ့သူကို သဝန်တိုတာတော့ ဓမ္မတာပင်။

သူမေးတာကို မဖြေချင်ဖြေချင်နဲ့ဖြေတဲ့
မကိုတင်ပါးကနေကောက်ပွေ့ကာ
နံရံကိုကပ်လိုက်ပြီး...

"အမေ့...ဘာလုပ်တာလဲ"

LayNge

"ဘာဖြစ်နေတာလဲ "

"ဘာဖြစ်နေတာမြင်လို့လဲ ချပေးသားဆီသွားမလို့"

"သားကအရွယ်ရောက်လို့
မိန်းမတောင်ယူလို့ရနေပြီ ဝေယျာဝစ္စ
လုပ်ပေးစရာမလိုတော့ဘူး
မောင်တို့ကိစ္စအရင်ပြောကြမယ်"

သားကြတော့အရွယ်ရောက်နေပြီတဲ့ သူကြတော့...

Lay Nge

"မျက်ခွံတွေလဲမို့နေတယ် မအိပ်ဘူးလား"

"မအိပ်တာလဲပြောပြနေရဦးမှာလား
ကုတင်တစ်ခုထဲ အိပ်နေတာ
အိပ်လားမအိပ်လားမသိဘူးလား"

သူကိုရွဲ့နေတာ မကို လူယုတ်မာအပြုံးပြုံးကာ....

"ဟွန်း ရွဲ့တယ်ပေါ့ လာထား အွန့်"

Lay Nge

သူစကားတွေကို အရွဲ့တိုက်ဖြေနေတဲ့
နှုတ်ခမ်းကိုဖိကပ်နမ်းက
အပြစ်ပေးလိုက်သည်။ဖိကပ်နမ်းယုံနဲ့
မကျေနပ်သေးတာမို့ ဂျယ်လီလေးမပါ
အိစက်နေတဲ့ အောက်နှုတ်ခမ်းလေးကို
ငုံထွေးလိုက်တော့သည်။

ပွေ့ထားတဲ့အတိုင်း
အဝတ်လဲခန်းထဲမှာကဲချင်တိုင်းကဲနေတဲ့
မောင်ကိုဒေါသထွက်လာကာ
ပါးစပ်ဖွင့်ပေးလိုက်ပြီး သူအရှိန်ရလာတော့မှ
ကိုက်ချလိုက်သည်။

Lay Nge

"အာ့ ဟာနာတယ်နော်"

"နာပါလေစေ နင်ငါ့ကိုဖြေရှင်းချက်ပေး"

သူမကိစ္စတစ်ခုကို စိတ်ထဲမထားဖို့ဆုံးဖြတ်ကာ
မောင့်ကိုပွင့်ပွင့်လင်းလင်းမေးလိုက်သည်။

"ဘာကိုလဲ မ ရဲ့
မောင်ကဘာလုပ်လို့ဖြေရှင်းချက်ပေးရမှာလဲ"

မနက်အိပ်ရာထကတည်းကထူးဆန်းနေတဲ့ သူရဲ့မ။

"ညကဖုန်းလာတာ မောင်သိလား"

"ဟင်အင်း "

"ညက ဒနာရီလောက်မောင့်ဖုန်းကို
ကောင်မလေးတစ်ယောက်ဆက်လာတယ်"

Lay Nge

"ဟမ် "

"ဟုတ်တယ်မောင်
သူမအသံကိုနားထောင်ရတာအရွယ်ကလဲ သား နဲ့
ရွယ်တူလောက်ပဲ"

သူ မပြောတာကို ခေါင်းငြိမ့်လိုက်ကာ...

"အဲတာဘာပြောလဲမ"

Lay Nge

"မောင့်နဲ့ စကားပြောချင်လို့တဲ့
ဘာတဲ့မောင်ကိုခေါ်တာ လူကြီးတဲ့ ပြီးတော့
သူမကမေးသေးတယ်
ဘာလို့မောင့်ဖုန်းကိုကိုင်တာလဲတဲ့"

"အဲ့တော့ မကပြန်မပြောလိုက်ဘူးလား"

"မပြောပဲနေမလား ငတုံးမှမဟုတ်တာ
ကုတင်တစ်ခုထဲအတူတူအိပ်နေတာ
ဖုန်းကိုင်တာထူးဆန်းလားလို့"

သူ မအပြောကိုသဘောကျသွားပင်မဲ့
သူကိုလူကြီးလို့ခေါ်တာ
ဟိုမိန်းကလေးတစ်ယောက်ထဲရှိတာမို့
ဒေါသထွက်နေမိသည်။အဲ့မိန်းကလေးရဲ့
အလုပ်ကိုဖျက်ဖို့
ချက်ခြင်းဆုံးဖျက်ချက်ချလိုက်တော့သည်။

မကလွဲပြီး
ဒီကမ္ဘာကဘယ်မိန်းမကိုမဆိုလက်မခံနိုင်ဘူး
ဘာလို့ဆို နှလုံးသားရဲ့သခင်မက မဖြစ်နေလို့....။

Lay Nge

~~~~~~~~~~~~~~~~~~~~~~~~~~

လူကြီးရေ.....🤪🤪🤪

စပါပြီ လူကြီး နဲ့ ခေး

ကိုတွေ့ပေးလိုက်ပါပြီ😊😊😊

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ ချစ်ပုံပြင် 🌞

LayNge
~~~~~~~~~~~~~~~~~~~~~~~~~~

⚠ Warning ⚠ {ဆဲဆိုတာတွေပါတာမို့
မိဇူးကန့်သတ်ချက်လွတ်အောင်လို့ပါ}

Part_4

ကျွီး....

သူတက္ကသိုလ်ဝန်းထဲရောက်တယ်ဆို
ကားပါကင်ထိုးတဲ့နေရာမှာကားကိုရပ်လိုက်ပြီး
ကားပေါ်ကဆင်းလိုက်တော့

Lay Nge

ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းမြည်လာတာကြောင့်
ထုတ်ကာ ကိုင်လိုက်သည်။

"Hello ဖေဖေ"

"သား ကျောင်းရောက်ပြီလား "

"ဟုတ်ဖေဖေ သားလေ့လာထားပါတယ်
သားလမ်းမမှားတော့ပါဘူး"

LayNge

"အေးပါကွာ "

"ဟာ ဖေဖေ ဗျာ ဒါပဲနော်သား
အန်တီလေးကိုသွားရှာလိုက်ဦးမယ်"

"ဟုတ်ပါပြီ ကွာ"

ဖေဖေ ဖုန်းချသွားမှ
အန်တီလေးအတွက်ဝယ်လာတဲ့
စားစရာအထုတ်တွေကို ကားထဲကထုတ်ကာ
ကားပါကင်ကနေထွက်လာလိုက်သည်။သူ

Lay Nge

ရှာနေရင်းနဲ့ တစ်နေရာအရောက်မှာ
ဖိုးဖိုးတို့ကိုတွေ့လိုက်တာကြောင့်
ပြေးသွားလိုက်သည်။

လက်ရာက မြေးဖြစ်သူကိုတွေ့တာကြောင့်...

"မြေး "

"ဘွား "

Lay Nge

"သားက သားအန်တီလေးဆီလာတာလား"

"ဟုတ်တယ် ဘိုး ဖေဖေကိုမေးပြီးတာလာခဲ့တာ
အန်တီလေးကိုမတွေ့တာကြာပြီးဆိုတော့
တစ်ယောက်နဲ့တစ်ယောက်တွေ့လဲမှတ်မိကြမှာမဟုတ်ဘူး"

"သား အန်တီလေးကအဆောင်က ပစ္စည်းတွေ
luggage နဲ့ သွားထည့်နေတယ်လေ
သားပြန်ရောက်နေလို့
အိမ်ကနေပဲကျောင်းတက်မလို့တဲ့"

"ဗျာ တကယ်ကြီးလား ဘွား"

လက်ရာမြေးဖြစ်သူကို
ခေါင်းငြိမ့်ပြလိုက်သည်။ရုပ်ရည် ကအစ
ဝတ်စားဆင်ယင်ပုံကအစ သားနဲ့တစ်ပုံစံထဲ။အခုလဲ
နက်ပြာShirt လက်ရှည်နဲ့
ဘောင်းဘီအတိုအဖြူကိုတွဲဖက်ဝတ်ထားသည်။အ
ကျင့်စရိုက်ကလဲအကုန်တူ မတူတာဆိုလို့
သားကရန်ပွဲတိုင်းသူပါပင်မဲ့ မြေးကတော့
အနေအေးက

တော်ယုံဆိုစကားတောင်ပြောတာမဟုတ်။သူများ
အမြင်မှာတော့ချေတာပေါ့။

"ဟိုမှာ သားအန်တီလေးလာပြီ"

သူ
ဘွားလက်ညှိုးထိုးပြတဲ့နေရာကိုလှည့်ကြည့်လိုက်
တော့ ထဘီအပြာကို ရင်ဖုံးလက်ရှည်အဖြူနဲ့
တွဲဝတ်ထားပြီး ဆံပင်ကို ဆံထုံးထုံးထားကာ
သူတို့နားလျှောက်လာသည့် အပျိုကြီး။

"မာမီ "

သမီးဖြစ်သူအနားရောက်လာတယ်ဆို ...

"သမီးဒါဘယ်သူလဲကြည့်ပါဦး "

မေလက်ရာအခုမှ
မာမီတို့နဲ့ရုပ်နေတဲ့ကောင်လေးကိုသတိထားမိကာ
ဝတ်ပုံစားပုံကနဲ့ ရုပ်ရည်ကအစ ကိုကိုနဲ့တူနေတာမို့
သူမဝမ်းသာသွားရကာ ကျောင်းဝန်းဆိုတာလဲ
ဂရုမစိုက်နိုင် တူဖြစ်သူကိုဖက်လိုက်တော့သည်။

Lay Nge

"သားရယ် တီလေးလွမ်းနေတာ
ကိုကိုအကျင့်ပုတ်ကာ
ကလေးကိုဒီမှာလည်းကျောင်းထားလို့ရရဲ့သားနဲ့
အကြောရှည်တာ"

သူဖိုးဖိုးကိုမုန့်ထုတ်တွေပေးပြီး
အန်တီလေးကိုပြန်ဖက်ကာ....

"သားကို ငယ်ငယ်ကလို
သူများပေးတဲ့ချောကလက်တွေကို ကျွေးပါဦးဗျ"

Lay Nge

"ကျွန်းမှာပေါ် Luggage အိတ်ထဲပါတယ်
အိမ်ရောက်ရင် ကျွန်းမယ်"

ဒေါ်လက်ရာလဲမြေးဖြစ်သူနဲ့
သမီးဖြစ်သူကိုကြည့်ကာ
ကြည်နူးမဆုံး။ဒီလိုပျော်ရွှင်နေရတာလဲ
သားကြောင့်ပင်။အခုဆို အဖေ နဲ့ သား
ညီအစ်ကိုလားထင်ရသည်။

Lay Nge

"ကဲပါ သမီးတို့အိမ်ရောက်မှအလွမ်းသယ်တော့
မြေးလေးအိမ်ရောက်မှ
အန်တီလေးနဲ့စကားပြောတော့"

ဘွားပြောမှ
တူရီးနှစ်ယောက်ဖက်ထားတာခွာလိုက်ကာ
ကျောင်းဝန်းထဲကထွက်လာလိုက်သည်။ကားပါကင်
ရောက်တော့ သူကဝယ်စရာရှိသေးတာကြောင့်
အန်တီလေးတို့ကိုအရင်ပြန်ခိုင်းလိုက်ပြီး သူက
အန်တီလေးတို့ကားထွက်သွားမှ
ကားထဲဝင်လိုက်သည်။

LaYNge

"အမလေး !!!!ရှင်ဘယ်သူလဲ"

"မင်း မင်း"

Sun ကားထဲဝင်လိုက်တယ်ဆို
ကောင်မလေးတစ်ယောက်ကိုတွေ့လိုက်တာကြောင့်
လန့်သွားရသည်။

"မင်းဘယ်သူလဲ
ငါ့ကားထဲဘယ်လိုရောက်နေတာလဲ"

LayNge

"ရှင် ရှင်ကားများ သူခိုးလူဟစ်နေသေးတယ်
ဒါကျွန်မကား driver
ကိုဘယ်သွားလဲမသိလို့စောင့်နေတာ!!"

ကို သူမကားထဲလဲဝင်လာတဲ့လူက
သူခိုးရုပ်မပေါက်ပင်မဲ့
သူများကားထဲလဲဝင်လာသေး
အသံမာနေတာကြောင့်
သူမကပြန်ဟောက်လိုက်သည်။

Lay Nge

"မင်းကားဟုတ်လား ပြောစမ်းပါ B&W
ကမင်းတစ်ယောက်ပဲစီးနိုင်တာလား
ငါမိန်းကလေးနဲ့တူပြီးရန်မဖြစ်ချင်ဘူး
အခုချက်ခြင်းဆင်း မင်းကားမင်းသွားရှာ
မတွေ့ရင်စည်းမဲ့ကမ်းမဲ့ရပ်ထားလို့
လုံခြုံရေးတွေကသိမ်းသွားတာနေမှာ"

"ရှင် ရှင် "

သူမ စကားပြောမလို့ရှိသေး သူက
ကားလိုင်စင်ကတ်ပြားထုတ်ပြလိုက်တာကြောင့်

Lay Nge

ကားလိုင်စင်နံပတ်သေချာကြည့်လိုက်တော့
ဟုတ်သည်သူမကားမဟုတ်။သူမျက်နာအနေအ
ထားပြောင်းသွားတဲ့သူမကိုကြည့်ကာသက်ပြင်းချ
မိုး...

"ငါနားလည်ပါတယ် ကားတူလို့များတာ ပြီးတော့
Lock မချထားခဲ့တယ် ငါကိုယ်တိုင်လည်းမှားတယ်
"

သူမလည်း စကားကိုပုံမှန်ပြောနေတဲ့သူကို
သူမအမှားမို့...

"ကျေးဇူးတင်ပါတယ် နားလည်ပေးလို့ ကိုက
ဘယ်သူကိုမှမတောင်းပန်ဖူးလို့ "

သူမပြောချင်တာက မတောင်းပန်နိုင်ဘူးကို
ယဉ်ကျေးစွာပြောနေတဲ့သဘော။သူလည်းနဂိုကက
တည်းကအနေအေးသူမို့
ခေါင်းသာငြိမ့်ပြလိုက်သည်။သူငြိမ့်ပြလိုက်တဲ့ဆို
တံခါးဖွင့်ကာဆင်းတော့ သူ coffee
ဆိုင်မှာတွေ့ခဲ့ဖူးတာကိုသတိရသွားကာ....

"မင်း နဲ့ ငါဒီတစ်ခါတွေ့တာ နှစ်ခါရှိပြီနော်
တွေ့လိုက်တိုင်း တလွဲကြီးပဲ"

ဆင်းမလို့လုပ်နေတဲ့သူမ သူ့စကားကြောင့်
ခုံမှာပြန်ထိုင်ပြီး သူ့ဘက်လှည့်ကာ...

"ဘယ်လို"

"coffee ဆိုင်မှာ Lady First
လို့ပြောသွားတဲ့တစ်ယောက်"

Lay Nge

ဟုတ်သား သူမအရှေ့ကလူကို
အခုမှသေချာကြည့်မိသည်။သူများတွေအရှေ့မှာ
ကြ အမှားမရှိပဲ perfect ဖြစ်နေတဲ့သူမက
ဒီလူနဲ့တွေရင်
ဘာလိုတလွဲတွေဖြစ်နေလည်းမသိ။သူမလည်း
ဘာမှပြန်မပြောတော့ပဲ
ကားပေါ်ကဆင်းလာလိုက်ပြီး
ဘေးရင်းကပ်သူမကားထဲဝင်ထိုင်နေလိုက်သည်။

"ခရီးသွားမဲ့
အစီအစဉ်ကိုဘာလို့ဖျက်လိုက်တာလဲလူကြီး"

LayNge

သူ ဇာတ်ရုပ်တွေမဖြေရှင်းခြင်းတာလဲအပါအဝင်
သူ့မိန်းမလေးစိတ်အနှောက်အယှက်ဖြစ်စေတာမို့
သူဘယ်လောက်ကြီးတဲ့ Project ဖြစ်ဖြစ်
တွေဝေးခြင်းမရှိဖျက်သိမ်းလိုက်သည်။ဒါကိုမကျေန
ပ်လို့ ထင်ပါရဲ့ သူ့ရုံးခန်းထဲအတင်းဝင်လာပြီး
အော်ကြီး စ်ကျယ်ပြောနေတဲ့ မိန်းကလေးကို
ထိုင်ရမှုထကာ ခုံပေါ်လက်တစ်ဖက်ထောက်ကာ...

"မင်းအပြုအမူတွေနဲ့ ပုံစံကိုမကြိုက်လို့
ဘာပဲဖြစ်ဖြစ် ဒါ ငါ့ Company
ငါကြိုက်သလိုဆုံးဖြတ်ခွင့်ရှိတယ် မင်းနဲ့မဆိုင်ဘူး"

"ဒီမှာလူကြီး
အကြောင်းမရှိပဲဖျက်သိမ်းတယ်ဆိုတာ
လူကြီးလူကောင်းတွေရဲ့အလုပ်မဟုတ်ဘူး"

ထိုမိန်းကလေးရဲ့ဂျစ်ကန်ကန်အပြောကို...

"မင်းဘက်က ဘယ်လိုလိုထင်ထင်
စောက်ဂရုစိုက်နေမှာမဟုတ်တဲ့အတွက်
လာရာလမ်းအတိုင်းပြန်ကွာလိုက်တော့"

သူမလို လှတပတလေးကို
မတူသလိုမတန်သလိုပြောနေတဲ့ လူကြီးကြောင့်
နာကျင်ရပင်မဲ့ ဒီလူကြီးရဲ့စကားလုံးတိုင်းက
သူမနှလုံးသားကိုခွဲယူနေတာ။

LayNge

"လူကြီးရဲ့
စကားလုံးတွေကရင်ဘက်ထဲထိရောက်တယ်
အဲလိုချေတဲ့သူကိုမှ လွှာကချစ်တာ"

"ဘာ!!!! မင်းဘာစကားပြောတာလည်းဟမ်"

"လူကြီး ညက clubကမိန်းမထက်
လွှာကအများကြီးသာတယ်"

Lay Nge

ညက ဖုန်းကိုင်တဲ့သူက မမို့
သူဒေါသဒီဂရီဘယ်လောက်ထိဆောင့်တက်သွားလ
ည်းမျက်နာကချက်ခြင်းခက်ထန်လာကာ....

"မင်းစောက်ပါးစပ်ပိတ်ထား
မင်းညကဖုန်းဆက်လို့ကိုင်လိုက်တာက ငါ့မိန်းမ
မင်းလို သူများလင်ကို တမ်းတမ်းစွဲဖြစ်နေတဲ့
ဟာမျိုးကို
ငါ့အိမ်ကခြံစောင့်တောင်သုံးမှာမဟုတ်ဘူး
ရှင်းလား!!!!"

သူ့စကားလုံးတွေက
မိန်းကလေးတစ်ယောက်အပေါ် မပြောသင့်ပင်မဲ့
မနဲ့ပက်သက်လာရင်
ဘာတစ်ခုမှအမှားအယွင်းမခံတက်တဲ့ သူမို့
သူတစ်ခြားလူကိုဂရုမစိုက်။

လွှာလည်း
ကြမ်းတမ်းလွန်းလှတဲ့လူကြီးစကားတွေထက်
*မင်းညကဖုန်းဆက်လို့ကိုင်တာ
ငါ့မိန်း*ဆိုတဲ့စကားကြောင့်
သူနာကျင်ရပါသည်။သူမ

Lay Nge

ဆက်ပြောနိုင်စွမ်းမရှိတော့တာကြောင့်
ရုံးခန်းထဲကပြေးထွက်လာခဲ့တော့သည်။

သူပြောတဲ့စကားတွေကြောင့်
မခံမရပ်နိုစ်ဖြစ်ကာထွက်သွားမိန်းကလေးကို
မဲ့ပြုံးပြုံးကာ....

"ဒီလိုအကွက်တွေရိုးအီနေပြီ
ငါ့မိန်းမစိတ်ကောက်တာထက် သူမစိတ်ထဲ
နာကျင်မှုမရှိစေဖို့
ဒီထက်ရိုင်းသင့်ရင်လည်းရိုင်းမှာပဲ"

သူဘဝရဲ့
အချစ်ရဆုံးသူမမျက်နာတစ်ချက်ညိုးသွားမှာကိုပင်
သူကြောက်ပါသည်။ဘယ်လောက် Over 40
ဖြစ်ပါစေဦး နှလုံးသားက ဖြစ်တည်လာတဲ့
အချစ်ကတော့တစ်နေ့တစ်ခြားသူမပေါ် ပိုတိုးလာ
လွန်းလို့ ဒီကောင်ရူးသွားနိုင်တယ်မရယ်။

ကျွီးးး....

Lay Nee

ကိုအိမ်ပေါ်တိအောက်ကားရပ်လိုက်ပြီး
ဖုန်းလာတာကြောင့် မဆင်းသေးပဲကိုင်လိုက်သည်။

"Hello "

"ငယ် ကိုပါ"

တိမ်ယံဘွားအသံကြားတာကြောင့်
ချက်ခြင်းမျက်နာကခက်ထန်သွားကာ...

Lay Nge

"ရှင်နဲ့ ကျွန်မ ပြီးပြီလို့ပြောပြီးပြီနော် တိမ်ယံဘွား "

သူမ သစ္စာဖောက်တဲ့သူတွေကိုမုန်းလွန်းလို့
ကိုကြီးကိုသိပ်ချစ်တာတောင်
သူနဲ့ပက်သက်သမျှအကုန်ဖျက်ထားက
ဆက်သွယ်လို့ရတဲ့ facebook ,IG,Line
အကုန်block ထားခဲ့သည်။အခုလည်း
တစ်ခြားဖုန်းနဲ့ပြောင်းခေါ်တာကြောင့်သူမဘယ်သူမှ
န်းမသိလို့သာကိုင်လိုက်ခြင်းဖြစ်သည်။

တိမ်ယံဘွား

သူမလေးကဘယ်လောက်ချစ်ခဲ့ရလည်းဆိုတာသူ
ကိုယ်တိုင်အသိဆုံး။အခုလိုလက်ထပ်ခါနီးမှထဖြစ်
သွားတာလည်း သူကြောင့်ဟုသက်မှတ်ကာ
လိုက်ချော့နေလည်း ငယ်ကပြတ်သားစွာ
ငြင်းခဲ့သည်။

"ငယ်
ကိုယ့်အရွယ်ကအချစ်ကိုကစားရမဲ့အရွယ်မဟုတ်
ဘူး ဒါကြောင့် ငယ်ကိုပဲ"

Lay Nge

"တော်စမ်းပါ လင်းရိပ်ကိုက
မုန်းပြီဆိုဘယ်လိုမုန်းလည်း ခင်များသိပါတယ်
အခုလိုလက်ခံစကားပြောပေးတာကိုပဲ
ကျေးဇူးတင်လိုက်ဦး"

လို့ပြောကာ ဖုန်းချပစ်လိုက်ပြီး
ဖုန်းကိုစလင်ဘတ်ထဲည့်လွယ်ပြီး
ကားပေါ်ကဆင်းကာအိမ်ထဲဝင်လာလိုက်သည်။အိမ်
ထဲရောက်တော့....

"ပြန်လာပြီလား သမီး"

LaYNge

"အင်း "

"မောင်တိမ်ယံဘွားကို လက်ထပ်ဖို့လုပ်တော့"

"အဲ့ကိစ္စအတွက်တို့ သတို့သမီးက ဒယ်ဒီရဲ့ မယားပါသမီးကိုပြောလိုက်ပါ သမီးက ကိုယ့်အတွက်ဖြစ်တည်လာတဲ့သူကိုပဲစိတ်ဝင်စားတယ်"

LayNge

ပြောပြီး
အပေါ်ထပ်အခန်းကိုတက်လာလိုက်တော့သည်။ကို
ကြီးကိုသိပ်ချစ်ပင်မဲ့ သစ္စာမဲ့တာကိုမုန်းတယ်။ကို ရဲ့
ဒဏ်ရာတွေကနဲဖြည့်စည်းပေးမဲ့
လူတစ်နေရာမှတော့ရှိမှာပါ။

"ဒါဆို နင့်လူကြီး ကအချေသမားပဲ"

လွှာသူငယ်ချင်းတွေကို
လူကြီးအကြောင်းပြောပြတော့
စိတ်ဝင်တစားနားထောင်ပြီး ပြန်မေးကြသည်။

"အင်း ချောတယ်အရမ်းပဲ
ငါတို့တက္ကသိုလ်ကကောင်တွေတောင်လူကြီးကိုမမှီဘူး"

"ဟယ် ကောင်မနော်"

"ဒါပင်မဲ့"

လွှာရဲ့ဒါပင်မဲ့စကားအနောက်မှာ
ဝမ်းနည်းခြင်းတွေကကပ်ပါလျက်....

Lay Nge

"လူကြီးမှာမိန်းမရှိတယ် တဲ့"

"ဘယ်လို"

"တကယ်ကြီး"

သူမသူငယ်ချင်းတွေရဲ့အမေးကို ခေါင်းငြိမ့်ပြကာ...

Lay Nge

"သူ့မိန်းမကို Club
ကလို့နှိုင်းလို့ငါ့ကိုအော်သွားသေးတယ်"

သူမပြောတော့
သူငယ်ချင်းတွေထဲကတစ်ယောက်က...

"အဲ့လောက်ချေနေတဲ့ လူကိုရအောင်လိုက် လွှာ
အချစ်နဲ့ စစ်မှာမတရားတာမရှိဘူး"

သူငယ်ချင်းတွေကမြှောက်ပေးတာကြောင့်
မိန်းမရှိတာတွေဘာတွေသူမမတွေးတော့

Lay Nge

ကြိုးစားကြည့်ဖို့ဆုံးဖြတ်လိုက်သည်။လူကြီး
သူဆီကိုရောက်လာအောင်
နည်းလမ်းပေါင်းစုံလုပ်ရလည်းလုပ်မည်။

ကျွိး....

သူမ တံခါးဖွင့်သံကြားတာကြောင့်
ကုတင်ပေါ်မှာဘေးတစောင်းလှဲအိပ်နေရာကနေ
ထထိုက်လာကာကြည့်လိုက်တော့ မောင်။သူမ
မျက်နာမကောင်းတဲ့ မောင့်ကိုကြည့်ကာ

Lay Nge

ကုတင်ပေါ်ကဆင်းပြီး အလုပ်စားပွဲမှာထိုင်နေတဲ့ မောင့်အနားသွားကာ ..

"မောင်"

သူမ ခေါ်သံကြောင့် မော့ကြည့်ကာ...

"မောင့်ကြောင့်အိပ်နေတာနိုးသွားပြီထင်တယ်"

LayNge

လို့ပြောကာသူ့ရှေ့မက်တပ်ရပ်နေတဲ့မကိုသူပေါင်
ပေါ်ကိုဆွဲချလိုက်သည်။မကလည်း
သူခါးကိုပြန်ဖက်ထားပြီး
ရင်ခွင်ထဲမျက်နှာအပ်ကာ...

"ဘာကူညီပေးရမလည်းမောင်
အလုပ်အဆင်မပြေလို့လား"

"နည်းနည်းပင်ပန်းနေလို့ပါ မရဲ့"

"ဒါဆိုရေချိုးလိုက်လေ အင်္ကျီထုတ်ထားပေးမယ်

သူမပြောတာကို ခေါင်းငြိမ့်ကာ
သူမကိုပွေ့လျက်ထိုင်နေရာမှထရပ်လိုက်တော့
သူမလန့်သွားကာ
မောင့်ခါးကိုတင်းနေအောင်ဖက်းလိုက်သည်။

"ရေအတူတူချိုးမယ်"

မောင်စကားကြောင့်သွေးပါဆောင့်တက်ချင်သွားရ
ကာ မျက်လုံးလေး ဝိုင်းကာနဲ့....

"ဟင်အင်း မောင်နော်"

မောင်နော် ဆိုတဲ့အသံလေးကို မျက်ကွယ်ပြုကာ
ရေချိုးခန်းထဲသူမကို
ပွေ့ကာခေါ်လာလိုက်သည်။ရေချိုးခန်းထဲရောက်မှ
သူမကို ချပေးကာ lock ချလိုက်ပြီး coat ရော
shirt လက်ရှည်ကိုပါ ချွတ်ကာ
ရေချိုးခန်းထောင့်ကိုပစ်ချထားလိုက်သည်။

"မောင် အဝတ်အစားဘယ်လိုတွေထားနေတာလဲ
တန်ဖိုးမနည်းဘူးနော်"

လို့ပြောကာ
မောင်ရဲ့အဝတ်တွေကိုကောက်ဖို့အလုပ်
မောင်ကရေပန်းကိုဖွင့်ချလိုက်တာကြောင့်
ရေပန်းကသူမတည့်တည့်မှာမို့
မွန်းသွားရသည်။သူမရေပန်းအောက်က ထွက်ကာ
သူရင်ဘက်ကိုထုတော့သည်။

"ဟင်းး မောင်ဘယ်လိုလုပ်တာလဲ မွန်းသွားတာပဲ"

"မွန်းလဲဘာဖြစ်လည်း မောင်က မောင့်မိန်းမကို အောင်ဆီဂျင်ပေးမှာပေါ့"

လို့ဆိုကာ သူမကိုယ်လေးကိုရင်ခွင်ထဲဆွဲသွင်းပြီး မျက်နှာလေးကို မော့စေကာ နှုတ်ခမ်းပါးလေးကို သူနှုတ်ခမ်းနဲ့ဖိကပ်လိုက်တော့သည်။

"အွန့်"

သူမ မောင်အနမ်းကြမ်းကြမ်းတွေကြောင့် သူလက်မောင်ကိုသာ

ကုတ်ခြစ်ထားရသည်။သူမတွန်းနေလည်း
ဒီလူသာကမဖယ်။သူမငြိမ်ပြီးတော့သာနေလိုက်
တော့သည်။

"အွန်"

"မ့"

သူမအသက်ရူကြပ်တော့
မှာမို့နှုတ်ခမ်းခြင်းထိထားရာကနေခွာကာ
မခွာခင်တစ်ချက်ထပ်နမ်းလိုက်သေးသည်။

Lay Nge

"မောင်..."

သူမစကားပြောမလို့ရှိသေး
လည်တိုင်ကိုနမ်းရှိုက်လိုက်ခြင်းနဲ့အတူ သူမ
ရင်ဖုံးအင်္ကျီကြယ်သီးကို ဖြုတ်ကာ
အင်္ကျီချွတ်ချလိုက်တာကြောင့်....

"မောင် ဟင်အင်းနော်"

"ဘာလဲကွာ ကိုယ့်ယောကျ်ားပဲကိစ္စ"

"အသက်တွေလည်းမငယ်တော့ဘူးနော်"

"ငယ်ပါသေးတယ် ကလေးတွေတောင်
ထပ်ယူလို့ရသေးတယ်"

သူမ
မောင့်စကားကြောင့်စိတ်ကောက်ချင်သွားရသည်။
သူမလို over 40
ကကလေးထပ်ယူလို့ရပါဦးမလား။သက်သက်တစ်

Lay Nge

ခြားမိန်းကလေးတစ်ယောက်အကြောင်းတွေးပြီး ပြောနေတာ။

သူမျက်နာပျက်သွားတဲ့ မကြောင့်...

"မ ဘာဖြစ်သွားတာလည်း "

"မင်းငါ့ကလေးယူလို့မရတာကိုသိလို့တစ်ခြား.."

သူမ့စကားမဆုံးသေခင် နေက....

LayNge

"ဟား ဟား ဟား
အောင့်မိန်းမသဝန်တိုနေတာကြည့်စမ်း
ချစ်စရာလေး"

သူရီနေတာကို
မကမျက်စောင်းလေးတွေ့ဝေ့လျက်သူ့ကိုကြည့်နေသည်။သူမျက်နာပြန်တည်ကာ...

"မောင်ကစကားအဖြစ်ပြောတာပါ
မောင့်ရဲမကလွဲပြီး ကျန်တဲ့မိန်းကလေးကို

LayNge

မိန်းမလို့ကိုမမြင်တော့တာ အသက်ပိုကြီးလာလေ
မောင့်မိန်းမကို မောင်ပိုချစ်လာလေပဲ
မောင့်ကသက်သေပြသွားမှာမို့
မကစောင့်ကြည့်ပေး"

လို့တည်ကြည်စွာပြောနေတဲ့
မောင်မျက်နာလေးကသူမအတွက်ဘယ်တော့မှမရိုး
နိုင်။သားနဲ့အပြင်သွားရင်တောင်
သားအဖလို့ဘယ်သူမှထင်မှာမဟုတ်
ညီအစ်ကိုဆိုရင် ယုံလိမ့်မည်။အခုမောင်အရွယ်က
လူလတ်ပိုင်းမို့ ကပ်ချင်နေတဲ့သူတွေမှအများကြီး။

သူမ ကသူမျက်နာကို ငေးကြည့်နေတာကြောင့်....

"မောင့်မျက်နာမှာတစ်ခုခု ပေနေလို့လား
ဒါမှမဟုတ် ချောလာလို့လား"

"အင်း ပိုချောလာတယ်
အရင်လိုမျက်ခွက်မှမပြောင်တော့တာ"

"အဟွန်း လာခဲ့ဆက်မယ်"

Lay Nge

ဆိုကာ သူမကိုကောက်ပွေ့လိုက်တာကြောင့်
သူမလည်း မောင်လည်တိုင်ကိုသာ
လက်နှစ်ဖက်နဲ့ချိတ်ထားလိုက်ပြီး မျက်နာကို
မောင့်ရဲ့အဝတ်မပါတဲ့
ရင်ဘက်ထဲဝှက်ထားလိုက်သည်။

သူလည်းအခုထိရှက်နေသေးတဲ့မကို ငုံကြည့်ကာ
ရေချိုးခန်းထဲကာထွက်ကာ
အချစ်ကမ္ဘာလေးဆီသို့.....။

Lay Nge

~~~~~~~~~~~~~~~~ 🤍 🤍

Page ကလည်း စာတင်လို့မရတော့
ချစ်သူ့မောင်သိစေလေးတင်မရတော့
ဒါလေးပဲဆက်တင်ဖြစ်နေတယ် 🤍

ချစ်သူ့မောင်သိစေကို မနက်page
ပြန်တင်လို့မရသေးရင် acc ကပဲတင်ပေးပါ့မယ် 🤍

နေတို့ကို မနက်ဖြန်ဆက်ဖက်ချင်သေးတဲ့
ျစ်ဆုံးလေးတွေက comment

Lay Nge
~~~~~~~~~~~~~~~~

လေးတွေဝေဖန်သွားဦး 🤍 50 comment နဲ့ Like 400 ရရင် မနက်ဖြန်ဆက်လာမည် 🤍

နေကိုဘယ်လိုတွေတောင်
ဆက်ပြီးလိုက်မလည်းဆိုတာ.....Come Soon

Share ပေးကြပါဦး နော် 🥹

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_5

"ကြင်နာသူ မကြင်နာသလို
နေနိုင်ရက်တဲ့ချစ်သူလေး....အနိုင်ယူတက်တဲ့သူ့စိတ်
တွေကိုကွယ်...ကိုယ်မငြိုငြင်ခဲ့ဘူးတကယ်...ညာနေ
တာတွေရင်ထဲက
ငိုနေမိလည်းခဏပါပဲ...ဟန်ဆောင်ပြုံးရင်ချစ်တဲ့သူ့
အနားနားကိုယ်တကယ်ပျော်နေခဲ့တယ်....အချစ်တ
စ်ခုနဲ့
အရာရာအားလုံးသဘောအတိုင်းပဲ...ကိုယ်လိုချင်ခဲ့

သောအချစ်တို့ဝေးနေလည်း...ရင်တွေကွဲပြီးနားလ
ည်မယ်....."

သဘာဝ သီချင်းဆိုသံတွေဂီတာသံတွေကြောင့်
နိုးလာသည်။သူမ
မောင်ရင်ခွင်ထဲရေချိုးပြီးကတည်းကအိပ်ပျော်သွား
တာ နာရီကြည့်လိုက်တော့ 12နာရီမို့
ကုတင်ပေါ်ကဆင်းကာ အဝတ်လဲခန်းထဲဝင်ပြီး
ညဝတ်ဂါဝန်လေးကိုဝတ်လိုက်သည်။အဝတ်လဲပြီး
တော့ လိုက်ကာကိုဖယ်ကြည့်လိုက်တော့
ခြံရှေ့မှာဂစ်တာတီးပြီး သီချင်းအော်ဆိုနေတဲ့
မိန်းကလေးတစ်စု။

နေလည်းအိပ်နေရာမှာ
ရင်ခွင်ထဲကဟာတာတာကြီးဖြစ်နေတာကြောင့်
ဘေးကိုစမ်းကြည့်တော့မ
မရှိတာကြောင့်မျက်လုံးဖွင့်လိုက်တယ်ဆို မက
လိုက်ကာကိုဖွင့်ပြီးဘာတွေကြည့်နေလည်းမသိ။သူ
အိပ်ရာကထထိုင်ကာ ကုတင်ဘေးက
တဘတ်ကိုခါးမှာပတ်ပြီး ထရပ်လိုက်ကာ
မအနားလျှောက်သွားပြီး....

"မ ဘာလုပ်နေတာလဲ"

သူမအနောက်က မောင်ခေါ်သံကြောင့်
လိုက်ကာစပြန်ပိတ်ကာ
မောင့်ဘက်လှည့်လိုက်သည်။

"မ အသံတွေလည်းဆူညံနေတာပဲ
အိမ်ရှေ့မှာလာသောင်းကြမ်းနေတာလား"

"မဟုတ်ဘူး မောင်
ကောင်မလေးတွေသီချင်းဆိုနေတာ"

LayNge

သူခေါင်းငြိမ့်ပြပြီး
လိုက်ကာစကိုဆွဲဖယ်လိုက်တယ်ဆို
သီချင်းရပ်သွားပြီး....

"လူကြီးရေ အရမ်းချစ်တယ်
ဒီကောင်မလေးကိုပြန်ချစ်ပါ!!!"

ခြံရှေ့ကနေမရှက်မကြောက်အော်လိုက်တဲ့အသံ
ကြောင့်
နေဒါသကိုအတိုင်းထက်အလွန်ထွက်သွားကာ
ပြတင်းပေါက်လိုက်ကာကိုပြန်ပိတ်ပြီး

LayNge

အခန်းတံခါးဆွဲဖွင့်ကာ
အောက်ထပ်ကိုဆင်းလာလိုက်သည်။

သဘာဝလည်း ခါးမှာတဘတ်တစ်ထည်ထဲနဲ့
ထွက်သွားတဲ့
မောင့်ကြောင့်အပြေးတစ်ပိုင်းလိုက်ရတော့သည်။

နေအောက်ထပ်ရောက်တော့
နိုးနေတဲ့မိဘတွေကိုလည်းမမြင်နိုင်ခဲ့ထဲပြေးဆင်း
သွားသည်။ခြံရှေ့ရောက်တယ်ဆို တံခါးကို ဆွဲဖွင့်ပြီး

ပြောမလို့ရှိသေး မိန်းကလေးအုပ်စုထဲက
တစ်ယောက်က...

"ဟာ လွှာနင့်လူကြီးက Six pack နဲ့
အားမိုက်လိုက်တာ"

သူအဲ့မိန်းကလေးအပြောကြောင့်
သူဒေါသပိုထွက်သွားကာ လွှာဆိုတဲ့
မိန်းမကိုလက်ညှိုးထိုးကာ....

Lay Nge

"မင်းမှာအရှက်တရားဆိုတာမရှိဖူးလား
မြန်မာမိန်းကလေးမှဟုတ်ရဲ့လား...ညအချိန်မတော်
ကြီး သူများအိမ်ရှေ့လာသောင်းကြမ်းတာ
မိကောင်းဖခင်သားသမီးတွေရဲ့လုပ်ရက်မဟုတ်ဘူး"

သူပြောတာကို လွှာကအပြုံးမပျက်...

"လွှာပြောပြီးသား
လူကြီးအချစ်ကိုရအောင်ယူမှာလို့"

Jay Nge

နေ
ထိုမိန်းကလေးစကားကြောင့်တစ်ချက်မဲ့လိုက်ပြီး...

"မင်းလို လမ်းဘေးက တန်ဖိုးမရှိတဲ့ဟာကို
ငါ့အချစ်ပေးဖို့ အိမ်မတ်တောင်မမက်နဲ့"

ချစ်ရတဲ့လူကြီးရဲ့စကားတွေက
လွှာနှုလုံးသားအရေပျော်ကြမတက်နာကျင်ရပင်မဲ့
ခက်ခဲတဲ့အရာကိုမှသူမကပိုလိုချင်တာမို့ဒီလောက်
တော့ပေးဆပ်ရပေမည်။

Lay Nge

"လူကြီး ..."

"မောင်"

လွှာစကားပြောမလို့ရှိသေး လူကြီးအနား
*မောင်*လို့ခေါ်ကာရောက်လာတဲ့ မိန်းမက လူကြီး
မိန်းမဆိုတာ
သူမသိလိုက်သည်။ဒီလိုလှတဲ့မိန်းမရှိမှတော့ငြင်းဆ
န်နေတာမဆန်းတော့ပေ။

Layige

"မောင် အေးဆေးပြောပါ
အဝတ်အစားလဲဝတ်ထွက်မလာဘူး
နေမကောင်းဖြစ်မယ်"

"ဟွန်း အစ်မကိုအစ်မသာစိတ်ပူစမ်းပါ လူကြီးက
ငယ်သေးတယ် နော်"

မောင့်အရှေ့ကမိန်းကလေးအပြောကြောင့်သူမမျ
က်မှောင်ကုတ်သွားပင်မဲ့ မောင်က
ခနဲ့တဲ့အပြုံးပြုံးကာ.....

Lay Nge

"ဒါပဲလေ တရားဝင်မိန်းမ နဲ့
အပျော်မယားတွေရဲ့ကွာခြားချက်
....မင်းမြဲမြဲမှတ်ထား ငါဆိုတဲ့ကောင်က
ငါ့မိန်းမကလွဲပြီး
ဘယ်ကောင်မကိုမှစိတ်မဝင်စားဘူး ရှင်းလား!!"

မောင့်ရဲ့ပြင်းထန်လွန်တဲ့စကားတွေကြောင့်....

"မောင်တော်ပါတော့ သဘာဝပြောပါ့မယ်"

Lay Nge

သူမ မောင့်ရင်ဘက်ကိုကိုင်ကာပြောတော့
မောင်ကခါးကြီးထောက်လျက်ငြိမ်ကျသွားသည်။သူ
မလည်းမောင်ကိုကြည့်ကာသက်ပြင်းချပြီး....

"သမီးကပြောမယ်ဆို
အန်တီသားအရွယ်လောက်ပဲရှိတာ ပြီးတော့
မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့
ဒီအပြုအမူတွေက ရိုင်းစိုင်းလွန်းတယ်"

လွှာသူမရှေ့မှာဆရာလာလုပ်နေတဲ့ မိန်းမကို....

"ရှင်ကတရားဝင်မိန်းမဆိုပြီး
အကြောလာတင်းပြမနေနဲ့ လူကြီးက
ရှင်လိုအသက်ကြီးတဲ့သူကို ဘယ်လိုစိတ်နဲ့များ
ယူထားလည်းမသိဘူး"

"ငါ့ဘာသာ ဘာစိတ်နဲ့ယူယူ
မင်းစောက်ကြောင်းလား
ငါဒီထက်မရိုင်းခင်ထွက်သွားလိုက်တော့
အလကားတန်ဖိုးမရှိတဲ့ဟာတွေ"

Lay Nge

မောင်ဒီလောက်ရစရာမရှိအောင်ပြောနေတာကို
မောင့်ကိုကြည့်နေတဲ့
လိုချင်မျက်စိကတစ်ချက်မမလျော့။မောင်
ခန္ဓာကိုယ်ကို စိုက်ကြည့်နေတဲ့ မိန်းကလေးကြောင့်
သူမမောင့်ရှေ့ဝင်ရပ်ကာ...

"မင်းဘာလို့
ကာမပိုင်ရှိတဲ့ယောကျ်ားကိုလိုချင်နေရတာလည်း
ပြီးတော့ ခေတ်ယောကျ်ားလေးတွေအများကြီးပါ
ကိုယ့်ဘဝကို တန်ဖိုးထားပါလား"

Lay Nge

"ဟွန်း ရှင်က "

လွှာ သဘာဝကိုပြန်ပြောမလိုရှိသေးရောက်လာတဲ့နေတစင်းကြောင့်...

"မေမေ ဘာဖြစ်နေတာလဲ"

သူမ သားမေးတာကိုခေါင်းရမ်းပြလိုက်သည်။

LayNge

"ဟဲ့ လွှာ အဆင်လေးနော် နင့်လူကြီးရရင်
သူလေးကိုငါတို့ကို အမ်း"

သူမ မောင်ရောသားရောကို ထိလာတာကြောင့်
သည်းခံထားတာအတိုင်းအတာလွန်သွားတာကြော
င့်.....

""မင်းတို့ စရိုက်တွေလွန်နေပြီ
အခုချက်ခြင်းထွက်သွားကြ"

သူမထွက်သွားခိုင်းတာတောက်အကြောတင်းပြနေ
တဲ့ မိန်းကလေးတွေကို မပြောခင်
သားနဲမောင့်ဘက်လှည့်ကာ....

"သား ဖေဖေကိုအထဲခေါ်သွားတော့
မေမေဘာသာရှင်းမယ်သွား"

"မ"

"မောင် သားနောက်လိုက်သွား
သဘာဝအဆင်ပြေတယ်"

Lay Nge

"မြေး သားဖေဖေကိုခေါ်သွားတော့"

မာမီပါရောက်လာတာကြောင့် မအတွက်စိတ်ချရမှု
သူသားနဲ့အတူ
အိမ်ထဲပြန်ဝင်သွားတော့သည်။မောင်တို့အထဲဝင်
သွားတယ်ဆို ပြန်ထွက်သွားမို့လုပ်နေတဲ့
မိန်းကလေးအုပ်စုကို မမေက....

"မင်းတို့လို အောက်လုံးတွေက
ငါ့သားကိုတက်မှန်းတာ ဟွန်း

မိန်းမကောင်းမဟုတ်မှန်းသိသာလိုက်တာ
ငါ့သားဘဝနဲ့ ငါတို့ဘဝမှာ ငါ့ခွေးမကလွဲပြီး
ကျန်တဲ့ဟာတွေကိုစိတ်ကူးထဲတောင်မရှိဘူး"

"ဒီမှာအဘွားကြီး.."

ဖက်

မေမေကိုလက်ညှိုးထိုးပြီးပြောမလို့လုပ်နေတဲ့
မိန်းကလေးလက်ကို ဖျက်ရိုက်လိုက်ကာ...

Lay Nge

"တော်ယုံသင့်ယုံပဲကောင်းတယ်
မေမေအထဲဝင်ရအောင်
သူတို့ဆိုနိုင်ရင်ထက်ဆိုလိမ့်မယ် မောင်ခွဲ
တံခါးပိတ်လိုက်တော့"

"ဟုတ် မမလေး"

သူမ
မေမေကိုခေါ်ကာအိမ်ထဲဝင်လာလိုက်တော့သည်။
လှတပတရုပ်ရည်လေးနဲ့ မလိုက်
ဖြစ်ပျက်နေတဲ့ပုံစံကို မယုံနိုင်။

Lay Nge

~~~~~~~~~~~

"ကြိုဆိုပါတယ် မမလေး"

"ဒယ်ဒီရော"

သူမဒေါသဘယ်လောက်ထွက်နေလည်းဆိုတာပြော
လို့တောင်မရ။ဒယ်ဒီကိုယ်တိုင်က သူမ
ပရောဂျက်ကို မယားပါသမီးကို
စေးအဆမတန်ပေးပြီးဝယ်သည်တဲ့။

Lay Nge
~~~~~~~~~~~

"ရုံးခန်းထဲမှာရှိပါတယ်"

"အင်း ရပြီအလုပ်လုပ်တော့"

လို့ပြောကာ ဒယ်ဒီရုံးခန်းဆီကို လျှောက်လာပြီး ရောက်တယ်ဆို တံခါးကိုဆောင့်ဖွင့်ကာ ဝင်လာလိုက်သည်။ဝင်လာတယ်ဆို ဒယ်ဒီက မယားပါသမီးနဲ့စကားပြောနေသည်။

Lay Nge

"ဒယ်ဒီ ဘာလို့စည်းကျော်တာလည်း အဲလိုဆို
သမီးလည်းမညှာတော့ဘူးနော်"

သမီးဖြစ်သူ ဝုန်းဒိုင်းကျဲဝင်လာတာကြောင့်
ဆွေးရိပ် ထိုင်ခုံကနေထရပ်ကာ....

"သမီး ဒယ်ဒီပြောပြမယ်"

"မပြောနဲ့ ဒယ်ဒီ
သမီးဒယ်ဒီသွေးသားမဟုတ်ဘူးထင်တယ်
ကိုယ့်သားသမီးအောင်မြင်တာကိုပျော်ရမဲ့အစား

Lay Nge

ဒယ်ဒီက သမီးရဲ့ပရောဂျက်ကို
ဒီကောင်မကိုပေးလိုက်တယ်ပေါ့"

"သမီး ရိုင်းနေတာတွေရပ်စမ်း"

"မရပ်ဘူး ကို မှာဘယ်သူမှမရှိဘူး ကို
ချစ်ရတဲ့မာမီလည်းမရှိတော့ဘူး အခုချိန်ကစပြီး
ကစားပွဲစပြီဆိုတဲ့အကြောင်းလာပြောတာ..တစ်ခါ
တည်းပြောပြလိုက်မယ် အခု ရှိုင်း Group က
ပရောဂျက်ကိုရတယ်နော် နေလက်ရာGroup
ကပရောဂျက်ကိုရအောင်ယူပြမယ်"

ဆွေးရိပ်သမီးဖြစ်သူဒေါသကိုသိပင်မဲ့
သူရမေတို့ဘက်မပါရင်
သမီးကဒီထက်ပိုဆိုးလာမှာဆိုးတာကြောင့်...

"နေလက်ရာ ရဲ့ Project က
ဒယ်ဒီတို့သွားဆွေးနွေးနေပြီး
သမီးဖျက်လို့ဖျက်စီးမလုပ်နဲ့"

"အဲတာသမီးနဲ့မဆိုင်ဘူး သေချာတာကတော့
ဒယ်ဒီတို့ company ရဲ့project တိုင်းကို

ကိုဖျက်ခုတ်တော့မယ်ဆိုတာ သိထားပါ ပြီးတော့
မယားငယ်မသမီး နင်လည်းရှိသမျှ
စွမ်းအားအကုန်ထုတ်သုံးထား ခန္ဓာကိုယ်ပါမကျန်"

ကို ရဲစကားကမေအတွက်တကယ်ထိသွားတာမို့
မျက်နာကိုချက်ခြင်းညှိုးသွားကာ...

"ဖေဖေ သမီး ဒီ Project မယူချင်တော့ဘူး
ညီမလေးပဲပေးလိုက်ပါ"

မေဆိုတဲ့မိန်းမက ညီမလေးလို့ခေါ်တာကြောင့်...

"ငါ့ကတစ်ဦးတည်းသောသမီး
ငါ့မှာအစ်မလည်းမရှိသလို ညီမလည်းမရှိဘူး
...ငါမာမီနေရာဝင်နေတဲ့ နင်တို့လည်း
သေချာမြူစွယ်ထားကြ ငါမာမီတုန်းကတောင်
နင့်အမေနဲ့ နောက်မီးလင်းသေးတာပဲ
နင့်အမေလက်ထပ်လည်းပြောမရဘူးနော်"

သမီးဖြစ်သူရဲ့စကားအဆုံး ဆွေးရိပ်..

"လင်းရိပ်ကို ဒယ်ဒီသိကွာပါ
သမီးကချနင်းနေပြီပေါ့ ဟုတ်လားပြောစမ်းပါ"

အလုပ်စားပွဲကိုပုတ်ကာမေးလာတဲ့ ဒယ်ဒီကြောင့်...

"သမီး
ဖြစ်နိုင်တဲ့သဘောကိုပြောပြတာဖြစ်မယ်လို့ပြော
တာမဟုတ်ဘူး ဒယ်ဒီ"

"နင်က မိဘကို company အထိလာအရှက်ခွဲတာ
ပြန်တော့"

Lay Nge

ဒယ်ဒီရဲ့ ဒေါသတကြီးပြောတာကို
ကိုခေါင်းငြိမ့်ကာ...

"ဒယ်ဒီ နှင်မထုတ်လည်းပြန်မှာမပူနဲ့ ဒီလို Company မျိုးမှာလည်း ကို အကြာကြီးမနေဘူး နေလက်ရာ Group project အတွက် Game စပြီ"

သူမ စိန်ခေါ်က
ဒယ်ဒီရုံးခန်းထဲကထွက်လာလိုက်သည်။သူမပျော့ညံ့လို့မဖြစ်။ကိုယ့်ဆီကလုယူသွားတဲ့အရာတွေပြန်မရ

င်တောင်မှ နောက်ထပ်ဆုံးရှုံးတာတွေထက်မဖြစ်ဖို့
သူမပိုပြီးသန်မာရမည်။ကျောင်း နဲ့
အလုပ်ပြေးနေရတဲ့ သမီးကိုပင်ပန်းလာလို့တောင်
မေးဖော်မရတော့တဲ့ ဒယ်ဒီကို သူမ
လက်လွှတ်ချလိုက်ပြီဖြစ်သည်။အခုအချိန်မှာ
မာမီပိုင်ဆိုင်မှုကို ထိန်းသိမ်းရမှာသူမတာဝန်။

"သား ညကမာမီတို့
သားသွေးပူနေလို့ဘာမှမမေးတာ
အဲ့ကောင်မလေးကဘယ်သူလဲ ဘာလို့အဲ
ေလာက်ရဲတင်းနေရတာလည်း"

ညည့်ခန်းထဲ မိသားစုစုံမှ မေးလာတဲ့မာမီကို...

"သားလည်း သိယုံပဲသိတာ Company ကို
အလုပ်လာအပ်လို့မြင်ဖူးတာ
ဟိုရက်ကညဘက်ကြီး ဖုန်းဆက်တော့
မကိုင်လိုက်တာ မဟုတ်တာတွေပြောလို့
သားလည်းဇာတ်ရုပ်တွေမဖြစ်ချင်လို့ တစ်ခါထဲ
project ပါဖျက်သိမ်းလိုက်တာ
သူဘက်ကသားအပေါ်ဘယ်လိုသဘောထားနေလ
ည်းမသိပင်မဲ့ သူ့အပေါ်တော့

စိတ်ကူးထဲတောင်ထည့်မထားဘူး
နောက်တစ်ခါနှောက်ယှက်ရင်လည်း
မိန်းကလေးတွေဘာတွေသားကိုကြည့်နေမှာမဟုတ်
ဘူး"

သားပြောပြတာ နည်းလမ်းကျတာမို့
သူမခေါင်းငြိမ့်ကာ...

"သား ဘဝမှာ သားမိသားစုရှိတယ်ဆိုတာ
သားအမြဲသတိပေးပါ
ကိုယ့်ကိုကိုယ်..သားမိန်းမသားကိုဘယ်လောက်ချစ်

လည်းတွေးပါ..သားတစ်ခုခုမလုပ်ခင် သားရဲ့
သားမျက်နာကိုမြင်ယောင်ပါ..ဒီလိုပြောတာ
သားကိုမာမီမယုံလို့မဟုတ်ဘူးနော် သား
မာမီမွေးထားတဲ့သားအကြောင်းမာမီသိတယ်
ဆင်ခြင်နိုင်အောင်ပြောပြတာ"

သူ
မာမီပြောတာတွေနားလည်းပါသည်။သူလည်းမိဘ
နေရာရောက်နေပြီမို့ မိဘတွေရဲ့စေတနာကို
သူနားလည်သည်။ဒါကြောင့် သူမာမီပြုံးပြကာ
သူ့ဘေးမှာထိုင်နေတဲ့
မလက်လေးကိုကိုင်ထားလိုက်သည်။

Lay Nge

"သား ကိုဒယ်ဒီ
ကျန်တဲ့နေရာမှာသာမယုံကောင်းမယုံပင်မဲ့
မိန်းမမရှုပ်တာကိုတော့ ရာနှုန်းပြည့်ယုံတယ်"

"ဟုတ်ကဲ့ ပါ ဒယ်ဒီ"

သူတို့တွေစကားပြောနေကြပင်မဲ့
သဘာဝသားကိုကြည့်လိုက်တော့
အကုန်လုံးပြောနေတာကြားဟန်မတူ ဖုန်းတစ်လုံးနဲ့
အလုပ်ရှုပ်နေသည်။

"သား"

သူမခေါ်တာလည်း မကြား ဖုန်းကိုကြည့်ပြီး ဘာတွေ့ရှတ်နေလည်းမသိ။

"သား နေတစင်း"

"ဗျာ"

Lay Nge

သူနာမည်ထည့်ခေါ်တော့မှာကြားဟန်တူတဲ့
သားကသူတို့ကို ကြည့်လာသည်။

"သား အဲဒါဘာလုပ်နေတာလည်း ဟမ်
လူကြီးတွေစကားပြောနေတာကို
သားကဖုန်းတစ်လုံးနဲ့
ဘာတွေအလုပ်ရှုပ်နေတာလည်း"

"သား နောက်နှစ်တက်ရမဲ့
သင်ခန်းစာတွေကြိုလေ့လာနေတာပါ ဒီမှာ မေမေ"

သူပြောတာမယုံမှာဆိုးတာကြောင့်
ဖုန်းတောင်မိဘတွေဘက်လှည့်ပြသေးသည်။

"ဖွား မြေးကစာဂျပိုးလုပ်နေတာလားရှင့်"

"မဟုတ်ပါဘူးဖွား သားမြန်မြန်ဘွဲ့ရမှ
ဖေဖေကိုကူညီနိုင်မှာ အခု ဖေဖေတစ်ယောက်ထဲ
companyတွေရော စက်ရုံတွေရော Hotel
တွေရောဦးစီးနေရတာ "

သားအပြောကြောင့်
သူပြုံးမိသွားရသည်။သားကသူ့တုန်းကလိုမဟုတ်
မိဘပေါ်သိတက်သည်။ဒီလိုပြောနေတောင်
သူမှာကြည်နူးနေရတာ မာမီတို့လည်း ဒီလို
လိုချင်ခဲ့ရှာမာ။

ဦးနေမင်း မျက်နာပြုံးယောင်သန်းနေရာကနေ
ရုပ်တည်သွားတဲ့ သားဖြစ်သူကိုကြည့်ကာ....

"ဘာလည်း မင်းနောင်တရနေတာလား"

သူဒယ်ဒီမေးတာကို
ခေါင်းငြိမ့်ပြလိုက်တော့မာမီက...

"ရှင်ကလည်း ကျွန်မသားကဘယ်မှာဆိုးလို့လည်း
မဟုတ်မခံစိတ်ပဲရှိတာ ရန်ဖြစ်တာကလွဲလို့
ကျန်တာအကုန်ကောင်းတယ်"

ဒေါ်လက်ရာ သားဖြစ်သူဘက်ထနာတာကို
ဦးနေမင်းပြုံးစိစိနဲ့...

"ဟုတ်ပါတယ်ကွာ မင်းသားကအလိမ္မာတုံးကြီးပါ
ဟား ဟား"

သူတို့မိသားစုလေးမှာ ပျော်စရာအတိ။မေတ္တာ
နွေးထွေးမှု ကိုယ်ချင်းစာတရားနဲ့
တည်ဆောက်ထားတဲ့ မေတ္တာအိမ်လေး။

~~~~~~~

"ခြယ် အခုဘယ်ကပြန်လာတာလည်း"
~~~~~~~

အိမ်ထဲဝင်လာတယ်ဆို မေမေနဲ့တွေ့တာကြောင့်....

"အပြင်ကပြန်လာတာ ပါမေမေ"

သူမ သမီးပုံစံကို
သဘောမကျ။မိဘကိုသတိရလို့မြန်မာပြည်ပြန်လာတိုင်း
အိမ်ကပ်တယ်ဆိုတာမရှိ။သူ့အဖေကလည်းတစ်ဦးတည်းသောသမီးလေးမို့
အလိုလိုက်ထားတာဒါကြောင့်မနိုင်တာ။

LayNge

"မိဘသတိရတယ် သတိရတယ်နဲ့
မြန်မာပြည်ပြန်လာတာ မိဘနားလဲ ကပ်ပါဦးလား
အံ့ခြယ်မှုန်းရယ် သမီးကို ကြည့်နေတာကြာပြီနော်"

"မေမေကလည်း ခြယ်ကလူငယ်ပဲ
လွတ်လွတ်လပ်လပ်နေချင်တာပေါ့"

သမီးအပြောကို သူမသဘောမကျ...

"နင် နဲ့ နေတစင်း နဲ့
ဘာတွေမှားပြီးဘယ်လိုမွေးလာကြတာလည်း ဟမ်

နေနေများမိဘ တွေစိတ်ပူအောင်နေလား
ရောက်လာကတည်းက
သူမိဘတွေအနားကကိုမခွာတာ သဘာဝတို့များ
သားသမီးကံကောင်းလိုက်တာ"

ခြယ်အိမ်ထဲဝင်လာတယ်ဆို ပွားနေတဲ့
မေမေကြောင့်
စိတ်ညစ်လာရသည်။သူမအပြင်ထွက်တာ
သူငယ်ချင်းတွေနဲ့ သွားတွေ့ယုံလေးတင်ကို
မေမေကိုအကျယ်ချဲနေသည်။

Lay Nge

"နောက်နေ့ကစပြီ 10နာရီက
3နာရီအထိပဲအပြင်ထွက်ခွင့်ရမယ် ကြားလား"

"ဟုတ်ပါပြီ သမီးနေပူထဲကပြန်လာတာနားချင်နေပြီ
အပေါ်တက်ပြီနော်"

လို့ပြောကာ
သူမခွင့်ပြုချက်တောင်မစောင့်အပေါ်ထပ်ကိုတက်
သွားသည်။သူမ သမီးပုံစံကိုကြည့်ကာ
ရတက်မအေးရပါ။သမီးဘယ်လိုလူမျိုးနဲ့တွေ့ပြီး
ဖူးစာဆုံဦးမည်မသိ။

~~~
~~~

Part_6

ကို အလုပ်သွားဖို့ နဲ့ နေလက်ရာကို project
ကိစ္စသွားဆွေးနွေးဖို့ အရေးကြီးတာကြောင့်
အမြန်ပြင်ဆင်ပြီး
အောက်ထပ်ကိုဆင်းလာလိုက်သည်။ကို
ကမာမီရှိစဉ်က အဖြူရောင် နဲ့ အပြာရောကို
သာဝတ်ဆင်ခဲ့ပင်မဲ့ အခုတော့
အနီရောင်ကိုသာဝတ်ဆင်သည်။ Suit
အနီလေးဝတ်ထားပြီး လှိုင်းထနေတဲ့

ဆံပင်လေးတွေကို ဖြန့်ချထားကာ နှုတ်ခမ်းနီ
ရဲရဲဆိုးထားသည်။

"အစောကြီးသွားတော့မလို့လား သမီး"

ဒေါ်မေသန္တာ သူတော်ကောင်းယောင်ဆောင်
လှုံ့ကားကဆင်းလာတဲ့ ကို ကိုမေးလိုက်ပင်မဲ့....

"အရေးကြီး အလုပ်ရှိပါတယ်ဆိုမှ
ကျက်သရေကိုမရှိဘူး"

LayNge

လို့ပြောကာ စလင်ဘတ်လေးကိုလွယ်ကာ
အပူတွေပဲရှိတဲ့အိမ်ကထွက်လာကာ
ကားပါကင်ထိုးထားတဲ့အထဲက
သူမအကြိုက်ဆုံးဆိုတာထက်ချစ်ရတဲ့မာမီ
ဝယ်ပေးထားတဲ့ B&W
ကားအနက်လေးပေါ်တက်ကမောင်းထွက်လာလိုက်
သည်။

သူမဘဝမှာ မာမီရှိခဲ့အချိန်ထိတာ
နိဗ္ဗာန်ဘုံဖြစ်ခဲ့ပင်မဲ့ ဒီ2နှစ်ကတော့
တကယ်ကိုငရဲခန်းထဲရောက်နေသလိုပူလောင်ရပါ
သည်။မာမီကပဲ ဒယ်ဒီ

ဒီလိုလုပ်မယ်ဆိုတာသိလို့လားမသိ သူမမွေးနေ့
မတိုင်ခင် လပိုင်းတွေကတည်းက ရင့်ကျက်ဖို့
ရဲရင့်ဖို့ ဘယ်သူနှိုင်တာမှမခံဖို့ကို အသက်မထွက်ခင်
အချိန်ထိကိုမှာသွားခဲ့သည်။သူမ
တွေးရင်းမျက်ရည်ဝဲလာတာကြောင့်
မျက်တောင်ကိုပုတ်ခတ်ပုတ်ခတ်လုပ်ကာ
ကားကိုအာရုံစိုက်ပြီးမောင်းနေလိုက်သည်။

"သမီး မနေ့ညကပြန်ရောက်တာ 12ခွဲနေပြီနော်"

ရှိုင်းထက်မြတ်

တူမဖြစ်သူညနက်မှပြန်လာတာကြောင့်

မဆူစဖူးဆူရတော့သည်။တူမလေးတစ်ယောက်ထဲ

ရှိလို့ အလိုလိုက်ထားတာကို

ဒီလိုအဆင့်ထိဖြစ်လာတော့သူလက်မခံ။

"အန်ကယ် သမီးအရေးကြီးကိစ္စရှိလို့ပါ

တောင်းပန်ပါတယ်"

LayNge

"အခုမှလူလိမ္မာလေးလုပ်မနေနဲ့
လွှာလေးကိုအန်ကယ်ထိန်းကျောင်းလာတာ
ဘာပုံစံရှိတယ်ဆိုတာသိပြီးသား"

အန်ကယ်ပြောတာမှန်တာမို့
လွှာငြိမ်နေလိုက်သည်။လွှာမိဘတွေမရှိတော့တဲ့
အချိန်ကတည်းက ဘိုးဘိုး နဲ့ အန်ကယ်က
သူမကိုပြုစုပျိုးထောင်ခဲ့တာအခုအရွယ်ထိ။ဘာတ
စ်ခုမှလိုလေသေးမရှိအောင်လည်း ထားခဲ့သည်။

Lounge

"သမီးကို အန်ကယ် အကုန်ခွင့်လွှတ်ပေးပြီးသား
ဒီလိုမိန်းကလေးတစ်ယောက်အနေနဲ့
အိမ်ပြန်နောက်ကျတာတော့လက်မခံဘူးနော်"

"ဟုတ် အန်ကယ် လွှာနောက်မလုပ်တော့ပါဘူးနော်
လို့"

ရှိုင်းထက်မြတ်သူကိုလာခွဲနေတဲ့တူမတော်ကို
ကြာကြာတောင်စိတ်မဆိုးနိုင်
ပြုံးပြလိုက်ရသည်။ဒီကလေး
ကသူ့တူမအရင်းမဟုတ်ပင်မဲ့

သူငယ်ချင်းတွေရဲ့သမီး
မတော်တဆကားမှောက်ပြီးဆုံးသွားတာကြောင့်
ဒီကလေးကို
2နှစ်အရွယ်ကတည်းမွေးစားခဲ့သည်။သူတို့သားအဖ
မှာခင်တွယ်စရာမရှိတာကြောင့်
သူမလေးကပဲသူတို့အိမ်ရဲ့အသဲပွတ်။

ဒေါက် ဒေါက်

"ဝင်ခဲ့ပါ"

Lay Nge

နေဆီကခွင့်ပြုချက်ရသည်နှင့်
ကိုရုံးခန်းထဲကိုဝင်လာကာ
နေနဲ့မျက်နှာချင်းဆိုင်ခုံမှာဝင်ထိုင်လိုက်သည်။

"ကျွန်မ နာမည် လင်းရိပ်ကိုပါ Hotel
ဒီဇိုင်းလာပြတာ"

နေ ပြတ်သားလွန်းတဲ့အသံနေအထားနဲ့
မိန်းကလေးကို ကြည့်ကာ...

"ဒီဇိုင်း File တွေပါလားပြကြည့်ပါ"

ကို သူမဆီမှာပါလာတဲ့ File
တွေကိုသူ့ရှေ့ချပေးလိုက်တော့ နေ File ထဲက
ဒီဇိုင်းတွေကိုတစ်ရွက်ခြင်း
သေချာကြည့်နေလိုပ်သည်။ခဏအကြာတော့ နေ
File တွေကို ပြန်ပိတ်ကာ...

"နေလက်ရာ ဘက်ကနေမနက်ဖြန်
အကြောင်းပြန်မှာပါ ရတယ်မဟုတ်လား"

ကို တစ်ချက်ပြုံးကာ....

"ကျွန်မနားလည်ပါတယ် ဦးနေမင်းလက်ရာ
တို့ဘက်က ဆုံးဖြတ်ရမှာပါ ဒါဆိုကျွန်မကို
ခွင့်ပြုပါဦး ဆက်သွယ်ဖို့က File ရှေ့မှာ
ကဒ်ပါပါတယ်"

နေစကားမပြန်တော့ပဲခေါင်းငြိမ့်ပြလိုက်တော့
သူမလည်း ထိုင်ရာမှထထွက်သွာကာ
သူမကတံခါးအဖွင့် နေတစင်းကဝင်အလာနဲ့
တိုက်မိတော့သည်။နေတစင်း အရပ်နဲ့ သူမက

Lay Nge

ရင်ဘက်လောင်းက်ရှိတာမို့ နဖူး နဲ့
ရင်ဘက်မိတ်ဆက်သွားရသည်။

"အ့"

"ဟာ sorry ပါဗျ"

သူမ ဝင်တိုက်ပြီးမှ sorry လုပ်နေတဲ့
လူကိုမော့ကြည့်လိုက်တော့...

Lay Nge

"ရှင် ရှင်"

"တလွဲစိန်"

"ဘာ!!!"

သူဆီက *တလွဲစိန်*လို့ခေါ်လိုက်တာကြောင့်
သူမဒေါသထွက်ကာ သူကို...

"ရှင် အယုတ်တမာကောင်"

Lay Nge

နေ သူ့ရုံးခန်းအဝမှာဖြစ်ပျက်နေကြတဲ့ မိန်းကလေး နဲ့ သားကိုကြည့်နေလိုက်သည်။

"ဖယ်ပေး ကျွန်မသွားမလို့"

"အကျယ်ကြီးပဲ ရှောင်သွားပေါ့"

လို့ဆိုတော့ သူမက ရှောင်ထွက်ဖို့လုပ်တဲ့ဘက် သူကလိုက်ပိတ်နေတာကြောင့် သူမမျက်နာရဲတက်လာကာ...

Lay Nge

"နင့်အဖေ Company မို့လို့
နင်လိုက်ကာနေတာလား"

သူမကဒီအတိုင်း ရွဲ့ပြောလိုက်ပင်မဲ့..

"အင်း ငါ့အဖေ company"

"တောက်စ်"

Lay Nge

တောက်စ့်

ခေါက်ကသူ့ကိုယ်ကြီးကိုဆောင့်တွန်းကထွက်သွား
တော့ သူရုံးခန်းအဝမှာ ထမင်းချိုင့်ဆွဲခြင်းဆွဲလျက်
ဟားတိုက်နေတာကို အနောက်က သဘာဝက
သားကျောပြင်ကို ရိုက်ချလိုက်တော့သည်။

ဟိုမိန်းကလေးဒေါသထွက်သွားတာလည်းမပြောနဲ့
သူကမျက်ခွက်ပြောင်နေတာကို ဒီအကျင့်က
သူ့အဖေရဲ့သူမမသိတဲ့အကျင့်တစ်ခုလားမသိ။

"အား နာတယ်နော် မေမေ"

"နာအောင်ရိုက်တာပဲလေ
ဘာလို့သူများကိုမျက်နာပြောင်နေရတာလည်း
ဟမ်"

သူမေမေကိုမချိုမချဉ်ပြုံးပြကာရုံးခန်းထဲဝင်လာလို
က်သည်။မေမေကလည်းသူ့အနောက်ကနေ
ရုံးခန်းတံခါးပြန်ပိတ်ကာ ဝင်လာတော့
ဖေဖေကထိုင်ရာကထကာ
ဆိုဖာမှာထိုင်သည်။သူ့တို့သားအမိက ဖေဖေ
ရဲ့တစ်ဖက်ဆီမှာထိုင်လိုက်သည်။

"သား မင်းဘယ်ကအကျင့်တွေတက်နေတာလည်း
သူများသားသမီးကို ဘာလို့လိုက်စနေတာလည်း"

မေမေအပြောကို
သူလည်းပြုံးပြယုံမှာတစ်ပါး။သူကိုယ်တိုင်လည်း
သူမနဲ့တွေ့ရက်ဘာဖြစ်နေလည်းမသိ။သဘာဝမျက်
နာချို့သွေးနေတဲ့သားထက်
အလယ်မှာမျက်နာတည်ကထိုင်နေတဲ့
မောင့်ဘက်လှည့်ကာ...

Lay Nge

"အဲ့အကျင့်တွေ မောင်မှာရှိတယ်လား"

"ဘယ်လို"

မကဆိုင်းမဆင့်ဘုံမဆင် ထပြောတာကြောင့်
နေဘာဖြေရမှန်းမသိကြောင်သွားရသည့်သူအဖြစ်။

"မောင်မှာအဲလို
မျက်ခွက်ပြောင်တဲ့အကျင့်ရှိတယ်လား"

"သား ပြောင်တာမောင် နဲ့ ဘာဆိုင်လို့လည်း"

"ဘာဆိုင်လဲဆို
သားအကျင့်တွေကမောင်နဲ့အကုန်တူတာလေ"

သူသားဘာသာသူသား မျက်ခွက်ပြောင်နေတာကို
သူဘက်လှည့်လာတဲ့ မကို....

"ဒါဆို ရန်ဖြစ်တာရောဘာလို့မတူတာလည်း မရဲ့"

Lay Nge

သူမ မောင်ပြောနေတာအမှန်မို့ပြုံးယုံလေးပြုံးကာ
ထမင်းချိုင့်ကိုဖွင့်ကာ ဟင်းခွက်တွေချပြီး
အိမ်ကယူလာတဲ့ ပန်းကန်းထဲကို ထမင်းထည့်က
မောင်ရှေ့တစ်ပန်းကန်ချပေးလိုက်ကာ
သားရှေ့လည်းချပေးရင်း
သူမအတွက်ပြင်လိုက်သည်။

"မောင် ဒါမောင့်အကြိုက် ကြက်ကလိစာ ဒါက
ငါးသလောက်ဥကြက်သွန်နဲ့ကျော်လာတယ် ဒါက
ချဉ်ပေါင်ဟင်း အရည်ပါမှစားကောင်းတာမောင့်ရဲ့"

ဟုဆိုကာ နေပန်းကန်းထဲကို
ဟင်းတွေခပ်ထည့်ပေးနေတဲ့ မကြောင့်သူမှာ
ပီတိတွေဝေဖြာနေရသည်။

"အာ့ မောင့်မိန်းမလေးက
ချစ်စရာကောင်းလိုက်တာကွာ မွှ"

သူ မရဲ့နှုးလေးကို
ဖိကပ်နမ်းလိုက်တော့သည်။သူနမ်းလိုက်တော့
မကပြုံးကာ သူမ
ပန်းကန်ထဲဟင်းထည့်ကာစားနေသည်။နေတစင်း

Lay Nge

ကတော့ အဖြစ်သည်းနေကြတဲ့ ဖေဖေ တို့နှစ်ယောက်ကိုဆူပုတ်ကာ...

"မေမေ ကသူ့ယောကျ်ားကြ ဂရုစိုက်လိုက်တာ သားကြတော့"

"အော် သားရယ် မတူဘူးလေနော် မောင်"

"ဒါပေါ့"

Lay Nge

"ဘာမတူတာလည်း မေမေ "

သူမ သားရဲ့မကျေမနပ်သံလေးကို သဘောကျပြီး ပြုံးကာ....

"မောင်က
မေမေအနားမှာတစ်သက်လုံးအတူရှိပေးသွားမဲ့သူမို့ လေ သားသမီးတွေက အတောင်စုံရင်ပုံကြမှာ ဓမ္မတာပဲလေ ဒါကြောင့် မေမေ က မေမေအနားမှာ အေးတူပူမျှခံစားပေးတဲ့ သားဖေဖေကို ဂရုစိုက်ရတာပေါ့ မေမေအနားမှာ သူရှိခဲ့လို့သာ

မေမေ သားနဲ့အတူ
ဒီလိုအေးချမ်းတဲ့ဘဝလေးနေရတာ သားရဲ့"

ပြောရင်းနဲ့ မျက်ရည်ဝဲလာတာကို
နေမြင်တာကြောင့်...

"မ ကလည်းကွာ သားကစနေတာကို"

"သိပါတယ် အရင်ကိစ္စတွေသတိရလာလို့ပါမောင်"

Lay Nge

"ဟောဗျာ ဒါဆိုမောင်ပိုပြီးကြင်နာပေးမယ်
အရင်ကိစ္စတွေမမေ့နိုင်သေးဘူးဆိုတော့ မောင်
လိုအပ်ချက်ရှိသေးတယ်ထင်တယ်
မောင်ပိုဂရုစိုက်မယ်နော်"

လို့ဆိုကာ မ
ကိုရင်ခွင်ထဲဆွဲထည့်ထားလိုက်သည်။နေတစင်းက
တော့ ဖက်ထားတဲ့ ဖေဖေ နဲ့ မေမေကိုကြည့်ကာ
သူလည်း ဖေဖေ နဲ့ မေမေ နှစ်ယောက်လုံးကို
ပူးဖက်လိုက်ပြီး....

Lay Nge

"သားတို့ မိသားစုအမြဲဒီလိုပဲနေကြမယ်နော်"

မိသားစု 3ယောက်လုံးရဲ့
မျက်နာမှာအပြုံးပန်းတွေဝေနေတဲ့ မြင်ကွင်းကို File
ထဲ စာရွက်တစ်ခုကျန်ခဲ့တာကြောင့် ပြန်လာယူတဲ့
ကို မြင်သွားကာ
မနှောက်ယှက်တော့ပဲပြန်လှည့်ထွက်လာလိုက်သ
ည်။သူမ လိုချင်တာ အဲ့လိုနွေးထွေးမှုရှိတဲ့
မိသားစုလေး။နေလက်ရာ မိသားစုက တကယ်ကို
အရာရာပြည့်စုံပါသည်။

"ဒါဆို နင့်အမေရဲ့လင်ပါသမီးက
အနိုင်ကျင့်တာခံနေရတယ်ရပေါ့ ဟုတ်လား မေ"

ခြယ် သူငယ်ချင်းဖြစ်သူ မေရဲ့စကားကို
သံယောင်လိုက်ကာမေးလိုက်တော့
မေကခေါင်းငြိမ့်ပြသည်။

"သူ့အဖေက ငါ့ကို project ပေးလို့တဲ့ company
ကိုလာသောင်းကြမ်းသေးတယ်"

LayNge

မေ တစ်ယောက်

ခြယ်ကိုသူတို့မကောင်းကြံတာတွေကိုတော့ချန်ထား

ပြီး ကို ရဲ့မကောင်းတာတွေကို

ရွေးပြောတာကြောင့် ယုံတဲ့ ခြယ်ကလည်း...

"နင်ကလက်မပါဘူးလား သူတစ်ချက်ဆို

ကိုယ်ကဆယ်ချက်လောက်ပြန်ချရမှာဟ"

"ငါတို့က သူအိမ်မှာနေတာလေ "

"ဘာဖြစ်ဖြစ်ဟာ နင်လိုတာပြော
ငါပါဝိုင်းလုပ်ပေးရမလား အဲ့ကောင်မ
မှတ်လောက်သားလောက်အောင် လုပ်သင့်တယ်"

မေတစ်ယောက် ရိုးသားတဲ့
မျက်နှာအသွင်ဆောင်ကာ...

"ငါ ဘာလုပ်ရမလည်း ဟင်"

"သူရဲ့အားနည်းချက်ကဘာလည်း နင်သိလား"

LayNge

"ဟင်အင်း "

ခြယ် တစ်ခုခုကိုစဉ်းစားလိုက်ပြီး....

"နင် သူ့အားနည်းချက်ကိုရအောင်ရှာ
ပြီးရင်နင့်ကိုငါဘာလုပ်ရမလည်းဆိုတာကို
ပြောပြမယ်"

သူမ ခြယ်ပြောတာကို ခေါင်းငြိမ့်ပြလိုက်ပြီး ကို ရဲ့
အားနည်းချက်ကိုရှာဖို့ဆုံးဖြတ်လိုက်သည်။ဒီလော
က် အကြောတင်းတဲ့ မိန်းမကို

ဒုက္ခလှလှလေးပေးမှမှတ်မှာ။သူမတို့ နှစ်ယောက်
အအေးသောက်ရင်း
ကိုယ်စီအတွေးတွေနဲ့ငြိမ်ကြသွားသည်။

~~~~~~~~~~~

"ဒါလေး သားပိုသဘောကျတယ်
လက်ရာလည်းမြောက်တယ် Decoration
လည်းတကယ်မိုက်တယ် Hotel
အတွက်အဆင်ပြေတယ်"

Lay Nge
~~~~~~~~~~~

ဆုံလည်ခုံပေါ်ထိုင်နေတဲ့
မောင့်ဘေးမှာမက်တပ်ရပ်က သားအဖနှစ်ယောက်
အလုပ်အကြောင်းပြောနေတာကို
သူမဆိုဖာပေါ်ကနေထိုင်ကြည့်နေလိုက်သည်။

နေ လည်းသားပြောတဲ့ Luxury Design ဖြစ်ပြီး
သဘာဝအနေအထားလေးတွေပါတဲ့ Design ကို
သဘောကျသည်။သားက
ဆောက်လုပ်ရေးနဲ့ပက်သက်တဲ့
ကျောင်းတက်နေတာမို့ သူထက်သားက
ပိုနားလည်သည်။သူလည်း သားပြောတာကို
ခေါင်းငြိမ့်ကာ....

"ဒါဆို ဒီ Designပဲ ဖေဖေ ရွေးလိုက်တော့မယ်"

"ဟုတ်ကဲ့ ဖေဖေ ဒါ ဟို တလွဲစိန် Design လား"

"ဘယ်သူလဲ"

"အော် သားနဲ့ နေ့လည်လောက်က
ရုံးခန်းဝမှာတိုက်မိတဲ့တစ်ယောက်လေ"

Lay Nge

သားရှင်းပြတော့ သူခေါင်းငြိမ့်ပြလာကာ...

"အင်း "

"သား ဒီ Project စလုပ်တာနဲ့ သားသွားပေးမယ် ဖေဖေ company တွေ စက်ရုံတွေ hotel တွေနဲ့ ဖေဖေလည်း အားမှာမဟုတ်ဘူး"

"အင်း အဆင်ပြေတယ် ဖေဖေလည်းအားမှာမဟုတ်တဲ့အတွက် တစ်ခြားသူထက်သားဆိုတော့ပိုကောင်းတာပေါ့

လိုအပ်တာတွေညွှန်ကြားပေးလိုက် ဝန်ထမ်းတွေကို
သားလာမယ်ဆိုတာ ဖေဖေ ပြောထားလိုက်မယ်"

သူအခဲ့ကိုသွားချင်တာက ဖေဖေကို ကူညီတာအပြင်
သူ့ရဲ့တလွဲစိန်လေးကို စချင်သေးတာကြောင့်
ဖြစ်သည်။သူ မိန်းကလေးတွေနဲ့ကင်းရှင်းခဲ့သမျှ
ဒီမိန်းကလေးနဲ့မှ မစပဲနဲ့တောင်မနေနိုင်။

နေလည်း အလုပ် File တွေကိုပိတ်ကာ
နာရီကြည့်လိုက်တော့ ညနေစောင်းနေပြီမို့...

"ပြန်ကြမယ် ညနေစောင်းပြီ"

သူလည်း ဖေဖေပြောတော့မှ
အန်တီလေးကိုသွားကြိုရမှာသတိရသည်။

"ဖေဖေ "

"အင်း"

Lay Nge

"ဖေဖေ မေမေကိုခေါ် ပြီး အရင်ပြန်လိုက်နော်
သား အန်တီလေးကို ကျောင်းသွားကြိုရမှာမို့လို့"

လို့ပြော နေရုံးခန်းထဲကနေထွက်သွားတော့
မကသူ့အနားလျှောက်လာကာ...

"မောင့်သား ဘယ်သွားတာလဲ"

"သူ့အန်တီလေးကို သွားကြိုတာ မိန်းမရဲ့"

Lay Nge

"အင်း ဒါဆို သဘာဝတို့ပြန်ကြမယ်လေ"

ပြန်ဖို့သူ့အနားကနေလှည့်ထွက်သွားတဲ့
သဘာဝလက်ကို လှမ်းဆွဲကာ
ရင်ခွင်ထဲဆွဲသွင်းလိုက်ပြီး....

"မောင်တို့ Date ကြမလား"

သူမ မောင့်ကိုရင်ခွင်ထဲကနေမော့ကြည့်တော့
မောင်က
သူမမျက်နားလေးကိုစိုက်ကြည့်နေတာကြောင့်....

"ကိုယ့်အသက်အရွယ်ကို အားနာဦး သဘာဝတို့က 20ကျော်တွေမဟုတ်တော့ဘူး over 40တွေဖြစ်နေကြပြီ"

မ စကားကြောင့် သူမျက်နာကြီးမဲ့ကျသွားကာ...

"Over 40 ဘယ်လောက်သန်လည်း မ သိပါတယ်"

သူမပြောတာကတစ်ခြား
မောင်ပြောတာကတစ်ခြားမို့

LayNge

မျက်နာလေးရဲတက်သွားရသည်။ဒီမောင်တစ်ယောက်နဲ့တော့ပြောလည်း နိုင်မှာမဟုတ်တာသိလို့ သူရင်ခွင်ထဲသာခေါင်းလေးမှီထားလိုက်သည်။

"Date မယ်လို့ မ မောင်ပြောနေတယ်လေ"

သူပြောတာကို ရင်ခွင်ထဲမှာငြိမ်နေတဲ့မကြောင့် အသဲယားသွားကာ..

"ဟွန်း စကားနားမထောင်တဲ့ မ အပြစ်ပေးမယ်လာခဲ့"

Lay Nge

"အမေ့ မောင်"

သူမကို ဆွေးကနဲ့ကောက်ပွေ့လိုက်တဲ့
မောင်ကြောင့်လန့်သွားရကာ မောင့်ရဲ့
ကော်လံစတွေကို စုတ်ကိုင်ထားလိုက်သည်။

သူကတော့ သူမကိုပွေ့ကာ ဆိုဖာနားခေါ်သွားပြီး
ဆိုဖာပေါ်ချကာ သူက အပေါ်ကအုပ်မိုးလျက်...

LayNge

"Date မှာကိုငြင်းတယ်ပေါ့ အပြစ်ပေးမယ်
မေးခွန်းတစ်ခုမေးပြီး တစ်ခါနမ်းမယ်"

မောင်ပြောတဲ့စကားကြောင့် သူမ
အိမ်တောင်ပြန်ရပါ့မလား။သူမကိုကမှားတာ ဟိုက
Date မယ်ပြောတာကို
အေးဆေးနားထောင်လိုက်ရင်ကောင်းသား။

"မောင် Date မယ်လို့ Date မယ်"

LayNge

"No နောက်ကျသွားပြီး
မောင်ကတစ်ခွန်းဆိုတစ်ခွန်းပဲနော်...ဒီနေ့ဘာနေ့လ
ည်း"

"ဟင်"

မောင်က မေးခွန်းစမေးကတည်းက
ဘာနေ့လည်းစမေးတာကြောင့် ရီချင်သွားရပင်မဲ့
အဖြမှားရင် နမ်းခံရမှာမို့ သေချာစဉ်းစားရသည်။

"Sunday"

"တစ်ခါမှားသွားပြီး ဒါပင်မဲ့မနမ်းသေးဘူး အကုန်လုံးပေါင်းနမ်းမှာ"

"မောင် နော်"

"မောင်မနော်နဲ့ ကိုယ့်ယောကျ်ားက Date မယ်ပြောတာငြင်းတာလေ မ ကိုမမေးတော့ဘူးဘူး အဖြေတွေပဲတန်းစီပြောပြီး တန်းဆီနမ်းမယ် "

Lay Nge

မောင်အကြောင်းသိပြီးသားဖို့
မျက်စောင်းသာထိုးလိုက်တော့သည်။

"ဒီနေ့က မောင်တို့ Anniversary day
ချစ်သူသက်တမ်းပါရင် 21 နှစ်ပြည့်
လက်ထပ်ပြီးမှဆိုရင် 17နှစ် Anniversary နော်
မောင်တို့ချစ်သက်တမ်းက
သားတစ်သက်တောင်ကျော်ပြီ"

သူမ
အခုမှသေချာစဉ်းစားမိသည်။ဒီနေ့ကတကယ်ပဲ

မောင်ပြောတဲ့အတိုင်း Anniversary
နေ့ပင်။မောင်က သူမနဲ့ပက်သက်ရင်
အစစအရာရာဂရုစိုက်သည်။မောင်နဲ့ ဝေးပြီး
ပြန်တွေ့ကတည်းပ
မျက်စိအောက်ကနေအပျောက်မခံ သူမ
နဲ့သားအပေါ်တာဝန်ကျခဲ့သည့်မောင်။သူမက
အသက်ပိုကြီးတဲ့သူဆိုပင်မဲ့
မောင်ကသာသူမဆိုးသမျှကိုသည်းခံ
အလျော့ပေးခဲ့တာကြီးပင်။

"အွန်"

သူမ အတွေးလွန်နေတုန်း မောင်က
နမ်းလာတာကြောင့် ရုန်းတော့ လွတ်မပေးတဲ့အပြင်
ဘယ်ကတက်လာတဲ့ အတက်လည်းတော့မသိ
လျှာကိုပါ ပါးစပ်ထဲထိုးသွင်းနေတာကြောင့်
ကိုက်ချပလိုက်သည်။

"နာတယ်နော် မနော် သူ့အသားမဟုတ်တိုင်း"

"မောင်ကဘာလို့.."

"ပြော"

"အဲ့အတက်တွေဘယ်ကတတ်လာတာလည်း ဟမ်"

"မိန်းမကိုချစ်တဲ့ အချစ်တွေကနေပေါ့ "

"ပိုပြီ"

သူမစကားကြောင့် သူပြုံးလိုက်ပြီး
သူမအပေါ်အုတ်မိုးထားရာကနေထိုင်လိုက်ပြီး

Lay Nge

သူမကိုလည်း ထိုင်စေလျက်ကာ
သူအင်္ကျီအိတ်ကပ်ထဲကို နှိုက်လိုက်ကာ...

"Happy anniversary Ma"

လို့ဆိုကာ သူမရှေ့ကိုချပေးလာတဲ့
ဆွဲကြိုးလေး။ဆွဲကြိုးလေးမှာ
နေလုံးပုံစံအဝိုင်းထဲမှာ အနီရောက်
ကျောက်ကလေး။

LayNge

"နေဆိုတာက မောင့်ကိုကိုယ်စားပြုတာ
အနီရောင်ဆိုတာက အချစ်ရဲ့သင်္ကေတ
အဲ့ဆွဲကြိုးထဲက ပစ္စည်းတန်ဖိုးက မောင့်နှလုံးသား
အဲ့တာရဲ့ပိုင်ရှင်က မ"

{အသက်သာကြီးလာတာ
တော်ကီတွေလျှမ်းလျှမ်းတောက်😄}

သူ မရဲ့ထုံးထားတဲ့
ဆံပင်တွေကိုဖြည်ချလိုက်တော့...

LayNge

"မောင် "

သူမပြောတာကိုပြုံးပြကာက
သူမလည်တိုင်လေးမှာ ဆွဲကြိုးလေးကို
ဝတ်ပေးလိုက်ပြီး
လည်တိုင်လေးနားကခွာကာနီးတောင်
လည်တိုင်လေးကို ဖိကိုက်သွားသေးသည်။

"မောင် အ့"

LayNge

သူမ ပုံစံလေးက မြန်မာဝတ်စုံလေးနဲ့ ဆံပင်လေးကို ဖြန့်ချထားပြီး လည်တိုင်က ဆွဲကြိုးလေးနဲ့ လှချင်တိုင်လှနေတော့သည်။သူမကို over 40လို့ပြောရင်ယုံမှာတဲ့လား။

"လှလိုက်တာ မောင့်မိန်းမရာ မရတော့ဘူးမောင်စိတ်မထိန်းနိုင်တော့ဘူး ခွင့်ပြုနော်"

"ဟင်အင်း အွန့်"

Lay Nge

သူမ တားချိန်တောင်မရလိုက် မောင်လူဆိုးက
နှုတ်ခမ်းလေးကို
သူနှုတ်ခမ်းနှစ်လွှာကြားငုံးထွေးလိုက်တာကြောင့်သူ
မ မရုန်းတော့ပဲ မောင်လည်တင်ကို
လက်နှစ်ဖက်နဲ့ချိတ်ကာ ငြိမ်နေလိုက်တော့သည်။

ထိုအချိန်မှာပဲ ရုံးခန်းတံခါးပွင့်လာပြီး...

"ဟင်!!"

~~~~~~~~
~~~~~~~~

Season 2 က Happy Ending ဖြစ်နိုင်သလို Sad Ending လည်းဖြစ်နိုင်တာမို့
စောင့်ကြည့်ပေးပါဦး🤭

မောင် နဲ့ မ ကတော့ Happy Anniversary လုပ်နိုင်ပင်မဲ့
ဟိုအတွဲကတော့တွေ့တာနဲ့သက်နေကြလေရဲ့🤪

Lay Nge

ဒီအပိုင်းမှာတော့

လွှာလေးမထည့်ထားတာမို့စိတ်ချမ်းသာမယ်ထင်ပါ

တယ် 🤍 🤍

Share ပေးဦးနော် Share ပိတ်ခံထိထားလို့🥹

မီးဖျက်လိုက်တာ စိတ်မဆိုးကြေး🙃

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

Part_7

"ဟင်!!"

သူမတို့ ရုံးခန်းတံခါးဖွင့်ပြီး
ဝင်လာတဲ့လူရှိတာကြောင့် နမ်းနေတာရပ်လိုက်ပြီး
ကြည့်လိုက်တော့...

"လူကြီး ရုံးခန်းတောင်မရှောင်ပါလား ဒါဆို
လွှာလည်း ကြိုးစားရမဲ့နည်းသိသွားပြီ"

LayNge

နေ မနားထိုင်နေရာကထလာပြီး
ထိုမိန်းမရှေ့ရုပ်ကာ...

"မင်းစည်းကမ်းဆိုတာ ဘာလဲနားမလည်ဘူးလား
ဒါရုံးခန်း မင်းလုပ်စားနေတဲ့ နေရာမဟုတ်ဘူး!!"

နေစကားတွေက ရိုင်းတယ်ဆိုထက်
နှူးညံ့မူတစ်စက်ကလေးမှမပါ။သူယောကျ်ားလေး
တွေလိုက်ကပ်တဲ့

LayNge

မိန်းမတွေကိုမကြိုက်။ပိုင်ရှင်ရှိတာသိသားနဲ့
ကြောင်တောင်နှိုက်ချင်တဲ့ မိန်းမတွေဆိုပိုဆိုး။

မောင်စကားက တစ်ဖက်မိန်းကလေးကို
ဟိုအောက်ဆုံးအဆင့်ထိဆွဲချလိုက်တာမို့
သူထက်ပိုမလာခင် သူမထိုင်နေရာမှထလိုက်ပြီး
မောင့်ဘေးယှဉ်ရပ်ကာ....

"နောက်ယှက်တယ်ဆိုတာတော်ယုံပဲကောင်းတယ်
လို့ထင်တယ်"

လွှာ လူကြီးမိန်းမကို ဆရာကြီးလုပ်လွန်းလို့
တစ်စက်မှကြည့်မရ။နဂိုကတည်းက
ကိုယ့်ကိုနည်းနည်းလေကျောတာတောင်ကိုက
ပိုလုပ်ပြစ်တာ အခုလည်းမခံပါဘူး။

"ရှင် နေရာတကာမပါနဲ့"

"အေး အဲစောက်စကားက
ငါ့မိန်းမကမင်းကိုပြောရမှာ"

LayNge

လွှာကတော့ လူကြီးဘာပြောပြောသဘောကျတာမို့
အပြုံးမပျက်ပေ။သိပ်ချစ်မိတော့လည်း ဘာမဆို
အပြစ်မမြင်တက်တော့တာထင်ပါရဲ့ လူကြီးရယ်။

"လွှာ ချစ်တာလူကြီးဖြစ်တဲ့အတွက်
လူကြီးပြောတာပဲခံနိုင်မယ်
ဘေးလူတွေပြောတာမခံနိုင်ဘူး"

"အေး မခံနိုင်ရင်ငါနဲ့လာမပက်သက်နဲ့
ငါနဲ့ပက်သက်ဖို့ကြိုးစားတိုင်း ငါ့မိန်းမနဲ့တွေ့ရမှာပဲ
အပြောမခံနိုင်ရင်မပက်သက်နဲ့ ငါလိုကောင်က

မင်းလိုမိန်းမပျက် အော် အဲထက်သာမယ်ထင်တယ်
စိတ်ကိုမဝင်စားတာ ရှင်းလား!!!"

"မောင် တော်ပါတော့နော် သူကမိန်းကလေးနော်"

သူမရှေ့မှာ လူကြီးလက်မောင်းကို ကိုင်ကာ
စိတ်လျော့ဖို့ပြောနေတဲ့ မိန်းမကိုကြည့်ကာ
ဒေါသထွက်လာပြီး
လူကြီးလက်မောင်းကိုကိုင်ထားတဲ့လက်ကိုဆွဲဖြုတ်
လိုက်သည်။

"ဟင် "

သဘာဝက သူမအရှေ့ကမိန်းကလေးရဲ့လုပ်ရပ်ကို
နားမလည်နိုင်စွာကြောင်ကြည့်နေမိပင်မဲ့
နေကတော့...

"မင်း !!! တော်တော်လင်တရူးပါလား
အဲလောက်ရွနေရင် xာတန်းသွားပါလားဟမ်
ငါ့မိန်းမလက်ကိုဆွဲဖြုတ်ရအောင်
မင်းကဘာကောင်မမို့လည်း"

နေကတော့ သူမိန်းမကိုထိရင်
သူ့ဘာသာမိန်းကလေးမကလို့ အခြောက်ဖြစ်ဖြစ်
ဘာပဲဖြစ်ဖြစ်
ပြန်လုပ်လိုက်ရမှာကြေနပ်သည်။အခုလည်း
သူများလင်မှန်းသိရဲ့သားနဲ့ ကြောင်တောင်ကို
ပေါ်တင်ကြီးနှိုက်နေတာသည်းခံရမှာလား။

လူကြီးရဲ့ပုံစံက ကြောက်စရာအတိ ဒါပင်မဲ့
ကိုယ်ကချစ်ရတဲ့သူဆိုတော့ ဒီလောက်ကတော့
သည်းခံရမှာပေါ့။ဒီလူကြီးကို စမြင်ကတည်းက
သူမ နှလုံးသားရဲ့အချစ်ဦးဆိုတဲ့ရာထူးက
ရပြီးသား။

"လူကြီး ဒီမိန်းမကလွှာထက်ဘယ်နေရာ
သာလို့လည်း"

"ဘယ်နေရာသာလည်း ဟုတ်လား
သိချင်နေမှတော့ပြောပြရသေးတာပေါ့
ငါဆိုတဲ့ကောင်က သူများထိပြီးသားကို
စိတ်မဝင်စားဘူး "

"အဲဒါနဲ့ ဘာဆိုင်လို့လည်း လူကြီး"

Layige

"ငါပြောတာဆုံးအောင်နားထောင်...ငါ့မိန်းမရဲ့
စိတ်ရော
ခန္ဓာကိုယ်ရောကငါ့တစ်ယောက်ထဲအတွက်ပဲ
မင်းလိုမျိုးလိုက်ကပ်မနေဘူးကွသိလား
အခုလိုမျိုးဘာမှမဆိုင်သေးခင်မပြောနဲ့
အခုလက်ထပ်ပြီး သားတစ်ယောက်ရတာတောင်
ကပ်ချင်ရင် ငါကသာလိုက်ကပ်ရတာကွ
အဲ့မှာမင်းနဲ့ကွာတဲ့ တန်ဖိုး"

"အဲဒါဆို လူကြီး...."

လွှာပြောမလို့ရှိသေး လူကြီးက
လက်ကာပြတာကြောင့်ရပ်သွားရကာ...

"ကုန်ကုန်ပြောရရင်ကွာ
ငါ့မိန်းမနဲ့အတူနေဖို့ပြောရင်တောင်
ငါဘက်ကအတင်းယူမှာရတာ..ဒါကြောင့်ငါတန်ဖိုး
ထားတယ်..မင်းလိုမိန်းမမျိုးဆို
ခေါ်စရာမလိုတော့အောင် ကုတင်ပေါ်ပတ်လက်....."

"မောင်တော်ပါတော့ သဘာဝတောင်းပန်ပါတယ်
မင်းလည်းတော်တော့

သည်းခံတယ်ဆိုတာအတိုင်းအတာရှိတယ်
အေးမင်းပြောသလိုပဲ ငါကတရားဝင်မိန်းမမို့
အကြောတင်းတယ် ဘာဖြစ်လဲ"

"ရှင်"

လွှာက သဘာဝကိုလက်ညှိုးထိုးတယ်ဆို
နေကအရှေ့ကဝင်ခံပြီး..

"လက်ညှိုးထိုးတာပြင်မလား ငါရိုက်ချိုးပစ်ရမလား
ဟမ် မင်းလိုအဆင့်ကများ တောက်စ့်"

နေ
ပြောရင်ဒီထက်ရိုင်းစိုင်းတာတွေထွက်လာတော့မှာ
သိတာကြောင့် အလုပ်စားပွဲကိုသွားကာ
ကြိုးဖုန်းကိုယူကာ..

"မ Hello နဲ့
မင်းတို့ကိုငါအလုပ်ခန့်ထားတာထိုင်နေဖို့လား ဟမ်
ငါ့ရုံးခန်းထဲလူဝင်လာတာတောင်မသိတာ
တော်တော်ပေါ့ရော့ကြပါလား တောက်စ့်

Lay Nge

အကုန်အလုပ်ပြုတ်ပြင်ထား ဂျာကြီးကို
လွှတ်လိုက်!!"

ဟိုဘက်ကပြောတာကိုလက်မခံ သူဘက်ကကြီးပဲ
ဟောက်ကဖုန်းကိုချလိုက်သည်။သူဖုန်းချပြီး မကြာ
ဂျာကြီးအလောတကြီးဝင်လာသည်။

"CEO"

"ကျုပ်ရုံးခန်းထဲ လူဝင်လာတာမသိရအောင်
ပေါ့ကြပါလား

ဘာလည်းကျူပ်ကပိုက်ဆံကိုအလကားပေးထားတ
ယ် ထင်နေကြတာလား!!! ဟမ် company
ကလူတွေအရမ်းပေါ့ဆကြတယ် ကျစ်
နဂိုကတည်းက ကျူပ်စိတ်က
လက်တစ်စစ်လောက်ပဲရှိတာ ဘာလည်း
ဘာမှမပြောလို့
ကျူပ်ကိုမလေးစားကြတော့တာလား ဟမ်"

"CEO သူမက အတင်း...."

သူမျက်နာက
ခဏကမိန်းမနဲ့ကြည်နူးနေတုန်းကပုံတစ်စက်မှမရှိ
တော့ ခက်ထန်နေတာ ပေါက်ကွဲခါနီး
ချိန်ကိုက်ဗုံးလိုပင်။သူကိုစကားပြန်တဲ့
မန်နေဂျာတောင်
သူ့မျက်နာထားကိုကြည့်ပြီးဆက်မပြောရဲတော့ပေ။

"အခုချက်ခြင်း အစည်းအဝေးခေါ်!!!
ငါ့ရုံးခန်းအကုန်လာခိုင်းလိုက်"

"ဟုတ်ကဲ့ CEO "

သူဒေါသက Company
တစ်ခုလုံးအပေါ်ပါရောက်သွားရသည်။ဂျာကြီးအပြင်ထွက်သွားတယ်ဆို ဘာမပြောညာမပြောနဲ့
လွှာလက်ကိုစောင့်ဆွဲက ရုံးခန်းအပြင်ကို
စောင့်တွန်းကထုတ်လိုက်ပြီး
တံခါးပြန်ပိတ်လိုက်သည်။

သဘာဝ မောင်ကသူမရှေ့မှာဆိုအမြဲနူးညံ့ပြခဲ့တော့
အခုလို
ဒေါသကြီးနေတဲ့ပုံစံကအထူးအဆန်းဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်ရတဲ့သူပဲမို့
ခါးကြီးထောက်ကာ မျက်မှောင်ကုတ်နေတဲ့
မောင်ရဲ့အနားသွားကာ ကျောပြင်ကို ပုတ်ပေးတော့
သက်ပြင်းချသံသဲ့သဲ့လေးကြားရတာကြောင့်
မောင့်ခါးကိုဖက်ထားလိုက်သည်။

သူလည်း သူကိုလာဖက်ထားတဲ့ မကြောင့်
ဒေါသတွေကို
လျော့နိုင်သမျှလျော့အောင်သက်ပြင်းတွေသာချနေ
လိုက်သည်။

~~~~~~~~~

ဒီမနက်တော့ ကို အတွက်ကတကယ်ကို
ကျက်သရေရှိတဲ့နေ။ဒယ်ဒီတို့ company
ကအရမ်းမျှော်လင့်ထားတဲ့ နေလက်ရာ project ကို
ရသွားတာကြောင့်
ဖြစ်သည်။အခုလေ့ကားကနေအောက်ထပ်ဆင်းလာ
တာတောင် အနီရဲရဲနူတ်ခမ်းနှစ်လွှာက
ခက်တွန့်တွန့်ပြုံးနေသည်။သူမလေ့ကားခြေရင်းက
ပန်းအိုးက နှင်းဆီအနီတစ်ပွင့်ကို ယူကာ
ထမင်းစားခန်းထဲဝင်လာလိုက်သည်။
~~~~~~~~~

ဆွေးရိပ် ထမင်းစားပွဲဝင်လာထိုင်တဲ့
သမီးဖြစ်သူရဲ့မျက်နားထားက
ပြုံးယောင်သမ်းနေတာကြောင့် တစ်ခုခု
လုပ်ထားပြီဆိုတာကြည်ယုံနဲ့သိသည်။

ကိုထမင်းဝိုင်း ဝင်ထိုင်တယ်ဆို ဒယ်ဒီဖုန်း နဲ့ သူမ
စလ်းဘတ်ထဲက
ဖုန်းကတစ်ပြိုင်နက်ထမြည်တာကြောင့်
တစ်ယောက်မျက်နာတစ်ယောက်ကြည့်ကာ
လာတဲ့ဖုန်းကိုကိုင်လိုက်ကြသည်။

"Hello လင်းရိပ်ကိုပါ"

"....."

"အော် နေလက်ရာကလား"

"...."

Lay Nge

"အင်း ဒါဆို Project အတွက် company ကို ကို ထက်လာခဲ့မယ်လေလို့ ဦးနေမင်းလက်ရာ ကိုပြောပေးနော်"

"....."

"အင်း project ခေါင်းဆောင်က သူ့သားဆိုတော့ သူသားကိုဆက်သွယ်ဖို့ email ကနေပို့ပေးနော် ဒါမှမဟုတ် messenge ကပို့လည်းရတယ်"

"....."

Ley Nge

"အင်း "

နေလက်ရာ Hotel
ဘက်ကဖုန်းချသွားတယ်ဆိုသူမဖုန်းကိုစလင်းဘတ်
ထဲထည့်လိုက်ပြီး မနက်စာစားဖို့ coffee
ခွက်ကိုင်ရုံရှိသေး...

"နေလက်ရာ Project
ကိစ္စသမီးလက်တွေ့အကောင်အထည်ဖော်တယ်
နော်"

Layloe

ဒယ်ဒီမေးတာကို ချက်ခြင်းမဖြေသေးပဲ လက်ထဲက coffee ကိုတစ်ငုံသောက်ကပြန်ချလိုက်ပြီး....

"နေလက်ရာ project ကိုသမီးယူတာမဟုတ်ဘူး သမီးတင်ပြချက်ကို
သူတို့ဘက်ကသဘောကျသွားတာတော့
သမီးလည်းမတက်နိုင်ဘူး
ရတဲ့အခွင့်အရေးကိုရအောင်ဖမ်းရမှာပဲ
တရားတာတွေမတရားတာတွေ ကို မသိဘူး
သိလည်းမသိချင်ဘူး"

Lay Nge

အရာရာကိုပြတ်သားစွာ ဆုံးဖြတ်တက်တဲ့
သမီးဖြစ်သူအကြောင်းသိသည်မို့
သူသက်ပြင်းချကာ ဘာမပြောတော့ပဲ
မုန့်ယူစားဖို့ပြင်လိုက်သည်။

"မာမီ ရှိတုန်းကသာ ဒယ်ဒီ
ဒီလိုမိသားစုအငွေ့အသက်ပေးခဲ့ရင်
မာမီအသက်ဆုံးရှုံးရမှာမဟုတ်ဘူး
မာမီအသက်ထွက်တဲ့ အချိန်တောင်
ဒယ်ဒီရှိမနေခဲ့ဘူး အကြောင်းပြချက်က ဒီမိန်းမကြီး

Lay Nge

နေမကောင်းလို့ပြုစုနေလို့တဲ့ ဟင်း ကို ဘဝရဲ့
မြင့်မိုရ်တောင်ကို ဒယ်ဒီဖြုချလိုက်တာ"

အိမ်အကူဒေါ်ကြီးလည်း ကိုပြောနေတာက
မှန်တာကြောင့်စိတ်မကောင်းဖြစ်ရသည်။သာမာန်
မိန်းကလေးသာဆို ဒီလိုစကားတွေပြောရင်
ငိုနေမိမှာမှန်ပင်မဲ့ မမလေးကတော့ မမကြီး
သမီးဆိုတိုင် နှင်းဆီတစ်ပွင့်လို
ဆူးတွေဝန်းရံလျက်။သူမတို့လက်ထဲ ကြီးလာတဲ့
မမလေးက နူးညံ့တဲ့ စံပယ်ပန်းကနေ
နှင်းဆီအဖြစ်ပြောင်းသွားရတဲ့ အကြောင်းအရင်းက
အခိုင်အမာပင်။

"သမီး မာမီ နေမကောင်းနေမှန်းဒယ်ဒီမသိခဲ့ဘူး"

ဒယ်ဒီရဲ့ဖြေရှင်းချက်ကိုသူမ မဲ့ကာ...

"ဘယ်သိမလည်း
ဒယ်ဒီစိတ်ကမာမီဆီမှာမှမဟုတ်တာ
ဒယ်ဒီအသက်လောက်ချစ်ပါတယ်ပြောတဲ့ သမီးရဲ့
မွေးနေ့မှာတောင် ပြီးတဲ့အထိရှိနေခဲ့လို့လား ကို
ဘဝရဲ့အားအင်ကို မာမီဆီကပဲရခဲ့တာ"

Lay Nge

"သမီးကတစ်ဖက်သက်အတွေးလွန်နေတာပဲ
သမီးမွေးနေ့ညက
လူတစ်ယောက်အသက်ဆုံးရှုံးမလိုဖြစ်နေတာကိုသိ
လျက်နဲ့ ဒယ်ဒီကပျော်နေရမှာလား"

"ဒယ်ဒီမပျော်နိုင်တာက အသက်လုနေရတဲ့သူက
ဒေါ်မေသန္တာ မို့မဟုတ်လား
ရရှိချင်စရာတွေမပြောပါနဲ့တော့ ကို
ကတော့လုပ်စရာရှိတာဆက်လုပ်မှာပဲ "

LaNge

တစ်ချိန်လုံးငြိမ်နေတဲ့
သားအမိနှစ်ယောက်ကိုကြည့်ကာ ကို
ပြောလိုက်သည်။

"ကို သမီးက အသက်20ပဲရှိသေးတာဘာလို့
မနိုင်ဝန်တွေထမ်းချင်နေတာလည်း နေလက်ရာ
Hotel project ကဘယ်လောက်ကြီး လည်း
သမီးသိလား"

LayNge

"သိတယ် သိလို့လည်းလိုချင်တာ ကို ဘဝမှာ
မာမီမရှိတော့ ကတည်းက
ပိုက်ဆံကအရေးကြီးဆုံးပဲ"

ကို စကားကြောင့်
ဆွေးရိပ်ဘာဆက်ပြောလို့ပြောရမှန်းတောင်မသိ
တော့။အရာရာမှာထက်မြတ်လွန်းတဲ့ သမီးကို
သူမယုံကြည်တာမဟုတ် နေလက်ရာဘက်က
တစ်ခုခုမှားယွင်းသွားရင်
လျော်ရမဲ့တန်ဖိုးကမနည်း။

သူမ တွေဝေနေတဲ့ ဒယ်ဒီကိုကြည့်ကာ
စိတ်ပျက်ရပါသည်။မာမီ သေခဲ့ရတာ
ဒယ်ဒီကြောင့်လို့ မပြောရက်ပင်မဲ့
ဒယ်ဒီသာအဲ့ဒီအချိန်မှာရှိနေရင် မာမီ
အသက်ရှင်နေဦးမှာ။ဖြစ်ပြီးတာတွေကို
ပြန်တွေးလေး ဒယ်ဒီ နဲ့ ဟိုသားအမိအ
ေပါခွင့်မလွတ်နိုင်။

"ဖေဖေ သားဘယ်တော့ Hotel Project
အတွက်သွားရမှာလဲ"

Lay Nge

"အင်း Lynn Company
ကတာဝန်ရှိသူတွေနေ့ခင်းကြလာလိမ့်မယ်
သားHotel ကိုသွားလိုက် လိုအပ်တာ
သားပဲပြောလိုက် Hotel ကဝန်ထမ်းတွေလည်း
သာလာမယ်ဆိုတဲ့ အကြောင်း ဖေဖေပြောပြီးပြီ
အဆင်မပြေတာရှိရင် ဖေဖေကိုပြော"

"ဟုတ်ကဲ့ ဖေဖေ သားနေ့ခင်းကြ သွား လိုက်မယ်"

"အင်း ဒါနဲ့ သားကဘယ်တော့ US ပြန်မှာလည်း"

"နှစ်ကုန်လောက်မှာ ပါဖေဖေ
သားစာတွေလည်းကြိုတင်လေ့လာထားတယ်"

သားပြန်ပြောတာကို သူခေါင်းငြိမ့်ပြလိုက်ပြီး....

"အင်း "

"သား ကရော ကောင်မလေးရနေပြီလား"

Lay Nge

"ကောင်မလေးဆိုတာ ဘာမှန်းတောင်မသိသေးဘူး
သားဘဝမှာ အချစ်ရဆုံးမိန်းမက မေမေ ရယ်
ဘွားရယ် အန်တီအပျိုကြီးရယ် ပဲရှိသေးတယ်"

ကြည့်ပါဦး အဖေကဖြစ်သူကလည်း FA တဲ့
သားဖြစ်သူကလည်း
အပျိုကြီးတဲ့။သူမနှုတ်ခမ်းဆူကာ...

"သား အဖနှစ်ယောက်လုံး မုန်းဖို့ကောင်းလိုက်တာ
သူများဆိုဖဲ့ဖို့ကြီးပဲ မစားတော့သွားပြီ
အပေါ်တက်တော့မယ်"

လို့ပြောပြီး ချက်ခြင်းထထွက်သွားတဲ့
အန်တီလေး။ဘယ်လောက်ကလေးဆန်လိုက်သလဲ။

"မောင် နဲ့ သား ဘာလိုအဲလောက်လိုက်စနေတာလဲ
သူဘာသာတစ်ယောက်ထဲနေတာနဲ့ပဲ Fa လား
ပြီးတော့ သား အန်တီလေးက
သားနောက်စရာမဟုတ်ဘူးနော်"

Lay Nge

ပြီးနေရာမှာ သူမထဆူတော့
သားအဖနှစ်ယောက်လုံးချက်ခြင်းငြိမ်သွားကြသည်
။

"သမီး မြေးကချစ်လို့စနေတာပါ
ကလေးကိုဆူမနေနဲ့ သူ့အန်တီလေးက
အခုအရွယ်အထိ ကလေးဆန်နေတုန်း
မြေးပြောတာလည်းပြောမနေနဲ့"

ကြည့် သူမဘယ်လိုဆုံးမလို့မှမရ။သားကိုဆူပြီဆို
မောင်ကလဲ ကျန်တဲ့သူတွေက

Lay Nge

မြေးဖြစ်သူဘက်ကနေကာကွယ်ပြီးသား။တစ်ဦးတည်းသောမြေးမို့ တစ်အိမ်သားလုံးကချစ်ကြတာကို သူမပျော်ပင်မဲ့ ဆုံးမသင့်တာတော့ဆုံးမရမည်။

"မမလေး ညွှဲသည်ရောက်နေပါတယ်"

သူမ နေလက်ရာကို project ကိစ္စနဲ့သွားဖို့ File တွေပြင်နေတုန်း အပြင်က ဝန်ထမ်းမလေးရဲ့ အသံကြောင့်...

"ဝင်လာခိုင်းလိုက်နော်"

"ဟုတ် မမလေး"

တိမ်ယံဘွား ငယ်ကိုချော့ဖို့အတွက်
ပန်းစည်းကြီးကိုင်ကာ
သူမရုံးခန်းထဲဝင်လာလိုက်သည်။သူဝင်လာတာ
တောင် လှည့်ကြည့်ချိန်မရ
သူကိုကျောပေးထားကာ စားပွဲပေါ်က File တွေကို
စီနေတဲ့သူမ။

"ငယ် "

သူမ File တွေစီနေရင်း
ကြားလိုက်ရတဲ့အသံကြောင့် ဘယ်သူလည်း
လှည့်ကြည့်စရာမလိုအောင်
သူမမျက်နာကခက်ထန်သွားသည်။သူမ
သစ္စာဖောက်တာကိုမုန်းမှန်းသိသိရက်နဲ့
သစ္စာဖောက်ခဲ့တဲ့လူ။ဘယ်လောက်ချစ်ခဲ့ချစ်ခဲ့
အခုအချိန်မှာတော့
သူမရန်သူစရင်းထဲမှာပါနေတဲ့လူ။သူမ
ကျောပေးထားရမှာ သူ့ဘက်လှည့်ကြည့်လိုက်တော့
လက်ထဲမှာ သူမကြိုက်တဲ့ Tulip{ကျူးလစ်}
ပန်းစည်းကြီးကိုကိုင်ထားသည်။

"ဘာလာလုပ်တာလဲ"

"ငယ် ကိုတောင်းပန်ပါတယ်ကွာ ကိုယ်နဲ့ သူနဲ့
ဘာမှမပက်သက်ဘူးဆိုတာ ငယ်
ဒယ်ဒီတောင်းပန်နေတာပဲ"

"ကျွန်မက သစ္စာဖောက်တာကိုအမုန်းဆုံးပဲ ရှင်က
ကျွန်မမုန်းတဲ့ လူတွေနဲ့ပက်သက်တဲ့
အတွက်ရှင့်လည်း ကျွန်မ မုန်းတယ်"

မျက်နာမှာ ဝမ်းနည်းတဲ့
အရိပ်ရောင်တောင်မရှိ။သူမဘက်ကပြတ်နိုင်ပင်မဲ့
သူမလေးကို ရင်ထဲနင့်အောင် ချစ်ရတဲ့သူကတော့
ရအောင်ချော့ဖို့ဆုံးဖြတ်ထားသည်။

"ကိုယ် ချစ်တာ ငယ်တစ်ယောက်ထဲကိုပဲ"

"သွားစမ်းပါ လင်းရိပ်ကို က
စားပြီးလွတ်ပစ်လိုက်တဲ့ မုန့်ခဲ့ကို
မုန့်ရှိသေးလားဆိုပြီး ကောက်မကြည့်တက်ဘူး"

"ကိုယ့်ဘဝမှာ ငယ်ပဲရှိခဲ့တာမို့
ငယ်လက်ထပ်ရမဲ့သူဟာ ကိုယ်ပဲဖြစ်ရမယ်"

"ကျွန်မကို အမိန့်လာမမေးနဲ့ ရှင်ပါသာ
ထပ်ချင်တဲ့သူနဲ့ထပ် ကျွန်မကတော့ရှင်ကိုလုံးဝပဲ"

သူမဘက်ကခါးခါးသီးသီးဖြစ်နေတာ
သူအံ့ဩလို့မဆုံး။သူရှင်းပြတာလည်း
နားမထောင်။သူမတစ်ဖက်သက်ထဲစိတ်ဆိုးနေပြီး
သူကိုပြဿနာရှာနေခြင်းဖြစ်သည်။

Lay Nge

"ဒီမှာ ရှင်သိအောင်တစ်ခုတော့ပြောလိုက်မယ်
ကျွန်မလက်ထပ်မှာ အဲ့တာရှင်မဟုတ်တာတော့
သေချာတယ်"

လို့ပြောကာဘသူကိုစောင့်တွန်းပြီး File ကိုယူကာ
စလင်းဘတ်ကိုလွယ်ပြီး ထွက်သွားတဲ့ ငယ်ရဲ့
ပုံရိပ်ကို သူပန်းစည်းကိုကိုင်ကာ
သူမရုံးခန်းထဲကျန်နေခဲ့တော့သည်။

~~~~~~~~~♡♥♥♥~~~~~~~~~~~

♥♥♥♥
~~~~~~~~~

U တို့အချစ်တော် ပန်းရိပ်လွှာ
လာပါပြီရှင့်😗😗😐

ဟိုကစကားပြောရင် သူ့မိန်းမကလွဲကျန်တဲ့သူ
ဘုဂလန်ကိုမှ သွားချစ်တော့ ခံပေါ့🤭🤭

OBJ

The Sun Of Flower {Season 2}📚

🌞နေ့နှစ်စင်းရဲ့ချစ်ပုံပြင်🌞

Lay Nge

Part_8

သူမ NayLatYar Hotel ခွဲ တည်ဆောက်မဲ့ မြေကွက်ရှေ့ကားကိုထိုးရပ်လိုက်ပြီး ကားပေါ်ကဆင်းကာလော့ချလိုက်သည်။သူမကားနဲ့ ဆင်တူ ကားတစ်စီးကလည်း သူမကားဘေးမှာရပ်ထားတာတွေ့လိုက်သည်။သူမ ကားပေါ်ကဆင်းလာတာ မြင်တဲ့ company က ဝန်ထမ်းက သူမဆီပြေးလာပြီး.....

LayNge

"မမလေး ရောက်ပြီလား၇ NayLatYar ဘက်က
တာဝန်ရှိသူကရောက်နေပါပြီ မမလေး"

"အင်း သူအခု နားတဲ့နေရာမှာလား"

"အခုတော့ တည်ဆောင်မဲ့ ပုံစံနဲ့
မြေအနေအထားကို လိုက်စစ်နေပါတယ်"

"အင်း ဒါဆို company က
ဝန်ထမ်းတွေအကုန်စုံနေပြီ မဟုတ်လား"

LayNge

"ဟုတ်ကဲ့ အကုန်ရောက်နေပါပြီ"

"ဒါဆို သွားကြရအောင် အကုန်လုံးကိုမှာထားပေးပါ ဒီ Project ကအမှားရှိလို့မရဘူးနော်"

"ဟုတ်ကဲ့"

သူမအရှေ့ကထွက်သွားတဲ့
အလုပ်သမားလေးနောက်ကနေ Hotel တည်ဆောက်ရေးထဲဝင်လိုက်လာလိုက်သည်။သူမ ဆိုဒ်ထဲဝင်လာတယ်ဆို Shirt

Lay Nge

လက်ရှည်မိုးပြာရောင်နဲ့ ျပာဘီဒူးအတီ
အဖြူရောင်ကိုတွဲဝတ်ထားတဲ့လူက
အလုပ်သမားတွေကို
ဘာတွေညွှန်းကြားနေလည်းမသိ
လက်ညှိုးကြီးတစ်ထိုးထိုးနဲ့။

"ဟိုဘက်ထောင့်က
မြေကပွနေတယ်သိပ်အဆင်မပြေဘူး အဲနာကို
မြေဖို့လိုက် ရေလောင်းလိုက် လုပ်ပြီ
အပေါ်ကနေထုထုပေးရင်ကောင်းမယ်"

Lay Nge

သူညွှန်ကြားနေတာကို အလုပ်သမားလေးတွေက.

"ဟုတ်ကဲ့ သူဌေးလေး"

"ပစ္စည်းဝယ်ထားတာ မလောက်တာရှိရင်
ကျွန်တော်ကိုလာပြောပါ
ခိုတာတွေဘာတွေမလိုချင်ဘူး
ကုန်ကျစရိတ်ရှင်းပေးမယ်"

"ဟုတ်ကဲ့ သူဌေးလေး"

LaYNge

"အင်း လုပ်စရာရှိတာသွားလုပ်တော့နော် "

သူအလုပ်သမားတွေကို
ပြောစရာရှိတာပြောပြီးတယ်ဆို
အနောက်လှည့်လိုက်တော့
တလွဲစိန်ကိုတွေ့တာကြောင့်...

"လာပြီလား"

"မြင်ရဲ့သားနဲ့ မေးတာ မျက်စိမပါဘူးလား"

LayNge

"ဟုတ်ပါပြီ အခုအလုပ်ကိစ္စပဲပြောကြရအောင်
နောက်ရမဲ့အချိန်မဟုတ်ဘူး"

သူအပြောကို ကိုခေါင်းငြိမ့်လိုက်ကာ ထိုင်ခုံမှာ
ဝင်ထိုင်တယ်ဆို သူမဘေးကခုံမှာ
သူကဝင်ထိုင်သည်။

"အခု Company
ကလူတွေဘာလိုအပ်မှုရှိလည်းဆိုတာ
ရှင်ပြောနိုင်ပါတယ် မကြိုက်တဲ့ ပုံစံဖြစ်ရင်
ကျွန်မတို့ တာဝန်မို့ အကုန်ပြောပါ"

Lay Nge

"အင်း အခုထိတော့အဆင်ပြေပါတယ်
ဆောက်လုပ်ရေးစမဲ့အချိန်ကြမှ
အဲတာကပြောလို့ရမှာ"

"ဆောက်လုပ်ရေးစတာနဲ့ ရှင်လာကြည့်ပေါ့"

"ကိုယ့်နာမည် နေတစင်း ပါ"

သူကနာမည်မိတ်ဆက်တာကို ကြည့်နေတဲ့သူမကို...

LayNge

"နာမည်မိတ်ဆက်တာပါ မင်းက ကိုယ့်ကို တစ်ရှင်ရှင်နဲ့မို့ "

"အော် ကို နာမည်က လင်းရိပ်ကိုပါ တစင်း"

သူမက သူနာမည်ကိုအဖျားစွတ်ခေါ်လိုက်တဲ့အပြင် တစ်ခြားသူတွေ ခေါ်သလိုမဟုတ်ပဲ တစင်း ဆိုတာကြောင့် သူပြုံးမိသွားသည်။

"ဒါဆို ကိုယ်ကလည်းမင်းကို လင်း လို့ခေါ်မယ်
ရတယ်မဟုတ်လား ကိုယ်ဟိုတစ်နေ့က ဖေဖေ
company မှာပြုမူလိုက်တဲ့
အပြုအမူအတွက်တောင်းပန်ပါတယ်
မင်းကိုတွေ့တာနဲ့ စချင်နေတာနဲ့ စလိုက်တာ"

သူမလည်း အဲ့နေ့ကအကြောင်း
စိတ်ဆိုးစရာကိစ္စမပါတာကြောင့် company
ကထွက်လာခဲ့က မေ့ထားလိုက်တာ
သူပြောမှသတိရတော့သည်။သူမလည်း
စိတ်မဆိုးတော့တာမို့ သူ့ကိုပြုံးကာ..

"ရပါတယ်ခေါ်ပါ လုပ်ဖော်ကိုင်ဖက်အခြင်းခြင်း
ရင်းရင်းနှီးနှီးဆိုတော့ ပိုကောင်းတာပေါ့"

သူမကို တော်တော်
စကားပြောရခက်မယ်ထင်ထားခဲ့ပင်မယ်
သူမကသူထင်ထားသလိုမဟုတ်။ခပ်စွာစွာလေးဖြစ်
ပင်မဲ့ တကယ်အတွင်းစိတ်ကမဆိုးဘူးလို့
သူစိတ်ထဲကနေ ချီးကျူးမိသည်။

"ဒီနိုင်ငံမှာ မင်းက ပထမဆုံးသူငယ်ချင်းပဲ"

"ဘယ်လို"

သူအံ့ဩသွားရသည် သူမလို
အပေါင်းအသင်းမရှိတဲ့လူကရှိသေးတယ်တဲ့။သူမ
မှာ ငယ်သူငယ်ချင်း ကဗျာမမှီ
ကလွဲအပေါင်းအသင်းမရှိ။

"ဟုတ်တယ် ဘာလို့ဆိုတော့
ငါ့ကငယ်ငယ်ကတည်းက Us

မှာကျောင်းသွားတက်တာလေ
ပြန်ရောက်တာမကြာသေးဘူး"

"အော်
နင်လိုပဲငါလည်းအပေါင်းအသင်းမရှိသလောက်ပဲ"

"ဒါဆို သူငယ်ချင်းလုပ်ကြတာပေါ့ ဘယ်လိုလည်း"

"အင်း "

Lay Nge

သူ နဲ့ သူမ တို့နှစ်ယောက်က
တကယ်အရာရာတူကြသည်။Coffee
အအေးကြိုက်တာရော
ကားကအစအတူတူ။အခုလည်း
အပေါင်းအသင်းမရှိတာလည်းတူနေသည်။သူမ
သူနဲ့မတူတာက မိသားစုအခြေအနေ။

"ဒါဆို အဲ့မိန်းကလေးကတော်တော်ဆိုးတာပဲ"

သူမ ဆီ မိုင်ဖုန်းဆက်လာတာကြောင့်
စကားပြောရင်း မောင်နဲ့ ဒီရက်ပိုင်း

မိန်းကလေးတစ်ယောက်နှောက်ယှက်နေတဲ့အ
ကြောင်းပါပြောပြတော့ မိုင်က ပြောလာသည်။

"အင်း ဒါပင်မဲ့ သူမလည်း"

"မေတ္တာရှင်မကြီး မလုပ်နဲ့သဘာဝ နင့်ယောကျ်ား
နင့်ကိုဘယ်လောက်ချစ်လည်းဆိုတာသိတယ်မဟု
တ်လား သူများလက်ထဲထည့်ဖို့စဉ်းစားမနေနဲ့"

သူမပြောမှာကတစ်ခြား
မိုင်ကတစ်ခြားတွေးလိုက်တာကြောင့်...

"ထည့်ပေးစရာလား
ငါကမောင်ကိုသူများပေးရအောင်
အရူးမှမဟုတ်တာ"

"သိရင်ပြီးရော"

"ခြယ်လေးလည်း အိမ်ကိုလွှတ်လိုက်ပါဦး မိုင်ရယ်
မတွေ့ရတာကြာပြီ"

Lay Nge

"အေး အိမ်မှာရှိတဲ့အချိန်ကြလွတ်လိုက်မယ်
မယ်မင်းကြီးမကအချိန်ပြည့်အပြင်ပဲထွက်နေတော့
တာ နေတစင်းနဲ့များ ယောကျ်း နဲ့
မိန်းမမှားလာသလားထင်ရတယ်"

သူမ
မိုင်စကားကြောင့်ပြုံးလိုက်သည်။တကယ်လည်း
ခြယ်လေးကငယ်ငယ်ကတည်းက
တစ်အိမ်လုံးအလိုလိုက်ထားတာကြောင့်
ဆိုးသည်။သားကတော့
အိမ်ကလူတွေအလိုလိုက်ပင်မဲ့

Lay Nge

မဆိုးပါ။သူ့အဖေဆီက
ဆိုးတဲ့အကျင့်တွေမတူတာတော်သေး။

"သဘာဝ ငါ့ခေါ်နေတာကြားလား"

"ဟမ် ဘာပြောလိုက်တာလည်း"

သူမအတွေးလွန်နေတာကြောင့်မိုင်ပြောတာတွေမ
ကြားလိုက်။

Lay Nge

"နေ ကိုဒီအတိုင်းလွှတ်မထားနဲ့နော်
သူကအရှယ်ကောင်း
မိန်းကလေးတွေမျက်လုံးကျတဲ့ အရွယ်
အခုခေတ်မိန်းကလေးတွေ ဦးတို့ ဘာတို့ပေါ့ဟာ"

မိုင်ပြောတာကို
သူမနားလည်းတာပေါ့။အခုသူမရှေ့မှာတောင်
မောင်ကို
တလူကြီးထဲလူကြီးနေတာမဟုတ်လား။ဒါပင်မဲ့
သူမရဲ့မောင်က အဲလိုသစ္စာမဖောက်ဘူးဆိုတာ
သဘာဝတို့ကယုံကြည်ပြီးသား။

"အင်းပါ ငါသတိထားပါ့
မောင်ကိုတော့ငါယုံကြည်တယ်"

"အင်း သူကလည်းနင်ယုံကြည်ရလောက်အောင်
သစ္စာရှိပြီး ချစ်ပေးခဲ့တာလေ...နင်အချစ်ရေး
အိမ်ထောင်ရေး ကံကောင်းတယ် သိလား"

"နင်ကရောမကောင်းလို့လား ပြောပါဦး"

Layloe

"နင်လောက်တော့ မဟုတ်ပါဘူး
အခုအချိန်ထိနင့်ကို ရည်းစားဖြစ်ခါစလိုပဲ
အမြဲတယုတယ ငါတို့မှာ အားကျနေရတာ
အိမ်ကဟာကြီးက သူ့သမီးကလွဲ
ဘာမှသိတာမဟုတ်ဘူး နေကတော့
သူ့မိန်းမကလွဲကျန်တာ ဒုတိယဆိုတဲ့လူမျိုး "

သူမဘဝအစကြမ်းခဲ့သလောက်
သူမကိုတန်ဖိုးထားပြီး
ချစ်တဲ့သူတွေ့တဲ့အချိန်မှာတော့
အရာရာဟာပြောင်းလဲသွားရသည်။မောင်က
သူမအတွက် အန္တာရာယ်ကို ဒိုင်းကာကြီး

သဖွယ်ကာရံထားသည်။မောင်ရရင်ခွင်ဟာ
သူမဘဝအတွက်နွေးထွေးမှုအပေးနိုင်ဆုံး။ချစ်ရတဲ့
မောင်နဲ့ သက်ဆုံးတိုင် ဒီအတိုင်းလေးပဲ
ရိုးမြေကျသွားချင်ပါရဲ့။

နေ ပြင်သစ်မှာရှယ်ယာဝင်ထားတဲ့ company
တွေက နောက်လုပ်မဲ့ Project
အတွက်သူကိုကမ်းလှမ်းထားတာကြောင့်
ပြင်သစ်က ရှယ်ယာရှင်တွေနဲ့ Onile Meeting
ထိုင်နေစဉ်....

ဒေါက် ဒေါက်

သူ Onile Meeting ထိုင်နေတုန်း
ဘယ်သူမှမလာပါနဲ့ဆိုတာကို
တံခါးလာခေါက်တာကြောင့်
ဒေါသကထောင်းကနဲ့ထွက်သွားရသည်။အခုထ
သောင်းကြမ်းလို့လည်းမရ Onile Meeting
ကမပြီးသေး။

ဒေါက် ဒေါက်

Layige

တံခါးခေါက်သံကအခုထိမရပ်သေး။လူက
ဒေါသကထွက်လာလို့ မျက်ခုံးနှစ်ခုနောင့်
တွန့်ကွေးနေပြီ။

"ဆွေးနွေးမှုအောင်မြင်တယ်လို့
သက်မှတ်လို့ရတယ်မဟုတ်လား
ဦးနေမင်းလက်ရာ"

သူတံခါးအာရုံရောက်နေတာနဲ့ Meeting လည်း
ဘယ်လိုဖြစ်သွားလည်း
မသိ။ဒါကသူ့လိုအပ်ချက်ဖြစ်တာကြောင့်....

"လက်ခံတယ်လို့ သတ်မှတ်လိုက်ပါ မစ္စတာချောင်"

"ဒါဆို နောက်မှ တွေ့ကြတာပေါ့ဗျာ"

"အွန်း "

သူဒေါသသံကိုထိန်းချုပ်ကာ onile meeting ကိုအဆုံးသက်ကာ ဆုံလည်ခုံပေါ်က ထကာ ရုံးခန်းတံခါးကို ဝုန်းကနဲမြည်အောင် ဖွင့်လိုက်ပြီး ကောမယ်အလုပ်....

"CEO ပြဿနာတက်နေလို့ပါ"

"ဘာလဲ ဘာပြဿနာမို့ လဲဟမ် !!!"

CEO အသံက မာနေတာကြောင့်
သူလည်းခေါင်းငုံ့ကာ...

"Hotel ရှေ့မှာ ဝက်ဝံရုပ်ကြီးနဲ့ Hotel ကိုဝင်လာတဲ့
သူမှန်သမျှကိုကမ်းနေပါတယ်"

LayNge

"အဲ့တော့"

အလုပ်သမားလေးကသူ့လက်ထဲကိုင်လာတဲ့
စာရွက်လေးကို ပေးတော့
သူယူကြည့်လိုက်တဲ့အချိန်
အာရုံနောက်စရာတစ်ခုကြောင့်
သူသက်ပြင်းချလိုက်တော့သည်။

*ဒီ Hotel ပိုင်ရှင်မချစ်ရင် သေရပါတော့မယ်*တဲ့။

LaMge

"ကျစ်!! အခုအခဲ့ ဝက်ဝံရှိသေးလား"

"ရှိပါတယ် CEO Hotel ရှေ့မှာပဲ"

သူသွားဖို့ခြေလှမ်းပြင်လိုက်ပင်မဲ့ စဉ်းစားကာ လှမ်းမဲ့ခြေလှမ်းတွေကို ရပ်လိုက်ပြီး...

"လုံခြုံရေးဝန်ထမ်းတွေကိုပြောလိုက် Hotel ရှေ့က ည့်သည်တွေစိတ်အနှောက်အယှက်ဖြစ်စေတာ တွေအကုန်ရှင်းလို့"

Lay Nge

"ဟုတ်ကဲ့ပါ CEO"

သူဝန်ထမ်းကောင်လေးထွက်သွားတယ်ဆို
ရုံးခန်းထဲပြန်ဝင်လာပြီး
သက်ပြင်းချလိုက်သည်။ဒီမိန်းကလေးက ဘယ်လို
မိန်းကလေးလည်း သူနားမလည်တော့။သူမ
ကိုမချစ်ပါဘူးလို့ပြောနေတဲ့သူကိုမှ အဲတာထက်
သူများယောကျ်ားဆိုတာလည်း
မစဉ်းစားတော့ဘူးလားမသိ။သူ အဲ့မိန်းကလေး
ဘယ်လောက်လှလှ
သူစိတ်မဝင်စား။သူဘာသာလှုံမကလို့

နတ်ပြည်ကဆင်းလာရင်တောင်
သူမိန်းမမဟုတ်တဲ့အတွက် ဂရုမစိုက်။

"သူဌေးလေး"

သူ Hotel ဆောက်ဖို့အတွက် မြေညှိနေတဲ့နေရာကို
လိုက်ကြည့်နေတုန်း
သူ့အနောက်ကခေါ်လိုက်တာကြောင့်
လှည့်ကြည့်လိုက်သည်။

Lay Nge

"အိမ်က ထမင်းချိုင့်ပို့လိုက်လို့ လာပြောတာပါ
ထမင်းစားချိန်ရောက်ပါပြီ"

သူအလုပ်ကိုအာရုံစိုက်နေတာနဲ့
ထမင်းစားချိန်တောင်မေ့နေသည်။သူနာရီကြည့်လို
က်တော့ နေ့လည်
2နာရီတောင်ရှိနေပြီ။သူနာရီကြည့်ပြီး
အလုပ်သမားတွေဘက်လှည့်ကာ...

"ထမင်းစားလိုက်ကြဦး 3နာရီထိုးမှပြန်စကြ"

Lay Nge

သူအလုပ်သမားတွေကိုပြောပြီးတယ်ဆို
ယာယီနားနေဆောင်ဘက်ကို
လျှောက်လာတာတော့ သူမကခုံမထိုင်ပြီး
အလုပ်သမားတွေကို
ထမင်းစားဖို့ပြောနေပုံရသည်။သူ
သူမဘေးကခုံမှာဝင်ထိုင်လိုက်ပြီး
စားပွဲပေါ်တင်ထားတဲ့
ထမင်းဆွဲခြင်းကိုယူကြည့်လိုက်တော့
တကယ်ကြည်နူးစရာအတိ။ထမင်းချိုင့်လေးရယ်
ဘူးနဲ့ထည့်ထားခရင်းနဲ့ဇွန်းရယ် ice_coffee
ဘူးရယ် ပုဝါရယ် ရေသန့်ဘူးရယ် ရေခွက်လေးရယ်

ပန်းကန်ပြားရယ်။သူ အပေါ်အမြဲဂရုတစိုက်
မေတ္တာအပြည့်နဲ့ လုပ်ပေးထားတဲ့ မေမေပါ။

သူဆွဲခြင်းထဲကချိုင့်ကိုထုတ်ကာ
ချိုင့်ဆင့်ထားတာကိုဖြုတ်လိုက်ပြီး
ဟင်းခွက်တွေကိုချကာ ထမင်းချိုင့်ထဲ
ထမင်းတစ်ချိုင့်ကို ပန်းကန်ထဲထည့်လိုက်ပြီး
သူမအရှေ့ချပေးလိုက်တော့
သူမကနားမလည်စွာကြည့်လာတာကြောင့်....

"မင်းမှာထမင်းချိုင့်မပါဘူး မဟုတ်လားစားပါ
ကိုယ့်မေမေက လက်ရာကောင်းပါတယ်
ကိုယ်စားဖို့အမြဲ ဘယ်သွားသွား
ထမင်းကနှစ်ချိုင့်ထည့်ပေးနေကြ
သူ့သားမလောက်ရင် ဗိုက်ဆာမှာဆိုးလို့တဲ့
ကိုယ်ကတစ်ချိုင့်ပြင်ပိုစားတာမဟုတ်ဘူး "

တစင်းပြောတာကို သူမခေါင်းငြိမ့်ကာ
လက်မှတ်ထိုးရမဲ့ File တွေသိမ်းလိုက်ပြီး..

"ဇွန်းကရော"

"မေမေက
ဟင်းခတ်ဖို့တစ်ဇွန်းအပိုထည့်ပေးထားပါတယ်
ရော့စား "

သူမ ရှေ့ချပေးတဲ့ ဟင်းခွက်တွေကြည့်လိုက်တော့
ကြက်ကလိစာ ပြည်ကြီးငါးသုပ် အရည်ဟင်း
တကယ်ကို စေတနာအပြည့်နဲ့ ချက်ထားပုံ
မိခင်တစ်ယောက်ရဲ့ကလေးမဟုတ်တဲ့
သားတစ်ယောက်အပေါ်ထားတဲ့

မေတ္တာတရား။သူမ မာမီသာရှိခဲ့ရင်
ဒီလိုပဲဂရုစိုက်နေမှာ။

"ဘာတွေတွေးနေတာလည်း မစားဘူးလား ကိုယ်
မေမေက သန့်တယ်နော်"

တစင်းပြောမှ သူမအတွေးတွေရပ်ကာ...

"မဟုတ်ပါဘူး မာမီကိုသတိရသွားလို့ပါ"

Lay Nge

"ဟင် မင်းမာမီကဘယ်ရောက်သွားလို့လည်း"

"လွန်ခဲ့တဲ့ 2နှစ်ကျော်ကတည်းကဆုံးသွားပြီ

"ဟာ Sorry

ကွဲနေတယ်ထင်လို့မေးကြည့်တာမရည်ရွယ်ဘူး"

"ရပါတယ် စားမယ်နော်"

"အင်း စားပါ အားမနာနဲ့"

LayNge

သူတို့နှစ်ယောက်
ထမင်းအတူတူစားလိုက်ကြပြီးတော့ နေက
ခြင်းထဲက ကော်ဖီအအေးဘူး
နှစ်ဘူးထဲကတစ်ဘူးကို ဖောက်ပြီး
သူမကမ်းပေးလိုက်သည်။

"ကျေးဇူးပါ "

"အင်း မေမေက
သူကိုယ်တိုင်ဖျော်ပေးလိုက်တာမဟုတ်တာက

LayNge

ဒီရောက်အရင်သိပ်မအေးတော့မှာဆိုးလို့ထင်တယ်
ကျွန်တော်က coffee ကိုအအေးပဲသောက်တာ"

"တစင်း ရှင်နဲ့ ကျွန်မက
အကြိုက်တော်တော်များများတူတာပဲ အခု coffee
အအေး ပြီးတော့ ကား"

သူလည်း သူမနဲ့စကားပြောရင် coffee
ဘူးကိုဖောက်က တစ်ချက်မော့သောက်လိုက်ပြီး...

"အင်း တွေ့လိုက်တိုင်းလည်း တလွဲကြီးပဲ
ကားဖြစ်တဲ့နေ့က ငါက အန်တီလေးကိုလာကြိုတာ
"

"အန်တီလေး "

ကို ရေရွက်လိုက်တာကို တစင်းက....

"အင်း ငါအန်တီလေးက တက္ကသိုလ်ဆရာမလေ"

Lay Nge

"ဟုတ်လား ဘယ်သူလဲ"

"ဒေါ်မေလက်ရာ"

"အော် ငါတို့ကိုသင်တဲ့ တီချယ်ပဲ
သဘောလည်းကောင်းသလို
ချစ်စရာလည်းကောင်းတယ် နင်နဲ့ များတခြားစီပဲ"

"ငါကပိုချောတာပါနော် အန်တီလေးသာလှရင်
ယောကျ်ားရတာကြပေါ့ ဟား ဟား အပျိုကြီး"

Lay Nge

တစင်းရဲ့ရီသံက ကျယ်ကြောင့်
သူမတို့ဘက်အလုပ်သမားတွေကြည့်နေတာသိပင်မဲ့
သူမက သူကိုဆက်စနေလိုက်သည်။

"ငါ့ တီချယ်က မယူလို့ပါနော် "

"ဟုတ်ပါပြီ တော်ကြာ နင်ပါ
အပျိုကြီးဖြစ်နေဦးမယ်"

"ဖြစ်စရာလားကောင်စုတ်"

Lay Nge

သူမ သွားတန်းလေးတွေပေါ်အောင် သူနဲ့
စရင်းနောက်ရင်း အမြဲတမ်း
အပူတွေများနေတဲ့စိတ်လည်း ဒီအချိန်လေးမှာနော့
မေ့ပျောက်နေခဲ့တာအမှန်ပင်။တစ်ယောက်
နဲ့တစ်ယောက် အခုမှနားလည်သွားကြကာ
သူငယ်ချင်း ဖြစ်တယ်ဆို
ခင်မင်ရင်းနှီးသွားပုံများဆန်းကျယ်လှသည်။

သူမက အေးဆက်ဆက်ဂျစ်တီးဂျစ်ကန်လို့
ထင်ခဲ့ပင်မဲ့ တကယ်တမ်း သူငယ်ချင်းဖြစ်ပြီး
စကားပြောဆိုကြည့်တော့ သူမမှာ ဒီလိုဖြစ်ရတဲ့
အကြောင်းအရင်းသူမသိပင်မဲ့ ရှိတယ်ဆိုတာတော့

သူခန့်မှန်းမိပါသည်။ဘာပဲဖြစ်ဖြစ် ကိုယ့်အမိမြေမှာ
ပထမဆုံးရတဲ့ သူငယ်ချင်းရတာမို့ သူပျော်ပါသည်။

~~~~~~~~~~~~~~~~~~ ♥

ကိုယ်သဲတွေမျော်နေမှာမို့ ဘေဖြည့်ပြီး
တင်ပေးလိုက်ပြီ 😊

မေရဲ့စာဖက်သူတစ်ဦးခြင်းစီတိုင်း
ကျေးဇူးတင်ပါတယ် ချစ်လည်းချစ်တယ် 😊

Lay Nge
~~~~~~~~~~~~~~~~~~

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_9

"မောင် !! ထတော့ဆိုနေ အစည်းအဝေးရှိတယ်ဆို "

သူမနိုးတာကို ကြားရဲ့သားနဲ့
တစ်ဖက်လှည့်ပြီးပြန်အိပ်နေတဲ့ မောင်ကို

Lay Nge

ကုတင်ပေါ်တက်ကာ
အပေါ် ပိုင်းဗလာကျင်းနေတာကြောင့် Six pack
တွေနဲ့မို့ အသားရှိတဲ့နေရာကိုရှာကာ
ဆွဲလိမ်လိုက်သည်။

"အား နာတယ်လို့ အိပ်နေတာကို"

ညဘက်ဆို အလုပ်ကဆယ်နာရီဆိုပြီးပင်မဲ့
နာဘူးထနေတာနဲ့ ညဉ့်နက်မှ အိပ်ရပြီး
မနက်အိပ်ရာထချိန်ကြတော့ မထနိုင်တော့။

LayNge

"မောင်

ကကောင်းကောင်းနိုးနေတာကိုမထဘူးလေ"

"ညဘက်ပင်ပန်းထားတယ်လေ မရာ

မသနားဘူးလား မောင်ကို"

ဒီလောက် သူနာဘူးထထားတာကို

သူကိုသနားရဦးမယ်တဲ့။တော်တော်မျက်နပိုးမသေ

တဲ့မောင်။အသက်တာကြီးလာတာ

ဦးနောက်ကကြီးမလာဘူး။

Lay Nge

သူနှုတ်ခမ်းလေးဆူနေတဲ့ မကိုစချင်နေတာကြောင့်
တမင်အိပ်ရာကမထခြင်းဖြစ်သည်။သူဘယ်လော
က် နောက်ကျမှ အိပ်အိပ်
7နာရီထက်ပိုမအိပ်တက်။မနဲ့ လက်ထပ်ပြီး
နောက်ပိုင်းတော့ မိန်းမနားကပ်ချင်တာကြောင့်
အမြဲ
အိပ်ချင်ယောင်ဆောင်တက်လာသည်။သူချစ်ရတဲ့မ
က အသံတိတ်ပြီး ထိုင်နေတာကြောင့်
သူလည်းအိပ်နေရာမှထထိုင်ကာ
သနပ်ခါးလိမ်းထားတဲ့ ပါးပြင်နုနုလေးကို
နမ်းလိုက်သည်။

"ရှင်"

"မောင်"

"အင်း"

သူမကိုအနောက်ကနေသိုင်းဖက်လိုက်ပြီး
သူမပုခုံးပေါ်မေးတင်ကာထူးလိုက်သည်။

"ဟိုမိန်းကလေးနောက်ယှက်နေသေးလား"

Lay Nge

"အင်း မနေ့ကတောင် မောင့်Hotel
အရှေ့မှာလက်ကမ်းစာဆောင်တွေလာဝေနေသေး
တယ်...မောင်မချစ်ရင် သေရပါလိမ့်မယ်တဲ့"

သူမကို
အမှန်အတိုင်းသာပြောပြလိုက်သည်။သူမအထင်တ
စ်ချက်လွဲသွားရင်တောင်သေနိုင်တဲ့ကောင်မို့။သူအ
ရာရာကို အမှန်တိုင်းရင်ဆိုင်တက်တာက
သူ့ရဲ့ကောင်းတဲ့ အကျင့်တစ်ခု။

Lay Nge

သူမကို ဖက်ထားတဲ့မောင်လက်တွေကိုဖယ်ချကာ
မောင့်ဘက်လှည့်လိုက်ပြီး...

"မောင် မထားခဲ့ပါနဲ့နော်"

သူမရဲ့ထူးဆန်းစွာပြောလာတဲ့စကားကြောင့်
သူမျက်ခုံးပင်သွားရပင်မဲ့
သူမစကားကသူရင်ထဲနင့်သွားရသည်။သူမစကား
ကဘာကိုဆိုလိုမှန်းသူသိတာပေါ့။သူ
ဖြေတာကိုစောင့်နေတဲ့ မနှတ်ခမ်းလေးကို
ဖိကပ်နမ်းလိုက်ပြီး...

"ပြွတ် မောင့်မိန်းမကို
ဒီလောက်ချစ်တာထားခဲ့စရာလား"

"သဘာဝ ကအသက်ကြီးနေပြီ မောင်က"

"မောင်လည်း over 40 ပဲလေ ကဲပါ
သေချာတာတစ်ခုတော့မှတ်ထား ဒီမိန်းမကလွဲပြီး
ကျန်တဲ့ မိန်းကလေးတွေ
မောင်နှလုံးသားကရင်မခုန်တက်တော့ဘူး မ
သာမောင်အနားရှိနေပေးရမှာ"

Lay Nge

သူမ မောင့်စကားတွေကို ယုံသည်။မောင်သာ
ဖောက်လွဲဖောက်ပြန်စိတ်ရှိနေရင်
သူမကိုအမှန်အတိုင်းပြောပြပါ့မလား။ဒီလူသားရဲ့
အချစ်တွေ သူမတစ်ယောက်ထဲရခဲ့တယ်
အတွေးနဲ့တင်
သူမနှုတ်ခမ်းပါးလေးကပြုံးရောင်သမ်းသွားရသည်။

သူပိုင်တဲ့
နှုတ်ခမ်းပါလေးကပြုံးရောင်သမ်းသွားတာသူတွေ့

Layne

တာကြောင့် သူပြီးကာ
မရဲ့အောက်နှုတ်ခမ်းလေးကိုက်ဆွဲလိုက်သည်။

သူမငြိမ်နေရာမှ
နှုတ်ခမ်းကိုကိုက်ဆွဲလိုက်တဲ့မောင်ကြောင့်...

"အ့ မောင်သူအသားမဟုတ်တိုင်း"

"မောင့်အသားမဟုတ်ပင်မဲ့ မောင်ပိုင်တဲ့နှုတ်ခမ်း မွ"

Lay Nge

သူမ
နှုတ်ခမ်းကိုပြောရင်းနဲ့တောင်ရအောင်နမ်းသည့်မော
င်ကို မျက်စောင်းထိုးတော့ ရီသံကြီးက
ကျောချမ်းချင်စရာ။သူကြောင့် မနက်ခင်းတိုင်း
ကြည်နူးနေရတာကငြင်းဖွယ်ရာမရှိ။

ချစ်တယ်မောင်ရယ် သိပ်ချစ်လွန်းလို့
သံသယတွေဝင်နေမိပြီထင်တယ် မောင်ရယ်.....။

"ဟင် ဘယ်ရောက်သွားတာလည်း"

သူမအံ့ဆွဲကို ဖွင့်လိုက်မိရင်း
မာမီလည်ဆွဲကိုမတွေ့တော့တာကြောင့်
သူမတစ်ခြားတစ်နေရာများပြောင်းထားမိလားဆို
ကာ ရှာတော့လည်း မတွေ့။သူမ တန်ဖိုးထားရတဲ့
မာမီရဲ့တစ်ခုတည်းသောပစ္စည်းမို့ မျက်ရည်က
ချက်ခြင်းဝလာရသည်။

"ဘယ်မှာလည်း ဘယ်မှာလည်း ဟာ"

သူမအလုပ်စားပွဲတွေပေါ်ရှာတာလည်းမတွေ့။အလု
ပ်စားပွဲမှာမတွေ့တာကြောင့် ဗီရိုထဲက ရတနာဘူးထဲ

ကြည့်တော့လည်းမတွေ့။သူမ
ဘယ်နေရာရှာရှာမတွေ့တာကြောင့်
အရင်ဆုံးစိတ်ငြိမ်အောင်လုပ်ရင်း
စဉ်းစားမိလိုက်တာက....

"ဟိုသားအမိ လူယုတ်မာသားအမိ"

လို့ရေရွတ်ရင်း အခန်းအပြင်ထွက်လာလာပြီး
အောက်ထပ်ကိုပြေးဆင်းလာကာ
ညည့်ခန်းထဲဝင်လာလိုက်သည်။ညည့်ခန်းထဲဝင်လာတဲ့

သူမကို ကြည့်နေတဲ့ သားအမိနှစ်ယောက်ကို
လက်ညှိုးထိုးကာ....

"သူများလင်ကိုခိုးစားတာတင်အားမရလို့
အိမ်ကပစ္စည်းတွေပါခိုးနေပြီပေါ့ဟုတ်လား"

"ဘာ!!!"

သားအမိနှစ်ယောက်လုံး
အနာထိလို့စပ်သွားတဲ့ပုံဖြင့်
ထိုင်နေရာကမက်တပ်ထရပ်ကြသည်။

Lay Nge

"ငါ့ မာမီလည်ဆွဲပြန်ပေး ! အေးမပေးလို့ကတော့
ငါသားအမီနှစ်ယောက်လုံးကို
ရစရာမရှိအောင်လုပ်မှာနော် တောင်းတုန်းပြန်ပေး"

"ငါတို့မှမယူတာ ဘာလို့ပေးရမှာလည်း"

"မယူဘူး ဟုတ်လား နင့်တို့သားအမိကလွဲပြီး
ဒီအိမ်မှာ သူခိုးမရှိဘူး!!!"

သူမ ပျောက်တဲ့ပစ္စည်းကတစ်ခြား
ပစ္စည်းဆိုရင်တောင်သူမပြောမှမဟုတ်
မာမီလည်ဆွဲမို့ သူမပြန်ရမှာဖြစ်မှာမို့
ကြမ်းသင့်ရင်လည်းကြမ်းရမည်။

"ရတယ် မပြောကြဘူးပေါ့ မေမိုးရေ ကို
ဆီခဏလာပါဦး"

မေမိုးဆိုတာ မာမီအပျိုကတည်းဒီအိမ်မှာရှိခဲ့တာမို့
သူမကို ငယ်ငယ်ကတည်းကထိန်းလာတဲ့
မာမီပြီးရင်

မေမိုးကဒုတိယအမေလိုမျိုးဖြစ်သည်။မေမိုးလည်း
ကိုလေးခေါ်တာကြောင့် ဦးခန်းထဲကို
ချက်ခြင်းဝင်လာသည်။

"မေမိုး သူတို့သားအမိအခန်းကိုဝင်ရှာ ကို မာမီရဲ့
လည်ဆွဲပျောက်နေလို့"

"မေမိုး အခုသွားရှာပေးမယ် သမီးလေး"

မေမိုးအပြောကို ဒေါ်ခင်သန္တာ...

Lay Nge

"ရှင်က ကျွန်မ နဲ့ အစ်ကိုအခန်းကို
ဝင်ရှာမယ်ပေါ့ဟုတ်လား အိမ်ဖော်က
အိမ်ဖော်နေရာနေစမ်းပါ"

မေမိုးကို အိမ်ဖော်လို့ပြောလိုက်တာကြောင့် ကို
ဒေါသထွက်သွားပြီး
ဒေါ်မေသန္တာပါးကိုရိုက်ချလိုက်သည်။

ဖြန်း

Lay Nge

"ရှင်လို မယားငယ်မကများ မေမိုးကိုအိမ်ဖော်လို့ နှိုင်းရဲတယ်"

"သန္တာပြောတာ ဘာမှားလို့လဲ"

မနက်အစောကတည်းက လေ့ကျင့်ခန်းသွားလုပ်တဲ့ ဒယ်ဒီကဝင်ပြောတော့ သူမဒယ်ဒီဘက်လှည့်ကာ...

"မေမိုးက ကိုရဲ့အမေပဲ အိမ်ဖော်မဟုတ်ဘူး အဲတာထားပါ အခု မာမီရဲ့လည်ဆွဲပျောက်သွားပြီ အဲ့ကိစ္စ ဒယ်ဒီရှင်းပေး

Lay Nge

မာမီလည်ဆွဲပြန်မရလို့ကတော့ ကို
အဆိုးမဆိုးနဲ့နော် ဒယ်ဒီ"

"သန္တာနဲ့ သမီး မေကဘာလို့ယူရမှာလည်း သူတို့မှာ
ဒယ်ဒီဝယ်ပေးထားတာမှအများကြီး ခိုးရင်လည်း
အိမ်ကအလုပ်သမားတွေ အိမ်ဖော်ပဲခိုးမှာ
သူတို့တွေအခန်းကိုရှာရမှာ!!"

ဒယ်ဒီစကားကို ခနဲ့တဲ့ရီခြင်းဖြင့် ကိုရီကာ...

"အဟက် ဒယ်ဒီပြောတဲ့ အလုပ်သမားတွေဆိုတာ
မာမီလက်ထက်ခန့်ထားတဲ့
သူများပစ္စည်းမခိုးတက်တဲ့
စည်းကမ်းရှိတဲ့လူတွေကြီးပဲ ပြောမယ်ဆို
မိသားစုလိုတောင်ဖြစ်နေပြီ အခုဒီအိမ်မှာ
သူစိမ်းဆိုလို့ ဒယ်ဒီခေါ်တင်လာတဲ့
ဒီသားအမိပဲရှိတာ!"

"ငါ့ကိုပြန်မအော်နဲ့!!"

Lay Nge

"ဟွန်း မာမီလိုငယ်ငယ်လေးကိုပြစ်ပြီး
ဒီလိုမိန်းမကိုရွေးသွားတယ်ဆိုကတည်းက
ဒီမိန်းမရဲ့စကေး ကို သိပြီးသား သမီးက
ဒယ်ဒီလိုမဟုတ်ဘူး သူတို့လိမ့်သမျှခံနေရအောင်
မာမီက မွေးပေးခဲ့တာမဟုတ်ဘူး ကိုယ့်
ကိုလာကိုက်ရင်တော့
တုတ်နဲ့ရိုက်ထုတ်သင့်ရင်ထုတ်ရမှာပဲ"

သမီးဖြစ်သူကသန္တာ ခွေးနဲ့ နှိုင်းလိုက်တာကြောင့်
ဆွေးရိပ် ကိုပါးကို
အားပြင်းတာထက်ပိုသောရိုက်ချက်နဲ့
လက်ပြန်နှစ်ချက်ဆင့်ရိုက်လိုက်သည်။

ဖြန်း ဖြန်း

ဒယ်ဒီရိုက်ချက်ကပြင်းတာကြောင့် သူမ
ကြွေပြားပေါ်ကို
ခွေခွေလေးပစ်လဲကျသွားတော့သည်။ပါးလေးမှာ
လည်း ရိုက်ခံထားရတာကြောင့်
ရဲတွတ်နေတော့သည်။

ဆွေးရိပ်သမီးဖြစ်သူရိုင်းစိုင်းတဲ့အပြုအမူကြောင့်
နှစ်ချက်ရိုက်ယုံနဲ့ အားမရသေးပဲ

ထက်ရိုက်ဖို့လက်ရွယ်လိုက်တာကြောင့် မေမိုးက သူမရှေ့မှာဝင်ကာသည်။

"တောင်းပန်ပါတယ် အစ်ကိုကြီးရယ်
သမီးလေးကိုမရိုက်ပါနဲ့တော့ မနိပ်စက်ပါနဲ့တော့"

ဆွေးရိပ် အိမ်ဖော်မဝင်ကာလိုက်တာကြောင့်
လက်ကိုပြန်ချလိုက်ပင်မဲ့
အိမ်ဖော်မစကားကြောင့်...

"ဘာ ငါကငါသမီးကိုနိပ်စက်နေတယ်ဟုတ်လား"

မေမိုးက ဘာမှပြန်မပြောတော့ပဲ ကို
ကိုဖက်ထားလိုက်သည်။ကို
နာနေတဲ့ပါးလေးကိုကိုင်ကာ ဒယ်ဒီကို
စိတ်မကောင်းတဲ့မျက်ဝန်းတွေနဲ့တစ်ချက်ကြည့်ကာ
ဖက်ဖားတဲ့ မေမိုးလက်တွေကိုဖယ်ချပြီး
မက်တပ်ထရပ်ကာ ညှဉ်ခန်းစားပွဲပေါ် ရှိ
ပန်းအိုးကိုယူကာ....

ခွမ်း..

"အား...."

ကိုစိတ်ထဲထောင်းကနဲ့ဖြစ်သွားရကာ
မယားပါသမီးခေါင်းကို ရိုက်ခွဲချလိုက်လိုက်သည်။

"အမလေး သမီးလေး"

"ကို သမီး"

Lay Nge

ဆွေးရိပ်
သမီးဖြစ်သူရဲ့လုပ်ရပ်ကမထင်ထားတာမို့သူမှင်သ
က်နေရသည်။သူမေ့နေခဲ့သည်က*ဒယ်ဒီကျွန်မကို
တစ်ချက်ရိုက်တိုင်း
ရှင်တို့ကိုနှစ်စပြန်လုပ်မယ်*ဆိုတဲ့စကား။သမီးက
ပြောရင်ပြောတဲ့အတိုင်းလုပ်တာ သူသိသည်။

ကိုရိုက်ချက်က ပြင်းလားမပြင်းလားတော့မသိ
မေဆိုတဲ့
မိန်းမရဲ့ခေါင်းကသွေးတွေတွေထွက်လာကာ
သူ့အမေရဲ့ရင်ခွင်ထဲမှာသတိလစ်နေသည်။ကို

သတိလစ်နေတဲ့ သမီးကိုပွေ့ထားတဲ့ ဒေါ်မေသန္ဓာကို လက်ညှိုးထိုးကာ....

"အခုတော့ ရှင်သမီးကို ဆေးရုံပို့လိုက်ဦး ပြီးရင် လည်ဆွဲ ကိစ္စထက်ပြောကြတာပေါ့"

သွေးအေးစွာပြောထွက်လာတဲ့ သမီးဖြစ်သူရဲ့ ရက်စက်မှု ကို ဆွေးရိပ် ဘာမှမပြောတော့ပဲ သတိမေ့နေတဲ့ သန္ဓာတို့သားအမိနားသွားကာ...

"အစ်ကိုရယ် ဟင့်လုပ်ပါဦး သန္ဓာသမီးလေး ဟင့်"

"စိတ်အေးအေးထားနော် သမီးကိုဆေးရုံပို့ကြမယ်"

သူမရှေ့မှာအဖြစ်သည်းပြနေတဲ့
ဒယ်ဒီတို့ကိုမမြင်ချင်တော့တာကြောင့်
အပေါ်ထက်တက်ပြီး ကားသော့ယူကာ
အိမ်ရှေ့မှာရှိတဲ့ ကားပေါ်တက်ကာ
ခြံထဲကမောင်းထွက်လာလိုက်သည်။သူမ
ဒီအိမ်မီမနေချင်တော့ဘူးလို့စဉ်းစားတိုင်း
မာမီရဲ့အငွေ့အသက်တွေရှိနေပါလားဆိုတဲ့အသိနဲ့
သူမဘယ်လိုမှရုန်းထွက်လို့မရ။အခုဆို သူမဘဝမှာ

သူမသာရှိတော့သည်။ရင်ဘက်ထဲတင်းကျပ်နေတဲ့
ဝေဒနာကို ရင်ဖွင့်ဖို့ရာလည်း သူမမှာမရှိ။

"Hotel Project အဆင်ပြေရဲ့လာသား"

ည့်ခန်းထဲဝင်လာတဲ့ ဖေဖေက
သူ့ဘေးနားဝင်ထိုင်ကာမေးတော့..

"ဟုတ်ကဲ့ ဖေဖေ အဆင်ပြေပါတယ်ဖေဖေ
အလုပ်သမားတွေကမြန်ကြတယ်
အုတ်မြစ်ချတဲ့အထိရောက်နေပြီ"

Lay Nge

သားပြောတာကို ခေါင်းငြိမ့်ကာ...

"အင်း လိုအပ်တာတွေ သားပဲစီစဉ်လိုက်
ဖေဖေသားကို ယုံတယ်"

"မယုံလို့လဲရမလား ကျွန်တော်က ဒီအပိုင်းမှာ
ဖေဖေထက်သာတယ်လေ"

သူကိုယ်သူဖအေထက်သာတယ်ပြောပြီး
ပြုံးရွှင်စွာပြောနေတဲ့ သားဖြစ်သူကို ...

Lay Nge

"ငါ့မွေးလို့လူဖြစ်လာတဲ့ကောင်က"

"ကိုကို မွေးတာဟုတ်လို့လား
မမမွေးတာမဟုတ်ဘူးလား"

တူတော်မောင်ဘက်ကပါက
သူတို့နဲ့မျက်နှာခြင်းဆိုင် မှာဝင်ထိုင်ပြီး
ပြောလိုက်တဲ့ ညီမဖြစ်သူကို
*ငါကြိုးစားလို့ရတာ*လို့ပြောချင်ပင်မဲ့ အပျိုကြီး
ပြောလည်း ရှက်ပြလိုက်ဦးမဲ့ဖြစ်ခြင်း။

"အန်တီလေးပြောတာမှန်တယ်
ဖေဖေကတအားစကားတွေအပိုပြောတာ ဒါနဲ့
သားကိုဖေဖေဘယ်လိုမွေးလဲဟင်"

မျက်နာထားက
ကျန်တဲ့သူတွေနဲ့ကြတည်လိုက်တာမှ မိဘတွေနဲ့ကြ
တကယ်ကလေးဆိုးလေးဖြစ်တဲ့သားကို သူလည်း
မနဲ့ရှိရင် ငယ်တဲ့သူလို့သတ်မှတ်ကာ...

Lay Nge

"ဘယ်လိုမွေးလည်း သိချင်လား ငါပြောလိုက်ရရင်
ဆင်ဆာအခန်းတွေပါပါတော့မယ် နေတစင်း
မင်းနော်"

"သားနားထောင်ချင်တယ်ပြော
ဆင်ဆာပါလည်းဖြစ်တယ်"

"ခွေးသား "

"ဖေဖေသားပါ"

Lay Nge

နေ သားပြောမှ သူကိုယ်သူခွေးနဲ့နှိုင်းမိမှန်းသိကာ မျက်နာမဲ့သွားချိန်...

"မောင် Coffee ရပြီ"

သူမ မောင့်ရှေ့ coffee အအေးခွက်ချပေးလိုက်ပြီး မောင့်ဘေးဝင်ထိုင်လိုက်သည်။

"မ"

Lay Nge

"အင်း"

"မ သားမောင်ကိုပြောင်နေတယ်
ဖအေကိုမလေးစားဘူး"

မေမေကို ကလေးဆန်စွာပြန်တိုင်နေတဲ့ ဖေဖေကို
သူနဲ့ အန်တီလေးမယုံနိုင်စွာ ဖြစ်နေတုန်း
မေမေကလည်း
သူ့ယောကျ်ားပြောတာကိုအတည်ထင်ကာ
ဖေဖေကိုကျော်က သူကိုကြည့်လာပြီး....

LayNge

"သား
မင်းအဖေကသူငယ်ချင်းပေါင်းပေါင်းတယ်ဆိုပြီး
မလေးစားတာမျိုးလာမလုပ်နဲ့
မေမေမကြိုက်ဘူးနော် ကြားလား"

သူမေမေဆူတာကို
ခေါင်းငြိမ့်ကပြန်ပြောပြမလိုရှိသေး
ဆိုဖာဘေးနားကအလှပန်းအိုးတင်ထားတဲ့ ခုံပေါ်က
သူဖုန်းထမြည်တာကြောင့်...

Ring~~~Ring~~~~Ring

Lay'Nge

"Hello "

"……."

"ဘယ်လို ငါလာခဲ့မယ် နင်ဘယ်မှာလည်း"

"……"

"အင်း ဟုတ်ပြီ အဲ့မှာပဲစောင့်နေနော်"

Lay Nge

"....."

"ငါလာပြီ"

တစင်း ကိုဘက်ကဖုန်းချသွားတယ်ဆို
ထိုင်ရာကချက်ခြင်းမက်တပ်ရပ်ကာ...

"ဖေဖေ မေမေ သားအပြင်သွားလိုက်ဦးမယ်"

LayNge

လို့ပြောကာ ချက်ခြင်းပြေးထွက်သွားတဲ့
သားကြောင့် သူမ မောင့်ကိုကြည့်ကာ...

"မောင် သားကခြယ်လေးဆီသွားတာလား
ပြေးထွက်သွားလိုက်တာများ"

"မောင်ကတော့မထင်ဘူး ခြယ်လေးကို
သားကသိပ်အရေးပေးတာမဟုတ်ဘူး
အခုတစ်ယောက်က အရေးပါတယ်ထင်တာပဲ"

"မောင် ခြယ်လေး နဲ့ သား ကို သဘောတူလား"

Lay Nge

မ မေးတာကိုသူချက်ခြင်း ခေါင်းရမ်းလိုက်ပြီး...

"သဘောမတူဘူး
သားကလည်းကြိုက်မှာမဟုတ်ဘူး ဘာလို့ဆို
ခြယ်လေးရည်းစားရှုပ်တာမောင်သိတယ်
မောင်တစ်နှစ်တစ်ခါ သားကိုသွားကြည့်တိုင်း
ရည်းစားကတစ်ယောက်ပြီးတစ်ယောက်ပဲ ပြီးတော့
သားရွေးချယ်တဲ့မိန်းကလေးက မလို့အေးချမ်းတဲ့
မိန်းကလေးမဟုတ်ရင်တောင်

Lay Nge

သားတစ်ယောက်ထဲကိုချစ်တဲ့သူနဲ့ပဲတွေ့စေချင်တ
ယ်"

သူမ အဖေတစ်ယောက်ရဲ့ မေတ္တာတရားကို
နားလည်တာကြောင့် မောင့်ပြောတာတွေကို
လက်ခံမိသည်။မောင့်ရဲ့ သားအပေါ်ထားတဲ့
မေတ္တာတရားက ဘယ်လောက်ထိရှိလည်းဆိုရင်
မောင်ပြောသွားတဲ့
စကားတွေကသက်သေပင်။သူမနဲ့
သားအတွက်တော့ ဒီလူသားရဲ့
မေတ္တာရိပ်အောက်မှာ တစ်သက်တာခိုလှုံရင်း။

မေလက်ရာ အစ်ကိုဖြစ်သူရဲ့
သားဖြစ်သူအပေါ်ထားတဲ့ မေတ္တာတရားကို မြင်ပြီး
ပြုံးမိသည်။တစ်ချိန်က ထောင် နဲ့ အိမ်ကို
တစ်လှည့်စီနေနေတဲ့ကိုကိုက အခုတော့
မိဘနေရာရောက်ပြီး
ဒယ်ဒီကိုနားလည်သွားပြီထင်ပါရဲ့။

~~~~~~~~~~~ ♡ ♡ ~~~~~~~~~~~ ♡
♡ ~~~~~~~~~

LayNge
~~~~~~~~~~~

A/N: မတူညီတဲ့ မိသားစုနှစ်ခုရဲ့
ကွားခြားမှုကိုထင်ဟက်စေဖို့ နဲ့
ချစ်ခြင်းမေတ္တာဆိုတာ ကိုပဲပုံဖော်ထားတဲ့အတွက်
ဘယ်သူတစ်ဦးတစ်ယောက်ကိုမှထိခိုက်လိုစိတ်မရှိ
ပါ 🌷 🌷

နေ နဲ့ နေတစင်း တို့နှစ်ယောက်က သူတို့ရဲ့
မိန်းကလေးတွေကို တန်ဖိုးထားမှုမတူညီတာရယ်
ပြီးေ့
သားအဖနှစ်ယောက်ဘယ်သူကပိုချစ်တက်လည်း
ဆိုတာကို စောင့်ဖက်ပေးကြပါဦးနော် 🌷 🌷

Lay Nge

Reader တစ်ယောက်ခြင်းဆီတိုင်းက ကိုယ့်ရဲ့အချစ်တွေပါ🥹🥹

ဇာတ်ကွက်တွေက ပြောင်းတာတွေရှိမှာမို့နောက်အပိုင်းတွေမျှော်🥹

နေမင်းလက်ရာကို ပို့ချစ်ကြတာ comment တွေကသက်သေ🫶🫶

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_10

☕ B Love coffee & cake ☕

ဆိုတဲ့ဆိုင်ရှေ့မှာကားကိုထိုးရပ်ပြီး
ကားပေါ်ကဆင်းကာ ကားကို Lock
ချလိုက်သည်။ကား Locke ချပြီးတယ်ဆို
ဆိုင်ထဲဝင်လာပြီး ကောင်တာမှာ coffee ဆိုင်ရဲ့ VIP

Lay Nge

အခန်းကို သူမပြောတဲ့အတိုင်းမေးကာ card
ယူလနုက်သည်။Card ယူပြီးတယ်
ဆိုင်ဝန်ထမ်းလိုက်ပြတဲ့အခန်းရှေ့ရောက်တယ်ဆို
ကျေးဇူးတင်ကြောင်းပြောပြီး
အခန်းထဲဝင်လာလိုက်သည်။VIP
အခန်းဆိုသည့်အတိုင်း အထဲမှာက
ဝါးလုံးအိမ်ပုံစံလေးကိုမှ ထိုင်ခုံစားပွဲကအစ
ဝါးနဲ့လုပ်ထားပုံက
သဘာဝဆန်လှသည်။သူမြန်မာအနုပညာလက်ရာ
ကို
တကယ်သဘောကျသည်။သူကိုကျောပေးကခုံမှာ
ထိုင်နေတဲ့ ကိုရှေ့မက်တပ်သွားရပ်လိုက်ပြီး.....

"နင်ဘာဖြစ်လို့လည်း အဆင်ပြေရဲ့လား"

သူမေးလိုက်တယ်ဆို မျက်ရည်တွေနဲ့
မော့ကြည့်လာတဲ့သူမက ထိုင်ရာမှထကာ
သူကိုဖက်ပြီး ငိုတော့သည်။

"ဟင့် ဟီး ဟင့် ဟီး"

Lay Nge

သူကိုဖက်ပြီး
ငိုနေတဲ့ပုံစံကတော်တော်ခံစားနေရတဲ့ပုံပေါက်တာ
ကြောင့် သူမကိုပြန်ဖက်ထားလိုက်သည်။

"ဘာဖြစ်တာလည်း ဘယ်သူအနိုင်ကျင့်လို့လဲ"

"ဟင့် ငါလေ ငါအရမ်းပင်ပန်းနေပြီသိလား
ဟင့်ဟီး"

သူကိုဖက်က ရင်ဖွင့်နေတာကြောင့်
သူငြိမ်သက်စွာနားထောင်ပေးနေလိုက်သည်။

"ဒယ်ဒီက ငါ့ကိုမချစ်ဘူးသိလား ဟင့် မိထွေး နဲ့
မယားပါ သမီးဘက်ကအမြဲရပ်တည်တယ် ဟင့်
ငါဝမ်းနည်းတဲ့အခါတိုင်း
တစ်ယောက်ထဲခံစားခဲ့ရတယ် ဟင့် ဟီး"

ကလေးတစ်ယောက်လိုငိုနေတဲ့ ကို ကိုကြည့်ပြီး
သူစိတ်မကောင်း။သူမမိသားစုကြောင့်ခံစားနေရတဲ့
အနေအထား သူနားမလည်ပင်မဲ့
တော်တော်ခံစားနေရတာသူသိသည်။

Lay Nge

"တိတ်နော် နင့်ဘက်မှာငါရှိတယ် ဟုတ်ပြီလား
နင်လိုအပ်ချိန်တိုင်းရှိနေပေးမယ်နော်"

သူပြောတော့ သူမက ဖက်ငိုနေရာက
မျက်နာလေးမော့ကြည့်လာတာကြောင့်
သူကြည့်လိုက်တော့ ပါးနှစ်ဖက်မှာ
ရဲနေတာကြည့်လို့တောင်မကောင်း။သူ
ဖက်ထားရာက ခွာလိုက်ပြီး ပါးလေးကို ကိုင်တော့
သူမမျက်နာလေးမဲ့သွားတာကြောင့်....

"တော်တော်နာနေမှာပဲ ငါကြက်ပူထိုးပေးမယ်နော်"

လို့ဆိုကာ T_Shirt အပေါ်ထပ်ဝတ်လာတဲ့ Shirt
လက်ရှည်ကိုခွတ်ကာ အင်္ကျီကိုလုံးလိုက်ပြီး
အာဇွေပေးကာ သူမပါးလေးကို
ကြက်ပူထိုးပေးနေသည်။

သူမအပေါ် ဂရုစိုက်နေတာကြောင့်ပိုဝမ်းနည်းကာ...

"ဒယ်ဒီက သူ့မိန်းမနဲ့ မယားပါ ဟင့် သမီးကိုပြောလို့
ငါ့ကိုရိုက်တာ ဟင့် ဟီး နာတယ်
ရင်ဘက်ထဲကကိုနာတာ ဟီး"

"ဘယ်လို"

သူကြက်ပူထိုးပေးနေရင်းနဲ့
*ဒယ်ဒီရိုက်တာ*ဆိုတာကြောင့်
အံ့သြသွားရသည်။အဖေအရင်းတစ်ယောက်လုံးက
သမီးအရင်းကို
ဒီလောက်တောင်လက်ပါတယ်တဲ့လား။သူဆို
ဖေဖေက အဲလိုရိုက်ဖို့နေနေသာသာ
လက်နဲ့တောင်မရွယ်ဘူး။သူမ ဒယ်ဒီက
တော်တော်ရက်စက်ပါလားတောင် တွေးမိသည်။

Lay Nge

"ဘာမှမဖြစ်ဘူးနော် နင့်မှာငါရှိတယ်သိလား"

သူမ စိတ်တွေလျော့ချလိုက်ကာ
သူကိုတင်းနေအောင်ဖက်ထားလိုက်သည်။ဟုတ်တယ်
ငါမှာသူရှိတယ်ဆိုတဲ့အသိနဲ့တင်သူမအတွက်သူကအားကိုးရာတစ်ခုဖြစ်နေခဲ့ပြီ။

LayNge

သူမကို 2နာရီလောက် ဖြေသိမ့်ပြီးနောက်
သူမလည်းအငိုရပ်တော့မှာ သူလည်း
သူမနဲ့မျက်နာချင်းဆိုင်းဝါးခုံမဝင်ထိုင်ကာ...

"နင်စိတ်တော်တော်ညစ်နေမှာ သိတယ်ရဒါပင်မဲ့
ဆိုးတာဖြစ်ပြီး ကောင်းတာလာမှပါ"

"ငါ့ မာမီလည်ဆွဲပျောက်နေတယ်
အဲတာကိုသာပြန်မတွေ့ရင် ငါ့ရူးလိမ့်မယ်"

"သူတို့ သားအမိယူတာသေချာလား"

"အင်း သူတို့က အလောင်းကစားလုပ်တယ်လို့
ငါ့မိတ်ဆွေတွေပြောတာကြားဖူးတယ်
သူတို့ပိုက်ဆံလိုလို ရောင်းလိုက်ပြီလားမသိဘူး
ဘယ်လိုရှာရမလည်း"

"စိတ်ကိုအေးအေးထား ငါလည်းဝိုင်းကူပါ့မယ်
တစ်မြို့လုံးကရွှေဆိုင်တွေမှာလိုက်ရှာကြတာပေါ့
နင်မှာဓာတ်ပုံတွေဘာတွေရှိလား"

သူမေးတာကို သူမကခေါင်းငြိမ့်ပြသည်။သူက
အဆင်ပြေမှာပါဆိုတဲ့ပုံစံနဲ့
အားပေးသည်။သူမအခုလို
စိတ်ဒုက္ခရောက်တဲ့အချိန်မှာ အနားမှာသူရှိတာ
အနည်းငယ်တော့စိတ်သက်သာရခဲ့သည်။အရင်က
သူမ ချစ်သူဖြစ်တဲ့
ကိုကြီးရှေ့မှာတောင်မျက်ရည်မကျတဲ့သူမကအခု
တော့။

"တီတီ"

LayNge

သဘာဝအပေါ်ထက်ကဆင်းလာရင်း

ခေါ်သံကြောင့်ကြည့်လိုက်တော့...

"ခြယ်လေး လာလည်တာလားသမီး"

ခြယ် ခေါင်းရမ်းကာ ...

"နေတစင်းရော တီတီ"

Lay Nge

"သား
မနက်ကတည်းကထွက်သွားတာအခုထိပြန်မလာ
သေးဘူး သမီး

"ဟုတ်လား သမီးက
သူငယ်ချင်းဆေးရုံတက်နေရလို့သွားမလို့
သူ့ကိုအဖော်လာခေါ်တာ"

သဘာဝ ခေါင်းသာငြိမ့်လိုက်ပင်မဲ့
သားကရှိနေလည်းလိုက်မှာမဟုတ်တာသူမသိတာ
ပေါ့။သားကို

LayNge

သူမခြယ်လေးအကြောင်းတွေမေးတိုင်း
နေထိုင်မှုပုံစံကိုမကြိုက်ကြောင်းအမြဲပြောသည်။

"တီတီ ဒါဆိုခြယ်ပြန်တော့မယ်
တီတီနောက်ကျမှအားရင်လာလည်ပါမယ်"

"ဟုတ်ကဲ့ပါရှင့်"

ထွက်သွားတဲ့ခြယ်လေးကျောပြင်ကို ကြည့်ကာ
သက်ပြင်းချကာလိုက်ပြီး နေ့လည်ရောက်ပြီမို့

Lay Nge

မောင်အတွက်ထမင်းချိုင့်သွားပို့ ပြင်ဆင်ဖို့
ထမင်းစားခန်းထဲဝင်လာတော့သည်။

ကျွီး.....

နေ Computer မှာအာရုံစိုက်ပြီး စရင်းစစ်နေတုန်း
အသံမပေးပဲတံခါးဖွင့်လာတာကြောင့်
မော့ကြည့်လိုက်တော့ ဦးထုတ်ကို
ငိုက်ထားတာကြောင့်မျက်နာကို
မမြင်ရ။လက်ထဲမှာလည်း coffee ခွက်ကို

ကိုင်ထားသေးသည်။သူထိုင်နေရာမှမက်တပ်ထားရပ်ပြီး....

"မင်းဘယ်သူလဲ
ငါ့ရုံးခန်းထဲလက်လွတ်စပွဝင်လာတာလဲ
တံခါးခေါက်ရမယ်ဆိုတာမသိဘူးလား"

သူပြောတာကို ဘာမှပြန်မပြောပဲ Coffee
ခွက်ကိုသာ သူ့ရှေ့ကိုထိုးပေးနေသည်။သူကမယူပဲ...

"မင်းမျက်နာမော့စမ်း ဘယ်သူလည်း"

သူမျက်နာမော့ခိုင်းတာကို မော့မလာတာကြောင့်
ဒေါသထွက်လာကာ ဦးထုတ်ကိုဆွဲချွတ်လိုက်တော့
ယောကျ်ားလေးပုံစံမို့ ယောကျ်ားလို့ထင်ခဲ့ပင်မဲ့
မြင်လိုက်ရတာကြောင့်....

"မင်းက တော်တော်ပြောရဆိုရခက်ပါလား
ငါလူစကားပြောနေတာနားမလည်ရအောင် မင့်က
ဘယ်သတ္တဝါ ကမွေးထားတာလည်း ဟမ်!!!"

Lay Nge

လွှာ လူကြီးပြောသမျှကို နားထောင်နေရာက
သတ္တဝါဆိုတဲ့စကားကြောင့်...

"လူကြီး!!"

သူပြောတယ်ဆို
ထအော်တဲ့မိန်းကလေးအနားကိုလျှောက်သွားကာ
မျက်ခုံးပင့်ပြပြီး....

"အနာထိလို့စပ်သွားတာလား မိမဆုံးမဖမဆုံးမ!!!"

Lay Nge

တစ်လုံးခြင်းပြောထွက်သွားတဲ့စကားတွေရဲ့နောက်
မှ သူမနှလုံးသားက ခံနိုင်ရည်မရှိတော့ပင်မဲ့
သူမအားတင်ကာ..

"ပြောပါ
ကျွန်မကလူကြီးကိုချစ်တဲ့လူဆိုတော့ပြောသမျှ
ခံနေရမှာပဲ ဒါပင်မဲ့
စကားပြန်ပြောတာနဲ့တင်ကျေနပ်တယ်"

"မကျေနပ်ရင်လည်း စောက်ဂရုမစိုက်ဘူး
ရှင်းလား!!! မင်းဟာက

အိမ်ထောင်သည်ယောကျ်ားတစ်ယောက်ကိုကွာ
မင်းအဆင့်ဘယ်ထိရောက်နေပြီလည်း သိလား"

သူပြောတာကို မထိတထိနဲ့ လုပ်နေတာကြောင့်
မပြောတော့ဘူးဆုံးဖြတ်ထားတဲ့
စကားကတားမရဆီးမရထွက်လာတော့သည်။

"အခမဲ့ ပြည်တန်ဆာ!!!"

သူမဒီလောက်ရက်စက်တဲ့စကားထွက်လာမယ်မထ
င်ခဲ့တာကြောင့် ပြောလိုက်ခြင်းဖြစ်သည်။လူကြီးရဲ့

စကားကို ခံနိုင်ရည်မရှိစွာလက်ထဲကကိုင်ထားတဲ့
Coffee ခွက်ပစ်ကျသွားတော့ လူကြီးရဲ့
အင်္ကျီတွေပါပေကုန်တော့ သူမကို
ရိုက်သက်မဲ့အတိုင်း ကြည့်လာတဲ့
စိမ်းသက်တဲ့အကြည့်တွေနဲ့အတူ....။

"မင်း တောက်စ် တော်တော်စောက်ဒုက္ခပေးတယ်!!
"

"မဟုတ်ဘူး လူကြီး
လွှာတမင်လုပ်တာမဟုတ်ပါဘူးလူကြီးရယ် ဟင့်"

လူကြီးသူမကို စိတ်ပျက်သွားမှာကို
ကမ္ဘာကြီးပျက်မှာထက်ပိုကြောက်နေမိသည်။လွှာ
လူကြီး အလုပ်စားပွဲ ပေါ်က ပုဝါကိုယူကာ
လူကြီးရင်ဘက်ကိုသုတ်ပေးတော့...

နေ
သူကိုလာသုတ်ပေးတဲ့လက်ကိုဖြုတ်ချမလိုပြင်လို
က်စဉ် ပုဝါကိုကြည့်လိုက်တော့
သူမအားတဲ့ကြားက မကို
ချစ်သက်လက်ဆောင်ပေးဖို့ထိုးထားတဲ့ပုဝါ။ပုဝါ

လေးမှာ *မ*ဆိုတဲ့
နာမ်စားလေးကိုထိုးထားသည်။သူဒေါသက
ဘယ်အထိရောက်သွားလဲ မသိယောကျ်ားတွေ
မိန်းမတွေမမြင်နိုင်တော့တဲ့ အထိဖြစ်သွားကာ
သူရှေ့ကကောင်မရဲ့ပုခုံးနှစ်ဘက်ကိုင်ကာ..

"မင်းအတိုင်းအတာ ကျော်လွန်သွားပြီ!!"

ဆိုကာ ပုခုံးကိုကိုင်ထားတဲ့ လက်တစ်ဖက်ကို
မြှောက်လိုက်ကာ ပါးရိုက်ဖို့အလုပ် သူလက်ကို
ဆွဲထားတဲ့ အရိပ်လေး...

သူမ မောင်ရုံးခန်းထဲဝင်လာတယ်ဆို
တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် ဆွဲခြင်းလေးကို
ချလိုက်ကာ ဒေါသထွက်ပြီးရိုက်ဖို့လက်ရွယ်နေတဲ့
မောင့်အနားသွား မောင့်လက်ကို
ဆွဲထားလိုက်သည်။

"မောင် ဘာလို့လက်ပါချင်နေတာလဲ"

"တောက်စ် ဒီကောင်မ !!! "

Lay Nge

သူအရှေ့ကမိန်းမကို ပုခုံးကိုကိုင်ထားတဲ့
လက်တစ်ဖက်နဲ့ စောင့်တွန်းလိုက်တော့
အနောက်ကိုယိုင်သွားပင်မဲ့ လဲတော့မကျပေ။

"မင်းလက်ထဲက ပုဝါက
ငါ့မိန်းမကိုချစ်သက်လက်ဆောင်ပေးချင်လို့
အလုပ်တွေတန်းစီနေတဲ့ကြားထဲက
ငါထိုးထားတာကွ မင်းသိလား ဟမ် အခုတော့
အရောင်တွေစွန်းကုန်ပြီ မင်းကြောင့် ဟာ တောက်စ့်
ဟင်"

သူဒေါသထွက်နေတုန်း သူပါး
ခပ်နွေးနွေးဖြစ်သွားတာကြောင့်
မကိုကြည့်လိုက်တော့ ပြုံးပြနေသည်။ဒါဆို
သူပါးကိုသူမ နမ်းလိုက်တာပေါ့။သူ့ဒေါသတွေ
ဘယ်ဆီကိုထွက်သွားမှန်းတောင်မသိတော့။

လွှာ သူမရှေ့မှာတင် လူကြီးပါးကိုနမ်းလိုက်တဲ့
မိန်းမကို လက်ညှိုးထိုးကာ...

"ရှင်အရှက်မရှိဘူးလား'

Lay Nge

"အရှက်မရှိတာ ငါ့လားမင်းလား"

သဘာဝပြန်ပြောလိုက်တယ်ဆို
လွှာခံရခက်သွားပင်မဲ့ လူကြီးကလွဲကျန်တဲ့သူကို
သည်းခံဖို့စိတ်ကူးမရှိတာကြောင့်...

"ရှင်ကအသက်ကြီးပြီး...."

"ငါ့ယောကျ်ားကိုငါ
နမ်းတာထက်ပိုတာတောင်လုပ်ခွင့်ရှိသေးတယ်"

Lay Nge

"အေး ရှင့်အလှည့်ဆိုတော့ ရှင်ပြောထားဦးပေါ့
လူကြီး ကျွန်မဆီရောက်လာတဲ့တစ်နေ့ ရှင်နဲ့
ကျွန်မနဲ့တွေ့မယ်"

လို့ပြောကာ သူရုံးခန်းခန်းထဲကနေ
ဝုန်းဒိုင်းကျဲကာထွက်သွားတော့သည်။သူမ
ထိုမိန်းကလေးထွက်သွားမှ
မောင်ဘက်လှည့်ကစကားပြောမလို့ရှိသေး
ပြီးပြီးကြည့်နေတဲ့မောင်
ခဏကသူမဟုတ်တော့တဲ့အတိုင်း။

Lay Nge

"အူတိုနေတာလေး ချစ်စရာလေး မောင့်မိန်းမလေး"

သူမ မောင့်ကိုပြုံးပြကာ...

"မောင် အကျိုပေနေတယ် အရင်လဲလိုက်ပါလား
ထမင်းမစားခင် အအေးပတ်မယ်"

သူမပြောမှာ သူထိုးထားတဲ့ပုဝါလေး
ဟိုမိန်းမဆီပါသွားမှန်းသတိရကာ..

"မ မောင်ထိုးထားတဲ့ပုဝါပါသွားပြီး
သွားပြန်ယူမယ်"

ပြောကာထွက်သွားမလို့ရှိသေး
သူလက်ကိုပြန်ဆွဲကာ သူရင်ခွင်ထဲဝင်လာတဲ့
မကြောင့် သူပြန်ဖက်ထားလိုက်သည်။

"မောင်ထားလိုက်တော့ တောင်းမနေနဲ့တော့
မောင့်နှလုံးသားတစ်ခုလုံး
သဘာဝကိုပေးထားတာပဲ ကျန်တာမလိုတော့ဘူး

စိတ်ကိုအရမ်းတင်းမထားနဲ့ မောင်ပင်ပန်းတယ်
မောင့်ကိုအမြဲယုံတယ်"

သူ ဗေဒါရောင် မြန်မာဝတ်စုံလေးနဲ့
အလှကြီးလှနေတဲ့ မရဲနဖူးလေးကို
ဖိကပ်နမ်းလိုက်ပြီး ပါးလေးကို ငုံနမ်းကာ.....

"ဟုတ်ပါပြီး မောင့်မိန်းမလေးက
စကားတက်လိုက်တာ တော်သေးတယ်
သမီးလေးမွေးမထားလို့တော်ကြမောင်
အဲလိုမျိုးသာဆို ရင်ကျိုးရမှာ"

Layige

မောင်တစ်ယောက်ကတော့လေ

တွေးလည်းတွေးတက်ပါ့။သူမမောင်ရင်ခွင်ထဲကထွ

က်ကာ မောင်နဲ့ အတူတူ အဝတ်အစားလဲဖို့

နားနေခန်းဆီကိုထွက်လာလိုက်သည်။နားနေခန်း

ရောက်တယ်ဆို သူမက အဝတ်ဗီရိုကို ဖွင့်ကာ Suit

နက်ပြာရောင်ကိုထုတ်လိုက်ပြီး ဗီရိုကိုပြန်ပိတ်ကာ

မောင့်ဘက်လှည့်တော့

မောင့်ကအင်္ကျီချွတ်နေသည်။ သူမထုတ်ထားတဲ့

အင်္ကျီတွေကိုကုတင်ပေါ်တင်ကာ

မောင့်အနားသွားပြီး

ကြယ်သီးတွေဖြုတ်ပေးလိုက်သည်။

ကြယ်သီးတွေဖြုတ်ပေးနေတဲ့ ချစ်ဇနီးလေးရဲ့
ဇနီးဝတ္တရားကျပွန်မှုလေးကြောင့်
အချစ်လည်းပိုရသလို
မြတ်နိုးမှုလည်းဖြစ်ရသည်။သူမမောင့် Shirt
ချွတ်ပြီးတော့ ကုတင်ပေါ်တင်ထားတဲ့
အင်္ကျီယူဖို့အလှည့်
မောင်ကစွေ့ကနဲ့ပွေ့လိုက်တာကြောင့်.....

"မောင် "

Lay Nge

"ဟွန်း လူကိုအသဲယားအောင်လုပ်တာ
စိတ်ကထိန်းရတာမဟုတ်ဘူး အခုတော့ မ အပြစ်နဲ့
မပဲ"

သူမကို မွေ့ယာပေါ်တင်ပြီး
အပေါ်ကနေအုပ်မိုးလိုက်တဲ့ မောင့်ကြောင့်...

"မောင် ဟင် အင်းနော် မရဘူး"

"ရတယ်လုပ်လိုက်ကွာ ဒီအခန်းမမှတ်မိလား"

Lay Nge

"ဘာကို"

ပြူးကြောင်ကြောင်လေး မေးနေတဲ့သူမကို
ရီဝေတဲ့မျက်ဝန်းတွေနဲ့ကြည့်ကာ...

"မောင့်မွေးနေ့ညကလေ သိတယ်ဟုတ်"

မောင်ပြောတာကို
သတိရသွားကလမျက်နာလေးရဲတက်လာပြီး
လူယုတ်မာအပြုံးနဲ့ကြည့်နေတဲ့ မောင်ကို
မျက်စောင်းထိုးလိုက်သည်။

"အင့်"

လည်တိုင်လေးကို နမ်းနေတဲ့မောင့်ကြောင့် သူမ သူလက်မောင်းကိုသာကိုင်ထားလိုက်သည်။သူ လည်တိုင်လေးကတစ်ဆင့်အပေါ်ပြန်တက်လာပြီး နှုတ်ခန်းလေးမှာ စခန်းချပြန်သည်။

"အွန့်"

သူမကို
ထိတွေ့နေရတာသူကြိုက်သည်။သူမကသူအတွက်
ရိုးအီသွားတယ်ဆိုတာမရှိ။တစ်နေ့တစ်ခြားပိုပြီး
တောင် ထိတွေ့လာချင်သေးသည်။ဒါကလည်း
သူမတစ်ယောက်ထဲပေါ်မှာပင်။

ဒီမိန်းကလေးတစ်ယောက်ထဲကိုသာချစ်ခဲ့မိလို့
သေဆုံးတဲ့အထိလဲ သူမတစ်ယောက်ထဲနဲ့ပဲ.....။

~~~~~~~~~ 🌷 🌷 ~~~~~~~~~ 🌷 🌷 ~~~~
~~~~

နေစကားတွေကရိုင်းတာမှန်ပင်မဲ့
သူဘက်ကကြည့်ရင်တော့မှန်တယ်မဟုတ်လား 🤍
🌷

သူချစ်ရတဲ့ မိန်းမတစ်ယောက်ထဲကိုသာ
ဘယ်အရွယ်ရောက်ရောက်ချစ်နေတဲ့
ယောကျ်းမျိုး 🌷

💐 လိုချင်နေတာသူ့လိုလူမျိုး 💐

OBJ

📔 The Sun Of Flower {Season 2} 📔

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_11

Lay Nge

မာမီလည်ဆွဲပျောက်ပြီး 5ရက်ကြာပြီးနောက် သူမ
ရိုက်ခွဲလိုက်လို့ဆေးရုံရောက်သွားတဲ့
မေဆင်းရုံကဆင်းလာသည်။သူမဘာသာ
အခုမှဆေးရုံဆင်းတာတွေ
ဘာတွေသူမမသိ။အခုထိရှာမတွေ့သေးတဲ့ သူမ

မာမီရဲ့လည်ဆွဲ။သူမည့်ခန်းထဲဝင်လာတဲ့
မေတို့ကိုတွေ့တယ်ဆို ထိုင်ရာက
မက်တပ်ထရပ်ပြီး....

"ကျွန်မ မာမီလည်ဆွဲဘယ်မှာလည်း အခုပြော
ရှင်တို့ကို အချိန် 5ရက်ပေးပြီးပြီ"

အခုမှဆေးရုံကဆင်းလာတဲ့ သူကို
စစ်လားဆေးလားလုပ်နေတဲ့ သမီးကို....

"လင်းရိပ်ကို သမီးမှာကိုယ်ချင်းစာတရား
မေတ္တာတရားခေါင်းပါးနေပါလား"

"ခေါင်းပါးသင့်ရင် ခေါင်းပါးရမှာပဲ
အဲလိုခေါင်းပါးအောင် ဒယ်ဒီသင်ပေးခဲ့တာ"

"သမီး!!!"

ကို ဒယ်ဒီကိုဆက်ပြောမနေတော့
ဟိုသားအမိကိုကြည့်ကာ...

Lay Nge

"မာမီ လည်ဆွဲဘယ်မှာလည်း
လင်လုရတာကျေနပ်ရောပေါ့ ဘာလို့
သေသွားတဲ့လူရဲ့
ပစ္စည်းတောင်လုချင်နေရတယ်လည်း "

"လင်းရိပ်ကို!!!!!"

"ပြော မာမီလည်ဆွဲဘယ်မှာလည်းပြော
မပြောဘူးလား ဟမ် ကလိမ်ကကျစ် သားအမိ
သူခိုးသားအမိ လင်လည်းခိုး ဥစ္စာပစ္စည်းလည်းခိုး"

Lay Nge

ဒယ်ဒီ ဘယ်လောက်အော်အော် သူမ
မကြားချင်ယောင်ဆောင်ကဆက်ပြောသည်။သူမ
အခုအချိန်မှာ မာမီလည်ဆွဲပြန်တွေ့ဖို့က နံပတ် 1
ဖြစ်နေတာကြောင့်...

"ဒါဆိုလည်း
တရားရုံးကဆင့်ခေါ်စာစောင့်နေလိုက်ကြ
တရားဥပဒေအရဖြေရှင်းကြမယ်"

လို့အပြတ်ပြောကာ
ဒယ်ဒီတို့အရှေ့ကနေသူမလှည့်ထွက်လာလိုက်သည်

။ပင်ပန်းနေလားလို့မေးလာခဲ့ရင်
ပင်ပန်းနေပြီတကယ်ပင်ပန်းနေခဲ့ပြီ။မာမီရယ်
ထွက်သွားတာသမီးကိုဘာလို့ခေါ်မသွားတာလဲ။
လောကဓံရဲ့ရိုက်ခတ်မှုတွေဘယ်အချိန်ထိ
သည်းခံနေရဦးမှာလည်း။

"သူ့ဌေးလေး !!"

အလုပ်သမားတစ်ယောက်ကအတင်းပြေးလာပြီး
သူ့ကိုခေါ်တာကြောင့်
ထိုင်နေရာကထမက်တပ်ရပ်လိုက်ပြီး....

"ဘာဖြစ်လို့လဲ"

"မောင်ကြီး အုတ်ထမ်းရင်မူးလဲသွားလို့"

"ဗျာ ! ဒါဆို ဆေးရုံကားခေါ်ပေးမယ်
အဲကမူးလဲနေတဲ့သူကို ထမ်းလာခိုင်းလိုက်"

သူလည်း ချက်ခြင်းဆေးရုံဖုန်းကိုဆက်က
ဆေးရုံကားခေါ်လိုက်ရသည်။ခဏကြာတယ်ဆို
ဆေးရုံကရောက်လာပြီး မူးလဲတဲ့

Lay Nge

အလုပ်သမားနဲ့အတူ
တခြားအလုပ်သမားနှစ်ဦးပါထည့်ပေးလိုက်သည်။
သူအလုပ်သမားဝဦးလောက် မရှိတော့တာမို့ Hotel Project ကိုကြာမှာဆိုးတာကြောင့် အပေါ်က Shirt လက်ရှည်မီးခိုးရောင်ကို ချွတ်ကာ
စားပွဲပေါ်တင်ကာ T_Shirt အနက်လက်တို နဲ့ ဘောင်းဘီအတို အတိုင်း နေပူထဲဆင်းလာကာ
အုတ်ဝင်ထမ်းဖို့လုပ်တော့..

"ဟာ သူ့ဘွေးလေးမလုပ်ပါနဲ့"

"မလုပ်ပါနဲ့ ဗျာ"

အလုပ်သမားတွေဝိုင်းပြောနေကြတော့လဲ
သူဖေဖေ စိတ်ပျက်သွားမှာဆိုးတာကြောင့်...

"ရတယ် ဘာမှမဖြစ်ဘူး ကျွန်တော်ပုခုံးပေါ်
အုတ်တင်ပေး"

အလုပ်သမားတွေလည်း မျပ်စိပျက်မျက်နာပျက်နဲ့
သူပုခုံးပေါ်ကို
အုတ်တွေတင်ပေးကြသည်။သူဒီလိုအလုပ်ကြမ်း

LayNge

တွေ့မလုပ်ဖူးပင်မဲ့ အခုလိုဝင်လုပ်တော့
အလုပ်သမားတွေအပေါ်ကိုယ်ချင်းစာမိသည်။သူပ
ထမက 5လုံးလောက်သယ်နေပင်မဲ့ နောက်ပိုင်း
အလုပ်သမားတွေနဲ့ တန်တူထမ်းတော့သည်။

ကို Hotel Project ကို
သူမမလာတဲ့ရက်အတွင်းအဆင်မပြေမှာဆိုးလို့လာ
ကြည့်ရင်း တစင်းကို နားဖို့ယာယီဆောက်ထားတဲ့
ထဲဝင်လာတော့ စားပွဲပေါ်မှာ
အကျီတစ်ထည်အပြင်ဘယ်သူမှမရှိ။သူမ
တစင်းကိုမတွေ့တာကြောင့်
အနီးအနားကအလုပ်သမားလေးကို

လမ်းခေါ်လိုက်တော့ လုပ်နေတဲ့
အလုပ်ကိုချထားကသူမဆီရောက်လာသည်။

"မမ လေးဘာခိုင်းချင်လို့လည်းဗျ"

"ဟို တစင်း အော်
နေလက်ရာကတာဝန်ရှိသူဘယ်မှာလဲ
သူမလာတာလား"

"မမလေးမလာတဲ့ရက်တွေမှာ
သူ့ဆွေးလေးပုံမှန်လာပါတယ် အခု

Lay Nge

အလုပ်သမားတစ်ယောက်မူးလဲသွားတာဆေးရုံပို့
လိုက်ရလို့ သူ့ဌေးလေးက အဲ့အလုပ်သမားနေရာမှာ
အုတ်ဝင်ထမ်းနေပါတယ်"

"ဘယ်လို!!"

သူမ အံ့ဩလို့မဆုံး
တစင်းကအုတ်ထမ်းနေသည်တဲ့။သူမကြားဖူးသ
လောက်ကတော့ နေလက်ရာမိသားစုက
အရမ်းချမ်းသာတာပါ။နေလက်ရာ ရဲ့ပဲ့ကိုင်ရှင်
ဦးနေမင်းကမွေးထားတာ သားနဲ့

Ley Nge

သမီးနှစ်ယောက်ထဲ။သမီးကအပျိုကြီး

သားကလည်း

သားလေးတစ်ယောက်ပဲမွေးထားတာ။တစင်းလို

ရွေ့ဇွန်းကိုက်ပြီး မွေးလာတဲ့သူက

ဒီလိုအလုပ်တွေကိုလုပ်နိုင်တာသူမ မယုံချင်။

"အခု သူဘယ်မှာထမ်းနေတာလဲ"

"မမလေး ဟိုဘက်မှာပါ"

သူမအလုပ်သမားကောင်လေး
လက်ညှိုးထိုးပြတဲ့နေရာကို
လျှောက်လိုက်သည်။သူမအဲ့နားရောက်တယ်ဆို
မယုံလိုပင်မရတော့ အလုပ်သမားတွေတင်ပေးတဲ့
အုတ်အထပ်လိုက်ကြီးကို ထမ်းသွားတာများ။

သူအုတ်ထမ်းပို့ပြီး အပေါ်ကဆင်းလာတော့
ထမ်းတဲ့နေရာမှ
အဖြူရောင်အင်္ကျီဘောင်းဘီတွဲထားကို အပေါ်က
ကုတ်နဲ့ ထပ်ကဝတ်ထားတဲ့ သူမဆီကို
သူလျှောက်သွားလိုက်သည်။

"ရောက်ပြီလား အဆင်ပြေရဲ့လား ဆွဲကြိုးကိစ္စရော"

"နင် မောနေတာမဟုတ်လား
ငါရေဝယ်ခိုင်းလိုက်မယ် အဆင်ပြေရဲ့လား"

သူမက သူ့ချွေးတွေထွက်နေတာကို
ကြည့်ကာပြောတော့
သူကိုယ်သူပြန်ကြည့်လိုက်တဲ့အခါ တစ်ကိုယ်လုံး
မှာဖုန်တွေကို ဖွေးနေတော့ပြီးကာ...။

Lay Nge

"ပြေပါတယ် နင်ရေဝယ်ခိုင်းမလို့မလား
ဝယ်ခိုင်းရင် အားဖြည့်အချို့ရေဝယ်ခိုင်းလိုက်ဟာ
ငါပေးမယ်
အလုပ်သမားအရေအတွက်အတိုင်းဝယ်ခိုင်းလိုက်
နော် နေပူတော့ မူးလဲကျမှာဆိုးလို့"

"ရပါတယ် ငါဝယ်တိုက်နိုင်ပါတယ်
ဘာလဲငါဝယ်မတိုက်နိုင်ဘူးထင်လို့လား
သူဌေးလေး"

သူမကသူကိုပြုံးစိစိနဲ့ပြောတယ်ဆို သူကရယ်ကာ...

"မဟုတ်ပါဘူး နင်ဝယ်တိုက်အောင်တမင်ပြောတာ
ငါမဲ့နေလို့ ဟား ဟား...."

နှစ်ယောက်သား
အတိုင်အဖောက်ညီကာတစ်ယောက်ကို
တစ်ယောက်စနောက်နေကြသည်။သူတို့နှစ်ယော
က်ကိုကြည့်ကာ အလုပ်သမားတွေလည်း
စိတ်ချမ်းသာနေကြသည်။

Lay Nge

လွှာ တစ်ဖက်က စားပွဲ ရှယ်ယာရှင် မဟုတ်ရင်
သူ့လုပ်ငန်းပါတနာတွေနဲ့ စကားပြောနေတဲ့
လူကြီးကို Coffee သောက်ရင်းနဲ့
ငေးနေမိသည်။လူကြီးက သူမအမြင်မှာ
တစ်ခြားသူတွေနဲ့ ကွဲပြားနေသည်။သူမ ဘဝမှာ
အန်ကယ် နဲ့ ဘိုးဘိုးထက်ပိုချစ်ရတဲ့သူ တွေ့ခဲ့ပင်မဲ့
ပိုင်ရှင်ရှိနေတာတော့ သူမရင်နာသည်။ဒါပင်မဲ့
လူကြီးလည်း ယောကျ်ားထဲက ယောကျ်ားပဲ
တစ်ချိန်ချိန်ကြ သူမဘက်ကိုင့်ကြည့်လာမည်ဆိုတာ
ယုံကြည်သည်။

"လွှာ နင့်လူကြီးက နိုင်ငံခြားစတိုင်နဲ့ မိုက်သားပဲနော်
ပြင်သစ်နိုင်ငံသားတွေနဲ့စကားပြောနေတာတကယ်
ကို ပြင်သစ်နိုင်ငံသားကြနေတာပဲ"

"ကောင်မစုတ်နော် အဲတာငါ့လူကြီး
နင်နဲ့မပက်သက်ဘူး ဟွန့် လိုချင်သူသားယူ"

"ကျုပ်တို့ကလဲ သူငယ်ချင်းဟာကိုမယူချင်ပါဘူး
သူသားလေးက အဆင်လေး ဖအေတူလေး
ချောတာအေ ထက်မြင်ချင်သေးတယ်
တစ်ခါသာတွေ့ဘူးပင်မဲ့ နလုံးသားထဲဆွဲနေရော"

သူမကတော့
လူကြီးကလွဲကျန်တာစိတ်မဝင်စား။ဒီလူကြီးက
သူမကမ္ဘာကို စိုးမိုးလွန်းပါသည်။လူကြီးရဲ့
ဇနီးကိုအားကျမိသည်။သူမကငေးပဲငေးခွင့်ရှိတဲ့အ
ချိန်မှာ သူမကတော့
လူကြီးရင်ခွင်ထဲခိုလှုံခွင့်ရသည်။

"လွှာ ဟဲ့ လွှာ"

"ဟမ် နင်ကလည်းငေးလိုက်တာ ဟိုက
စားပွဲဝိုင်းကထလာပြီ နင်ပဲ
ယဉ်ယဉ်ကျေးကျေးနေမယ်ဆို
လူကြီးမျက်လုံးနှောက်မှာမျိုးမလုပ်တော့ဘူးဆို
နင်ဟာက စတောင်မစရသေးဘူး
အကြံကပျက်နေပြီ"

"အင်းပါ ကျေးဇူး"

လူကြီးတို့ တို့သူမတို့ဝိုင်းကျော်သွားမိသာ
ကျောပြင်လေးကို

Lay Nge

ဆိုင်ပြင်ထွက်သွားတဲ့အထိလိုက်ကြည့်နေမိသည်။
လူကြီးကို လိုက်ဖို့
နှုးညံ့ခြင်းကိုပြေညင်းလိုက်တာအဆင်ပြေမယ်လို့
သူမမျှော်လင့်တာပဲ။အဆင်မပြေရင်လဲ
ရတဲ့နည်းသုံးဖို့ဆုံးဖြတ်ထားပြီးသား။

"ရော့ သောက်လိုက်ဦး ချွေးတွေနစ်နေပဲ"

တစင်း သူမပေးတဲ့ ချိုရည်ဘူးကို
ယူကာသောက်လိုက်သည်။မောတာ
တကယ်ကိုအလုပ်သမားတွေပေါ်ကိုယ်ခြင်းစာမိ

သွားသည်။တစ်ချို့အလုပ်သမားတွေဆို
သူ့ထက်ငယ်တဲ့သူတွေတောင်ပါသေး။သူကတော့
3နာရီလောက်လေးထမ်းတာတောင်
လူကကိုင်ရိုက်ထားသလိုနဲ့ တကိုယ်လုံးလည်း
ပေကျန်နေတာပဲ။

"အင်း ကျေးဇူး"

"3နာရီ ထိုးနေပြီ နင်မနက်စာစားပြီးပြီလား
အိမ်ကလာမပို့ဘူးလား"

"ငါကနင်မလာဘူး ထင်လို့
အပြင်မှာစားလိုက်မယ်လို့ မေမေကိုပြောထားခဲ့လို့"

"အော် ဒါဆိုနင်ပင်ပန်းသွားပြီ
အလုပ်ဆင်းလိုက်တော့
လေကျန်တာငါကြည့်ထားလိုက်မယ်"

သူပုံစံက ဗိုက်ကလည်းဆာ
အိမ်ပြန်မှဖြစ်မှာဆိုပင်မဲ့
လုက်ငန်းခွင်ထဲမှာမိန်းကလေးက
သုမတစ်ယောက်ထဲမို့

သူမထားခဲ့ချင်။ယောကျ်ားလေးမို့
ယောကျ်ားတွေကအလှအပသိပ်ကြိုက်ကြတာ
သူသိတာကြောင့်
4နာရီအထိနေနိုင်အောင်နေဖို့ဆုံးဖြတ်လိုက်သည်။

"ရပါတယ် နောက်တစ်နာရီဆိုပြီးပြီပဲ
ငါလည်းလိုအပ်တာလေးတွေ
ဝိုင်းလုပ်လိုက်ဦးမယ်"

သူမ
စိတ်ထားသန့်ရှင်းလွန်းတဲ့သူ့ကိုကြည့်ကပြိုးမိသည်

။ဘာပဲဖြစ်ဖြစ် စိတ်ပျက်စရာ သူမဘဝမှာ
တစင်းလို ငယ်ချင်းမျိုးရှိလို့တော်သေးသည်။သူမ
အိမ်မှာဘယ်လောက်စိတ်ညစ် စိတ်ညစ်
သူနဲ့တွေ့ရင် စိတ်ချမ်းသာရာရသည်။

"နင် မာမီလည်ဆွဲပြန်တွေ့လား"

တစင်းလောတဲ့ မေးခွန်းကြောင့်
သူမမကောင်းတဲ့စိတ်တွေပြန်ဝင်လာကာ
မတွေ့သေးဘူးဆိုတဲ့
အဓိပ္ပာယ်နဲ့သူ့ကိုခေါင်းရမ်းပြလိုက်သည်။

"နင် အိမ်အနီးအနားကရွေဆိုင်တွေကို
ရှာကြည့်ပါလား ငါလည်းအားတဲ့တစ်ရက်
ဝိုင်းရှာပေးမယ်"

"အင်းပါ
မနက်ဖြန်ငါအနီးအနားကဆိုင်တွေမှာရှာကြည့်လို
က်မယ်"

"အင်း"

Lay Nge

~~~~~~~~~

ဝူး.....ကျိုးးးး..

တစင်းအိမ်ပေါ်တီအောက် ကားရပ်လိုက်ပြီး
ကားသော့ဖြုတ်ကာ
ကားပေါ်ကဆင်းလိုက်သည်။လူတစ်ကိုယ်လဲ
ရစရာမရှိ ပေကျန်ပြီး
တစ်ကိုယ်လုံးလဲဖုန်တွေကြီးပင်။ဖုန်းနဲ့ကားသော့ကို
တစ်ဖက် အလုပ်မလုပ်ခင်ကချွတ်ထားတဲ့ Shirt
ကိုတစ်ဖက်က ကိုင်က အိမ်ထဲဝင်လာလိုက်သည်။

Lay Nge
~~~~~~~~~

သူအိမ်ထဲဝင်လာတဲ့ ပုံစံကို အပေါ်ထပ်ကနေ
ကိုအံ့တို့ရောက်နေလို့ ဆင်းလာတဲ့ နေတို့
ဧနီးမောင်နှံက သားကိုကြည့်ပြီး
မျက်ခုံးပါပင့်တက်သွားရသည်။သွားတုန်းက Style
ထုတ်ပြီးသွားတဲ့ သား ပြန်လာတော့
ဖုန်တွေပေကျန်နေတာမို့...

"သား"

"မြေး!"

Layne

ည့်ခန်းထဲက မာမီတို့လည်း သူတို့မြေးပုံစံမြင်က
ထိတ်လန့်သွားကြသည်။

"မြေး ဘာဖြစ်လာတာလည်း ရန်ဖြစ်လာတာလား
"

စိုးရိမ်တကြီးမေးနေတဲ့ အဖွားဖြစ်သူကြောင့်
နေတစင်း ခေါင်းပါကုတ်ရတော့သည်။

Lay Nge

"မဟုတ်ဘူး ဖွား သားဘယ်တုန်းကရန်ဖြစ်လို့လည်း အခုက သားအုတ်ထမ်းလာတာ"

"ဘာ"

"ဘယ်လို"

"ဟင်"

"မြေး"

Lay Nge

သူစကားကြောင့်
ဖေဖေတို့ကနားမလည်နိုင်ဖြစ်နေကြတာမို့...

"ဒီနေ့အလုပ်သမားတစ်ယောက်က
နေပူတော့ပင်ပန်းပြီး သတိလစ်သွားလို့
ဆေးရုံပို့လိုက်ရလို့
သားကသူအစားဝင်ထမ်းလိုက်တာ"

Lay Nge

"မြေးရယ် လူလိုရင်ထက်ဌားပေါ့
ဘာလို့မြေးကိုယ်တိုင်ဝင်လုပ်ရတာလည်း ပြီးတော့
မြေးကလုပ်စရှိတာလည်းမဟုတ်ဘူး"

သူကိုစိတ်ပူလို့ပြောတာသိပင်မဲ့....

"ဘွားရယ် သူများတွေလည်းထမ်းနေတာပဲ
သားထက်ငယ်တဲ့သူတွေတောင်ပါသေး
သားကိုယ်တိုင်ဝင်လုပ်တော့ သူတို့ဘဝကို
ကိုယ်ချင်းစာနိုင်တယ် နောက်ရက်တွေလည်း
ဝိုင်းထမ်းပေးဖို့တောင် သားကစဉ်းစားပြီပြီ"

မြေးဖြစ်သူက
နောက်ရက်တောင်ထက်လုပ်မယ်လို့ပြောတာကြောင့်
ဦးနေမင်းမျက်မှောင်ကုတ်သွားရသည်။သားတုန်းကတောင် သူတို့အဲလိုအလုပ်ကြမ်းမပြောနဲ့
အိမ်ကအလုပ်တောင် 24နှစ်မှ ဝင်လုပ်တာ။

"မြေးမလုပ်ရဘူးနော် "

"ဘာဖြစ်လို့လည်း ဘိုးရာ
သားဘာများထိခိုက်သွားလို့လည်း"

"အေး မင်းအဖေတုန်းကတောင် အဲလိုမပြောနဲ့
အိမ်ကအလုပ်တောင်စိတ်ဝင်စားတာမဟုတ်ဘူး"

သူ့မြေးဆုံးမနေရာကနေ
သူဘက်လှည့်လာတာကြောင့်
တစ်ချိန်လုံးငြိမ်နေရာမှ..

"ဖေဖေ ခွင့်ပြုတယ်
ကူညီတက်တဲ့စိတ်ကရှိကိုရှိရမယ် "

"ဘာကွ !! မင်းက ကလေးကိုမတားတဲ့အပြင်
မြှောက်ပေးနေသေးတယ်"

"ဟုတ်တယ် ဒယ်ဒီ
သားမြှောက်ပေးနေတာမဟုတ်ဘူး
သားကမကောင်းတာလုပ်တာမှမဟုတ်တာ
နေရာတကာချူပ်ချယ်တာမျိုး သားမလုပ်ဘူး
ဘာလို့ဆို

သားကိုယ်တိုင်လည်းလွတ်လွတ်လပ်လပ်နေခဲ့တာ
ပဲလေ ဒယ်ဒီတို့ အိမ်တံခါးပိတ်ထားရင်တောင်
အပေါ်ထပ်ကနေ ရအောင်ဆင်းတာလေ"

သူမ အရင်လိုမဟုတ်ပဲ
အရမ်းရင့်ကျက်သွားတဲ့မောင့်ကိုကြည့်ကာပြုံးလို
က်မိသည်။သူမလည်း သားရဲ့လုပ်ဆောင်မှုကို
မောင့်လိုပဲသဘောကျသည်။ဖေဖေ တို့
မေမေတို့ကလည်း အဆင့်အတန်းခွဲခြင်းမဟုတ်
သူတို့မြေး ပင်ပန်းမှာကြောင့်ဖြစ်သည်။

"မေမေ သားတစ်နေ့လုံးဘာမှမစားရသေးဘူး
ရေချိုးပြီး ပြန်ဆင်းခဲ့မယ်နော်"

လို့ပြောကာ အပေါ်တက်သွားတဲ့ သားကိုကြည့်ကာ
မေမေတို့က ညှဉ်ခန်းထဲဝင်သွားတာကြောင့် သူမ နဲ့
မောင်လည်း ညှဉ်ခန်းထဲဝင်လာလိုက်သည်။

သူမတို့ ညှဉ်ခန်းထဲရောက်တယ်ဆို ကိုအံ့နဲ့
မျက်နှာချင်းဆိုင်ခုံးမှာထိုင်တယ်ဆို ကိုအံ့က...

"နေ Hotel ခွဲထက်လုပ်နေတယ်ဆို
အလုပ်အပ်ထားတဲ့ company အဆင်ပြေရဲ့လား"

"အင်း အခုHotel Project
ကိုသားကိုကိုင်ခိုင်းထားတာ
သားကတော့အဆင်ပြေတယ်ပြောတာပဲ"

"ဟ့ မင်းသားက
မင်းအစားတောင်ဝင်လုပ်ပေးနေပြီလား
ငါတို့ထဲမှာအဆိုးဆုံးကောင်ကာ မိန်းမကံရော
သားကံရော ကောင်းလိုက်တာ"

LayNge

နေက အံ့စကားကို သဘောကျနေကာ...

"သား ကကျွန်တော်နဲ့ တူတယ်ဆိုပင်မဲ့
ကျွန်တော်လိုတော့မဆိုးဘူး ဘာပဲဖြစ်ဖြစ်
ကျွန်တော်ဘဝမှာ အမှန်ကန်ဆုံးဆုံးဖြတ်ချက်ဆိုရင်
အဲ့တာ မ နဲ့ သားပဲ"

"ဟုတ်ပါပြီ မင်းနေ့ခင်းက
ပြင်သစ်ည့ွှသည်တွေလာသေးတယ်မဟုတ်လား
ဘာအတွက်လဲ"

"ပဲရစ်က စီမံကိန်းမှာရှယ်ယာဝင်ဖို့ပြောကြတာ
ကျွန်တော်လည်းစိတ်ဝင်စားတာနဲ့ထည့်လိုက်တယ်
အဲ့က ထုတ်မဲ့ Limit နဲ့ထုတ်တဲ့ပစ္စည်းတွေကို
စင်တာမှာပဲ
သီးသန့်ရောင်းလို့ရတယ်လေ..ပြောရမယ်ဆို
မြန်မာနိုင်ငံကအရောင်းကိုယ်စားလှယ်ပေါ့"

"မင်းကလေ တော်ပါတော့
တစ်မြို့လုံးမင်းစီးပွားရေးကြီးပဲ
ကျန်တဲ့သူလုပ်ဖို့ချန်ထားဦး"

အံ့စကားကြောင့် မာမီတို့ရော
မကပါရီနေတာကြောင့်....

"ကျွန်တော်ဝါသနာပါရာလုပ်တာပါ အခုပြင်သစ်က
လုပ်ငန်းကလည်း တစ်ခြားမဟုတ်ဘူး
ဆိုင်ကယ်လေ ကျွန်တော်သဘောကျတာ
အကောင်အထည်ဖော်တော့မလို့ "

"သား မင်းကို
မာမီတို့ဆိုင်ကယ်စီးခွင့်ပိတ်ထားတယ်လေ

မလုပ်ကဘူး မင်းလုပ်မဲ့ဆိုင်ကယ်တွေက
အမြင့်ကြီးတွေ တော်ကြာ ငါ့မြေးလေးပါ
တက်ခွနေမှ အန္တရာယ်ရှိတယ်"

သူမာမီစကားကို ပြန်တုန့်ပြန်မလိုပြင်တော့
မကပါခေါင်းရမ်းပြပင်မဲ့ သူအရင်ကတည်းက
လုပ်ချင်တာတားထားလို့သာ အခုတော့
မရတော့ဘူး။

"ကိုအံ့ ကျွန်တော်စိတ်ပြောင်းသွားပြီ
စင်တာမှာမဖွင့်တော့ဘူး မြေတစ်နေရာရှာပေးပါဦး

ကျယ်ကျယ်လေး Limit နဲ့ထုတ်တဲ့
ပစ္စည်းတွေပဲတင်မယ်"

"အစ်ကိုလည်း သဘောကျတယ် မင်းဖွင့်တာနဲ့
အစ်ကိုတစ်စီးယူမယ်"

"အင်း ဟိုကောင် ၃ကောင်လည်းယူလောက်မှာ
ပြီးတော့ ကျွန်တော်လည်းတစ်စီးယူမှာ "

သူမ ခေါင်းရမ်းပြတာတောင် ဖွင့်ဖို့ဆက်ပြောနေပြီး
သူအတွက်ပါယူမယ်လုပ်နေတဲ့ မောင်ကို

စိတ်ကောက်ချင်လာတာကြောင့်

သူအနားထိုင်နေရာကနေ

မေမေတို့ကိုကြည့်လိုက်ခေါင်းငြိမ့်ပြတာကြောင့်

သူနားကထထွက်လာလိုက်သည်.....။

~~~~~~~~~~~ 🌷 🌷 ~~~~~~~~ 🌷 🌷 ~~

~~~~ 🌷

ဇာတ်လမ်းကစတောင်စသေးဘူးလေး

ပြီးစေချင်နေပြီလား😄😛

Lay Nge

နေမင်းလက်ရာတော့ ချော့ရတော့မယ်😊

📘 The Sun Of Flower {Season 2} 📘

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

Part_12

ကျိုး...

Lay Nge

သူစိတ်ကောက်ပြီး အပေါ်တက်သွားတဲ့ မနောက်ကို
လိုက်လာတော့ ကုတင်ပေါ်တင်ပြီး
မျက်နာမကောင်းဖြစ်နေတဲ့
မဘေးဝင်ထိုင်လိုက်တော့.....

"မင်းကငါ့ထက်
ဆိုင်ကယ်ကိုပိုချစ်တယ်မဟုတ်လား
သွားအဲဆိုင်ကယ် ဝယ်ပြီး သွားခွေန"

"မောင်ကဆိုင်ကယ်မခွချင်ဘူး မပဲခွချင်တာ"

Lay Nge

"ဘာ! မင်း"

"မကလည်း ဘယ်လိုဖြစ်လို့
မင်းတွေငါတွေဖြစ်ကုန်တာလည်း "

"ငါ့ဘာသာဘယ်လိုဖြစ်ဖြစ်
မင်းတောင်ငါမကြိုက်တာလုပ်သေးတာပဲ"

"မ ကလည်းမောင်အခုမှ လုပ်တာလေး
အရက်ငယ်ရွယ်တဲ့အချိန်တုနကလုပ်လို့လား
အခုစဉ်းစားဆင်ခြင်နိုင်ပြီလေ ခွင့်ပြုပါနော်"

LayNge

သူမျက်နာအငယ်ဆုံးထားကာ မပုခုံးအပေါ်
မေးတင်တော့ မကရုန်းသည်။သူရုန်းနေတဲ့ မရဲ့
ကိုယ်လေးကိုရုန်းမရအောင်
အနောက်ကတင်းနေအောင်ဖက်လိုက်သည်။

"မင်းဖယ်ပေး အခုမှလာမကပ်နဲ့
ငါပြောတာကိုအလေးမထားဘူး"

"မဟုတ်ဘူးလေ မိန်းမရာ
မောင်မင်းဆီကအခုခွင့်တောင်းနေတယ်လေ"

"မသိချင်ဘူး ကိုယ်လုပ်ချင်တာပဲကိုယ်သိတယ်
ယောကျ်ားတွေများ မပြောချင်ဘူး
သူတို့အတွက်ပူပြီး
ပြောနေတာတွေလည်းနားမလည်ဘူး"

ဆူပုတ်ကာပြောလာတဲ့ မကြောင့်
သူမှာဘယ်လိုပြောပြော မရတာမို့
ဘာလုပ်ရမှန်းမသိတော့။သူငြိမ်နေလိုက်ရင်းတစ်ခု
ခုစဉ်းစားမိသွားကာ မ ကိုဖက်ထားရာက ခွာလာပြီး
မက်တပ်ရပ်လိုက်သည်။

"ရတယ် မလုပ်တော့ဘူး ကျုပ်သဘောကျတဲ့
အရာတွေအကုန်ဘာမှမလုပ်တော့ဘူး
ခင်များစိတ်တိုင်းကျပဲ
ကျုပ်ဘက်ဆိုတစ်ခါမှလှည့်မကြည့်ဘူး!"

သူအသံမာမာနဲ့ပြောလာတော့
စိတ်ဆိုးနေတဲ့မျက်နာလေးကအံ့သြခြင်းတွေနဲ့
မော့ကြည့်လာတာကြောင့် သူ
သူမကိုကျောပေးထားလိုက်သည်။သူမမောင်ရဲ့အ

ပြုအမူကြောင့်
ချက်ခြင်းမျက်ရည်ဝဲတက်လာကာ....

"သဘာဝ မောင့်ကို စိတ်ဆိုးနေတာမဟုတ်ပါဘူး
မောင်ရယ် ဟို သဘာဝချစ်တဲ့မောင့်ကို
တစ်ခုခုအဖြစ်မခံနိုင်လို့ပါ ဟင့်
သဘာဝခွင့်ပြုတယ်နော် ဖွင့်ပါ မောင်လည်းစီးပါ
ဒါပင်မဲ့ မောင်ဆိုင်ကယ်စီးတိုင်း
သဘာဝပါလိုက်မယ် အန္တရာယ်ဖြစ်လဲအတူတူပေါ့
ဟင့်"

သူမ အခုအချိန်ထိ မောင့်အပေါ်ဘယ်လောက်ပဲ
ဆိုးခဲ့ဆိုးက
မောင်ဘက်ကပဲအမြဲအလျော့ပေးခဲ့တာမို့
အခုတစ်ခါလည်း မောင်အတွက်အန္တရာယ်ရှိတာမို့
ပြောတော့
မောင်ဘက်ကဒီလိုတုန့်ပြန်မယ်မထင်ခဲ့တာကြောင့်
မျက်ရည်ဝဲတက်လာရသည်။ဒီရက်ပိုင်း
မောင်အနားကပ်နေတဲ့
မိန်းကလေးကလည်းရှိနေတော့ စိတ်ကမချ။

သူမိန်းမလေးဘယ်လောက်တောင်ချစ်ဖို့ကောင်းလို
က်လဲ သူစိတ်ဆိုးသွားတယ်ထင်ပြီး

ဆိုင်ကယ်စီးခွင့်ပေးတာတောင်မှ
သူမပါလိုက်မယ်တဲ့။အဓိပ္ပာယ်ကတော့
အသက်အန္တရာယ်ဖြစ်လည်းအတူတူပေါ့။သူမှာ
မိန်းမဖြစ်သူစကားကြောင့် ကြည်နူးနေသည်မှာ
တည်တဲ့မျက်နာက ပြုံးရောင်သမ်းလာသည်။သူ
မသာခွင့်မပြုရင်
မလုပ်ဖို့ဆုံးဖြတ်ပြီးသား။ကိုယ်ချစ်လို့ယူထားတဲ့မိ
န်းမကို စိတ်မဆင်းရဲစေချင်ပါ။

"မောင့် စိတ်မဆိုးပါနဲ့ ဟို....."

သူကိုမကြည့်ပဲမျက်နာလေးအောက်ငုံကာပြောနေတဲ့ မိန်းမဖြစ်သူကို ကောက်ပွေ့ကာ...

"ရွှတ်
မောင့်မိန်းမလေးကအသဲယားစရာလေးချစ်လိုက်တာ "

သူမကိုကောက်ပွေ့ပြီးနမ်းနေတဲ့ မောင့်ကြောင့် သူမမှာဘာပြောရမှန်းမသိ။သူပဲစိတ်ဆိုးနေပြီးတော့ အခုတော့....

Lay Nge

"ချစ်စရာလေး မောင်ကစနေတာ ဝမ်းမနည်းနဲ့
မောင့်မိန်းမမကြိုက်ရင်
ဆိုင်ကယ်မစီးတော့ဘူးတော့ Showroom
ပဲဖွင့်လိုက်မယ်နော်"

သူကိုမယုံကြည်နိုင်ခြင်း မျက်ဝန်းတွေနဲ့ကြည့်နေတဲ့
မကြောင့် သူမကိုပွေ့ထားတဲ့အတိုင်း
ကုတင်ပေါ်ထိုင်လိုက်ကာ
သူမကိုပေါင်ပေါ်တင်ထားပြီး...

LayNge

"မောင်ကစနေတာကို အတည်ထင်သွားရသလား
မရယ်
မောင်ကဘယ်တုန်းကမောင့်မိန်းမကိုလွန်ဆန်ဘူးလို့
လဲ"

"မောင်က အော်တာ ဟင့် အွန့်"

သူပြောတာကို စိတ်မကောင်းဖြစ်နေတဲ့
မရဲ့မျက်နာလေးကို မော့ကာ
သူအမြဲတမ်းတမ်းထိတွေ့နေတဲ့ သူနှုတ်ခမ်းလေးကို

ဖိကပ်နမ်းလိုက်တော့ မကသူအင်္ကျီစလေးကို
ဆွဲထားသည်။

"အွန့် ဟင့် အွန့် "

သူ
သူမနှုတ်ခမ်းလေးကိုလွှတ်ပေးဖို့အစီစဉ်မရှိသည့်အ
တိုင်း နမ်းနေတာကြောင့် အသက်ရှူလို့မဝတာ။
မောင့်လက်မောင်းကို ပုတ်တော့မလွတ်တဲ့အပြင်
ခါးကနေဆွဲဖက်ပြီး ပိုပြီးတောင်
ငုံထွေးနမ်းနေသည်။

Lay Nge

"ဟင်းး ဟင်းးး"

သူနမ်းလို့ဝမှလွတ်ပေးလိုက်တော့
အသက်ကိုမနည်းရှူနေရသည်။သူမ
မောဟိုက်နေတာကို
သူကပြုံးစိစိနဲ့ကြည့်နေတာကြောင့်...

"မောင် လုပ်လိုက်ရင်အရမ်းပဲ
အသက်ရှူတောင်ကျပ်တယ်တကယ်ပဲ "

Layige

"မောင်ဆိုင်ကယ်မစီးတော့ဘူးပြောတယ်လေ
မဆီကဆုပြန်တောင်းတာပေါ့"

"မောင်တကယ်ပြောတာနော်
ဆိုင်ကယ်မစီးဘူးဆိုတာ"

"မောင်ကဘယ်တုန်းကညာပြောဖူးလို့လည်း
မမကြိုက်တာဆို လုပ်ဖို့တွေးမထားဘူး အခု
Showroom ပဲဖွင့်မယ်လေ နောက်ပိုင်းဆို သား
ဘွဲ့ရပြီးတာနဲ့ Hotel တွေနဲ့ company တွေကိုသား
ကိုအကုန်လွှဲပေးမှာ မောင်စိတ်ဝင်စားတဲ့

Lay Nge

ခရီးသွားလုပ်ငန်း နဲ့ Showroom
ပဲမောင်ကဆက်လုပ်မှာ ဒယ်ဒီ Hotel နဲ့ company
တွေက အာရုံနောက်တယ်
ရှယ်ယာရှင်တွေနဲ့စကားပြောရတာအဆင်ကိုမပြေ
တာ ကိုယ်တစ်ယောက်ထဲဟာဆိုပြီးရော
ဘယ်သူနဲ့မှတိုင်ပင်စရာမလိုဘူး
ကိုယ်ဆုံးဖြတ်ချက်က အတည်ပဲ"

သူမ မောင်ပြောတာတွေကို
နားလည်ပါသည်။နဂိုကတည်းက စကားပြောရင်
ဂျစ်ကန်ကန်ပြောတဲ့အကျင့်က
အခုထိမပျောက်သေးတာသူမအသိ။အရာရာကို

ဒဲ့တိုးပြောတက်တဲ့ မောင် နဲ့
တစ်ခြားသူနဲ့အဆင်ပြေဖို့မလွယ်။

"မ ဆွဲကြိုးရော ဘယ်ရောက်သွားတာလဲ"

"အော်
အဲ့နေ့ကပြန်ရောက်ထဲကချွတ်ထားတယ်လေ"

"ဘယ်နားမှာသိမ်းထားတာလည်း
ယောကျ်ားကဝတ်စေချင်လို့ ပေးတာကို မနော်"

Lay Nge

"မှန်တင်ခုံပေါ်က ဘူးထဲမှာ"

"ဟုတ်ပြီ"

သူမကို ကုတင်ပေါ်ချထားခဲ့က မုန်တင်ခုံပေါ်က
လက်ဝတ်ရတနာဘူး ဖွင့်ကာကြည့်လိုက်တော့
အပေါ်ဆုံးမှာ သူပေးထားတဲ့ဆွဲကြိုးကို
တွေ့တာကြောင့် ယူကာ ဘူးကိုပြန်ပိတ်ထားပြီး
မအနားလျှောက်လာလိုက်သည်။သူ
သူမဘေးဝင်ထိုင်က ဖြန့်ချထားတဲ့ ဆံပင်တွေကို
အရှေ့ပို့လိုက်ပြီး လည်တိုင်လေးမှာ

ဆွဲကြိုးလေးကိုဝတ်ပေးလိုက်ကာ
သူမကိုယ်လေးကို ဆွဲလှည့်လိုက်သည်။

"လှလိုက်တာဗျာ ချစ်လွန်းလို့ရူးတော့မှာပဲ"

မောင်က
သူမခန္ဓာကိုယ်သေးသေးလေးကိုဖက်ကနမ်းရှိုက်နေ
တော့သည်။သူမလည်း
မောင့်ခါးကြီးကိုပြန်ဖက်ထားကာ
သူရင်ခွင်ထဲမှာပဲနေလိုက်သည်။

Lay Nge

"ရှင်ဘာလုပ်ပြန်တာလဲ တိမ်ယံဘွား!"

သူမ အိမ်ထဲဝင်ဝင်လာခြင်းမြင်လိုက်ရတဲ့
သူကြောင့် ဒေါသထွက်သွားက မေးလိုက်တော့
ဒယ်ဒီက....

"သမီးတို့ စေ့စပ်ဖို့အတွက်ဒယ်ဒီခေါ်လိုက်တာ"

"ဒယ်ဒီ!! သမီးရဒီလိုကောင်ကိုမယူနိုင်ဘူး
သမီးဘဝမှာ သစ္စာဖောက်တဲ့လူတွေနဲ့ ထက်ပြီး
ရေစက်မဆုံချင်တော့ဘူး

တိမ်ယံဘွား ငယ်အထင်လွဲနေတာကို
ရှင်းပြဖို့မက်တပ်ရပ်လိုက်တော့ ငယ်က
သူနဲ့ထိရမှာ ရွံတဲ့အတိုင်း
အနောက်ဆုတ်သွားသည်။

"ငယ် ကိုယ်ပြောပြီးသားပဲ သူမနဲ့ ကိုက
လူနာဆက်ဆံရေးပဲရှိတာ ကိုယ်ကဆရာဝန်
ကျင့်ဝတ်အရတော့ကုပေးရမှာပဲလေး ဒါကို
ငယ်ကနားလည်ပေးလေ ကိုယ်ပြောတာကို
သေချာစဉ်းစားကြည့်"

"ကျွန်မသေချာစဉ်းစားပြီးသား ပြီးတော့
အရင်တုန်းက
ကို့ထက်ကြီးတဲ့လူတွေကိုကြိုက်ပင်မဲ့
ခြံခုံတက်မှန်သိရင်
တစ်ခြားတစ်မျိုးပြောင်းတပ်တာ ကိုအကျင့်ပဲလေ
ကိုအခု ကိုနဲ့ရွယ်တူတွေပဲစိတ်ဝင်စားတယ်
ခင်များကိုကျုပ်ယူရင် ကျုပ်က ပြုစုနေရဦးမယ်"

LayNge

ကိုတို့ အပြန်အလှန်စကားများနေတုန်း
သူ့အခန်းထဲက ထွက်လာတဲ့ မေက
တိမ်ယံဘွားကိုတွေ့တယ်ဆို.....

"အစ်ကို တိမ်ယံရောက်နေတာလား
ရောက်တုန်းလေး မေကို ဆေးစစ်ပေးပါဦး"

"ဟမ် အင်းစစ်ပေးမယ်လေ ဘာဖြစ်လို့လည်း"

မေ လင်းရိပ်ကို ကိုတစ်ချက်ကြည့်ကာ...

Lay Nge

"ခေါင်းကိုက်နေတယ် ညဘက်တွေလည်း
အိပ်မပျော်ဘူး"

မေက တိမ်ယံကိုပြောနေပင်မဲ့ ကိုကတော့...

"ဘယ်အိပ်ပျော်မလည်း သူများပစ္စည်းခိုးထားပြီး
လိပ်ပြာမလုံဖြစ်နေမှာပေါ့ "

"ကို ညီမလေး မမက'

Lay Nge

ကို သူမလက်ကိုလာကိုင်တဲ့ မေဆိုတဲ့
မယားပါသမီးလက်ကို ရိုက်ချလိုက်တယ်ဆို
တိမယံဘွားဘက်လဲကျလာတာကြောင့်
တိမ်ယံဘွားဖမ်းထားလိုက်ရသည်။တိမ်ယံ
သူမကိုမလဲအောင်ကိုင်ထားရင်း
ငယ်ကိုကြည့်ကာ....

"ငယ် သူများတစ်ဖက်သားကို
ငယ်ရဲ့ထင်မြင်ချက်တစ်ခုထဲနဲ့
ဆေးရုံရောက်တဲ့အထိလုပ်ပြီးတာတောင်မကျေနပ်
သေးဘူးလား သူများအတွက်
ကိုယ်ခြင်းမစာတက်ဘူးလား"

ကို အခုလေးတင်သူမကို
ချော့နေတဲ့လူကချက်ခြင်းပြောင်းလဲသွားတာကြောင့်
နှုတ်ခမ်းကိုဖိကိုက်ထားလိုက်မိသည်။သူမရှေ့မှာတောင် ပေါ်တင်ဒီလိုဖြစ်နေတာကို
သူမနောက်ကွယ်မှာဆို
ဘယ်လောက်တောင်ဆိုးရွားနေလိုက်မလည်း
သူမတွေးစရာမလိုတော့။

LayNge

"ဟုတ်တယ် လင်းရိပ်ကို ကကိုယ့်ကိုကိုယ်ပဲချစ်တာ
သူများကိုချစ်ဖို့အတွက် နှလုံးတစ်စုံမပါလာခဲ့ဘူး
ဒါပင်မဲ့ ခြိမခုန်တက်ဘူး
သစ္စာတရားဆိုတာကိုလည်း မြတ်နိုးတယ်
သူများကို
ကြောင်တောင်နှိုက်တက်တဲ့အကျင့်မရှိဘူး
သူများပစ္စည်းလည်း မခိုးတက်ဘူး ဘာလို့ဆို
ကိုမာမိုက
မျိုးရိုးအဆင့်အတန်းမြင့်တဲ့ထဲကမွေးလာတာကို
သူများတွေလို လမ်းဘေးစျေးသည်မဟုတ်တော့
အဓိကအချက်တွေကို ဆုံးမခဲ့တယ်လေ!!"

ကိုစကားကြောင့် အနာထိလို့စပ်သွားတဲ့
မေမျက်နာတည့်တည့်ကို လက်ညှိုးထိုးကာ...

"နင်တို့သားအမိ တရားရုံးတက်ဖို့ပြင်ထားကြ"

"သမီး!!! မောင်တိမ်ယံဘွားရှေ့မှာ
အရှက်ခွဲနေတာလား "

"ဟွန်း ရှက်စရာမလိုပါဘူး ဒယ်ဒီဘာဖြစ်လို့လည်း
ဆို တိမ်ယံဘွားဆိုတဲ့လူကလည်း

Lay Nge

အရှက်မှမရှိတာ...သမီးပြောပြီးသားနော
တိမ်ယံဘွားကို ဘယ်တော့မှလက်မထပ်နိုင်ဘူး"

လို့ပြောကာ
အပေါ်ထပ်အခန်းကိုထက်လာလိုက်သည်။အောက်
က
3ယောက်ဘယ်လိုကျန်နေခဲ့လည်းသူမမသိချင်
တော့။

Ring~~~Ring~~~Ring

Lay Nge

တစင်းညစာစားဖို့ထမင်းဝိုင်းထိုင်တယ်ဆို
ဘောင်းဘီအိတ်ကပ်ထဲကဖုန်းလာတာကြောင့်မကြ
ည့်ပဲကိုင်လိုက်သည်။

"Hello"

"bro ပြန်မလာတော့ဘူးလား ငါလွမ်းနေပြီ"

သူထိုအသံကိုမှတ်မိနေတာကြောင့်...

Lay Nge

"ငါကတော့မလွမ်းဘူး မင်းလွမ်းရင်
မြန်မာပြည်လိုက်ခဲ့လေ
ရန်ကုန်မြို့လည်ခေါင်မှာချထားခဲ့မှာ"

သူက ကောင်းကင်
သူနဲ့USမှာကျောင်းတက်ရင်းသိကြပြီး
ကျောင်းပိတ်ရက်ဆိုပင်မဲ့ သူမိဘတွေက US
မှာပဲနေတာကြောင့် သူက မြန်မာပြည်သားဖြစ်ပြီး
မြန်မာပြည်နဲ့အကြောင်းမပါ။

LaYNge

"ဟာ မင်းဒီမှာလိုမဟုတ်ဘူးနော်
မျက်ခွက်ပြောင်လာတယ် ဒါနဲ့
ကျောင်းကတစ်နှစ်ပဲကျန်တော့တာဆိုတော့
မာစတာတန်းတက်ဖို့စိတ်ကူးရှိလား
ရှိရင်အတူတူဆက်တက်ကြမယ်"

"အင်းးးး ငါ့မသိသေးဘူး မာစတာတန်းတက်ဖို့က
မဖြစ်နိုင်ပါဘူးကွာ "

"ဘယ်လို မင်းမိဘတွေကမထားလို့လား
ဒါဆိုငါကျောင်းစရိတ်အကုန်ခံမယ်"

သူကပြောချင်တာကတစ်ခြား
ဟိုကောင်ကထင်နေတာကတစ်ခြား Speaker
ဖွင့်ထားတာကြောင့် အိမ်ကလူတွေလည်း
ကြားလောက်သည်။

"အေးကွာ မင်းကလည်းငါမတက်ချင်လို့ပါ
ဖေဖေတို့နဲ့လည်း ထက်မခွဲချင်တော့လို့
မင်းငါ့ကိုတွေ့ချင် မြန်မာပြည်လိုက်ခဲ့ ဒါပဲ
ထမင်းစားမို့ "

Lay Nge

စကားဆုံးတယ်ဆို

ဟိုဘက်ကစကားတောင်နားမထောင်ပဲသူပြောချင်

တာပြောပြီးချလိုက်သည်။

"သား သူငယ်ချင်းရှိတာလား"

သူဖုန်းကို စားပွဲပေါ်တင်ပြီး

မေမေမေးတာကိုခေါင်းငြိမ့်ကာ..

Lay Nge

"US မှာနေတာသူက
သားကသူငယ်ချင်းသိပ်မရှိပါဘူး
တစ်ကောင်ပဲရှိတာ သူ့မိဘတွေနဲ့လဲရင်းနှီးတယ် "

"အော် အင်း"

"ဟင်"

သူမေမေကိုကြည့်နေရာမှ
လည်ပင်းကဆွဲကြိုးလေးကြည့်ပြီး ....

Lay Nge

"မေမေ ဆွဲကြိုးလေးက ရိုးရှင်းပြီး
ကြည့်ကောင်းတယ် တန်ဖိုးကနည်းမှာမဟုတ်ဘူး"

ဒေါ်လက်ရာလည်း မြေးဖြစ်သူပြောမှ
ချွေးမဖြစ်သူလည်တိုင်လေးကိုကြည့်လိုက်တော့
ဆွဲကြိုးလော့ကတ်ကလေးက နေလုံးပုံစံလေးကို
အထဲက ပတ္တမြားလိုလိုဘာလိုလို အနီရောင်လေး။

"ဟုတ်ပါရဲ့လှလိုက်တာ သမီးနဲ့တကယ်လိုက်တယ်
"

"ဟုတ်တယ်
တကယ်အထဲကကျောက်လေးကလည်း ရဲနေတာပဲ
နော်"

"လှတယ်မဟုတ်လား ဘာပဲဖြစ်ဖြစ်
ပစ္စည်းကသားမိန်းမဝတ်မှာပိုလှသွားတာ"

ထမင်းစားရင်နဲ့ ဝင်ပြောတဲ့သူကိုမာမီနဲ့ ညီမ
ပိုရန်ကောဆိုတဲ့ အကြည့်နဲ့ကြည့်ပင်မဲ့
သားကတော့...

"ဟွန်း ဖေဖေကိုတော့ သားတောင်လိုက်မမှီဘူး
သူ့မိန်းမလေးကို ဝယ်ပေးတက်တာ "

"မင်းအပိုတွေပြောမနေနဲ့
မင်းကငါ့ထက်ဆယ်ဆသာမဲ့ကောင်"

"ဟွန်း သားပဲအရှုံးပေးပါတယ် ဟဲဟဲ"

ဖအေကို
သူညီများမှတ်နေလားမသိမျက်ခွက်ပြောင်နေတာ။

Lay Nge

ဘာပဲဖြစ်ဖြစ် သူ့မိန်းမအပေါ်ထားတဲ့ အချစ်ကို
မြင်ပေးတာနဲ့တင်ကျေးဇူးတင်နေပြီ။

"မင်း အလုပ်မှာအဆင်ပြေတယ်မဟုတ်လား
မပြေရင်ပြော"

"ဖေဖေကလည်း သားကိုအထင်စမောလိုက်တာ
ဒါနဲ့ ဖေဖေ ဆိုင်ကယ် Showroom ဖွင့်မလို့ဆို"

သူသားမေးတာကို
ထမင်းစားရင်းနဲ့ခေါင့်ငြိမ့်ပြလိုက်သည်။

"သားအတွက် တစ်စီးနော်ဖေဖေ"

"ဘာ!! အေးစီးချင်ရင် မင်းအမေမင်းပြော ငါတောင် မင်းအမေခွင့်မပြုလို့ မစီးဘူး ရပြီလား"

သူ ဖေဖေပြောတာကြောင့်
မေမေကိုကြဟ့်လိုက်တော့
မရဘူးဆိုတဲ့အနေအထားမို့ အန်တီလေးတို့
ဘွားတို့ကိုကြည့်တော့ ပိုဆိုး။သူသက်ပြင်းချကာ
ထမင်းပဲဆက်စားနေလိုက်တော့သည်။

သူသိလိုက်ဒါကတော့ ဖေဖေဟာ
မယားကြောက်ဆိုတာပင်.....။

~~~~~~~~~~~~~~~~ 🎉🎉

နေတစင်းတောင်သူ့အဖေ မယက
မှန်းသိသွားပြီ🤣

သဘာဝပန်း ချစ်တက်လိုက်တာ💓💓

Lay Nge
~~~~~~~~~~~~~~~~

ည 9 နာရီလောက်နောက်တစ်ပိုင်းလာမယ်
များများချစ်ပေးနော် 🤍

Tage ကတော့ Fri
ဖြစ်တဲ့သူတွေပဲတွဲလို့ရလို့ပါရှင့် 🌸

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေ့နှစ်စင်းရဲ့ချစ်ပုံပြင် 🌞

LayNge

Part_13~~~~

"ဆရာမကို ချစ်လို့"

မေလက်ရာ over 30မှာ
ရည်းစားစကားအပြောခံရတာကြောင့်
ဘာပြောလို့ပြောရမှန်းမသိ။ရည်းစားစကားပြောတဲ့
သူကလည်း တူတော်မောင်ထက်ကြီးလည်း
7နှစ်ပေါ့။

"သား နဲ့ ဆရာမက"

"ဘာ သားနဲ့ဆရာမလည်း မောင် နဲ့
မမဖြစ်ရမှာလေ"

အပျိုကြီး တစ်ယောက်တော့
ရှောင်စရာစကားတွေရှာကြံတွေးတော့လည်း
ဒီအချိန်မှာစိတ်လှုပ်ရှားနေတာကြောင့်
ပါးစပ်ထဲရှိရာသာလျှောက်ပြောနေလိုက်သည်။

"အတန်းချိန်နီးနေပြီ သွားခွင့်ပြုပါဦး"

"မရဘူး စဉ်းစားပေးမှာလားပြောပါ
မစဉ်းစားပေးရင် ကန်တော်ကြီးထဲခုန်ချသေမှာ"

"ဟင် ! မ မလုပ်နဲ့နော် ပေါက်ပေါက်ရှာရှာ"

သူမရွေ့က ကောင်လေးက သူမလိုပဲ
တက္ကသိုလ်ဆရာ။သူမတို့ကျောင်းရဲ့
အသက်အငယ်ဆုံး
လို့တောင်ပြောလို့ရသည်။ပုဆိုးအကွက်စိတ်လေးနဲ့
အင်္ကျီအဖြူလည်ကတုံးလေးနဲ့

Ley Nge

ကြည့်ကောင်းသောလည်း သူမကရင်ခုန်ရမဲ့ အရွယ်မဟုတ်။

"ကျွန်တော်ကို ရွေးချယ်ပေးပါ ဘာလိုဆို မမကြိုက်တာက ကျွန်တော် အကြိုက်မို့"

"ဘယ်လို!"

"ဟုတ်တယ် ကျွန်တော်ဒီတက္ကသိုလ်မှာ တာဝန်ကျအောင်လုပ်ယူထားတာ မမကို First years ကတည်းကတွေ့တာ

မမလုပ်တာမှန်သမျှအကုန်လိုက်လုပ်တာ
အခုတက္ကသိုလ်ဆရာ
ဆိုတာမောင့်ဝါသနာမဟုတ်ဘူး မမ
ရှိလိုကိုလုပ်တာ
မြန်မာစာမေဂျာအတူတူပဲလေနော်"

သူမ ကောင်လေးပြောသမျှကို ဘာမှမပြောနိုင်ပဲ
ကြည့်နေမိသည်။သူမကို First year ထဲကတွေ့ပြီး
ကြိုက်နေခဲ့တာတဲ့။သူမကို
ချစ်ကြောင်းပြောဖို့အတွက် သူမလို
တက္ကသိုလ်ဆရာလုပ်ခဲ့တာတဲ့။

Lay Nge

"ပြီးတော့ ကျွန်တော် ငါးသလောက်မကြိုက်ဘူး
ညို့လို့ဒါပင်မဲ့ မမကြိုက်လို့ ငါးသလောက်ဟင်းကို
တစ်ပတ်က 3ရက်လောက်စားဖြစ်တယ်
အခုတော့ကြိုက်သွားပြီ မောင့်နာမည်က
မိုးတိမ်ရောင် ပါ"

သူပြုံးပြုံးလေးကြည့်နေတဲ့ ထဘီအဖြာ
ရင်ဖုံးအဖြူလေးနဲ့ ဆံထုံးထုံးထားတဲ့
မမကိုကြည့်ကပိုရင်ခုန်ရပါသည်။သူမကို ချစ်ခဲ့မိလို့

သူမနဲ့ပက်သက်တာကို အကုန်လေ့ကာ
သူမအကြိုက်အကုန်လိုက်လုပ်ခဲ့သည်။

"အင်း ဟုတ်ပြီး မိုးပြာရောင် ငါ့စဉ်းစားပေးပါမယ်"

"ဟင် !!"

မိုးတိမ် သူနာမည်ကိုတလွဲခေါ်လိုက်ပင်မဲ့
သဘောကျသွားက သူမကင်ပွန်းတက်ပေးတဲ့
နာမည်ဟုမှတ်ထားလိုက်သည်။

Lay Nge

သူမလည်း စဉ်းစားပေးမယ်ပြောကာ
သူ့အရှေ့ကလှည့်ထွက်လာလိုက်သည်။သူမမတွေ့ချင်ဘူးဆိုရင်တောင် မေဂျာတစ်ခုထဲသင်နေတာမို့ သေချာပေါက်တွေ့ရပေဦးမည်။ကိုယ်ထက်ဆယ်နှစ်လောက်ငယ်တဲ့ ကောင်လေးဆီက ရည်းစားစကားပြောခံရတော့ ကျေနပ်မိတာအမှန်ပင်။

"နင်ဘာဖြစ်နေတာလည်း "

Lay Nge

တစင်း

လုပ်ငန်းခွင်အတွင်းရောက်ကတည်းကကုတ်နေတဲ့

လင်းကို မေးလိုက်တော့...

"အင်း မသိဘူး

ခန္ဓာကိုယ်တစ်ခုလုံးယားနေသလိုကြီး

ခံစားနေရတယ်"

သူလည်ပင်းကိုကြည့်လိုက်တော့

အနီကွက်တွေတွေလိုက်တာကြောင့်...

Lay Nge

"နင်နဲ့မတည့်တဲ့ အစားအစာရှိလား"

"ဘာဖြစ်လို့လည်း"

"နင့်ကုတ်လိုက်တဲ့ နေရာမှ
အနီကွက်တွေထနေတယ်"

"ဟင်"

Lay Nge

သူမကုတ်လိုက်တဲ့နေရာတွေကT_
Shirtအဖြူလေးဝတ်ထားတာမို့ အနီကွက်တွေက
လက်မောင်းမှာအထင်းသား။သူမ ဘဝမှာမတည့်တဲ့
အစားစာဆိုတာမရှိ
သူမကြောက်တဲ့အစာစာတော့ရှိပင်မဲ့
စားခဲ့ရင်တောင်
အဲလိုမျိုးဖြစ်ခဲ့တာမရှိ။အခုမနက်လည်း
မေမိုးလုပ်ပေးတဲ့ ပေါင်မုန့်ထောပတ်သုတ်နဲ့
ice_coffee လေးပဲသောက်ခဲ့တာ မတည့်စရာမရှိ။

"ငါ့မှာမတည့်တာ မရှိဘူး အား
ယားတယ်ရင်ဘက်တွေပါ ယားလာပြီ !!"

သူမရင်ဘက်တွေကုတ်ဖို့က
ယောကျ်ားလေးတစ်ယောက်အရှေ့မှာမို့မဖြစ်။သူမ
အံ့ကြိတ်တင်းခံနေလိုက်သော်လည်း
တစ်ကိုယ်လုံးယားယံလာတာကြောင့်
ငိုချင်လာသည်။

သူမအခြေအနေက
လုပ်ငန်းခွင်ထဲယောကျ်ားသားတွေကြီးမို့မဖြစ်တာ
ကြောင့် သူဆေးခန်းပို့ပေးဖို့ဆုံးဖြတ်ကာ
မပြောမဆိုထရပ်ကာ သူမကိုပွေ့လိုက်သည်။

"ဟင် တစင်း!! "

"ငါဆေးခန်းပို့ပေးမလို့ ကြာရင်
ယောကျ်ားလေးတွေနဲ့ မသင့်တော်ဘူး ငြိမ်ငြိမ်နေ"

သူ လင်းကိုပွေ့ကာ သူမစလင်ဘတ်ကို
လည်ပင်းကနေ သိုင်းလွယ်ကာ
လုပ်ငန်းခွင်အရှေ့က ကားရပ်ထားတဲ့
နေရာကိုလျှောက်လာလိုက်သည်။ကားနားရောင်တ
ယ်ဆို သူမကို ချပေးလိုက်ပြီး

Lay Nge

ဘောင်းဘီအိတ်ကပ်ထဲက သော့ကို ယူကာ ကား lock ချထားတာကို
ဖွင့်လုိက်သည်။ကားတံခါးဖွင့်ကာ သူမကို အရှေ့ခန်းထိုင်သူနေရာမှာထိုင်စေလိုက်ပြီး သူလည်းမောင်းသူနေရာ ဝင်ထိုင်ကာ မောင်းထွက်လာလိုက်သည်။သူကားမောင်းထွက်လာရင်း သူမဘက်ကိုကြည့်တော့ ရင်ဘတ်ကိုကုတ်နေတာကြောင့် ချက်ခြင်းမျက်နာလွဲလိုက်ရသည်။

"အဲ့ ဟင့်"

သူမ ကုတ်ရင်နဲ့ လက်မောင်းက
အသားလေးပဲ့ပြီးသွေးတောင်ထွက်လာသည်။သူ
လင်းအသံကြောင့် ကုတ်နေတာသွေးတောင်
ထွက်လာပြီမို့ ကားကိုပိုအရှိန်တင်ကာ
မောင်းလာလိုက်သည်။

နာရီဝက်လောက်မောင်းပြီး
ဆေးရုံရှေ့ရောက်တယ်ဆိုကားကိုရပ်လိုက်သည်။
သူအရင်ဆင်းကာ သူမမဆင်းခင် အပေါ်က
Shirtလက်ရှည် မီးခိုးရောင်လေးကို ချွတ်လိုက်ပြီးမှ

ကားတံခါးဖွင့်ပေးလိုက်သည်။သူမဆင်းလာတယ်
ဆို သူအင်္ကျီကို သူမကိုယ်ပေါ် ခြုံပေးလိုက်သည်။

"ဟဲ့ ကြည့် ဟင် "

မေ သူမရှေ့ကဆေးရုံထဲဝင်မဲ့ကောင်လေးကို
ကြည့်နေစဉ် ဘေးက လင်းရိပ်ကို
ကိုပါတွေ့လိုက်တာကြောင် မနက်က
အသားယားယံဆေးတွေ သူစားမဲ့
ခွက်ထဲထည့်ထားတာ သတိရပြီး
ပြုံးလိုက်မိသည်။သူရန်သူတော် ဆိုတာ ကိုပြဖို့

ခြယ်ဘက်အလှည့် ခြယ်ကလည်း
သူတို့နှစ်ယောက်ကိုကြည့်နေတာကြောင့်.....

"ခြယ် နင်သူကိုသိလို့လား"

မေကမေးတာကို ခြယ်က
နေတစင်းကိုကြည့်နေရင်း...

"အင်း သူ့မိဘတွေနဲ့
ငါ့မိဘတွေကသူငယ်ချင်းအရင်းကြီးတွေ သူက
နေလက်ရာမိသားစုက အချစ်တော် နေတစင်းလေ

LayNge

အန်ကယ် တို့က
သားလေးတစ်ယောက်ထဲမွေးထားတာ"

နေလက်ရာ မိသားစုကဆိုတာကြောင့် လင်းရိပ်ကို
အလုပ်လုပ်တာက
ဒီလောက်ထိရင်းနှီးနေပြီတဲ့လား။လင်းရိပ်ကို
ကစကားပြောဒီလောက်အချိုးမပြေတာကို
ဘယ်လိုအဆင်ပြေနေကြလည်းမသိ။ကောင်လေး
က လင်းရိပ်ကို ကို
အကျိုးချတ်ပြီးတောင်ခြုံပေးနေလိုက်သေး။

"အေး ဒါဆိုသူမိဘတွေကိုပြောထားဦး သူနဲ့ရှိနေတဲ့
မိန်းမက လင်းရိပ်ကိုလေ ငါအမေရဲ့
လင်ပါသမီးပေါ့"

"ဘာ!! နင်ကိုခေါင်းကွဲအောင်လုပ်တဲ့ ကောင်မပေါ့"

"အင်း ဟုတ်တယ် သတိပေးထားဦး"

"အင်း ဒီကပြန်ရင် တိတိဆိုဝင်ပြောရမယ်
အရိုင်းစိုင်းမ နဲ့ နေတစင်းနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

သူမစကားကြောင့် မေရဲ့
အောင်နိုင်သူအပြုံးကိုတော့ခြယ်တစ်ယောက်မတွေ့
လိုက်။ခြယ် အခုအချိန်မှာ နေတစင်းကို
ဒေါသထွက်နေတာပဲသိသည်။ဘာလို့
ဒေါသထွက်နေတာလဲဆိုတာ အဖြေရှာလို့မရ။

"အစားစာ မတည့်လို့ဖြစ်တဲ့ပုံမျိုးမဟုတ်ဘူး"

"ဗျာ "

Lay Nge

"ဟုတ်တယ် သမီးစားတဲ့အစားအသောက်ထဲမှာ
ယားယံစေတဲ့ ဆေးတစ်မျိုးပါနေလို့ ဖြစ်တာ"

ဆရာဝန်စကားကြောင့် သူမအခုချက်ခြင်းထကာ
ဟိုကောင်မကို
သွားသက်ချင်စိတ်တွေတစ်ဖွားဖွား။သူမဒေါသထွ
က်နေတာ သိတဲ့ တစင်းက
လက်ကိုပုတ်ပေးနေတာကြောင့်
ဒေါသကိုလျော့နေရသည်။

"ဒေါက်တာ အန္တာရာယ်ရှိလားဗျ "

"မရှိပါဘူး ပေးတဲ့ဆေးကို
တစ်ပတ်လောက်သောက်လိုက်ရင်
သက်သာသွားမှာပါ"

သူမက ဒေါသထွက်နေတာကြောင့် ဝင်ပြောမခံပဲ
သူကပဲဦးဆောင်က ဆရာဝန်ကို
အစစအရာအကုန်မေးနေလိုက်သည်။ဆရာဝန်ပြော
သလိုဆို သူမအိမ်မှာ တစ်ယောက်ယောက်က
သူမစားမဲ့အထဲဆေးထည့်လိုက်တာဖြစ်မည်။

LayNge

"ဟုတ်ကဲ့ပါ ဆရာကျေးဇူးပါနော် ပြီးတော့
အခုရက်ပိုင်းက သန့်ရှင်းတဲ့
ပုဝါပဲသုံးရမှာဟုတ်တယ်မလားဆရာ"

ဆရာဝန်က အသေးစိပ်ဂရုစိုက်မေးနေတဲ့
သူကြောင့် လင်းကိုကြည့်ကာ...

"သမီးကတကယ်ကံကောင်းတာပဲ
ကောင်လေးကဂရုစိုက်တယ်"

"ဟမ် "

"ဟို ဆရာ...."

"ဆေးဖိုးကကောင်တာမှာပဲ ရှင်းခဲ့ပါမဲ့"

သူစကားမဆုံးခင်သူမကဝင်ပြောကာ
သူလက်ကိုဆွဲပြီး အရေးပြားဌာန
ထဲကထွက်လာပြီး အပြင်ရောက်မှလက်ကို
လွှတ်ပေးလိုက်သည်။

Lay Nge

"Sorry ငါ့က အရေးပြားမို့ ဂရုစိုက်ရအောင်လို့ ပြော..."

"ကျေးဇူးတင်ပါတယ် တစင်း"

"ဟမ်"

"ငါ့မာမီပြီးရင် နင်က ငါ့ကိုဂရုစိုက်ဆုံးလူပဲ"

Lay Nge

လို့ပြောကာ အရှေ့ကလျှောက်သွားပြီး
ကောင်တာမှာပိုက်ဆံရှင်းနေတဲ့
သူမနားလျှောက်သွားလိုက်သည်။သူက
သူမမာမီပြီးရင် ဂရုစိုက်ဆုံးလူတဲ့လား။

ကျွီး.....

သူပြန်လာတာကိုလည်မကြိုလို့
စိတ်ကောက်ပြမလို့ အခန်းထဲဝင်လာတော့ မက
ကုတင်ပေါ်မှာကွေးနေတာကြောင့် စိတ်ပူကာ
လက်ထဲက Computer အိတ်ကို

Lay Nge

အလုပ်စားပွဲပေါ်တင်ကာ
သူမဘေးနားတစောင်းသွားထိုင်ပြီး
နဖူးစမ်းမယ်အလုပ် .....

"မောင် ပြန်လာပြီလား အိပ်ပျော်သွားလို့
မောင့်ကားသံကြားမှနိုးလာတာ မထချင်သေးတာနဲ့
လှဲနေတာ"

"ဘယ်လို မောင်ကနေမကောင်းဘူးထင်နေတာ
တော်သေးတာပေါ့ မောင်စိတ်ပူသွားတာပဲကွာ"

Lay Nge

သူမလှဲနေရာမ
ထထိုင်ကာမောင့်ရင်ဘက်ကိုမှီထားလိုက်ပြီး....

"စိတ်မဆိုးနဲ့နော် အိပ်ပျော်သွားလို့"

"မောင် ဝင်လာတုန်းကတော့ စိတ်ကောက်ဖို့ပဲ
ဒါပင်မဲ့ နေမကောင်းဘူးထင်တဲ့
စိတ်ကဆိုးမိုးသွားပြီး စိတ်ကောက်ချင်တဲ့စိတ်က
ဘယ်ရောက်သွားမှန်းမသိဘူး"

မောင်က သူမအပေါ်
တစ်နေ့ထက်တစ်နေ့ပိုဂရုစိုက်လာတာတွေက
သူမအပေါ်ချစ်တယ်ပြောတာထက်
ချစ်ကြောင်းပြနေတာမို့ ချစ်တယ်မပြောလည်း
သူဘယ်လောက်ချစ်တယ်ဆိုတာ ခံစားနေရသည်။

"ချစ်ဖို့ကောင်းလိုက်တာ "

Lay Nge

သူရင်ဘက်ကိုမှီပြီး
ချစ်စရာကောင်းအောင်လုပ်ပြနေတဲ့သူမလေးကို
အသဲယားလာကာ...

"ဟွန်း မောင့်မိန်းမက
အသဲတွေယားအောင်လုပ်မှာတော့ ရေမချိုးခင်
မောင့်မိန်းမကို စားလိုက်ဦးမယ်"

"မောင်နော် မရဘူး"

LayNge

"ရလိုက်ပါ ဟွန်းဟွန်း
ကိုယ့်ယောကျ်ားအကြောင်းကိုယ်သိတယ်မဟုတ်
လား"

ဆိုကာ စည်းထားတဲ့ ဆံပက်တွေကိုဖြည်ချလိုက်ပြီး
သူမကို အိပ်ရာပေါ်လှဲချကာ necktie
ကိုဖြုတ်ကာကုတင်အောက်ချလိုက်သည်။သူအပေါ်
ကုတ်ကိုလည်း ချွတ်ပစ်ကာ အောပ်ခံ Shirt
အဖြူရောင်က ကြယ်သီး 3လုံးဖြုတ်ပြီး
သူမကိုကြည့်လိုက်တော့ မျက်လုံးလေးက
နေရာအတည်အကျမရှိလိုက်ကြည့်နေသည်။

"မ ရှက်နေတာလား ဒီကောင်နဲ့ ဒီလို..."

"မောင် ကလည်း"

"မောင်ကမလည်းနဲ့
ဟွန်းအခုတော့အစားခံလိုက်တော့"

"အွန်"

Lay Nge

မောင်သူမကို နမ်းတယ်ဆို
သူမလည်းမောက်လည်ပင်းကို လက်ချိတ်ကာ
ကော်လံစကိုလက်ကစုတ်ထားသည်။မောင်က
နှုတ်ခမ်းနမ်းနေရာက
လည်တိုင်လေးကိုပြောင်းသွားပြီး
လက်တွေကလည်းအငြိမ်မနေ
သူမရင်ဖုံးအင်္ကျီကြယ်သီးလေးတွေကို
အကုန်ဆွဲဖြုတ်လိုက်သည်။သူအင်္ကျီထုတ်သီးလေး
တွေဖြုတ်ပြီးတယ်ဆို ထိုင်လိုက်ကာ
သူမခြေထောက်တစ်ဖက်ကို ဆွဲမလိုက်တဲ့
မောင်ကြောင့် သူမမျက်လုံးဖွင့်ကြည့်လိုက်တော့

သူပေါင်ပေါ်သူမခြေထောက်ကိုတင်ကာ
Footchain လေးကိုဝတ်ပေးနေသည်။

သူ FootChain လေးဝတ်ပေးပြီးတော့
မကိုကြည့်ကာ...

"မောင့်မိန်းမလေး ကြိုက်လား"

"ဟင် မောင်ကလည်း
သဘာဝအရွယ်ကဒါတွေဝတ်ရမဲ့
အရွယ်မှမဟုတ်တာမောင်ရယ်"

Lay Nge

"မောင့်မိန်းမက over 40 ပါ over 50မဟုတ်ဘူး
အခုမောင်တို့
ကလေးယူချင်ရင်တောင်ထပ်ယူလို့ရသေးတယ်"

"ဟင် !! မောင်စုတ် ဘာတွေပြောနေတာလည်း"

"တကယ်ပြောနေတာ
မောင်ကြိုးစားလိုက်ရမလားပြော အခုပြော"

LayNge

သူမ မောင့်စကားတစ်ခုခြင်းဆီကြောင့်
မျက်နာလေးရဲတက်နေတော့သည်။သူ
သူပြောနာကြောင့်သာ ရှက်နေပြီး ရင်ဘက် က
ကြယ်သီးတွေဖြုတ်ထားတာတောင်
သတိရသေးရလာမသိ။

သူမကို ဘာစကားမှဆက်မပြောတော့ပဲ
ပြုံးပြီးကြည့်နေတဲ့မောင့်ကြောင် ခဏက
ထုတ်သီးလေးတွေဖြုတ်ထားတာကို သတိရသွားက
လက်နဲ့ကာလိုက်ပြီး...

Lay Nge

"မောင် နာဘူး သိပ်ကျတာပဲ"

"အင်း နာဘူးလေ မတစ်ယောက်ထဲကိုပဲဘူးမဲ့ နာဘူး အခုလည်း ဘူးမလို့လေ"

မောင်က သူမနဖူးလေးကိုဖိကပ်နမ်းပြီး သူမကိုယ်လေးကို ကောက်ပွေ့ကာ...

"ရေချိုးကြမယ် ရေချိုးခန်းထဲကြမှ အဟွန်း"

LayNge

ကျောချမ်းဖွယ် ရယ်သံနဲ့အတူ သူမကို ပွေ့ကာ
ရေချိုးခန်းထဲခေါ်လာတဲ့ မောင်ကိုတားမရမှန်းသိလို့
ဘာမှမပြောတော့ ပဲသူရင်ခွင်နဲမှိကာ သူခေါ်ရာ
အချစ်ကမ္ဘာလေးဆီသို့....။

"သား "

တစင်းအလုပ်ကပြန်ရောက်တယ်ဆို
အပေါ်ထပ်တက်မလို့ခြေလှမ်းစဉ် ညည့်ခန်းထဲက
မေမေခေါ်သံကြောင့်
ဖုန်းကိုလက်တစ်ဖက်ကိုင်လျက်

ည့်ခန်းထဲဝင်လာတော့
မခြယ်ပါရောက်နေတာကြောင့်
ဘာလာမွေ့ပြန်ပြီလည်းမသိ။သူ မခြယ်နဲ့
မျက်နှာခြင်းဆိုင်ခုံမှာဝင်ထိုင်ပြီး မေမေ နဲ့
ဖေဖေဘက်လှည့်ကြည့်လိုက်တော့....

"သားကို ဒီနေ့ ခြယ်လေးကဆေးရုံရှေ့မှာတွေ့လို့တဲ့
ဘာဖြစ်လို့လည်း"

Lay Nge

"ဘာမှမဖြစ်ပါဘူး မေမေ
သားသူငယ်ချင်းနေမကောင်းလို့
ဆေးလိုက်ပြပေးရုံပါ"

သူပြောတယ်ဆို ခြယ်လေးက.....

"နင်နဲ့
သူငယ်ချင်းကဘယ်လိုလူမျိုးလည်းဆိုတာသိလား"

သူမခြယ်ကို မျက်မှောင်ကုတ်ကြည့်ကာ...

Lay Nge

"ဘယ်လိုလူမျိုး ဖြစ်ဖြစ် မခြယ်နဲ့ဆိုင်လား"

ဒေါသသံမပါပင်မဲ့ မာတဲ့အသံနဲ့ ထပြောတဲ့
သားဖြစ်သူကြောင့် သဘာဝ
သားကိုဝင်ပြောရသည်။

"သား ခြယ်လေးက စေတနာနဲ့ပြောနေတာလေ
အကြီးပြောတာနားထောင်မှပေါ့"

Lay Nge

နေကတော့ ဘာမှမပြော
သားဘာပြန်ပြောမလည်းကိုသာစိတ်ဝင်တစားနား
ထောင်နေလိုက်သည်။

"အဲ့ မိန်းကလေးက ငါ့သူငယ်ချင်းအမေရဲ့
လင်ပါသမီး သူကြောင့်လေ ဟိုတစ်နေ့က
ငါ့သူငယ်ချင်း ဆေးရုံတက်ရတာတဲ့အထိဖြစ်တယ်
မိန်းကလေးတန်မဲ့ ခေါင်းရိုက်ခွဲရတယ်လို့"

"သူမ မှာလည်း
အဲ့လိုလုပ်ရမဲ့အကြောင်းအရင်းရှိတယ်ဆိုတာရော

မခြယ်သိလား

လက်ခုပ်ဆိုတာတစ်ဖက်ထဲတီးလို့မမြည်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သူမက ရိုင်းစိုင်းတယ် မပက်သက်နဲ့ နင်အတွက်ငါပြောနေတာ"

မခြယ်စကားဆုံးတယ်ဆိုလသူထိုင်နေရာကနေထရပ်ပြီး တစ်ဖက်သက်ကြီးပြောနေတဲ့ သူမကို....

"မခြယ် ကျွန်တော်အတွက်ပြောရအောင် မခြယ်က ဘာမို့လို့လဲ

Lay Nge

ကျွန်တော်မိဘတွေတောင်မချူပ်ချယ်တာ
နေရာတကာမပါပါနဲ့ ကျွန်တော်မကြိုက်ဘူး ဖေဖေ
မေမေ သားနားတော့မယ် နည်းနည်းပင်ပန်းလာလို့"

ပြောကာ
ည့်ခန်းထဲကထွက်လာလိုက်သည်။သူဘဝမှာ
လွတ်လွတ်လပ်လပ်သာ
မိဘတွေကနေခွင့်ပေးခဲ့တာကြောင့်
သူချူပ်ချယ်တာကိုမကြိုက်။သူသက်မှတ်ထားတာ
က သူ့ဘဝကိုကြိုးကိုင်ခွင့် ရှိတာက ဖေဖေ နဲ့
မေမေ။

~~~~~~~~~~~~🤍🤍~~~~~~~~~~~🤍🤍~
~~~~~~

ကတိပေးထားတဲ့အတိုင်းနောက်တစ်ပိုင်းတင်ပေး
လိုက်ပါပြီ🤍🤍

မျှော်လင့်နေမယ် comment ရှည်ရှည်လေးတွေ🥹

Lay Nge

comment 60 ကျော်ရင် မနက်လည်း

နှစ်ပိုင်းလာမယ်ကွာ🥰

အဆင်နောက်တစ်ယောက်ပါလာပါဖြီ

တက္ကသိုလ်ကျူတာလေး မဲနယ်ရောင် အဲ့

မိုးတိမ်ရောင်😀🤪

OBJ

📘The Sun Of Flower {Season 2}📘

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

Lay Nge

Part_14~~~~

"မောင် သားပြောလိုက်တာလွန်တယ်နော် ဟိုက
စေတနာနဲ့ပြောတာကို ဒီကောင်လေးဆူထားဦးမှ"

ခြယ်လေး သားစကားကြောင့်
စိတ်မကောင်းဖြစ်ပြီး ပြန်သွားတာကို သူမက
အခန်းထဲရောက်တယ်ဆို မောင်ကိုပြောတော့....

"မောင်ကတော့ သားကိုမမှားဘူးထင်တာပဲ"

LayNge

သူအလုပ်စားပွဲပေါ်နားက ခုံပေါ်ထိုင်ရင်း
ကုတင်ပေါ်ထိုင်နေတဲ့
မကိုပြောလိုက်သည်။သားပြောတဲ့အထဲ
သူနားထောင်ရသလောက်ကတော့
အမှားမှမပါပဲလေ။သားက သူနဲ့
ဝတ်ပုံစားပုံတင်တူတာမဟုတ်
စိတ်နေစိတ်ထားပါတူသော
သားကိုသူနားလည်သည်။

"မောင့်သားက မဟုတ်ရင်မဟုတ်ကြောင်း
အေးဆေးမပြောဘူးလေ"

Lay Nge

"ဒါကတော့ မရယ် သားကမောင်နဲ့အကုန်တူတယ်
ကိုယ်ကလည်း သူများတကာကိုဆရာမလုပ်ဘူး
သူများဆရာလာလုပ်တာလည်း မကြိုက်ဘူးလေ"

သူမ သားဘက်ရပ်ပြီးပြောနေတဲ့
မောင်ရှေ့ကိုလျှောက်သွားကာ..

"သားပုံစံကို အခုလိုအခုမမြင်ဘူးတော့ တစ်မျိုးပဲ
မောင်"

"သား နဲ့ မောင်မတူတာကအဲ့အချက်ပဲ မ
သားကသူစိတ်ဘယ်လိုရှိကြောင်း
တော်ယုံမဖော်ပြတက်ဘူး မောင်ကတော့
စိတ်ဆိုးဒေါသထွက်လွယ်တယ်ပြောရမယ်
တစ်ခုခုဆိုကိုကအရင် လက်ပါတက်တာမျိုးပေါ့
စိတ်ထက်လက်ကပိုမြန်တယ်"

"ဘာလည်း လူဆိုးဖြစ်ခဲ့တဲ့အချိန်တွေကို
သတိရနေတာလား"

မကပြုံးပြီး မေးလာတာကြောင့်...

"လာ မောင်ပြောပြမယ် မက်တပ်ရပ်နေတာ
ညောင်းနေမယ်"

သူရှေ့ကရပ်နေတဲ့ မကို
သူပေါင်ပေါ်ထိုင်စေလိုက်လိုက်ပြီး
သူမခါးကိုဖက်ကာ....

"အင်း လူဆိုးဖြစ်ခဲ့တဲ့အချိန်ထက်
မကိုပထမဆုံးတွေ့တဲ့အချိန်ကိုပိုသတိရတယ်

Lay Nge

တကယ်မောင်တို့ပျော်ခဲ့ကြတာ
သားတောင်20ဖြစ်နေပြီလေ"

အရင်အကြောင်းတွေ
သူငယ်ပြန်နေတဲ့မောင်ကြောင့် သူမရီမိသွားကာ
အသံထွက်သွားတော့ မောင်က....

"ဘာရီတာလည်း မောင်ကခံစားပြီးပြောနေတာကို
မနော် ညနေကအစားခံရတာမမှတ်သေးဘူးလား"

သူမ အသက်ကြီးလာမှ မျက်နာပိုးမသေသလို
နာဘူးထတာတွေကိုပါ အရသာခံပြောနေတဲ့
မောင်ကို စိတ်တိုလာကာ သူပေါင်ပေါ်ထိုင်နေရပ်နဲ့
သူပုခုံးကိုလှည့်ကိုက်လိုက်တော့သည်။

"ဟာ မိန်းမက ဇာတ်လမ်းစချင်တာလား"

"မောင်နော် စိတ်ဆိုးမှာနော်
အသက်ကြီးမှတော်တော်ဖြစ်"

Jay Nge

"အင်း တော်တော်ဖြစ်နေတာ မကုပေးမှ ပျောက်မှာ
"

မျက်ခွက်ပြောင်နေတဲ့ မောင်ကို မျက်စောင်းထိုးပြီး
သူ့ရင်ခွင်ထဲမှာသာ
ငြိမ်နေလိုက်တော့သည်။သူမငြိမ်နေတာကို
မောင်ကအခွင့်ကောင်းယူကာ ခေါင်းလေးနမ်းလိုက်
ဆံပင်နမ်းလိုက်
လက်တွေကခါးလေးတွေညစ်လိုက်နဲ့
အမောင်နာဘူးကအလုပ်ရှုပ်နေတော့သည်။

LayNge

"သမီး လွှာလေး ဒီရက်ပိုင်းလိမ့်မှာနေပါလား
အနေအထိုင် ဝတ်ပုံစားပုံကအစပြောင်းလာတယ်"

ဦးထက်မြတ်
မနက်စာစားရင်းမြေးဖြစ်သူကအရင်လိုအတိုအပြတ်မဟုတ်ပဲမြန်မာဆန်ဆန်လေးဝတ်ထားတာကြောင့် ပြောတော့ ရှိုင်းထက်မြတ်က.....

"ဖေဖေ မြေးကလိုတုန်းမို့
မလိုရင်အရင်ကအတိုင်းပြန်ဖြစ်သွားမှာ"

"ဟာ အန်ကန်နော်
ကိုတူမလေးပြောင်းလဲလာတာကို
ဝမ်းမသာဘူးလားပြော"

ရှိုင်းထက်မြတ် coffee ခွက်ကိုချကာ...

"အချိန်မရွေးပြောင်းလဲတက်တဲ့
နင်စိတ်ကိုယုံကြည်ရမှာလားပြော အခုရက်ပိုင်းမှ
ဘာကြောင့်ပြောင်းလဲနေလည်းငါမသိပင်မဲ့
ဆယ်ရက်တောင်ကြာရင် ကံကောင်း"

Ivy Nge

ပိတောက်ရောင်မြန်မာဝမ်းဆက်လေးနဲ့
နှုတ်ခမ်းလေးဆူကာ
ဦးလေးဖြစ်သူကိုပြန်ပြောနေပုံများ အဖိုးဖြစ်သူနဲ့
ဦးလေးက ပိုချစ်နေရတာပင်။

"ကဲပါသားရာ မြေးပြောင်းလဲလာတာနဲ့တင်
ကျေးဇူးတင်သင့်နေပြီ "

"ဟွန်း ဖိုးဖိုးကမှ ချစ်ဖို့ကောင်းသေး ဒါနဲ့ ဖိုဖိုး လွှာ
Coffee ဖျော်သင်တန်းတက်ချင်တယ်"

မြေးဖြစ်သူပါးစပ်မှ
အိမ်မူကိစ္စနဲ့ပက်သက်တာထွက်လာတာကြောင့်
ရှိုင်းထက်မြတ်တို့ သားအဖနှစ်ယောက်လုံးမှာ
အံ့သြမှင်သက်နေရသည်။လွှာကတော့
အံ့သြတကြီးကြည့်နေတဲ့ ရအန်ကယ်တို့ကို....

"သင်တန်းတက်ရင်သုံးဖို့ Card ထဲ
ရေထည့်ပေးထားဦးနော် ချစ်ဆုံးအန်ကယ်"

LayNge

"တွေ့လား ဖေဖေမြေးက မုန့်ဖိုးကတစ်နေ့
ဆယ်နဲ့ချီသုံးနေတာကို
ဖေဖေကအလိုလိုက်ဦးမလို့လား"

ဦးထက်မြတ်သားဖြစ်သူရဲ့
အပြောကမှန်တာကြောင့် ပြုံးရုံပြုံးက
မြေးဖြစ်သူကိုကြည့်ပြီး....

"ဟုတ်ပါပြီး တစ်လစာထည့်ပေးထားမယ်
ဟုတ်ပြီးလား"

"Yes Boss!!"

"ဖေဖေ"

လွှာတစ်ယောက်ဝမ်းသာသွားပင်မဲ့
ရှိုင်းထက်မြတ်က တအားအလိုလိုက်လွန်းတဲ့
ဖေဖေကို ပြောဖို့ပြင်လိုက်ပင်မဲ့
ဖေဖေစကားကြောင့်သူတိတ်သွားရသည်။

"ဖေဖေ..."

Love Nge

"သား နဲ့ ဖေဖေ
မှာသံယောဇဉ်တွယ်စရာမြေးလေးပဲရှိတာလေ
သူမသုံးရင် ဘယ်သူသုံးမှာလည်းသား"

ဖေဖေပြောသလိုပင် သူတို့ရှာသမျှသုံးဖို့က
လွှာတစ်ယောက်သာရှိသည်။သူတို့သားအဖမှာ
မြေးအရင်း တူအရင်းရှိတော့လည်း
စောင့်ရှောက်ဖို့နေနေသာသာတွေ့တောင်မတွေ့ဘူး။
တကယ်လို တွေ့ခဲ့ရင်တောင် တူလေးက
သူတို့ထက်သာတဲ့
နေလက်ရာမိသားစုမှာမဟုတ်လား။သူတွေ့ချင်ရင်
တောင် နေမင်းလက်ရာကရော

သူသားကိုတွေ့ခွင့်ပေးမှာတဲ့လား။အရာအားလုံး
ဟာ သူအပြစ်တွေကြီးပဲမို့
နေလက်ရာမိသားစုအပေါ်မှာည
အပြစ်ကြီးတစ်ခုရှိနေသလို
သူမှာအခုအချိန်ထိခံစားနေရသည်။

မေလက်ရာအတန်းချိန်တစ်ခုဝင်ပြီးတော့
နားချိန်ရောက်တာမို့ ကန်တင်းဘက်ကိုလာကာ
နေ့လည်စာစားနေတုန်း .....

"Happy Brithday MaMa 🎉 🎁 "

Lay Nge

ဆိုတဲ့ အသံနဲ့ အတူဝင်ထိုင်လာတဲ့
မိုးတိမ်ရောင်ကြောင့်....

"မင်းငါ့မွေးနေ့လည်း သိတာပဲလား"

သူမမေးတာကို ခေါင်းငြိမ့်ပြကာ
လက်ဆောင်ဘူးလေးကို သူမဆီကမ်းပေးလာတော့
သူမခေါင်းရမ်းကာ....

Lay Nge

"မယူပါရစေနဲ့
မွေးနေ့ဆုတောင်းပေးတာနဲ့တင်ကျေးဇူးတင်ပါတယ်နော်"

"ယူပါ အမှတ်တရပေးတာပါ
မမတို့ကဒီထက်မကဝယ်နိုင်တယ်ဆိုတာသိပါတယ်
ဒါကကျွန်တော် ပေးတဲ့လက်ဆောင်လို့
သတ်မှတ်ပေးယုံဆိုကျေနပ်ပါပြီ"

"အင်းပါ ဘာစားမလည်းကြိုက်တာစားလေ
ငါဝယ်ကျွေးမယ်"

LaNge

"တကယ်လား ဟွန်း ကျေးဇူးပဲမငြင်းတော့ဘူးနော်"

သွားတက်ကလေးနဲ့ သူမဝယ်ကျွေးတာကို
ဝမ်းပန်းတသာဖြစ်နေတဲ့ကောင်လေးကိုကြည့်ပြီး
သူမစိတ်ထဲ တစ်ခါမှမခံစားဘူးတဲ့
ခံစားချက်မျိုးခံစားနေရတာတော့အမှန်ပင်။ဒါပင်မဲ့
အသက်အရွယ်ကွာခြားချက်ကိုတွေးကြည့်ရင်
ခံစားချက်တွေလည်းပျောက်သွားရသည်။

"အယ် ကြည်နူးနေကြတယ်ပေါ့"

သူမတို့နှစ်ယောက်စားသောက်နေရင်း
သူမဘေးနားဝင်ထိုင်က ပြောတဲ့
မေသော်ကိုကြည့်ကာ...

"ဘာတွေပြောနေတာလဲ မေသော်မ"

"အယ် အပျိုကြီးကလည်းရှက်နေပြန်ပြီ
အရွယ်မဟိုင်းခင်လေး မြန်မြန်"

"နင်နော် သေတော့မယ်"

Jay Nge

"ရှက်မနေပါနဲ့ မေလက်ရာရာ
နင့်အကြောင်းတွေသူဘယ်လိုသိလည်းနင်သိလား
ငါ့ကိုလာမေးတာလေ အကုန်ပြောပြလိုက်တာ!"

အားရပါရပြောနေလိုက်တာများ သူမအကြောင်းကို
သူစိမ်းယောကျ်ားလေးကမေးတာကို
အကုန်ပြောပြလိုက်သည်တဲ့တော်တော်ကောင်းတဲ့
သူငယ်ချင်းပါပင်။

Love Nge

"ဟုတ်ပါတယ် မမ အကြောင်းတွေကို
အန်တီဆီကမေးထားတာပါ"

"ဘာ!!!"

မေလက်ရာ
ရီချင်နေတာကိုမနဲတည်ထားရသည်။သူမကိုကြ
မမလို့ပြောပြီး မေသော်ကြအန်တီတဲ့။မေသော်
သူမကို အန်တီလို့ခေါ်လို့ ဖြစ်ပျက်နေပုံက...

"လန့်တာဗျာ ဘာဖြစ်တာလည်း အန်တီကလည်း"

Lay Nge

သူမဆီမေလက်ရာအကြောင်းလာမေးတုန်းကများ
မမဆိုတာပါးစပ်ကမချအောင်ခေါ်နေပြီးတော့
အခုကြတော့
သူမကိုအန်တီလို့ခေါ်တာစိတ်မဆိုးစရာလား။နော
က်တစ်ခါလာမေးကြည့် ပါးချလိုက်ဦးမည်။

"ကဲပါ နှစ်ယောက်လုံးတော်ကြတော့
စားကြနှစ်ယောက်လုံး "

LayNge

သူမပြောမ မိုးတိမ်ရောင်က
မှာထားတာကိုဆက်စားနေပြီး မသော်ကတော့
သူမစားဖို့မှာတော့သည်။သူမတော့ ဒီနှစ်ယောက်နဲ့
ဘယ်လိုစခန်းဆက်ရမလည်းမသိ။

"နင် သက်သာတယ်မဟုတ်လား"

သူမတို့ တစင်းအိမ်ကနေ့လည်စာစားနေရင်း
မေးတော့...

LayNge

"အင်း ဆေးသောက်လိုက်တာ
အနီကွက်တွေတော့ပျောက်သွားပြီ"

"ဂရုစိုက်ဦး သိပ်မပေါ့နဲ့ ပြန်ဖြစ်နေမယ်
အဝတ်သန့်ကိုသုံးပြီး ပါးစပ်တို့
နှုတ်ခေါင်းတို့ကိုလုပ်"

"အင်းပါကျေးဇူးပဲ
ငါ့ကြောင့်အလုပ်ပိုနေပြီထင်တယ်"

Lay Nge

သူမစိတ်ရင်းနဲ့ သူ့ကိုကျေးဇူးတင်ခြင်းပါ။သူမ
ဘဝမှာ မာမီပြီးရင် ဂရုစိုက်တာ
တစင်းကပထမဆုံးပါ။ဒယ်ဒီသာ သူလောက်
ဂရုစိုက်ခဲ့ ရင်
ဘယ်လောက်တောင်ပျော်လိုက်မလည်း။

"မလိုပါဘူး Fri တွေပဲလေ အေးတူပူမျှပေါ့"

သူမသူပြောတာကိုပြုံးပြကာ ချိုင့်ထဲက
ကြက်ကလိစာဟင်းကို ယူစားလိုက်ပြီး...

"ဒီ
ကြက်ကလိစားဟင်းအနစ်ကလေးတော်တော်ကော
င်းတယ်နော် နင့်အမေကတကယ်တော်တယ်"

"အင်း မေမေကအိမ်ထောင်ရှင်မပီသတယ်
ပြီးတော့ ဒီဟင်းက သူ့ယောကျ်ားအကြိုက်လေ
ရှယ်ချက်ထားတာ"

"သူ့ယောကျ်ားဆိုတာ နင့်အဖေမဟုတ်ဘူးလား"

"မေမေ နဲ့ ဖေဖေက
နှစ်ယောက်ဆုံရင်ငါ့ကိုအမြဲဖဲ့တယ်
သူတို့လင်မယားဘယ်လောက်ချစ်ကြောင်းပြောတ
ယ် ဒါပင်မဲ့ ငါပျော်တယ်"

တစင်းကို သူမအရမ်းအားကျသည်။သာယာတဲ့
သူမိဘတွေရဲ့အိမ်ထောင်ရေးကို ပြောနေပုံများ
ဘယ်လောက်တောင်စိတ်ချမ်းသာနေမလည်းဆို
တာ သူမျက်ဝန်းတွေမှာမြင်နေရသည်။

"နင်တို့မိသားစုလေးကို အားကျတယ်သိလား"

"အားကျရင် ငါတို့မိသားစုထဲလာလိုက်လေ"

"ဘယ်လိုလာမှာလည်း
ငါ့ကသူစိမ်းလေရိုက်ချမှာပေါ့"

သူမပြောတော့
သူကနှုတ်ခမ်းတွန့်ယုံပြုံးလိုက်ပြီး....

"ငါ့ကိုယူလိုက်လေ"

Lay Nge

"မသာ"

သူမကိုအတည်ပေါက်ကြီးနဲ့စနေတဲ့ သူကို
*မသာ*လို့ဆဲတာတောင်
ရုပ်ကြီးကပြုံးနေလိုက်တာ
စိတ်မဆိုးတက်တဲ့အတိုင်း။

သူသိတာပေါ့ သူတို့မိသားစုအကြောင်းပြောတော့
စိတ်မကောင်းဖြစ်သွားတဲ့မျက်ဝန်းတွေကိုတွေ့လို
က်ရတာကြောင့်

LayNge

သူချက်ခြင်းစကားလွဲလိုက်ခြင်းဖြစ်သည်။သူမ
ဘဝကို သူစာနာပါသည်။သူဘဝက
ဘာမှလိုအပ်ချက်မရှိခဲ့ မိဘမေတ္တာဆိုရင်လည်း
တစ်ဦးတည်းသောသားမို့တစ်ယောက်ထဲအချစ်
တွေရခဲ့သည်။

"လူကြီး"

နေ ညေ့သည်တွေနဲ့ နေ့လည်စာစားပြီး
ဆိုင်အပြင်ထွက်မလို့အလုပ်
အနောက်ကခေါ်သံကြောင့်

အနောက်လှည့်ကြည့်စရာမလိုအောင်
သူ့အတွက်အနှောက်အယှက်မှန်းသူသိသည်။

"လူကြီး ကလည်း ချေလိုက်တာ"

သူမခေါ်တာကို လှည့်ကြည့်ပေါ်မရဘဲ
ဆက်သွားဖို့ခြေလှမ်းလှမ်းနေတဲ့
လူကြီးရှေ့ကပိတ်ရပ်လိုက်ပြီး ပြောလိုက်သည်။

နေကတော့
မျက်နာကြီးတည်ကာရှေ့ကပိတ်ရပ်နေတဲ့ မိန်းမကို

ရှောင်က သွားဖို့ပြင်လိုက်ပင်မဲ့
လမ်းကိုလိုက်ပိတ်နေတာကြောင့်
ဒေါသကထွက်လာပြီး တောက်စ့်ခေါက်လိုက်သည်။

"တောက့်စ် မင်းဘာလဲ
ဘာလို့နှောက်ယှက်နေတာလည်း ဟမ်!!"

"လူကြီး ဒီလိုမြန်မာဆန်ဆန်လေး
ကိုသဘောကျလား"

LayNge

"မင်းဘာသာ မြန်မာဆန်ဆန်မကလို့ တစ်ကိုယ်လုံး
ဘာမှမဝတ်ထားရင်တောင်စိတ်မဝင်စားဘူး
ရှင်းလား!! အေး မင်းဘက်ကလိုက်ကပ်နေတာ
ချစ်စားဖို့ဆိုရင် ဘယ်လောက်လည်းပြော
ငါပေးလိုက်မယ် အာရုံလာမနောက်နဲ့"

လူကြီးက သူမဘယ်လိုပြင်ဆင်နေနေ
အပြစ်မြင်နေတာကြောင့်...

LaWge

"လူကြီး မိန်းမထက်မလှလို့လား လူကြီး မိန်းမထက်သာတယ်လို့တော့ လွှာထင်တာပဲ အဘွားကြီးကို ခေါက်ထားလိုက်စမ်းပါ"

နေဘယ်လိုမှသည်းခံမရတော့တဲ့ အဆုံးစိတ်ကို မထိန်းတော့ပဲလွှတ်ပေးလိုက်တော့သည်။သူ လွှာမျက်နာရှေ့တည့်တည့်ကို မျက်နာကြီး ငုံ့ကြလာပြီး...

Lay Nge

"ငါ့မိန်းမကလေ
ကုတင်ပေါ်ငါတစ်ယောက်ထဲနဲ့ပဲတက်ဖူးတာ
မင်းကဘယ်အကောင်တွေနဲ့ ဘာဖြစ်.."

"လူကြီး!!! မမိုက်ရိုင်းနဲ့"

"အေး ပြောမှာပဲ မင်းဘာသာကြိုက်တဲ့အကောင်နဲ့
ကုတင်ပေါ်တက်တက် ငါ့ကိုလာပြီး
ဂျိုလာတက်မပေးနဲ့ ငါ့က မင်းရှာနေတဲ့
နွားမဟုတ်ဘူး"

သူမက အပျိုကြီးလေးမို့ လူကြီးရဲ့
မိန်းမပျက်လိုကြည့်ပြီး
အပေါစားဆန်ဆန်ပြောနေတဲ့ လူကြီးကို
ဒေါသမထွက်ပင်မဲ့
စိတ်မကောင်းတော်တော်ဖြစ်မိသည်။လူကြီးကို
ချစ်လွန်းလို့
နှလုံးသားတစ်ခုလုံးပြည့်နေပါပြီ။ယောကျ်ားတိုင်း
ကို အလွယ်တကူရတယ်လို့ သူမထင်ခဲ့ပင်မဲ့
ဒီလူကြီးနဲ့တွေ့ပြီးမှာတော့
အမှားကြီးမှားသွားခဲ့သည်။

"အစ်မ ဒီဆွဲကြိုးလေးလာရောင်းတဲ့သူရှိလားဗျ"

သူတို့ အလုပ်ခွင်ကနေစောစောထွက်လာပြီး
သူမတို့အိမ်အနီးအနားက ရွှေဆိုင်တွေမှာ သူမ
မာမီရဲ့ဆွဲကြိုးကို သူမနဲ့အတူ ဖုန်းထဲကပုံကိုပြ
လိုက်ရှာပေးနေသည်။

"ဟင်အင်း မောင်လေး
ဒီလိုလည်ဆွဲမျိုးအစ်မတို့ဆိုင်မှာ
တစ်ခါမှမတင်ဘူးပါဘူး"

သူဆိုင်ဝန်ထမ်းအစ်မကိုပြုံးကာ...

"ဟုတ်ကဲ့ကျေးဇူးတင်ပါတယ် ဗျ"

သူနဲ့သူမထိုဆိုင်ထဲက ပြန်ထွက်လာပြီး ရပ်ထားတဲ့ သူကားနားလျှောက်လာကာ...

"ဒီနားမှာဆိုင်တွေကျန်သေးလား"

"ဟင်အင်း အနီးအနားကဆိုင်တွေငါတို့အကုန်ရှာခဲ့ ပြီးပြီပဲ မတွေ့တော့ဘူးထင်ပါရဲ့ဟာ"

Lay Nge

စိတ်မကောင်းဖြစ်စွာပြောလာတဲ့ လင်းရဲ့
ပုခုံးကိုကိုင်ကာ သူနဲ့မျက်နှာချင်းဆိုင်စေလိုက်ပြီး..

"လင်း ဇွဲရှိရင်ဘာမဆိုဖြစ်နိုင်တယ်
နင်စိတ်ဓာတ်ကျစရာမလိုဘူး ငါရှိတယ်
ဟုတ်ပြီလား"

သူမကို အားပေးနေတဲ့ တစင်းကိုပြန်ပြုံးပြနေစဉ်
သူမလက်ကို ဆောင့်ဆွဲခံလိုက်တာကြောင့်
သူမလှည့်ကြည့်လိုက်တော့.....

"တိမ်ယံဘွား! ရှင်ဘာလုပ်တာလည်း"

သူမ တိမ်ယံဘွားလက်ကိုပုတ်ချပလိုက်သည်။

"ငယ် ဒီကောင်ကဘယ်သူလည်း ဘာလို့ငယ့်ပုခုံးကို ကိုင်နေတာလည်း"

တစင်းဘာမှမပြောပဲ ပိုင်ဆိုးပိုင်နင်းပြောနေတဲ့ လူကိုကြည့်လိုက်တော့ ဂျူတီကုတ်ကို လက်တစ်ဖက်ကကိုင်ထားတာတွေ့နော့

သူဆရာဝန်မှန်းသိလိုက်သည်။သူ
လင်းရဲ့တုန့်ပြန်မှုကိုစောင့်နေလိုက်သည်။

"သူကဘယ်သူဖြစ်ဖြစ် ရှင်နဲ့ဆိုင်လား သူဘာသာ
ပုခုံးမကလို့ ဘယ်နေရာထိထိ ရှင့်အပူမပါဘူး"

"ငယ် ကိုယ်ကငယ်ရဲ့...."

"ရှင့်က ကျွန်မရဲ့ Ex ရှင်းလား
ကျွန်မအပေါ် ခြိုခုန်တဲ့ ကောင်ကို

Lay Nge

ကပ်တွယ်နေရအောင်ထိ
ရှင့်အပေါ်မတွယ်တာနေဘူးနော်"

"ဘာပဲဖြစ်ဖြစ် ကိုယ်ကငယ့်ကိုမပျက်နိုင်ဘူး
အချိန်တန်ရင် ငယ်ကကိုယ်နဲ့လက်ထပ်ရမှာ"

"power တွေလာမပြနဲ့ ရင်ကိုမခုန်တာ ဒယ်ဒီနဲ့
ချိန်းခြောက်ဦးမလို့လား မကြောက်ဘူးနော်
ကိုယ့်ဘဝကိုယ်ရွေးချယ်မှာ"

ငယ်စကားကြောင့် သူ ငယ်ဘေးကကောင်လေးကို ကြည့်ကာ...

"ညီ သူမနဲ့မပက်သက်ပါနဲ့
သူမကကိုယ့်ဇနီးလောင်း"

သူရှေ့ကလူကာ
ကန့်သတ်ချက်တွေလာပြောနေတာကြောင့်
ကျွတ်တစ်ချက်သတ်ကာ ထိုလူကိုကြည့်ပြီး...

Lay Nge

"ပက်သက်တာ မပက်သတ်တာက ကျွန်တော်နဲ့ လင်း အပိုင်းပါ

လင်းကပက်သက်ခွင့်ပေးရင်ဆက်ပက်သက်နေဦး မှာပဲ ပြီးတော့ အစ်ကိုက သူမရဲ့ Ex အတိတ်ကလူ ကျွန်တော်တို့ကို ပြောပိုင်ခွင့်မရှိဘူး"

"ဘာကွ !! မင်း"

"ရှင် အနာထိလိုစပ်သွားတာလား ဟမ်"

တစင်းကို ထိုးဖို့ရှေ့တိုးလာတဲ့ သူရှေ့
လင်းပိတ်ရပ်ပြီး ပြောလိုက်တော့ ...

"ငယ် ဒီကောင်ကဘာကောင်လည်း
ကိုယ်တို့နှသ်ယောက်အကြားဝင်ပါနေရအောင်
ဘာမို့လို့လည်း"

"ကျွန်မအတွက်အရေးကြီးတဲ့လူ VVIP ရှင်းလား
ရှင်နဲ့ ကျွန်မနဲ့ ဇာတ်လမ်းကပြီးပြီ ကျွန်မကို
စိတ်ဒုက္ခပေးတာတော်လောက်ရောပေါ့
ရှင်နောက်တစ်ခါ တစင်းကို ရိုင်းစိုင်းတဲ့

အပြုအမူထက်မလုပ်ပါနဲ့ ကျွန်မမကြိုက်ဘူး
တစင်း ကိုတို့သွားရအောင်"

သူမက တစင်းကိုပြောပြီး
ကားရှေ့ခန်းမှာအရင်ဝင်ထိုင်လိုက်သည်။သူလည်း
သူမကားထဲဝင်ထိုင်သွားတယ်ဆို ထိုလူကို
တစ်ချက်ကြည့်က
ကောက်အနောက်ကနေပတ်သွားလိုက်ပြီး
မောင်းသူနေရာဝင်ထိုင်ကာ
မောင်းထွက်လာလိုက်သည်။သူကားမောင်းလာရင်း
ဘေးကလင်းကိုကြည့်လိုက်တော့ကားမှန်ကနေအ

ပြင်ဘက်ကိုကြည့်နေတဲ့ မြင်ကွင်းလေးကြောင့်
သူပြုံးမိသွားတာ သူကိုယ်တိုင်တောင်မသိချေ။

"တစင်း ကားခဏရပ်ပေးပါလား !!"

သူမ ပန်းဆိုင်ကိုတွေ့လိုက်တာကြောင့်
သူမတစင်းကူညီမှုအတွက် သူမအကြိုက်ဆုံး
ပစ္စည်းဖြစ်တဲ့
Tulip{ကျူးလစ်}ပန်းလက်ဆောင်ပေးဖို့ဆုံးဖြတ်လို
က်သည်။

သူမကားရပ်ခိုင်းတာကြောင့် သူရပ်ပေးလိုက်တော့
စလင်းဘတ်အိတ်ကလေးကို
ကောက်လွယ်ကာသူကိုဘာမှမပြောပဲဆင်းသွားတာ
ကြောင့် ကြည့်လိုက်တော့ လမ်းတစ်ဖက်က
ပန်းဆိုင်ကို ကူးသွားတာတွေ့လိုက်သည်။သူမ
တစ်ယောက်ယောက်ကို
ပေးစရာရှိလို့ဝယ်တာဟုမှတ်ကာ
စောင့်နေလိုက်သည်။

ခဏကြာတော့ ပန်းစည်းကိုကိုင်ကာ
လင်းပြန်ရောက်လာပြီး ကာထဲဝင်ထိုင်လိုက်သည်။

"ရော့ နင့်အတွက်"

သူမ ပေးတဲ့ပန်းစည်းကိုကြည့်လိုက်တော့ Tulip{ကျူးလစ်} ပန်းကို လှပစွာစည်းထားတာ။သူ သူမကမ်းပေးတဲ့ပန်းစည်းကို ယူလိုက်ပြီး ကားနောက်ခန်းမှာထားလိုက်သည်။

"ကျေးဇူးပါ လင်း"

Layne

"ငါကကျေးဇူးတင်ရမှာ
ငါ့ကိုဒီရက်ပိုင်းကူညီနေတာတွေအတွက်"

"ရပါတယ်"

သူ Tulip ပန်းစည်းကိုကြည့်ပြီး တစ်ခုခု ရင်းနှီးမှုကို
ခံစားလာရသည်။ဒါပင်မဲ့ သူ သူမကို
မမေးဖြစ်။ဒီပန်းက သူနဲ့ သူမနဲ့
ဘယ်လိုပက်သက်နေတာလဲ.....။

~~~~~~~~~~ ♥ ♥ ~~~~~~~~~~ ♥ ♥ ~~~~~~~~~~

လင်းရိပ်ကိုက သူကိုငယ်ငယ်က
ကိုကိုကြီးလို့ခေါ်တဲ့ ကောင်မလေးဆိုတာ
သိတော့မှာလား... ♥ ♥

ဒီနေ့ နေ့ခင်းကတည်းကတင်မလို့ပါ
မီးပျက်သွားလို့😊

LayNge
~~~~~~~~~~

မဟုတ်ရင် 9

နာရီလောက်နောက်တစ်ပိုင်းထက်တင်ပေးမလို့

Like 400 9နာရီမထိုးခင်ပြည့်ရင်တင်ပေးမယ်😄

comment

ရှည်ရှည်လေးတွေမန့်လည်းစိတ်မဆိုးဘူး🥹

comment

ဆိုရင်ရှင်လေးတို့ကမြန်တယ်😄💔💔💔💔❤

OBJ

📘The Sun Of Flower {Season 2}📘

Lay Nge

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_15~~~~

သူအိမ်ပြန်ရောက်တယ်ဆို
အပေါ်ထပ်ကသူ့အခန်းထဲတန်းဝင်လာလိုက်ပြီး
လင်းပေးတဲ့ပန်းစည်းကို
စားပွဲပေါ်တင်လိုက်သည်။သူအမြဲတန်းသိမ်းထားခဲ့
တဲ့ လွန်ခဲ့ 15နှစ်က Christmas နေ့မှာ
ကောင်မလေးတစ်ယောက်ဆီက ကျူးလစ်ပုံပါတဲ့
ကလစ်လေး။သူကလစ်လေးကို ထည့်သိမ်းထားတဲ့

လက်ဆောင်ဘူးလေးကို မုန်တင်ခုံ
အံ့ဆွဲထဲကထုတ်ကာ ကြည့်လိုက်မိသည်။သူမ
ပန်းစည်းပေးတာကို သူက
ကလစ်ကလေးထုတ်ကြည့်မိနေတာ
ဘာမမဆိုင်။သူကိုယ်တိုင်ကာ ဒီကလစ်လေးကို
ထုတ်ကြည့်ချင်နေတာ။

ဒေါက် ဒေါက်

သူကလစ်လေးကိုကြည့်နေတုန်း
တံခါးလာခေါက်တာကြောင့် သူကလစ်လေးကို

Lay Nge

ဘူးထဲပြန်ထည့်ပြီး အံဆွဲထဲကို
ပြန်သိမ်းလိုက်သည်။သူကလစ်လေးထဲ ပြီးမှ
တံခါးဖွင့်လိုက်တော့.....

"သား ဘာလုပ်နေတာလည်း
နောက်ကျတယ်နော်ပြန်လာတာ"

သူမသားပြန်လာတာကို ဧည့်ခန်းထဲမေမေတို့နဲ့
စကားပြောနေရင်းတွေ့တာကြောင့်
မျှောင်ခါနီးမှပြန်လာတဲ့ သားဖြစ်သူကိုမေးတော့...

"သား သူငယ်ချင်းပျောက်နေတဲ့ပစ္စည်းကို
လိုက်ရှာပေးနေလို့ပါ မေမေ"

"အင်း မေမေသားကိုပြောစရာရှိလို့"

"ဟုတ်မေမေ အထဲမှာဝင်ပြောလေ"

သူမေမေပုခုံးကိုဖက်ကာ
ကုတင်ပေါ်ထိုင်စေလိုက်ပြီး
သူမမေဘေးဝင်ထိုင်လိုက်သည်။

LayNge

"သား မနေ့ကခြယ်လေးကိုပြောလိုက်တဲ့ ကိစ္စ
မေမေပြောမလို့"

"ဟုတ်ပြောပါ မေမေ"

"သား မဟုတ်တာမလုပ်ဘူးဆိုတာ မေမေယုံတယ်
ဒါပင်မဲ့ ခြယ်လေးကအကြီး
သူကစိတ်ပူလို့ပြောတာ သားက
အင်းဆိုပြီးပြောလိုက်ရင်ပြီးနေတဲ့ ကိစ္စ
မေမေသားကို ဆိုးတာကဘာမှမပြောဘူး
ရိုင်းတာကို မေမေခွင့်မပြုဘူးသား ခြယ်လေးဖေဖေ

ကိုအံနဲ့ သားဖေဖေက
ညီအစ်ကိုအရင်းလိုနေကြတာ
သားပြောလိုက်ပုံတွေကသာ
ခြယ်လေးပြန်ပြောလိုက်ရင်
သားဖေဖေကမဆုံးမရာမကျသွားဘူးလား"

သူမေမေပြောတာတွေကို
ဘာမှပြန်မပြောပဲငြိမ်ပြီးနားထောင်နေလိုက်သည်။

"သား ဖေဖေ
သားကိုဘယ်လောက်ချစ်လဲသားသိလား

Lay Nge

သားလေးတစ်ယောက်ထဲရှိလို့
သူများတကာတွေနဲ့တန်းတူတောင်မဟုတ်ဘူး
အများကြီး သာအောင်ကို ထားတာ သားဖေဖေကို
မေမေပြောတော့သူကဘာပြောတယ်မှတ်လည်း
သူ့သားလုပ်တာမှန်တယ်တဲ့ သူနဲ့တူတာတဲ့လေ"

မေမေစကားကြောင့် သူပြုံးလိုက်မသည်တကယ်ပဲ
သူဟာ ဖေဖေနဲ့ကိုယ် ရုပ်ရည်အပါအဝင်
စိတ်ဓာတ်ကအစ
အကုန်တကယ်တူပါသည်။ဖေဖေကသူ့ကို
တစ်ဦးတည်းသောသားပီပီအရမ်းလည်းချစ်သည်။

သူ့ဘဝမှာလိုတရဘဝမျိုးကိုသာ
ဖေဖေကဖြစ်စေခဲ့သည်။

"သား ဖေဖေဂုဏ်သိက္ခာကျမဲ့
ပုံစံတွေမလုပ်ပါနဲ့သား
သူကသူ့သားသူမိသားစုကလွဲကျန်တာဘာမှကြည့်
တာမဟုတ်ဘူး မေမေတို့ကလည်း
ဖေဖေဂုဏ်သိက္ခာကိုထည့်တွက်ရမယ်လေ
ဟုတ်တယ် သားဖေဖေကဆိုးခဲ့တယ်ဒါပင်မဲ့
ရိုင်းတဲ့အထဲမပါဘူး"

LayNge

"ဟုတ် မေမေ သားနားလည်ပါပြီ
သည်းခံနိုင်သ၍သည်းခံပါမယ်"

သူမ သားကိုပြုံးကာ
သားနဖူးလေးကိုနမ်းလိုက်ပြီး...

"မေမေက သားကိုအရမ်းချစ်တာ
မေမေသားကိုတစ်ခြားသူတွေဝေဖန်မှာ
မေမေမကြိုက်ဘူးသား"

"ဟုတ် မေမေ"

Lay Nge

သူမ ဖြစ်ဖြစ်
မောင်ပဲဖြစ်ဖြစ်ဆုံးမရင်ဘယ်တုန်းကမှ
ခွန်းတုန့်ပြန်ခြင်းမရှိပါ။သားက ခွင့်ပေးထားတာကို
အခွင့်အရေးမယူတက်။နိုင်ငံခြားကျောင်းသွားတက်
တော့လည်း အသက်ငယ်သေးတာမို့
သူမကမလွတ်ချင်ပင်မဲ့
မောင်ကတော့သူသားဆန္ဒကို
ရအောင်လုပ်ပေးသည်။သား
နိုင်ငံခြားရောက်သွားချိန်ကြတော့ သူမထက်
မောင်က သူသားကိုစိတ်မချဖြစ်ကာ 2လတစ်ခါ
သူသားကို

သွားသွားကြည့်တက်သေးသည်။ဒါတောင်
သားယောကျ်ားလေးမို့ သမီးမိန်းကလေးသာဆို
သူကိုယ်တိုင်လိုက်ပြီး
ကိုယ်ရံတော်လုပ်မဲ့မောင်ပါပင်။

"နေကောင်းလား ကဗျာမမို့"

"လင်း ငါသတိရနေတာ"

ဒီနေ့သူမဘဝရဲ့အချစ်ဆုံးသူငယ်ချင်း ကဗျာမမို့
ဒီဇိုင်နာဘွဲ့ယူပြီး ပြန်လာတာကြောင့်

သူမလာကြိုခြင်းဖြစ်သည်။သူမအတွက်
မှီပြန်လာခြင်းဟာလည်း
တကယ်ပျော်စရာအတိ။မှီဆိုတာ
မူလတန်းကတည်းက အထက်တန်းအထိ
တစ်ကျောင်းနဲ့အတူတူတက်ခဲ့ကြပြီး
မှီကဆယ်တန်းအောင်ပြီးတယ်ဆို ပြင်သစ်မှာ
သူမဝါသနာပါရာ ဒီဇိုင်နာကျောင်းသွားတက်မှ
သူမတို့ ဝေးသွားရတာ။ဒါပင်မဲ့ သူမတို့အမြဲ onlie
ပေါ်မှာအဆက်အသွယ်ရှိကြသည်။

"နင်တကယ်ပြန်လာပြီနော် မှီရယ်
ဒီနှစ်တွေမှာငါအရမ်းသတိရနေတာ"

"နင် onlie ပေါ်မှာပြောသလောက်ဆို
နင့်မိထွေးတွေကတော်တော်ဆိုးတာပဲ"

"ထားစမ်းပါ မှီရာငါတို့အခုမှပြန်တွေ့ရတာ
အဲ့မိန်းမတွေအကြောင်းပြောမနေနဲ့
အခုငါနင့်အိမ်လိုက်ပို့ပေးမယ်လေ နင့်ဖေဖေတို့ကို
suprise တိုက်မလို့ဆို"

လင်းပြောတာကို ခေါင်းငြိမ့်ပြလိုက်ကာ
သူမတို့နှစ်ယောက်လက်တွဲပြီး တစ်ဖက်က

luggage

အိတ်ကိုဆွဲကာလေဆိပ်ထဲကနေထွက်လာလိုက်သ
ည်။မိုးကလည်း
သူမလိုတစ်ဦးတည်းသောသမီးဆိုပင်မဲ့
သူမထက်စရာရင်မိသားစုအခြေအနေပိုကောင်းသ
ည်။သူမ မှာရှိတဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့
မိသားစုအခြေအနေတွေက
သူမအားကျစရာအခြေအနေကြီးတွေဆိုသည့်အတို
င်း
နှစ်ယောက်လုံးကတကယ်နွေးထွေးမှုရှိသည်။သူမ
ကျန်တာကံမကောင်းပင်မဲ့ ရှိတဲ့
သူငယ်ချင်းကံတော့ကောင်းပါသေးသည်။

မာမီရဲ့သမီးကိုချစ်တဲ့သူနှစ်ယောက်
သမီးအနားရောက်နေပြီ မာမီ.....။

ကျွီး...

"ဟင်"

သူမ မောင်အလုပ်သွားပြီအထင်နဲ့
အခန်းထဲပြန်ဝင်လာတော့
မောင်ကုတင်ကိုမှီထိုင်နေပြီး computer တစ်လုံးနဲ့

Lay Nge

အလုပ်ရှုပ်နေတဲ့မောင်။သူမ မောင့်အနားသွားကာ ထိုင်လိုက်ပြီး....

"အလုပ်မသွားဘူးလား မောင်"

သူမကိုတစ်ချက်မော့ကြည့်ပြီး computer ဆီအာရုံ ပြန်ထားလိုက်သည်။ဒီနေ့ သူသားက Hotel project ရှိလို့ အလုပ်သွားတာကို သူနားရက်ကိုတောင်မသိတော့တဲ့ သူမကို မကြည်တော့။ဘာပဲဖြစ်ဖြစ် ယောကျ်ားကိုပဲပိုချစ်ရမှာလေ။

သူမစကားပြောနေတာကိုတောင်
ရှိတယ်ထင်ပုံတောင်မရတဲ့ မောင်ကို
သူမသေချာကြည့်လိုက်သည်။ဒါဘာလဲ
သူမအပေါ်ပြောင်းလဲလာတာလား။မောင်က
သူ့အနားသူမကပ်ပြီဆို
အမြဲပိုနီးအောင်လုပ်တဲ့သူက အခုတော့။

"နေမင်းလက်ရာ!! "

LayNge

"ဟင် ကျွန်တော်ကိုခေါ်နေတာလား
ရုပ်ရှင်ကားကြည့်နေတာမသိလိုက်ဘူး"

တကယ်တော့ သူဘာရုပ်ရှင်မှကြည့်နေတာမဟုတ်
သူဟိုကောင်ကျော်သူရကသူ့သမီး
ဒီနေ့ပြန်ရောက်လာလို့ မနက်ဖြန် dinner
ဖိတ်ထားလို့ သူမအတွက် အဝတ်အစားနဲ့
ရတနာပစ္စည်းတွေရှာနေခြင်း။သူလည်း
မကနာမည်ကိုင်ခေါ်တာကြောင့် မောင်အစား
ကျွန်တော်လို့သုံးလိုက်တော့ မ
မျက်နာလေးညှိုးသွားတာတွေ့လိုက်သည်။

"အင်းပါ အောက်ထပ်ဆင်းလိုက်ဦးမယ်"

သူ့အနားကထသွားဖို့ပြင်နေတဲ့
မလက်ကိုလှမ်းဆွဲလိုက်ပြီး Laptop
ကိုဘေးချလိုက်ကာ
သူမကိုပေါင်ပေါ်ဆွဲချလိုက်သည်။

"မောင့် မိန်းမက
ကိုယ့်ယောကျ်ားနားရက်တောင်မသိတော့ပါလား"

Lay Nge

ဟုတ်ပါရဲ့ ဒီနေ့မောင့်နားရက်ဆိုတာ
သူမမေ့သွားသည်ပဲ။မေ့တာကမေ့တာသက်သက်
အခုသူမခေါ်တာကို Loptop
လောက်တောင်အရေးမလုပ်မလုပ်တဲ့သူကို
စိတ်ဆိုးသည်။သူပေါင်ပေါ်မှာမရှိန်းပင်မဲ့စကတော့
ပြန်မပြောချေ။

" မက မောင့်ကိုပြန်စိတ်ဆိုးနေတာလား
မောင်ကစိတ်ဆိုးရမှာမဟုတ်ဘူးလားပြော"

"စိတ်ကုန်နေပြီ မဟုတ်လား"

သူမပြောလာတဲ့စကားကြောင့်သူအံ့သြသွားရသလို
ပြာပြာသလဲဖြစ်သွားကာ
သူမကိုထိုင်နေရာကသူ့ဘက်ကို
ဆွဲလှည့်လိုက်သည်။သူမ
မျက်ဝန်းတွေကိုကြည့်ဖို့လုပ်တော့
အစ်မကအကြည့်မခံ။သူမ မျက်နာလေးကို
လက်နှစ်ဖက်နဲ့ကိုင်လိုက်ပြီး
မျက်ဝန်းလေးကိုသေချာကြည့်စိုက်ကြည့်ပြီး.....

LaNge

"မောင့် ဘဝမှာမောင့်မိန်းမပဲရှိတာ
ဘာလို့စိတ်ကုန်ရမှာလည်း မောင့်
ဒီမိန်းမလေးကလွဲကျန်တဲ့
မိန်းကလေးတွေစိတ်မဝင်စားဘူး
မောင့်မိန်းမကလေးလေးကြနေရောပဲဗျာ
ဒီမှာကြည့်"

သူဘေးက Laptop ကိုယူကာ
သူမကိုကြည့်စေလိုက်သည်။

Lay Nge

"ဒီမှာ ဟိုကောင်ကျော်သူရက
သူ့သမီးပြန်ရောက်လာလို့ Dinner ဖိတ်ထားလို့
မောင်ရယ် မရယ် သားရယ်သွားရမယ် ဒါကြောင့်
မိန်းမဝတ်ဖို့ အင်္ကျီတွေရွေးနေတာ"

သူမ မောင့် Laptop ထဲက
ဂါဝန်အရှည်တွေကြည့်ပြီး
မှာထားတဲ့အရေအတွက်နေရာကိုကြည့်လိုက်တော့
ဒီဇိုင်းတစ်မျိုးကို
တစ်ဒါဇင်မှာထားတဲ့မောင်။တစ်စုံကို နှစ်သောင်း
၃သောင်းတောင်မဟုတ် အဲ့ထက်မြင့်တဲ့
ဈေးတွေကြီးပင်။

"မောင် တစ်စုံဆိုတော်ရောပေါ့
အခုဟာကပိုက်ဆံဖြုန်းနေတာနော်"

"အဲ့တာဖြုန်းတာလို့မခေါ်ဘူးမရဲ့
အချစ်အတွက်သုံးစွဲတာလို့ခေါ်တယ်"

"သူ့သမီးဆိုတာ မွေးစားထားတဲ့ကောင်မလေးလား
မောင်"

Lay Nge

"အင်းလေ မရဲ့ကျော်သူရမိန်းမက
ကလေးမှမရနိုင်တာ"

ကျော်သူရကတော့ ကလေးရနိုင်ပင်မဲ့
သူ့မိန်းမကတော့မရနိုင်တာကြောင့်
မိဘမဲ့ဂေဟာကနေ သားထက်နှစ်နှစ်ကြီးတဲ့
ကလေးမလေးကို
မွေးစားခဲ့ခြင်းဖြစ်သည်။ပြေရမယ်ဆို
ဒီကောင်လည်း
ချစ်တက်တယ်လို့ပြောရလောက်အောင်
ကလေးမရနိုင်တဲ့မိန်းမဖြစ်သူ
မျက်နာတစ်ချက်အညိုးမခံခဲ့ပေ။သူတို့

သူငယ်ချင်းတွေအကုန်လုံးကမိန်းမရကံကောင်းကြပင်မဲ့ အဲ့ထဲက ငြိမ်းထက် နဲ့ ကျော်မျိုးထူးကတော့ အရွေးလွန်ပြီး လူပျိုကြီးအဆင့်တက်သွားခဲ့သည်။

သူ Laptop ကိုဘေးပြန်ချကာ
မမျက်နာလေးကိုကြည့်ပြီး...

"မ လည်ဆွဲကိုဘယ်လို ဒီဇိုင်းမျိုးဝတ်ချင်လည်း မောင်သူငယ်ချင်း ဆိုင်ကိုမှာပေးမယ် အခုမှာ အခုချက်ခြင်းရအောင်လုပ်ခိုင်းမှာ"

"ဟင်အင်း မောင် Anni တုန်းကပေးထားတဲ့
ဒီလည်ဆွဲလေးနဲ့ပဲသွားမှာ "

သူမကသူ့ပေးထားတဲ့
လည်ပင်းကဆွဲကြိုးလေးပိုကိုင်ပြကာပြောသည်။

"ဒါပင်မဲ့ dinner မှာ
သဘာဝအတွက်တစ်ခုပဲလိုတယ်"

"ဘာလည်း မောင့်ကိုပြောဖြစ်စေရမယ်"

Lay Nge

"အင်း အဲ့တာက မောင်ပဲ
သဘာဝအနားမှာမောင်ရှိရင်ရပြီ
ကျန်တာဘာမှမလိုတော့ဘူး"

{သားလည်းမလိုတော့ဘူး😐}

ဆိုကာ ရင်ခွင်ထဲတိုးဝင်ပြီး
ကပ်ခွဲနေတဲ့ဇနီးလေးကြောင့်သူမှာ
သဘောကျနေရသည်။သူက
သူမကပ်လေကြိုက်လေမို့ သူမကို
ရင်ခွင်ထဲတင်းနေအောင်ဖက်ပြီး

Lay Nge

ထည့်ထားလိုက်သည်။တကယ်ပါ
အသက်ကြီးလာတောင်
လူကိုရင်ခုန်အောင်လုပ်နိုင်တဲ့ သူရဲ့မူပိုင်ရှင်
ဇနီးလေး။

"sorry
တစင်းဒီနေ့ငါ့သူငယ်ချင်းပြန်ရောက်နေလို့သွားကြို
တာမို့ နောက်ကျသွားတယ်"

သူမ မှီကိုသွားကြိုပြီး အိမ်ကိုလိုက်ပို့နေတာထက်
သူငယ်ချင်းနှစ်ယောက်အလွမ်းသည်နေတာကြောင့်

နေ့လည်ရောက်မှစကားစပြတ်ကာ
အလုပ်ကိုလာရသည်။

"ငါနင့်ကို ပေးစရာရှိတယ် လင်း"

"ဘာများလည်း လက်ဆောင်ဆိုရင် ငါ့ brithday
မရောက်သေးဘူးနော်"

"မဟုတ်ပါဘူး ဒီမှာ....."

Lay Nge

တစင်း ဘေးနားချထားတဲ့ကတ္တီပါဘူးအနီလေးကို
သူမကိုကမ်းပေးလိုက်သည်။သူမလည်း သူပေးတဲ့
ကတ္တီပါဘူးကိုဖွင့်ကြည့်လိုက်တော့
မျက်ရည်ပါချက်ခြင်းဝဲလာရသည်။

"မာမီ လည်ဆွဲလေး နင်ဘယ်ကရတာလည်းဟင်"

"ငါ့ အန်တီလေးဆီက"

အလုပ်ကိုမလာခင် အန်တီလေးကို
ကျောင်းတစ်ခါထဲဝင်ပို့ဖို့ အခန်းထဲဝင်ခေါ်တော့...

"အန်တီလေး ပြီးသေးဘူးလား"

သူမှန်တင်ခုံမှာထိုင်ပြီး ဆံထုံးသေချာထုံးနေတဲ့
အန်တီလေးကိုမေးလိုက်သည်။သူအန်တီလေးဆံ
ထုံးထုံးတာကိုကြည့်ရင်း
ရုတနာဘူးဖွင့်ထားတာကြောင့်
သူမထင်မှတ်ထားတဲ့လည်ဆွဲကိုတွေ့လိုက်ရသည်။
သူ အန်တီလေးရုတနာဘူးထဲက
လည်ဆွဲကိုယူလိုက်ပြီး....

LayNge

"အန်တီလေး ဒီလည်ဆွဲက...."

သူတော်မောင်မေးနေတာကိုသူမဘယ်လိုဖြေရမှန်းမသိ။တက္ကသိုလ်ကဆရာတစ်ယောက်ပေးတာလို့ပြောရင် ရီလိုက်မဲ့ဖြစ်ခြင်း။

"အန်တီလေး သူငယ်ချင်း အန်တီလေး brithday တုန်းကပေးထားတာ သားဘာဖြစ်လို့လည်း"

"သား ကိုဒီလည်ဆွဲလေးပြန်ရောင်းပါလား အန်တီလေး"

"ဘာဖြစ်လို့လည်း သားရဲ့မေမေကိုပေးမလို့လား"

သူအန်တီလေးမေးတာကို ခေါင်းရမ်းပြလိုက်ပြီး
အိတ်ကပ်ထဲကဖုန်းကိုထုတ်ကာ
သူရှာတဲ့အခါလွယ်ကူအောင် လင်းရှိကကူးထားတဲ့
လည်ဆွဲဓာတ်ပုံကို ပြလိုက်တော့.....

"သား ဒါက"

"ဟုတ်တယ် တီလေး သားသူငယ်ချင်းဟာ "

သူ လင်းရဲ့အဖြစ်ပျက်တွေကိုရှင်းပြလိုက်တော့
အန်တီလေးကိုရိုင်းပြလိုက်သည်။သူ လင်းရဲ့မိထွေး
နဲ့
အယားပါသမီးအကြောင်းတွေကးပါပြောပြလိုက်
တော့ စိတ်မကောင်းဖြစ်နေတဲ့ အန်တီလေး။

"ယူသွားသား အန်တီသားလေးကိုရောင်းစရာလား"

"ဗျာ ကျေးဇူးပါ တီလေးအရမ်းချစ်တယ်"

လို့ပြောကာ
အခန်းပြင်ကိုပြန်ထွက်သွားတဲ့တူတော်မောင်ကိုကြည်ကြာပြုံးနေမိသည်။ဒီကောင်မလေးက သူ့တူအတွက်ဘယ်လောက်အရေးပါတယ်ဆိုတာကို သူတော်မောင်ရဲ့မျက်လုံးထဲမြင်နေရသည်။

လင်း တစင်းပြောတာတွေနားထောင်ပြီးတော့...

"ကျေးဇူးပါဟာ တကယ်ကျေးဇူးတင်ပါတယ် ဒီလည်ဆွဲကငါ့ရဲ့ဘဝမို့ပါ"

"အင်း ကလေးလေးကြနေတာပဲ"

တစင်း သူမရဲ့အညိုရောင်သန်းနေတဲ့ ဆံပင်ကို ဖွဖွလေးပုတ်ရင်ပြောလိုက်သည်။တစင်း တခြားသူတွေအပေါ်မှာအေးတိအေးစက် ဆက်ဆံခဲ့ပင်မဲ့ သူမအပေါ်ကိုကြ သူစိတ်ကိုက နွေးထွေးမှုပေးချင်နေတာ။သူမအပေါ်သနားလို့လား ဒါမှမဟုတ် တစ်ခြားခံစားချက်ကြောင့်လား။

သူမအပေါ် သိပ်ဂရုစိုက်တဲ့သူကြောင့် ရင်ထဲမှာအမည်မသိခံစားချက်နဲ့အတူ

Lay Nge

သူကိုအမြဲအနားမှာရှိစေချင်သည်။သူသာရှိရင်
ဝမ်းနည်းမှုတွေမရှိတော့ဘူးလို့ခံစားရသည်။ဒီခံစား
ချက်ဟာ အချစ်ဆိုရင် သူကို....။

တစ်ယောက်ပေါ် တစ်ယောက်
သူငယ်ချင်းထက်ပိုတဲ့ ခံစားချက်တွေ
ဖြစ်နေခဲ့ပြီးဆိုတာ သူ့ို့ မသိစိတ်က
လက်ခံမိနေပင်မဲ့ ဖွင့်ဟာဝင်ခံဖို့ကတော့.....။

~~~~~~~~~~~~~~ ♡ ♡ ~~~~~~~~~~~~ ♡

♡ ~~~~~~
~~~~~~~~~~~~~~

မနက်ဖြန်တစ်ရက်က

နားရက်မို့နားပါ့မယ်ရှင့် 🤍 🤍

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_16~~~~

LayNge

အဖြူရောင်ဂါဝန်ကို ရင်ဘက်ကဇာလေးတွေနဲ့
ကိုယ်ကျပ်ဂါဝန်လေးဝတ်ကာ မှန်တင်ခုံရှေ့မှာ
ဆံပင်ကို စည်းရမလား ထုံးရမလားဗျာများနေတုန်း
အနောက်ကနေခါးကို ဖက်လိုက်ပြီး
ပါးကိုနမ်းလိုက်ခံလိုက်ရတာကြောင့်...

"မောင် "

"မောင့် မဟေသီလေးကလှလိုက်တာကွာ dinner
မှာမျက်စိဒေါက်ထောက်ကြည့်ရတော့မယ်ထင်တ
ယ် "

"မောင်ကလည်းအပိုပြောပြန်ပြီး
သားလိုအရွယ်မိန်းမလှလေးတွေအများကြီးလာမဲ့
ကိစ္စ သဘာဝကို ဘယ်သူကငေးမှာလည်း
အခုဆံပင်ကို ထုံးသွားရမလား စည်းသွားရမလား
ဟင်"

သူမကို သူဘက်လှည့်ကာ
တစ်ကိုယ်လုံးကိုကြည့်ပြီးတော့....

Lay Nge

"စည်းလည်းမစည်းနဲ့ ထုံးလည်းမထုံးနဲ့
မျက်နာအရမ်းပေါ်သွားလိမ့်မယ်
ဆံပင်လေးကိုချသွား တက်နိုင်ရင်
မျက်နာကွယ်အောင်ကို အရှေ့ကိုချခိုင်းချင်တာ"

သူမကို သရဲမဖြစ်စေချင်နေလားမသိ ဖြစ်နိုင်ရင်
အရှေ့ချထားစေချင်တာတဲ့ သူကြလန်းနေပြီးတော့
တော်တော်တရားဖို့ ကောင်းလိုက်တာ။

"မောင် ဒါဆိုဒီအတိုင်းလေးချသွားလိုက်မယ် ဒါနဲ့
နားကပ်နဲ့ ဂါဝန်ကအဆင်ပြေတယ်မဟုတ်လား"

စိန်တစ်ပွင့်ထဲနားကပ်လေးကို ပန်ထားပြီး
ဂါဝန်အဖြူလေးနဲ့ ရိုးရိုးလေးလှနေတဲ့ သူမကို
dinner ခေါ်သွားရမှာကိုပင် အူတိုလာရသည်။

"ပြေပါတယ် လှလွန်းလို့
ဒီမောင့်အသဲတွေတစ်စစီကြွေကုန်ပြီဗျာ
ခင်များလေးတာဝန်ယူရမယ်"

"ဟင် !! ဘယ်လိုတာဝန်ယူရမှာလည်း "

LayNge

လို့မေးနေတဲ့သူမကို
ခါးလေးကနေဆွဲကပ်လိုက်တော့
မျက်နှာလေးမော့ကာ ခန္ဓာကိုယ်က
သူရင်ဘက်နဲ့ကပ်နေသည်။သူမော့နေတဲ့
မမျက်နှာလေးနာ ငုံလိုက်ပြီး သူမနှုတ်ခမ်းလေး နဲ့
သူနှုတ်ခမ်းကို ဖိကပ်လိုက်သည်။

"အွန်"

Lay Nge

သူမလည်း ချစ်ရတဲ့သူရဲ့နူးညံ့တဲ့အနမ်းကို မရုန်းပဲ
သူကျောပြင်ကြီးကို ပြန်ဖက်ထားကာ
အနမ်းတွေကိုတုန့်ပြန်လိုက်သည်။

တုန့်ပြန်လာတဲ့ သူမရဲ့အနမ်းတွေကြောင့် သူdinner
တောင်မသွားချင်တော့။သူနမ်းရင်း
အသဲယားလာတာကြောင့်
သူမကိုတင်ပါးကနေကောက်ပွေ့ကာ
မုန်တင်ခုံပေါ်တင်လိုက်ပြီး အနမ်းကတော့မပျက်။

"အွန့် မောင် ဟင့် အွန့်"

သူမအသက်ရှူကျပ်လာတာကြောင်ရုန်းနှော့အလိုက်
တသိ နှုတ်ခမ်းကခွာကာ
လည်တိုင်လေးဆီရောက်လာတာကြောင့်
သူမလန့်သွားရသည်။

ဒေါက် ဒေါက်

"ဖေဖေ မေမေ မပြီးသေးဘူးလား"

အပြင်ကသားအသံကြားမှ သူမကိုလွှတ်ပေးသည်။

Lay Nge

"ကောင်စုတ် အမြဲနှောက်ယှက်နေတော့တာပဲ"

"သူများ သားကိုမပြောနဲ့
မောင်လူယုတ်မာမလုပ်ရလို့မဟုတ်လား"

ဆူပုတ်ကာပြောလာတဲ့မောင့်ကို သူမပြောတော့
မောင်ကာပြုံးကာ
အင်္ကျီလက်တစ်ဖက်ကိုဆွဲတင်ပြီး
နာရီကိုကြည့်ကာ...

"ဟာ 7နာရီထိုးတော့မယ် မရဲ့"

"အင်း မောင်အချိန်ဆွဲနေတာလေ လူယုတ်မာကြီး"

"အင်းပါ ဟုတ်ပါတယ် လူယုတ်မာကြီးပါ ဒီကောင်
ယုတ်မာလို့ အပြင်ကကောင်ထွက်လာတာ"

သူစကားကြောင့် သူမမျက်စောင်းထိုးကာ...

"ဟုတ်ပါပြီ သွားကြမယ် မောင့်သားစောင့်နေပြီ"

သူ သူမလက်ကိုဆွဲကာ တံခါးဖွင့်ပြီး
အခန်းပြင်ထွက်တော့ ....

"ဖေဖေ နဲ့ မေမေ ဗျာကြာလိုက်တာ
သားကစောင့်နေတာ ဟင် အဟက် ဒါကြောင့်ကို"

အတည်ပေါက်ကြီးပြောနေရာကနေ
ထရီတဲ့သားကြောင့်
သူမမောင့်မျက်နာကိုကြည့်လိုက်တော့လသူမနှုတ်ခ
မ်းခြောက်လို့ဆိုး အကြည်ရောင်နှုတ်ခမ်းနီလေးက

မောင့်နှုတ်ခမ်းမှာပေနေတာကြောင့်
သားပြောတာကို သဘောပေါက်က
မျက်နာကြီးရဲတက်လာသည်။

"ဖေဖေ အောက်ဆင်းရင်
နှုတ်ခမ်းကနှုတ်ခမ်းနီကိုသုတ်လာခဲ့ဦး
မိန်းမကိုနမ်းပြီးရင်လည်း သုတ်ဖို့သတိရပါ ဟား.."

ပြောကာ တစင်းဖေဖေကိုအနိုင်ပိုင်းက
အောက်ထပ်ကိုဆင်းသွားတော့သည်။

သူမ သားဆင်းသွားတယ်ဆို
သူဘက်လှည့်ကရန်ရှာမလိုရှိသေး
သူကခါးကိုင်းကာ သုတ်ပေးဆိုတဲ့သဘောကြောင့်
သူမ လက်မလေးနဲ့ သူနှုတ်ခမ်းကို
သုတ်ပေးလိုက်သည်။

သူနှုတ်ခမ်းက နှုတ်ခမ်းနီတွေကိုသုတ်ပေးနေတဲ့ မရဲ့
နဖူးလေးကို ငုံနမ်းလိုက်ပြီး ....

"သွားရအောင် မ"

Lay Nge

"အင်း"

သူ

သူမလက်ကိုတွဲကအောက်ထပ်ကိုဆင်းလာလိုက်
ပြီး ဒယ်ဒီတို့ မာမီတို့ကိုအကြိုးအကြောင်းပြောကာ
အိမ်ကနေထွက်လာလိုက်သည်....။

"လင်း!!!!"

Layne

သူမ ကားပေါ်ကဆင်းထဲဆို
ည့်သည်တွေနဲ့စကားပြောနေတဲ့ မှိက အော်ပြီး
သူမဆီပြေးလာတာကြောင့်...

"ဖြေးဖြေး ကဗျာမှို ချောလဲ့နေမှ ရော့"

သူမလက်ထဲက File ကို မှိကိုပေးတော့ မှိကမယူပဲ
သူမကို ဘာလဲဆိုပြီး မျက်ခုံးပင့်မေးလာတော့...

"သိချင်ရင် ဖွင့်ကြည့်"

Lay Nge

မိုသူငယ်ချင်းဖြစ်သူထပ်မေးလည်း
ဖြေမှာမဟုတ်တာသိတာကြောင့် File ကို ဖွင့်ပြီး
အထဲကစာရွက်ကို ယူကာဖက်ကြည့်တော့
သူမအတွက် ကဗျာမို့ဆိုတဲ့ name နဲ့
ဆိုင်ခန်းစာချုပ်။

သူမ အံ့သြနေတဲ့ သူငယ်ချင်းဖြစ်သူကို....

"ငါနင့်ကို ကတိပေးထားတယ်လေ မို
နင်ရည်မှန်းချက်တွေပြည့်သွားတဲ့အချိန်
ငါလုပ်ပေးစရာရှိတယ်ဆိုတာ ဒါလေ

Lay Nge

သဘောကျလား ဆိုင်အပြင်ဆင်ကို
သါကိုယ်တိုင်တာဝန်ယူထားတာနော်
အဲ့ထဲမှာပုံတွေပါတယ် ကြည့်ကြည့်
နင်မကြိုက်တာပါရင်ပြော cover
တွေကပြင်လို့လွယ်တယ်"

"ဟင့် ကျေးဇူးပါ ငါအရမ်းဝမ်းသာတယ် လင်း
နင်ငါ့အပေါ် ဒီလောက်ချစ်ပေးတာမယုံနိုင်ဘူးဟာ"

Lay Nge

လို့ပြောကာ သူမကိုဖက်လိုက်တဲ့ မိုကို
ပြန်ဖက်ထားလိုက်သည်။သူမတို့အတန်ကြာဖက်ပြီး
မှ ခွာကာ...

"လင်း လာငါနဲ့လိုက်ခဲ့ ဖေဖေတို့နဲ့ တွေ့ပေးမယ်
နင်ကိုတွေ့ချင်နေကြတာ"

ဆိုကာ သူမလက်လေးကိုဆွဲကာ Dinner
ကျင်းပနေတဲ့ နေရာကို ခေါ်လာသည်။မို ဖေဖေ တို့
သူငယ်ချင်းတွေထိုင်နေတဲ့
နားမှာမက်တပ်ရပ်လိုက်ပြီး...

"ဖေဖေ"

ကျော်သူရသမီးခေါ်သံကြောင့်
မော့ကြည့်လိုက်တော့
သမီးကကောင်မလေးတစ်ယောက်လက်ကိုဆွဲထားသည်။

"ဖေဖေ မေမေ ဒါကသမီးပြောတဲ့
သမီးအချစ်ဆုံးသူငယ်ချင်း လင်းရိပ်ကိုပါ"

Lay Nge

"သမီး တွေ့ရတာဝမ်းသာပါတယ်နော်"

"သမီးကအချောလေးပဲ"

ကို မြိရဲ့ဖေဖေ နဲ့ မေမေကိုပြုံးပြကာ....

"ဟုတ်ကဲ့ အန်ကယ် နဲ့ အန်တီ"

"သမီး ဒီဝိုင်းကလူကြီးတွေကြီးဆိုတော့
သမီးသူငယ်ချင်းနဲ့ လွတ်လပ်တဲ့ နေရာသွားလိုက်"

Lay Nge

မို့ မေမေကိုခေါင်းငြိမ့်ပြကာ
လင်းကိုတစ်ခြားလူရှင်းတဲ့
ဝိုင်းကိုခေါ်သွားလိုက်သည်။

ကျော်သူရလည်း သမီးဖြစ်သူထွက်သွားမှ
ကိုအံတို့မိသားစု ရယ်
ဟိုလူပျိုကြီးနှစ်ယောက်ဘက်လှည့်ကာ.....

"နေမင်းလက်ရာ အမြဲနောက်ကျတယ်
ဒီကောင်အခုထိရောက်မလာသေးဘူး"

Lay Nge

"အေး
ဒီကောင်ကမိန်းမနားကော်လိုကပ်နေတဲ့ကောင်
အခုနောက်ကျနေတာလည်း ဒင်းကြောင့်ပဲနေမှာ"

ကျော်သူရပြောတာကို
ငြိမ်းထက်ကပြုံးပြီးပြောလိုက်သည်။

"ဟာ ဟိုမှာကိုယ်တော်ချောတို့ လာကြပါပြီ"

ကျော်မျိုးထူး သူတို့ဝိုင်းဘက်ကိုလျှောက်လာတဲ့
နေတို့ကိုကြည့်ကာ မေးငေါ့ပြလိုက်သည်။

နေ မလက်ကိုဆွဲကာ
ကျော်သူရတို့ထိုင်နေတဲ့အနားလျှောက်လာပြီး မကို
မမိုင်ဘေးထိုင်ခိုင်းလိုက်သည်။သူက
မဘေးမှာထိုင်လိုက်ပြီး
သားကသူ့ဘေးဝင်ထိုင်သည်။

"မင်းကအမြဲနောက်ကျ"

Lay Nge

"ငါကအလုပ်နဲ့အကိုင်နဲ့
နည်းနည်းလေးနောက်ကျတာ Drama လာမခင်းနဲ့
ကျော်သူရ"

နေ့စကားကြောင့် ငြိမ်းထက်က...

"အော် မင်းကအလုပ်နဲ့အကိုင်နဲ့ဆိုတော့
ငါတို့ကအလုပ်မရှိအကိုင်မရှိလေ 109 110
တွေလေ"

Lay Nge

ငြိမ်းထက်ကို သူဘာမှပြန်မပြောတော့ပဲ
မလက်လေးကို ကိုင်ကာငြိမ်နေလိုက်သည်။

"နေတစင်း သားက
ကျောင်းတက်ဖို့တစ်နှစ်ကျန်သေးတယ်ဆို "

သူဦးကျော် မေးတာကို ခေါင်းငြိမ်ပြကာ..

"ဟုတ်တယ် ဦးကျော် Final year ကျန်သေးတယ်
နှစ်ကုန်ရင် Us ပြန်တော့မှာ"

Lay Nge

"အင်း ဘာပဲဖြစ်ဖြစ် နေ မင်းကံကောင်းတယ်
မင်းသားကလိမ္မာတယ်"

"တကယ်တော့ ကလေးတစ်ယောက်
ဆိုးတယ်လိမ္မာတယ်ဆို မိဘအပေါ် ပဲမူတည်တာပါ
ဖေဖေ ကဘယ်တုန်းကမှ ကျွန်တော်ကို ဆူတာ
လက်ပါတာတစ်ခါမှမရှိဘူး ဘာပဲလုပ်လုပ်
ကျွန်တော်အနောက်မှာ သူရှိတယ်ဆိုတဲ့
နွေးထွေးမှုပေးတယ် ဒါကြောင့် အရာရာဟာ
လက်ဦးဆရာမိဘနဲ့ပဲဆိုင်တာ"

Lay Nge

တစင်းကအဲလိုပြောတော့ နေနဲ့
သဘာဝကပြုံးနေပြီး မိုင်က ဘေးမှာထိုင်နေတဲ့
ခြယ်ကိုကြည့်ကာ....

"သားကသာလိမ္မာ မိဘနဲ့ဆိုင်တယ်ပြောတာ ဒီ
မိခြယ်ကတော့ တစ်သက်လုံးလိမ္မာဖို့မရှိဘူး "

"မေမေ ခြယ်ကဘာဆိုးလို့လည်း "

"ကိုယ်အကြောင်း ကိုသိမှာပေါ့"

ခြယ်နဲ့ မိုင်နဲ့ သားအမိနှစ်ယောက်
စစ်တိုက်နေတာကို
အံ့ကနှစ်ယောက်လုံးကိုမနိုင်တာကြောင့်ငြိမ်နေလို
က်သည်။ဖြစ်ပါစေ သူဝင်ပါရင်
သားအမိနှစ်ယောက်လုံးကသူ့ကိုပဲ မဲမှာ။

"ကျော်သူရ မင်းသမီးကဘယ်မှာလည်း
အဓိကပွဲကသူကို မမြင်ရသေးဘူး"

နေပြာတော့ ကျော်သူရက သူတို့နဲ့
၃ဝိုင်းလောက်အကွာမှာ သူငယ်ချင်းဖြစ်သူနဲ့

ဖျော်ရည်ေသာက်လိုက်
စကားပြောလိုက်လုပ်နေတဲ့ သမီးကို
လက်ညှိုးထိုးပြလိုက်သည်။

"ဟင် "

တစင်း ဦးကျော်သမီးကို စိတ်မဝင်စား
တစ်ဖက်ကမိန်းကလေးက လင်းမို့ သူပြုံးသွားကာ
သူမဆီသွားဖို့ဆုံးဖြတ်ပြီး
ဖေဖေနားထိုင်နေရကထကာ.....

Lay Nge

"ဖေဖေ သားသူငယ်ချင်းတွေ့လို့ ခဏသွားမယ်"

နေ ခေါင်းငြိမ့်ပြလိုက်တယ်ဆို ထွက်သွားတဲ့ သား
ေကျာပြင်ကိုကြည့်က
ဘယ်ကိုသွားမှာသိနေတာကြောင့်ပြုံးကာ
သူ့ရှေ့ချထားတဲ့ ဝိုင်ခွက်ကို
ကောက်မော့မလို့ရှိသေး..

"မောင်"

LayNge

ထွက်လာတဲ့ သတိပေးသံလေးကြောင့်
ခွက်ကိုပြန်ချကာ လိမ္မော်ရေခွက်ကိုသာ
ယူသောက်လိုက်သည်။ကျော်သူရတို့
သူကိုလှောင်ကြည့်ကြည့်နေမယ်ဆိုတာသိပင်မဲ့
မသိချင်ယောင်ဆောင်က လက်ထဲက
ဖျော်ရည်ခွက်ကို ပဲမော့နေလိုက်သည်။

သူမ မောင့်ကိုနှိုင်စားကြောင်း
လူရှေ့ပြတာမဟုတ်။ချစ်ရတဲ့သူကို ဒီလိုအရာတွေနဲ့
ကျန်းမာရေးနဲ့
နောက်ဆက်တွဲဆိုးကြိုးတွေအများကြီး
ကြောင့်တားခြင်းဖြစ်သည်။

"လင်း"

သူမကို ဒီလိုခေါ်တာဘယ်နှစ်ယောက်ရှိလို့လည်း

သူမရဲ့

အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ပဲရှိတာလေ။သူမ

တစင်းအသံမို့ကြည့်လိုက်တော့...

"တစင်း "

"မမ ငါထိုင်မယ်နော်"

Lay Nge

မို့ နဲ့ တစင်းက ငယ်ငယ်ကတည်းကသိကြတာမို့
မမလို့ခေါ်လိုက်တော့ မို့က သူ့ကိုပြုံးပြကာ.....

"နေနေ ထိုင်လေမောင်လေး"

သူ လင်းဘေးမှာဝင်ထိုင်လိုက်တာကြောင့် မမက...

"လင်း နဲ့ နေနေကသိကြတာလား"

Lay Nge

"ဟုတ်တယ် မမ ငါတို့သိကြတယ် ပြောမယ်ဆို
အခုဖေဖေ Project ကို သူမ company
တာဝန်ယူထားတာလေ အဲတာနဲ့
သူငယ်ချင်းဖြစ်နေတာ"

"ဝမ်းသာစရာပေါ့ လင်းနဲ့သူနဲ့သူငယ်ချင်းဖြစ်နေတာ
အံ့သြပါ့ နှစ်ယောက်လုံး ဇွတ်တရွတ်သမားတွေ"

မိုပြောတာကို လင်းကပြုံးကာ.....

Lay Nge

"ငါနဲ့သူက စတွေ့ကတည်းကမတည့်ကြပင်မဲ့
တစ်ယောက်အကြောင်း တစ်ယောက်သိသွားတော့
အဆင်ပြေသွားတာ
သူဘက်ကအလျော့ပေးတာလည်းပါတာပေါ့ "

"အင်း နင်တို့နှစ်ယောက်သာ
တွဲကြရင်တကယ်လိုက်မှာ သိလား"

မိုက
ဒီအတိုင်းနှစ်ယောက်ကသူမအတွက်ရင်းနှီးတဲ့သူ
တွေမို့ စလိုက်ပင်မဲ့

စိတ်ထဲမလုံမခြုံဖြစ်သွားတာကတော့ သူမ နဲ့ သူ။မှီ
မျက်နာတွေရဲနေတဲ့ နှစ်ယောက်ကိုကြည့်ကာ
ပြုံးလိုက်မိသည်။

"နှစ်ယောက်သား မငြင်းကြဘူးဆိုတော့
တစ်ယောက် နဲ့ တစ်ယောက် crush
နေကြတာလား မြန်မြန်လေးဖွင့်ပြောကြ "

"ဟာ မှီ နင်နော်မပြောတာကို
အကောင်းမှတ်နေတယ်"

Layige

"တကယ်ပြောနေတာ နင်တို့မြန်မြန်လက်ထပ်မှ
ငါ့ဒီဇိုင်းကို ရှယ်ချူပ်ပေးမှာနော်
ချူပ်ခပေးစရာမလိုဘူး ပိတ်စဖိုးပဲပေး"

သူမျက်နာကြီးပိုရဲလာကာ
စိတ်ထဲကခံစားချက်ကြီးကသဘောကျနေသလိုရှိ
နေတာကြောင့် ရှက်ကာ သူနားက ဝိုင်ခွက်ကို
မော့ချလိုက်သည်။

ပြောလေကဲလေဖြစ်နေတဲ့ မှီကိုပညာပေးဖို့
ဆုံးဖြတ်လိုက်တာ ညှိုစရာမလို

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်
။

"မို့ နင်သေဖို့တာပြင်ထား"

မို့နှစ်ယောက်သား သူမကို
ဝါးစားတော့မလိုကြည့်နေတာကြောင့်သဘောပေါ
က်က ထိုင်နေရာမှထကာ ဂါဝန်ရှည်လေးကို
မကာပြေးတော့သည်။မို့
လှည့်မကြည့်တမ်းပြေးရသည် မဟုတ်ရင်

ဟိုနှစ်ယောက်က ဘောင်းဘီတွေနဲ့
အလွယ်လေးမိမှာ။

"အား စတာလို့..."

လို့အော်ကာ ပြေးလာတဲ့ သမီးဖြစ်သူနဲ့
အနောက်က သမီးသူငယ်ချင်းနဲ့အတူ
နေသားကပါပြေးလိုက်နေတာကြောင့်
ကျော်သူရမျက်လုံးပါပြူးရတော့သည်။ကလေးလ
ည်းမဟုတ်တော့ပဲနဲ့
လူအများကြီးရှိတယ်ဆိုတာတောင်သိရဲ့လားမသိ။

"မမ နင်မပြေးနဲ့ "

"မိုစုတ် နေမိရင်သေဖို့ပြင်ထား"

သူတို့နှစ်ယောက်လည်း မိုကိုစိတ်ဆိုးလို့
လိုက်ဖမ်းနေခြင်းမဟုတ် တကယ်တမ်း
အပျော်သက်သက်သာ။

LayNge

နေလည်း ပတ်ပြေးနေတဲ့ ကျော်သူရသမီးကို သူလုပ်ငန်းပါတနာမိန်းကလေးနဲ့အတူလိုက်ဖမ်းနေတဲ့သားကို အံ့ဩလို့မဆုံး။

5မိနစ်တောင်မကြာလိုက် ဂါဝန်ဝတ်ထားတဲ့ သူမကို နှစ်ယောက်လုံးမြှသွားကာ....

"ကဗျာမမြှ နင်ဘာတက်နိုင်သေးလည်း"

"ကျွန်တော်တို့နှစ်ယောက်အကြောင်းပြရမလားဟင်"

LayNge

"အရှုံးပေးတယ် ငါနင်တို့နှစ်ယောက်ကို
အရှုံးပေးတယ်တယ် နေလင်း"

နှစ်ယောက်လုံးနာမည်ကို
တွဲရက်ခေါ်လိုက်တာကြောင့် မှိုသွားဖြီးပြကာ
သူတို့နှစ်ယောက်ကြားကဝင်ဖြီး
နှစ်လုံးခါးကိုဖက်ထားလိုက်သည်။

မှိုကို အပြစ်တင်ဖို့
နေနေသာသာသူတို့ဘယ်ဘက်ရင်ဘက်က

LayNge

တဒိတ်ဒိတ်နဲ့ဘယ်လိုကြီးလည်းမသိ။သူမ နဲ့
သူတစ်ယောက်မျက်နာ တစ်ယောက်မကြည့်ရဲစွာ
အစသန်လွန်းတဲ့ မှိုနဲ့လည်းခက်သည်။

သူ နဲ့ သူမကြားမှာ သူငယ်ချင်းထက်ပိုတဲ့
1500ဆိုတဲ့ ချစ်ခြင်းလေး
ရောက်ရှိလာပြီးနောက်.....။

~~~~~~~~~~~~~~~~~~~~ ♥ ♥

♥ Suprise ♥

LayNge
~~~~~~~~~~~~~~~~~~~~

မတင်ဘူးပြောပြီး တင်လိုက်ပါတယ် 🤍 🤍

U တို့ကလည်းချစ်ပေးမယ် ဟုတ် 🤍 🤍

📘 The Sun Of Flower {Season 2} 📘

🌼 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌼

Part_17~~~~

Lay Nge

"နေ"

"အင်း"

ကျော်သူရခေါ်တာကြောင့် သူထူးလိုက်တော့...

"ငါတို့ပဲ ရှိတုန်းပြောရဦးမယ်"

Lay Nge

မ တို့ မိန်းကလေးတွေက
အိမ်ထဲဝင်သွားတာကြောင့်
သူတို့ယောကျ်ားလေးတွေသာကျန်ခဲ့သည်။

"ငါမနက်က ရှိုင်းထက်မြတ် နဲ့ မတော်တဆ
စင်တာမှတိုက်မိသေးတယ်"

ရှိုင်းထက်မြတ်လို့ပြောလိုက်တာ
မျက်နာအနေအထားပြောင်းသွားတဲ့ နေကို
တစ်လှည့် ကျော်သူရပြောမှာကိုတစ်လှည့်
ကြည့်နေကြသည်။

"အဲ့တော့ "

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး
အရင်ကကိစ္စတွေပြန်သတိရလာလို့ပါ သူ့ Hotel
လည်း မင်းလက်ချက်ကြောင့်
ပြန်မဖွင့်နိုင်တာအခုထိပဲလေ"

"ငါ့အဲထက်ပိုလုပ်ချင်တာ မ မျက်နာရှိသေးလို့ "

နေပြောတော့ ငြိမ်းထက်ကသူ့ပခုံးဖက်ကာ...

"အင်း မင်းပြောတာမှန်တယ် ရှိုင်းGroup နဲ့
ပြဿနာဆက်ဖြစ်နေရင် ကြားထဲက
မင်းမိန်းမပဲစိတ်ဆင်းရဲရမှာ တစ်ဖက်က သူချစ်တဲ့
ယောကျ်ား တစ်ဖက်က အစ်ကို နဲ့ အဖေ"

"အစ်ကိုလို့မပြောစမ်းပါ နဲ့ ငြိမ်းထက်ရာ ညီမကို
မယားပြန်တော်ချင်နေတဲ့ကောင်လို့ပြောစမ်းပါ"

ငြိမ်းထက်စကားကို ငြင်းကာ
ကျော်မျိုးထူးပြောလိုက်သည်။

"အရင်က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ငါတို့မိသားစုကို
လာမရှုပ်သေးသ၍ တော့ ငါဘာမှမလုပ်ဘူး"

"ဒါဆို ဦးထက်မြတ်တို့က
သူမြေးနဲ့တွေ့ချင်တယ်ဆိုရင်ရော"

နေ မျက်နှာကိုတည်လိုက်ကာ...

Lay Nge

"ငါ့သားကို
သူတို့မိသားစုနဲ့ဘယ်တော့မှအပက်သက်မခံဘူး
ငါ့သားကိုလည်းမတွေ့စေရဘူး"

"မင်းကလည်းကွာ
အသက်တွေလည်းမငယ်တော့ဘူး
လျော့သင့်တာတွေလည်းလျော့ပါ နေရာ
ဦးထက်မြတ်ကဘာအပြစ်ရှိလို့လည်း
သူလည်းသူ့မြေးတွေ့ချင်မှာပေါ့
မင်းအတွေ့မခံဘူးဆိုတာသိလို့
သူတို့မပြောတာနေမှာ"

LaYNge

ကျော်မျိုးထူး
ဘယ်လိုပြောပြောသူလက်မခံနိုင်။သူသားကို
ဒီလိုအရှုပ်အထွေးတွေထဲ မဝင်စေချင်။သားကို
လွတ်လွတ်လပ်လပ်ပုံသန်းစေချင်တာ
သူ့ဆန္ဒ။တကယ်လို့ သားက
သူ့အဖိုးတွေနဲ့တွေ့ချင်တယ်ပြောလာခဲ့ရင်တော့
သူသားကို ပိတ်ပင်တာ ပထမဆုံးဖြစ်လာလိမ့်မည်။

"အပြစ်ရှိတာတွေ မရှိတာတွေ ငါမသိဘူး
ငါသိတာကတော့ ရှိုင်းထက်မြတ်ဆိုတဲ့

ကောင်ကြောင့် ငါနဲ့ မ ခုနှစ်တောင်ဝေးခဲ့ရတယ်
ငါ့မှာ သားရှိနေမှန်းတောင်မသိခဲ့ရဘူး
သား2နှစ်ကျော်မှ သားရှိကြောင်း သိရတဲ့
ငါဘက်က ဒဏ်ရာတွေကို မင်းတို့သိပါတယ်"

ကျော်မျိုးထူးလည်း နားချလည်းရမှာမဟုတ်တဲ့
နေကို ကြည့်ကာ
သက်ပြင်းချလိုက်တော့သည်။ဒီကောင်
ဘက်ကကြည့်လည်း အမှန်တွေမို့။သူဘယ်လောက်
နာကျင်ခဲ့ရလည်းဆိုတာ
သူတို့အသိဆုံးမဟုတ်လား။ပြန်တွေ့ကတည်းကမိန်း
မဖြစ်သူကို အခုအချိန်ထိ

မျက်စိဒေါက်ထောက်ကြည့်နေတဲ့ကောင်။သဘာဝ
ပန်းကအကြီး မို့လို့တော်သေး အငယ်သာဆို
ဒီကောင်ဘယ်လောက်အဖြစ်သည်းနေမယ်ဆိုတာ
တွေးတောင်တွေးမရဘူး။

သူတို့စကားပြောနေတာကို ကြားသွားတဲ့
သူတစ်ယောက်ရဲ့ရင်ထဲ အမှုန်းဆိုတဲ့
အစိုင်အခဲကရောက်ရှိသွားသည်ကို
သူတို့မသိလိုက်.....။

"သမီး"

ကို Hotel project အတွက်ဖြည့်ရမဲ့ File တွေပိုယူကာ အောက်ထပ်ဆင်းလာတယ်ဆို ဒယ်ဒီက ဆိုဖာကနေထိုင်နေလျက် ခေါ်တာကြောင့် သူမ ဒယ်ဒီရှေ့က ခုံမှာဝင်ထိုင်လိုက်သည်။သူမဆိုဖာပေါ်ထိုင်ဆို ဒေါ်မေသန္တာကလည်း ဒယ်ဒီဘေးဝင်လာထိုင်သည်။

"သမီးညက 10နာရီကျော်မှ အိမ်ပြန်လာတယ်ဆို"

"ဟုတ်တယ်လေ မှီပြန်ရောက်နေလို့ Party
လုပ်တာ သွားတာလေ အဲတာဘာဖြစ်လို့လည်း
ဒယ်ဒီ"

ဆံပင်ကို အမြင့်တင်စည်းထားပြီး
အနီရောင်ဆိုးဆေးလေးတင်ထားတဲ့
နှုတ်ခမ်းလေးမှာ မာနတွေမချဲ့ သူမပြောချင်ရာကို
တည့်တိုးဖြေလိုက်သည်။

"မိန်းမကောင်း ဆိုတာ
မမှောင်ခင်အိမ်ပြန်လာရတာ"

LayNge

"ဒယ်ဒီ အစောကြီးအိမ်ပြန်ရောက်တိုင်း
မိန်းမကောင်းမဟုတ်သလို ညမှောင်မှပြန်လာတဲ့
မိန်းမတိုင်းလည်း မိန်းမပျက်မဟုတ်ဘူး ပြီးတော့
လင်းရိပ်ကို ကသူများတွေလို လွယ်လွယ်ရမဲ့
မိန်းမစားမဟုတ်ဘူး"

သမီးဖြစ်သူ ဘယ်သူကိုရည်ရွယ်ပြောမှန်း ဆွေးရိပ်
သိတာကြောင့်...

"သမီး !!

ဘာလို့သန္ဓာကိုတို့ကိုပြဇနာရှာနေတာလည်း

သမီးကို ဘာလုပ်နေလို့လည်း"

"လုပ်တာမလုပ်တာထက် ကို

မာမီနေရာမှာဘယ်မိန်းမမှအစားမထိုးနိုင်တာ

ဒယ်ဒီ"

"သမီး အတ္တစိတ်တွေအရမ်းများနေပြီ

စိတ်ကိုတစ်ထစ်လောက်လျော့ပြီး အဒေါ် နဲ့

အစ်မလိုတွေးကြည့်ပါလား"

ဒယ်ဒီပြောတာကို ကို အပြုံးတုတစ်ချက်ပြုံးကာ...

"ဒယ်ဒီရယ် ရယ်စရာကောင်းလိုက်တာ
အဒေါ်ဆိုရင်
သမီးဒယ်ဒီနဲ့တစ်ခန်းထဲအတူတူအိပ်ပါ့မလား "

"သမီး!!! ဘယ်လိုမှဆုံးမမရတော့ပါလား ဟမ်
လင်းရိပ်ကို ဒယ်ဒီက
ဒယ်ဒီသမီးလေးကိုဖြူစင်တဲ့ကလေးလေးလို့ထင်ခဲ့

တာ မြေတောင်အထိမခံပဲ ချစ်ခဲ့တာက
ဒီလိုမိုက်ရိုင်းဖို့လား"

"ကို မှာလည်းရိုင်းရတဲ့အကြောင်းအရင်းရှိတာပဲ
ပြီးတော့ ဒီမှာ ဒေါ်မေသန္တာ ရှင်တို့သားအမိ လည်ဆွဲ
ကိစ္စနောက်တစ်ခါဆို အသေသတ်မှာနော်
ရှင်တို့အလောင်းကစားရုံးရင်
ရှင့်လင်ကျွန်မဒယ်ဒီဆီကတောင်း "

ကို ဒေါ်မေသန္တာကို လက်ညှိုးထိုးပြောကာ
ဆိုဖာကထလိုက်ပြီး

ဒယ်ဒီမျက်နာကိုတစ်ချက်မကြည့်ပဲအိမ်ထဲကနေထွက်လာလိုက်တော့သည်။ပူလောင်တယ်သူမဒီအိမ်ပြန်ရောက်တာနဲ့ အပူတွေသာရှိတဲ့အိမ်။သူမ အပူတော်ထဲက
တစ်နေ့တော့ရှုန်းထွက်ဖြစ်အောင်ထွက်မှာပါ။

"မမေ Morning မှ"

သူမမေမေဘေးဝင်ထိုင်ရင်း ပြောကာ
မေမေကိုနမ်းလိုက်တော့ သူ့ရှေ့
နှုန်းကြီးသုပ်ပန်းကန်ချပေးသည်။

"မ မသားညကဝိုင်သောက်လာတာ ဆူမလို့ဆို"

သူညက သားဝိုင်သောက်လာတဲ့ ကိစ္စကို
သူ့မိန်းမကို ပြန်ပြီး ချွန်လိုက်သည်။

"အင်း သားမင်းညက
ဝိုင်သောက်လာတာမေမေအနံ့ရတယ်နော်
ညကတည်းကပြောမလို့
မင်းဖေဖေကမနက်မှဆူဆိုလို့"

Lay Nge

"ဟုတ်တယ် မေမေ
သားညကသောက်လိုက်မိတယ် တစ်ခွက်ထဲပါ
ဘာမှမဖြစ်ပါဘူးနော်"

"မေမေ သားကိုငယ်ငယ်ကတည်းက အရက် နဲ့
ဝိုင်တွေသောက်တာကို တားထားတယ်လေ
ဒါတွေကဆိုးကျိုးတွေအများကြီး
မင်းဖေဖေတောင် အရေးကြီးတဲ့
လုပ်ငန်းရှင်နဲ့တွေ့မှသောက်တာ
ဒါတောင်တစ်ခွက်မကုန်ဘူး ညကမင်း
ဖေဖေသောက်တာမြင်လား"

သူခေါင်းရမ်းလိုက်ကာ ဖေဖေကိုကြည့်လိုက်တော့
ပြုံးချင်တဲ့မျက်နားထားနဲ့။

"မြေး အလကားသူကမိန်းမစကားမို့နားထောင်တာ
မြေးအရွယ်တုန်းကဆို
အိမ်တောင်ကပ်တာမဟုတ်ဘူး"

မြေးဖြစ်သူကို
ဆူခံရအောင်ချွန်တွန်းလုပ်တဲ့သားဖြစ်သူကို
မျက်စောင်းထိုးကာပြောလိုက်တော့...

"မေမေ သား နဲ့မောင်ကတူတာမဟုတ်ဘူး
သူကတစ်အိမ်လုံးကအလိုလိုက်ထားတာ
အဖေဖြစ်သူကလည်း ပါးစပ်ကသာပြောတာ
တစ်ခါမှထိထိရောက်ရောက်ဆုံးမတယ်ဆိုတာမရှိ
ဘူး"

"သမီးရေ ဆိုးပလေ့စေသူ့အဖေထိန်းလိမ့်မယ်
အဲတာမှ ဒင်းတုန်းကမိဘတွေဘယ်လိုခံစားရလည်း
သိမှာ"

Lay Nge

သားကိုချန်တွန်းလုပ်လိုက်မှ
သူ့ဘက်လှည့်လာတာကြောင့် ...

"မာမီ မိဘကဆုံးမနေတာဝင်မပြောရဘူးလို့
မာမီတို့ပဲသင်ပေးထားတာနော်အခုလို
ဝင်ပြောတော့ မာမီမြေးက
တော်တော်လေးစားပါလိမ့်မယ်"

"မလေးစားလည်း နေပါစေ
ငါ့မြေးလေးဒီတစ်ယောက်ထဲရှိတာ

သူဆိုးတာကနှင့်ဆိုးတာရဲ့
အစွန်အဖျားတောင်မှီသေးလို့လား"

သူမာမီကိုခေါင်းငြိမ့်ပြလိုက်ကာ
သားဘက်လှည့်လိုက်ကာ...

"Hotel project အဆင်ပြေလား
ဘာလိုသေးလည်း"

"တော်တော်ရောက်နေပြီ ဖေဖေ
နောက်လလောက်ဆို Hotel ပုံစံပေါ်တော့မယ်

Lay Nge

လင်းတို့ လူတွေကမြန်ပါတယ်
သားလည်းလိုအပ်တဲ့နေရာကဝင်ကူတာပဲ"

"မင်းနဲ့ အဲ့ကောင်မလေးနဲ့ ရိုးမှရိုးရဲ့လား "

သူပုံစံကအဲလောက်သိသာနေလို့လား။ဖေဖေက
ဘယ်ကဘယ်လိုအလုပ်ကြောင်းပြောနေရာကနေ
မေးလာတာကြောင့် သူမအခက်တွေ့ရသည်။

နေချက်ခြင်းပြန်မဖြေနိုင်တဲ့ သားဖြစ်သူကြောင့်
သူထင်နေတာမမှားမှန်းလိုက်ပါပြီ။

"ဖေဖေကလည်း လင်း နဲ့ သားနဲ့က
သူငယ်ချင်းတွေပဲအခုအချိန်ထိ"

"အခုအချိန်ထိသူငယ်ချင်းဆိုတော့ နောက်ဆို
အဲထက်ပိုနိုင်တယ်လို့ဆိုလိုတာလား မင်းကငါ့သား
မင်းဘယ်ခြေလှမ်းလှမ်းနေလည်းဆိုတာသိပြီးသား
ဒါတွေကငါ့အကွက်တွေ "

"ဒါဆို ဖေဖေက Playboyလား
အကုန်သိနေတယ်ဆိုတော့"

Lay Nge

"ငါသာ Playboy ဆိုမင်းလိုကောင်မျိုး
အယောက်တစ်ရာလောက်ထွက်နေပြီ မင်းသိလား
ငါက ငါ့မိန်းမတစ်ယောက်ထဲချစ်တာ
အခုထိတောင်ချစ်လို့မဝသေးဘူး ဒါကြောင့်
company မှာအလုပ်များရင်တောင်ဘယ်တော့မှ
company မှာမအိပ်ဘူး ငါ့မိန်းမနဲ့
တစ်ညတောင်ခွဲမနေနိုင်လို့"

"ဟင် "

LaYNge

"ဟာ"

မောင်တစ်ယောက်
ဖေဖေမေမေတို့ရှေ့မှာအရှက်မရှိပြောနေတာကိုသူ
မနားထောင်ပြီး
မျက်နာရဲတက်လာရသည်။အခန်းထဲမှာလည်း
အခန်းထဲမှာမို့ အခုလည်း သားဖြစ်သူကို
အနိုင်ပြောနေတာ
သူဘယ်လောက်ချစ်တက်တယ်ပေါ့။

LayNge

"မောင် ကလေးကိုဘာတွေပြောနေတာလဲ
မေမေတို့ရှိနေတာ စကားပြောဆင်ခြင်နော်"

မျက်စောင်းလေးဝင့်ကာ ပြောလာတဲ့
အိမ်သူသက်ထားလေးကို ချစ်မဝစွာကြည့်နေရင်း
သူမသုပ်ပေးထားတဲ့
နန်းကြီးသုပ်ကိုစားနေလိုက်သည်။

သူမလည်း အစားစားနေရင်းနဲ့
သူမကိုအကြည့်တစ်ချက်တောင်မလွဲသွားပဲကြည့်
နေတဲ့သူကို ခြေထောက်နဲ့ လှမ်းတို့တော့လည်း

သူကအထာမပေါက်တာမဟုတ်
သူမှာအရှက်မရှိမတိုင်း သူများကိုကြည့်နေတာ။

သူရယ် ဖိုးဖိုးနဲ့ ဖွားဖးရယ်ကတော့ ကြည်နူးစရာ
ဖေဖေ နဲ့ မေမေရဲ့ပုံစံလေးကိုကြည့်ကာ
ယာဖွယ်နေ့တစ်နေ့ကို အစပြုရင်း ဒီမိသားစုလေး
ဒီအတိုင်းပဲ နေသွားချင်ပါသည်။

"မောင့်ကို အဖြေပေးတော့လေး မမ"

သူမကံကော်ပင်အောက်ထိုင်နေတုန်း
ရောက်လာတဲ့ မိုးတိမ်ရောင်။သူမ သူပြောတဲ့
နေ့ကတည်းကစဉ်းစားထားပြီးသား အဖြေက
လက်မခံဘူးဆိုတာပင်။ဘာလို့ဆို သူနဲ့
သူမကအသက်အရမ်းကွာဟနေတာကို တွဲလိုက်ရင်
တက္ကသိုလ်ဆရာမတစ်ယောက်အနေနဲ့
သင့်တော်ပါမလား။သူမဆုံးဖြတ်ချက်မှားသွားရင်
ဒယ်ဒီတို့ ကိုကိုတို့ သိကွာတွေကျမှာ။

"ကျွန်တော်ကို တကယ်မချစ်နိုင်ဘူးလားဗျာ First
year ကတည်းကခိစ်လာခဲ့တဲ့
ကျွန်တော်အချစ်ကိုမယုံဘူးလားဗျာ"

"ဟင်အင်း မယုံတာမဟုတ်ဘူး မင်း နဲ့ ငါက
မဖြစ်နိုင်ဘူး ငါ့နဲ့ မင်းက 10နှစ်လောက်ကွာတာကို
ဘယ်လိုပေါင်းစည်းကြမလည်း Relationship
တစ်ခုမှာ
ယောကျ်ားလေးကအသက်ကြီးတာကအကြောင်းမ
ဟုတ်ဘူး
မိန်းကလေးအသက်ကြီးတာကအကြောင်း"

သူမပြောချင်တာကို မိုးတိမ်ရောင် နားလည်ပင်မဲ့
သူဘယ်လောက်ထိသူမကိုချစ်လည်းဆိုတာကို

တော့ သူမမသိပင်မဲ့
သူကိုယ်တိုင်တောင်ချိန်ဆလို့တောင်မရ။

"မမရယ်
ကျွန်တော်ခင်များလေးတစ်ယောက်ထဲကိုချစ်ခဲ့လို့
5နှစ်ကြီးများတောင်
မမအကြောင်းတွေလေ့လာခဲ့တာ
အသက်အရွယ်ကွာခြားတယ်ဆိုတဲ့အကြောင်းပြချ
က်နဲ့မငြင်းပါနဲ့ဗျာ ကမ္ဘာပေါ်မှာ မ
နဲ့မောင်စုံတွဲတွေမှအများကြီးပါ
အသက်အရွယ်ထက် တကယ်ချစ်ဖို့ပဲလိုတာပါ"

Lay Nge

သူမ သူပြောတဲ့စကားတွေသေချာနားထောင်ပြီး
အရင်ဆုံးအတွေးထဲဝင်လာသူက
ကိုကို။သူထက်အသက်ကြီး
မမကိုအခုအချိန်ထိဘယ်လောက်နောင်ချစ်လိုက်လ
ည်း
မိန်းမမျက်နာတစ်ချက်ညှိုးရင်တောင်မနေတက်မ
ထိုင်တက်နဲ့။သူကရော
ကိုကိုလိုလုမျိုးဖြစ်နိုင်လို့လား။ဘာပဲဖြစ်ဖြစ်
သူမတစ်ခါလောက်ကြိုးစားကြည့်ချင်တယ်။သူ
မမလိုပဲဂရုစိုက်မူလိုချင်မိတယ်။

Lay Nge

သူမဘေးမှာ အဖြေမရလို့ မျက်နာလေးညှိုးနေတဲ့
လည်ကတည်းအင်္ကျီအဖြူလေးနဲ့
ပုတိုးအကွက်လေးကို
ဝတ်ထားတဲ့သူဘက်လှည့်ကာ...

"ဒါဆို မင်းကိုအခွင့်အရေးတစ်ခါပေးမယ်
မင်းငါ့ကိုပဲချစ်ရမှာ ငါကသဝန်တိုတက်တယ်"

မိုးတိမ်ရောင်မမရှိကကြားလိုက်ရတဲ့စကားသံချို
ချိုလေးကြောင့် လူကဝမ်းသာသွားကာ

မျက်ရည်ပါချက်ခြင်းဝိုင်းလာပြီး
သူမလက်လေးကိုကာ မျက်နာအပ်လိုက်သည်။

သူမလက်ကိုကိုင်ကာ
မျက်နာနဲ့အပ်လိုက်တဲ့သူကြောင့်
သူမကြောင်ကြောင်လေးကြည့်နေစဉ်
သူမလက်ကလေးစိုစွတ်မှုခံစားလာရသည်။သူမ
သူခေါင်းကိုမော့စေလိုက်တော့
သူမျက်ရည်ကျနေသည်။

Layige

"ဟာ ငိုနေတာလား အဖြေရတာဝမ်းမသာဘူးလား
ငိုတယ်ဆိုတော့"

"ဟင်အင်း ပျော်လို့ ကျေးဇူးပါ
မမစိတ်မပျက်စေရဘူး
မောင်တို့တစ်နှစ်တွဲကြမယ်"

"ဘယ်လို"

သူရဲ့တစ်နှစ်တွဲမယ်ဆိုတဲ့စကားကြီးကြောင့်
သူမျက်နှာအလန့်တကြားနဲ့ထမေးလေသည်။

LayNge

"အာ မောင်ပြောချင်တာက တစ်နှစ်တွဲပြီး
တစ်ယောက်ကို တစ်ယောက်လေ့လာကြမယ်
ပြီးရင် လက်ထပ်ကြမယ်လို့ပြောတာ"

"အင်း"

သူမစိတ်ထဲ လွတ်လပ်သလိုခံစားသွားရပြီး သူနဲ့
ရှေ့ဆက်ဖို့အတွက်
သူမသတ္တိတွေမွေးရဦးမည်။ဘာပဲဖြစ်ဖြစ်

Lay Nge

ကိုကိုလိုလူမျိုးဆိုရင်တော့ သူမအတွက်ကတော့ အချစ်ခရီးဟာ နိဗ္ဗာန်ပင်။

"အခန်း Cover ကို
ဘာအရောင်ထားရင်ကောင်းလည်း တစင်း
နင်တို့က တက်နိုင်တဲ့သူတွေဆိုတော့ black
ကိုထားစေချင်တယ်
အခန်းတိုင်တော့မဟုတ်ဘူးပေါ့ Special room
တွေကိုပြောတာ"

Lay Nge

လင်းကာ Hotel တည်ဆောက်တဲ့
ပုံကြမ်းကိုပြရင်ပြောတော့ သူခေါင်းငြိမ့်လိုက်ကာ...

"ငါလည်း Black ကိုကြိုက်တယ် special room
တွေကိုနင်ပြောသလိုပဲလုပ်လိုက်လေ
အဆင်ပြေနေတာပဲ ငါ့ဖေဖေကိုပြောလိုက်မယ်"

"အင်း "

"နင့်ကျောင်းပြီးပြီလား"

Layne

"ဟင်အင်း မပြီးသေးဘူးဆိုပင်မဲ့ပြီးတော့မှာပေါ့
နောက်လဆို စာမေးပွဲရှိတယ်လေ
အဲတာပြီးရင်တော့ ဘွဲ့ယူဖို့ပဲကျန်တော့တယ်"

"ငါ့က နောက်တစ်နှစ်ကျန်သေးတယ် နှစ်ကုန်ရင်
Us ပြန်ပြီး ကျောင်းဆက်တက်ရမှာ
နင်ကကျောင်းပြီးတော့မယ်ဆိုတော့ အသက်က"

"21 ပြည့်တော့မယ်ဆိုတော့ 21ပဲပေါ့"

လင်းကသူ့ထက်အသက်တစ်နှစ်လောက်ကြီးတာပဲ။
သူကို Tulip {ကျူးလစ်}
ပန်းပါတဲ့ကလစ်လေးတွေကောင်မလေးမဟုတ်
လောက်ဘူးပေါ့။ဟိုကလေးမလေးက သူ့ကို
ကိုကိုကြီးလို့ ခေါ်တာလေ။

"လင်း ကငါ့ထက်ကြီးတာပဲ အစ်မလို့ ခေါ်ရမှာပေါ့"

မျက်ခုံးပင့်ကာမေးလာတဲ့ တစင်းကြောင့်
သူမလည်း စချင်တာကြောင့်...

"အင်းပေါ့ မောင်လေးနေတစင်းရဲ့အငယ်လေး"

"ဘယ်လို!!"

~~~~~~~~~

နောက်တစ်ပိုင်းဆို လင်းရိပ်ကို ကို
နေတစင်းချစ်ခွင့်ပန်ပါတော့မယ် ❤ ❤

အပျိုကြီးကလည်း အတွဲရသွားပြီ ❤ ❤

Lay Nge
~~~~~~~~~

နေမင်းလက်ရာကလည်း ချွန်တွန်းလုပ်တယ် ❤ ❤

ကိုယ့်ချစ်သည်းငယ်လေးတွေဖြစ်တဲ့ Reader တစ်ဦးခြင်းဆီတိုင်းကို ကျေးဇူးတင်ပါတယ် 🤍

နောက်တစ်ပိုင်းအတွက် Like 500 နဲ့ comment က များတာဆိုတာထက် ဝေဖန်ထောက်ပြတဲ့ comment လေးတွေများများလေး ❤ ❤ {7 နာရီမတိုင်ခင်}

Lay Nge

ချစ်သောလေးတို့ ဝေဖန်ထောက်ပြမှု
ပြင်စရာရှိတာပြင်
လိုအပ်တာတွေကြိုးစားရတာပေါ့ 🤍 🤍 🤍 🤍

Wattpad ကဖက်တဲ့ ကလေးငယ်တွေကိုလည်း
ချစ်တယ်နော် 🤍 ❤ 🤍

Wattpad ရော Facebook ရော
ပြေးဖက်နေရတယ်ဆိုတဲ့ ငယ်လေးကို
လည်းကျေးဇူးတင်ပါတယ် 🤍

LayNge

Chat Group ထဲက ချွေးမတော်လေးတွေရော

💓ချစ်တယ်💓

[OBJ]

📘The Sun Of Flower {Season 2}📘

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

Part_18~~~~

"ဘယ်လို!!"

Lay Nge

လင်းကသူကို မောင်လေးလို့ ခေါ်လိုက်တာကို
သူသဘောကျသွားကာပြုံးပြီး မေးလိုက်သည်။

"နင်က ငါ့ကို မမလင်းလို့ခေါ် ငါကနင်ကို
မောင်လေးနေတစင်းလို့ခေါ်မယ်"

"ကျွန်တော်က မောင်လေးမဖြစ်ချင်ဘူးဆိုရင်ရော"

"ဘာဖြစ်ချင်တလည်း နင်က"

"လင်း ရဲ့ကောင်လေးဖြစ်ချင်တာ"

"အင်း ဖြစ်ရ..ဟင်"

သူမ သူ့စကားကိုသေချာနားမထောင်ပဲ
ဖြစ်ရမယ်ဆိုပြီး ပြောတော့မလို့ရှိသေး
စဉ်စားမိလိုက်တာကြောင့်
နေတစင်းကို့ကြည့်လိုက်တော့
နောက်နေတဲ့ပုံမပေါ်။

Jay Nge

သူစိတ်ခံစားချက်ကို
မျိုသိပ်နေရတာမကြိုက်တာကြောင့်
လင်းကိုဖွင့်ပြောဖို့ဆုံးဖြတ်ကာပြောလိုက်သည်။

"နင်ငါ့ကို နောက်နေတာလား"

"ကျွန်တော်ပုံကနောက်တဲ့ပုံပေါ်နေလို့လား လင်း"

"နင်မနေ့က မှီစလိုက်တာကို....."

Lay Nge

သူ လင်းရဲ့စကားကို ဆုံးအောင်ပြောခွင့်မပေးပဲ...

"ကျွန်တော်
လင်းအပေါ် ခံစားချက်ရှိနေတာကိုသိတာ ကြာပါပြီ
ဒါပင်မဲ့ ခံစားချက်ကိုမြုံသိပ်ရတာပင်ပန်းလို့
ဖွင့်ပြောတာ လင်းကို
အနေခက်စေဖို့မရည်ရွယ်ဘူး"

သူအပေါ် သူမခံစားချက်ရှိပင်မဲ့
သူဘက်ကသူမအပေါ် ခံစားချက်ရှိနေတာ
သူဖွင့်ပြောလို့သာယုံရသည်။တည်ငြိမ်စွာပြောလာ

တဲ့သူကို လင်းလည်း
သူအပေါ် ခံစားချက်ရှိတာကြောင့် အချိန်မဆွဲချင်
ဒါကြောင့်....

"ငါနင့်ကို ငါ့ကောင်လေးအဖြစ်လက်ခံတယ်
ငါအနားမှာအမြဲရှိပေး"

သူလိုချင် အဲတာ သူကချစ်ခွင့်ပန်ရင်
ချစ်ရင်ချစ်တယ်
မချစ်ရင်မချစ်ဘူးတစ်ခါထဲပြောစေချင်သည်။အချိ
န်ဆွဲနေတာ သူမကြိုက်။လင်းကသူနဲ့

အရာရာတူတာကြောင့်
စိတ်ထဲရှိတာအမှန်တိုင်းပြောတယ်ဆိုတာ
သူနားလည်သူခံစားရသည်။

"အင်း နင်နဲ့ငါနှစ်ယောက် ဘာအခက်အခဲပဲရှိရှိ
အတူတူရင်ဆိုင်ကြမယ် ဘယ်လိုပြဿနာပဲကြုံကြုံ
တစ်ယောက်ပြောတာပဲ တစ်ယောက်ယုံကြေး"

"ငါ့အတွက်ကတော့ romance ဖြစ်ဖို့မလိုဘူး
အမြဲချစ်ပေးဖို့ နဲ့ သစ္စာတရား ပဲ ငါ့ဘဝမှာ
သစ္စာဖောက်ခံခဲ့ရတော့ ဒါပင်မဲ့ နင်ကငါ့နှလုံးသားနဲ့

ထပ်တူညီတာမို့ နင်ကိုငါယုံတယ်
နင်ကငါ့အတွက်တော့ အချစ်ဦး မဟုတ်ပင်မဲ့
ငါ့လက်တွဲဖော်ကောင်းဖြစ်မှာ ငါယုံတယ်"

နှစ်ယောက်သား Ro တာမဟုတ်ပဲ တစ်ယောက် နဲ့
တစ်ယောက် နားလည်ခြင်း
ယုံကြည်ခြင်းနဲ့စတဲ့ချစ်ခြင်းတစ်ခု။
ဒီချစ်ခြင်းလေးကရော တည်မြဲနိုင်မလား....။

နှစ်ယောက်သား ချစ်သူဖြစ်ခါစဆိုတော့ အလုပ်ကို
သူတို့စိတ်ချရတဲ့သူကိုအပ်ထားခဲ့ကာ

အပြင်မှာလျှောက်လည်ကြသည်။သူများအတွဲတွေက ချစ်သူဖြစ်ရင် ပန်းခြံတို့
ဘာတို့သွားကြပင်မဲ့သူတို့နှစ်ယောက်ကတော့ coffee ဆိုင်ကောင်းကောင်းတွေရှာသောက်ကြည့်နေကြသည်။

"ဒီနေ့သောက်တဲ့အထဲမှာတော့ ဒီဆိုင်က coffee အအေးကောင်းတယ်နော် လင်း"

"အင်း ပါးပြောတာမှန်တယ်"

LayNge

"ဘယ်လို ခေါ်လိုက်တယ် "

"ပါး လို့ ရင်ထဲကလိုက်လိုက်လဲလဲကိုခေါ်ချင်နေတဲ့
နင့်အတွက် နာမ်စားလေး ခေါ်တာမကြိုက်လို့လား"

သူမပြောတော့ သူက.

"လင်း ပြောတယ်လေ
လင်းနဲ့ကိုယ်ကစိတ်ခြင်းထပ်တူကျတယ်ဆို
လင်းသဘောကျတာမှန်သမျှ ကိုသဘောကျတယ်

မပူနဲ့ လင်းက ကိုယ်ကို ပါးလို့ခေါ်တော့ ကို က Light လို့ခေါ်မယ်"

သူမအတွက်သူရဲ့နာမ်စားလေးက light တဲ့။သူအတွက် သူမက အလင်းရောင်လေးပေါ့။

"light "

သူပြောတဲ့ နာမ်စားလေးကို သူမရေရွတ်လိုက်ခြင်းဖြစ်သည်။သူမကို ခေါ်တဲ့ နာမ်စားလေးကို စိတ်ထဲကလိုလိုလားလားကို

Lay Nge

သဘောပျနေသည်။သူမတို့နှစ်ယောက်က
ကြိုက်တဲ့အရာကတော်တော်များများတူတာမို့
ကိုယ်ကြိုက်တာ သူကြိုက်တယ်လို့မှတ်ယုံပင်။

"light ဘယ်သွားချင်သေးလည်း
ကိုယ်တို့တစ်နေ့ကုန်လည်ကြမယ် ချစ်သူဖြစ်တဲ့
ပထမဆုံးနေ့လေးမ ပျော်ပျော်ရွှင်ရွှင်ပေါ့"

"ဟော့ပေါ့ သွားစားမလား
သူများအတွဲတွေစားနေတာတော့ Facebook
မှာတွေ့ဖူးလို့"

"ဟုတ်ပါပြီ ကိုယ်ချစ်သူလေးသဘော
အစပ်တွေတအားမထည့်နဲ့နော် မျက်နာမှာ
အနီရောင်အစက်တွေ
ဝတ်ခြံတွေထလိုက်လိမ့်မယ်"

"အင်းပါ"

သူ လင်းလက်ကိုဆွဲပြီး ကောင်တာမှငွေရှင်းကာ
Coffee ဆိုင်ကနေထွက်လာလိုက်သည်။coffee
ဆိုင်ကနေပြီး သူမစားချင်တဲ့

ဟော့ပေါ့လိုက်ကျွေးဖို့အတွက် onlie ကနေစားကောင်းမည့် Reviewကောင်းတဲ့ဆိုင်ကိုရှာကာ ထိုဆိုင်ကို ထွက်လာလိုက်သည်။

နေဒီနေ့ company မှာအစည်းအဝေးပြီးတယ်ဆို Hotel နဲ့ ခရီးသွားလုပ်ငန်းဘက်ကို သွားကြည့်ကာ အချိန်ပိုသေးတာကြောင့် သားတာဝန်ယူထားတဲ့ Hotel Project ထဲဝင်ကြည့်ဖို့ဆုံးဖြတ်ကာရောက်လာသည်။သူတာဝန်ရှိသူတွေနားတဲ့နေရာကို လာတော့ သားရော ဟို company ဘက်က

တာဝန်ရှိသူရောမတွေ့တာကြောင့်
အလုပ်သမားတစ်ယောက်ကိုလှမ်းခေါ်ကာ...

"နေတစင်း နဲ့ လင်းရိပ်ကို မလာဘူးလား"

"လာပါတယ် CEO မနက်က ရောက်လာပြီး
2နာရီလောက်နေပြီးတယ်ဆို
ပြန်ထွက်သွားကြတာပါ မမလေးရဲ့
ကားတောင်သူအိမ်ကခဏကမှလာယူသွားတာပါ
သူ့ဌေးလေးကားနဲ့
နှစ်ယောက်အတူတူထွက်သွားတာပါ"

သူအလုပ်သမားလေးပြောတာကို ခေါင်းငြိမ့်ကာ..

"ဒါနဲ့ ဒီမှာဘာလိုအပ်တာတွေရှိသေးလည်း"

"အခု Hotel ပုံကြမ်းရတဲ့အထိတော့
လိုအပ်တာမရှိသေးပါဘူး "

"အလုပ်သမားအင်အားလောက်ရဲ့လား
ထက်ထည့်ပေးရဦးမလား"

LayNge

သူဌေးလေးမှ မာန်မာနမရှိတာမဟုတ် CEO ကိုယ်တိုင်ကလည်း ငါကအလုပ်ရှင် သူကအလုပ်သမားဆိုပြီးခွဲခြားဆက်ဆံခြင်းမရှိ။သူတို့လို အောက်ခြေလူတန်းစားတွေအတွက် ဒီလိုအလုပ်ရှင်မျိုးတွေရာတာ ကံကောင်းပြီး အလုပ်လုပ်ပေးရတာလည်း စေတနာပါသည်။

"အလုပ်သမား အင်အားကလုပ်လောက်ပါတယ် CEO ပြီးတော့ သူဌေးလေးကအကုန် တာဝန်ယူပေးပါတယ်"

"ဟုတ်ပြီ နေ့လည်စာစားကြတော့လေ
အချိန်မနည်းတော့ဘူး နေအေးမှပြန်စပေါ့
နေအရမ်းပြင်းတယ်"

"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ်"

ပြောကာထွက်သွားတဲ့
သူထက်တောင်အသက်အများကြီးဦးမယ်
ရိုးသားတဲ့အလုပ်သမားကို
သူကိုယ်ချင်းစာတာကြောင့်

နားခိုင်းလိုက်ခြင်းဖြစ်သည်။သူလို
မွေးကတည်းကအခုအချိန်ထိဒီလိုပင်ပန်းတဲ့မလုပ်မ
လုပ်ခဲ့ဘူးပင်မဲ့ အခုနေပူထဲ ချွေးတွေနဲ့
သူကိုမကြည့်ရက်။2နာရီလောက်နားလိုက်တာနဲ့
Hotel project က
ထိခိုက်သွားတာလည်းမဟုတ်။သူ ဆောက်လက်စ
Hotel ပုံကြမ်းကို လှည့်ပတ်ကြည့်ပြီးတယ်ဆို
လုပ်ငန်းခွင်ထဲကပြန်ထွက်လာပြီး
သူမိန်းမလေးကြိုက်တဲ့ Vanilla ရေခဲမုန့်ဝင်ဝယ်ပြီး
အိမ်ကိုပြန်လာလိုက်သည်။

ဝူး....ကျွိုးးး...

သူအိမ်ပေါ်တီအောက်ကားရပ်လိုက်ကာ
အိမ်ထဲဝင်လာလိုက်ပြီး ညှဉ်ခန်းထဲကြည့်တော့
မာမီပဲရှိတာကြောင့် မာမီအနားသွားကာ...

"မာမီ မရောဘယ်မှာလည်း"

"ဟင် သားကအစောကြီးပြန်လာတာလား"

"ဟုတ်တယ် မာမီဒီနေ့အလုပ်သိပ်မရှိလို့လေ "

Lay Nge

"ကောင်းတာပေါ့ သမီးကခေါင်းကိုက်လို့ဆိုပြီး အပေါ်တက်သွားတယ် သားသွားကြည့်လိုက်ဦး နေမကောင်းနေလားမသိဘူး"

"ဟာ မာမီရာ အဲတာကိုအရင်ပြောတာမဟုတ်ဘူး"

လို့ပြောကာ အပေါ်ထက်ကိုမချောလဲယုံတမယ် ပြေးတက်သွားတဲ့ သားဖြစ်သူကို ကြည့်ပြီး ခေါင်းရမ်းမိတော့သည်။

ကျွိုး.....

သူတံခါးဖွင့်ပြီး ဝင်လာတော့ မက
ကုတင်ပေါ်မှာတစောင်းလှဲနေသည်။သူ
တစောင်းလှဲနေတဲ့ မဘေးဝင်ထိုင်ပြီး နဖူးလေးကို
စမ်းလိုက်တော့
နွေးနေသည်။သူနဖူးစမ်းလိုက်တယ်ဆို
မျက်လုံးလေးပွင့်လာသည်။

"မောင် "

LayNge

"နေမကောင်းနေတယ် ဆေးခန်းသွားမလား"

"ဟင်အင်း မသွားချင်ဘူး
အစောကြီးပြန်ရောက်နေတာလား
မောင့်လက်ထဲကဘာကြီးလည်း"

သူမမေးတော့မှ လက်ထဲကရေခဲမုန့်ဘူးကို....

"မ စားဖို့ရေခဲမုန့်ဘူးဝယ်လာတာ
အခုတော့မစားနဲ့တော့ ကိုယ်ပူနေတာ"

Lay Nge

"စားမယ်"

ကိုယ်ကြည့်တော့ ကိုယ်ပူနေတာကို
သူလက်ထဲကရေခဲမုန့်ဘူးကို
စားမယ်လုပ်နေတာကြောင့် သူမဘေးကထကာ
အမှိုက်ပုံးထဲထည့်လိုက်သည်။သူအမှိုက်ပုံးထဲထည့်
ပြီးတယ်ဆို မအနားသွားထိုင်ကာ....

"မ ချွေးလည်းမထွက်ဘူး
ဆေးခန်းမသွားဘူးဆိုတော့
မောင်ချွေးထွက်အောင်လုပ်ပေးမယ်

ရေငွေ့ခံလိုက်ရင် ချွေးထွက်လာမှာ မောင်
ရေနွေးသွားတည်လိုက်ဦးမယ်"

"ရပါတယ် မောင်ရဲ့သဘာဝသက်သာပါတယ်
မောင်အလုပ်ကပင်ပန်းလာတာ"

"မောင်ကရတယ် မပင်ပန်းဘူး ငြိမ်ငြိမ်လေးနေ
စောင်ကိုခြုံထားမောင်ရေနွေးအိုး
သွားတည်လိုက်ဦးမယ်"

Lay Nge

လို့ပြောကာ သူမကိုစောင်သေချာခြုံပေးပြီး
အခန်းအပြင်ထွက်သွားသည်။သူအောက်ထပ်က
မီးဖိုခန်းထဲရောက်တယ်ဆို ၃မိနစ်ရေနွေးအိုးထဲကို
ရေထည့်ပြီး ပလက်ထိုးက
ရေနွေးအိုးတည့်လိုက်သည်။

"အစ်ကိုလေး နို့ငင်းယှဉ်တို့ဘာလုပ်ပေးရမလည်း"

"မလိုဘူး ရတယ် ငါ့ဘာသာလုပ်မယ်"

မိန်းမဖြစ်သူနေမကောင်းနေတော့
သူအသံကမငြင်သာ။

"အစ်ကိုလေး စိတ်ကြီးပဲ"

လုံ့ဖြောပြီး အပြင်ပြန်ထွက်သွားတဲ့
နှိုင်းယှဉ်ကိုသူဘာမှမပြောလိုက်နိုင်။

"ကြာလိုက်တဲ့ ရေနွေးအိုး
ငါ့မိန်းမတစ်ယောက်ထဲပါဆိုနေမ"

Lay Nge

သူကို ဘာမှပြန်မပြောနိုင်တဲ့
ရေနွေးအိုးအပေါ်အပြစ်တွေပုံချလိုက်သည်။ခဏ
ကြာတော့ ရေနွေးအိုးဆူသွားတာကြောင့်
ပလက်ဖြုတ်ကာ ဇလုံအကြီးတစ်ခုယူပြီး အဲထဲကို
ရေနွေးထည့်လိုက်သည်။

"စားကောင်လား အဲတာကြီးပဲစားမနေနဲ့ရော
ဖရဲသီးစားလိုက်ဦး စပ်နေမယ်"

ဟော့ပေါ့ကို အားရပါးရစားနေတဲ့ သူမကိုပြုံးကာ
ပြောလိုက်တော့.....

"အင်း စပ်ပင်မဲ့စားကောင်းတယ်
ပုဇွန်ကိုငါ့ကြိုက်တယ်
ပင်လယ်စာတော်တော်များများကြိုက်တယ်
ငါးကလွဲလို့"

"အင်းပါ စားရော့"

သူက သူမစားဖို့ ဂဏန်းအသားတွေ
ပုဇွန်အခွံတွေခွာကာ ခွန့်ကျွေးတော့
ပါးစပ်ကလေးဟပေးက

Lay Nge

ကလေးလေးအတိုင်းစားနေပုံလေးကဖြူစင်လှသည်။သူကတော့ သူမမစားတဲ့ အသီးအရွက်နဲ့ အသားကြားပြားတွေကိုသာ ချဉ်ရည်နဲ့တိုးစားလိုက်ဖျော်ရည်သောက်လိုက်လုပ်နေသည်။

"နင်သောက်တာ ဘာဖျော်ရည်လဲ"

"ချောကလက်လေ နို့နဲ့ ချောကလက်ရောထားတာသောက်မလို့လား"

"အင်း"

သူသောက်တဲ့
ဖျော်ရည်ကိုသောက်ချင်တယ်ဆိုတာကြောင့်
သူကမ်းပေးလိုက်တော့သောက်သည်။သူမသိတာ
က
သူမကဘယ်သူစားပြီးသားဖြစ်ဖြစ်သောက်ပြီးသား
ဖြစ်ဖြစ်မသောက်ဘူးဆိုတာ။သူကတော့
ချွင်းချက်ပေါ့။

LayNge

နေ ရေနွေးထည့်လာတဲ့ ဇလုံကို သူမခြေထားတဲ့ စောင်ထဲထည့်ပေးလိုက်ပြီး သူမကို စောင်ကို ခေါင်းအထိခြုံပေးလိုက်သည်။

"မောင်"

"မောင်ရှိတယ် မကြောက်နဲ့ မောင်လက်ကိုင်ထား"

သူလက်ကို စောင်ထဲထည့်ပေးလိုက်တော့ နွေးနေတဲ့လက်ကလေးကသူလက်ကို ကိုင်ကာ ရင်ဘက်နားကပ်ထားသည်။သူလည်း သူ့လက်ကို

Lay Nge

ကိုင်ထားသူမလက်လေးကို
တင်းနေအောင်ပြန်စုတ်ထားလိုက်သည်။

ခဏကြာတော့
သူမလက်ကလေးမှာချွေးထွေထွက်လာတာကြောင့်
သူမအပေါ် ခြုံပေးထားတဲ့ စောင်ကိုခွာ ကာ
ရေနွေးငွေ့လုံကို ကုတင်အောက်ချလိုက်သည်။

"မ ချွေးတွေထွက်နေပြီ အဝတ်အစားလဲမယ်
မောင်လဲပေးမယ်"

ပြောပြီး မကိုကုတင်ပေါ်
ခေါင်းအုံးနဲ့မှီကာထားခဲ့လိုက်သည်။သူက
အဝတ်အခန်းထဲဝင်ကာ company
ကပြန်လာကတည်းက ဝတ်ထားတဲ့
အင်္ကျီတွေ့ချတ်ကာ ဘောင်းဘီအတိုနဲ့ T_shirt
ကိုကောက်စွပ်လိုက်သည်။ မအတွက်
ဂါဝန်အရှည်တစ်ထည်ယူကာ ထွက်လာပြီး....

"မ စောင်ခွာလိုက် မောင်အင်္ကျီလဲပေးမယ်"

"ဟင်အင်း သဘာဝဘာသာ
အဝတ်လဲခန်းထဲဝင်လဲလိုက်မယ်"

သူမမြန်မာဝမ်းဆက်လေးဝတ်ထားတာကြောင့်
မောင်ကသာကိုယ်တိုင်ဝတ်ပေးဆိုတာကြီးကတော့
သူမအတွက်အဆင်မပြေ။

သားတောင်အရွယ်ရောက်လို့
မိန်းမတောင်ယူတော့မယ်
သူမကအခုထိရှက်နေသေးတာကြောင့်....

"မ မောင်က မယောကျ်ားဘာရှက်စရာရှိလို့လည်း
တကိုယ်လုံးဘယ်နေရာဘာရှိတယ်ကအစအလွတ်
ရနေပြီနော် မ ငြင်းနေတာနဲ့
ချွေးတွေနဲ့ပြန်အအေးပက်မယ် ဒါကြီးဖယ်"

သူမငြင်းနေတဲ့ကြားက
မောင်ကစောင်ကိုရအောင်ဖယ်ကာ သူမအင်္ကျီက
ထုတ်သီးလေးတွေဖြုတ်နေတာကြောင့်
ငြင်းလည်းလွတ်ပေးမှာမဟုတ်တာ
ငြိမ်နေလိုက်သည်။ဘာပဲဖြစ်ဖြစ် မောင်ပြောသလို
သူမယောကျ်ားပဲလေ။

သူအပေါ်ကအင်္ကျီချွတ်ပြီးတော့
အတွင်းခံအပေါ်ကနေ
လက်နဲ့လိုက်စမ်းနေတာကြောင့်
သူမမျက်နှာလေးရဲတက်လာကာ...

"မောင်!!"

"အာ့ မဟုတ်ဘူးနော်
မောင်ကချွေးတွေတအားဆိုးနေရင်
အတွင်းခံသွားယူပေးမလို့ပါ"

Lay Nge

"ရတယ်မစိုဘူး ဂါဝန်ပေး"

ဆူပုတ်ပုတ်လေးနဲ့ ရှုပ်ရမ်းရမ်းပြီး သူကို
ပြောနေတာကြောင့် ချစ်စရာကောင်းတဲ့သူမကို
ဆက်စနေရင် အအေးပက်မှာဆိုးလို့
သူလက်ထဲကဂါဝန်ကို သူမကိုပေးလိုက်သည်။

သူမဂါဝန်ဝတ်ပြီးတယ်ဆို ထဘီကိုချွတ်လိုက်ပြီး
သူမအဝတ်ခြင်းထဲသွားထည့်မလို့

ထရပ်လိုက်တယ်ဆို မူးသွားကာ
မောင်အပေါ် ပြန်လဲကြသည်။

"မ တွေ့လာဘာထလုပ်တာလည်း
ကိုယ်ပူနေပါတယ်ဆိုမှ မူးမှာပေါ့"

"ထဘီခြင်းထဲသွားထည့် မလို့"

"အဲတာ ယောကျ်ားကိုခိုင်းပါလားတကယ်ပါပဲ
မောင့်ပေးအဲထဘီ"

Lay Nge

"ဟင်အင်း မကိုင်နဲ့ မောင်းဘုန်းနိမ့်လိမ့်မယ်"

"နိမ့်ပလေစေ အဲတာမျိုးဆိုအနိမ့်ခံလိုက်မယ်
ပေးပါ"

သူမလက်ထဲက မိုးပြာရောင်ထဘီလေးနဲ့အတူ
ချွတ်ထားတဲ့ အင်္ကျီလေးပါယူကာ အဝတ်ခြင်းထဲ
သွားထည့်လိုက်သည်။

"မ အိပ်မလား
အိပ်လေမောင်အနားမှာထိုင်စောင့်ပေးမယ်"

Lay Nge

"မောင် ပေါင်ပေါ်လဲ့အိပ်ချင်တယ်"

ပြောတော့ပြီးကာ ကုတင်ပေါ်တက်လိုက်ပြီး မှီကာ
ခြေထောက်စင်းပေးလိုက်တော့ သူပေါင်ပေါ်
ခေါင်းအုံးလိုက်သည်။သူပေါင်ပေါင်ခေါင်းအုံးနေတဲ့
မရဲ့ကိုယ်ပေါ်ကို
ဘေးကစောင်ယူကူခြုံပေးလိုက်သည်။

"အိပ်နော် ဘာမှမပူနဲ့ မောင်ရှိတယ်"

Lay Nge

သူပြောတယ်ဆို မျက်လုံးမိတ်သွားကာ
သူ့လက်တစ်ဖက်ကို ကိုင်လျက်
အိပ်ပျော်သွားသည်။သူအိပ်ပျော်သွားတဲ့
သူမနဖူးလေးကို ငုံနမ်းလိုက်ပြီး
သူလက်ကိုကိုင်ထားတဲ့ သူမလက်လေးပေါ်ကို
ကျန်တဲ့လက်တစ်ဖက်နဲ့ ထက်အုပ်ထားလိုက်သည်။

ကိုသူမတို့ခြံထဲထဲ
တိမ်ယံဘွားကဝင်သွားတာမြင်လိုက်တာကြောင့်
လူကဒေါသထွက်ချင်လာသည်။ဒါပင်မဲ့
သူမကိုလိုက်ပို့တဲ့ ငယ်လေးပါတာကြောင့်
အခက်မသင့်ရင်ရန်ဖြစ်နိုင်တာမို့ငြိမ်နေရသည်။

ဝူး....ကျိုး...

တစင်း

သူတို့ကအရှေ့ကဝင်သွားတဲ့ကားရဲ့နောက်မှာ

ကားကိုရပ်လိုက်သည်။သူမတို့နှစ်ယောက်ကားပေါ်

ကဆင်းလာတာတောင် အရှေ့ကားက

တိမ်ယံဘွကဆင်းမလာသေး။

"ပြန်တော့မယ်နော် ကိုယ်မနက်ဖြန်လာကြိုမယ်"

Lay Nge

"အင်း ဒယ်ဒီနဲ့ဝင်တွေ့သွားမလား

"ယောကျ်ားမကြီးကလက်ခံပါ့မလာ"

နှစ်ယောက်သားကားတစ်ဖက်တစ်ချက်စီကနေစ
ကားပြောနေကြခြင်း။

"ဒယ်ဒီလက်ခံဖို့မလိုဘူး အဓိကက
ကိုလက်ခံဖို့ပဲလိုတာ "

Lay Nge

"အင်း ကိုယ်နောက်ကျမှတွေ့တော့မယ်
အခုပြန်တော့မယ် ညကြမှဖုန်းပြောကြမယ်"

သူမှ ပါးရဲ့စကားကိုပြန်မလိုရှိသေး
သူမလက်အောင်းကို ဆွဲခံလိုက်ရတာကြောင့်
ကြည့်လိုက်တော့ တိမ်ယံဘွား နဲ့ သူ့ဘေးက
မေဆိုတဲ့မိန်းမ။

"ငယ် အခုထိဒီကောင်နဲ့
တပူးပူးတတွဲတွဲလုပ်နေတုန်းလား"

"အဲ့တာရှင်နဲ့ဆိုင်လား ဒေါက်တာတိမ်ယံဘွား"

~~~~~~~~~~~~ 🤍

ဖအေကမိန်းမနေမကောင်းလို့ပြုစု 😅

သားက ကောင်မလေးရ 🤍

နေတစင်းကို ခေါ်တာ ပါးတဲ့ 🤍 🤍

OBJ

Lay Nge
~~~~~~~~~~~~

📔 The Sun Of Flower {Season 2} 📔

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_19~~~~ 🤍

"အဲ့တာရှင်နဲ့ဆိုင်လား ဒေါက်တာတိမ်ယံဘွား"

သူမ လက်မောင်းကို ကိုင်ထားတဲ့
တိမ်ယံဘွားလက်ကိုရိုက်ချလိုက်ပြီး

Lay Nge

သူမျက်နာကြည့်
လက်ညှိုးထိုးကာပြောလိုက်သည်။

မေလည်း
ဟိုတစ်ခေါက်ဆေးရုံရှေ့မှာတွေ့တုန်းကအနည်းင
ယ်ဝေးတာကြောင့် ကောင်လေးရဲ့
ရုပ်ကိုသေချာမမြင်လိုက်ရပင်မဲ့ အခု
အနီးကပ်မြင်လိုက်ရတော့
မျက်လုံးတောင်ထိုလူသားစိကမ္ဘာနိုင်။ဒူးအတိဘော
င်းဘီအဖြူ နဲ့ အဝါရောင် Shirt လက်တိုကို
ဝတ်ထားတဲ့သူက ချောလိုက်တာ။

"ငယ် ဒီကောင်ကဘယ်ကကောင် မှန်းမသိပဲနဲ့
အန္တရာယ်များတယ်"

"အန္တရာယ်များလည်း
အဲ့အန္တရာယ်ကိုကျွန်မကြိုက်တယ်ဆိုရင်ရော"

"အဲ့ငယ်ဆိုတဲ့စကားကိုအခုချက်ခြင်းပြင်လိုက်
ကျွန်မချစ်သူရှေ့ရှင်အရှကမရှိဘူးလား"

"ဘာ!! ချစ်သူ ကိုယ်ကရော"

အရှက်မရှိမေးလာရဲ တဲ့ တိမ်ယံဘွားကို...

"Ex လေ ကျွန်မအပေါ်သစ္စာမရှိတဲ့လူကိုဆက်ပြီး ဖက်တွယ်ထားမယ်ထင်လား ဒါပင်မဲ့ ရှင့်အပေါ်ကို ကျွန်မက တွဲသင့်တယ်ထင်လို့တွဲခဲ့တာ နှလုံးသားက မပါဘူး ဒါကြောင့်မခံစားရဘူး"

"ငယ် ကိုပြောပြ ...."

တိမ်ယံဘွားစကားပြောနေတာ သူမမကြားတော့
သူမမြင်တာက မေဆိုတဲ့မိန်းမက သူမချစ်သူကို
မျက်စိကျွတ်ကြမတက်ကြည့်နေတာကြောင့်ပင်။

"စနိုက်ကျော် မ တော်ယုံပဲကောင်းတယ်"

မေ လင်းရိပ်ကိုက
စနိုက်ကျော်မလို့ပြောတာတောင်
ပန်းနုသွေးဟန်ဆောင်ကာ...

"ကို ညီမလေး မမကိုဘယ်လိုတွေစနေတာလည်း
ညီအစ်မခြင်းကို"

သူမျက်နာပြောင်တိုက်လွန်းတဲ့ မိန်းမရဲ့
မျက်နာထားပြောင်းလဲသွားတာကို
သေချာပေါက်သိသည်။နိုင်ငံကခြားမှာ
သူထက်လည်တဲ့မိန်းမတွေတွေ့ခဲ့ဘူးတော့
သူလောက်တော့ကြည့်တာနဲ့တင်သိသည်။

Lavige

"ဟွန်း ကျွန်မချစ်သူက
တိမ်ယံဘွားမဟုတ်ဘူးရှင်းလား
ရှင်ဘယ်လိုမိန်းမလည်း သူသိတယ်"

"ငယ် သူကချစ်သူဆိုတော့ရော
သူအကြောင်းငယ်ဘာသိလို့လည်း ဘာကောင်မို့လဲ'

"ကျုပ်ဘာကောင်လည်းသိချင်ရင် နေလက်ရာ
group မှာလာစုံစမ်းလိုက် "

LayNge

light လက်ကို ကိုင်ကတည်းက
ပြေးထိုးချင်စိတ်တွေကတစ်ဖွားဖွား
အခုတောင်စိတ်ကို မနည်းဆွဲဆန့်နေရသည်။

"နေလက်ရာ"

မေရေရွက်လိုက်ခြင်းဖြစ်သည်။

"ကျွန်မချစ်သူက ရှင့်ထက်အကုန်သာတယ်လေ
ရုပ်ရည်အသက်အရွယ် ဟွန်း

Lay Nge

ရှင်နဲ့သာရေစက်ကိုဆက်နေလို့ကတော့
ကျွန်မထက်အရင်အိုမဲ့ ရှင့်ကိုပြုစုရဦးမယ် "

"ဒါဘာဖြစ်နေကြတာလည်း!!"

ဆွေးရိပ်ညှေ့ခန်းမှာထိုင်နေတုန်း အိမ်ရှေ့က
သမီးဖြစ်သူရဲ့မငြင်သာလှတဲ့ အသံကြောင့်
အိမ်ရှေ့ထွက်လာကာ ပြောလိုက်သည်။

"သား တိမ်ယံဘွား လာလည်တာလား
ဝင်လေဘာလုပ်နေတာလည်း"

"အန်ကယ် ငယ်က
သူ့ချစ်သူဆိုပြီးခေါ်လာတဲ့ကောင်ကို
စကားပြောနေကြတာပါ"

"ဘာ!!"

ဆွေးရိပ် သမီးဖြစ်သူကြောင့်
နှစ်ဖက်မိဘမျက်နာပျက်ရမှာကိုတွေးရင်
သမီးဖြစ်သူရှေ့သွားကာ သူကို လက်ညှိုးထိုးပြီး....

Lay Nge

"ဒီကောင်က ဘယ်ကအုတ်ကြားမြတ်ပေါက်လည်း အဆင့်တန်းမရှိ....."

"ဒယ်ဒီ !!!! သူကိုအဲလိုမပြောနဲ့"

"ဘာလည်း
အဆင့်အတန်းမရှိတဲ့ကောင်ကိုပြောလို့နာနေတာလား"

"အင်း အဆင့်အတန်းမရှိဘူး အဲ့ဒါသူမဟုတ်ဘူး ဒယ်ဒီရဲ့ချစ်လှစွာသော မတော်လိုက်ရတဲ့သမက်

တိမ်ယံဘွားလေ ဒေါက်တာဘွဲ့ကလွဲပြီး
သူတို့ဘာသာအိမ်အကူထပ်ဌားခိုင်း
အဲတာမှမတက်နိုင်ရက်တော့ အငတ်နေ!!"

"လင်းရိပ်ကို !!!!

သန္ဓာတို့ကဘာတွေများလုပ်နေလို့....."

"အန်ကယ်ကမျက်စိကန်းနေတာကို

ဘာလုပ်နေလည်းဆိုတာမမြင်ရအောင်

အာမဟုတ်ဘူး

မျက်စိကန်းနေတဲ့သူကမှမြင်နိုင်သေးတယ်

အန်ကယ်ကမမြင်ချင်ယောင်ဆောင်နေတာ"

နေတစင်းလည်းပြောရော မေဆိုတဲ့မိန်းမက ...

Lay Nge

"ရှင် ဖေဖေကို ပြောစရာမရာလို..."

ဖြန်း ဖြန်း

ကို ပါးကိုလက်ညှိုးထိုးပြောတဲ့ မယားပါသမီးကို
ပါးကိုရိုက်ချလိုက်တော့
မျက်ထောက်နီနဲ့ကြည့်လာတဲ့ ဒေါ်မေသန္တာနဲ့
ဒယ်ဒီကိုမျက်ကွယ်ပြုကာ...

Lay Nge

"နင်လိုမိန်းမက သူကိုလက်ညှိုးထိုးဖို့တန်သလား
ကိုယ်ဖထွေးတောင်လင်ပြန်တော်နေတဲ့
မိန်းမမျိုးက!!"

"Light ထားလိုက်တော့
ကိုယ်ဘာမှဖြစ်တာမဟုတ်ဘူး ပါးကရဲနေတာ
ကြက်ပူထိုးမလား"

"ရပါတယ် ပါး
ဖအေဖြစ်သူကတောင်ရိုက်ရက်သေးတာ ချစ်သူက
ပြုစုနေတဲ့မြင်ကွင်းကြောင့်

ဒယ်ဒီသိကွာထိခိုက်သွားပါဦးမယ်
ပါးပြန်တော့နော်"

"ဒါပင်မဲ့"

သူ
မြင်နေရတဲ့အခြေအနေတွေကြားမှစိတ်မချတည်
တောင်မပြန်ချင်သေး။

သူပါးစိတ်ပူနေတာကိုနားလည်တာကြောင့်ပြုံးကာ
....

Lay Nge

"ပါး စိတ်မပူနဲ့ ညကြမှဖုန်းဆက်လိုက်မယ်
မနက်ကကိစ္စတွေရောဘာရော ပင်ပန်းနေရောပေါ့
ပြီးတော့ Light ကငြိမ်ခံနေမဲ့ လူမဟုတ်ဘူးပါး "

"အင်းပါ ဒါဆိုပြန်တော့မယ်
အနီးအနားကရန်သူကပိုကြောက်ဖို့ကောင်းတယ်
Light ဂရုစိုက်နေပါ"

ဆိုပြီး
သတိပေးကအိမ်ထဲကပြန်ထွက်လာလိုက်သည်။လု

ပ်ရက်လိုက်တာ သမီးအရင်းကို
နောက်အိမ်ထောင်တွေရဲ့အရှေ့ရိုက်တာတဲ့
ဒီလိမိဘတွေလည်းရှိပါသေးလား။သူမဘဝကတ
ကယ်ကို ပူလောင်စရာမတိ။မိခင်မရှိတော့လို့
ဖခင်ကများကြင်နာမလားဆိုတော့
မကြင်နာတဲ့အပြင်
လက်ပါတက်သေးသည်။သူတို့ကိစ္စ မိဘတွေကို
မြန်မြန်ဖွင့်ပြောမှဖြသ်မည်။အဲလိုပူလောင်နေတဲ့မိ
သားစုထဲကနေ သူမကိုဆွဲထုတ်ဖို့
သူကြိုးစားရမည်..။

ခဏလေးပဲစောင့်ပေးပါ Light.....။

~~~
~~~

☺နေနှစ်စင်းရဲ့ချစ်ပုံပြင်☺

Part_28~~~~🌟

ရက်အနည်းငယ်ကြာပြီးနောက်....။

ဒေါက် ဒေါက်

Lay Nge

"ဖေဖေ နဲ့ မေမေ မအိပ်သေးဘူးမဟုတ်လား
သားဝင်ခဲ့မယ်နော်"

"ဝင်ခဲ့ သားLock မချထားဘူး "

အထဲက မေမေအသံကြားတယ်ဆို
သူတံခါးဖွင့်ဝင်လိုက်ပြီး အထဲရောက်တော့
မေမေက မုန်တင်ခုံရှေ့မှာထိုင်ပြီး
သနပ်ခါးလိမ်းနေသည်။

"သား ပြောစရာရှိလို့လား မေမေကိုပြောလေ"

သူတစ်ခန်းလုံးဝေ့ကြည့်လိုက်တော့
ဖေဖေကိုမတွေ့တာမို့...

"မေမေ ဖေဖေရောခဏက
ညစာစားတော့သားတွေ့ပါသေးတယ်
ဘယ်ရောက်သွားတာလည်း
အပြင်ပြန်သွားတာလား
ညဘက်ကြီးဘာသွားလုပ်ပြန်တာလည်း
သားလိုက်သွားမယ် ဘယ်company
မှာပြသနာပေါ်ပြန်တာလည်း"

LayNge

မေးခွန်းတရက်စက်မေးသွားတဲ့ သားဖြစ်သူကို
သူမငေးကြည့်နေခိုက်
ရေချိုးခန်းထဲကနေထွက်လာတဲ့နေက
သားမေးတာတွေအကုန်ကြားတာကြောင့်....

"ငါဘယ်မှာမသွားဘူး
ဒီမှာမင်းဟာကလည်းမေးလိုက်တာစုံနေတာပဲ
ငါ့မိန်းမတောင်ဘာဖြေရတော့မှန်းမသိတော့ဘူး"

Lay Nge

သူတို့နားလျှောက်လာရင်းဖြတ့ဲ
ဖေဖေကိုကြည့်ကာပြုံးလိုက်ပြီး ကြိုက်လိုက်တဲ့
ခန္ဓာကိုယ်အနေအထား။Six pack တွေနဲ့
သူထက်တောင်
ခန္ဓာကိုယ်အနေအထားတောင့်သေးသည်။

သူမလည်း သနပ်ခါးလိမ်းပြီးတယ်ဆိုထလိုက်ပြီး
မောင်လက်ထဲကတဘတ်ယူကာ
သူခန္ဓာကိုယ်အပေါ် ပိုင်းခြောက်အောင်သုတ်ပေးရ
သည်။

Lay Nge

"မွ ချစ်လိုက်ရတာဗျာ"

သူကိုရေသုတ်ပေးနေတဲ့
သူရင်အုံနားသာရှိတဲ့သူမခေါင်းလေးကို
နမ်းလိုက်တော့ မက ခဏပြုံးသွားပြီး
သားရှိနေမှန်းသတိရကာ....

"မောင် !! သားရှိတယ်လေ"

LayNge

"ရှိရှိပေါ့ မောင်မိန်းမနဲ့
မောင်ကဒီအချိန်ဆိုဒီထက်ပိုတာတွေတောင် အားးး
နာတယ်"

စကားပြောတာကိုကြည့်
အနှောင့်အသွားတစ်စက်မှမလွတ်တဲ့သူခါးနားက
အသားရှိတဲ့နေရာကိုဆွဲလိမ်လိုက်သည်။

နေတစင်းမှာပြောစရာရှိလို့သာ ဝင်လာရတယ် Ro
ပြနေတဲ့ ဖေဖေကြောင့်

Lightကိုတောင်သတိရသွားရသည်။ဖေဖေဟာတ
ကယ်ကို တောတော်ဆိုးပါသည်။

"သား ပြောစရာရှိလို့လာတာ ဖေဖေတို့
ဆင်ဆာဖျက်တဲ့
ကိစ္စတွေနောက်မှပြောလို့မရဘူးလား ဟင် "

"ဘာ မင်း မင်းနော်
နေတစင်းငါမွေးထားတဲ့သားမို့မဟုတ်ရင်
ငါဆဲလိုက်ရရင်ဖြင့်"

"ကဲပါ
ကလေးကပြောစရာရှိလို့လာပါတယ်ဆိုမောင်ကလည်း သွားအဝတ်အစားသွားဝတ်"

သူမသားကို ရန်လုပ်နေတဲ့မောင်ကို
အတင်းတွန်းကအဝတ်အစားသွားဝတ်ဖို့ပြောရသည်။ဒီဖအေနဲ့ ဒီသားလိုက်လည်းလိုက်ပါတယ်။

မောင်က ခဏကြာတယ်ဆို
သူဝတ်နေကြအပြင်သွားရင်သာ Suit

ဝတ်သွားပင်မဲ့ အိမ်မှာဆို
သားနဲ့တန်းတူအခုအချိန်ထိ ဝတ်နေတုန်း။

နေအဝတ်လဲပြီးထွက်လာတယ်ဆို
မအနားလျှောက်လာလိုက်ပြီး မနဲ့ယှဉ်ရပ်ကာ..

"မင်း ဘာပြောမှာလည်းပြော ငါ့နဲ့
ငါ့မိန်းမလေးကအခုအချိန်မှာအေးဆေးနေရတာ"

အဖြစ်သည်းနေတဲ့မောင်ကိုမျက်စောင်းထိုးလိုက်ပြီး
....

"သား ဘာပြောမလို့လည်းပြောလေ မမေတို့ကို"

"ဖေဖေ နဲ့ မမေထိုင်လိုက်ကြပါဦး"

ဖေဖေ နဲ့ မမေကုတင်ပေါ်ထိုင်လိုက်တယ်ဆို
သူမှန်တင်ခုံကခုံကိုယူကာ
ဖေဖေမမေတို့နားသွားထိုင်လိုက်သည်။

"သား မှာချစ်ရမဲ့သူရှိနေပြီ "

နေ သားကဘာကိုပြောချင်တာလည်း
သဘောပေါက်တာမို့
ငြိမ်နားထောင်ပေးလိုက်သည်။

"သား ချစ်သူကဘယ်သူလည်း
မေမေတို့အသိထဲကပဲလား"

နေတစင်း မေမေမေးတာကို ခေါင်းရမ်းကာ...

LayNge

"မေမေနဲ့တော့မသိဘူး ဖေဖေနဲ့တော့သိတယ် အော်
မေမေမှတ်မိလားတော့မသိဘူး အဲ့နေ့က သား
နဲ့မေမေ ဖေဖေအတွက်နေ့လည်စာသွားပို့တာလေ
ဖေဖေရုံးခန်းထဲကထွက်လာတဲ့ Suit
အနီလေးနဲ့ကောင်မလေးလေ "

"သား စတဲ့ကောင်မလေးလား"

"အင်း ဟုတ်တယ်
မေမေသားတို့ချစ်သူတွေဖြစ်နေကြပါပြီ
သူမမခြယ်ပြောသလိုမဟုတ်ပါဘူး

မိထွေးနဲ့နေရာတော့
တစ်ဖက်ကအနိုင်ကျင့်တာကိုမခံတာပါ ဒီနေ့တောင်
သူမကိုအိမ်လိုက်ပို့ရင်နဲ့
သူမနဲ့သူမမိထွေးစကားများကြတော့
သူမဒယ်ဒီကပါးရိုက်လိုက်တာ
ယောကျ်ားအားနဲ့မနာပဲနေမလား သားလည်း
ဒေါသထွက်ပြီး
ခင်များနဲ့တိုင်းပြီးကိုပြောထားခဲ့တယ်"

"ဒါဆို သားပြောချင်တာက
သူမမှာအမေမရှိတော့ဘူးဆိုတဲ့ သဘောလား"

Lay Nge

သူ မေမေမေးတာကိုခေါင်းငြိမ့်ပြလိုက်သည်။

နေလည်း သားဖြစ်သူကအချိုးကိုကသူ
သူ့အချိုးအတိုင်းမို့ ပြုံးကြည့်နေမိသည်။သူတုန်းက
မကိုထိလို့ သူမအဒေါ် နဲ့
ညီမကိုသူဘာလုပ်ခဲ့လည်း။အခုသားကလည်း
သူချစ်သူထိလို့ ယောကျ်ခမကို
ခင်များနဲ့တိုင်းပြောခဲ့တယ်တဲ့။

Layvee

"ဟုတ်ပါတယ် မေမေသူမမာမိက
လွန်ခဲ့နှစ်နှစ်ကျော်ကတဲ့ကဆုံးသွားတာပါ
အဲ့တုန်းကမိခင်မရှိတော့လို့ ဝမ်းနည်းနေတဲ့
သမီးမျက်နာမှမထောက် နောက်အိမ်ထောင်ကို
အိမ်ဖော်ခေါ်တင်လာတယ်လေ
နောက်အိမ်ထောင်မှာက
သမီးတစ်ယောက်ပါသေးတယ်
သူမထက်ကြီးတယ် အဲ့တော့မေမေရယ်
သိတယ်မဟုတ်လား
မိထွေးတွေရဲ့ဇာတ်ကတော့တာပေါ့
Lightကမခံတော့ မိုက်ရိုင်းတယ်ဖြစ်ရော
သူမအတွင်းစိတ်ကတကယ်လှပါတယ်

ဘယ်သူပဲဖြစ်ဖြစ်သူမနေရာမှာ
သားဆိုအဲ့မိန်းမသေပြီပဲ"

"ဟျောင့် မင်းတစ်ခြားဥပမာပေး !"

ဖေဖေကတကယ်ပါပဲ။သူနဲ့
သူ့မိန်းမလေးကိုစကားနဲ့တောင်ခွဲမရ။သူလည်းအဖြစ်သည်းလွန်းပင်မဲ့ တကယ်စိတ်ရင်းနဲ့ပြောလာတဲ့ဖေဖေကို...

LayNge

"ဖေဖေ ရော သူမအပေါ်ဘယ်လိုမြင်လည်း
သားနဲ့သူမကိုသဘောတူပေးပါ US
ကိုကျောင်းသွားတက်ပြီးပြန်လာမှ လက်ထပ်မှာပါ"

သားကပြောတော့သူမက
သားကိုသူမအနားလာထိုင်ဖို့လက်အမူယာနဲ့ပြလိုက်
တော့သားကလာထိုင်သည်။သူမသားလာထိုင်တယ်
ဆို သားကိုကြည့်ကာ...

"သားရယ် မေမေသဘောတူပါတယ်
သားသာစိတ်ချမ်းသာမယ်ဆိုရင်ပေါ့ ဒါပင်မဲ့ US

ကပြန်လာရင်တော့လက်မထပ်ပါနဲ့ဦး
ငယ်ပါသေးတယ်
အိမ်ထောင်ရေးတစ်ခုကိုထိန်းနိုင်တဲ့အရွယ်မရောက်
သေးဘူးသား သားကကျောင်းပြီးတယ်ဆို
21ပဲရှိဦးမှာ 25လောက်မှာ
အိမ်ထောင်ပြုဖို့စဉ်းစားပါ"

"မကလည်း ဘာလို့တားနေပြန်တာလည်း ယူပါစေ
ကံကြမ္မာဆိုတာပြောမရဘူး အခွင့်အရေးရှိတုန်း
ဖမ်းထားပါစေ
သားအိမ်ထောင်ရေးမထိန်းတက်လည်း
မောင်တို့နဲ့နေမှာပဲကိစ္စ လူကြီးတွေကထိန်းပေးပေါ့

တစ်ယောက်ကို တစ်ယောက်သာ ချစ်ရိုးမှန်းရင်
ဘယ်သူ့ခွဲခွဲမကွဲပါဘူး
အခက်မသင့်လို့ဝေးရင်တောင်
အချိန်တန်ရင်ပြန်ပေါင်းစည်းမှာပဲလေ
မောင်တို့လိုပေါ့..မအခုပြောနေတာ မသားကို
ကလေးလေးလို့မြင်နေလို့
မိခင်တစ်ယောက်ရဲ့စိတ်ကို မောင်နားလည်ပါတယ်
ဒါပင်မဲ့ သူတို့လည်းရွေးချယ်မှုဆိုတာလိုချင်မှာပဲ
မိဘဆိုတာ ကလေးတွေအပေါ်
ဘာမျှော်လင့်ချက်မှာမရှိဘူးလေ
အဓိကသူတို့ပျော်နေဖို့ပဲ မဟုတ်လား"

သူမထက်ပိုရင့်ကျက်စွာပြောလာတဲ့
မောင်။သူမရှေ့မှာသာ ဆိုးချင်တိုင်းဆိုးတဲ့မောင်က
တစ်ခြားနေရာတွေမှာဆို
သူမထက်တောင်ပိုရင့်ကျက်နေသည်။အခုလည်း
သားအပေါ်ကို
ဖခင်မေတ္တာနဲ့ပြောသွားတာတကယ်ကို
ရင့်ကျက်တည်ငြိမ်လွန်းပါသည်။

"ဖေဖေ ဟင့်"

"ဟာ"

LayNge

"ဟယ်"

နေတစင်း ဖေဖေစကားတွေကိုနားထောင်ပြီး
ဝမ်းသာသလိုလို ဝမ်းနည်းသလိုကြီးဖြစ်လာကာ
မေမေဘေးနားကနေ
ဖေဖေရှေ့သွားကဒူးထောက်ချပြီး
ဖေဖေခါးကိုဖက်ကာ
ဖေဖေရင်ခွင်ထဲဝင်လိုက်သည်။

Lay Nge

နေမှာလည်း သူရင်ခွင်ထဲဝင်ပြီး
ငိုနေတဲ့သားဖြစ်သူကြောင့် အံ့သြသွားရသည်။သူနဲ့
မ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး
ကလေးဆန်လွန်းတဲ့သားကြောင့်ကြည်နူးရပြန်သ
ည်။အခုပဲ မိန်းမယူမဲ့ကိစ္စပြောနေပြီး
အဖေဖြစ်သူရင်ခွင်ထဲဝင်ငိုနေတဲ့ကောင်။သူသားကို
ပြန်ဖက်ထားလိုက်ပြီး...

"သားကလည်းကွာ ကလေးလည်းမဟုတ်တော့ပဲနဲ့
မငိုနဲ့တော့ သားကမိန်းမယူသွားရင်တောင်
ဖေဖေတို့သားဆိုတာပြောင်းလဲသွားမှာမှမဟုတ်တာ
နော်"

"ဟင့် "

သူပြောမှာရှိုက်သံတောင်ထွက်လာသေးတာကြောင့်
သူရီချင်လာကာ မကလည်း သားပုံစံလေးကြည့်ပြီး
သဘောကျနေသည်။

"သားကတော့ တကယ်ကောင်ပဲကွာ ဒါနဲ့များ
မိန်းမယူဦးမယ်တဲ့ တော်ကြာမိန်းမငိုလို့
သူပါထိုင်ငိုနေမှဖြင့် ဟား ဟား"

သားအကြောင်းပြောကာ
တဟားဟားရီနေတဲ့မောင်နဲ့
ဖအေကိုဖက်ထားတာများဆွဲခွာရင်တောင်ကွာမှာမ
ဟုတ်။သား နဲ့
မောင်ကစကားသာအပြောတာမတည့်ကြတာ
သားက သူမထက်တောင်
သူ့အဖေကိုပိုချစ်သေးသည်။မောင်ကလည်း
သားတစ်ယောက်ထဲမို့ မျက်နာကိုအညှိုးမခံ။

"အန်ကယ် သမီးShopping
ထွက်ချင်လို့လိုက်ပို့ပါဆိုနေ"

ရှိုင်းထက်မြတ်
နားရက်မလိုနားမလို့ရှိသေးတူမဖြစ်သူက
အိမ်အပြင်လိုက်ပို့ခိုင်းနေတာကြောင့်
အခက်တွေ့နေရတော့သည်။

"သမီးကလည်း အန်ကယ်ဒီနေ့မှနားရတာကို
သမီးကလိမ္မာပါတယ် မနက်ဖြန်မှသွား"

"မရပါဘူး လွှာအရင်လိုမဆိုးတော့ဘူးနော်
လိမ္မာလာတာကို ပြန်ဆိုးလိုက်ရမလားပြော"

ခြေလေးစောင့်ကပြောနေတဲ့တူမတော်
အခုနောက်ပိုင်းတော်တော်လိမ္မာရေးခြားရှိလာတဲ့အ
ပြင်
အဝတ်အစားပုံစံကအစပြောင်းလဲလာတာကြောင့်
အရင်လိုပြန်ဆိုးမှာတွေးပူပြီး
လိုက်ရောဖို့ဆုံးဖြတ်လိုက်သည်။

"ဟုတ်ပါပြီ အကြာကြီးတော့မရဘူးနော်
2နာရီပဲရမယ် အန်ကယ်မှာ
လုပ်စရာအလုပ်တွေရှိတယ်"

"အာ့ ကျေးဇူးပါအန်ကယ် ကျေးဇူးတင်ပါတယ်နော် ချစ်တာ မွ"

သူလိုချင်တာရသွားတော့
ချက်ခြင်းဦးလေးဖစ်သူကိုနမ်းတဲ့
လွှာလေးရဲ့ခေါင်းကိုအသာလေးပုတ်ကာ....

"ခဏစောင့်
အန်ကယ်အပေါ်မှာပိုက်ဆံအိတ်သွားယူလိုက်ဦးမယ်"

Lay Nge

"များများလေးထည့်ခဲ့နော် Brand တွေဝယ်မှာ"

"သိပါတယ်"

ပြောကာလျှောကား
နားကသူ့အခန်းထဲဝင်လာလိုက်သည်။သူ့တူမက
shopping ထွက်ရင် သိန်း20လောက်ကတော့
Auto ပလုံတာပဲ။သူခေါင်းရမ်းလိုက်ကာ
မီးခံသေတ္တာဖွင့်ပြီ အဲ့ကောင်မလေးအတွက်

Lay Nge

ဖွင့်ပေးထားတဲ့ bank card ကိုယူကာ
အခန်းထဲကပြန်ထွက်လာလိုက်သည်။

"သွားမယ် အန်ကယ်"

"ဟာ့ လန့်တာ ပန်းရိပ်လွှာရာ ဖြေးဖြေးဟာ"

သူတံခါးဖွင့်ပြန်ထွက်လာယုံရှိသေးသူအခန်းအရှေ့
မှာစောင့်နေတဲ့ လွှာလေးကို
ရုတ်တရုတ်ထပြောတာကြောင့်သူလန့်သွားရတာအ
မှန်ပင်။

"သွားမယ် တကယ်ထဲ shopping
မထွက်ဖူးတာကြလို့
တူမလေးတစ်ကောင်ပဲရှိပါတယ်
ဘာမှအားမကိုးရဘူး ဒါကိုဖေဖေက သူ့မြေးကို အ
မွေတွေအကုန်လွဲချင်နေသေးတယ် ဒီနေ့ပေး
မနက်ဖြန်ဆို ဒေဝါလီခံသွားရမှာမြင်ရောင်သေး"

အရှေ့ကနေပွစိပွစိပြောကာထွက်သွားတဲ့
လူပျိုကြီးနောက်ကို လွှာ သွားလေးကိုဖြီးက
လန့်သွားတော့သည်။သူမဘဝမှာ အန်ကယ် နဲ

ဘိုးဘိုးကြောင့်

ဘာလိုအက်ချက်မှမရှိ။သူမလိုအပ်တာမှန်သမျှကို

အကုန်ဖြည့်ဆည်းပေးခဲ့သည်။ဒီဘဝမှာ

သူမမိဘမရှိခဲ့ဘူးဆိုပင်မဲ့ ချစ်ရတဲ့ အန်ကယ်ရဟ်

ဖိုးဖိုးရယ် ပြီးတော့ သူမကို ရှိတယ်တောင်မထင်တဲ့

လူကြီးရယ်....။

"Happy Brithday My Lady "

ကို သူမရှေ့ရောက်လာတဲ့ Tulip {ကျူးလစ်}

ပန်းစည်းနဲ့ အတူ သူ့ရဲ့မွေးနေ့ဆုတောင်းကြောင့်

သူမ မွေးနေ့ကို မေ့နေခဲ့တာပင်။Feb 28 ဆိုတာ သူမမွေးနေ့ဆိုရင် march 2ရက်နေ့ဆို မာမီဆုံးတာ 3နှစ်ပြည့်။

"ဘာဖြစ်တာလည်း မကြိုက်လို့လား Light"

သူမကို Tulip အနီရောင်ပန်းစည်းနဲ့ brithday wishပေးတဲ့ပါးက
သူမမျက်နာမကောင်းတာမြင်တော့
ပြန်မေးနေတာကြောင့်...

"မဟုတ်ပါဘူး ပါး နောက်နှစ်ရင်ဆို မာမီဆုံးတာ 3နှစ်ပြည့်ပြီလေ အဲတာသတိရသွားလို့"

"အဲ့နေ့က ကိုယ်တို့သွားတွေ့ကြမယ် မင်းရဲ့မာမီကို ကိုယ်နဲ့မိတ်ဆက်ပေးပေါ့ ဘယ်လိုလည်း"

"အင်း"

"Tulip အနီရောင်ဘာလို့ပေးတာလည်း သိလား"

Lay Nge

သူမ Tulip ပန်းသာကြိုက်တာ
ပန်းရဲ့အဓိပ္ပာယ်ကိုတကယ်မသိတာကြောင့်
ခေါင်းရမ်းပြလိုက်သည်။သူမ မသိတာကို
သိတယ်လို့ ညာမပြောချင်။

"Tulip အနီရောင်ဟာ ပြီးပြည့်စုံတဲ့အချစ်လို့
အဓိပ္ပါယ်ရတယ် တဲ့ Lightရဲ့
ကိုယ်တို့နှစ်ယောက်အချစ်မှာ lightရှိနေရင်
ကိုယ့်အတွက်ပြည့်စုံပြီ ဒါကြောင့် Tulip
ပန်းအနီရောင်ပေးတာ အနီရောင်ဆိုတာက
တစ်ခြားအဓိပ္ပာယ်တစ်ခုက ရဲရင့်တယ်လေ
ကိုယ့်အမျိုးသမီးလေးက ရဲရင့်တယ်မဟုတ်လား

တကယ်လို့ မရဲရင့်ဘူးဆိုရင်တောင် Light
နောက်မှာကိုယ်ရှိတယ်ဆိုတာသိထားပေး"

သူမ ချစ်သူများနေ့ကတောင် chcolate
တောင်မပေးတဲ့ သူကို
မRoတက်ဘူးထင်ထားခဲ့တာ။အခုတော့သူမမွေးနေ့
ကြမှာ စကားလုံးတွေကို အဓိပ္ပာယ်ဖွင့်ဆိုပြနေတာ။

"ကိုယ် နဲ့ light ချစ်သူတွေဖြစ်နေကြတယ်ဆိုတာ
ဖေဖေတို့ကို ဖွင့်ပြောပြီးပြီ"

"ဘာတဲ့လည်း"

"သဘောတူတယ်တဲ့
တစ်ယောက်နဲ့တစ်ယောက်တကယ်ချစ်ရင်ပြီးရော
တဲ့ ပြီးတော့ feb 14တုန်းက မေမေမွေးနေ့ရှိနေလို
ကိုယ်သတိမရလို့မဟုတ်ဘူး sorry နော်
ကိုယ်အလေးမထားတာမဟုတ်ဘူး"

"ပါး မေမေကချစ်သူများနေ့မွေးတာလား"

"ဟုတ်ပါတယ်ဗျ ဒါနဲ့ ကိုယ်မင်းအတွက် Suprise ရှိသေးတယ်နော်"

"ဘာလည်း"

သူမကိုသိချင်နေတာကြောင့် သူ
သူမနဲ့ချစ်သူဖြစ်ပြီးနောက်ပိုင်း
အရင်ကတည်းကတေ ွါ့ဖူးတဲ့ခံစားချက်
ခံစားနေရတာကြောင့်
ထက်တူကျစေဖို့မျှော်လင့်ကာ သူShirt

အိတ်ကပ်ထဲက ကလစ်လေးထုတ်ကာ
သူမလက်ထဲထည့်ပေးလိုက်သည်။

"ဒီကလစ်လေးကို ကိုယ်လွန်ခဲ့တဲ့ 15နှစ်
Christmas နေ့မှာကောင်မလေးတစ်ယောက်က
ကိုယ့်ကိုပေးသွားတာ အဲ့ကောင်မလေးကကိုယ့်ကို
ကိုကိုကြီးတဲ့ ခေါ်တာ
အဲ့အချိန်ကတည်းကမေ့မရခဲ့ဘူး"

သူမ
ကလစ်လေးကိုကြည့်ကာအံ့သြလွန်းလို့ပြောရမှန်းမ

သိ။အခဲ့နေ့တုန်းက မာမီရော ဒယ်ဒီရောနဲ့သူမ
အပြင်ထွက်လည်တုန်းက
အမှတ်မထင်မထင်တွေ့ခဲ့တဲ့ကလေးလေးက
ပါးပေါ့။ကံကြမ္မာကထူးဆန်းလိုက်တာ
သူမဘယ်တော့မှပြန်မတွေ့ဘူး
ထင်ခဲ့တဲ့ကောင်လေးကသူမချစ်သူတဲ့။သူနဲ့ သူမရဲ့
ငယ်ငယ်ကတည်းကတွေ့ဆုံမှု တကယ်ခဏလေး။

သူမလေးက အံ့သြပုံပေါက်နေတာကြောင့်
သူမဆိုတာ သေချာသွားပြီ မိုးသူမျက်နာက
စိုးရိမ်မှုအရိပ်အယာင်တွေလွင့်စင်သွားရသည်။သူစိ

တ်ထင်နေခဲ့တာ သူမက
သူငယ်ငယ်ကတွေ့ခဲ့တဲ့ကောင်မလေးလို့။

" တကယ်ကြီးလား
အဲ့တုန်းကတကယ်ပါးလားဟင်"

"အွန်း ကိုယ်လေ
ကိုကိုကြီးလို့ခေါ်သွားတာအခုထိမမေ့သေးဘူး
တကယ်ပဲ Light ကအဲ့တုန်းကကောင်မလေးပဲ"

Lay Nge

သူ ဘေးချင်းကပ်ထိုင်နေတဲ့ Light

ပုခုံးလေးကိုဖက်ကာ

နဖူးလေးကိုဖိကပ်နမ်းလိုပ်တော့ သူမကလည်း

သူပါးကိုပြန်နမ်းတာကြောင့် ပြုံးကာ

သူမကိုဖက်ထားလိုက်သည်။

နှစ်ယောက်သား

လုပ်ငန်းခွင်ထဲမှာတောင်သတိရကြသေးရဲ့လားမသိ.

.....။

Lay Nge

"မ ဘာစားမလည်း ဘာဝယ်မလည်း
ကြိုက်တာလုပ်"

ဒီနေ့မှ မောင်က shopping လိုက်ပို့မယ်ပြောကာ
အတင်းခေါ်ထုတ်လာတာခြင်းဖြစ်သည်။မောင်က
လက်ဝတ်ရတနာဆိုင်တွေ့လည်း ဘာယူမလည်း
မေးတာကြောင့်
သူမမှာမနည်းငြင်းနေရသည်။သူမမှာ
သူဝယ်ပေးထားက နည်းမှမနည်းပဲ။

"မောင်ကလည်း
ဘာလို့စျေးများတဲ့ဟာတွေပဲဝယ်နေတာလည်း"

"ဘယ်မှာများလို့လည်း"

"သိန်း 4000 ကမများဘူးဟုတ်လားပြောတက်ပါ့
မရှိတဲ့သူတွေအတွက်ဆို အဲ့ပမာဏက
တစ်ဘဝလုံးစားလို့ရတယ်မောင်ရဲ့"

LayNge

သူမကဆူသလိုပြောနေတာကြောင့်နေမှာဘာပြော
ရမှန်းမသိ။ပမာဏကများတာတော့သူသိတာပေါ့။ဒါ
ပင်မဲ့ ဝတ်ဆင်မဲ့သူက ပိုတန်ဖိုးကြီးနေတဲ့ကိစ္စ။

"ကဲပါ မောင့်မိန်းမစကားနားထောင်နေရင်
ပြီးတော့မှမဟုတ်ဘူး
မလက်ထဲကပိုက်ဆံအိတ်ရော
အိမ်ကအိတ်တွေရောကြာပြီဆိုတော့
အသစ်ဝယ်ပေးမယ်လိုက်ခဲ့"

LayNge

ပြောကာ သူများကို လက်ဆွဲခေါ်သွားပြီး နိုင်ငံခြား brand

တွေသီးသန့်ရောင်းတဲ့ဆိုင်ဖဲခေါ်လာလိုက်သည်။သူနဲ့ သူမဝင်လာတယ်ဆို ဝန်ထမ်းတွေကပြုံးပြီး ကြိုဆိုကြသည်။

"မ ဘယ်ဟာကြိုက်လဲ
ကြိုက်တာယူနော်လမောင်ဝယ်ပေးမယ်"

သူပြောလိုက်တော့ သူမကလိုက်ပြီးကြည့်နေကာ သူကအနောက်ကနေ သူမကြည့်တဲ့ပစ္စည်းကို

အသေးစိပ်လိုက်မှတ်နေလိုက်သည်။သူမနောက်လို
က်နေရင်းနဲ့ သူပြုံးချင်သွားရသည်။ဘာလို့ဆို
သူမကနာမည်ကြီး brandတွေဆိုအကုန်ကျော်ပြီး
တစ်ခြားသွားရွေးနေလို့ပင်။သူမကို ခဏထားခဲ့ပြီး
ကောင်တာကိုသွားကာ...

"အစ်ကို ဘာအလို့ရှိပါသလဲရှင့်"

"LV ၊Guuci ၊Chanel ကအသစ်ထုတ်တဲ့ ဒီဇိုင်း
တွေရှိလား"

"ဟုတ်ကဲ့ အစ်ကိုမနေ့ကမှရောက်တဲ့
ဒီဇိုင်းသစ်တွေရှိပါတယ်"

"အဲတာဆို အဲတာတွေယူမယ်ထုတ်ပေးနော်"

"ရှင်!!"

သူက ဝယ်မလို့ထုတ်ခိုင်းနေတာကို အံ့သြနေတဲ့
ဆိုင်ဝန်ထမ်းကောင်မလေးကြောင့်
မျက်မှောင်ကုတ်သွားရကာ.....

Lay Nge

"ဘာဖြစ်လို့လည်း မရောင်းဘူးလား"

"မဟုတ်ပါဘူး တောင်းပန်ပါတယ်ရှင့်"

ပြောကာ သူ
မှာတဲ့ပစ္စည်းယူဖို့ထွက်သွားတဲ့ဆိုင်ဝန်ထမ်းကိုထား
လိုက်ပြီး လည်သာအိတ်အဖြူလေးကိုကြည့်နေတဲ့
မအနားလျှောက်သွားလိုက်သည်။

" မ ကြိုက်လို့လားယူလေ"

"10 သိန်းကျော်တောင်မှလေ မောင်ရဲ့"

"ဘာဖြစ်လည်းယူလေ
အခုခေတ်မှာဒီစျေးကအနိမ့်ဆုံးပဲ ယူပါမရယ်"

ဆိုကာ သူကသူမကိုင်ထားတဲ့အိတ်လည်းဆွဲယူပြီး
သူမလက်လည်းဆွဲကာ
ကောင်တာခေါ်လာလိုက်သည်။သူကောင်တာနား
ရောက်တယ် ဆို လည်သာအိတ်အဖြူလေးကို
ကောင်တာပေါ်တင်ပေးလိုက်ပြီး....

Lay Nge

"ဒါရော ယူမယ်တွက်လိုက်နော်"

သူမ
ကောင်တာပေါ်ကအထုတ်တွေကြည့်နေတုန်းရှိသေး
မောင်က ဒါပါထည့်တွက်လိုက်ဆိုတာကြောင့်
မောင်ယူထားမှန်းသိလိုက်သည်။

"245 သိန်းကျပါတယ်"

"အင်း ကဒ်နဲ့ရှင်းမယ်"

Layhee

ဆိုကာ မောင်ကသူပိုက်ဆံအိတ်ထဲက
ကဒ်ကိုထုတ်ကာ ပေးလိုက်တော့...

"မောင်အများကြီးပဲနော် ဘာလို့ယူတာလည်း
တန်ဖိုးမနည်းဘူး"

"မောင့်မိန်းမလောက်တန်ဖိုးမရှိဘူး"

သူပြောတဲ့စကားကြောင့်
ဆိုင်ဝန်ထမ်းမလေးတွေမှာ
သူမကိုအားကျတဲ့အကြည့်တွေနဲ့ကြည့်နေကြသည်

Lay Nge

။သူကတော့ သူမရှက်နေတဲ့ပုံလေးကိုကြည့်က
ချစ်စနိုးနဲ့ပြုံးနေမိသည်။

မောင့်မိန်းမလေးသိပ်ချစ်ဖို့ကောင်းတယ်.....။

~~~
~~~

နေကပဲ ကံကောင်းတာလား

ရှိုင်းထက်မြတ်ကံဆိုးတာလား..... 🤍

နေရဲ့တန်ပြန်တုန့်ပြန်ချက်တွေက ဘာလဲ.....?

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

Part_29~~~~ 🤍

"မောင့်ချစ်သဲလေး ဘာဝယ်ဦးမလည်း
ဘာစားမလည်းဗျ"

သူမအတွက် အိတ်ဝယ်ပေးပြီးတယ်ဆို
ဆိုင်ထဲကပြန်ထွက်လာတော့...

"တော်ပြီမောင် ပိုက်ဆံသုံးတာတအားများတာပဲ
အိမ်က မှန်ဗီရိုထဲမှာလည်း အများကြီးပဲကို"

Lay Nge

"ပြောပြီးသား
မောင့်မိန်းမကပိုတန်ဖိုးရှိပါတယ်ဆိုနေ"

သူမ မောင်ပြောလည်းနိုင်မှာမဟုတ်သိရဲ့သားနဲ့
အရစ်ရှည်မိတဲ့သူမအမှား။သူမ
မောင်ကိုမျက်စောင်းထိုးတော့ သူကတော့
သွားတန်းပေါအောင်ရီနေလိုက်တာများ
အမြင်ကတ်စရာ။

"မ ဘာစားမလည်း တစ်ခုခုမဝယ်တော့ရင်လည်း
မုန့်တစ်ခုခုစားရအောင်"

"ဘာစားမှာလည်း မောင်က"

"မောင်ကိုမမေးနဲ့
မောင့်မိန်းမသဘောကျတာအကုန်သဘောကျပြီး
သား မိန်းမဘာစားချင်လည်းပြော
ခေါက်ဆွဲကြော်စားမလား "

"မစားဘူး မောင် ကြက်ကြော်ရယ်
ကြေးအိုးရယ်ပဲစားချင်တာ လိုက်ကျွေး"

Lay Nge

"ဟုတ်ပါပြီဗျ My Queen သဘောအတိုင်းပါ
လာပါဗျာ ဟင်!"

သူမကို လက်ဆွဲပြီး
မုန့်သွားကျွေးမလို့ရှိသေးတစ်ဖက်က
ဆိုင်ခန်းအတွင်းဝင်သွားတဲ့
လူနှစ်ယောက်ကြောင့်....

"မခဏလေးနော် မောင့်အရေးကြီးလို့"

LayNge

သူမကိုခဏထားပြီး
သူတို့ဝင်သွားတဲ့ဆိုင်ထဲဝင်လိုက်ပြီး
သူတို့မမြင်နိုင်တဲ့နေရာကနေကြည့်နေလိုက်သည်။
ရှိုင်းထက်မြတ်ဆိုတဲ့ကောင်နဲ့
သူကိုအမြဲလာနောက်ယှက်နေတဲ့မိန်းကလေးကို
တွဲတွေ့လိုက်ရတာကြောင့်
သူအမြင်မမှားမှန်းသိလိုက်သည်။သူတို့ပြန်မထွက်
လာခင်အံကိုကြိတ်ကာ
ဆိုင်အပြင်ကိုထွက်လာခဲ့တော့သည်။

သူဆိုင်အပြင်ရောက်တော့
ခဏထားခဲ့တဲ့နေရာမှာမက်တပ်ရပ်စောင့်နေတဲ့

မကို ဘေးနားကနေ

ရစ်သီရစ်သီလုပ်နေတဲ့ကောင်တွေတွေ့တာကြောင့်

သူမအနားပြေးသွားကာ...

"မိန်းမ သွားရအောင် !!"

"ဟင်"

မောင်အသံက

စင်တာမှာသွားလာနေတဲ့လူတွေတောင်လှည့်ကြည့်

Lay Nge

လှည့်ကြည့်နဲ့။အရင်ခေါ်နေကြအတိုင်းမခေါ် ပဲ ဘာဖြစ်လာပြန်ပြီလည်းမသိ။

"မောင် အရှက်မရှိဘူးလား! ရှက်စရာကြီး"

"သူများမိန်းမကို ငေးနေတဲ့ကောင်တွေရှိလို့ပေါ့ မရဲ့"

"အဲလိုသူများငေးတာမကြိုက်ရင်ဘာလို့တစ်ယောက်ထဲထားခဲ့လည်း ဟွန့်"

Lay Nge

သူကိုမျက်စောင်းလှလှလေးထိုးလိုက်တဲ့ မကြောင့်
အသဲတွေတယားယား။စင်တာမှာမို့သူကအရှက်မရှိ
လို့ဖက်နမ်းရင်
မိန်းမဖြစ်သူငိုသွားမှာဆိုးလို့စိတ်ထိန်းကာ
အိမ်ရောက်မှ အဝဖက်နမ်းပစ်ဦးမည်။သူ
သူမလက်ကိုဆွဲကာ မုန့်စားဖို့
ကြေးအိုးဆိုင်ဆီသို့....။

"မာမီ"

Lay Nge

ဦးနေမင်း နဲ့ ဒေါ်လက်ရာ ညှဉ့်ခန်းထဲထိုင်နေစဉ်
သမီးဖြစ်သူခေါ်တာကြောင့် လှည့်ကြည့်လိုက်တော့
သမီးဖြစ်သူဘေးမှာ
ကောင်လေးတစ်ယောက်ပါပါသေးသည်။

မေလက်ရာ ရောင်နဲ့အတူတူ
မာမီတို့မျက်နာချင်းဆိုင်ဆိုဖာမှာဝင်ထိုင်လိုက်ပြီး....

"သူကသမီးချစ်သူပါ သူလည်းသမီးလို့
ကျူတာတစ်ယောက်ပါပဲ"

ဒေါ်လက်ရာ

သမီးချစ်သူလို့ပြောတဲ့ကောင်လေးကိုကြည့်လိုက်တော့ ရည်ရည်မွန်မွန်လေး

အဝတ်အစားဝတ်ထားတာကအစ ပုဆိုးလေးနဲ့ လည်ကတိုးအဖြူလေး

တကယ်စံထားလောက်တဲ့ကောင်လေးမို့။သူမသားကိုတောင်

ဒီလိုပုံစံမို့မြင်ဖူးခဲ့တာမဟုတ်။မြေးကလည်းသူ့အဖေအချိုးတစ်ချိုးတည်း။

Lay Nge

"သား တကယ်သမီးအပေါ်မှာမေတ္တာရှိရဲ့လား
မယုံလို့မေးတာမဟုတ်ဘူးနော် သား နဲ့
မာမီသမီးရဲ့အသက်ကွာဟမှုကြောင့်မေးတာပါ"

"ဟုတ်ကဲ့ တကယ်ချစ်တာပါ သူမကိုကျွန်တော်
First year ကတည်းကသဘောကျခဲ့တာ
ဘွဲ့ရတော့လည်း သူမနဲ့အတူတူ
မြန်မာဌာနကိုပဲဝင်ခဲ့တာပါ
သူမကိုတန်ဖိုးထားကြောင်းသက်သေပြသွားပါ့မယ်
"

Lay Nge

သူမကိုကတိတွေပေးနေတဲ့ကောင်လေးကို
ကြည့်ကာ
သဘောကျနေမိသည်။သူမကသဘောကျနေပင်မဲ့
ကို ကဘာတစ်ခုမှဝင်မပြောပဲ
အဲ့ကောင်လေးကိုကြည့်နေတာကြောင့်
ဒေါ်လက်ရည် တံတောင်နဲ့တွတ်ကာ...

"ကို တစ်ခုခုပြောဦးလေဘာကြည့်နေတာလည်း"

ဒေါ်လက်ရာအံ့ကြိတ်သံနဲ့ပြောမှသူအသိဝင်လာသ
ည်။သူကြည့်နေတာတစ်ခြားမဟုတ်။ဒီကောင်လေး

ပုံစံက လူရိုးလူကောင်းဆိုတာခန့်မှန်းမိပင်မဲ့
အိမ်ကလူဆိုးကောင်လိုသူ့မိန်းမကို
ဂရုစိုက်သလိုဂရုစိုက်စေချင်မိတာ
သူရင်ထဲကလာတဲ့
ဖခင်မေတ္တာ။အိမ်ကလူဆိုးကောင်က
မိဘစကားသာနားမဝင်တာ
မိန်းမစကားဆိုနှစ်ခါပြောစရာမလို။အိမ်ကကောင်
က ကျန်တာသာပြောကွက်ရှိရင်ရှိမယ်
မိန်းမအပေါ်ကိုတော့ တကယ်
လက်ဖြားခါလောက်အောင် ဂရုစိုက်သည်။

"အင်း အန်ကယ်လည်း
မင်းနဲ့သဘောမတူစရာအကြောင်းတော့မရှိပါဘူး
ဒါပင်မဲ့ မင်းအန်တီစိုးရိမ်နေသလိုပဲ
သမီးနဲ့ကအသက်ကွာတာက
တစ်ချိန်ကြမင်းတို့ကြားအဖုအထစ်ဖြစ်လာမှာဆိုး
လို့"

မမရဲ့အဖေကလည်းထင်သလောက်
ကြောက်ဖို့မကောင်းတာကြောင့်
မိုးတိမ်ရောင်ရင်ထဲလေးနေတာအနည်းငယ်သက်
သာသွားသည်။

"ဟုတ်ကဲ့ပါ
အန်ကယ်သူမအပေါ်ကျွန်တော်ဘယ်တော့မှပြောင်း
လဲမှာမဟုတ်ပါဘူး ကျွန်တော်က
သူမမိုလို့ချစ်တာပါ
အန်ကယ်မယုံဘူးဆိုရင်ရှေ့လျှောက်စောင့်ကြည့်နိုင်
ပါတယ်"

"ဟုတ်ပါပြီ အန်ကယ်မင်းကိုယုံပါတယ်
ညနေစာစားပြီးမှပြန်ပေါ့"

"ဟုတ်ကဲ့"

သူအန်ကယ် နဲ့အန်တီတို့ကိုစကားပြောပြီးပင်မဲ့
မမရဲ့အစ်ကိုကိုမတွေ့သေးတာကြောင်ရင်ထဲ
လေးနေသေးသည်။သူ သူမဘက်လှည့်ကာ.....

"မမ အစ်ကိုရော"

"ဟင် ဟုတ်သား မာမီကိုကိုရော"

Lay Nge

"သမီးအစ်ကိုကသူ့မိန်းမကို Shopping
လိုက်ပို့တယ် တော်ကြာဆိုပြန်လာတော့မှာပါ
ကိုကိုပြန်လာရင်လည်း
သားနဲ့စကားပြောခိုင်းလိုက်ဦး"

"ဟုတ်ကဲ့ မာမီ"

ရောင်
ကိုကိုကိုတွေ့ဖို့စိတ်လှုပ်ရှားနေတဟသူမသိပင်မဲ့
ကိုကိုကဘယ်လိုလူမျိုးလည်းဆိုတာသူမသိတာ
ကြောင့် ဒီကိစ္စလည်း

Lay Nge

ကိုကိုတားမှာမဟုတ်ဘူးဆိုတာသူမသိသည်။သူက ပိုပြီး အချစ်ကိုနားလည်မယ်ဆိုတာ ယုံကြည်သည်။

"Hotel တောင်မှ အချောလုပ်ဖို့ပဲကျန်တော့တယ် မြန်လိုက်တာ"

"အလုပ်သမားတွေကစေတနာပါတာကို ပါးရဲ့"

"အင်း
အဲလိုမျိုးဆိုအရမ်းစိတ်ချမ်းသာဖို့ကောင်းတယ်

light လိုအလုပ်ရှင်မျိုးနဲ့
တွေ့သာသူတို့ကံကောင်းတယ်"

သူမကို ချီးကျူးနေတဲ့သူကို....

"ချစ်တဲ့မျက်စိနဲ့ကြည့်နေတာကို ပါး light
နေရာတစ်ခုသွားချင်လို့လိုက်ခဲ့ပါလား"

"ဘယ်လည်း"

LayNge

"လိုက်ခဲ့ရင်သိမှာပေါ့"

သူခေါင်းငြိမ့်ပြကာ
အလုပ်ခွင်ထဲကနှစ်ယောက်အတူတူပြန်ထွက်လာ
လိုက်ပြီး သူမလမ်းညွှန်တဲ့အတိုင်း
သူကားမောင်းလာလိုက်သည်။

"မွေးနေ့အလှူလုပ်ချင်လို့လေ"

"အင်း ကိုယ်ထင်ပါတယ် ဒီနေ့က Light မွေးနေ့ပဲ
ဒါပဲရှိတာ"

"အခု မိဘမဲ့ဂေဟာကိုသွားမလို့လေ
သူတို့လေးတွေကအရမ်းသနားဖို့ကောင်းတာ"

"အင်း ကိုယ်လည်းမရောက်ဖူးဘူး အဲ့ဂေဟာမှာ
မွေးကင်းစလေးတွေရောရှိလား"

"အင်း ရှိတယ်ပါး ဘာလုပ်မလို့လည်း"

"ကိုယ်လည်းလှူချင်လို့
ကလေးပစ္စည်းဆိုင်ခဏဝင်ရအောင်"

ပြောကာ သူအနီးအနားက
ကလေးပစ္စည်းဆိုင်ရှေ့မှာကားကိုရပ်လိုက်ပြီး
ဆင်းလိုက်သည်။သူဆင်းတယ်ဆို သူမကလည်း
စလင်းဘတ်လေးလွယ်ကာ
ဝတ်နေကြအပေါ်အောက်တွဲရက်ဝတ်စုံနဲ့ဆင်းလာ
သည်။နှစ်ယောက်သားလက်တွဲပြီး
ကလေးပစ္စည်းဆိုင်ထဲဝင်လာလိုက်သည်။

"မောင်လေး နဲ့ ညီမလေး မင်္ဂလာပါ
ကလေးပစ္စည်းအစုံရှိပါတယ်"

"ဟုတ်ကဲ့ ပါး ဘာယူမှာလည်း"

"ညီမလေးက
အခုမှသက်ဦးကလေးထင်တယ်ယောကျ်ားကိုပြန်
မေးနေတယ်ဆိုတော့"

"ဗျာ"

Lay Nge

သူမကတောင်မရှင်ရဘူး
သူကအရင်။သူကရှင်းပြဖို့လုပ်ပင်မဲ့
သူမကတားလိုက်ပြီး...

"ဒိုက်ပါ အထုတ်100 ရယ် Wet tissue အထုတ်
100 ပြီးတော့ ဘာယူဦးမလည်းပါး"

"အင်း နို့မုန့်ဘူးစျေးအကြီးဆုံးနဲ့ Quality
ကောင်းတာ ဘူး100 ပေးပါအစ်မ ပြီးတော့
ကလေးတွေနဲ့ ပက်သက်မဲ့ နို့ဘူး
အစသဖြင့်ပေါ့လိုတာတွေ 100 ဆီထည့်ပေးပးပါ"

"ပါး ဒီမှာကြည့်ပါဦး ချစ်စရာလေးတွေ"

သူမကသူလက်မောင်းကိုပုတ်ပြီး ပြတာကြောင့်
သူကြည့်လိုက်တော့ ကလေးအိပ်တဲ့
အိပ်ယာလေး။သူပြုံးလိုက်ပြီး
ဆိုင်ဝန်ထမ်းဘက်လှည့်ကာ....

"ဒီကလေး အိပ်တဲ့အိပ်ယာလေးတွေပါ
အစုံ100ထည့်ပေးပါနော်"

သူပြောတာကို
ဆိုင်ဝန်ထမ်းမလေးကခေါင်းငြိမ့်ပြကာ
ဝန်ထမ်းကောင်လေးတွေက သူမှာတဲ့ပစ္စည်းတွေကို
စုပြီး
ဖာထေးထည့်ထည့်နေသည်။ပစ္စည်းတွေအကုန်စုကြ
ည့်လိုက်တော့ ကားနဲ့မဆုံတာမို့.....

"စိတ်မပူပါနဲ့
အစ်မတို့ဆိုင်ကကားနဲ့လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပါဗျ ဘယ်လောက်ကျလည်းမသိဘူး"

ဝန်ထမ်းမိန်းက ကောင်တာကနေ
ဘောင်ချာစာရွက်ကိုသွားယူကာ....

"45 သိန်းကြပါတယ်"

"ဟုတ်ကဲ့ပါဗျ ကဒ်နဲ့ရှင်းပါ့မယ်"

ဆိုကာသူပိုက်ဆံအိတ်ထဲကထုတ်မလို့ရှိသေး
သူမကလွယ်ထားတဲ့စလင်းဘတ်ထဲက
ကဒ်ထုတ်ကာ အရင်ပေးလိုက်သည်။

Lay Nge

"Light ကိုယ်ရှင်းမယ်ဆိုတာကို"

"ဒီနေ့က Light မွေးနေ့လေ Light
ကုသိုလ်ပြုမယ်လေ ပါးကလည်း
အပြင်ထွက်လည်း ပါးပဲဝယ်ကျွေးနေတာကို နော်"

သူမက ပြောတော့လည်း သူခေါင်းငြိမ့်ပြလိုက်ပြီး
ပိုက်ဆံရှင်းပြီယ်ဆို
ထွက်လာလိုက်သည်။သူတို့ဆိုင်ရှေ့ကနေကားမော
င်းထွက်လာတယ်ဆို ဆိုင်ကကားကလည်း

ပစ္စည်းတင်က
သူမတို့ကားနောက်ကလိုက်လာသည်။

"ပါး လမ်းကွေ့လိုက် အဲလမ်းဆုံးတာနဲ့
မိဘရိပ်ဆိုတဲ့ ဂေဟာရောက်ပြီ"

"Light ကနှစ်တိုင်းလာလှူတာလား"

"နှစ်တိုင်းတော့မဟုတ်ပင်မဲ့ မာမီရှိတုန်းကတော့
3နှစ်လောက်လှူဖူးတယ် မာမီမရှိတော့တဲ့

ဒီ3နှစ်မှာတော့ မနှစ်ကနဲ့ ဒီနှစ်လာလှူဖြစ်တယ်
ကွာသွားတာကတော့ ပါး နဲ့ မာမီပေါ့"

သူမပြောတဲ့ လမ်းထဲကွေ့ဝင်လိုက်ပြီး
ဆယ်မိနစ်လောက်မောင်းပြီးတယ်ဆို သူမပြောတဲ့
မိဘရိပ် ဆိုတဲ့ ရေးထားတဲ့
အတော်သင့်ကျယ်ဝန်းထဲ
ဂေဟာထဲမောင်းဝင်လာလိုက်သည်။

ကျွီးးး....

LayNge

သူမတို့နှစ်ယောက်ကားအနားအနောက်မှာ
ပစ္စည်းတင်လာတဲ့ကားကရပ်လိုက်သည်။သူမတို့
ကားပေါ်ကဆင်းလာတယ်ဆိုအထဲ
ဆရာမတွေထွက်လာသည်။

"သမီး မလာတော့ဘူးထင်နေတာ"

"ဟုတ်ကဲ့
သမီးမနက်ပိုင်းကမအားတော့အခုမှလာရတာ
မနောက်ကျသေးဘူးမဟုတ်လား"

Lay Nge

"မနောက်ကျပါဘူး သမီး"

"အနောက်က ပစ္စည်းတင်တဲ့ကားထဲမှာ
ကလေးငယ်ငယ်လေးတွေအတွက်လိုအပ်တာလေး
တွေဝယ်လာတာ ရှင့်"

သူမတို့ လိုအပ်တာတွေမေးပြီး
အလှူပစ္စည်းတွေကိုချကာ
မိဘမဲ့ဂေဟာထဲကကလေးတွေကိုကြည့်ချင်တာ
ကြောင့် ပါး နဲ့
သူမအတူတူဝင်လာလိုက်သည်။သူမတို့

ဂေဟာထဲရောက်တယ်ဆို ကလေးလေးတွေများ
မွေးကင်းစကအစ 5နှစ်အရွယ်လောက်အထိက
တော်တော်များသည်။သူတို့မေးကြည့်တော့
အရွယ်ငယ်တဲ့ကလေးတွေကို
သက်သက်ထားတာဖြစ်ပြီး
ဒီထက်အရွယ်ရောက်တဲ့ကလေးတွေကိုတော့
စာသင်ဖို့ စာသင်ကျောင်းပို့ထားပေးသည်တဲ့။

"ပါး ကလေးလေးတွေ ချစ်စရာလေးတွေနော်
ဘယ်လိုများပစ်ရက်ကြားလည်းမသိဘူး"

"ဒါကတော့
သူတို့မှာလည်းအခက်အခဲရှိလို့နေမှာပေါ့
ဒါတွေဖြစ်တဲ့အဓိကတရားခံက ယောကျ်ားတွေပဲ
ကိုယ်နဲ့အတူနေပြီးတဲ့မိန်းကလေးကိုတာဝန်ယူမှုမရှိ
တာတွေကြောင့် မိန်းကလေးတွေက
တစ်ယောက်ထဲကလေးနဲ့ဘယ်လိုရပ်တည်ကြမလ
ည်း ဒါကြောင့်ဒီလိုမျိုးတွေဖြစ်လာပြီပေါ့
ဒါမှမဟုတ်မိစုံဖစုံရှိရဲ့သားတဲ့
မိဘစိတ်မရှိတဲ့သူတွေကြောင့်ပေါ့"

"ဘာပဲဖြစ်ဖြစ် Light ဆိုအဲလိုလုပ်နိုင်မှာမဟုတ်
ကိုယ်ရင်သွေးကို ပစ်ရက်လောက်တဲ့အထိ

သတ္တိမရှိဘူး ဒါပင်မဲ့ ပါးပြောသလိုပေါ
တစ်ယောက်နဲ့တစ်ယောက်ကမတူဘူးလေ"

သူမပြောတာကို ခေါင်းငြိမ့်ပြကာ
သူမတို့နှစ်ယောက်လုံး ထိုင်နေတဲ့
အသားဖြူဖြူဝကစ်ကစ်မျက်ခုံးတန်းလေးကမဲနက်
နေတဲ့ ကလေးလေးရှေ့ထိုင်လိုက်ပြီး ပါးက
ကလေးလေးကိုကောက်ချီလိုက်သည်။

"ကလေးလေးရေ "

"ခစ် ခစ် မ မ"

သူမ ပါးချိုထားတဲ့ကလေးလေးကိုမြူလိုက်တယ်ဆို
ကလေးလေးကရီက သူမကို
စကားလေးမပီတပီလေးနဲ့
မမလို့ခေါ်တာကြောင့်သဘောကျနေသည်။သူမ
ကလေးရီနေတာကိုသဘောကျတာကြောင့်ဆက်ပြီး
မြူနေလိုက်သည်။

သူလည်း ကလေးလေးကိုမြူနေတဲ့ Light
ရဲ့ပုံစံလေးကိုကြည့်ကာ

သနားမိသည်။တစ်ဦးတည်းသောသမီးမို့
အဖော်မတ်တာ
အခုမှသူသိရသည်။တစ်ဦးတည်းသောသမီးဆိုပင်မဲ့
သူမကတော့ ကံဆိုးရှာပါသည်။

"မောင့်ကိုပြောနေတာမဝယ်ပါနဲ့ ဆိုတာကို
ပိုက်ဆံတအားသုံးတာပဲရှာရတော်တော်လွယ်နေ
လား"

LayNge

သူကို ကားပေါ်မှာရောဆူလာတဲ့အပြင်
အခုအိမ်ထဲဝင်လာတော့လည်း
မပြီးသေးတဲ့မကြောင့်သူဘာမှမပြောတော့ပဲ.....

"နှိုင်းယှဉ် ယမုံ"

"လာပါပြီ အစ်ကိုလေး"

သူခေါ်တယ်ဆို မှန်တံခါးကိုတွန်းဖွင့်ကာ
ညှဉ်ခန်းထဲကထွက်လာတဲ့နှစ်ကောင်။

Lay Nge

"ကားထဲမှာ ပစ္စည်းတွေဝယ်လာတယ်
ငါတို့အခန်းကိုသွားထားလိုက်ပြီးတော့ အခန်းထဲက
မရဲ့အိတ်တွေနင်တို့နှစ်ယောက်ယူလိုက်တော့
အခုဝယ်လာတဲ့အိတ်တွေကို
အဲ့အိတ်တွေနေရာမှာထားလိုက်လိုက်
ကျန်တာတွေတော့
ဒီအတိုင်းကုတင်ပေါ်တင်ထားလိုက်
ငါ့ပစ္စည်းတွေတော့မထိနဲ့"

"ဟီး ကျေးဇူးအစ်ကိုလေး"

"မထိပါဘူး သိပြီးသားပါ သွားမယ်ယမ်း"

ကြည့်စမ်းသူ့ကိုမထိတထိပြောသွားလိုက်တာများ...

ယမ်းတို့အပြင်ထွက်မယ်ပြင်ပြီးမှ....

"အစ်ကိုလေး ညည့်သည်ရောက်နေပါတယ်
မေမေကြီးကဝင်ခဲ့ပါဦးတဲ့"

Lay Nge

ပြောကာသူ့အရှေ့ကလစ်ကနဲ့ထွက်သွားတာ။သူလ
ည်း ခေါင်းရမ်းက မလက်ကိုဆွဲပြီး
ညှဉ့်ခန်းတံခါးကိုဖွင့်ကာဝင်လာလိုက်သည်။သူဝင်
လာတယ်ဆို ညှဉ့်ခန်းထဲမှာ
မေလက်ရာနဲ့အတူတူထိုင်နေတဲ့ကောင်လေး
တို့နဲ့အတူ မာမီတို့။သူက မနဲ့အတူ
နှစ်ယောက်ထိုင်ဆိုဖာမှာဝင်ထိုင်လိုက်သည်။

"မာမီ သားကိုခေါ်တယ်ဆိုဘာလုပ်မလို့လည်း"

သူမေးတော့ မာမီကမဖြေပဲ
ညီမလေးကိုမေးငေါ့ပြတာကြောင့်
သူကြည့်လိုက်တော့...

"ကိုကို သူကညီမလေးချစ်သူ မိုးတိမ်ရောင်ပါ
ညီမလေးလို တက္ကသိုလ်ကျူတာတစ်ယောက်ပါ"

သူဘာမှမပြောပဲ
ညီမလေးဘေးကကောင်လေးကိုစိုက်ကြည့်နေလို
က်သည်။ဝတ်ပုံစားပုံနဲ့
မျက်နှာအနေအထားကြည့်ရတာတော့

သူတုန်းကလိုဆိုးတဲ့ကောင်မဟုတ်မှာတော့သေချာသည်။ဝတ်ပုံစားပုံကအစ
တက္ကသိုလ်ဆရာတစ်ယောက်ဆို
သိသာသည်။လူပုံစံအနေအထားကိုက
မျိုးရိုးနိမ့်တဲ့အထဲကမဟုတ်မှန်းလည်းသိသည်။ဒါပင်မဲ့ ပိုက်ဆံရှိတာထက်လိုချင်တာက
ညီမလေးအပေါ်မေတ္တာထားဖို့။ပိုက်ဆံက
အဲကောင်မှာမရှိလည်း
သူတို့မှာရှိတယ်မဟုတ်လား။

မျက်နာတည်ကြီးနဲ့ ကြည့်နေတဲ့
မမအစ်ကိုကြောင့်သူမှာ

ပြောစရာစကားတွေတောင်ပျောက်ရှ။အန်တီတို့
အန်ကယ်တို့တုန်းကလိုတောင် ဖော်ဖော်ရွေရွေမရှိ။

"မောင် တစ်ခုခုပြောဦးလေ ဘာကြည့်နေတာလည်း
လူမှုရေးတော်တော်ခေါင်းပါးတာပဲ"

မက သူ့အနားကပ်ပြီးပြောတာကြောင့်
မကိုကြည့်လိုက်တော့
ညီမလေးကိုကြည့်ဆိုတဲသဘောပြောနေပင်မဲ့
သူကလေ့လာနေတာကို ယောက်ဖကို

ရောက်ရောက်ခြင်းရောတော့
အားကြီးကြီးလေးစားပါလိမ့်မယ်။

"သား သူကလူမှုရေးခေါင်းပါးလို့သိလား
သိပ်ပြီးစကားပြောမကောင်းလို့ မပြောတာ"

"ဟာ"

"အဟီ"

Lay Nge

သူဘာသာစကားမပြောတာကို
လူမှုရေးခေါင်းပါးတယ်တဲ့။သူမကျေနပ်တာကြောင့်
ညည်းခန်းထဲကနေ
ထထွက်လာလိုက်သည်။ကိုယ့်ယောကျ်ားကိုအဲ့လို
ပြောစရာလား တစ်ခြားကောင်အတွက်နဲ့။

မောင်ဆူပုတ်ကာညည်းခန်းထဲထွက်သွားတာကို
လိုက်ကြည့်နေမိတာ အကုန်လုံး.....။

~~~
~~~

မေကတော့ Reader လေးတွေတင်ပေးဆိုတိုင်
နားမှာကိုအမြဲတင်ပေးတယ်နော်
Uတို့ကကြအချစ်လျော့တယ်😔

ချစ်သောလေးတို့ရဲ့ comment တစ်ခုဆီတိုင်း
React တစ်ခုစီတိုင်းကအားဆေးပါ❤

comment 100 မျှော်နေဦးမယ်နော်
မန့်ကြမယ်မလား❤ ❤

Lay Nge

‼ နေ အနေနဲ့ တစ်ယောက်ယောက်ကို
ကလဲ့စားချေဖို့အတွက်နဲ့
တစ်ခြားသူမချစ်တဲ့မိန်းမတစ်ယောက်ကို
တွဲပြမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ‼

OBJ

📔 The Sun Of Flower {Season 2} 📔

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_30~~~~ 🦋

Lay Nge

"ဟင့် ဟင့် ဟင့် ဟင့်"

သူနဲ့ သူမ ဂေဟာမှပိုက်ဆံလှူပြီး
လျှောက်ကြည့်ဖို့အပြင်ထွက်လာတော့
ကလေးငိုသံကြားတာကြောင့်
လျှောက်ကြည့်လိုက်တော့
ဒန်းပေါ်ထိုင်ငိုနေတဲ့ကလေးလေး။သူနဲ့
သူမတစ်ယောက်မျက်တစ်ယောက်ကြည့်ကာ
ကလေးလေးနားလျှောက်သွားပြီး....

"ကလေးလေး ဘာဖြစ်လို့ငိုနေတာလည်း ကွာ"

"သား ကဘာလို့ငိုတာလည်း မုန့်ဖိုးလိုချင်လို့လား"

သူမမေးမှပိုငိုကာ မျက်နာလေးမော့လာပြီး....

"ဟင့် သားမုန့်ဖိုးလည်းမလိုချင်ပါဘူး
သားလိုချင်တာကလည်း မဖြစ်နိုင်ပါဘူး ဟင့် ဟီး"

"ဘာလို့မဖြစ်နိုင်ရမှာလည်း ကွ
ပြောသားလို့ချင်တာပြောကြည့်
အစ်ကိုမရရအောင်လုပ်ပေးမယ်"

LayNge

"သားလိုချင်တာက ဖေဖေ နဲ့ မေမေ
ဒီကိုအလှူလာလုပ်တဲ့
မိသားစုလေးလိုမျိုးနေချင်တာ
သားကဘာအပြစ်ရှိလို့ ပစ်သွားရတာလည်း
ချစ်ဖို့မကောင်းလို့လား ဟီး
သူများတွေမိဘတွေနဲ့အတူလာရင်
သားအရမ်းငိုချင်တာ ဟီး ဟီး...."

ကလေးဆီကစကားကြားရပြီးနောက်
နှစ်ယောက်လုံး

စိတ်မကောင်း။သူတောက်မျက်ရည်ဝိုင်းလာတာ
သူမကိုကြည့်လိုက်တော့
မျက်ရည်တွေကကျနေသည်။သူမက
ပိုနားလည်မှာပေါ့ မိဘမဲ့
တစ်ယောက်ရဲ့ခံစားချက်ကို။

"သား ကျောင်းတက်ရင်မိဘနာမည်မေးရင်
ဘယ်လိုဖြေရမှာလည်း ဟင့် ဟီး"

ကလေးတစ်ယောက်နဲ့မလိုက်ဖက်အောင်ခံစားနေရ
တဲ့လောကဓံရဲ့ရိုက်ချက်ကပြင်းထန်လွန်းပါသည်။

Lay Nge

သူမလည်း ကလေးရဲ့စကားတွေနားထောင်ပြီး ရင်ဘက်ထဲမှာလည်း ကိုယ်ကဒယ်ဒီရှိတယ်ဆိုပင်မဲ့ ပစ်ထားမှတော့ ဒီကလေးနဲ့ ဘဝတူပင်။မာမီကိုဆုံးရှုံးလိုက်ရခြင်းဟာ ဒယ်ဒီကိုပါတစ်ခါထဲဆုံးရှုံးလိုက်တယ်ဆိုတာသူမသိသည်။

"မင်းနာမည်ဘယ်သူလည်း အစ်ကိုကိုပြောပါဦး"

"နေရဲရင့်"

Lay Nge

"နာမည်လေး လှသားပဲကွ
နေရဲရင့်ဆိုတာအဓိပ္ပာယ်သိပ်ရှိတဲ့နာမည်သိလား
နေဆိုတာ တစ်ကမ္ဘာလုံးကလူသားတွေကို
အလင်းရောင်ဖြန့်ကျက်ပေးတယ်တဲ့ ရဲရင့်ဆိုတာ
ရဲရင်တဲ့လူလို့အဓိပ္ပာယ်ရတယ်
သားအချိန်တစ်နှစ်ကျော်လောက်စောင့်ပေး မမ နဲ့
ကိုကိုက သားရဲ့ဖေဖေ နဲ့ မေမေဖြစ်ပေးမယ်"

"ပါး ဘာကိုပြောချင်တာလည်း"

သူမကမျက်ရည်တွေသုတ်ကာ သူ့ကိုမေးတော့....

"ကိုယ်တို့သူကို မွေးစားရအောင် ကိုယ်US
ကပြန်လာရင် Light နဲ့ကိုယ်နဲ့လက်ထပ်ကြမယ်
သူ့ကိုမွေးစားကြမယ်လေ
ဒီကဆရာမတွေကိုလည်းကိုယ်တို့ပြောထားခဲ့မယ်
Light ဘယ်လိုသဘောရလည်း"

ပါးပြောတာကို
သူမသဘောပေါက်သည်။အခုမွေးစားသွားမယ်ဆို
သူရော

သူမရောကလက်ထပ်ရသေးတာမဟုတ်တဲ့အတွက်
ကလေးထိန်းသိမ်းဖို့က အခက်အခဲရှိသည်လေ။

"ဟုတ် ပါး Lightလည်းသဘောကျတယ်
သူကချစ်စရာလေး ဟီး ပါးသားဆိုရင်ယုံမှာ
ပါးနဲ့တစ်ပုံစံထဲပဲ"

"ဟုတ်ပါပြီ သား အခုအချိန်ကစပြီး
အားငယ်စရာမလိုတော့ဘူး သားမှာ ဖေဖေ နဲ့
မေမေ ရှိပြီနော် တစ်နှစ်ကျော်လေးပဲစောင့်
နောက်နှစ်ကြရင်လာခေါ်မယ်"

ကလေးလေးကမယုံကြည်နိုင်တဲ့မျက်ဝန်းတွေနဲ့ကြည့်နေတာကြောင့်သူရှင်းပြလိုက်တော့
မျက်ဝန်းလက်သွားတာသူတွေ့လိုက်သည်။

"အားမငယ်နဲ့နော် မားမား တို့ရှိတယ်နော်"

"ဟုတ် ပါးပါး နဲ့ မားမား"

ကလေးလေးကသူတို့နှစ်ယောက်ကိုဖက်ထားတော့
သူတို့ကလည်း

ကလေးလေးကိုပြန်ဖက်ထားကာပြုံးနေလိုက်သည်
။သူတို့လည်း
ကလေးကိုမွေးစားမည်ဖြစ်ကြောင်းသူတို့
ဘာကြောင့်အခုခေါ်သွားလို့မရတာတွေကိုပါသေ
ချာပြောပြတော့
အံ့ကဆရာမတွေကလက်ခံသည်။ပြီးတော့
ကလေးရဲ့အကြောင်းတွေပါကြားရတော့ရင်ထဲမ
ကောင်း။မိခင်ဖြစ်သူကမွေးပြီးတယ်ဆိုမလိုချင်လို့
ရှိလို့ဆိုပြီး ကလေးကို
သက်ပစ်ခိုင်းတာတဲ့။ကလေးကို
မသက်ရက်တဲ့သူက
ဒီကိုလာပို့သွားတာတဲ့။လူတွေလည်း

တော်တော်ရက်စက်ကြတာပါလားဆိုတာ သူနဲ့သူမ
သိသွားရသည်။

နေစိတ်ထဲနေ့ခင်းကကိစ္စကပြန်ရောက်နေတာ
ကြောင့်စိတ်ကအဆင်မပြေ။ရှိုင်းထက်မြတ်နဲ့
အဲ့မိန်းကလေးက
ဘာတွေပက်သက်တာလည်း။ဘာလို့
သူအနားချဉ်းကပ်လာတာလည်းဆိုတာကို သူ
သံသရဝဉ်လာတော့သည်။ရှိုင်းထက်မြတ် နဲ့
အဲ့မိန်းကလေးပက်သက်မှုကို
သူသိမှဖြစ်မယ်။သူအရင်ကတည်း
ဒီမိန်းကလေးအကြောင်းသိချင်နေတာမို့

အခုစုံစမ်းဖို့လမ်းစရသွားပြီ။ရှိုင်းထက်မြတ်နဲ့
အဲ့မိန်းကလေးတစ်ခုခုပက်သက်သာတာသေချာ
သွားလို့ကတော့
အရင်တစ်ခါလိုသူလွယ်လွယ်ခွင့်လွှတ်တော့မှာမဟု
တ်။တည်ငြိမ်အေးချမ်းနေတဲ့
သူတို့မိသားစုဘဝလေးကိုဘာလုပ်ချင်နေတာလည်း
။ဘယ်လိုပဲဖြစ်ဖြစ်
သူဒီတစ်ခါဆိုဟိုအောက်ဆုံးထိဆွဲချရမှကျေနပ်မ
ည်။

"တောက်စ့်!!"

အားလုံးညစာထမင်းစာနေရာမှ ထမင်းမစားသေးပဲ
တောက်စ့်ထခေါက်တဲ့နေကြောင့်နေ့ခင်းကသူမချစ်
သူကိုမကျေနပ်တာလားလို့
မေလက်ရာထင်သွားကာ....

"ကိုကို ဘာဖြစ်လို့လည်း"

"သား မင်း !"

"မောင် ဘာဖြစ်တာလည်း"

Lay Nge

"ဖေဖေ "

သူမိသားစုအားလုံးမေးမှ သတိဝင်လာကာ...

"ဘာမှမဖြစ်ပါဘူး
အလုပ်ကိစ္စတစ်ခုခေါင်းထဲရောက်လာလို့အဆင်မ
ပြေလို့ပါ"

သူဖြေရှင်းချက်ပေးကာ ထမင်းစားဖို့ပြင်တော့...

Lay Nge

"မင်းဘာသာအလုပ်ကိစ္စမကလို့ ဘာကြီးဖြစ်နေနေ
အခုမိသားစုထမင်းစားနေတာ
အခုလိုတောက်စ့်ခေါက်တာ
ကောင်းတယ်ထင်နေလား သား
မင်းကိုအခုထိလိုက်ပြောနေရတာတော့မဟုတ်သေး
ဘူးနော် နေမင်းလက်ရာ!"

သူကို မာမီကဆူတာကြောင့် ခေါင်းငြိမ့်လိုက်ပြီး
ထမင်းဆက်စားနေလိုက်သည်။သူစိတ်ထဲကတော့
လုံးဝအဲ့ကိစ္စရှင်းမသွားတာအမှန်။ရှိုင်းထက်မြတ်ဆို

တဲ့ ကောင်ကို
အခုလုပ်ရပ်နဲ့မပက်သက်ပါစေနဲ့သာသူဆုတောင်း
နေမိသည်။ဟုတ်ခဲ့ရင် သူခွင့်လွှတ်မှာမဟုတ်တော့။

"မောင်"

သူမညစာစားပြီး အပေါ်အခန်းထဲရောက်တယ်ဆို
မျက်နာတည်တင်းစွာ ကုတင်ကိုမှီပြီးထိုင်နေတဲ့
မောင်ဘေးနားကိုသွားထိုင်လိုက်သည်။သူမမောင့်ပု
ခုံးအပေါ်ခေါင်းမှီလိုက်ပြီး....

"မောင်ဘာဖြစ်တာလည်း
ဟင်မျက်နာမကောင်းဘူးလား"

"ဘာမှမဖြစ်ပါဘူး မရယ်
ဒီအတိုင်းစိတ်အခြေအနေမကောင်းလို့ဆိုတာထက်
မသေချာသေးလို့မပြောတာ
သေချာရင်ပြောပြမယ်နော်"

မောင်မပြောချင်တာကို
သူမလည်းအတင်းမေးဖို့စိတ်ကူးမရှိ။သူလည်းမတ
တ်သာမပြောသေးတာသူမသိတာကြောင့်....

"အဲတာထားပါ
ဒါပင်မဲ့မေလက်ရာလေးကောင်လေးကမဆိုးပါဘူး
မောင်ရဲ့ လူရိုးလေးပါ မောင်ကဘာမှမပြောတော့
ကလေးကစိတ်မကောင်းဖြစ်နေတယ်"

"မ ကလည်းမောင်ကအကြီးလေ
စရောက်ရောက်ခြင်းကတည်းကအရောဝင်လိုက်လို့
ကတော့ လေးစားမှုဘယ်ရှိတော့မလည်း"

LaMgo

"အဲတာက မောင်စိတ်လေ
အခုမောင့်ညီမလေးကစိတ်မကောင်းဖြစ်နေပြီလေ
သူချစ်တဲ့သူကို
မိသားစုကဝမ်းပန်းတသာကြိုတာလိုချင်တာပေါ့
မောင်တောင် သဘာဝကို
မောင့်မိသားစုငြိုငြင်တာလိုချင်လို့လားပြော"

သူကို
သားများမှတ်နေလားမသိဆုံးမနေလိုက်တာ။သူက
လည်း
အဲအသံလေးကိုပဲမကြားရရင်မနေနိုင်တဲ့ကောင်မ

Lay Nge

ဟုတ်လား။သူပုံခုံပေါ် မှီနေတဲ့
မခါးလေးကိုဖက်ကာ....

"မောင်ကလေ့လာနေတာပါ
ကောင်လေးကမဆိုးဘူးဆိုတာလည်းမောင်သိတယ်
လူလိမ္မာလေးဆိုတာသိသာပါတယ်
ဝတ်ပုံစားပုံကအစအချိုးပြေတယ် အဟက်
မောင်နဲ့များတစ်ခြားစီပဲ"

"တစ်ယောက်အကြိုက်တစ်မျိုးစီပုံ
ကိုယ်ချစ်တဲ့သူကကိုယ်သတ်မှတ်ထားတဲ့ပုံစံဟုတ်

Lay Nge

ချင်မှဟုတ်မှာလေ မောင် နဲ့
သူကတူတာမှမဟုတ်တာ "

"မဟုတ်ပါဘူး မောင်တော်တော်သဘောကျလို့ပါ
မောင်လိုလူဆိုးကောင်နဲ့ မလိုအေးအေးလေး
မောင့်ညီမလို ခပ်စွာစွာနဲ့
ဒီကောင်ဘယ်လိုများစုံကြတာလည်းမသိဘူး
ဆုံလည်းဆုံတက်ပါ့"

"အော် ဒါကိုတော့ ဖူးစာပေါ့မောင်ရယ်"

သူမပြောတာကို ခေါင်းငြိမ့်ပြီး
နဖူးလေးကိုနမ်းလိုက်သည်။ဟုတ်တာပေါ့
ဖူးစာ။ဖူးစာကိုမှ မောင်နဲ့
မကဘယ်တော့မှမခွဲတော့မဲ့
ရာသန်ပန်ဖူးစာရှင်တွေ။ခင်များလေးကို
ချစ်လွန်းလို့
ကျုပ်ကိုကျုပ်ချစ်ပေးဖို့တောင်မေ့နေပြီဗျာ....။

"အော့ ဝေါ့ အော့ "

"အား ရွံစရာကောင်းလိုက်တာ "

Lay Nge

ကို အပေါ်ထက်အခန်းထဲကဆင်းလာပြီး
မနက်စာစာဖို့ ထမင်းဝိုင်းကိုဝင်ထိုင်တယ်ဆို
အန်ချလိုက်တဲ့ မေဆိုတဲ့မိန်းမကြောင့်
သူမအောက်ပိုင်းညစ်ပတ်သွားရသည်။

"ရှင့်မှာ အန်စရာနေရာဒီလောက်ရှားနေလား ဟမ်!"

"အော့ ဝေါ့"

ပြောရင်းနဲ့တောင်အန်ချတာ
သူမခြေထောက်ပေါ်မှာ ရစရာမရှိ။သူမလည်း
ရှုံတာကြောင့်အန်နေတဲ့ကောင်မကို
စောင့်တွန်းလိုက်တော့ လဲကျသွားသည်။

"ကဲဟာ အဲလောက်ညစ်ပတ်တာ !"

"လင်းရိပ်ကို နင်လူပါးဝနေပါလား !!!"

"ဘာလည်း ဒယ်ဒီဟာမထိလို့နာနေတာလား!"

သူမကလည်း ဒယ်ဒီရဲ့ထအော်တဟကို
ပြန်အော်လိုက်တော့သူမကို မျက်ကွယ်ပြုကာ
လဲကျနေတဲ့ မေဆိုတဲ့ မိန်းမကို
ကောက်ပွေ့ကာခေါ်သွားတော့သည်။ဒေါ်မေသန္တာလ
ည်း ဟန်ဆောင်မျက်ရည်တွေနဲ့ ဒယ်ဒီအနောက်ကို
လိုက်သွားသည်။

သူမလည်း အဖြစ်သည်းလွန်းတဲ့ ဒယ်ဒီကြောင့်
သူမနှလုံးသွေးတွေလည်း တစ်စက်စက်ကျကာ
နာကျင်လာရပင်မဲ့
သူမပင်ပန်းနေတာကိုတစ်ခြားသူကို
မသိစေချင်တာပါ။ဒါကြောင့်မျက်နာကို

ခပ်တင်းတင်းသာထားလိုက်သည်။ဒယ်ဒီရဲ့
တစ်ဦးတည်းသောသမီး ပင်ပန်းနေလားလို့
မမေးဖူးပင်မဲ့ သူတို့သားအမိက
ကိုယ်ဖိရင်ဖိလုပ်ပေးနေတဲ့ဒယ်ဒီ။လင်းရိပ်ကိုမှာ
ဒယ်ဒီရှိပင်မဲ့ မိဘမဲ့ပါပဲ။

သူမလည်းညစ်ပတ်နေတာကို
အန်ချင်နေတာကြောင့်
အပေါ်ထက်အခန်းကိုပြန်လာပြီး
ရေပြန်ချိုးလိုက်ကာ
ခဏကအဝတ်အစားတွေကိုတွေ
အိတ်အမဲထည့်ပြီး အခန်းထောင့်က

အမှိုက်ပုံးထဲထည့်လိုက်သည်။သူမ
ရေချိုးပြီးတဘတ်ပတ်ကာ ပြန်ထွက်လာပြီး
ဗီရိုကိုဖွင်ကာ မာမီဝယ်ပေးထားတဲ့T_ shirt
အဖြူလေးနဲ့
ဂျင်းပျော့သားဘောင်ဘီအရှည်လေးကိုယူကာဝတ်
လိုက်သည်။

သူမပြင်ဆင်ပြီး ဆင်းလာတော့
ဟိုမိန်းမအခန်းထဲကထွက်လာတဲ့တိမ်ယံဘွားနဲ့
တန်းတိုးသည်။သူမကအပိုစကားမပြောချင်တာ
ကြောင့် ရှောင်ပြီး ထွက်သွားပင်မဲ့....

Lay Nge

"ညီမလေး "

သူမကိုအရင်လိုငယ်လိုမခေါ်တော့ပဲ
ချစ်သူမဖြစ်ခင်ကလိုပြန်ခေါ်တာကြောင့်
သွားနေတဲ့ခြေလှမ်းတွေကိုရပ်ပေးလိုက်သည်။

"မေ မှာကိုယ်ဝန်ရှိနေတယ်"

"ဘာ !!!"

Lay Nee

"ဟုတ်တယ်အဲတာ အန်ကယ်နဲ့
ရတာကိုယ်သိတယ်"

သူမလည်း
သူဆီကကြားလိုက်ရတဲ့စကားကရင်ထဲနင့်ကနဲ့။
သားအမိနှစ်ယောက်တင်
ဒယ်ဒီမေတ္တာတွေလုယူသွတာမကျေနပ်လို့ အခု
ကလေးပါပါလာပြန်ပြီ။

LayNge

တိမ်ယံဘွား ငြိမ်နေတဲ့သူမကို
ဆက်ပြောလိုက်သည်။

"အစစအရာရာဂရုစိုက်ပါ ညီမလေးအခု
အန်ကယ်မေတ္တာမရလည်း
မမြင်ချင်ယောင်ဆောင်နေလိုက်ပါ
သူတို့လိုချင်တဲ့တုန့်ပြန်မှုတွေနဲ့ မတုန့်ပြန်ပါနဲ့
စိတ်အေးအေးထားပါ ညီမလေးဝမ်းနည်းတဲ့အခါ
ညီမလေးဆီမှာ သိပ်ချစ်ရတဲ့
ချစ်သူရှိတယ်မဟုတ်လား သူဆီရင်ဖွင့်ပေါ့နော်
ကိုယ်အပေါ်အစ်ကိုတစ်ယောက်လို
သံယောဇဉ်ရှိတဲ့ ညီမလေးကို

အရောင်ဆိုးခဲ့မိလို့ကိုယ်တောင်းပန်ပါတယ်
အခုညီမလေး ချစ်သူကလည်း
နေလက်ရာကလူဆိုတော့စိတ်ချသွားပြီ
ကိုယ်လည်း ပဲရစ်မှာအပြီးသွားနေတော့မယ်"

သူမအဲလိုကြတော့လည်း စိတ်မကောင်းဒါပင်မဲ့
ပါးရှိနေတဲ့အတွက်အရောဝင်တာမကောင်းဘူးဆို
တာသိတာမို့...

"ကျေးဇူးပါ ပဲရစ်မှာအဆင်ပြေပါစေ"

ပြောကာ ထွက်လာလိုက်သည်။သူမအခုစိတ်ထဲမှာ
ဒဟ်ဒီတို့ဇာတ်ရုပ်ကြီးပဲအာရုံထဲရောက်နေသည်။
ဒေါ်မေသန္တာကရော ယောကျ်ားတစ်ယောက်ကို
ကိုယ့်သမီးနဲ့အတူတူ ပေါင်းနေရတယ်လို့။သူမ
မိသားစုအကြောင်းသာအပြင်ကလူတွေသိလို့က
တော့
သိကွာဆိုတာမြေပေါ်မှာပဲပြန်ရှာရတော့မယ်။ဒါတွေ
ကလည်း ကိုယ်နဲ့မှမဆိုင်တာ ဒယ်ဒီကိစ္စပဲလေ။

သူမပါးပြောသလိုပဲလွတ်ထားလိုက်ဖို့ပဲဆုံးဖြတ်
ကာ
အိမ်ကနေထွက်လာလိုက်သည်။ပါးကသူလည်း

အန်တီလေးကိုကျောင်းပို့ရမှာမို့
လာမခေါ်နိုင်တာကိုကြိုဆက်ထားတာကြောင့်
သူမလည်းစားမေးပွဲကိုဖြေဖို့
သူမဘာသာထွက်လာလိုက်သည်။

"မင်းရှိတယ်မဟုတ်လား နေ ငါဝင်လာပြီ"

ပြောကာဝင်လာတဲ့
အထက်တန်းစား။အထက်တန်းစားဆိုတာ
သူသူငယ်ချင်းတဲ့ကတစ်ယောက်။စုံထောက်တစ်
ယောက်မို့ သူစုံစမ်းချင်တာကို

စုံစမ်းခိုင်းဖို့ခေါ်ထားခြင်းဖြစ်သည်။သူလည်း
အထက်တန်းစား ဆိုဖာမှာထိုင်တယ်ဆို သူလည်း
အထက်တန်းစားရဲ့
ထောင့်ကဆိုဖာမှာဝင်ထိုင်လိုက်သည်။

"အစ်ကိုတော် ဘာအလိုရှိပါသလဲ"

မျက်ခုံးပင့်မေးတလာတဲ့အထက်တန်းစားကို....

"ငါမင်းကိုစုံစမ်းခိုင်းစရာရှိလို့ အထက်တန်း"

"ဘာများလည်း "

"Shine Group
ကမိသားစုဝင်တွေကိုသိချင်လို့အထူးသဖြင့်
အဲ့မှာအသက်က 22နှစ်လောက်ရှိတဲ့
မိန်းကလေးတစ်ယောက်နဲ့
ရှိုင်းထက်မြတ်တို့နဲ့ဘယ်လိုပက်သက်လည်း
ငါသိချင်လို့"

နေတို့အရင်တုန်းက Shine Group နဲ့
ဘာတွေဖြစ်ထားလည်း သိတာမို့....

"မင်းအရင်တုန်းကိစ္စတွေပြန်စမလို့လား
ငါကတော့ကန့်ကွက်တယ်နေ
တကယ်လို့အဲ့မိန်းကလေးကိုအသုံးချပြီး
အနိုင်ယူမလို့လား
မင်းအတွက်လည်းအကျိုးမရှိသလို အပြစ်မရှိတဲ့
မိန်းကလေးတစ်ယောက်အတွက်လည်းမကောင်းပါ
ဘူးကွာ
မင်းအဲလောက်မယုတ်မာဘူးဆိုတာငါသိတယ်နေ"

LayNge

သူပြောချင်ရာ ဇွတ်ပြောနေတဲ့ စုံထောက်ကောင်ကို
နေ
ဇာတ်ပိုးကိုလှမ်းရိုက်လိုက်သည်။သူကပဲတမင်သ
က်သက်ပြဿနာရှာနေတဲ့ကောင်လိုလို။

"မင်းဘာတွေပြောနေတာလည်း
ဘာလို့အဲ့မိန်းကလေးကို
ဇွတ်ဖြူစင်တဲ့ဆုပေးနေတာလည်း
ငါ့ပြောတာအရင်နားထောင်ဦးမှပေါ့
စုံထောက်မလုပ်ရဘူး ရှေ့နေလုပ်ရမှာသိလား"

LayNge

အထက်တန်းစား အရင်ကတည်းကသူ့လက်စာ
မြည်းနေကြမို့ အထူးအဆန်းမဟုတ်တော့။နေက
စိတ်မြန်လက်မြန်ဆိုတာနဂိုကတည်းကသိပြီးသားမို့
သူစိတ်မဆိုးနိုင်။

"အေးပါကွာ ပြောငါနားထောင်ပေးမယ်
မင်းလက်သန်ကလည်းအရင်လို ပြောင်တုန်းနော်
နေ"

"တော်စမ်းပါကွာ ငါ့အခုပြောမယ်
မိန်းကလေးတစ်ယောက်က

ငါတို့ကိုနောက်ယှက်နေတယ်ကွ သူမနဲ့ငါက ငါ့ဆီ
အလုပ်လာအပ်ရင်းတွေ့တာ အဲ့တကတည်းက
ငါ့အိမ်ရှေ့ ဂိတာတွေတီးပြီးသီချင်းလာဆိုလို့ဆိုကွာ
ညဘက်တွေလည်းဖုန်းတွေဆက် တစ်ခါသား
ဖုန်းကိုင်တာ မမို့လို့ အဲ့ကောင်မလေးက
မပြောသင့်တဲ့စကားတွေပြောတယ်ကွာ
အဲတာတင်မကသေးဘူးနော် ငါ့ Hotel
အရှေ့မှာလည်း ငါမချစ်ရင်သေရပါတော့မယ်ဆိုပြီး
စာစောင်တွေလာဝေသေးတယ်ကွာ အဆိုးဆုံးက
အိမ်ထောသ်သည်မှန်းသိသိရဲ့
အရှက်မရှိအပျိုတစ်ယောက်မပြောသင့်တာတွေက
အစပြောတာ"

"အင်း တော်တော်ဆိုးတာပဲ
အဲတာနဲ့ဘာများပက်သင်လို့လည်းနေ"

"မနေ့က ငါ့မိန်းမကို shopping လိုက်ပို့တော့
အဲ့မိန်းကလေးနဲ့
ရှိုင်းထက်မြတ်ကိုတွဲတွေ့လိုက်တယ်ကွာ
အဲတာကြောင့် ငါစိတ်ထဲခုနေတာကွ"

Lay Nge

အထက်တန်းစား နေပြောတာတွေနားထောင်ပြီး
သေချာစဉ်းစားကြည့်တော့ နေပြည်သလို
မသင်ကာစရာတွေကြီးပဲမို့ သူ့ခေါင်းငြိမ့်ကာ....

"ငါစုံစမ်းပေးမယ် ဟုတ်ခဲ့ရင်မင်းဘာလုပ်မလည်း
နေ"

"အရင်တုန်းကခွင့်လွှတ်ခဲ့ပင်မဲ့
အခုတော့မရတော့ဘူး
သူ့ကိုဟိုအောက်ဆုံးထိဆွဲချပစ်မှာ
မင်းကြည့်နေလိုက်"

နေ ဒီကောင်ဆီကအဖြေရတာနဲ့ ဘာလုပ်ရမလည်း
ကြိုတင်တွေးပြီးပီးသားမို့
နှုတ်ခမ်းထောင့်ကတွန့်ယုံလေးပြုံးလိုက်သည်။သူဒီ
တစ်ခါဆို
ဘယ်သူ့မျက်နာမှထောက်မှာမဟုတ်။သူတို့
မိသားစုကို ပြုကွဲဖို့ဖန်လာတဲ့ သူတွေကို
နေမင်းလက်ရာဘယ်လောက်ယုတ်မာလည်း
ပြရသေးတာပေါ့.....။

~~~~~~~~~~~~~~~~~~~~~~~~~~ 🌷 🌷
🌷
~~~~~~~~~~~~~~~~~~~~~~~~~~

မယူတောင်မယူရသေးဘူး

ကလေးမွေးစားထားတဲ့အတွဲရယ် 💓 💓

ရှိုင်းထက်မြတ် ရဲ့သေမင်း ရယ်~~~~

မေ အတွက်ကစာဖတ်သူလေးတွေကအဓိကမို့

ချစ်တို့စကားပဲကြည့်ပါမယ် 💓 💓

အများချစ်ပေးကြပါနော် 🥹

OBJ

📘 The Sun Of Flower {Season 2} 📘

🌼 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌼

Part_31~~~~ 🦋

"ဒီနားကအလှဆင်အကွက်တွေက Black ပဲထားနော်"

"ဟုတ်ကဲ့ သူဌေးလေး"

Lay Nge

သူ Hotel က အချောကိုင်နေပြီမို့
ဘယ်နေရာမှာဘာလုပ်ရမလည်းဆိုတာညွှန်းကြား
နေလိုက်သည်။Light ကလည်း
ဒီရက်ပိုင်းစာပွဲဖြေနေတာမို့
သူမနဲ့လည်းမတွေ့ဖြစ်။သူဒီနေ့တော့
သူမကျောင်းတက်တာတာနောက်ဆုံးနေ့မို့
သွားကြိုရပေဦးမည်။အခုကစာဖြေနေတုန်းမို့
အချိန်ပိုသေးတာကြောင့် Hotel ကိုလာကြည့်ကာ
ညွှန်ကြားနေခြင်း။

"အင်း ဟုတ်ပြီး လုပ်စရာရှိတာဆက်လုပ်ပါ
ကျွန်တော် ပတ်ကြည့်လိုက်ဦးမယ်"

ပြောရင်း ဆောက်လက်စ 10လွှာအမြင့်ရှိတဲ့ Hotel
ပုံကြမ်းအတွင်းသူလိုတာတွေလိုက်ကြည့်ကပြောစ
ရာရှိတာပြောပြီး အကုန်လုံးလိုက်ကြည့်ပြီးမှ
သူမဆီသွားဖို့ အချိန်ရောက်ပြီမို့
တက္ကသိုလ်ကိုထွက်လာလိုက်သည်။

Lay Nge

"စေ မင်းပြောတဲ့အဓိပ္ပာယ်က
သားကိုသူတို့သတ်ဖို့ကျန်တာက
ခိုင်းတဲ့လူရှိလိုဟုတ်လား"

နေ ရှေ့နေသူ့စေရာဆီက
စကားကိုမယုံနိုင်စွာပြန်မေးတော့....

"ဟုတ်တယ် အစ်ကို
သူတို့ကိုအခုရဲစခန်းမှစစ်မေးနေတာ
အဲလိုထွက်ဆိုလာတယ် သူတို့က နေလက်ရာနဲ့

LayNge

ဘာရန်ငြိုးမှမရှိပါဘူးတဲ့
ခိုင်းလို့လုပ်ရတာလို့ပြောတယ်"

"ခိုင်းတဲ့လူကိုမှတ်မိလား "

"အင်း မှတ်မိတယ်ပြောတာပဲ အစ်ကိုအခု
ပန်းချီဆွဲတဲ့ဆရာတောင်ခေါ်ထားတာတဲ့ ဒါနဲ့
အစ်ကိုကို တစ်ခုလောက်မေးစရာရှိလို့"

"အင်း မေးလေ"

LayNge

"အစ်ကိုသားက ရည်းစားဘာညာရှုပ်လား"

သူ့စေရာ မေးတာကို ခေါင်းရမ်းလိုက်ကာ
ဒီမေးခွန်းကဘာလို့မေးတာလည်းဆိုတာသူသိချင်
တာမို့....

"အမှုနဲ့ပက်သက်လို့လား ဘာဖြစ်လို့လည်း
သားကရည်းစားမရှုပ်တက်ဘူး လက်ရှိတော့
သူမှာချစ်သူရှိတယ်"

"အင်း အခုအစ်ကိုသားကိုလုပ်ကြံခိုင်းတဲ့လူက
မိန်းကလေးမို့
ကျွန်တော်သက်ဆိုင်တာမေးကြည့်တာ
ရည်းစားရှုပ်လို့များမကျေနပ်လို့များပေါ့"

"သားကို သက်ဖို့ခိုင်းတာမိန်းကလေးဟုတ်လား!!"

သူမှာ ရှိုင်းထက်မြတ်ကိစ္စကို စိတ်ဝင်စားနေတာနဲ့
ဒီဘက်ကို လှည့်မကြည့်ဖြစ်။သူ့စေရာလာပြောမှ
စိတ်ပူစရာပိုကောင်းနေသေးသည်။မိန်းကလေး
ဆိုတော့ဘယ်သူများလည်း။

နိုင်ငံခြားမှာသားပြဇာနာရှိခဲ့လို့။
ဒီအထိအန္တရာယ်လာပေးတာလား။
သူမအခုမှအတွေးပေါင်းစုံပိုဝင်လာရသည်။

"ဟုတ်တယ်
အစ်ကိုကျွန်တော်တို့ပုံတူပန်းချီမရသေးခင်
နေတစင်းကို မေးစရာရှိတာတွေမေးချင်တယ်"

"အင်း မနက်ဖြန်အစ်ကိုသူကို
အိမ်မှာပဲနေခိုင်းလိုက်မယ်
မင်းမေးစရာရှိတာမေးပေါ့ရတယ်မဟုတ်လား"

LayNge

"ရတယ်အစ်ကို သူကိုဂရုစိုက်နေခိုင်းပါအစ်ကို
ဘယ်သူဆိုတာမသိရသေးသ၍ အန္တရာယ်ရှိတယ်"

"အင်း ကျေးဇူးပါ အစ်ကိုကြောင့်အလုပ်ပိုပြီ"

"ရပါတယ် ကျေးဇူးတင်ချင်ရင် နောက်လုပ်မဲ့
Projectကြ ရှယ်ယာထည့်ခွင့်ပေး
ကျွန်တော်ကဒီအလုပ်ကလွဲ
ဘာမှတက်တာမဟုတ်ဘူး ရှိတာလေးကို အစ်ကို
ရှယ်ယာဝင်ထားချင်တာ"

"ဟုတ်ပါပြီကွာ အေးပါ ဟား ဟား"

"အဟက် ဒါဆိုကျွန်တော်ပြန်တော့မယ်
အမှုကိစ္စကတော့မပူနဲ့သိလား ကျွန်တော်နိုင်တယ်
အစ်ကိုသားကို ဒီရက်ပိုင်းထိန်းထားလိုက်"

သူ့စရာ ပြောတာကို ခေါင်းငြိမ့်လိုက်တော့
သူ့စရာက သူရဲ့အမှုတွဲ File
တွေကိုယူကာပြန်ထွက်သွသည်။သူ
သားကိုတစ်ခုခုလုပ်ပေးမှဖြစ်တော့မှမို့

ဟိုကောင်အထက်တန်းစားလာရင်
အဲ့ကိစ္စပါအပူကပ်ရဦးမည်။

"တော်သေးယောက်ဖကို လန့်နေခဲ့ရတာ
သဘောတူလို့"

သူမလည်း မောင့်အပြောကြောင့်
ရီချင်နေမိသည်။ကိုကို
ကသဘောမတူတာမဟုတ်လေ့လာနေတာလို့ပြော
လိုက်တော့

မျက်နှာအနေအထားကချက်ခြင်းပြောင်းလဲသွားပုံ
များ။

"ကိုကိုကအရမ်းချစ်တက်တဲ့သူပါ
တစ်မိသားစုထဲနေတဲ့အခါကြ ပိုပြီးတော့
မောင်သိလာပါလိမ့်မယ်"

"ဟုတ်ပါပြီ သူ့အစ်ကိုကိုညွှန်းနေတာများ
ကိုယ်တို့ကို
နောက်ဆုံးနှစ်ကျောင်းသားတွေဖြပြီးပြီဆိုတော့
လာတောင်းမယ် မမကို မမမိဘတွေဆီက"

"ဟင် ပြောတော့တစ်နှစ်တွဲဦးမယ်ဆို"

"မောင် မမနဲ့မခွဲနိုင်တော့ဘူး
နော်လက်ထပ်ခွင့်ပေးပါ"

"Romance မဆန်လိုက်တာ
ဟွန့်တက္ကသိုလ်ကျောင်းဆရာပီသပါပေတယ်"

Lay Nge

ပြောတုန်းရှိသေးသူမရှေ့ကို ဒူးထောက်ချလိုက်တဲ့
မိုးတိမ်ရောင်။တိမ်ရောင် အိတ်ကပ်ထဲကာ
စိန်လက်စွပ်ကလေးကိုထုတ်ကာ...

"Will you marry me"

မိုးတိမ်ရောင်ကကျောင်းဝန်းအတွင်းလုပ်ချလိုက်
တာကြောင့် ကျောင်းသားတွေရော
စီနီယာကျူတာတွေရောကပါသူတို့ကိုကြည့်မေကြ
သည်။နောက်ဆုံးနှစ်ကျောင်းသားတွေကလည်း
စာမေးပွဲနောက်ဆုံးနှစ်မို့ မပြန်ကြသေးတဲ့အချိန်။

Lay Nge

"wow တီချယ် ဆရာကိုလက်ခံလိုက်ပါ"

ကျောင်းသားတွေကလည်း
ဝိုင်းအော်ကြသည်။သူမလည်း
ဒီအတိုင်းလမ်းလျှောက်ရင်စကားပြောမယ်ထင်ခဲ့ပ
ဲမဲ့ ဒီလိုလုပ်မယ်တော့မထင်ပေ။

"မောင့် ဒါကျောင်းဝန်းကြီးနော်"

"သိတယ်လေ

မမကိုကြိုက်နေတဲ့တက္ကသိုလ်ပါပါတွေလည်းရှိတယ်လေ တမင်လုပ်တာ ခင်များလေးကို

ဒီကျွန်တော်မျိုးပိုင်ဆိုင်ကြောင်း"

သူကတော့ဒူးတစ်ဖက်ကိုထောက်ထားမြဲသူမရှေ့မှာစိန်ပွင့်လေးဆိုပင်မဲ့ သူနဲ့သူမနာမည်လေးဖြစ်တဲ့ Mလေးကိုစိန်ကွတ်ထားတဲ့ ဒီဇိုင်းလေး။

"Will you marry me မမ

ဒီကကောင်ကခင်များကိုရာသန်ပန်ပေါင်းဖက်သွား

မှာမို့ ဆုံးဖြတ်ချက်ကိုတွေးမနေပဲ
မြန်မြန်သာလက်ခံပေးပါ
တကယ်ဒီမိန်းကလေးတစ်ယောက်ထဲကို ချစ်...."

မိုးတိမ်ရောင်စကားမဆုံးသေးခင် သူမလက်ကို
သူ့ရှေ့ထိုးပေးလာတာကြောင့်ပြုံးသွားကာ
ခဏတောင်မစောင့်
ချက်ခြင်းသူမလက်သွယ်သွယ်လေးမှာ
စွပ်ပေးလိုက်သည်။

ဖြောင်း ဖြောင်း ဖြောင်း

သူမကိုလက်စွပ်စွပ်ပေးပြီးတယ်ဆို
ကျောင်းဝန်းထဲကကျောင်းသားတွေက
လက်ခုပ်တွေတီးနေကြသည်။သူမမျက်နာမှာလည်း
ချစ်ရသူက
လက်ထက်ခွင့်တောင်းတာကိုပျော်နေတဲ့
အရိပ်အယောင်ကထင်းနေသည်။

"တီချယ်တော့ စွံသွားပြီ"

"အပျိုကြီး
လက်ထက်ပွဲတက်ရတော့မယ်ထင်တယ်"

အန်တီလေးလက်ထပ်ခွင့်တောင်းခံရတာကို Light ကိုလာကြုံရင်းနဲ့ကြည့်နေတဲ့ နေတစင်း။

"ဆရာက
တီချယ်ကိုတော်တော်ချစ်တဲ့ပုံရည်းစားသက်တမ်း
တိုတိုလေးနဲ့ လက်ထက်ခွင့်တောင်းတာ
အခုခေတ်ယောကျ်ားလေးတွေက
10နှစ်ကြာတွဲခဲ့လည်းဘာသံယောဇဉ်ဇဉ်ကိုမှမထော

Lay Nge

က်လမ်းခွဲကြတာပဲ သူတို့အတွက်ရိုးသွားတာကို
မိန်းကလေးဘက်ကကြသူ့မဘဝရဲ့နုပျိုမှုတွေက
တာဝန်မယူလက်မထက်နိုင်တဲ့လူနဲ့ပဲကုန်ဆုံးရတာ
တီချယ်ကိုတကယ်အားကျတယ်"

"အဲတာဆို အခုလက်ထက်ကြမလား"

"ဟင်"

ရုတ်တရက်ထပြောလာတဲ့ ပါးကြောင့်
သူမမှာဘာပြောရမှန်းတောင်မသိ။သူမကဒီအတိုင်း

ဖြစ်ပျက်နေတာတွေကိုပြောလိုက်ပင်မဲ့
ပါးကတော့အတည်ထင်သွားပုံရသည်။

"အားကျတယ်ဆို
ကိုယ်တို့လည်းလက်ထက်ကြမလား"

"ဟွန်း တကယ်လားမောင်လေး
မမကကျောင်းပြီးပြီ
မောက်လေးပဲဘွဲ့ရဖို့ကျန်တော့တာ "

သူကိုမျက်နာပြောင်ပြီးလှောင်နေတဲ့ ချစ်ရသူကို....

"ငယ်ငယ်တုန်းကတော့ ကိုကိုကြီးဆို ဟွန်း
သူများကသူ့ထက်ငယ်တာကို
အရပ်ရှည်တိုင်းအစ်ကိုလိုက်ခေါ်နေတာပဲလား "

"အဲ့တုန်းကတော့ ကလေးလေဘာသိမှာလည်း
ကိုကိုကြီးရဲ့"

"အခုအဲ့ဘာမှမသိတဲ့ကလေးကို သိအောင်ပေးမလို့
လာထား"

အွန့်

လူတွေအာရုံကအန်တီလေးတို့ရှိရောက်နေတာမို့
သူကိုဆွနေတဲ့သူမနှုတ်ခမ်းကို
ဖိကက်နမ်းလိုက်တော့ Light ကမရုန်းပဲ
သူ့လည်ပင်းကိုသိုင်းဖက်
တုန့်ပြန်နမ်းလာသည်။သူလည်းနှုတ်ခမ်းချို့ချို့လေး
ကိုနမ်းနေရတာမို့
ပတ်ဝန်းကျင်ပါမေ့သွားရတဲ့အထိ။

"အွန့် ပါး အွန့် အ့နာတယ်"

သူကနမ်းတာပြီးခါနီး
အောက်နှုတ်ခမ်းလေးကိုကိုက်လိုက်တာကြောင့်
အနီရောင်ဆိုးဆေးတင်ထားတဲ့နှုတ်ခမ်းလေးမှာသွေး
စို့သွားရသည်။

"ဟွန်း ချိုလိုက်တာကိုယ့်ဂျယ်လီတုန်းလေးက
ထက်နမ်းချင်သေးတာ ကျောင်းဝန်းထဲမှာမို့"

"နမ်းလေဘယ်သူကတားနေလို့လည်း နမ်းပါ
နမ်းလေး"

သူကိုနှုတ်ခမ်းလေးဆူကနမ်းဖို့ပြောနေတဲ့နတ်သမီး
လေးကို
သူချစ်ရလွန်းလို့ရင်တွေပေါက်ထွက်မတက်ပါပင်။
ဒါပင်မဲ့ သူကဖေဖေထက်တော့
မလျော့တဲ့အချစ်နဲ့ချစ်နိုင်ပင်မဲ့ ဖေဖေလိုတော့
rဝဖို့ကြအခုမှချစ်သူထားဖူးတာဆိုတော့လည်း။

ဖေဖေလို့ချစ်တက်ဖို့ကြိုးစားရဦးမယ်....။

"နေမင်းကိုအေးဆေးစကားပြောချင်လို့
ခေါ်ထုတ်လာတာ အချိန်ရတယ်မဟုတ်လား"

အထက်တန်းစားမေးတာကို သူခေါင်းငြိမ့်ကာ....

"ရတယ်ငါလည်းမင်းဆီကအဖြေသိချင်နေတာ
ပြီးတော့အကူအညီတောင်းစရာရှိသေးတယ်"

"ဘာများလည်းကွပြောကြည့်
မင်းအကူအညီတောင်းမယ်ဆိုတော့ငါ့ကိုငါတောင်
အထင်ကြီးသွားပြီ"

LayNge

နေသောက်နေတဲ့ Coffee
အအေးခွက်ကိုခုံပေါ် ပြန်ချကာ
သားနဲ့ပက်သက်တာတွေတိုင်ပင်ရသည်။

"ငါ ကိုယ်ရံတော် 3ယောက်လောက်လိုချင်လို့"

"ဘယ်လို ဘာဖြစ်လို့လည်းမင်းကိုအန္တရာယ်ပေးမို့
ခြိမ်းခြောက်ထားလို့လား
မင်းကကြောက်နေတာလား ငါမယုံနိုင်ဘူး
နေမင်းလက်ရာ"

သူထလုပ်ရင်
ဒီကောင်နာတော့မည်။ဘယ်နော့ဖြစ်ဖြစ်စကားကို
ဆုံးအောင်နားမထောင်တက်တဲ့အကျင့်က
ဒီကောင်အကျင့်။သူ အထက်တန်းစားကို
မျက်မှောင်ကုတ်ကြည့်ကာ.....

"ငါဘာလို့ကြောက်ရမှာလည်း
ဘယ်ကောင်မှစောက်ဂရုစိုက်တဲ့ကောင်မဟုတ်ဘူး
မင်းလည်းငါအကြောင်းသိချင်လို့လား"

"အာ ကြောက်ပါတယ်ကွာ သိပါတယ်
ငါကစနေတာပါဘယ်သူအတွက်လည်း
မင်းမိသားစုအတွက်လား"

"အင်း
အခုသားကိုအသက်အန္တရာယ်ပေးတဲ့သူရှိနေလို့
ငါကသားအနားအမြဲရှိနေနိုင်တာမဟုတ်ဘူးဒါကြောင့် မင်းလူတွေထဲက လက်ရွေးစင်
3ယောက်လောက်ဌားချင်လို့ ခဏတာပါ
တရားရုံးကတရားခံပေါ်တာနဲ့ရပြီ
အခုဟာကဘယ်သူမှန်းမသိလို့

အန္တရာယ်ကကိုယ့်အနားရှိနေနိုင်တယ်ကွ
ဒါကြောင့်"

"အော် မင်းသားကရန်သူတွေရှိလို့လား
မင်းလုပ်တာမှန်တယ်နေ တရားခံသိနေလို့ကတော့
ဘာမှမဖြစ်ဘူး
မသိတာကအန္တရာယ်ကကိုယ့်အနားအမြဲရှိနေနိုင်တ
ယ်"

"အင်း လစာအတွက်လည်းမပူနဲ့
မင်းတို့ဌာနကပေးတာထက် 2ဆပိုပေးမယ် "

သူပြောတာကိုအထက်တန်းစားကခေါင်းငြိမ့်လက်ခံ
ကာ လာတုန်းကပြောစရာရှိလို့လာတာ
အခုသူပြောတာတွေနဲ့
သူစုံစမ်းခိုင်းထားတဲ့ကိစ္စကိုပြေဖို့မေ့တော့မှာမို့....

"မင်းစုံစမ်းခိုင်းတာ သိရပြီနေ"

"ဘာ! ဘာပက်သက်လည်း"

Lay Nge

သူသိချင်စိတ်တွေတအားမြင့်တက်လာကာ
အထက်တန်းစားပါးစပ်ကိုပဲအာရုံစိုက်နေလိုက်သ
ည်။

"မင်းထင်သလိုပဲ
နေသူတို့ကပက်သက်မှုတကယ်ရှိတယ်"

"ဘာ!!"

ကြားလိုက်ရတာစကားနဲ့အတူ
သူရင်ထဲကအစိုင်အခဲတွေက

Lay Nge

အရင်ထက်ပိုများလာရသည်။သူတို့ကဘာလို့လက်
မလွှတ်နိုင်ရတာလည်း။အရင်တုန်းကကိစ္စကရော
သူဘက်ကမှားခဲ့ါတာရှိလို့လား။ဒါမှမဟုတ် မ
နဲ့သူနဲ့ကို ခွဲဖို့ကြံနေတာလား။

"နေ အဲ့မိန်းကလေးက Shine Group
ရဲ့အမွေဆက်ခံသူ ရှိုင်းထက်မြတ်ရဲ့တူမ
ဦးထက်မြတ်ရဲ့မြေး"

သူကို
ကလဲ့စားချေဖို့အတွက်တူမအရင်းကိုတောင်ထုတ်

သုံးတယ်ဆိုတော့

တော်ယုံတန်ယုံတော့မဟုတ်။တစ်ခုတော့ရှိတာပေါ့

သူကလည်း

သူများကိုအရင်သွားရန်မစတက်သလိုသူ့ကို

ထိပါးလာရင်လည်း

နှစ်ဆပြန်လုပ်ရမှကျေနပ်တဲ့ကောင်။

"မင်းဘာလုပ်မလည်း နေ"

"ငါဘာလုပ်မယ်လို့မင်းထင်လည်း"

Lay Nge

"မင်းကိုသူကဘာမကျေနပ်စရာရှိလို့လည်း
မင်းပြောထားသလောက်ငါစဉ်းစားမိတာဆိုရင်
Hotel ပိတ်ရတဲ့ကိစ္စမကျေနပ်လို့များလား"

"ငါ့ဘက်ကအရင် ရန်စခဲ့တာမဟုတ်ဘူး
အထက်တန်းသူကသာငါကို အရင်ရန်စတာ ငါတို့
Hotel ကိုလုဖို့ကြံလို့
လက်တုန့်ပြန်ပေးလိုက်တာလေ အခုကိစ္စလည်း
ငါလွယ်လွယ်နဲ့မပြီးစေရဘူးဆိုတာ
မင်းကိုကတိပေးတယ် သူတို့အတွက်မနက်ဖြန်ကစ
ငါ စီစဉ်တော့မယ်"

နေ ဘက်ကတရားလွန်တာမဟုတ်တော့လည်း အထက်တန်းမတားချင်တော့ပါ။သူတားလည်းဒီကောင်ကဆက်လုပ်မယ်ဆိုတာသိပြီးသား။အခုဒီကောင်မျက်နာအနေအထားကြည့်တာနဲ့တင် Shine Group

အတွက်ရင်တုန်စရာ။ဒီကောင်ကကျောင်းတက်ကတည်းက

ဇိုး။သူဘက်ကတော့ဘယ်တော့မှရန်မစ။ရန်စလာရင်လည်း အဲလူအတွက်တော့မလွယ်.....။

"နေ ရောနေကောင်းရဲ့လား ဒီကောင်အရင်လိုပဲလား
သားနဲ့အပြုံးဆိုးနေတုန်းပဲလား
ဒီကောင်နဲ့မတွေ့တာနည်းနည်းကြာပြီ
ဆိုင်ကယ်ကိစ္စပြောပြီးကတည်းကပဲ"

သဘာဝ အိမ်မှာတစ်ယောက်ထဲပြင်းနေတာနဲ့
Driver ကို မိုင်တို့အိမ်လိုက်ပို့ခိုင်းပြီး ပြန်လွှတ်ကာ
နေခဲ့ခြင်းဖြစ်သည်။မောင်ရုံးဆင်းခါနီးကြမှာဝင်ကြို
ဖို့ပြောရမည်။အခုလည်း မိုင်ရှိလာရင်း
ကိုအုံကမောင့်အကြောင်းမေးတာကြောင့်....

"မောင်ကနေကောင်းပါတယ်
သားအဖနှစ်ယောက်က
စကားပြောရင်နှစ်ယောက်လုံးကဘုဂလန့်သမား
တွေမို့ ဝင်တားရတာခဏခဏ ဒါပင်မဲ့
သားအဖနှစ်ယောက်မချစ်ဖူးလို့မထင်နဲ့ သူ့အဖေကို
သဘာဝထက်တောင်ပိုချစ်သေးတယ်"

"နေ
ဒီကောင်အရင်တုန်းကသာစီးပွားရေးကသူနဲ့မဆိုင်
သလိုနေတာအခုများ ဖွင့်လိုက်တဲ့ Hotel ခွဲဆိုတာ
ကိုမြန်မာပြည်အနှံ
သူလုပ်လိုက်တဲ့အရာမှန်သမျှလည်း

မအောင်မြင်တာမရှိဘူး ပြောမယ်ဆို ဒီကောင်က
နေလက်ရာမိသားစုချမ်းသာလာရခြင်း
အကြောင်းအရင်းပဲ
အရင်တုန်းကအန်ကယ်တို့ညားကာစက
ဆင်းရဲတယ်ပေါ့
သူမွေးပြီးမှလုပ်သမျှလုပ်ငန်းအကုန်အောင်မြင်တာ
အဲတာကြောင့်လည်း
မိဘတွေကအလိုလိုက်တာလေ သူရန်ဖြစ်ရင်
အန်ကယ်တို့ကလိုက်ရောရတာ နည်းမှမနည်းပဲ"

မောင့်အကြောင်းပြောနေတာတွေကသူမသိပြီးသား
တွေမို့

မအံ့သြ။ဒီလူသားဘယ်လောက်ဆိုးလည်းဆိုတည်သူမအသိ။

"ကဲ ကိုအံ့ရှင်အလုပ်လုပ်စရာရှိတယ်ဆို အပေါ်တက်တော့
ကျွန်မတို့သူငယ်ချင်းနှစ်ယောက်စကားပြောလိုက်ဦးမယ်"

မိုင်နှင်ထုတ်တယ်ဆို အံ့က Computer နဲ့ File တွေကိုယူကာ အပေါ်တက်သွားတော့သည်။

"နင်တို့အတူတူနေသေးလား သဘာဝ"

"ဟမ်
ငါတို့ကအတူတူမနေရအောင်ကွဲနေတာမှမဟုတ်"

"နင်ကလည်း
တစ်ကုတင်ထဲအတူတူအိပ်တာကိုပြောတာမဟုတ်
ဘူး ခန္ဓာကိုယ်နှီးနှောတာကိုပြောတာ"

မိုင်သေချာပြောမှသူမသဘောပေါက်သွားကာ...

Lay Nge

"ဟမ် အင်း ဘာဖြစ်လို့လည်း"

"နင်ဆေးမသုံးဘူးလား"

"ငါ့အရွယ်က 40ကျော်ပဲပဲဖြစ်နေပြီ
ကလေးကရတော့မလား မိုင်ရဲ့
ဆေးမသုံးတော့တာကြာပြီ"

"နင် ကလေးမလိုချင်တော့ရင် သုံးတာကောင်းမယ်
ရာသီလာနေသၤဖြစ်နိုင်တယ်နော် တစ်ချို့ဆို
50ပြည့်ခါနီးတောင် ကလေးရတဲ့လူရှိတယ်နော်

ပြီးတော့ နင့်ကြည့်ရတာ
အသားအရည်ကပိုလှလာတယ်နော်
နင်စစ်ကြည့်ဦး"

မိုင်က ဆရာဝန်ပြီပြီပြောလာတာကြောင့်
သူမတောင်အတွေးများလာရသည်။တကယ်လို့
ရှိနေရင်ရော။ရှိတာပဲဖြစ်ဖြစ်
မရှိတာဖြစ်ဖြစ်သူမအတွက်တော့
သိပ်တော့အကြောင်းမဟုတ်.....။

~~~~~~~~~~~~~~~~~~~~~~ 🌷 🌷
~~~~~~~~~~~~~~~~~~~~~~

ကဲနေ ဘာဆက်လုပ်ရမလဲသိသွားသလို~~~~

ဥလေးကဘယ်သူ့ ဖြစ်နိုင်လဲ ○ ○

[OBJ]

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_32~~~~ 🦋

Lay Nge

"အားးး ပင်ပန်းလိုက်တာ"

မကို အလုပ်ကအပြန်မမိုင်တို့အိမ်ကဝင်ကြိုပြီး အခန်းထဲရောက်ထဲဆို ကုတင်ပေါ်လှဲချလိုပ်သည်။

သူမက ပိုက်ဆံအိတ်ကိုမှန်တင်ခုံပေါ်တင်ကာ...

"ဒီနေ့အလုပ်တွေများလို့လား မောင်"

Lay Nge

"အင်းများတယ် လူကိုကိုင်ရိုက်ထားသလိုပဲ Hotel နဲ့ Company တွေကိုမေ့ပြီး
အစည်းအဝေးကိုတစ်ရက်ထဲခေါ်ထားလို့တိုင်ပတ်နေသေးတယ်"

သူမကကုတင်ခြေရင်းကနေမက်တက်ရပ်ပြောနေတာမို့ သူမလဲနေရာကထိုင်လိုက်ပြီး
သူမလက်ကိုဆွဲကာ
နှစ်ယောက်လုံးပြန်လဲချလိုက်သည်။

"အမလေး ! လန့်တာမောင်ရယ် ဖြေးဖြေးလုပ်ပါ"

သူမပြောတာကိုပြုံးကာ
သူမနဖူးလေးကိုနမ်းလိုက်ပြီး
ရက်ခွင်ထဲထည့်ဖက်လိုက်ကာ..

"မောင့်ပင်ပန်းမှုတွေကို
ပျောက်ဆုံးစေတဲ့မောင့်ရဲ့အေးချမ်းရာလေး "

ပြောရင်းသူမကို
ခြေထောက်ကပါခွထားလိုက်သည်။

LayNge

"မောင်ရယ်ပင်ပန်းနေရင်လည်း
မောင့်သားရှိနေတာပဲ Hotel project
ကလည်းသိပ်သွားကြည့်စရာမှမလိုတာ
သူကိုဝိုင်းကူခိုင်းပေါ့"

"သူပါသာ လွတ်လွတ်လပ်လပ်နေပါစေမရယ်
အခုမှ 20ပဲရှိသေးတာသိပ်ဖြီး
ဖိအားမများစေချင်ဘူး မောင်တုန်းကလည်း
လွတ်လွတ်လပ်လပ်နေခဲ့တာပဲ"

LayNge

သူမလည်း မောင့်coat
ကကြယ်သီးတွေကိုကစားရင်
မောင်ပြောတာကိုနားထောင်ကပြုံးမိသည်။မောင်
က သူ့ဒယ်ဒီအပေါ်ဆိုးခဲ့ပင်မဲ့ အခုတော့
အဖေတစ်ယောက်အနေနဲ့သူသားပင်ပန်းမှာဆိုးလို့
နေပါစေဦးတဲ့။

"မောင့်က အဖေကောင်းပီသလိုက်တာ
သားသိပ်ကံကောင်းတာပဲမောင့်လို့ ဖအေမျိုးရလို့
ပြီးတော့ သဘာဝအတွက်လည်း
မောင်ကခင်ပွန်းကောင်းပဲ"

"မောင့်ချစ်ဇနီးလေးကလည်း မောင့်အတွက်ပါရမီ
ဖြည့်ဖက်ကောင်းပဲ"

"မောင် သဘာဝကိုတစ်ခုခုပြောစရာရှိလို့လား"

"အော် ဟုတ်တယ်မေ့နေတာ
သားကိုလုပ်ကြံဖို့ခိုင်းထားတာ"

"ဘယ်လို"

သူမ မောင်ဆီကစကားကိုမယုံနိုင်စွာ
မောင့်ရင်ခွင်ထဲကနေ မောင့်မျက်နာမော့ကြည့်ပြီး
ပြောလိုက်သည်။

"ဟုတ်တယ် မ ဒီနေ့ခွန်းနေရောင်လာသွားတယ်
သားကိုလုပ်ကြံဖို့လုပ်တဲ့သူကိုစစ်ဆေးတော့
သူတို့ကခိုင်းလို့လုပ်ရတာတဲ့ ပြီးတော့
မအံ့သြရမှာရှိသေးတယ်"

"ဘာများလည်းမောင်"

"သားကိုလုပ်ကြံဖို့ခိုင်းတဲ့လူက မိန်းကလေးတဲ့"

"ဘာ!! မောင်ငါ့ကိုနောက်နေတာလား
အတည်မှတ်လို့နားထောင်နေတာ
သားကဘယ်တုန်းကမိန်းကလေးရှုပ်လို့လည်း"

ရင်ခွင်ထဲကနေသူပြောတာကိုမယုံနိုင်ဖြစ်နေတဲ့မကို
သူခေါင်းငြိမ့်ပြပြီး
ခါးလေးကနေတင်းနေအောင်ဆွဲဖက်ကာ...

"မောင်ကနောက်စရာလားတကယ်ပြောနေတာ
သားကိုယ်ဆုံးရှုံးရရင် သေလိမ့်မယ်
မောင်သိလား!!"

"အင်း သိတယ်
မောင့်လည်းမိဘပါဘာကကောင်းတယ်ဘာကဆိုး
တာလည်းဆိုတာမောင် သိတယ် ဒါပင်မဲ့
မောင်ကတော့ ခံစားနေရတာကိုမြင်နေတာထက်
သေသွားတာကပိုကောင်းတယ်လိုမြင်တယ်"

Lay Nge

သူမမောင့်စကားကြောင့်
ဒေါသကဒီရက်ပိုင်းကထွက်ချင်နေတာက
အခုလည်းထွက်လာတာမို့ သားထမင်းပန်းကန်ကို
ကုတင်ပေးကစားပွဲပေါ်ချကာ သူမနောက်ရပ်နေတဲ့
မောင်ရှေ့ရပ်လိုက်ပြီး.....

"ဒါဆို သားသမီးသေတာကိုထိုင်ကြည့်နိုင်တာတဲ့
မိဘက မောင့်ကပထမဆုံးထင်တယ်!!"

"မေမေ "

သူကိုဖခင်စိတ်မရှိဘူးလို့ တိုက်ရိုက်မပြောပဲ
အဲလိုအဓိပ္ပာယ်သက်ရောက်တာမို့
သားကဟန့်လိုက်ပင်မဲ့ သူကတော့
နာကျင်နေတာကို ကြိတ်မိတ်ခံစားဖို့ဆုံးဖြတ်ရင်း....

"အင်း အဲလိုဖြစ်ခံလိုက်မယ်
ဘာလို့ဆိုနာကျင်မှုဒဏ်က အဲ့ထက်ဆိုးလို့ "

"မောင် !!!!"

"မေမေ ဖေဖေကိုမအော်ပါနဲ့
ဒီကိစ္စကသားကြောင့်မဟုတ်လား သားကိုပဲပြောပါ
အပြစ်မရှိတဲ့ ဖေဖေကို မပြောပါနဲ့"

"အော် ဒါဆို ငါ့ကပဲလူဆိုးမပေါ့ ဟုတ်ပါတယ်
နင်တို့သားအဖပဲမှန်တယ် မိခင်မေတ္တာတရားက
အဲလောက်တောင် လူယုတ်မာဆန်နေလား!!!"

နေချက်ခြင်းကြီး ဒေါသထွက်ကာအော်လာတဲ့
မကိုမကြည့်ရက်စွာ
ရင်ခွင်ထဲဆွဲထည့်ကတင်းနေအောင်ဖက်ထားတော့

သူရင်ခွင်ထဲမှာရှုန်းနေကာ
သူမစေတနာနားမလည်လို့ငိုနေသည်။

ဒီကိစ္စမှာ သားလည်းမမှားသလို
မလည်းမှားနေတာမို့ူးမဟုတ်.....။

~~~~~~~~~~~~~~ 🌷 🌷

ကျွန်မလည်းဘာကြောင့်ရည်းစားမရတာလည်း
ပြောပြပါဦး ကိုနေမင်းလက်ရာရှင့်😂🥰

OBJ
~~~~~~~~~~~~~~

📘 The Sun Of Flower {Season 2} 📘

✪ နေနှစ်စင်းရဲ့ချစ်ပုံပြင် ✪

Part_37~~~~ 🦋

ဆေးရုံဆင်းမည့်နေ့.....

လက်မောင်းရိုးအက်သွားတာကလည်း

သိပ်မဆိုးတာမို့ ဆေးရုံမှာ 3ရက်လောက်နေပြီ

Lay Nge

ဒီနေ့ဆေးရုံကဆင်းရမှာဖြစ်သည်။ဒီနေ့နဲ့ဆို 4ရက်
ချစ်ရသူနဲ့ တစ်နိုင်ငံထဲတစ်မြို့ထဲ ရှိနေရဲ့သားနဲ့
ဝေးကွာနေရတာ။တစ်ယောက် နဲ့တစ်ယောက်
အထင်လွဲစရာတောင်မရှိပဲ ခွဲခွာနေရတာ
တကယ်ခံစားရခက်သည်။

"သား သက်သာလား မေမေဘာလုပ်ပေးရမလည်း"

သူရင်ထဲကလောင်မြိုက်နေတဲ့ ရောဂါကိုရော
မေမေမြင်ရဲ့လားမသိ။သူ့ခန္ဓာကိုယ်
ကကမ္ဘာပေါ်ကအချစ်ဆုံးအမျိုးသမီးဆီမှာရှိနေပြီး

သူစိတ်ကတော့
သူနှလုံးသားရဲ့ဆေးဖြစ်တဲ့သူမရှိမှာပေါ့။

"ရပါတယ် လက်မောင်းကနည်းနည်းနာရုံကလွဲ
ကျန်တာအကုန်ကောင်းသွားပြီ "

အရင်လို ရွှင်ရွှင်လန်းလန်းမရှိတော့တဲ့သားက
ဟန်ဆောင်အပြုံးတုနဲ့သူမကို
ဘာမှမဖြစ်တော့ကြောင်းပြောနေတာ
သူမလည်းမိခင်တစ်ယောက်မို့ခံစားတက်သည်။

" သားမင်းလက်မောင်းကောင်းသွားတဲ့အခါ
တစ်နှစ်လောက် GYM မဆော့နဲ့နော်
ဆရာဝန်မှာလိုက်တယ်"

ဖုန်းကိုလက်ကကိုင်ကာ ဆရာဝန်ဆီကပြန်လာတဲ့
ဖေဖေကသူ့အနားလျှောက်လာပြီးပြောသည်။

"သားက gym မှမဆော့တာ ဖေဖေလို့ခန္ဓာကိုယ်
အလှကိုသိပ်ဂရုမစိုက်ပါဘူး ပြီးတော့
သိတယ်မဟုတ်လား သားက

မွေးကတည်းကပြင်ဆင်စရာမလိုအောင်
တောင့်ပြီးသား ဒီမှာ အ့"

ဖအေကို စောက်ခွက်ပြောင်ချင်တာနဲ့
ဒဏ်ရာရထားတာကိုမေ့ပြီး
လက်ကိုမြှောက်လိုက်တာမို့နာသွားရသည်။

Ring~~~Ring~~~Ring

"Hello"

Lay Nge

"....."

"အင်း ဒါဆိုအစ်ကိုသားကို
အိမ်ပြန်ပို့ပြီးရင်လာခဲ့မယ်လေ "

"....."

"အစ်ကို သူ့ဘာသာဘာပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး
လုပ်စရာရှိတာဆက်လုပ်ကြမယ်"

Lay Nge

"....."

"လင်းရိပ်ကို ကိုပါဖမ်းဝရမ်းထုတ်တာ ဟုတ်လား!!"

"....."

"အင်း အစ်ကိုလာခဲ့ပါမယ် "

"....."

Lay Nge

တီ

နေဖုန်းချလိုက်တယ်ဆို
ဖုန်းကိုဘောင်းဘီအိတ်ကပ်ထဲထည့်လိုက်ပြီး
သားဆီကြည့်လိုက်တော့ သူ့ကို
ယုံကြည်အားကိုးတဲ့မျက်ဝန်းတွေနဲ့ကြည့်နေတဲ့
သားရဲ့မျက်ဝန်းတစ်စုံ။

"သား ဘာမှစိတ်မပူနဲ့ ဖေဖေပြီးရင်သွားမှာ
လင်းရိပ်ကို ဘာမှမဖြစ်စေရဘူး
ဖေဖေကတိပေးတယ် ပြီးတော့

သူမမလုပ်ဘူးဆိုတာလည်း ဖေဖေ ယုံကြည်တယ်
ဟုတ်ပြီလား ဖေဖေကိုယုံတယ်မဟုတ်လား"

"ဖေဖေ ဟာသားရဲ့ယုံကြည်မှုပါ"

သူမေးတယ်ဆိုအားတက်သရောပြန်ဖြေတဲ့
သားလက်ပုံခုံကို ပုတ်ကာအားပေးလိုက်ပြီး...

"ပြန်ကြမယ် ပြီးရင်
ကျွန်တော်သွားစရာရှိသေးတယ် ပြီးတော့

Lay Nge

အိမ်ရောက်ရင် သားနေသာသလိုနေပါစေ
ဖိအားမပေးပါနဲ့..သားလာ ဖေဖေကိုကိုင်"

ဖေဖေကကျန်တဲ့မိသားစုဝင်တွေကိုပြောရင်း ကိုပါ
ကုတင်ပေါ်ကဆင်းဖို့သူ့ပုခုံးပေးတာကြောင့်
သူပြုံးကာ မလိုအပ်ပင်မဲ့
ဖေဖေစေတနာအသိမှတ်ပြုသည့်အနေဖြင့်
သူကောင်းတဲ့လက်ကဖေဖေပုခုံးကိုင်ကာဆင်းလို
က်သည်။သူနဲ့ ဖေဖေကရှေ့ကနေ
သားအဖနှစ်ယောက်ယှဉ်ကာ
အရှေ့ကထွက်သွားသည်။

"မမလေး
ကျွန်တော်တို့ဘယ်နေရာလိုအပ်သေးလည်း
လာစစ်ပေးပါဦး"

4ရက်အတွင်း သူမကိုယ်ဘာသာကားမောင်းပြီး
အလုပ်လာရတာကျင့်သားမရသေးဘူး။အလုပ်မှာ
လည်း သူကဆေးရုံမှာမို့
သူမတစ်ယောက်ထဲသာညွှန်ကြားနေရသည်။သူမ
တို့လမ်းခွဲခြင်းဟာ
လူခြင်းဝေးကွာမှုတစ်ခုဖြစ်တဲ့အတွက်စိတ်ခံစားချ

က်က

နီးနီးကပ်ကပ်မနေရတာအတွက်ပါပင်။တစ်ယောက်

နဲ့တစ်ယောက်က ချစ်တာမို့

ဝေးတာနီးတာလေးပဲဖြောင်းလဲသွားတာပါ။

"အော် အင်းလိုက်ကြည့်ပေးမယ်နော်"

"မမလေး အစ်ကိုလေးကမလာတာ

3ရက်ကျော်ပြီးနော် ဘာဖြစ်လို့လည်းမသိဘူး"

"အင်း သူအခုဆေးရုံတက်နေရလို့ပါ
နောက်ရက်တွေသူလာမှာပါ ပြီးတော့
နောက်ရက်တွေကြရင် သူလာရင် မမက
company ကယုံကြည်ရတဲ့သူလွှတ်ပေးမယ်
ဘာမှအမှားမပါမိစေနဲ့နော်"

"ဟုတ်ကဲ့ပါ မမလေးစိတ်ချပါ"

သူအလုပ်သမားလေးကို
အလုပ်ဆက်လုပ်ခိုင်းလိုက်ပြီး
အချောသတ်သာတော်တော်ပြီးနေဖြစ်တဲ့

ဆောက်လက်စ Hotel အတွင်း
သူလိုအပ်မဲ့နေရာတွေလှည့်ပတ်ကြည့်နေလိုက်သ
ည်။ဆောက်လုပ်ရေးအင်ဂျင်နီယာတွေကလည်း
လိုအပ်တာတွေညွှန်ကြားနေတာမို့
သူမကိုသိပ်တော့စိတ်ပူစရာမလို။

"အန်တီက ဘာလို့ငါ့ကို
ပါးကိုဒုက္ခပေးတဲ့သူလို့ပြောရတာလည်း "

သူမ4ရက်လုံးပါးအကြောင်းပဲတွေးနေရာမှ အခုမှ
အဲ့နေ့ကအန်တီပြောတဲ့စကားတွေကိုပြန်စဉ်းစားနေ

Lay Nge

မိသည်။သူမမသိသေးတဲ့
ကိစ္စတွေရှိနေတာလား။ပါး အမေကလည်း
မသေချာပဲနဲ့တော့သူမကို
ရမ်းသမ်းပြောမှာမဟုတ်။သူမကို
ချောက်ချတဲ့သူတစ်ယောက်ယောက်တော့ရှိရမည်။

အဲ့ဒီသူကို သူမသိရမှဖြစ်မည်.....။

"စေ"

Lay Nge

သူ့စရာစခန်းမှူးတွေနဲ့စကားပြောနေခိုက်
နေရောက်လာတာမို့ မက်တပ်ထရပ်သည်။

"အစ်ကို အမှုကတော်တော်ရှုပ်တယ်
တရားခံတွေကတစ်ယောက်တစ်မျိုးနဲ့"

"ဟုတ်တယ် ကိုနေမင်းလက်ရာ
အခုလုပ်ကြံတဲ့သူပုံကနှစ်ယောက်တောင်မို့
နှစ်ယောက်လုံးဖမ်းဝရမ်းထုတ်မှရမယ်"

Lay Nge

စခန်းမှူးကပါသူတို့စကားဝိုင်းထဲဝင်ပြောလာတော့
နေက....

"စေ အဲ့နေ့ကမင်းအစ်ကို ကိုတစ်ပုံမပြရသေးဘူး
အခုအဲ့ပုံရှိလား အစ်ကိုအသိထဲကလားသိချင်လို့"

"အင်း အစ်ကိုခဏ"

သူ့စရာ သူ့အမှုFile တွေကြားကနေ
ပုံတူပန်းချီတစ်ရွက်ကိုထုတ်ကာ
နေဆီကိုပေးလိုက်သည်။

နေ သူပေးတဲ့ပုံတူပန်းချီကို
ယူကာကြည့်လိုက်သည်။မိန်းကလေးတစ်ယောက်
ဒီမိန်းကလေးကိုသူမသိ။သားအနားမှာလည်း
လင်းရိပ်ကို နဲ့ အံ့ခြယ်မှုန်း
ကလွဲတွေ့ခဲ့ရတာမှမဟုတ်တာ။

"အစ်ကို အဲ့မိန်းကလေးက လင်းရိပ်ကို တို့အိမ်ကပဲ
"

"ဘာ!!"

"ဟုတ်တယ် အစ်ကိုကျွန်တော်
ဒီရက်ပိုင်းလင်းရိပ်ကို
ကိုမျက်ခြေမပျက်ကြည့်နေတာ သူမတို့အိမ်မှာ
အဲ့မိန်းမကို တွေ့တာ နှစ်ယောက်က
တစ်အိမ်ထဲဆိုတော့
နှစ်ယောက်လုံးပူးပေါင်းလုပ်တာလား
ဘာကြောင့်လည်း"

နေသူပြောတာကို
နားထောင်ပြီးအတော်အတန်စဉ်းစားနေမိသည်။လ

င်းရိပ်ကို ကမဖြစ်နိုင်ဘူးလို့
သူယုံကြည်ထားတာ။ဘာလို့ အဲ့မိန်းကလေး
နဲ့ကတစ်အိမ်ထဲအတူရှိနေတာလည်း။သေချာတယ်
ဒီကြားထဲမှာ ဝှက်ဖဲတစ်ခုတော့ရှိမှာသေချာသည်။

"စခန်းမှူး ကျွန်တော်ကိုဝင်စစ်ခွင့်ပေးပါ
အဖြေပေါ်စေရမယ်"

"ကိုနေ ဒါက..."

LayNge

သူ့စရာ ဒီလိုလုပ်ရက်က
တရားမဝင်တာမို့နေကိုတားဖို့လုပ်ပင်မဲ့
စခန်းမှူးက....

"အင်း စစ်ပေါ့ဒါပင်မဲ့အလွန်အကျွံတွေတော့မရဘူး
ကိုနေမင်းလက်ရာ"

စခန်းမှူးပြောတာကို သူခေါင်းငြိမ့်လိုက်တော့ သူ့
သူ့စရာဆီက
ခိုင်းစေသူလို့သတ်မှတ်ထားတဲ့မိန်းကလေးနှစ်ယော
က်ပုံကိုယူကာ စစ်ဆေးမဲ့

အလုံပိတ်အခန်းထဲဝင်သွားလိုက်သည်။သူအပါအ
မှာ အလင်းရောင်ဝင်လက်တဲ့
လက်ဝါးစာလောက်ရှိတဲ့
အလုံပိတ်အခန်းထဲကခုံမှာထိုင်စောင့်နေခိုက်
တရားခံ 3ယောက်ဝင်လာသည်။တရားခံကို
အထဲထည့်ပြီး တယ် ရဲကပြန်ထွက်သွားသည်။

"မင်းတို့က ငါ့သားကိုသက်ချင်တဲ့သူမဟုတ်ပဲ
သက်ခိုင်းတာဆိုတော့ မင်းတို့ပြောထားတဲ့
မိန်းကလေးနှစ်ယောက်မှာ
ဘယ်သူကတရားခံအစစ်လည်း"

"ကျုပ်တို့ပြောထားတာပဲ နှစ်ယောက်ဆို
နှစ်ယောက်ဖမ်းလိုက်ပေါ့"

သူတို့ထဲက 1ယောက်ကနေကို
အကန်ပြန်ပြောတာမို့ ထိုင်နေရာကထလိုက်ပြီး
အဲ့ကောင်ရှေ့သွားရပ်လိုက်သည်။အဲ့ကောင်က
ဆေးသုံးထားတဲ့ပုံစံနဲ့
လျှာကိုပါးစောင်ကိုထိုးပြနေသည်။နေပြီးလိုက်ကာ.
...

"အဲ့လောက်မိုက်နေတယ် ပေါ့ ဟမ် "

ခွပ်

နေအဲ့ကောင်ရဲ့
နာရိုးတည့်တည့်ကိုထိုးချလိုက်သည်။နေထိုးချက်ပြ
င်းလားမပြင်းလားတော့မသိ ထိုကောင်ရဲ့
နှာခေါင်းထဲကသွေးတွေကျလာသည်။

"မင်းတို့ကိုငါကောင်းကောင်း မေးဖို့ပဲဝင်လာတာ
အဲ့လိုလက်မပါချင်လို့ ငါစိတ်ကိုမစွန့် !!!"

နေရဲ့အံကြိတ်ပြီးပြောတဲ့အသံကို
3ယောက်လုံးကရုမစိုက်။နေလည်း တစ်ခုမှမရရင်
နောက်တစ်ခုပြောင်းလုပ်ဖို့စဉ်းစားထားပြီးသာမို့.....
..

"ရတယ်လေ အမှန်မပြောဘူးပေါ့
ငါ့သားကငါ့အိမ်မှာအမူပေါ်တာမပေါ်တာက
သိပ်အရေးမပါတော့ဘူး ဒါပင်မဲ့
မင်းတို့မှာလည်းမိသားစုရှိမှာပဲ
ငါ့ဘာကောင်လည်းသိချင်မှတော့

ထောင်ဝင်စာလာတွေ့မဲ့သူမရှိအောင်
ငါလုပ်နိုင်တယ်ဆိုတာ သိထား!"

သူမိသားစုနဲ့ခြိမ်းခြောက်ပြောတယ်ဆို
အဲ့ထဲကသားအရွယ်လောက်ကောင်က
ထိတ်လန့်သွားတဲ့ပုံစံဖြစ်သွားကာ....

"ခင်များကဘာမို့လို့လည်း"

"ငါကဘာမှတော့မဟုတ်ဘူး
ငွေကတော့ကြိုက်တာလုပ်လို့ရတယ်ဆိုတာ

မင်းတို့ကိုယ်တိုင်သိပါတယ် ပြီးတော့
နေလက်ရာဆိုတာတော့ကြားဖူးမှာပါ "

သူပြောလိုက်တာထိရောက်သွားတာမို့
နေဘာမှမပြောတော့ပဲ ခုံပေါ်တင်ထားတဲ့
ပုံတူပန်းချီနှစ်ခုကိုယူကာ ထောင်ပြလိုက်ပြီး....

"ဘယ်သူလည်း တရားခံက "

"ဒီဘက်ကမိန်းကလေး"

Lay Nge

သူဘယ်ဘက်လက်က ကိုင်ထားတဲ့
မိန်းကလေးပုံကို တစ်ယောက်က ညွှန်ပြတော့
သူကျန်တဲ့နှစ်ယောက်ကို ကြည့်ကာ
သူတို့လောက်ကတေ့ည့
သူအိပ်နေသလောက်ရှိတာမို့
ပြောတဲ့ကောင်ကိုကြည့်ကာ.....

"သေချာလား ဒီဘက်ကမိန်းကလေးရောပါလား"

သူလင်းရိပ်ကို ပုံကိုပြမေးတော့ .....

Lay Nge

"သေချာတယ် ဒီမိန်းကလေးမပါဘူး
အဲ့ခိုင်းတဲ့မိန်းမက အဲ့မိန်းကလေးကို
လွဲချခိုင်းတာပါ"

ထိုလူဆီက သူထင်ထားတဲ့အတိုင်းအဖြေက
ကွက်တိရတာမို့.....

"မင်းကို အဖြေမှန်ပြောတဲ့အတွက်
ဒီအမူတွဲတွေကနေလျော့အောင်တော့
ငါမလုပ်ပေးနိုင်ဘူး လုပ်လို့ရလည်း မလုပ်ပေးဘူး
ဘာလို့ဆို ငါ့သားတစ်ယောက်လုံး အထိနာထားတာ

ခွင့်လွှတ်ဖို့ဆိုတာ မလွယ်ဘူး တစ်ခုတော့ရှိတယ်
မင်းမိသားစု ထောင်ဝင်စာလာတွေ့ရင်
နေလက်ရာကို လွတ်လိုက်ပါ
မင်းပြောတာတဲ့ထိုက်တန်တဲ့
ထောက်ပံ့မှုငါပေးမယ်"

ပြောကာ
လိုတာရပြီမို့ထိုအခန်းထဲကထွက်လာတော့
အပေါက်ဝမှာ
ရဲနှစ်ယောက်ကစောင့်နေသည်။သူလည်း အဲ့ကနေ
အရှေ့ကိုထွက်လာတော့ နေရောင် နဲ့ စခန်းမှူးက
သူပြောတာစောင့်နေတာကြောင့်...

"လင်းရိပ်ကိုက လွဲချခံရတာအမှုနဲ့ပက်သက်တာ
တစ်ခြားတစ်ယောက် ဒါကြောင့် နေလက်ရာက ပဲ
လင်းရိပ်ကိုအတွက်အမှုကိုပိတ်တယ် အခု
ဖမ်းဝရမ်းထုတ်ဖို့စာကျလာပြီဆိုတော့
ဖမ်းလို့ရပြီလား"

"သူတို့ဝင်ခံထားတဲ့သက်သေလိုတယ်
ကိုနေမင်းလက်ရာ"

Lay Nge

သူပြုံးကာ ကုတ်အတွင်းထည့်ထားတဲ့
အသံဖမ်းစက်လေးကို ထုတ်ကာ
စခန်းမှူးကိုပေးလိုက်သည်။

သူ့စေရာ ကတော့
သူနဲ့လက်တွဲလာတာ4နှစ်ကျော်လောက်ရှိပြီမို့
ကိုနေဘယ်လောက်ထက်မြတ်တာသိပြီးသားမို့အ
ထူးအဆန်းမဟုတ်တော့။ထက်မြတ်တာမှ ဒီလူ
ဘယ်သူဘာအကွက်အကွက်နင်းနေတယ်ဆိုတာ
အမြဲသိနေတာ
တော်တော်ကိုထက်မြတ်တာ။သူအမှုဝင်ဖြရှင်း

တော့လည်း သက်သေတွေကိုရှာထားတာများ
တစ်ဖက်က ရှုန်းလို့မရအောင်ပါပဲ။

"သား ထမင်းစားမလား မေမေခွံ့မယ်"

သူခြံထဲကဒန်းပေါ်မှာစိတ်တွေပိတ်လောင်နေတာမို့
လာထိုင်နေခိုက် မေမေရောက်လာပြီး
ထမင်းစားမလားမေးတော့.....

"သား ဗိုက်မစာသေးဘူး မေမေ "

"မနက်ကလည်း ဆေးရုံမှာသိပ်စားတာမဟုတ်ဘူး
သားရယ်"

"သားမှစားမဝင်တာ မေမေရယ် ဒီအချိန်မှာတကယ်
သားစဉ်းစားမိတာကိုပြောတာပါ
ကျောင်းဆက်တက်နေပြီး ပြန်မလာဖြစ်ခဲ့ရင်
သားလည်း မနာကျင်ရသလို Light
လည်းစိတ်ထိခိုက်မှာမဟုတ်ဘူး ဒီကောင်မလေး
ဆေးရုံကသွားတုန်းကသာ
သန်မာချင်ယောင်ဆောင်နေတာ
သူတစ်ယောက်ထဲရှိတဲ့အချိန်ကြဉီတော့မှာ
သူငိုတာနဲ့ ဒီနှလုံးသားကလည်းနာကျင်လာတာ "

သူလည်း နာကျင်မှုကိုအံ့တုကနေပင်မဲ့ ချစ်ရတဲ့သူနဲ့
တစ်မြို့ထဲအတူတူရှိနေတဲ့အပြင်
တစ်ယောက်တစ်ယောက်ချစ်နေရဲ့နဲ့
ခွဲခွာနေရတဲ့အဖြစ်။ဖေဖေပြောတာမှန်ပါတယ်
Light ရယ် ကိုယ်သတ္တိမရှိဘူး။ကိုယ်
ဒီလိုအချိန်မျိုးမှာဆိုဖေဖေကိုအရမ်းအားကျတာပဲ။

"သား မေမေက
သားကိုဆုံးရှုံးရမှာကိုလက်ပိုက်ကြည့်နေရမှာလား
မေမေမှာ ဒီသားလေးတစ်ယောက်ထဲရှိတာ

ရပါတယ် သားကမဖျက်နိုင်ဘူးဆိုလည်း ဆက်တွဲ
မေမေဘက်ကိုလှည့်ကြည့်စရာမလိုဘူး"

"မေမေ သားမေးမယ်နော် မေမေ
ဖေဖေကိုချစ်လား တကယ်လို့ ဖေဖေဟာ မေမေကို
ဒုက္ခပေးမဲ့သူလို
မေမေအသိုင်းအဝိုင်းကပြောရင်ရော
ဖေဖေကိုချန်ထားခဲ့မှာလား"

သူမ သားမေးတဲ့မေးခွန်းကိုမဖြေနိုင်။မောင်တုန်းက
ဒေါ်လေးတို့ဘယ်လို ကန့်ကွက် ကန့်ကွက်

သူမမောင့်ကို တစ်ခါမှမစွန့်လွှတ်ခဲ့ဘူး။သူမ
ဒေါ်လေးတို့ပြောတာကို ခံပြီး
မောင်နဲ့ပဲရှေ့ဆက်တာ။

"မေမေ သားမေးတာဖြေလေ ဖေဖေကိုချန်
ခဲ့မှာလားလို့"

"ဟင်အင်း မောင်ဘာဖြစ်ဖြစ်လက်ခံမှာ
သူတစ်ခြားသူတွေပေါ်ဆိုးရင်ဆိုးမယ်
မေမေအပေါ်တော့ မောင်ကအကောင်းဆုံးပဲသား"

Lay Nge

သူမေမေပြောတာကိုပြုံးကာ
မေမေနဲ့မျက်လုံးချင်းစုံအောင်ကြည့်လိုက်ပြီး....

"သားလည်း မေမေလိုပဲမေမေ
သားချစ်တဲ့သူကတစ်ခြားသူအမြင်မှာ
လူဆိုးမဖြစ်ချင်ဖြစ်လိမ့်မယ်
သားအမြင်မှာတော့မဟုတ်ဘူး ဘာပဲဖြစ်ဖြစ်ပါ
သားကမေးကြည့်တာ
သားအချစ်ဆုံးမေမေအတွက် သားနှလုံးသားကို
သားသက်ပါ့မယ် မေမေ"

သူမ
ယောကျ်ားတန်မဲ့မျက်ရည်ဝဲလောက်ဖြစ်နေတဲ့သား
ကိုကြည့်ကာ
ဟိုမိန်းကလေးအပေါ်ဘယ်လောက်ချစ်လည်းဆို
တာပေါ်နေတာမို့ သူမလည်း
သားကိုမကြည့်ရက်တော့ကြောင့်....

"သားတို့ကို မေမေခွင့်ပြုတယ်သား
အချစ်ရေးမှာပြဿနာရှိတယ်ဆိုတာ
ကြားလို့ဝင်ချင်လို့ ဒါကြောင့်သားကြိုးစားပါ"

Lay Nge

"မေမေ"

"မေမေတကယ်ပြောနေတာ သားကိုမေမေ
တောင်းပန်တယ်
မေမေအတွက်ကြီးသလိုဖြစ်သွားခဲ့တယ်
မောင်ပြောတာမှန်ပါတယ်
ကိုယ်တိုင်ဒီလိုနာကျင်မှုကို ခံစားခဲ့ဘူးရဲ့သား နဲ့ ဟင့်
မေမေ"

မေမေကစိတ်မကောင်းဖြစ်ပြီး
ငိုတော့သူမကြည့်ရက်ပင်မဲ့

LayNge

ဖေဖေပေးတဲ့အကြံကအလုပ်ဖြစ်တာမို့
တော်တော်ကိုလေးစားသွားရသည်။ဖေဖေကဆေး
ရုံကနေ အိမ်ကိုလာပို့ပြီး အပြင်သွားကာနီး
သားမေမေကို ဒီလိုပြောဆိုကာသင်ပေးခဲ့ခြင်း။

"ရပါတယ် မေမေ သားနားလည်ပါတယ် မေမေကို
ကတိပေးပါတယ် သားချစ်တဲ့မိန်းကလေးက
မေမေလို မိန်းမဆန်ဆန်မျိုးမဟုတ်ပင်မဲ့
မိန်းမကောင်းပါ"

"အင်း တကယ်တော့မိန်းကလေးတစ်ယောက်
ယောကျ်ားမအိမ်လိုက်သွားရင်
ဆက်ဆံခံရပုံတွေမတူတာက
သူမတို့လက်တွဲဖော်နဲ့တကယ်ဆိုင်တယ်
သားကိုမေမေ ယုံကြည်ပေးမယ် ကိုအန္တရာယ်
ကိုယ်ဂရုစိုက်ပါသား"

"ဟုတ်ကဲ့ပါ မေမေ "

Lay Nge

ဖေဖေဟာ အချစ်ရေးကိုကိုင်တွယ်ပုံကြတော့
သူတို့လူငယ်တွေပင်လက်မြောက်အရုံးပေးရသည့်
အထိ.....။

~~~~~~~~~~~~~~~~ 🌷 🌷

✍ တင်ဆိုလို့တင်လိုက်ပြီနော် 😊

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge
~~~~~~~~~~~~~~~~

Part_38~~~~ 🦋

တီ တီ

ခြံရှေ့က ကားဟွန်းတီးသံကြားတာမို့
ခြံစောင့်လေးက တံခါးဖွင့်ပေးတော့
နေတစင်းမောင်းဝင်လာလိုက်သည်။ဆေးရုံကနေဒီ
နေ့မှဆင်းတယ် မေမေကခွင့်ပြုလိုက်တယ်ဆို
အိမ်ကခိုးထွက်လာပြီး
ချစ်တဲ့သူကိုလာတွေ့ခြင်း။သူ

သူမတို့အိမ်ပေါ်တီအောက်ကားကို ရပ်လိုက်တော့
အိမ်ထဲကနေအလုပ်ကပြန်ရောက်တာမကြာသေး
တဲ့ ပုံနဲ့ထွက်လာတဲ့ Light။

"ဟင်"

လက်မောင်းကပတ်တီးတောင်မဖြည်ရသေးပဲကား
မောင်းလာတဲ့သူကို
အံ့ဩတကြီးသူမကြည့်နေမိသည်။နှစ်ယောက်သား
လမ်းခွဲထားကြတာမဟုတ်လား။

Lay Nge

"Light ကိုယ်တောင်းပန်ပါတယ်
ကိုယ်သတ္တိမရှိတဲ့ကောင်ပါ
ကိုယ့်မိသားစုကမင်းကိုပြောနေတာကို
မကာကွယ်နိုင်တဲ့ကောင်ပါ"

"ဟင်အင်း အကြောင်းရှိလို့ဒီလိုဖြစ်လာတာပါပဲ
Light စိတ်မဆိုးတာမို့ ပါးတောင်းပန်စရာမလိုပါဘူး
ပါးအခုအိမ်ကခိုးထွက်လာတာလား
အန္တရာယ်ရှိလိုက်တာ"

သူကိုစိတ်မဆိုးတဲ့အပြင် သူလာတဲ့ပုံစံကိုကြည့်ကာ
စိုးရိပ်ပေးနေတဲ့သူမ။ဒီလိုပုံစံကိုတစ်ခြားသူမြင်ရင်
ယုံပါ့မလား။

"ကိုယ် နဲ့ Light ကို မေမေတို့ဆွဲပြုလိုက်ပြီ"

"တကယ်"

ဝမ်းသာသွားတယ်မျက်နာလေးက ကြည်လင်နေပြီး
သူ့နှလုံးခုန်သံကို
ဆူညံသွားစေဖို့လုံလောက်ပါသည်။သူတစ်ဖက်လ

ကဲ့ကလူပ်လို့မရသေးတာမို့

ကောင်းတဲ့လက်တစ်ဖက်နဲ့ သူမပုခုံးလေးကို

ကိုင်ကာ....

"တကယ်ပါ

ကိုယ်ကိုဒီတစ်ကြိမ်တော့ခွင့်လွှတ်ပေးပါ Light

နောက်ကြရင် ဘာကိစ္စပဲဖြစ်ဖြစ် Lightကို

လက်လွှတ်ဖို့ဘယ်တော့မှမရွေးတော့ဘူး

ကတိပေးတယ် "

LayNge

"ပါးကိုယုံတယ် အရမ်းချစ်တာမို့
ပါးရင်ထဲဘယ်လိုခံစားနေရတာသိလို့ စိတ်မဆိုးဘူး
တကယ်တော့ လူတွေနီးခြင်းဝေးခြင်းထက်
တစ်ယောက်ကို တစ်ယောက်ချစ်တာ ခံစားရရင်
အဲ့လူကကိုယ်အနားရှိနေသလိုပဲ ပါး"

"အင်း ကိုယ့်ကိုချစ်ပေးလို့ကျေးဇူးပါ Light
မင်းကကိုယ့်ဘဝရဲ့အလင်းတန်းပါ"

သူမ ပါးစပ်ကသာ
လူခြင်းနီးတာဝေးအအဓိကမဟုတ်မဟုတ်ဆိုတာ

ပြောလိုက်ရပင်မဲ့
ကိုယ်ချစ်တဲ့သူကအနားမှာမရှိဘူးဆိုတဲ့
ခံစားချက်က အရင်တုန်းက တိမ်ယံဘွားနဲ့
နည်းနည်းမှမတူ။

"ပါး လာအိမ်ထဲဝင်ကြမယ်"

သူရဲ့လက်မောင်းကိုကိုင်ကာ
သူမအိမ်ထဲခေါ်လာတယ်ဆို
ဒေါ်မေသန္တာနဲ့တွေ့တာမို့ မသိချင်ယောင်ဆောင်က

LayNge

ညည့်ခန်းက နှစ်ယောက်ထိုင်ဆိုဖာမှာ
ဝင်ထိုင်လိုက်သည်။

"အပြင်မှာတစ်ယောက်ရှိရင် coffee အေး
နှစ်ခွက်လောက်ဖျော်ခဲ့ပေးပါ"

သူအပြင်မှာ
အလုပ်သမားတွေရှိလောက်တာမို့ပြောလိုက်ပြီး
ပါးဘက်လှည့်ကာ....

Lay Nge

"လက်မောင်းကတော်တော်နာနေသေးလား
လက်ရိုးအက်သွားတာဆို"

"အင်း နည်းနည်းပါ
နောက်5ရက်လောက်နေရင်ပတ်တီးဖြည်လို့ရပါပြီ
သိပ်အကြီးအမားကြီး ဖြစ်သွားတာမဟုတ်ဘူး"

"ပါး ဒီကိစ္စကမရိုးဘူးဆိုတာ သိလား
အဲ့ပင်လယ်ဓားမြပေါ်မှာဖြစ်တဲ့ကိစ္စက
လုပ်ကြံတဲ့လူရှိမယ်လို့ထင်တယ်
ပါးကိုဘယ်သူပြဿနာရှာချင်နေတာလည်း"

သူမက လုပ်ကြံထားတယ်ဆိုရိပ်မိသလိုပြောတော့
အပြင်မှာခိုးနားထောင်နေတဲ့
မေရဲ့မျက်နာပျက်သွားရသည်။အဲ့နေ့က
စက်ခန်းထဲဝင်ပြီး ပင်လယ်ဓားမြလှေကို
တာဝန်ယူထားတဲ့သူကို ပိုက်ဆံပေးပြီး ခိုင်းခဲ့တာ။

"အင်း ကိုယ်မှာရန်သူရှိရင်တောင်
ဒီနိုင်ငံမှာမရှိတာသေချာတယ်
အခုကိုယ့်ကိုသက်သက် တမင်လုပ်နေတာ"

"အင်း တစ်ခုခုတော့သေချာတယ် ပါး
တစ်ခုခုတော့သေချာပေါက်လွဲနေပြီ ဒါမှမဟုတ်
Light စဉ်းစားမိတာကိုပြောတာနော် အန်ကယ်တို့
စီးပွားပြိုင်ဖက်တွေများလား"

သူမပြောတာကလည်း ဖြစ်နိုင်ပင်မဲ့ သူကို
ဖေဖေသားဆိုတာ
လူတိုင်းသိတာမှမဟုတ်တာ။ပြီးတော့
မြန်မာပြည်ပြန်ရောက်တာလည်း မကြာသေးဘူး။

"ဖြစ်နိုင်ပါတယ် ဒါပင်မဲ့....."

"မမလေး မမလေး !!!"

သူတို့နှစ်ယောက်စကားပြောနေခိုက် ဝင်လာတဲ့
ခြံစောင့်ကောင်လေးကြောင့်.....

"ဘာဖြစ်လို့လည်း "

"အိမ်ရှေ့မှာ ရဲတွေရောက်နေပါတယ်"

Lay Nge

"ဘာ!!"

ခြံစောင့်ကောင်လေးဆီကစကားကြားပြီးတယ်ဆို
ထအော်တဲ့သူက သူမမဟုတ်ပဲ နေတစင်း။

"မမလေး ဒီမှာသူတို့အလို့ရှိတဲ့
တရားခံရှိနေလို့ပါတဲ့"

သူမကဘာမှမလုပ်တာတဲ့အတွက်
ကြောက်စရာမရှိ။

Lay Nge

"ဝင်လာခိုင်းလိုက်

"ဟုတ်ကဲ့"

ခြံစောင့်ကောင်လေးကမမလေးဆီက
ခွင့်ပြုချက်ရတယ်ဆို ခြံထဲပြန်ဆင်းလာပြီး
ခြံတံခါးကိုဖွင့်ပေးလိုက်သည်။

Ring ~~~Ring~~Ring

LayNge

နေ ရဲတွေအတူတရားခံကိုသိချင်တာမို့
အိမ်ထဲဝင်လိုက်မလို့ရှိသေး
ကုတ်အတွင်းအိတ်ထဲထည့်ထားတဲ့ဖုန်းကမြည်နေ
တာမို့ ယူကြည့်လိုက်တော့ မ ဆီက.....

"Hello မ မောင်အမူကိစ္စလိုက်နေလို့"

"ဟင့် ဟင့် "

သူစကားပြောနေတာကို တစ်ဖက်က
မရဲ့ဦးသံကြားတာမို့သူမှာချက်ခြင်း

အိမ်ပြန်ပြေးချင်စိတ်ပါပေါက်သွားရသည်။သားနဲ့
ဘာဖြစ်ပြန်ပြီလည်းမသိ။

"ဘာဖြစ်လို့လည်း မရဲ့"

"သား ပျောက်သွားလို့ ကားနဲ့ထွက်သွားတာ
ဘယ်သွားတာလည်းမသိ သာထက်ပြောမှသိတာ
လက်ကကောင်းသေးတာမဟုတ်ဘူး "

"ဘယ်လို ဒီကောင်ဘယ်သွားပြန်တာလည်း
အချစ်စိတ်မွန်ပြီး ရူးသွားပြီလားမသိ

ဘာမှစိတ်မပူပါနဲ့ သူအရွယ်ရောက်နေပါပြီ
မောင်ရှာခိုင်းလိုက်မယ်"

"အင်း သားကိုတွေ့အောင်....."

သူမစကားမဆုံးသေးခင် သူကလင်းရိပ်ကိုတို့
အိမ်ပေါ်တီအောက်ရပ်ထားတဲ့ကားကိုကြည့်ကာ
သားရောက်နေတာဖြစ်မှန်းရိပ်မိသွားသည်။

"သိပါတယ် ခင်များသားဘာမှမဖြစ်စရာဘူးသိလား
ဟွန်း လူဆိုးကောင်"

"ဘာ! မောင်!!!"

တီ

သူမကိုစိတ်ဆိုးအောင်တမင်စလိုက်ကာ ဖုန်းကိုချလိုက်ပြီး အရှေ့ကဝင်သွားတဲ့ ရဲတွေနောက်ဝင်လိုက်လာသည်။အိမ်ပေါ်တီအောက်ရောက်တော့ ကားနံပတ်ပြားတွေ့မှ သားရောက်နေတာပိုသေချာသွားသည်။တော်တော်တက်လည်းတက်နိုင်တဲ့ကောင်

လက်တစ်ဖက်လှုပ်မရတာတောင်
ဒီကိုလာလိုက်သေးတယ်။

ည့်ခန်းထဲရဲတွေဝင်လာတယ်ဆို နေတစင်း
လင်းရိပ်ကို ရှေ့ကနေကာရပ်လိုက်ပြီး....

"သူမမှာ
ဘာအပြစ်မှမရှိဘူးကျွန်တော်ဖြစ်တဲ့ကိစ္စကသူဘာ
သာ မတော်တစထိခိုက်မှုပါ"

Lay Nge

"ခဏလေးပါ
မင်းကဒီကိုဘယ်လိုလုပ်ရောက်နေတာလည်း "

ရဲက နားမလည်စွာနေတစင်းကို
မေးတော့သနောက်ကဝင်လာတဲ့နေက
ရဲမှူးနဲ့ယှဉ်ရပ်ကာ...

"နေတစင်း နဲ့ လင်းရိပ်ကို ကချစ်သူတွေ"

"ဖေဖေ"

LayNge

"အန်ကယ်"

နေတစင်း ဖေဖေကိုတွေ့လိုက်တာမို့
အံ့သြသွားရကာ ဘာကိစ္စ Light
တို့အိမ်လိုက်လာရတာလည်း။သူဖေဖေ ဆေးရုံမှာ
ဖုန်းပြောတဲ့စကားကို
ပြန်သတိရလာရသည်။*လင်းရိပ်ကို
ကိုဖမ်းဝရမ်းထုတ်ထားတယ်*တဲ့။

Lay Nge

"ဖေဖေ Light မှာဘာအပြစ်မှမရှိဘူးနော်
သူကိုဘာမှမထိရဘူးနော်
သားသူ့ကိုထိရင်ခံမှာမဟုတ်ဘူး"

ဘာမှရေရေရာရာမသိပဲနဲ့ပြောနေတဲ့နေတစင်းကို
နေ ခေါင်းရမ်းလိုက်ကာ သူကုတ်အင်္ကျီထဲက
ပုံတူပန်းချီကိုထုတ်ကာ..

"လင်းရိပ်ကို သူမကမင်းတို့အိမ်ကလား"

ကို အန်ကယ်ပြတဲ့ပုံတူပန်းချီကို
ပါးနောက်ကနေရှေ့ထွက်လာကာကြည့်လိုက်သည်။
ဒီပုံတူပန်းချီက
မယားပါသမီးရဲ့ပုံဆိုတာသေချာသည်။

"ဟုတ်ပါတယ်
ဒယ်ဒီနောက်အိမ်ထောင်ကနေပါလာတဲ့ မိန်းမပါ"

"ဒါဆို သူမကိုတွေ့ချင်ပါတယ်ပြီးတော့
ဖမ်းဝရမ်းပါတယ်"

Lay Nge

ရဲကဖဝရမ်းကိုပါ လင်းရိပ်ကို
ကိုထုတ်ပြလိုက်တော့
သူမဘာအကြောင်းလည်းမသိပင်မဲ့ အခုလိုဖြစ်တာ
စိတ်ကကတော့ဝမ်းသာမိသည်။သူမ
ရဲကိုခေါင်းငြိမ့်ပြကာ....

"အပြင်မှာတစ်ယောက်ယောက်ရှိလား
ခဏလောက်"

သူမခေါ်တယ်ဆို ညည့်ခန်းထဲကိုဝင်လာတဲ့ မေမိုး။

Lay Nge

"မေမိုး ဟိုသားအမိကိုသွားခေါ်ပေးပါဦး"

"အင်း သမီး"

သူမသွားခေါ် ခိုင်းတယ်ဆို
မေမိုးကည့်ခန်းထဲကပြန်ထွက်သွားပြီး
သူတို့သားအမိရှိတဲ့ရှိထွက်သွားတော့သည်။ကို
ဘာကိစ္စကြောင့်လည်းဆိုတာနားမလည်နာတာမို့
နေကို....

"အန်ကယ် ဘာကြောင့်"

Lay Nge

"သားကို လုပ်ကြံဖို့ခိုင်းစေတဲ့သူက
အဲ့မိန်းကလေးပဲ"

"ဘာ!"

လင်းရိပ်ကို အန်ကယ်ဆီကစကားကြားမှ
ဘာဖြစ်နေတာတွေက
သူ့ဘာသာတိုက်ဆိုင်လို့ဖြစ်တာမဟုတ်ပဲသူမကြောင့်ပေါ့။သူမကို တိုက်ခိုက်ချင်နေတာနဲ့
ဘာမှမဆိုင်တဲ့လူကို ဒီလိုလုပ်တာက

Lay Nge

တော်တော်ကိုဆိုးရွားလွန်သည်။သူမ
ဘာကြောင့်ဆိုတာစဉ်းစားတုန်း
သူတို့သားအမိဝင်လာတယ်ဆို
ဒေါသကထွက်လာကာ ပါးအနားရပ်နေရာက
အဲ့သားအမိနားလျှောက်သွားပြီး.....

"နင် မိန်းမယုတ် !! ဒါက မဆိုင်တဲ့သူကို
ထိခိုက်အောင်လုပ်တဲ့အတွက်"

ဖြန်း ဖြန်း

Lay Nge

သူမရိုက်ချက်ကအားပါတာမို့
မေဆိုတဲ့မိန်းမလဲကျသွားသည်။သူမကလည်း
အဲလောက်လေးလုပ်ရတာနဲ့ မကျေနပ်တာမို့
လဲနေတဲ့ မိန်းမကို ကန်ဖို့ခြေထောက်အလွဲ
အနောက်ကနေပါးက ဆွဲထားတာကြောင့်....

"ပါး လွတ်မဆိုင်တဲ့သူကို ကိုက်တဲ့ ဒီမိန်းမကို
ကျေနပ်အောင်လုပ်မှာ"

နေတစင်း ဆွဲထားတာတောင်မှ
ခြေထောက်ကလှမ်းကန်နေတာမို့

သူမကိုပွေ့ဖိုကြလက်တစ်ဖက်ကနာနေတာ
တစ်ဖက်နဲ့ဆွဲတော့လည်း
မိန်းကလေးမဆန်တဲ့သူမအကြောင်းသိတာမို့ ....

"Light တော်တော့ သူ့အပြစ်နဲ့သူသွားလိမ့်မယ်
ကိုယ်ပြောတာကြားလား"

"မရဘူး မကျေနပ်ဘူး !!
နင်ကိုက်ချင်တာငါမဟုတ်လာ
ဘာလို့ငါ့မကိုက်တာလည်း"

လဲနေတဲ့မိန်းမကလည်း
သူ့အမေပွေ့ထားတဲ့ကြားကနေ Light ကို....

"ဘာဖြစ်လို့လည်းသိလား နင်က
သူ့ကိုအရမ်းချစ်တာလေ
ဒေါက်တာတိမ်ယံဘွားတုန်းကတောင်
သူလောက်မဟုတ်မှန်းသိလို့ ပြီးတော့ သူကလည်း
နင်ကိုကာကွယ်ပေးမဲ့ လူမှန်းသိလို့
သေအောင်သတ်ချင်တာ!!"

Lay Nge

"ဘာ!! ခွေးမ နင်သတ္တိရှိရင်
ငါနဲ့တိုက်ရိုက်ယှဉ်ပြိုင်ပါလား နင်သေဖို့ပြင်ထား!!"

နေတစင်းရဲ့လက်ကိုဆွဲဖြုတ်ကာ
ဘေးကပန်းအိုးကိုကောက်ကိုင်ကာ
ထုမလို့လုပ်လိုက်တယ်ဆို ရဲတွေက သူမကို
ဆွဲထားသည်။ရဲတစ်ယောက်က
သူမလက်ထဲကပန်းအိုးကို ဆွဲယူလိုက်တော့
ရဲတွေလက်ထဲကနေရုန်းထွက်နေတဲ့
သူမလက်ကောက်ဝတ်လေးရဲနေတာ
နေတစင်းတွေ့တာကြောင့်
ရဲတွေကိုလွှတ်ခိုင်းလိုက်ကာ

Lay Nge

သူမကိုရင်ခွင်ထဲလက်ထဲနဲ့ဖက်ကာထည့်ထားလိုက်သည်။

"Light စိတ်လျော့
ကိုယ်လက်တစ်ဖက်မကောင်းသေးလို့
ကိုယ်ကောင်းသွားမှအတူတူချမယ်"

ရဲတွေတောင်
နေတစင်းစကားကြောင့်မျက်ခုံးပင့်ကာ
လိုက်လည်းလိုက်ဖက်တယ်ဆိုတဲ့
ပုံစံနဲ့ကြည့်နေသည်။

Lay Nge

"သူမကို ဖမ်းလိုက်ပါ "

"ကျွန်မ သမီးကဘာလုပ်လို့လည်း"

"လူအသက်ကို သေကြောင်းကြံစည်မှု ပါ အေးဆေးဖမ်းခွင့်ပေးပါ"

"ဟင်အင်း သူမကကိုယ်ဝန်လွယ်ထားရတယ် အဲလိုမလုပ်ပါနဲ့ ဟင့်"

LayNge

ဒေါ်မေသန္တာ
သမီးဖြစ်သူကိုဖက်ထားကမလွတ်ပဲငြင်းနေမိသည်။
သူမတို့သားအမိနှစ်ယောက်ပဲရှိတာ
သမီးကိုသူမအဲလိုအဖြစ်မခံနိုင်။

"လင်းရိပ်ကို အန်တီသမီးကို တောင်းပန်ပါတယ်
သမီးမမကို ကယ်ပေးပါကွယ်"

သူမ ပါးရင်ခွင်ထဲကနေအနောက်က ဒေါ်မေသန္တာရဲ့
အရှက်မရှိပြောရဲတဲ့စကားကြောင့်

ပါးရင်ခံင်ထဲကထွက်ကာ
သူမတို့ဘက်လှည့်လိုက်ပြီး.....

"ရှင်တော်တော်ရီစရာကောင်းပါလား !!
ကျွန်မချစ်သူကို ဒုက္ခပေးထားတာကို
ကျွန်မကကူညီရမယ်လား ဟမ်"

"သမီးရယ် ဘာပဲဖြစ်ဖြစ် သူမဗိုက်ထဲကကလေး...."

LaMge

"ဘာလည်း ဖထွေးနဲ့ အိပ်ပြီးရတဲ့ကလေးကို
ကျွန်မနဲ့ ညီမတော်သွင်းမလို့လား !!
လဲသေလိုက်လေ"

သူမပုံစံက သူစိမ်းတွေအမြင်မှာတော့
ရိုင်းစိုင်းနေတယ်ထင်ရပင်မဲ့ သူမအကြောင်းသိတဲ့
နေတစင်းကတော့သူမလက်လေးကိုင်ကာ
စိတ်လျော့ဖို့ပဲပြောရသည်။

"အမှုကိစ္စက နေလက်ရာ
နဲ့ဆွေးနွေးဖို့ပဲကျွန်တော်တို့ဘက်က

ပြောချင်ပါတယ် အခုတော့ တရားခံကို
ဖမ်းရပါလိမ့်မယ်"

ပြောကာ လဲနေတဲ့ မေကိုရဲမေတွေကဆွဲထူလိုက်က
လက်ထိပ်ခတ်လိုက်သည်။လက်ထိတ်ခတ်ရင်းတန်း
လန်းတောင်....

"ငါ့အခု အပြစ်ခံဖို့အတွက်လိုက်သွားမယ် ဒါပင်မဲ့
အပြစ်ခံရမှာငါတစ်ယောက်ထဲမဟုတ်တာသေချာ
တယ် နေလက်ရာဘက်ကနောင်တမရစေနဲ့"

"ငါတို့ပဲ နောင်တရမလား မင်းပဲမင်းကလေးကို
ထောင်နဲ့မှာမွေးရမှာစဉ်းစားထား !!"

နေပြောပြီးတယ်ဆို ရဲတွေက
မေကိုခေါ်ကာထွက်သွားကြသည်။ကျန်ခဲ့တဲ့
ဒေါ်မေသန္တာမှာလည်း မျက်ရည်တွေကျလျက်
လင်းရိပ်ကို ကိုကြည့်ကာ..

"နင့်ဆုံးဖြတ်ချက်ကြောင့် နင့်အဖေနင့်ကို
ဘာမှမလုပ်ရင်ကံကောင်း ငါ့သမီးကိုယ်ထဲမှာ
နင့်အဖေသွေးသားရှိတယ်"

"အဲ့တော့ ကျုပ်တို့ကကြောက်ရမှာလား
အဲ့လူကဘာကောင်မို့လည်း!"

နေတစင်းရဲ့မာထန်ထန်အသံကို ဒေါ်မေသန္တာက....

"မင်းကတကယ် အဆင့်အတန်းနဲ့မှမလိုက်
အရိုင်းအစိုင်းပဲ မင်းပြောနေတဲ့သူက
မင်းချစ်သူအဖေဆိုတာ"

Lay Nge

"သိတယ်လေ သူမအပေါ်ကိုမကြင်နာတဲ့လူကို
ယောကျ်ားမ မကလို့ ဘာကောင်ဖြစ်ဖြစ်
ဂရုစိုက်နေမှာ မဟုတ်ဘူး ရှင်းတယ်နော် ပြီးနော့
ကျုပ်တို့အတွက်စိတ်ပူမနေနဲ့
ခင်များသမီးအတွက်ပဲစိတ်ပူ!"

သူပြောလိုက်တယ်ဆို ဒေါ်မေသန္တာက လင်းရိပ်ကို
ကိုမကျေမနပ်ကြည့်ကာထွက်သွားတော့သည်။သူ
ဟိုမိန်းမထွက်သွားမှ သူမကိုကြည့်ပြီး.....

"စိတ်လျော့နော် ဘာကိစ္စပဲဖြစ်ဖြစ်ကိုယ်ရှိတယ်"

"အဲ့ ကိုယ်ရှိတယ်ဆိုတာကို နောက်ထား
ငါ့မိန်းမမင်းပျောက်သွားလို့ စိတ်ပူနေတယ်
ပြန်ကြမယ် "

သူမှာ ချစ်သူလေးကို ချော့မြူမလို့ရှိသေး
ထပြောလာတဲ့ ဖေဖေကြောင့် Feeling
တောင်ပျက်သွားရသည်။

"ဖေဖေ အရင်ပြန်လိုက်နော်
သားနှလုံးသားရေးရာကိစ္စ ဖြရှင်းလိုက်ဦးမယ်"

LayNge

"မင်းကိစ္စနောက်မှရှင်း ငါ့မိန်းမငိုနေတယ်
မင်းအဲတာအရင်လိုက်ဖြေရှင်း
ငါမိန်းမကိုငါတောင်အငိုမခံတာ မင်းက
လက်ကသုံးစားမရသေးတာတောင်
ကားမောင်းလာသေးတယ်နော်"

သူ့မိန်းမကို အဖြစ်သည်းနေတဲ့ ဖေဖေကို ...

"ဖေဖေ မိန်းမကို
ဖေဖေဘာသာမျက်ရည်သုတ်ပေးလိုက်လေ

သားလည်း
4ရက်တောင်ခွဲထားရတာသေတော့မယ်"

"အေး သေတော့မယ်ဆိုလည်း သေလိုက် ငါ့မိန်းမ
ကိုမပြောပဲထွက်လာတဲ့ မင်းအပြစ်ပဲ လာပြန်မယ်"

"ဖေဖေ က ဖေဖေ့မိန်းမကိုချစ်သလို သားလည်း
Light ကိုချစ်တယ်လေဗျာ သားချစ်သူလေးကို
ငိုအောင်လုပ်ထားတာ နားလည်ပေးမှပေါ့ ဖေဖေက
ဖေဖေဘဝမှာ ဖေဖေမိန်းမပဲရှိတာလား"

နေတစင်းပြောတာကို
နေကခဏလေးတောင်တွေဝေခြင်းမရှိပဲ
ခေါင်းငြိမ့်ပြလိုက်သည်။တကယ်လည်း သူ့မိန်းမက
သူ့ဘဝမှာအရေးအကြီးဆုံးပင်။

"ဟုတ်တယ် မကငါ့ဘဝရဲ့တန်ဖိုးအရှိဆုံး
နှလုံးသားရဲ့သခင်မ ဒါကြောင့် ငါ့ရဲ့
သခင်မရွှေစိတ်သို့ုးမှာ
သေလောက်အောင်ကြောက်တာမို့ မင်းအိမ်ကို
ငါနဲ့ပြန်လိုက်ခဲ့"

"ဖေဖေ ဗျာ ရက်စက်တယ်
ကိုယ်ချင်းစာစိတ်မရှိဘူး"

နေသားပြောတာကို မျက်ခုံးတစ်ဖက်ပင့်ပြပြီး
အရှေ့ကနေထွက်သွားသည်။

နေတစင်းလည်း
မိဘစကားတစ်ခါမှမပယ်ရှားဘူးတာမို့ Light
ဖက်လှည့်ကာကြည့်လိုက်တော့ Light
ကရီနေသည်။ မျက်နာလေးက

ချစ်စရာကောင်းသလောက် ရီနေလိုက်တော့
ကဗျာမမှီစာမမှီလေးကိုဖြစ်နေတာ။

"Light ကဘာရီတာလည်း "

"ပါး ဖေဖေကို သဘောကျလို့ပါ
သူ့မိန်းမကိုချစ်ကြောင်းပြောနေတာ"

"ကိုယ်လောက်မချစ်တက်ပါဘူး
ကိုယ်ကပိုချစ်တက်တာ"

Lay Nge

ပါးပြောတာကို သူမက နှလုံးသားကခံစားမိတာမို့
ပါးလည်တိုင်ကို လက်ချိတ်ကာ ပါးရဲ့နှုတ်ခမ်းကို
ထိကပ်လိုက်တော့ ပါးက သူမခါးကို
ကောင်းတဲ့လက်တစ်ဖက်နဲ့
ကိုင်ကာတုန့်ပြန်နမ်းနေသည်။

Ring~~~Ring~~~Ring

အိတ်ကပ်ထဲက ဖုန်းမြည်လာတာမို့
နမ်းတာမရပ်ပင်မဲ့ ခါးကိုဖက်ထားတဲ့
လက်ကိုဖြုတ်ကာကြည့်လိုက်တော့ ဖေဖေဆီကမို့

မသိချင်ယောင်ဆောင်ကာ အသံပိတ်လိုက်ပြီး အိတ်ထဲပြန်ထည့်လိုက်သည်။

အွန့်

Public မှာမဟုတ်ပင်မဲ့ ညည့်ခန်းထဲမှာဆိုတော့ အပြင်က အလုပ်သမားအချို့ကလည်း သူတို့နမ်းနေတာမြင်ရသည်။သေချာတာကတော့ ကြည့်နေတည်သိလည်း နှစ်ယောက်လုံးက တစ်ယောက်မှ မရှက်တက်။

"Sorry ဖေဖေ သားကအခု
ဖေဖေ့သားပိသချင်လို့ပါ"

ဟုစိတ်ထဲကနေ ခြိုရှေ့မှာစောင့်နေမဲ့
ဖေဖေကိုတောင်းပန်လိုက်ကာ
နှစ်ဦးသားပတ်ဝန်ကျင်ကိုတောင်မေ့သွားကာ
လှုပတဲ့အနမ်းများကို ပုံဖော်ရင်း.....။

{နေတစင်း စုတ်}

~~~~~~~~~~~~~~~~ 🍓 🍓
~~~~~~~~~~~~~~~~

သားနဲ့ အဖေ ပြိုင်ဘယ်သူနိုင်😣

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ ချစ်ပုံပြင် 🌞

Part_39~~~~🦋

"မင်းဘာကြည့်နေတာလဲ သာထက်"

LayNge

သူအိမ်ထဲဝင်လာတယ်ဆို
ည့်ခန်းမှန်တံခါးကနေအထည့်ကိုကြည့်နေတော့
သူမေးလည်းမေး အနားသွားကာ
အထဲကြည့်လိုက်တော့ မ ခုံလေးကိုမှီပြီး
အဝင်ပေါက်ရှိတဲ့ဘက်ကို လှည့်ထားတာကြောင့်
မျက်နာလေးကထင်းနေသည်။သူဒေါသကထောင်း
ကနဲ့ ထွက်လာကာ.....

Lay Nge

"မင်းကိုငါမေးနေတယ်လေ
မင်းကိုငါကြည့်နေတာကြာပြီ !!
မင်းငါမိန်းမကိုဘာလို့ကြည့်နေတာလည်း !!!"

ပါးစပ်ကလည်းပြော လက်ကလည်း
အင်္ကျီကိုဆောင့်ဆွဲပြီးသား။နေတစင်းလည်း
ဖေဖေကာ အိမ်ကထွက်သွားတုန်းက
ကိုယ့်ဘာသာကားမောင်းသွားတာဆိုပြီး
ပြန်တော့ဖေဖေကားနဲ့လိုက်လာပင်မဲ့ဆင်းတော့
ကိုယ်ဘာသာဆင်းဆိုကာ
ယုတ်မာထားခဲ့တာကြောင့်
မနည်းနာနေတဲ့လက်နဲ့တွန်းဖွင့်ထွက်ရသည်။အခု

အိမ်ထဲဝင်လာတယ်ဆို ဖေဖေက ကိုသာထက်ကို
အော်ငြိုစကနေဆောင့်ဆွဲထားတာမို့...

"ဖေဖေ ဘာဖြစ်နေတာလည်း"

"မင်းငါ့ကိုပြော ဒေါသထွက်နေပြီနော် !!
ငါးငါမိန်းမကို ဘာလို့ကြည့်နေတာလည်း ကဲကွာ"

နေကစိတ်မြန်လက်မြန်မို့ စကားအဆုံး
သာထက်မျက်နှာကို
ဆွဲထိုးချလိုက်သည်။နဂိုကတည်းကသူ့မိန်းမနဲ့ပက်

သက်ရင် ဘယ်သူ့ကိုမှသည်းခံတက်တဲ့
မဟုတ်တဲ့နေ။သူထိုးလိုက်လို့လဲကျသွားတဲ့
သာထက်ကို မကျေနပ်သေးပဲ ဆွဲဆောင့်ပြီးထူကာ
ထက်ထိုးပြန်သည်။

ခွပ်

"ဟမ် ငါ့ကိုဘာကောင်မှတ်နေလည်း
လူကဒီရက်ထဲစိတ်ကသိပ်ကြည်တာမဟုတ်ဘူး !!!"

Lay Nge

ဖေဖေ

ဒေါသထွက်နေတာသူဝင်တားရအောင်လည်း
လက်တစ်ဖက်က ဝင်တားတာနဲ့
ပြန်ဆေးရုံတက်ရမှာ။ဆွဲဆောင့်ထုတ်လိုက်ရင်လ
ည်း သူ့ကအဖေ ကိုယ်ကသား
မလွယ်ဘူးဒီအတိုင်းစိတ်ပြေတဲ့အထိကြည့်နေရမှာ
ပဲ။

ခလွမ်

"ဟာ ဖေဖေ !"

Lay Nge

ဖေဖေက ဒေါသနဲ့ ဘာမှမမြင်နိုင်စွာ
သူကိုယ်တိုင်ပြင်သစ်ကဝယ်လာတဲ့ အလှပန်းအိုးကို
ရိုက်ခွဲပြီး ပန်းအိုးကွဲနဲ့ ကိုသာထက်ကို
ထိုးဖို့လုပ်နေတာကြောင့်
သူကောင်းတဲ့လက်တစ်ဖက်နဲ့ဝင်ဆွဲရတော့သည်။

"ဖေဖေ မလုပ်နဲ့ စိတ်ထိန်းပါ "

"သား!!"

"မောင်!!"

အပေါ်ထက်ကပြေးဆင်းလာတဲ့ ဖိုးဖိုးနဲ့ ဖွားဖွားရေ
ညှော့ခန်းထဲကထွက်လာတဲ့
မေမေတို့။ပန်းအိုးကွဲသံကြားမှသိကြတယ်ထင်သ
ည်။

ဦးနေမင်းလည်း သားဖြစ်သူကို
အတင်းဆွဲနေတာတောင်
နည်းနည်းတောင်ရွေ့မပါလာတဲ့သား။သူ့အသက်က

ငယ်မှမငယ်တော့တာ
ထိန်းဖို့ဘယ်လွယ်ပါ့မလည်း။

"သား ရုပ်စမ်း ဘာလုပ်တာလည်း!!"

"သားရယ် ဘဖြစ်တာလည်း !!"

"မောင်လက်ထဲက ပန်းအိုးကွဲကို လွှတ်ချလိုက်!!"

LayNge

သူဒေါသဘယ်လောက်ထိထွက်နေလည်းဆိုရင်
သူ့မျက်စိထဲ ခဏက သူ့မိန်းမအိပ်နေတာကို
ချောင်းကြည့်နေတာပဲ မျက်လုံးထဲမြင်နေသည်။

"မင်း ငါ့မိန်းမကို ဘာလုပ်ဖို့ကြံနေတာလည်း
ဟမ်!!!"

"မဟုတ်ဘူး အစ်ကိုလေး "

သူကလည်း အနောက်နေ မိဘတွေရော
သဘာဝရော သားကပါဆွဲနေတာမို့

သာထက်အထိုးမခံရသေးတာ။မဟုတ်ရင်
သူ့လည်ပင်းထဲ ပန်းအိုးကွဲကစိုက်နေပြီ။

"မောင်သူဘာလုပ်လို့လည်း !!
မောင်ဘာလို့ကိုယ်ထက် နိမ့်ကျတဲ့သူ
ပြန်တွန်လှန်ဖို့မဖြစ်နိုင်တဲ့သူကို
နှိုင်စားနေရတာလည်း!!!"

သဘာဝလည်း မောင်ကို သူမပြောမှရမှာမို့
စိတ်လွတ်နေတဲ့သူကြားအောင်
အော်ပြောပစ်လိုက်သည်။သူမအော်ပြောတာအလု

ပ်ဖြစ်သွားတယ်ထင်ပါရဲ့ မောင်ကလက်ထဲက
ပန်းအိုးကွဲကို နံရံကို ပစ်ပေါက်ကာ
သူမဘက်လှည့်လာသည်။

ခလွမ်

သူလက်ထဲကကောင်ကို လွတ်ပြီး ဒေါသတွေကို
လက်ထဲကကွဲနေတဲ့ ပန်းအိုးကွဲကိုပဲ ပုံချကာ နံရံကို
ပစ်ပေါက်လိုက်သည်။သူပြီးတော့
မဘက်လှည့်ကာ....

Jay Nge

"မ ကိုကြည့်နေတာဒီကောင် ကျုပ်သာမတွေ့ရင်
ဘာလုပ်မယ်မှန်းမသိဘူး"

"မောင်!! သူများကို
ကိုယ်သံသရတွေနဲ့လိုက်ပြီးထင်မနေနဲ့
သူကြည့်နေတာ တစ်ခုခုဖြစ်နိုင်တာပဲ ပြီးတော့
သူကလား သဘာဝကိုတစ်ခုခုလုပ်မှာ
ဘာမက်မောစရာရှိနေလို့လည်း အခုခေတ်မှာ
မိန်းကလေးချောချောတွေမှ အများကြီး!"

"တောက်စ့် ...ဟုတ်တယ် ကျုပ်ပဲမှားတာ
သာထက်ငါ့မှားတာဟုတ်ပြီလား
ငါဘက်ကပဲတောင်းပန်တယ် !! ခင်များရဲ့
လူမှုန်ပါတယ် ဒီကောင်က
ကိုယ့်စိတ်နဲ့လိုက်နှိုင်းနေတာ!!!"

ဒေါ်လက်ရာလည်း သားပါးစပ်ကထွက်လာတဲ့
စကားက
ဘယ်အဓိပ္ပာယ်သက်ရောက်နေတာသိတာမို့....

"နေမင်းလက်ရာ!!!!"

"သား မင်း!"

မိဘတွေက သူ့ကို စကားဆင်ခြင်ပြောဆိုတဲ့
သတိပေးသံတွေထွက်လာပင်မဲ့ မျက်ကွယ်ပြုကာ
အပေါ်ထက်ကိုတက်လာဖို့ လုပ်လိုက်ပြီး
လှေကားပေါ်တက်ခါနီး
အနောက်လှည့်ကြည့်ကာ.....

"ခင်များအကောင်ကို ကျုပ်နှစ်ချက်ထိုးထားတယ်
မကျေနပ်ရင် ကျုပ်ပါးကို လိုက်ရိုက်!!"

လို့ပြောပြီး
လှေကားပေါ်ဝုန်းဒိုင်းကျဲကာတက်သွားတဲ့နေ။အဖြစ်အပျက်ကမြန်ဆန်သွားတာမို့အကုန်လုံးမှာလား...

"သာထက် မင်းဘာဖြစ်သွားသေးလည်း
နေမင်းလက်ရာအကြောင်းလည်း
မင်းသိတယ်မဟုတ်လား သူ့မိန်းမနဲ့ပက်သက်ရင်
ဆံချည်မျှင်တောင်
သူများကြည့်တာကြိုက်တဲ့ကောင်မဟုတ်ဘူး"

LayNge

ဦးနေမင်း မေးသာမေးလိုက်ရတာ နာခေါင်းနဲ့
ပါးစပ်မှာသွေးတွေကျနေတာ တကယ်
နေမင်းလက်ရာက
အသက်သာကြီးလာတာအရင်အတိုင်းပဲ။

"အစ်မ မောင်လုပ်ရက်အတွက်တောင်းပန်ပါတယ်
သာထက်"

"မမလေး ကိုကျွန်တော်ကတောင်းပန်ရမှာပါ
တကယ်လည်း အစ်ကိုလေးပြောတာမှန်ပါတယ်

မမလေးအိပ်နေတာကိုကြည့်နေမိတာပါ ဒါပင်မဲ့
အဲ့ထက်ပိုဖို့တော့စိတ်ကူးမရှိပါဘူး"

"ဘာကွ!! ခင်များကို
ဖေဖေလုပ်တာနည်းတောင်နည်းသေးတယ်
တောက်စ့်"

သာထက်စကားကြားပြီး သားကပါ
ဒေါသပုန်ထလာကာ လုပ်မယ်ကိုင်မယ်လုပ်တာမို့
သူမက သာထက်ရှေ့ဝင်ရပ်က
သားကိုပြောရတော့သည်။

Lay Nge

"နေတစင်း တော်စမ်း!! သွား
ကိုယ့်အခန်းကိုယ်သွားနေ
လူကြီးတွေကိစ္စဝင်မပါနဲ့"

"မေမေ!"

"သွားလို့ မင်းကိုမေမေပြောနေတယ်နော်!!"

တောက်စ့်

Lay Nge

သူမဆူလိုက်တယ်ဆို အပေါ်ကို ဒေါသထွက်ကာ
တက်သွားတာ ဖအေနဲ့တစ်ချီးထဲ။အရာရာကို
ဒေါသနဲ့ဖြေရှင်းတဲ့ မောင်ကို
သူမမကြိုက်။အခုလည်းကြည့်
သူမကိုပြောသွားတာ သာထက်ကပဲ
သူမနဲ့ပက်သက်နေသလိုလို။

"ကဲ သာထက်မင်းဘက်ကလည်း
ကိုယ့်အပြစ်ကိုယ်သိတယ်ဆိုတော့
မင်းကိုအလုပ်တော့မထုတ်ဘူး ဒါပင်မဲ့

ဒီမှာမနေရတော့ဘူး စက်ရုံကိုသွားရမယ်
စက်ရုံကကားမောင်းပေါ့ ဒီမှာဆို
သားနဲ့ကမဖြစ်ဘူး"

ဦးနေမင်းကပြောတော့
ခေါင်းငြိမ့်လက်ခံရှာသည်။သူမလည်း
ဘာမှမဟုတ်တဲ့ကိစ္စနဲ့
တစ်ခြားတစ်နေရာပြောင်းရမှာဆိုတော့
စိတ်မကောင်း။ကြည့်တာလေးနဲ့
သူများမိသားစုတစ်ကွဲတစ်ပြားနေရတော့မယ်။နှိုင်း
ယှဉ်တို့ကလည်း

ဒီအိမ်မှာသူမမလာခင်ကတည်းကရှိနေတာ
အဲ့မျက်နာတွေတောင် မောင်ကမထောက်။

"ကို ဖြစ်ပါ့မလား စက်ရုံကလည်း
သားဦးစီးနေတာလေ"

လက်ရာက သားအကြောင်းကို သိတာမို့ ပြောတော့
ဦးနေမင်းက မျက်မှောင်ကုတ်ပြန်ကြည့်ပြီး....

"လက်ရာ သားကအဲ့လောက်စရိုက်မဆန်ဘူး
သူအကြောင်း ကိုယ်မင်းထက်သိတယ်

Lay Nge

သူဘာလုပ်လုပ်
ကိုယ်အနောက်ကအမြဲနောက်ယောင်ခံထားပြီးသား
"

ပြောက
ဖေဖေကသူ့အခန်းဘက်သူလျှောက်သွားကာ
ထွက်သွားသည်။သူမ နဲ့
မေမေလည်းသက်ပြင်းချယုံသာရှိတော့သည်။

Ring~~Ring~~Ring

LayNge

နေဒေါသကအခန်းထဲရောက်တဲ့အထိမပြေသေး
တာမို့ ရေချိုးဖို့ ကုတ်ကိုချွတ်နေစဉ်
ဖုန်းမြည်လာတာကြောင့် Number
မကြည့်ပဲကိုင်လိုက်သည်။

"Hello!!"

{A/N
ချစ်စရာကောင်းသောအသံလေးနဲ့ပြောလိုက်သည်
😟}

Lay Nge

တစ်ဖက်က လွှာမှာ
လူကြီးအသံကအရင်လိုပြန်မာနေတာကြောင့်စ
ကားပြောရမှာတောင်လန့်သွားရသည်။ဒီရက်ပိုင်းလ
ည်း လူကြီး ကသူ့သားဆေးရုံတက်နေတာနဲ့
အလုပ်ရှုပ်နေတာသိတာမို့
စိတ်ဒုက္ခမပေးချင်တာနဲ့ငြိမ်နေခဲ့တာ။အခုဖုန်းဆက်
တယ်ဆိုကြားရတဲ့အသံက...

"ဘယ်သူလည်း ဘာကိစ္စလည်း
ပါးစပ်မပါဘူးလား!!"

"လွှာ လွှာပါ"

"မင်း ဘာကိစ္စလည်းပြောစရာရှိလား မြန်မြန်ပြော ငါဒီမှာအဆင်ပြေမနေဘူး "

သူမနာမည်ပြောလိုက်တယ်ဆို
အသံမာတာလျော့သွားတဲ့ လူကြီးကြောင့်
သူမပြုံးမိတဲ့အပြင် ကိုယ်ရင်ဘက်တောင်
ကိုယ်ပြန်ဖိထားရသည်။ရင်ထဲမှာ ကြည်နူးတာလား
ကိုယ့်အတွက် စိတ်လျော့သွားတာလေးနဲ့။

"ဟုတ် လူကြီးကိုတွေ့ချင်လို့လေ company
မှာသွားရှာတာလည်း မလာဘူးဆိုလို့"

သူမဘာကြောင့်မလာတာ သိပင်မဲ့
လူကြီးရဲ့နှုတ်ကထွက်မဲ့စကားသံလေးကို
ကြားချင်တာမို့ ပြောလိုက်သည်။

"အင်း သားဆေးရုံတက်ရလို့
ဒီနေ့မှပြန်ဆင်းလာတာ တွေ့ချင်ရင် မနက်ဖြန်ငါ
Company မှာရှိနေမယ်"

"ဟုတ် ဟုတ် လူကြီး"

သူမလူကြီးဆီက ဖြေရှင်းသံလေးကြောင့်
စိတ်ထဲနွေးထွေးသွားရကာ ဖုန်းကို
ချလိုက်သည်။သူမမျက်ဝန်းလေးမှာလည်း
ကိုယ်ချစ်ရသူက ကိုယ့်အပေါ်သတိထားမိလာတာ
ဘယ်လောက်ပျော်နေလည်းဆိုတာသိသာသည်။

"ကျစ် အရှုပ်တွေ!!"

ပြောကာ ဖုန်းကိုကုတင်ပေါ်ချကာ
ကုတ်ကိုခွတ်လိုက်သည်။သူကုတ်ခွတ်ပြီးတော့
အောက်က shirt လက်က
ကြယ်သီးတွေကိုဖြုတ်ပြီး
ရင်ဘက်ကကြယ်သီးတွေပါဖြုတ်နေသည်။သူအ
ကြောင်းသာမရှိရင် အဲ့မိန်းကလေးကိုစကားပြောဖို့
စိတ်ကူးတောင်အရှိ။

"မောင်! ခဏစကားပြန်ရှင်း"

Lay Nge

သူအကျိုကြယ်သီးဖြုတ်ရင်း
အနောက်ကစကားသံကြောင့်
လှည့်ကြည့်လိုက်မိသည်။သူကို
ဒေါသမျက်ဝန်းတွေနဲ့ကြည့်ကာပြောနေတဲ့မ။

"ရှင်းစရာဘာမှလုပ်ထားတဟ် မထင်ဘူး
ရေချိုးမလို့!"

နေကလည်း ဒေါသကမပြေသေးတာမို့ မအပေါ်
ဘာစကားမှထက်မလွန်ချင်တာကြောင့်
ရှောင်ထွက်ဖို့ပြင်ပင်မဲ့ သူမက သူရှေ့ပိတ်ရပ်သည်။

"ဘာလို့ကိုယ်စိတ်ထဲထင်နေတာကို
ဖြစ်နေတယ်လို့မြင်နေတာလည်း
ဘာမှမဟုတ်တဲ့ကိစ္စတစ်ခုအတွက်နဲ့ သူများ
တစ်ခြားနေရောပြောင်းရတော့ ကောင်းလား!!"

"ကောင်းတယ် မမြင်ရတော့ဘူးပေါ့ !!"

နေကလည်း သူမပြောတာကိုစိတ်ထဲရှိတဲ့အတိုင်း
ချက်ခြင်း ပြန်ပြောလိုက်သည်။

"မောင်!!!!"

"အဲ့ဘာမှမဟုတ်တဲ့
အလုပ်သမားတစ်ယောက်အတွက်
ကျုပ်ကိုလာမအော်နဲ့!!"

သူမအော်သလိုပြန်မအော်ပင်မဲ့ နေအသံကလည်း
ပုံမှန်မဟုတ်တာတော့သေချာသည်။နေလည်း
အဲ့လိုတွေဖြစ်မှာဆိုးလို့ ရှောင်ထွက်တာကို သူမကို
အတင်းရှေ့ကပိတ်နေတာ။

Lay Nge

"ဘာ ! အလုပ်သမားဟုတ်လား မောင်
သူကမောင်တို့မိသားစုအပေါ်
အကောင်းဆုံးသူတက်နိုင်တာလုပ်ပေးခဲ့တာပဲလေ!"

"အဲ့အထဲ
ခင်များကိုကြည့်ဖို့မပါတာတော့သေချာတယ်!!"

"ကိုယ်စိတ်ထဲထင်နေတာနဲ့
သူများကိုမနှိုင်းနဲ့မောင်!!"

JayNge

"နှိုင်းတော့ဘာဖြစ်လဲ
ကျုပ်ကလည်းတွေ့သမျှမိန်းမလိုက်ငမ်းနေတဲ့ကောင်ဆိုတော့ ကိုယ်စိတ်နဲ့လိုက်နှိုင်းနေတာလေ!!"

"သဘာဝကို မရွဲ့နဲ့မောင်!!"

"ရွဲ့တော့ဘာဖြစ်လဲ
ခင်များအဲ့အကောင်ထိလို့နာနေတာလေ
ဘာလည်းကျုပ်ကခင်များအကောင်ကို
မသွားပါနဲ့ဆိုပြီး ထိုင်ကန်တော့ရဦးမှာလား!!!"

ဖြန်း....

သူမဒီစကားကိုရှင်းခိုင်းနေတာကို
ဒီစကားထက်ပြောတဲ့ မောင့်ကို
ပါးရိုက်ချလိုက်သည်။သူမပါးကို ရိုက်လိုက်မိမှ
မရည်ရွယ်ပဲဖြစ်သွားပင်မဲ့ မောင်ကတော့.....

"ဟွန်း တစ်ချက် အဲ့ကောင်ကို
ကျုပ်နှစ်ချက်ထိုးတာ
လုပ်နောက်ပါးတစ်ဖက်ကျန်သေးတယ်

ရိုက်လိုက်!!! ခင်များအကောင်အတွက် ရိုက်လိုက်
!!!!"

နေကဒေါသတကြီး အော်ပြီး သူပါးတစ်ဖက်ကို
သူမဆီတိုးပေးလိုက်တော့
သူမမျက်ရည်တွေကျလာသည်။သူမ
ပါးတစ်ဖက်ထက်ထိုးပေးတာကြောင့်
သူရင်ဘက်ကို တွန်းထုတ်လိုက်ပြီး.....

"ခင်များအကောင် ခင်များအကောင်
ဆိုတဲ့စကားကိုမပြောနဲ့ မောင် ဟင့်

မောင်ပြောနေတာက သဘာဝ သာထက်နဲ့
ဖောက်ပြန်နေတဲ့အတိုင်း !!"

"ကျုပ်ပါးကိုတောင်
သူ့အတွက်ရိုက်ရက်သေးတာပဲ
ဟုတ်ချင်ဟုတ်နေမှာပေါ့ !"

နေတစ်ခြားသူအတွက်နဲ့ သူပါးကို
သူမကရိုက်လိုက်တော့ ပါးကပူထူသွားတဲ့
ခံစားမှုထက် နှလုံးသားကနာကျင်သွားရတာက

ပိုနာသည်။ဒါကြောင့်လည်း မဟုတ်မှန်းသိရက် နဲ့ ပါးစပ်ထဲရှိတဲ့အတိုင်းပြောချလိုက်သည်။

သူမ မောင့်စကားကြောင့်
ရှေ့ဆက်ပြောဖို့ရာစကားမရှိတော့။သူမသိပ်ချစ်ရတဲ့
ယောကျ်ားရဲ့ပါးစပ်ကထွက်လာတဲ့စကားကမယုံနိုင်စရာ။သူမအပေါ် အစစအရာရာ သည်းခံပေးတဲ့ မောင်ဆီကစကားက သူမရင်ထဲနာကျင်မှုတွေက တလိမ့်လိမ့်။

"အဟင့် ဟင့် ဟင့် မောင်ပြောရက်တယ် ဟင့်"

သူ သူမငိုသံကို
ကျောခိုင်းလိုက်ကာရေချိုးခန်းထဲဝင်သွားတော့သ
ည်။သူမတို့ အိမ်ထောင်ရေးတစ်လျှောက်လုံးမှာ
တစ်ယောက်နဲ့တစ်ယောက်စိတ်ဆိုးစိတ်ကောက်
တာတွေရှိပင်မဲ့
ဒီလိုမျိုးတစ်ခါမှစကားမများဘူးပေ။သူမဘက်က
လက်ပါပြီး အရင်လွန်သွားမှန်းသိပင်မဲ့
ဖောက်ပြန်နေတယ်လို့
ပြောမယ်လို့တကယ်မထင်ခဲ့တာ။

"လင်းရိပ်ကို!! မေ
ကိစ္စကဘယ်လိုဖြစ်ရတာလည်း!"

ရဲကလာခေါ်သွားတာက ညနေကမှ
မိုးတောင်မချုပ်သေး
တစ်ခြားမြို့ကနေချက်ခြင်းပြန်လာကာ သူမကို
သူ့မိန်းမလို့ပြောလို့ရတဲ့
မယားပါသမီးအကြောင်းမေးတယ်ဆို.....

"နေလက်ရာ ဘက်ကတရားစွဲထားတာ
နေတစင်းကို
အသက်သေဆုံးနိုင်တဲ့အထိလုပ်ကြံဖို့ခိုင်းစေမှုနဲ့ "

"နင်ဒီကိစ္စမှာ မပါတာသေချာရဲ့လား!"

ဒယ်ဒီကအမှုကိစ္စကို သူမကိုလာမေးနေတာမို့
ဒို့ပြဿနာတွေရင်ဆိုင်ဖို့သူမကအဖြေကြိုရှာသား
ပြီးသား။

Lay Nge

"မပါပင်မဲ့
နေလက်ရာဘက်ကအမှုရုတ်သိမ်းရင်တောင်
သမီးကတရားစွဲမှာတော့သေချာတယ် ဒယ်ဒီ"

"နင် လင်းရိပ်ကို!! ခွေးမ သမီးမိုက်"

သူမ ဒယ်ဒီပြောနေတာကမထူးဆန်းတော့တာမို့
နှလုံးသားကလိုက်ပြီး
ခံစားမနေတော့ဘူး။သူမဘဝမှာ မျက်ရည်ဆိုတာ
ဒယ်ဒီနဲ့ပက်သက်ရင်ခမ်းသွားခဲ့ပြီ။ဒယ်ဒီဆီက

မေတ္တာမှမရမှတော့ နာကျင်မှုတွေကို
ပဲတပွေ့တပိုက်ယူဖို့သာဆုံးဖြတ်ထားသည်။

"ဟုတ် ပါတယ်ဒယ်ဒီ
သမီးကမလိမ္မာတဲ့သမီးတစ်ယောက်ပါ
ဒယ်ဒီချစ်တဲ့သူတွေကိုလည်းမချစ်နိုင်ဘူး
ဒယ်ဒီဖြစ်စေချင်တဲ့ စင်ဒရဲလားလည်း
မဖြစ်ဘူးလေ"

သမီးဖြစ်သူက အရမ်းလို
ကတ်ကတ်လန်မဟုတ်တော့ပဲ

တည်ငြိမ်ပြီပြောလာတော့ သူကို
ရွဲ့တာအသိသားကြီး။သမီးဒီ 3နှစ်အတွင်း
ပြောင်းလဲလာတဲ့ပုံစံက တကယ်ကြောက်စရာ။

"မေမှာ ကိုယ်ဝန်နဲ့မသိဘူးလား အဲ့ကလေးက
နင့်နဲ့မောင်နှမတော်စက်တာလေ
နင့်မှာကြင်နာတက်တဲ့စိတ်တကယ်မရှိပါလား ဟမ်"

"အဲ့ ကိုယ်ဝန်သည်ကရော အပြစ်မရှိတဲ့
သမီးချစ်သူကိုဘာလို့ အသက်အန္တရာယ်ပေးလည်း
ဒယ်ဒီလည်း သူတို့သားအမိကိုချစ်သလို

သမီးလည်း ပါး ကုံချစ်တယ် ပါးမိသားစုကလည်း
ပါးကို ချစ်တာပဲ ဒယ်ဒီစိတ်ပူသလို ပါးကိုလည်း
သမီးတို့စိတ်ပူတာပဲ ကိုယ်ချင်းစာတရားဆိုတာ
သမီးထက် ဒေါ်မေသန္တာတို့ကို
အရင်သင်ပေးရမယ်ထင်တယ်"

လင်းရိပ်ကို ကိုဘယ်လိုဆုံးမလို့
ဆုံးမရမှန်းသူမသိတော့။ဘယ်တော့ဖြစ်ဖြစ်
သမီးကို ယဉ်ကျေးသိမ်မွေ့တဲ့
မိန်းကလေးပဲဖြစ်စေချင်ခဲ့တာ။အခုတော့
သမီးကသူထင်သလိုမျိုး မဖြစ်တဲ့အပြင်

စာနာစိတ်ဆိုတာ သူပေါ်မှာ စာနာမှ
ပြန်စာနာမဲ့သူမျိုး.....။

~~~~~~~~~~~~~~~ 🌷 🌷

challenge ခေါ်မယ် မနက်ဖြန် 2 ပိုင်းတင်စေရင်
Like က 600 & comment 100 ရရင် 😻

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ ချစ်ပုံပြင် 🌞

LayNge
~~~~~~~~~~~~~~~

Part_40~~~~ 🦋

သူမ ညနေကဖြစ်တဲ့ကိစ္စကြောင့်
12နာရီထိုးတာတောင်
အိပ်မပျော်နိုင်ဖြစ်နေရသည်။သူမ
အခုစိတ်ဆိုးပြေသွားပင်မဲ့ ချစ်ရတဲ့သူက
ဥပက္ခာပြုထားတာမို့
ဝမ်းနည်းရသည်။အမြဲတမ်းစပြီး
လက်ထက်တဲ့အချိန်ကတည်းက သူမကို
ကလေးတစ်ယောက်လို သူ့ရင်ခွင်ထဲ

ထည့်အိပ်တဲ့မောင်က အခုသူမကို
ကျောပေးအိပ်နေသည်တဲ့။သူမမျက်ရည်တွေကျ
ကာ
ဘေးစောင်းလေးသူ့ကျောပြင်ကိုကြည့်လဲ့နေရာမှ
ထပြီး စောင်မခြုံပဲအိပ်နေတဲ့
သူအပေါ်စောင်လေးလွှားပေးလိုက်သည်။စောင်
လေးကို ခါးနားအထိခြုံပေးပြီးတယ်ဆို
သူမရိုက်လိုက်တဲ့ ပါးပြင်လေးကို
သူမသူ့အနားထိုးကာ ကြည့်လိုက်သည်။

"ဟင့် တောင်းပန်ပါတယ် မရည်ရွယ်ပါဘူး
မောင်ရယ်"

သူမ သူ့ပါပြင်လေးကိုလက်လေးနဲ့
ထိယုံလေးလေးကိုင်ကာပြောနေမိသည်။

ဒီလိုဖြစ်ပျက်သွားတာ သူမအိပ်မပျော်သလို
နေလည်း အိပ်ပျော်မနေပါ။သူမလက်လေး
သူပါးကိုထိတွေ့ပြီး စကားပြောနေကအစ
စောင်ခြုံပေးတာတွေပါသူသိသည်။သူရင်ထဲလည်း
သူမငိုနေတာကို
ရင်နာနေရတာပါ။သူမလေးလုပ်ချင်တာ

ပြောချင်တာပြောရအောင်သာ
သူအိပ်ချင်ယောင်ဆောင်နေရတာ။

"ဟင့် ဟင့် မောင်သိလား သဘာဝလေ
အဲ့စကားတွေကို တစ်ခြားသူပြောရင်
ဂရုစိုက်နေမှာမဟုတ်ဘူး ဒါပင်မဲ့ မောင့်ပြောတာမို့
ခံစားရတယ် အရွယ်တွေမငယ်တော့တာ သိတယ်
ဒါပင်မဲ့ ဟင့် ဟင့် ရင့်ကျက်သင့်ပြီဆိုပင်မဲ့
တကယ်နာကျင်နေရတာ ဟင့် ဟင့်"

Lay Nge

သူမလေးကဟိုသံကို သူနိုးမှာဆိုးလို့ထင်သည်
ပါးစပ်ကလေးကိုလက်တစ်ဖက်နဲ့အုတ်ကာငိုနေရှာ
သည်။သူညနေကကိစ္စမကျေနပ်သေးတာမို့
ပြန်ချော့ချင်ပင်မဲ့ တင်းခံထားသည်။

သူမမောင်နိုးသွားမှာဆိုးတာမို့ မျက်ရည်တွေကာ
မောင်နောက်ကျောမှကပ်လဲ့လိုက်ပြီး
မောင့်ခါးကိုဖက်ကာ
သူကျောပြင်မှာမျက်နာအပ်ကာ
မျက်လုံးမိတ်လိုက်သည်။သူမအတွက်
သူ့ရင်ခွင်မဟုတ်ရင်တောင်

သူ့ကျောပြင်ဆိုတဲ့အသိနဲ့တင်
သူမအိပ်ပျော်ဖို့လုံလောက်ပြီ။

ခဏကြာတော့ သူခါးကိုဖက်ကာ
သူကျောပြင်ကိုမျက်နှာအပ်ကာ အိပ်ပျော်သွားတဲ့
မကြောင့် သူပါအိပ်ပျော်ဖို့ကြိုးစားရသည်။

မောင်ကိုခဏတော့ စိတ်ဆိုးခွင့်တော့ပေးပါဦး....။

Lay Nge

မနက်ရောက်တော့
အကုန်လုံးမနက်စာစားဖို့ရောက်နေပင်မဲ့
ရောက်မလာသူကတော့ နေပင်။

"သမီး သားရောဆင်းမလာသေးဘူးလား"

မေမေမေးတာကို သူမခေါင်းငြိမ့်ပြလိုက်ပြီး
ကျန်တဲ့သူတွေစားဖို့ပြင်ဆင်ပေးကာ သူစားဖို့လည်း
အဆင့်သင့်ပြင်ထားလိုက်သည်။မနက်ပိုင်းအချိန်က
သူကိုယ်ရေးကိုယ်တာသူဘာသာလုပ်ပြီး
အမြဲဆင်းလာနေကြသူကာ

Jay Nge

အခုမနက်မဆင်းလာတော့ မိဘတွေကလည်း သူမမျက်နာကိုကြည့်နေကြသည်။

သူမကိုမေးပြီးမကြာ Style ဘောင်းဘီအနက် ရောင်နဲ့ ဆွဲသား Shirt လက်တိုကိုယ်ကြပ်ကို တွဲဝတ်ပြီး ထမင်းစားခန်းထဲဝင်လာတဲ့နေသည်။

"သား မင်းဒီနေ့နောက်ကျပါလား company မသွားဘူးလား မင်းကဒီလိုဝတ်ထားတာ"

"သွားမှာပါ ဒီပုံစံအတိုင်းသွားမှာ
ပြီးတော့မနက်စာမစားတော့ဘူး company မှာပဲ
Hotel ကနေပို့ခိုင်းလိုက်တော့မယ် ပြီးတော့
ဒီညအိမ်ပြန်မိုးချုပ်မယ်
အဲတာပြောချင်လို့ဝင်လာတာ ကျွန်တော်သွားပြီ"

ပြောကာ
သူကိုကြည့်နေတဲ့သူမကိုတစ်ချက်ဝေ့ကြည့်ကာ
လှည့်အထွက်...

"ဖေဖေ သားပြောစရာရှိလို့"

သူကိုသားက
ခေါ်တယ်ဆိုရောက်တဲ့နေရာမှာရပ်နေလိုက်သည်။

နေတစင်း ထမင်းဝိုင်းကနေ
ဖေဖေရှေ့လျှောက်သွားကာ
ဖေဖေမျက်နာကြည့်လိုက်တော့မျက်နာပျက်နေတာ
မို့ သူရိပ်မိသည်။သူဖေဖေ Style
ဒီနေ့ပုံမှန်မဟုတ်တာမို့...

Lay Nge

"ဖေဖေ Company လား Club
လားဝတ်စားထားတာလန်းတယ် သားလန်းဖို့လည်း
လျော့ပါဦး"

နေသူ့ရှေ့လာပြီး မျက်ခွက်ရူးနေတဲ့သားကို
အခုအချိန်မှာ မိန်းမနဲ့အဆင်မပြေရကြားထဲ
အဲ့ကောင်လုပ်ပြနေတာက မျက်လုံးထဲကန့်လန့်။

"Club သွားစရာမလိုဘူး company
မှာထိုင်နေရင်တောင် ငါက wellcome ဆိုရင်
လာမဲ့သူတွေကတစ်ပုံကြီး ရှင်းလား"

"ဆက်ဆံရေးတွေ စိမ်းကားနေတယ်နော် ဖေဖေ"

"အဲ့တော့ မင်းကဘာဖြစ်ချင်နေတာလည်း"

ဖေဖေကသူကို ရုပ်တည်ကြီးနဲ့ ပြန်မေးနေတာမို့ ကျောချမ်းသွားရသည်။ဖေဖေနေရာမှာတစ်ခြားတစ်ယောက်ဆို သူပြန်ကြည့်နိုင်ပင် အဖေဆိုတဲ့ ဝါကသူ့ထက်မြင့်နေတော့ ..

"ဘာမှမဖြစ်ချင်ပါဘူး စတာ "

နေ သားဖြစ်သူကို မကြည်ကြည့်ကာ
ရှောင်ထွက်လာလိုက်သည်။လူကစိတ်ကသိပ်ကြည်
နေတာမဟုတ်။အဲ့ကောင်ကလည်း သူ့အတိုင်းပင်
အဖေဒေါသထွက်နေတာလည်း
စနိုင်သေးသည်။တကယ်ကို
သူနဲ့အရာရာကိုတူနိုင်လွန်းသည်။

"မဖြစ်နိုင်ပါဘူး အန်ကယ်
ကျွန်တော်ကဦးနေမင်းလက်ရာ ရဲ့ရှေ့နေပါ

အန်ကယ်ပေးတဲ့ငွေလည်းမမှတ်ပါဘူး ဒါက
ရှေ့နေတစ်ယောက်ကျင့်ဝတ်နဲ့လည်းမညီဘူး"

သူ့စေရာ တစ်ဖက်က
တရားခံမိသားစုကတွေ့ချင်တယ်ဆိုလို့သာ
ချိန်းထားတဲ့ coffee ဆိုင်ရောင်လာတယ်ဆို
အမူကိစ္စမပြောခင်ကတည်းကသူ့ကိုသက်သေတွေ
ကအများတွေဆိုတာကို
ပိုက်ဆံပေးပြောခိုင်းနေခြင်း။

"ဒါပင်မဲ့ သူမမှာကိုယ်ဝန်နဲ့မို့ပါ
အန်ကယ်ကိုကူညီပါကွာ"

"အဲတာကျွန်တော်ကိုလာပြောတာထက်
နေလက်ရာမိသားစုကိုသွားတောင်းပန်တာကအ
ကောင်းဆုံးဖြစ်မယ်ထင်တယ်"

ချောမောမူကို ထင်ဟက်စေတဲ့
ဆံပင်ကလှန်တင်ထားတာကြောင့် သူ့စေရာမှာ
Shirt အဖြူလက်ရှည်လေးနဲ့
လိုက်ဖက်လှသည်။သူ့ဘဝမှာ မကောင်းတာဆိုလို့

သူချစ်တဲ့ baby ကို မတရားရယူထားတာကလွဲ
ကျန်တာအကုန်ကောင်းသည်။

"ဒါပင်မဲ့"

"ဒါပင်မဲ့ဆိုတာ မရှိဘူး အန်ကယ်
ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်အမူသည်က
တရားခံမဟုတ်တဲ့အတွက် ကျွန်တော်ကတော့
မှန်ရာပဲလိုက်မှာပဲ အန်ကယ်တို့လည်း
ပိုက်ဆံတက်နိုင်နေတာပဲ ကျွန်တော်ထက် ဝါရင့်တဲ့

ဒါမှမဟုတ် နာမည်ကြီးတဲ့ ရှေ့နေဌားလိုက်ပါ
ပိုအသုံးဝင်လိမ့်မယ်"

"ဟုတ်ပြီ ညှိနှိုင်းလို့မရတော့လည်း
ဘာတက်နိုင်မှာလည်း အမှုရင်ဆိုင်ယုံပေါ့"

သူ့အရှေ့က လူကာစိတ်ပျက်စွာပြောလာတာကို
သူကြည့်နေမိသည်။သူဒီလိုအဖြစ်မျိုးတွေအခါတစ်
ရာမကသူတွေ့ဖူးတာမို့မထူးဆန်းတော့။သူများကို
ဒုက္ခမပေးခက်ကြုံတွေးခဲ့ရင်
ဒီလိုဖြစ်လာမှာမဟုတ်။

~~~Ring~~~Ring~~~Ring

သူ့စေရာ ဖုန်မြည်လာလို့ Baby လေးဆီကမို့....

"ရှေ့နေစုတ်ကြီး ပြန်မလာသေးဘူးလား
ရှင်လုပ်ထားတာ ရှင်ပြန်လာပြီး တာဝန်ယူနော်"

သူဖုန်းကိုင်လိုက်တယ်ဆို Baby
လေးဆီကအသံစာစာလေးကဖုန်းထဲကထွက်လာ
သည်။သူမအပြောကို သူကသဘောကျနေကာ....
~~~

"ဘာလို့လည်း Baby ရဲ့"

"လူယုတ်မာရှေ့နေတရားသူကြီး ပေါက်စ ရှင်
မြန်မာပြည်သွားမဲ့ ညက ရှင်နာဘူးထသွားတာလေ
ဆေးမသောက်ရသေးဘူးအခုထိ
ဗိုက်ကြီးတော့မယ်ထင်တယ်
ရှင်မြန်မြန်ပြန်လာနော်
လူယုတ်မာတရားသူကြီးပေါက်စ!"

ပဲရစ်ကနေသူ့ကို လှမ်းပြီးပြဿနာရှာနေတဲ့ baby ဆရာဝန်မလေးကို သူမစိတ်ချမ်းသာအောင်သူကပဲ လူယုတ်မာကြီးအဖြစ်ခံလိုက်မှပဲ။

"ဟုတ်ပါတယ် ကိုယ်ကလူယုတ်မာကြီး
ဖိုက်ကြီးအောင်လုပ်တာ
ဖိုက်ကြီးရင်တာဝန်ယူမယ်နော်
ကိုယ်အမှုပြီးတာနဲ့ပြန်လာမယ် နော် baby
ဒေါက်တာပူတူးလေး"

Lay Nge

သူမှာလည်း Speaker ကြီးဖွင့်ထားတာမို့ baby အော်သံက coffee

ဆိုင်အထဲကလူတွေတောင်မှသူ့ကိုလှည့်ကြည့်နဲ့။

သူ့စေရာလည်း

ဘယ်သူတွေဘယ်လိုကြည့်ကြည့်ဂရုစိုက်မနေတော့ပဲ ပဲရစ်က ပူတူးလေးကို

1နာရီလောက်ချော့တောမူလိုက်ရသည်.....။

"CEO ကျွန်တော်ကိုခေါ်တယ်ဆိုလို"

"အင်း ထိုင်ဦး"

နေ ထိုင်ခိုင်းတယ်ဆို
ဝန်ထမ်းကောင်လေးကသူ့ရှေ့ကခုံမှာဝင်ထိုင်သည်။

"မင်းကငါအယုံကြည်ရဆုံးလူတစ်ယောက်မို့
မင်းကိုအကူအညီတစ်ခုတောင်းစရာရှိလို့ "

"ရပါတယ် ကျွန်တော်လုပ်နိုင်တာဆိုကူညီပါ့မယ် "

"အင်း မင်း Shine Group သိတယ်မဟုတ်လား"

ဝန်ထမ်းကောင်လေးက
သိတာမို့ခေါင်းငြိမ့်ပြသည်။Shine Group
ဆိုတာမသိစရာအကြောင်းမှမရှိတာ။NayLatYar
နဲ့အပြိုင် ခေတ်ရှေ့ပြေးနေတဲ့ Group
တစ်ခုဆိုတော့ သူတင်မဟုတ် company
လုံးကလူတွေတောင်သိသည်။

"အဲ့ company ကိုမင်းသွားရမယ်"

"ဗျာ"

သူ့ကိုအလုပ်ထုတ်တယ်ထင်ပြီး
အံ့သြတကြီးဖြစ်နေတဲ့ ဝန်ထမ်းကောင်လေးကို...

"ငါပြောတာက မင်းအဲ့မှာနေလက်ရာက
စပိုင်အနေနဲ့ အလုပ်သွားလုပ်ရမှာ
အခုအဲ့မှာအလုပ်ခေါ်နေတယ်
မင်းအရည်အချင်းနဲ့ဆိုအလုပ်ရမှာ ငါသိတယ်
ဒါကြောင့် ငါမင်းကိုအကူအညီတောင်းတာ"

LayNge

"ဟုတ်ကဲ့ အဆင်သင့်ပါ CEO
ကျွန်တော်ဘာလုပ်ရမလည်းဆိုတာကိုပဲပြောပါ"

"Shine Group နဲ့လက်တွဲမဲ့
ပါတနာမှန်သမျှကိုအကုန်သိချင်တယ်
ပြည်တွင်းကမဟုတ်တဲ့ ပြည်ပက "

နေကလမ်းစလေး ဖောက်ပေးလိုက်တာနဲ့
ဝန်ထမ်းလေးကလည်း သူလက်အောက်မှာ
လုပ်လာတာ လုပ်သက်လည်းကြာပြီမို့
အလိုက်သိသည်။

"ကျွန်တော်သိပြီ CEO သူနဲ့လက်တွဲ
ပါတနာစရင်းတွေကို အကုန် CEO
ကိုပြန်တင်ပြရမယ် အဲ့ထက်ပိုတဲ့
အချက်အလက်တွေပါရစေရမယ်လို့
ကျွန်တော်ကတိပေးပါတယ်"

ဒီဝန်ထမ်းကနေအတွက်
လူယုံလို့တောင်ဆိုရလောက်သည်။Company နဲ့
Hotel မှာဘာပဲဖြစ်ဖြစ်
သူအတွက်အဖြကြိုရှာထားပြီးသား။ဒါကြောင့်

ဒီတစ်ခေါက်ကိစ္စကိုလည်း သူကို တာဝန်ပေးဖို့သာ သူစိတ်ချသည်။

"Shine Group မှာရှိနေတဲ့အချိန်အတွင်း ငါဆီအဆက်အသွယ်မလုပ်နဲ့ ပြီးတော့ ပါတနာတွေလာမှသာ ငါ့ကိုဖုန်းဆက် ဒါမှမဟုတ် Hotel ကိုလာခဲ့"

"ဟုတ်ကဲ့"

LayNge

"ဒါဆို မနက်ဖြန်အလုပ်သွားလျှောက်
မင်းဘာဖြစ်ဖြစ် မင်းနောက်မှာငါရှိတယ် အခု
နေ့ဝတ်အလုပ်ဆင်းတော့ ပြင်ဆင်စရှိတာ ပြင်ဆင်"

"ဟုတ်ကဲ့ CEO"

သူပြောစရာရှိတာပြောပြီး တယ်
ဆိုဝန်ထမလေးကလည်း ပြန်ထွက်သွားသည်။သူ
ဝန်ထမ်းထွက်သွားတယ်ဆို သူ Shine Group ရဲ့
အလုပ်ခေါ်စရညရွက်ကို ကိုင်ကြည့်ကာ....

"မင်းကိုငါ အရင်ကတည်းကပြောပြီးသား
နောက်တစ်ခါ လာမငြိုနဲ့လို့ အခု
မင်းလုပ်တာထက်ငါ့က နှစ်ဆပြန်လုပ်မှာ
မင်းခံနိုင်ရည်ရှိအောင်ကြိုးစားထား"

ပြောပြီး အံ့ကိုတင်းနေအောင်ကြိတ်ထားကာ
Shine Group ကို အောက်ဆုံးထိဆွဲချဖို့ပြင်ထားတဲ့
သူ့အစီစဉ်တွေကို တွေကာ
မဲ့ပြုံးပြုံးလိုက်သည်။သူတို့ကို
သူ့ဘက်ကအရင်စတာမဟုတ်တဲ့အတွက်
သူပြန်တိုက်ခိုက်တာက

အမှားမဟုတ်။သေချာတာကတော့
အရင်တစ်ခါကလို သူ့ခွင့်လွတ်မှာမဟုတ်တော့။

"လူကြီး လွှာရောက်ပြီဝင်လာရမလား"

"ဝင်ခဲ့"

ပန်းရိပ်လွှာ သူငယ်ချင်းရဲ့မိဘတွေက
စားသောက်ဆိုင်ဖွင့်ထားတာမို့ အဲ့ဆိုင်ကမှာကာ
လူကြီးနေ့လည်စာစားဖို့
ချိုင့်ဆွဲပြီးဝင်လာလိုက်သည်။

Lay Nge

"လူကြီး အတွက်နေ့လည်စာ လာပို့တာ "

"အင်း ကျေးဇူးပဲ ဒါပင်မဲ့ငါက ခဏလေးတင် Hotel ကလာပို့တာစားပြီးသွာပြီ"

"ဒါဆို လွာနောက်ကျသွားတာပေါ့
နောက်ရက်တွေကျ ဒီထက်စောစောလာပို့မယ်နော်"

သူအလုပ်စားပွဲရှေ့မှာမက်တပ်ရပ်ပြီး ပြောနေတဲ့
မိန်းကလေးရင်ထဲ ဘာရှိတယ်ဆိုတာ

Lay Nge

သူခံစားသိရှိနိုင်စွမ်းမရှိပင်မဲ့ သူ့ရင်ထဲမှာတော့
သူမက သူ့အတွက် ရှိုင်းထက်မြတ်ကို အနိုင်ရဖို့
ကစားစရာအရုပ်တစ်ခုသာမြင်သည်။

"အင်း"

"လူကြီးဘာကြိုက်တက်လည်း ပြောပြပါလားဟင်"

သူဘာကြိုက်လည်းမေးတာမို့ နေ
အစကအမှန်တိုင်းပြောဖို့စဉ်းစားမိပင်မဲ့
ကိုယ့်အတွက်အစစ်အမှန်မဟုတ်တဲ့သူကို

သူဘက်လည်း အစစ်အမှန်ပေးရင်
တန်ဖိုးကျသွားလိမ့်မည်။

"မင်းသာတကယ်ငါ့ကို စိတ်ဝင်စားတယ်ဆိုရင်
ငါအကြောင့်ကိုယ်ဘာသာသိအောင်လုပ်ရတယ်
မမေးရဘူး"

"လူကြီးကလည်း ပြောလိုက်ရင်ရနေပြီကို"

သူမကခွဲနွဲ့ပြန်ပြောလိုက်ပင်မဲ့
သူမအဲလိုပြန်ပြောတာကို

မကြိုက်တဲ့ပုံစံပြောင်းသွားတဲ့ လူကြီးရဲ့
မျက်နာထားကြောင့်....

"အင်း လွှာရအောင်စုံစမ်းမယ်"

သူကခေါင်းတစ်ချက်သာခေါင်းငြိမ့်ပြပြီး လက်ရော
မျက်လုံးရော computer ဆီကို
အာရုံပြန်ပို့လိုက်သည်။သူ computer ဆီ
အာရုံပြန်ပို့လိုက်တယ်ဆို အလိုက်တသိ
ချိုင့်လေးဆွဲကပြန်ထွက်သွားတဲ့ သူမကို
မျက်လုံးထောင့်ကမြင်လိုက်ရတော့

စိတ်မကောင်းပင်မဲ့ သူကလည်း
သူဦးလေးအလိုကျလာကပ်နေတာမဟုတ်လား
သူကသနားစရာမှမလိုတာ။

ဒီဘဝမှာ ငါ့ဘဝထဲဝင်ဖို့ကြိုးစားရင်တော့
အခုအချိန်မှီလေးမှာ ရပ်တန့်လိုက်ရင် ပိုပြီး
အထိအခိုက်နည်းလိမ့်မည်.....။

"ပါး
လက်ကနောက်ရက်အနည်းအငယ်ဆိုပတ်တီးဖြည်
လို့ ရပြီမဟုတ်လား"

Light တို့အိမ်မှာ မနေ့ကသူကားထားခဲ့တာမို့ Light သူကားကိုလာပို့ရင်း
သူတို့နှစ်ယောက်ခြံရှေ့မှာကားထဲဝင်ပြီးစကားပြောနေခြင်းသူမက နဖူးက ပလာစတာလေးကို
ထိကြည့်နေပြီး
သူလက်မောင်းအကြောင်းပြောတာမို့....

"အခုတောင် မနေ့ကလောက်မနာတော့ဘူး
တော်တော်သက်သာနေပြီ Light ရော ဟိုလူကြီးကဘာလုပ်သေးလည်း"

"ဘယ်လူကြီးလည်း"

"သူ့သမီးတော့လိုချင်တယ်
သူတော့ယောကျ်ားမမတော်ချင်တဲ့ Light ရဲ့
ဘိုးတော်ဒယ်ဒီကြီးပေါ့"

"အဟက် ပါးကလည်းရီချင်စရာ သေချာတာပေါ့
ရိုက်တော့မရိုက်ပင်မဲ့ သူရဲ့ချစ်လှစွာသေဟ
မယားပါသမီးမိန်းမလေးကို ထိတာကို
ပြောတာပေါ့"

နှစ်ယောက်သားတစ်ယောက်ပြောတာတစ်ယောက်
သဘောတကျပြုံးနေမိပြီး...

"ကိုယ့်ယောကျ်ားမကြီးက စုံသားပဲ By 1 Get 1ပဲနော်
အမေယူသမီးပါရတာ အားတော့ကျမိသား "

"အဲ့တာဆိုပါးလည်း သူ့သမီးကိုယူပြီးတော့
သူ့အဖေပါထက်ယူလိုက်လေ"

"အော့...Light နော် ယောကျ္ဗမဟာကြီးက သူလယ်ကွက်နဲ့သူတောင် လောက်ရဲ့လားမသိ တော်ပြီ တွေးလေ အန်ချင်လေပဲ "

သူမပြောတာကို ဖြစ်ပျက်နေတဲ့ ပါးကိုကြည့် ကာ သွားတန်းဖွေးဖွေးတွေအကုန်ပေါ်အောင်ရီနေမိသည်။သူ နဲ့သူမက တစ်ခြားအတွဲတွေလို Romance မဆန်ပင်မဲ့ တစ်ယောက် နဲ့တစ်ယောက် ချစ်တယ်ဆိုတာကိုတော့ နှလုံးသားကခံစားမိသည်။

" Light ကကိုယ့်ရဲ့ကားလာပို့တာဆိုတော့ Light ပြန်ရင်ရော"

"အိမ်က ကားခေါ်ထားပါတယ်
ပြီးရင်အနောက်ကလိုက်လာလိမ့်မယ်"

"အင်း မဟုတ်ရင် ကိုယ်ပြန်လိုက်ပို့မလို့"

"သူများလိုက်မပို့ခင် ပါး
လက်သာအရင်ပြန်ကောင်းအောင်လုပ်ဦး ပြီးတော့

Lay Nge

ပါးအခုလိုတွေဖြစ်တာ Light အပြစ်မကင်းဘူး အဲ့အတွက်...."

သူလက်ညှိုးလေးကိုသူမနှုတ်ခမ်းလေးပေါ်တင်လိုက်ပြီး....

"ချစ်သူတွေကြားမှာ တောင်းပန်ပါတယ် ဆိုတာမလိုဘူး ပြီးတော့ အခုလက်ရှိဖြစ်တာလည်း စက်ပိုင်းဆိုင်ရာ မကောင်းလို့ သူဘာသာဖြစ်တာ အရင်ကကိစ္စက မေဆိုတဲ့ မိန်းမယုတ်မာတာ Light နဲ့မဆိုင်ဘူး Light လိုမိန်းကလေးကို

ချစ်သူတော်ရတာ ကိုယ်ကျေနပ်တယ်
ကိုယ့်အပေါ်နားလည်မှုအပြည့်ရှိတဲ့အပြင် Light
သိထားရမှာက ကိုယ်ကချစ်ကြောင်းမပြတက်ပင်မဲ့
ချစ်တယ်ဆိုတာတော့ယုံပေး"

"ယုံတယ် မြတ်နိုး ချစ်တယ် နေတစင်းဆိုတဲ့
ဒီလူသားကို အွန့်"

သူမတို့နှစ်ယောက်က
အနောက်ခုံမှာအတူတူပူးကပ်ထိုင်ပြီး
ချိန်းတွေ့နေတာမို့ ပါမျက်နှာကို

သူမလက်လေးနှစ်ဖက်နဲ့ ဆွဲလှည့်ကာ သူနမ်းကို
နမ်းလိုက်သည်။

သူမဘက်ကစနမ်းလာတယ်ဆို
သူကလည်းတုန့်ပြန်နမ်းကာသူမလည်ပင်းလေးက
နေထိန်းကိုင်ကာ နှုတ်ခမ်းဖူးဖူးလေးကို
သူနှစ်ခမ်းနှစ်လွှာကြားထည့်က
စုတ်ယူနမ်းရှိုက်လိုက်သည်။

အွန့်

LayNge

အချစ်တွေထပ်တူညီခဲ့ရင် Romance
ဆန်စရာလည်းမလိုပါဘူး အဓိကကတော့
တစ်ယောက်နဲ့တစ်ယောက် ချစ်တယ် လို့
ခံစားနေရသ၍ အဲ့ RelationShip က
ခိုင်မြဲနေမှာပါ....။

~~~~~~~~~~~~~~ 🌷 🌷

သူ့စရာ မင်းလည်း မိန်းမကြောက်ပါပဲလား🤪 🤪

Lay Nge
~~~~~~~~~~~~~~

comment 100 ရချင်နေတယ်လို့

ညကြတစ်ပိုင်းတင်ပေးမယ်မော်ကိုယ့်ချစ်တုန်းတို့

က Like 600ပြောတာ 800 ကျော်သွားတာ

ချစ်တယ်လို့💓 💓

OBJ

📘 The Sun Of Flower {Season 2} 📘

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

Part_41~~~~🦋

Lay Nge

10 နာရီထိုးတော့မယ်
အခုအချိန်ထိပြန်မလာသေးတဲ့မောင်ကို
သူမတစ်ယောက်ထဲစောင့်နေမိသည်။ကျန်တဲ့မိသား
စုဝင်တွေကလည်း စိတ်ပူရမဲ့အရွယ်မဟုတ်တော့
စိတ်ချကအိပ်ရာဝင်သွားကြသည်။သူမကတော့
စိတ်မချနိုင် သူတစ်ခုခုများဖြစ်နေမလား စိတ်ပူကာ
ခြံထဲဆင်းစောင့်နေမိသည်။

တီ တီ

Layne

သူမလမ်းလျှောက်နေတုန်း
ကားဟွန်းတသံကြားတာကြောင့်
လမ်းလျှောက်နေရာကနေ
အိမ်ပေါ်တီအောက်သွားကာရပ်စောင့်နေလိုက်သည်
။မောင်သိန်းက ခြံတံခါးဖွင့်ပေးတယ် ဆို
မောင်ကားမောင်းဝင်လာပြီး
အိမ်ပေါ်တီအောက်မှာကားရပ်လိုက်သည်။

ဂျလောက်.

Lay Ngo

မောင်က
ကားတံခါးဖွင့်ကာဆင်းလိုက်သည်။ဆင်းလာတယ်
ဆို သူမကိုတွေ့မှ
မောင်မျက်တည်သွားတာသူမတွေ့လိုက်သည်။မော
င်ကသူမကို ဘာမှမပြောပဲ သူမကို
ရှိတယ်လို့တောင်ထင်လားမသိ
ဘောင်းဘီအိတ်ကပ်ထဲ လက်နှစ်ဖက်ထဲက
အိမ်ထဲသွားသည်။သူမလည်း
အိမ်တံခါးကိုပြန်ပိတ်ကာ
အပေါ်တက်တက်သွားတဲ့သူ့နောက်လိုက်သွားမိသ
ည်။

ကျွိ

သူမအခန်းထဲဝင်တယ်ဆိုမောင်က
အပေါ်ကုတ်ကိုချွတ်နေသည်။မနက်ကသွားတာက
ဆွဲသားshirtနဲ့အခုအပေါ်ကုတ်ကသူ့Hotelကနားနေ
ခန်းကဝတ်လာတာထင်သည်။သူမမနေ့ကကိစ္စကို
ပြန်တောင်းပန်ဖို့ သူအနားသွားတော့
ဘီယာအနံ့ရတာမို့.....

"မောင် နင်ဒီအချိန်ဒီအပြင်မှာနေတာ Club
တက်ပြီး အရက်သောက်ဖို့လား"

သူမမေးတာကိုမဖြေပဲအဝတ်လဲခန်းဘက်လှည့်
သွားတဲ့ မောင့်ရှေ့ကို ထက်ပြီး ပိတ်ရပ်ကာ
သူရင်ဘက်ကို တွန်းထားလိုက်သည်။

"မောင်ငါကို စကားပြောနော်
ဒီအခန်းထဲနင်နဲ့ငါပဲရှိတာ ငါ့ကိုပစ်မထားနဲ့"

"ဘာလဲ ဘာတွေပြောနေတာလည်း
လူကသိပ်ကြည်သေးတာမဟုတ်ဘူး

အရက်သောက်တော့ရောဘယ်သူကို
ဂရုစိုက်ရမှာလည်း!"

တကယ်တော့ နေ
အရက်လည်းသောက်မလာသလို
ဘီယာလည်းသောက်မလာ။Dinner ရှိလို့သွားရင်
နို့ငံခြားက ပါတနာတွေကအတင်းတိုက်တော့
မတော်တစအင်္ကျီပေါ် ဖိတ်ကျသွားခြင်း။ဒါပင့်မဲ့
ဝိုင်တော့နှစ်ခွက် မဖြစ်မနေမို့သောက်လာရသည်။

"ငါ့ကိုလေ နင့်မိန်းမငါ့ကိုလေ!"

မဒီရက်တွေမှာ သူကြည့်နေတာ
တော်တော်စွာလာတာကိုပင်။ဒါပင်မဲ့
ကျန်တဲ့သူတွေအပေါ်တော့ အရင်အတိုင်း
သူအပေါ်သာစွာလာတာ။

"မိန်းမကို ကြောက်တဲ့အထဲ ကျူပ်မပါဘူး"

{ပြောပြန်ပါပြီ😳😭}

Lay Nge

"မောင်ငါ့ကို အဲတာတွေမလုပ်ပါဘူး
ကတိပေးထားတယ်လေ "

"ဘယ်တုန်းကလည်း မမှတ်မိတော့ပါဘူး
ထားပါဖယ်ပေး ကျွေးအဝတ်အစားလဲမလို့"

သူကဖယ်ပေးလို့ပြောလည်း မဖယ်။သူက
ခါးထောက်လိုက်ပြီး သူမကို.....

"ခင်များနော် ဖယ်ပေးဆိုနေ"

"မောင့် သဘာဝကိုမချစ်တော့ဘူးလား ဟင်"

ကြည့် ဒီစကားက ဒီကကောင်တင်းမခံနိုင်မှန်းသိလို့
သူမသက်သက်လုပ်တာ။ဒီလို
ချစ်ရာကောင်းတဲ့အသံလေးနဲ့ပြောလာတော့
ပျော့ချင်နေတဲ့စိတ်ကိုတင်းကာ....

"ကလေးကုလားတွေဗျာ "

"မောင် သဘာဝကိုမချစ်တော့ဘူး မဟုတ်လား
ရပါတယ် ဟင့်"

သူတောင်ဘာစကားတင်းတင်းမှမပြောရသေးဘူး
ငိုသံလေးကထွက်လာပြီး သူ့ကို
မချစ်တော့ဘူးလားမေးနေပုံလေးက
ဆွဲစားချင်စရာ။သူမလေးကို
စိတ်ဆင်းရဲအောင်မလုပ်ရက်တဲ့
ကောင်ကပဲအလျော့ပေးကာ
ခါးသိမ်သိမ်လေးကနေဆွဲဖက်ကာ.....

"ခင်များကသာ ကျွန်တော်ကိုမချစ်တော့တာပါ
သာထက်အတွက်နဲ့ ကျုပ်ပါးကိုရိုက်တာ"

သူမမောင်ရင်ခွင်ထဲခေါင်းလေးမှီကာ
သူပြောတာကို သေချာနားထောင်ပြီး
ခေါင်းရမ်းလိုက်ကာ. ....

"သာထက်အတွက်မဟုတ်ဘူးမောင် မောင်က
ခင်များအကောင်လို့ပြောတာကို
သဘာဝအကောင်က ဒီမှာလေ"

သူရင်ဘက်ကို လက်ညှိုးထိုးပြောနေပုံလေးက
သူစချစ်ခဲ့ရတဲ့ပုံစံလေးအတိုင်းပဲ။

Lay Nge

"ဟုတ်ပါပြီ မောင့်မိန်းမလေးက အသဲယားဖို့ကောင်လိုက်တာ ပြီးတော့ မောင် မကိုပြောစရာရှိသေးတယ်"

"ဘာလဲ ဟင်"

"မနက်ဖြန် US အခြေစိုက် ပါတနာတွေနဲ့ Hotel မှာ Party ရှိတယ် မောင်နဲ့အတူတူပွဲတက်ရမယ်"

Lay Nge

"အင်း ဘာလို့အရက်တွေသောက်လာတာလည်း
Club တက်လာတာလား မောင်နော်"

သူစိတ်ဆိုးပြေပြလိုက်တယ်ဆို စရစ်ပါပြီ.....

"မသောက်ပါဘူး နို့ငံခြား ပါတနာတွေနဲ့
ညစာစားရင်း ဖိတ်ကျသွားတာ
ဘီယာတွေရင်ဘက်ပေါ် ဖိတ်ကျသွားတာ
တစ်ခုတော့ရှိတယ် ဝိုင်ပဲသောက်လာတာ"

LayNge

စိတ်ဆိုးနေတာကသူအခုတော့ပြန်ချော့နေရတာလ
ည်းသူ။အိမ်ထောင်ရေးတစ်ခုမှာတော့
ဒီလိုကတောက်ကစဖြစ်တက်တာတော့သူသိသည်။
ဒါကြောင့်အမြဲ သူကယောကျ်းလေးမို့
အမြဲအလျော့ပေးဖို့
စလက်ထပ်ကတည်းကဆုံးဖြတ်သားပင်။

"မောင်"

"ဗျာ"

Lay Nge

"အဟီ"

သူကဗျာလို့ထူးတာကအရင်တုန်းကခဏခဏကြား
ရပင်မဲ့ အသက်ရလာတော့
ရင့်ကျက်လာတာနဲ့အမျှမကြားရတာအတော်ပင်
ကြာပြီ မို့ အခုကြားရတော့ တစ်မျိုးလေးမို့
မောင်က...

"ဘာရီတာလည်း မရဲ့"

"မဟုတ်ပါဘူး
မောင်အဲလိုထူးတာမကြားတာကြာပြီမို့ပါ "

"ဒါဆို နေ့တိုင်းအချိန်တိုင်း မောင်လို့ခေါ်နေ
မောင်ကလည်း ဗျာလို့အမြဲထူးမယ်လေ"

"မောင် ဘီယာအနံ့ရနေတယ်
အချိန်ကလည်းမနည်းတော့ဘူး
အဝတ်အစားလဲလိုက်တော့"

Lay Nge

သူမကသူ့ရင်ခွင်ထဲက ထွက်ကာ
မောင့်အပေါ်ကုတ်ကို ချွတ်ပေးလိုက်ပြီး
ကုတင်ပေါ်တင်ကာ အောက်က Shirt ကို
အောက်ကနေကိုင်ကဆွဲချွတ်လိုက်သည်။ဆွဲသားSh
irtကိုချွတ်လိုက်တယ်ဆို
ကျစ်လစ်တောင့်တင်းနေတဲ့ မောင်ရဲ့
ခန္ဓာကိုယ်ကပေါ်လာသည်။မောင်က
အင်္ကျီကိုချွတ်လိုက်ပြီးတော့
အောက်ကိုပစ်ချလိုက်သည်။

"ကြည့် မောင်ပြောပြောထားတယ်
အင်္ကျီတစ်ထည်တန်ဖိုးကနည်းတာမဟုတ်ဘူး "

အဒေါ်ပေါက်စလေးက
သူအကြီစည်းမရှိကမ်းမရှိပစ်ချလိုက်တာကို
တဗျစ်တတောက်တောက်ပြောနေသည်မှာ
နားမည်းတဲ့အပြင် အဲ့အသံလေးကို သူမှာ
ရပ်တန့်သွားမှာကိုကြောက်သည်။သူမ
အကြီကောက်ပြီး သူကိုကြည့်လိုက်တော့
ခါးပတ်ချွတ်နေတာမို့
သူမချက်ခြင်းကျောခိုင်းလိုက်သည်။

"အဟွန်း မမြင်ဘူးတာကြလို့ကွာ တကယ်ပါပဲ
အခုထိရှက်နေတုန်း
သားတောင်မိန်းမယူတော့မဲ့အရွယ်ရောက်တော့မ
ယ် မောင်တို့အတူတူနေခဲ့တဲ့အကြိမ်တွေ
နည်းမှမနည်းတာ"

သူခါးပတ်ချွတ်တာကို ရှက်ပြီး
သူ့ကိုကျောခိုင်းသွားတဲ့ မကို ချစ်လွန်းလို့
အနောက်ကနေ
မမကြိုက်တဲ့စကားတွေပြည်ကာစနေမိသည်။

Lay Nge

သူမ နာဘူးစကားတွေပြောနေတဲ့
မောင်ဘက်ပြန်လှည့်ကာ...

"မောင် အွန့်"

သူမလှည့်ပြီး ရန်တွေ့တယ်ဆိုနေက
သူမကိုရင်ခွင်ထဲဆွဲသွင်းကာ နှုတ်ခမ်းလေးကို
ငုံထွေးလိုက်သည်။သူမ အမြဲသူနမ်းချင်ရင်
ဘယ်တော့မှ ခွင့်မတောင်း
အမြဲရုတ်တရတ်လုပ်တာ။

Ley Nge

"အွန့် "

အခုအချိန်ထိမရိုးအီနိုင်တဲ့ သူမနှုတ်ခမ်းလေးကို
သူနှုတ်ခမ်းတွေကြား ငုံထွေးလိုက်ပြီး
အနမ်းကြမ်းကြမ်းတွေပေးနေမိသည်။သေချာတာ
ကတော့
မနေ့ကအတွက်ပြန်အလျော်ယူနေတာ။သူနမ်းနေရ
င်း သူမကျောပြင်လေးတွေကိုပါ
လက်ကအငြိမ်မနေပွတ်နေသည်။

"အွန့် ဟင်း အင့် မောင်"

သူမမောင်အခြေအနေကြည့်ကာ
နမ်းယုံနဲ့မပြီးတော့မှာမို့အတင်းရုန်းတော့
နှုတ်ခမ်းလေးကိုလွှတ်ပေးကာ
သူမရင်ဘက်နားမျက်နာလာအပ်တာသည်။

"မောင်"

အားမပါတဲ့ သတိပေးသံလေးကသူစိတ်တွေကို
ပိုးထကြွစေနိုင်သည်။သူမလေးရဲ့
အသားကိုထိမိတာနဲ့

တကယ်သူစိတ်ကိုသူမပိုင်သလိုတောင်ခံစားရသည့်
အထိပင်။

"မောင့်ကိုခွင့်ပြုမယ် မဟုတ်လား
မနေ့ညကမောင်တို့ တစ်ကုတင်ထဲရှိပင်မဲ့
နှစ်ယောက်အတူတူမရှိသလိုခံစားရတယ်
အဲ့အတွက်လျော်ကြေး"

"မောင့်ဘာသာစိတ်ဆိုးပြီး
မောင့်ဘာသာတစ်ဖက်လှည့်အိပ်နေတာများ ဟွန့်"

"မအိပ်ပါဘူး ခင်များလေးကျူပ်ကို
စောင်ခြုံပေးတာရော
ပါးကိုင်ပြီးစကားပြောနေတာရော အကုန်သိတယ်
နားထောင်ကောင်းလို့ငြိမ်နေတာ"

"လူညစ်ကြီး!"

သူမပြောတာကို သူရီနေကာ
မိန်းမကိုဖြစ်သူကိုကောက်ပွေ့လိုက်သည်။သူမကို
ပွေ့ကာကုတင်ပေါ်တက်လိုက်ပြီး

သူကအရင်လဲကာ သူမကို
သူအပေါ်မှာတင်ထားသည်။

သူမအခုအနေအထားကြီးက သူကအောက်က
သူမကခန္ဓာကိုယ်မှာမှာ မှောက်ရပ်မို့ တစ်ကိုယ်လုံး
အပူလျှိုင်းတွေထလာကာ...

"မောင် ချပေးနော်"

"No"

LayNge

"မောင် ချပေးဆို အချိန်မနည်းတော့ ဘူး အိပ်ကြမယ်

"အော် မောင့်မိန်းမကအလျင်လိုနေတယ်ဆိုတော့လည်း"

သူမကိုသူအပေါ်ကနေမွေ့ယာပေါ်ချလိုက်ပြီး သူက အပေါ်ကအုပ်မိုးကာလည်တိုင်လေးဆီသူနှုတ်ခမ်း တွေကထိတွေ့လိုက်သည်။

"အင့် မောင် မလုပ်နဲ့ဆို အင့်"

နေ သူမအသံလေးကို မျက်ကွယ်ပြုကာ
ရှေ့ဆက်ဖို့အကြိုထုတ်သီးဆီ လက်လှမ်းလိုက်တော့
ချစ်စရာမမျက်နာလေးက ရဲတွတ်နေကာ
အခုထိရှက်နေတာကို
သူမချစ်မဝဖြစ်နေရတာ။ကိုယ့်အသားကိုနာအောင်
လုပ်တဲ့သူဆို ကိုယ်က ပြန်လုပ်ရမှာကျေနပ်တဲ့
သူက ချစ်တဲ့သူကရိုက်တော့
ဟန်တောင်မဆောင်နိုင်တဲ့သူ။

"ချစ်တယ် မောင့်မိန်းမ"

ဆိုကာ သူမအကြီကထုတ်သီးတွေကို
အကုန်ဖြုတ်လိုက်ကာ ပန်းဆီရောင်အင်္ကျီလေးကို
သူမကိုကိုယ်ပေါ်က ဖယ်ရှားလိုက်သည်။

သူမခန္ဓာကိုယ်ကိုလေးသူလက်တစ်ဖက်နဲ့ မကာ
သူအင်္ကျီလေးကို မောင်ချွတ်လိုက်တာရယ်
မောင့်အသံရှသံပြင်းပြင်းရယ် ကြောင့်
သူမမျက်လုံးတောင်မဖွင့်ရဲ။

"အင့် ဟင့် မောင်"

သူမရဲ့ရင်ဘက်ကို underwear
အပေါ်ကနေနမ်းလိုက်တဲ့မောင်။ဒီလို
အထိတွေ့တွေက သူမအတွက်မဆန်းတော့ပင်မဲ့
မောင်နဲ့ ဒီလိုမျိုးအခြေအနေကြရင်
မျက်နာပူရတာအမှန်ပဲ။အခုလိုအသက်အရွယ်မှာ
ဆို ပိုးဆိုး
မောင်များစိတ်ပျက်သွားများအတွေးတွေက
အမြဲဝင်လာသည်။

ဒေါက် ဒေါက်

"မေမေ ဖေဖေပြန်လာပြီလား
မနက်ကပြောသွားသလို Club
တက်နေလားမသိဘူး"

အပြင်ကနေတံခါးလည်း ခေါက်
ပြောတဲ့စကားကိုပါ အထဲကနေကြားရတာမို့ နေ
သူမအပေါ်ကနေမဖယ်ပဲ အပြင်ကနေတစင်းကို
မေတ္တာပို့နေလိုက်သည်။

LayNge

"အဲတာ မင်းစောက်ကြောင်းလား!! အခုငါ့မိန်းမနဲ့
ချစ်ကြည်နူးနေတဲ့အချိန် လာမနောက်ယှက်နဲ့
ကိုယ့်အခန်းကိုယ်ပြန်ပြီး အဖော်အနေနဲ့
ဖက်လုံးဖက်အိပ်!!"

နေတစင်း ဖေဖေပြန်မရောက်သေးဘူးထင်ပြီး
မေမေတစ်ယောက်ထဲထင်လို့ လာမေးမိပါတယ်
ကိုယ့်ကို ဖေဖေကအထဲကနေ
ရက်ရက်စက်စက်ပြောရက်လိုက်တာများ။သူကြ
တော့ကြည်နူးရမဲ့ မိန်းမရှိတယ် ငါ့ကြ
အဖော်မရှိတော့ ဖက်လုံးဖက်အိပ်တဲ့

အဖေမို့လို့သာပေါ့။နေတစင်းဘာမှမပြောတော့ပဲအ
ခန်းရှေ့ကပြန်ထွက်သွားသည်။

"မောင်နော် ကလေးကို
ဖယ်ပေးသားကိုတံခါးသွားဖွင့်ပေးမလို့"

"ဒီပုံစံနဲ့လား"

သူမရင်ဘက်ကို မျက်စပစ်လိုက်တဲ့
နာဘူးမောင်ကြောင့်
သူမသူကိုယ်ကြီးကိုတွန်းဖယ်တော့....

"ဆက်မယ်လေ
အဲ့ခွေးကောင်တစ်ညလုံးအခန်းရှေ့မစောင့်နိုင်ဘူးမ
မောင်အသံကြားလို့ ပြန်သွားလောက်ပြီ ချစ်တယ်"

သူပြောတဲ့စကားနဲ့အညီ မောင်က
သူမငိုယ်ပေါ်ကမဖယ်ပေးပဲ သူမနှုတ်ခမ်းလေးကို
စုပ်ယူနမ်းလိုက်ကာ လက်တွေကာလည်း
အောက်ခံအင်္ကျီလက်ကြိုးတွေကို
ဆွဲချလိုက်သည်။

LayNge

"အ့"

အနောက်က ချိတ်ထားတာတွေမဖြုတ်ပဲ
တင်းနေတဲ့ ပုခုံးပေါ်ကကြိုးတွေကို
ဆွဲချလိုက်တဲ့သူကြောင့် သူမ
အနည်းငယ်နာသွားရသည်။အဲဒီနောက်ခြေရင်းက
စောင်ကို သူခါးနားအထိဆွဲတင်ကာ
အချစ်ခရီးရှည်ကြီးကို စတင်တော့သည်.....။

"ဘယ်လို!"

"ဟုတ်ရဲ့လား ရှင်!"

အံ့နဲ့ မိုင်မှာ ရဲတွေအိမ်ရောက်လာတုန်းအံ့သြနေစဉ်
ရဲဆီကစကားကသူမတို့
ရင်ကိုအစိမ်းလိုက်ခွဲလိုက်သလိုပင်။

"ဟုတ်ပါတယ် နေလက်ရာ က နေတစင်းကို
လုပ်ကြံမှုမှာပါဝင်ပက်သက်နေပါတယ် ပြီးတော့
အဲ့နေ့ကအဖြစ်အပျက်က
နေတစင်းတစ်ယောက်ထဲကို မဟုတ်ပဲ
လူဆယ်နဲ့ချီပြီး ဒဏ်ရာရစေခဲ့ပါတယ် အခုသူနဲ့

ပူးပေါင်းလုပ်တဲ့သူငယ်ချင်းကိုယ်တိုင်က
ဝန်ခံထားတာပါ"

"ဟင့် ကိုအံ့လုပ်ပါဦး ဟင့် သမီး"

"နေလက်ရာဘက်က တရားစွဲထားတာ
အံ့ခြယ်မှုန်းပါလား သူတို့ဘက်ကရော
သမီးပါတာသိသွားပြီလား"

အံ့ကပြဿနာကို
နဂိုကတည်းကအေးဆေးဖြေရှင်းတက်သူဆိုတော့

LayNge

သိပ်ပြီး ချောက်ခြားနေပုံမပြဲ ရဲကိုပြန်ပြီး
မေးနေသည်။

"နေလက်ရာဘက်ကတော့ ရှေ့နေပဲလွှတ်တာပါ
အခုတော့ ရှေ့နေကတစ်ဆင့်
ပြောပြီးလောက်ပြီထင်ပါတယ်
သူပါတယ်ဆိုတာကတော့ တရားစွဲကတည်းက
နေလက်ရာဘက်ကမသိတာ"

"ဒါဆို အခုကသမီးက မရှိဘူးဆိုတော့
ညနေကျွန်တော်တို့ သမီးကိုခေါ် ပြီးလာခဲ့ပါ့မယ်

LaNge

ရတယ်မဟုတ်လား ဒါမှမဟုတ်
ဖေဖေဆီဖုန်းဆက်ပြီး အာမခံထိုးပေးရမလား"

အံ့ သမီးကဒီအချိန်ဆို အိမ်မှာမရှိတာသိတာမို့
ပြောတော့ ရဲကလည်းလက်ခံသည်။ ရဲမူးက
အံ့နဲ့ပြောစရာရှိတာပြောပြီ။တယ်ဆို ပြန်သွားသည်။

"နေတို့ သဘာဝတို့ကို ဘယ်လိုမျက်နာပြရမှာလည်း
ကိုအံ့ ကြည့်ဦး
အံ့ခြယ်မှုန်းလူအသက်အန္တာရာယ်တောင် ပေးနေပြီ
ဘယ်လိုလုပ်မလည်း"

"ကိုယ်တို့ နေတို့တောင်းပန်ရမှာပေါ့ မိုင်ရာ"

"အဲတာ ကိုအံ့တို့အလိုလိုက်လိုဖြစ်တာ
ကိုယ်မွေးထားတာက မိန်းကလေး ဟင့် ကြည့်ပါဦး
အခုတော့ နေတစင်းကို သက်ဖို့လုပ်တယ်တဲ့
ဟိုကသူကို ဘာလုပ်နေလို့လဲ
သဘာဝမျက်နာတောင် မကြည့်ရဲတော့ဘူး"

မိုင်မှာ အချစ်ဆုံးသူငယ်ချင်းရဲ့မျက်နာကို
ဘယ်လိုတောင်ရင်ဆိုင်ရမယ်မသိ။ဘယ်လောက်ပဲ

သူမကို သဘာဝဘက်က ချစ်ပါစေ ခင်ပါစေဦး
ကိုယ့်သားသမီးအသက်ကို ရန်ရှာလာတာ
ဘယ်မိဘကလက်ခံနိုင်မှာလဲ။သမီးလေးတစ်ယော
က်ထဲမွေးထားတာ တကယ်ကို မီးနဲ့တူပါလား
အံ့ခြယ်မှုန်းရယ်.....။

"ပါး ဘယ်သွားမလည်း Hotel ကပြီးနေပြီ
နောက်ထက်
အလှဆင်ကွက်တွေတက်ဖို့ပဲကျန်တော့တာ
သွားကြည့်မလား"

သူက ကားမောင်းလို့မရတာမို့ ဒီတစ်ခါတော့သူမက သူအိမ်ကို လာခေါ်တာမို့ အခုကားမောင်းနေတာ သူမဖြစ်ပြီး သူကတော့ဘေးကထိုင်လိုက်လာခြင်း။

"SeaFood သွားစားမလား Light ကြိုက်တယ်လေ"

"အင်း မဆိုးဘူး ဟော့ပေါ့စားချင်နေတာနဲ့အတော်ပဲ company လည်းမသွားတော့ဘူး ဟိုမှာကစိတ်ချရတဲ့သူတွေရှိတယ်"

SeaFood

ကြိုက်တဲ့သူမအကြောင်းသိတာမို့ပြောလိုက်တော့
ချက်ခြင်းတစ်ခါတောင်ခေါင်းမရမ်းပဲလက်ခံသည်။
တကယ်သူမက ပင်လယ်စာကို
တော်တော်လေးကိုသဘောကျသည်။ချစ်သူသက်
တမ်းကြာလာလေ
သူမအပြုအမူလေးတွေကချစ်ဖို့ကောင်းလေပဲ။

"ပါး တော်တော်ကြည့်ကောင်းနေတာလား"

သူမကားမောင်းနေရင်း
သူ့ဘက်ကိုလှည့်ကြည့်တော့
သူမကိုကြည့်နေတာမျက်တောင်ကိုတစ်ချက်မှမခ
တ်တာမို့ ပြုံးကာပြောလိုက်သည်။

"အင်း ကြည့်ကောင်းတယ် Light
ကကိုယ့်မျက်လုံးရဲ့အားဆေးပဲ
မျက်စဉ်းခတ်စရာမလိုဘူး Light ကိုကြည့်နေယုံပဲ"

Ro လည်း မRoတက်ပဲနဲ့ ပြောနေတဲ့ပါးကို
သူမဘာမှမပြောလို့။သူမကလည်း

မိန်းကလေးထဲက မိန်းကလေးမို့ Ro
တာလိုချင်တယ်။ဒါပင်မဲ့
ကိုယ်လုပ်ခိုင်းလို့လုပ်တာမျိုးတော့မလိုချင်။ပါးဘ
က်ကသူ့ဘာသာပြောလာတာလေးကိုပဲ
သူမမှာကြည်နူးရသည်။

"ရောက်ပြီ ပါး"

သူမ SeaFood ဆိုင်ရှေ့ကားကို ရပ်လိုက်ပြီး
သူမကအရင်ဆင်းကာ ပါးဘက်ကတံခါးကို
ဖွင့်ပေးလိုက်သည်။

"ရတယ် မဟုတ်လား ဆင်းနိုင်လား "

"ကိုယ်ခြေထောက်က ကောင်းပါတယ်ကွာ Light ကလည်း"

"အဲတာဆိုလည်းပြီးရော
ကိုယ့်ဘာသာဆိုင်ထဲဝင်လာခဲ့တော့"

သူပြောလိုက်လို့ စိတ်ကောက်သွားကာ
ဆိုင်ထဲအရင်ဝင်သွားတဲ့ Light ကို သူပြုံးလိုက်ကာ

သူမလေးအနောက်ကို
လိုက်ဝင်သွားလိုက်သည်။သူပြုံးနေတဲ့ မျက်နာထား
ဆိုင်ထဲဝင်တယ်ဆို ပြောင်းလဲသွားသည်က
သူမထိုင်နေတဲ့ ဝိုင်းမှာ
လူတစ်ယောက်ကဝင်ထိုင်ပြီး
စကားပြောနေတာကြောင့်ပင်။

"Light"

သူမကို နာမည်ခေါ် ပြီး
သူမဘေးမှာဝင်ထိုင်လိုက်သည်။သူမဘေးဝင်ထိုင်

Lay Nge

ပြီး သူ့ရှေ့ကလူကို
ခပ်တည်တည်ကြည့်နေလိုက်သည်။

"Light သူကဘယ်သူလည်း"

"ပါး သူက နည်းစနစ် တဲ့ Company
မှာသူတို့အိမ်အတွက်ဒီဇိုင်းအပ်ထားတာလေ Light
မိတ်ဆွေပေါ့ ကိုနည်းစနစ် ဒါက ကို ချစ်သူ
နေတစင်းပါ"

LayNge

"တွေ့ရတာဝမ်းသာပါတယ် ညီ
အစ်ကိုထက်ငယ်မယ်ထင်တယ်"

"အွန်း"

နေတစင်း ကဖေဖေလောက်တော့
သဝန်တိုမတက်သူမို့ အလုပ်နဲ့
ကိုယ်ရေးကိုယ်တာကို ခွဲခြားနိုင်သည်။သူမနဲ့
ထိုင်နေတာတွေ့တုန်းကတော့
ချက်ခြင်းသဝန်တိုသွားပင်မဲ့
သူ့အရှေ့ကအစ်ကိုပုံစံကလည်း

လူကြီးသူကောင်းပုံပေါ်တာမို့ ပြုံးပြီး
ခေါင်းငြိမ့်ပြလိုက်သည်။

ကို ကတော့ပါးရဲ့ အူတိုနေတဲ့မျက်နာကို
မျက်လုံးထဲကမထွက်တာမို့
ရီချင်စရာလည်းကောင်းသလို
ရင်ထဲကိုလည်းတကယ်ရောက်သည်။ဒီလူသားဆီ
မှာ သူမတော့ကျဆုံးသွားပြီထင်ပါရဲ့.....။

"ချစ်သက်လက်ဆောင်လေးပါ"

မေလက်ရာ ကန်တင်းမှာ
သူစာသင်တဲ့အချိန်ပြီးအောင်စောင့်နေရင်း
သူမရှေ့ဝင်ထိုင်ကာ Daisy ပန်းစည်းကို
သူမကိုပေးတဲ့ မိုးတိမ်ရောင်။သူမ
သူပေးတဲ့ပန်းစည်းလေးကိုယူလိုက်သည်။

"Daisy ပန်းရဲ့အဓိပ္ပာယ်ကလေ Daisy
လေးတစ်ပွင့်ဖြစ်လာဖို့ဆိုရင်ဘေးဖက်က
အရွက်ပွင့်ဖက်လေးတွေနဲ့ အလယ်ဝတ်ဆံပွင့်ဖက်
နှစ်ခုပေါင်းမှ ပန်းတစ်ပွင့်ဖြစ်သလို မမ နဲ့
မောင်ရဲ့ပေါင်းစည်းမှုကလည်း
စစ်မှန်ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုတယ်တဲ့"

LayNge

{A/N ပန်းရဲ့အဓိပ္ပာယ်ကို ရေးတာမူရင်းရေးသူကို crd ပေးပါတယ်}

"အင်း မြန်မာစာကဆရာက Ro တက်သားပဲ
ဒါပင်မဲ့ ကိုယ်ကအသက်မငယ်တော့ဘူး
အဲလောက်ကတော့ ရင်မခုန်တက်ဘူး"

သူမက အသက်လည်းသူထက်ကြီးတဲ့သူဆိုတော့
ရင်ခုန်တာကို ဦးစားပေးရမဲ့အရွယ်မဟုတ်တာကို
နားလည်းသည်။သူမပြောတာက

စိတ်ရင်းမို့သူမခံစားရတဲ့အတိုင်းပြောပင်မဲ့
ချစ်ရတဲ့သူကို ဂရုစိုက်ပေးရမှာက သူ့တာဝန်။

သူမက စိတ်ဆိုးမလားလို့
စလိုက်တာကိုအပြုံးမပျက်တဲ့
မိုးတိမ်ရောင်ကိုကြည့်ကာ သူမမှာ
အံ့ဩမဆုံး။သူမလို ဂရိုဏချောင်နိုင်တဲ့ မိန်းမကို
သည်းခံနိုင်တဲ့သူ ပထဆုံးတွေ့ဖူးခြင်းပဲ.....။

~~~~~~~~~~~~~~~~ 🍓 🍓

LaNge
~~~~~~~~~~~~~~~~

အမျိုးသမီးလေးတွေအချစ်ခံလိုက်ရတာ🥹🍓

ညကြ သူ့စေရာတို့ Fic

အပိုင်းသစ်တင်ပေးမယ်🤭🤩

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

Part_42~~~~ 🦋

"ဟင် မောင် သဘာဝနားကြားမှားတာလား"

သူ့စေရာ က တရားခံကသူနဲ့
ပူပေါင်းတဲ့သူကိုပြောလိုက်တော့
မကသူလက်မောင်းကိုကိုင်ကာမေးတော့
သူခွန်းနေရောင်ကိုကြည့်ပြီး..

"ကိုအံ့ထူးအောင် နဲ့ မမိုင် ရဲသမီးသေချာရဲ့လား ဇေ"

"သေချာတယ်အစ်ကို
ပိုပြီးသေချာအောင်ပြောရမယ်ဆိုရင်
တရားသူကြီးဟောင်း ဦးအုံကမ္ဘာရဲ့မြေးဆိုရင်တော့
သေချာလောက်ပြီထင်တယ်"

သူ့စေရာက ပိုပြီးသေချာအောင်ပြောလာတော့ သူနဲ့
သူမမှာ ဘယ်လို့မှငြင်းမရတော့။ခြယ်လေးက
သားကိုအသက်နှစ်ရာယ်ပေးတဲ့သူ နဲ့
ပူးပေါင်းလုပ်တာတဲ့။သားက
အရမ်းရိုင်းစိုင်းနေတဲ့ကလေးလည်းမဟုတ်။ငယ်ငယ်ကတည်းကအတူနေအတူစားလာကြတာမောင်နှ

မအရင်းလိုဖြစ်နေတာကို
ဘာကြောင့်လုပ်ရက်တာလဲ။

"ကျွန်တော်တို့ ညနေကြ ရဲစခန်းမှာတွေ့ကြမယ်
အခုကိစ္စလည်း အစ်ကိုတို့သိသင့်တယ်ထင်လို့
လာပြောပြတာ ကျွန်တော်Hotel ကိုပြန်တော့မယ်
အစ်ကိုလိုအပ်တာရှိရင်ဖုန်းဆက်လိုက်နော်
ကျွန်တော်လည်း အမူပြီးရင် ပဲရစ်ကိုပြန်ချင်နေပြီ"

"ဘာလဲ မင်းရဲ့ပူးလေးကို လွမ်းလို့လား"

"သေချာတာပေါ့"

နေက စေနဲ့သူမိန်းကလေးအကြောင်း
စပြောပြထားတာမို့သိတော့ မေးလိုက်တော့
အဲရှေ့နေစုတ်ကညာတောင်မဖြေ။ဒီ ရှေနေစုတ်
ကျန်တာတာအမှန်တရားဘက်တော်သား
မိန်းမကြတော့ မတရားယူထားတာ ဟိုကသူ့ကို
အခုထိပြန်မချစ်သေး။

LayNge

သူ့စေရာ ကသူ့ကို နှုတ်ဆက်ပြီးပြန်သွားတော့
သူ့လက်မောင်းကိုကိုင်ကာ ငြိမ်နေတဲ့
မဘက်လှည့်ကာ....

"မ ဘာမှမဖြစ်ဘူး မောင်တရားစွဲတာကို
ရုတ်သိမ်းလိုက်ပါ့မယ်"

သူကတော့ သားအတွက်မကျေနပ်ပင်မဲ့
သူအခုလိုတရားစွဲလိုက်ရင်
ခြယ်လေးသေချာပေါက်ဒုက္ခရောက်မှာ။ကိုအံ့တို့မိ
သားစုကျေးဇူးက

သူတို့မိသားစုအပေါ်မှာနည်းတာမဟုတ်။ပြီးတော့
မမိုင်ကလည်း မသူငယ်ချင်းအရင်းကြီး။

"ဟင်အင်း သားကိုလုပ်ထားတာ
မိုင်ကိုဘယ်လောက်ချစ်ချစ်
သားထက်တော့မပိုဘူးမောင်
သဘာဝတို့မှာသားလေးတစ်ယောက်ထဲရှိတာ
သူ့ကိုဆုံးရှုံးသွားရင် ဟင့် ဟင့်
သဘာဝခံနိုင်ရည်ရှိမှာမဟုတ်ဘူး မောင် ဟင့်"

Lay Nge

သူမက သားကို အရမ်းချစ်တာမို့
သားနဲ့ပက်သက်ရင် ဘယ်သူကိုမှ ခွင့်လွှတ်ဖို့မရှိတာ
နေ သူမမျက်ဝန်းတွေကတစ်ဆင့် မြင်နေရသည်။

"မ မောင့်ကိုကြည့်"

သူမမျက်လေးကို
မော့စေကာသူမျက်ဝန်းကိုကြည့်ခိုင်းလိုက်ကာ....

"နောက်ထက်သားဒီလိုမျိုးထက်မဖြစ်စေရဘူးလို့
ကတိပေးတယ် မောင်ကာကွယ်မယ်နော်

Lay Nge

အခုကိစ္စက ခြယ်လေးလွတ်အောင်ပဲ မောင်လုပ်မှာ
ကျန်တဲ့သူတွေမလွတ်စေရဘူး မောင်တို့အပေါ်
ကိုအံ့တို့ မမိုင်တို့ ကျေးဇူးကမနည်းဘူး
ဒီတစ်ခါတော့ခွင့်လွတ်ပေးလိုက်ပါ"

"မောင်ပြောတာကို သဘာဝနားလည်ပါတယ်
ဒါပင်မဲ့ သားကို
ခြယ်လေးဘာလို့ဒီလိုလုပ်ရတာလည်း "

LayNge

သူမမေးတဲ့အဖြေကို
သူသိပြီးသားမို့စဉ်းစားစရာမလိုပဲ
တန်းဖြေလိုက်သည်။

"အချစ်ကြောင့်ပေါ့ မရဲ့ခြယ်လေးကသားကို
ချစ်နေတာမောင်သိတယ် ဒါပင်မဲ့ သားဘက်ကကြ
လင်းရိပ်ကိုပဲချစ်တာလေ
အချစ်ကတကယ်ကြောက်ဖို့ကောင်းတယ်
ထပ်တူညီနေရင်တော့ အကြောင်းမရှိပင်မဲ့
ကိုယ်ချစ်တဲ့သူကကိုယ့်ကို
ပြန်မချစ်ရင်ဒီလိုအကြောင်းတွေဖြစ်လေ့ရှိပါတယ်"

"မောင်က အချစ်ကြောင်းသိပ်ပြောတာပဲ
အခုအချိန်ထိမမောဘူးလား!"

သူ သားနဲ့ပက်သက်တာပြောတာတောင်
အချစ်အကြောင်းကပါတာမို့သူမက သူကိုမေးတော့
သူမျက်ခုံးကိုလက်မနဲ့ခြစ်လိုက်ကာ...

"ဟင်အင်း မပင်ပန်းဘူး
မောင့်မိန်းမကိုချစ်ရတာမပင်ပန်းဘူး

အချိန်တိုင်းကိုချစ်ချင်နေတာ မောင့်မိန်းမကို
သနားလို့"

ကြည့်စမ်း
သူမမေးတာကတစ်ခြားသူဖြတဲ့အဖြေကြောင့်သူ
လက်မောင်းကို ဖက်ထားရာကနေ
စောင့်ခွာလိုက်ပြီး ညှဉ်နန်းအဝကိုကြည့်လိုက်
အရိပ်နှစ်ခုကလစ်ကနဲ့ပြေးသွားတာသူမတွေ့လိုက်
သည်။သေချာတာက အဲ့အရိပ်နှစ်ခု
နှိုင်းယှဉ်တို့နှစ်ယောက်ပဲဆိုတာ။

"မောင် !!!! နင်အခန်းထဲမှာလည်း အရှက်မရှိ အခုညည့်ခန်းထဲတောင်အရှက်မရှိပါလား ဟမ် တော်တော်ဖြစ်နေတယ် ဟုတ်လား"

"အင်း မောင့်မိန်းမကို စားချင်နေတာ ညကစားတာ အူး..."

သူမလက်နဲ့ သူပါးစပ်ကိုပိတ်လိုက်ကာ....

"ဘယ်လိုဖြစ်နေတာလည်း !"

Lay Nge

အံ့ကြိတ်ပြီး

သူ့ကိုပြောတော့သူ့ကမျက်ခုံးပင့်ပြသည်။သူကအ

သက်ကြီးလာလေ

သူမအနားပိုကပ်လေ။သားတောင်မှ

သူလောက်သူမအနားကပ်တာမဟုတ် တကယ်သူရဲ့

အချစ်စံချိန်က လွန်လွန်းပါတယ်.....။

ဖြန်း ဖြန်း

မိုင်ရဲစခန်းကို သူမတို့ နေတို့နဲ့အတူရောက်နေပြီး

သမီးအလာကကိုစောင့်နေရင်း သမီးက

ရောက်လာသည်။မိုင် သမီးဖြစ်သူ
သူမရှေ့ရောက်တယ်ဆို
ရဲစခန်းတွေဘာတွေမသိတော့
လက်ကိုမြှောက်လိုက်ပြီး ပါးနှစ်ဘက်နှစ်ချက်ဆင့်
ရိုက်ချလိုက်သည်။

အံ့ခြယ်မှုန်း ဖေဖေက ရဲစခန်းကို
ခဏလာခဲ့ဆိုတာကြောင့်
လိုက်လာတော့ရောက်တယ်ဆို မေမေက သူမကို
အံ့ကြိတ်ကာ ပါးရိုက်လိုက်တာမို့ .....

Lay Nge

"မေမေ ခြယ်ကိုဘာလို့ရိုက်တာလည်း"

"ဘာလို့လည်း ဟုတ်လား
နင်လုပ်ထားတာနင်မသိဘူးလား ဟမ်!! "

"ခြယ်ဘာလုပ်လို့လည်း"

အံ့ ဘာမှမလုပ်ထားတဲ့အတိုင်း
သူများအသက်အန္တရာယ်ပေးထားတာကို
အေးဆေးပြောနေတဲ့ သမီးဖြစ်သူကို စိတ်ပျက်စွာ

LayNge

ထိုင်နေရာကမက်တပ်ရပ်ပြီး သမီးအနားသွားကာ
အလိုလိုက်ခဲ့မိတဲ့ သူကိုယ်သူတကယ်ရင်နာရသည်။

ဖြောင်း..

နေ နဲ့ သဘာဝထိုင်နေရာမှ
ကိုအုံခြယ်လေးကိုမရိုက်စဖူး
လက်ပြန်ရိုက်လိုက်တာကြောင့် နေက
ကိုအုံကိုသွားဆွဲထားပြီး သဘာဝက လဲချသွားတဲ့
ခြယ်လေးသွားထူလိုက်သည်။

Ta Nge

"ကိုအံ့ ဘာလုပ်တာလည်း
ကလေးကိုလက်မပါပါနဲ့"

"နေ ငါမိဘချင်းကိုယ်ခြင်းစာတယ်
နေတစင်းအတွက်
မင်းတို့ဘယ်လောက်ပူပန်နေရမလည်း အခုကြည့်
ဒါငါကြောင့်ဖြစ်တာ မိုင်အမြဲပြောတယ်
သိပ်အလိုမလိုက်နဲ့ဆိုတာ"

"သမီး ခြယ်လေးရလား
အစ်ကိုကလေးကိုမလုပ်ပါနဲ့"

LayNge

သဘာဝ ခြယ်ပါးလေးကို ကိုင်ကာကိုအံ့နဲ့
မိုင်ကိုကြည့်ကာပြောလိုက်သည်။ရဲစခန်းရောက်တ
ည်း
လင်မယားနှစ်ယောက်လုံးသူမနဲ့မောင်ကိုတောင်းပ
န်နေတာဒူးမထောက်ယုံတမယ်။

"နင့်အပြစ် နင်မသိဘူးလား ခြယ် နင် နေတစင်းကို
ဘာလုပ်ထားလဲ"

ဖေဖေက နေတစင်းကို ဘာလုပ်ထားလည်း မေးမှ
နေတစင်းပင်လယ်ဓားမြပေါ်ကပြုတ်ကျတဲ့နေ့ကို
သတိရသွားသည်။ဖေဖေတို့
ဒီအကြောင်းတွေသိသွားလို့ သူမကိုရိုက်တာပေါ့။

"ပြောလေ ဘာလိုအခုမှ
အချင်ယောင်ဆောင်နေတာလည်း အမိုက်မရဲ့ဟမ်
နေတစင်း ဆိုတာ သူစိမ်းလာပြော နင်နဲ့
ငယ်ငယ်ကတည်းကအတူတူကြီးပြင်းလာတဲ့
မောင်တစ်ယောက်လို့တောင်ပြောလို့ရတယ်
အံ့ခြယ်မှုန်း
တော်တော်ဆိုးတယ်ဆိုတာသိပင်မဲ့ငါ့သမီး

အဲလောက်ယုတ်မာနေလိမ့်မယ်တော့မမျှော်လင့်
ထားဘူး"

မိုင်ကတည့်တိုးပြောချလိုက်တော့ အံ့ခြယ်မှုန်း
သဘာဝရင်ခွင်ထဲမှာငြိမ်နေသည်။ဒါပင်မဲ့
သူမနေတစင်းကို
ထိခိုက်ပါစေဆိုတဲ့အကြောင်းပြချက်နဲ့
လုပ်တာတစ်ခုမှမပါ။

"သား "

"ဖေဖေ"

သူတို့ဖြစ်ပျက်နေကြတုန်း
ဦးအံ့ကမ္ဘာရောက်လာသည်။ဦးအံ့ကမ္ဘာလည်း
မြေးဖြစ်သူအကြောင်း
သားကဖုန်းဆက်တယ်မယုံနိုင်ပင်မဲ့ အမှန်မို့
မိတ်ဆွေတွေနဲ့ ဂေါက်ရိုက်နေရာက အိမ်ဝင်ပြီး
အဝတ်အစားလဲကလိုက်လာရသည်။

"နေ အန်ကယ်တောင်းပန်ပါတယ် မြေးလုပ်ရက်က
တကယ်ဆိုးရွားတယ်ဆိုတာသိပါတယ်"

"မလိုပါဘူး အန်ကယ် တောင်းပန်စရာမလိုပါဘူး
ကလေးခြင်းစိတ်ဆိုးစိတ်ကောက်ပြီး
ဖြစ်တာနေမှာပါ ဒါပင်မဲ့ အမူကိစ္စဖြေရှင်းဖို့က
အမှန်အတိုင်းခြယ်လေးပြောမှရမှာ"

နေပြောတာကို ဦးအုံကမ္ဘာခေါင်းငြိမ့်ကာ
မြေးဖြသ်သူကိုကြည့် ပါးတွေရဲနေတာမို့ သားတို့
ရိုက်ထားတယ်ဆိုတာသိလိုက်ပြီ။ဒီကလေးက
တစ်မိသားစုလုံးက ဘာလုပ်လုပ်မပြောပဲနေခဲ့တော့
အဲတာပြင်နိုင်ငံခြားမှာကြီးပြင်းခဲ့သူမို့ ပိုဆိုးမှာ။

သဘာဝက

သူမထရင်းခြယ်လေးကိုပါထူလိုက်တယ်ဆို

ဦးအံ့ကမ္ဘာကမြေးဖြစ်သူကို...

"မြေးတို့ဘယ်အဆင့်ထိလုပ်ဖို့ ရှိခဲ့ကြလည်း ပြော"

"ဟင်အင်း သမီးသူကိုထိခိုက်ပါစေဆိုတဲ့အသိနဲ့

လုပ်ခဲ့တာမဟုတ်ပါဘူး လင်းရိပ်ကိုကို မုန်းလို့

တမင်သူကို နေတစင်း မုန်းအောင်လုပ်ချင်တာ

အဲတာမို့ မပြောတဲ့အတိုင်း ခေါင်းငြိမ့်မိတာ
ကျန်တာသမီးဘာမှမသိဘူး ဖိုးဖိုး"

"ဒါဆိုသမီးပြောချင်တာက
နေတစင်းပထမဖြစ်တဲ့ကိစ္စတွေရောမသိဘူးဆိုလို
တာလား"

နေမေးတာကို ခြယ်ကမသိတာမို့
တကယ်ဘာပြန်ဖြေရမှန်းတောင်မသိဖြစ်နေသည်။
အန်ကယ်က အရင်ကကိစ္စဆိုတာဘာကို
ဆိုလိုတာလည်း။

"ဘာကိစ္စလည်း သမီးတကယ်မသိတာ"

"ဒါဆို တစ်ခုခုလွဲနေတာသေချာပေါက်ပဲ
သားအမူကိစ္စဖြစ်တာ သမီးမသိဘူးလား
အဲ့ကိစ္စတရားခံက သမီးသူငယ်ချင်းပဲလေ "

"မသိဘူး သမီးသိတာ
သူကစားကွင်းမှာဖြစ်တာပဲသိတာ
ကျန်တာသမီးတကယ်မသိတာပါ "

ခြယ်ပြောလည်းပြောပြီးတော့
သူတို့အကုန်လုံးငြိမ်ကျသွားသည်။တစ်ယောက်ခြ
င်းဆီတိုင်းမှာတော့အတွေးတစ်ခုစီတွေနဲ့။

Ring~~Ring~~Ring

နေဘာလုပ်ရမလည်းဆိုတာစဉ်းစားနေခိုက်
ဖုန်းလာတာမို့ သူ Contacts ကိုကြည့်လိုက်တော့
အရှုပ်ထုတ်ဆီကဖုန်းမို့ မကိုင်ပဲချပစ်လိုက်သည်။

တီ

Ring~~Ring~~Ring

သူဖုန်းချလိုက်တယ်ဆို
လူလိုနားမလည်ပဲပြန်ခေါ်နေတာမို့ စိတ်ထဲသိပ်ပြီး
ဘဝင်မကျတော့။သူထက်ချရင်
ဒီမိန်းကလေးဘယ်လောက်အောက်တန်းစားဆန်လ
ည်း သူသိတာမို့ သူဖုန်းကိုင်လိုက်သည်။

"Hello "

Lay Nge

"လူကြီး အခုရဲစခန်းမှာမဟုတ်လား"

"မင်းဘယ်လိုသိလည်း"

သဘာဝမောင်ဖုန်းပြောနေတာကို ကြည့်ကာ
ဟိုမိန်းကလေးဆီကထင်ရတာမို့ သူနားပိုကပ်ပြီး
နားထောင်နေမိသည်။သူမ
မောင်ကိုမယုံတာမဟုတ်ပင်မဲ့ အခုအပြုအမူက
မယုံသလိုဖြစ်နေတယ်ဆိုတာတော့သူမသိသည်။

"ရဲစခန်းရှေ့မှာရောက်နေတာလေ"

"ဘာ!! မင်း"

"လူကြီးကို မမြင်ရတာကြာပြီလေ
ဒါကြောင့်လူကြီးတို့အိမ်ကထွက်လာကတည်းက
နောက်ကလိုက်လာတာ
အခုထွက်လာတွေ့ပါလားဟင်"

"မတွေ့နိုင်ဘူး! ပြန်လိုက်တော့
ငါ့မိန်းမလည်းပါလာတယ် "

Layne

နေ သူလုပ်စရာကိစ္စသာမရှိရင်
အဲ့မိန်းကလေးကိုဒီလောက်စိတ်ထိန်းပြီးပြောနေမှာ
မဟုတ်။သူ ရှိုင်းထက်မြတ်ကို အောက်ဆွဲချဖို့ဆို
ဒီမိန်းကလေးက သူ့အတွက် Plan B။

မောင်ကိုတစ်ဖက်က
မိန်းကလေးကလာတွေ့ခိုင်းတာထင်သည်။မောင်က
မတွေ့နိုင်ဘူးပြောပြီး
သူမပါလာတယ်ဆိုတဲ့အကြောင်းပါပြောနေသည်။
သဘာဝမပါရင် သွားတွေ့မလို့လား မောင်ရယ်.....။

သူမ နေကသူ့မထက်ငယ်ပြီး
ယောကျ်ားလေးဖြစ်နေတယ်ဆိုတဲ့အကြောင်းပြချ
က်နဲ့ ကိုယ့်ယောကျ်ားကို ပွင့်ပွင့်လင်းလင်းမမေးပဲ
စိတ်ထဲသံသယဝင်နေတယ်ဆိုတာကိုတော့
သူမကိုသူမသတိမထားမိတော့.....။

"ပါးကလည်း သဝန်တိုတက်လိုက်တာ အဲတာက
စီးပွားရေးမိတ်ဆွေတွေပါ အစ်ကိုနည်းစနစ်မှာက
မိန်းမလည်းရှိတယ် သားတွေလည်းရှိတယ်
အခုတောင်သူ့မိန်းမက
အမ္မာလေးလွယ်ထားရတယ်ဆိုပဲ"

Lay Nge

သူမထင်သလို သူသဝန်တိုပင်မဲ့
သူမနဲ့ပက်သက်နေတယ်လို့
အတွေးထိတော့သူမဝင်။ကိုယ့်ချစ်သူကတော်ယုံလူ
နဲ့အဆင်မပြေနိုင်တာလည်း သူသိသည်။

"ကိုယ့်ကို အဲလောက်ရှင်းပြစရာမလိုပါဘူးကွာ
သဝန်တိုတာမှန်ပင်မဲ့
မင်းကိုမယုံတာတော့မဟုတ်ဘူး"

"ပါး ဘာတွေးနေလည်းသိပြီးသား
စိတ်ထဲဘာတွေးနေလည်းဆိုတာသိတယ် ပါးရဲ့"

သူမပြောမှ
အခုထိဘာမှမမှာရသေးတာကိုသတိရကာ...

"Light ဘာမှာထားလည်း မရသေးဘူးလား"

"ဘယ်လိုလုပ်မှာရမှာလည်း ပါဝင်ပစ္စည်းတွေ
ပင်လယ်စာတွေကိုယ်ကြိုက်တာရွေးရမှာလေ ပါးရဲ့
ထသွားမယ်"

သူမကစကားပြောရင်းထရပ်လိုက်မို့
သူလည်းထရပ်ကတစ်ယောက်လက်တစ်ယောက်
ကိုင်ကာက Sea Food
တွေရွေးဖို့လျှောက်လာလိုက်သည်။

"ပါး ဝက်သားများများထည့် ချိစ်နဲ့နယ်ထားတာက
ပိုစားကောင်းတယ်"

သူမက မထည့်ပဲဘေးကနေပြောနေပြီး သူကတော့
သူမပြောတကို ဗန်းလေးထဲကို

ခပ်ထည့်နေရသည်။ဒါကတော့မထူးဆန်းပါ။သူတို့
လိုမျိုးအတွဲတွေကဆိုင်ထဲမ
ျပေ ာအများကြီး။သူကလက်တစ်ဖက်ကနာနေ
တာမို့ ဗန်းကတော့သူမကိုင်ထားသည်။

"အမဲသား စားမှာလား"

"ဟင်အင်း မစားဘူး
ငယ်ငယ်ကတည်းကမစားတာ"

Lay Nge

"အင်း ကိုယ်လည်းမစားဘူး ပုစွန်ထည့်မယ်နော်
ပုစွန်တွေကကြီးသားပဲ"

"ဟုတ်တယ်ပါး ကင်းမွန်ရောထည့်
ဟိုမှာသေးသေးလေးတွေလည့်ထည့်စားကောင်းတ
ယ် "

သူမပြောတာတွေကို
စိတ်တိုင်းကျထည့်ပေးနေတော့
မျက်နာလေးကပြုံးနေကာ သူမကို သူမြင်ချင်တာ
အပူတွေထက်အဲလိုပြုံးနေတဲ့မျက်နာလေး။သူမ

မျက်နှာလေး
ကြည့်နေရင်သူစိတ်တွေကတကယ်ကို
စိတ်လှုပ်ရှားနေရတာ။

သူတို့နှစ်ယောက်စားမဲ့ Sea Food နဲ့
အရွက်တွေရွေးကာ သူတို့ထိုင်မဲ့ဝိုင်းပြန်လာပြီး
အသားတွေကင်နေခိုက် Light က...

"ပါး Light တို့ coffee ခြံဝယ်ရအောင်"

"Coffee ခြံလား"

သူမေးတော့
သူမကခေါင်းငြိမ့်ပြသည်။နှစ်ယောက်လုံးက coffee ကြိုက်တဲ့သူတွေဆိုတို့ သူမက coffee ခြံဝယ်ပြီး သူမတို့ နှစ်ယောက်နာမည်နဲ့ ထုတ်ကုန်ထုတ်ဖို့စဉ်းစားထားသည်။

"Light ပြောချင်တာက Coffee ခြံဝယ်ပြီး ကိုယ်ပိုင်တံဆိပ် နဲ့ Coffee ထုတ်ချင်တာလား"

သူမကနည်းနည်းပြောရုံရှိသေး ပါးက
သူမပြောချင်တာကိုသိကြီးသား...

"Right ပါး Light တို့နှစ်ယောက်က Coffee
သဘောကျတဲ့သူဆိုတော့လေ နှစ်ယောက်ပေါင်းပြီး
ပစ္စည်းထုတ်ချင်လို့"

"အင်း ကိုယ်လည်းသဘောကျတယ်
ဖေဖေကိုတိုင်ပင်ပြီး ရှယ်ယာထည့်ခိုင်းဦးမယ်
သူလည်း coffee ကြိုက်တယ်"

"အင်း ကောင်းတာပေါ့ ရှယ်ယာများတော့ Light တို့ ထုတ်ကုန်စျေးကွက်ထဲရောက်တာမြန်တာပေါ့"

နေတစင်း ဖေဖေဆီက ရှယ်ယာဝင်ဖို့ ပြောရမှာကိုတွေးရင် ပြီးမိသွားရသည်။သူပြောရင် ဖေဖေအကုန်ဖြည့်စည်းပေးမှာသူသိသည်။ဖေဖေ ကသူ့မိန်းမကိစ္စကလွဲ ကျန်တာသူ့အပေါ်အကုန် ကွက်လပ်ဆိုတာမရှိအောင်အကုန်လုပ်ပေးတာ။

"မောင် မြန်မြန်လုပ်လေ "

"လုပ်နေတယ်လေ မရဲ့ဇာလေး"

နေတစင်းအပြင်က အခုမှပြန်ရောက်ကစရှိသေး
အခန်းအရင်မပြန်သေးပဲ coffee
ကိစ္စဖေဖေကိုပြောဖို့
မေမေတို့အခန်းရှေ့အရောက်ကြားလိုက်ရတဲ့စကား
ကြောင့် အခန်းတံခါးပဲခေါက်ရမလိုလို
လှည့်ပြန်ရမလိုလိုနဲ့။

"Coffee ဆိုင်ကိစ္စကအရေးကြီးတယ်
အခုကညနေစောင်းရှိသေးတာ

မိုးတောင်မချုပ်သေးဘူး ဖေဖေတို့ကိစ္စက
ညလည်းဆက်လုပ်လို့ရတယ် "

လို့ပြောကာ လက်ကတံခါးမခေါက်တော့ပဲ Lock
မချထားတာမို့ တန်းဝင်လာလိုက်သည်။

"ဟိုက်!"

ဖေဖေက
မေမေဝတ်ထားတဲ့မြန်မာဝမ်းဆက်ကနောက်ကျော

Lay Nge

က ကြယ်သီးတွေဖြုတ်ရင်း မေမေ
ကျောပြင်လေးကို နမ်းနေတာ။

"ဟေ့ကောင်!! မင်းအခုချက်ခြင်း
အပြင်ထွက်စမ်း!!!"

သူငေးကောင်းနေတုန်း
ဖေဖေအသံကထွက်လာတော့မှ
မျက်နှာချိုသွေးလိုက်သည်။သူကအခု
ဖေဖေအကူအညီလိုအပ်နေတာမလား။ဒီလောက်
တော့လုပ်ရမှာပေါ့။

Lay Nge

"ဖေဖေကလည်း သားပြောစရာရှိလို့ပါ
လုပ်စရာရှိတာ ညမှဆက်လုပ်"

"သား!!!"

"ငါတို့ဘာသာ ဘာလုပ်လုပ်မင်းအပူပါလား
!သွားစမ်း ငါ့မိန်းမကို ကြယ်သီးတပ်ပေးနေတယ်"

သူမိန်းမကျောပြင်လှလှလေးကိုသူ့ကိုယ်နဲ့ကွယ်လို
က်ပြီး ပြောတဲ့ဖေဖေကြောင့်

သူမှာလက်လန်သွားရသည်။
သူမိန်းမကမွေးထားတဲ့သူ့သားကို
သူစိမ်းကျနေတဲ့အတိုင်း ဖေဖေရဲ့သူမိန်းမကို
တန်ဖိုးထားချက်က.....။

"မောင်တော်ပြီ! သားဘာပြောမလို့လည်း"

"မတော်ဘူး သွား
မင်းမသွားရင်ငါကန်ထုတ်မှာနော်!!
အေးငါကန်တာမခံဘူးလို့ ကန်ခံချင်သပဆို လာ"

"ဖေဖေကလည်း မေမေကသား
အမေလေဘာဖြစ်လို့လည်း"

"အေး မင်းအမေဟုတ်တယ် ငါ့ကမင်းထက်
မကိုပိုပိုင်တယ် ငါ့မိန်းမသူက ငါ့မိန်းမအသားကို
ငါပဲထိခွင့်ရှိတယ် တွေ့ခွင့်ရှိတယ်
တစ်ခြားကောင်တွေမပါဘူး ရှင်းလား!! Goတော့"

နေတစင်း ဘယ်လိုမှပြောမရမှန်းသိသွားတော့
ဖေဖေကို....

"ဖေဖေက မယားထိပ်ထားစံပဲနော်"

"အေးထားတယ်ကွာ ငါ့ဘာသာ ထိပ်ပဲထားထား ခေါင်းပေါ် ပဲတင်ထားထား ဒါငါ့တို့လင်မယားကိစ္စ မင်းစောက်ကိစ္စမဟုတ်ဘူး!"

သူမ သားအရင်းကိုတောင်မှ
သဝန်တိုနေတဲ့မောင့်ကြောင့် တကယ်ကို
ကြည့်မရဖြစ်လာရသည်မို့...

"သား မေမေကြယ်သီးလာတပ်ပေး
မင်းအဖေကစကားများနေတာနဲ့ Dinner
နောက်ကျတော့မှာ"

"ဟုတ်"

ဘုတ်

နေတစင်း မေမေဆီသွားဖို့အလှမ်းဖေဖေရဲ့
လက်ကသူဇာတ်ပိုးကို
အုတ်ချလိုက်တော့သည်။ဇာတ်ပိုးအုတ်

Lay Nge

နာလားမနာလားမပြောနဲ့ ကိုယ့်သားလေးလက်က
ဒဏ်ရာရှိတာမမထောက်
အရှေ့ကိုတောင်ဝိုက်သွားရသည်။

"မောင်!! သား နာသွားပြီလား မောင်ကလေးကိုနော်
"

"မ သားကထွက်သွားလို့ပြောနေတာ
လူစကားကိုနားမထောင်မှတော့
လက်ကစကားပြောရတော့တာပေါ့
မင်းအခုကိုယ့်အခန်းကိုယ်ပြန်လိုက်တော့ ငါ့တို့

Hotel မှာအရေးကြီးပွဲရှိတယ် နောက်ကျလိမ့်မယ်
ပြန်မလာဘူး Hotel မှာပဲအိပ်မှာ
မင်းပြောချင်တာမနက်မှပြောတော့"

ဆိုကာ နေတစင်းကို အခန်းပြင်တွန်းထုတ်ကာ
အခန်းတံခါးကို Lock ချလိုက်သည်။နေ
အခန်းတံခါး Lock ချပြီးတယ်ဆို
မအနားလျှောက်သွားကာ
ကြယ်သီးဆွေတပ်ပေးလိုက်သည်။သူအင်္ကျီကိုပြင်
ဆင်ပေးပြီးတယ်ဆို အရှေ့ကို
ပုခုံးတစ်ဖက်ကနေစုချထားတဲ့ ဆံပင်တွေကို
အနောက်ပြန်ချပေးလိုက်သည်။

"မောင် အဲ့တာနင့်သားနော်
သူပြောစရာရှိလို့လာတာကို နားထောင်ပေးမှပေါ့"

"သူများလင်မယားကြား တော်တော်ရှုပ်တဲ့ကောင်"

သူမမောင့်ကို မျက်စောင်းထိုးလိုက်ပြီး
သူမဝတ်ဖို့ထုတ်ထားတဲ့
လက်ဝတ်လက်စားတွေကိုသာဆက်ဝတ်နေလိုက်
သည်။

နေကတော့ သူဘဝရဲ့အသက်လောက်ချစ်ရတဲ့
မိန်းမကို
ဘောင်ဘီအိတ်ကပ်ထဲလိုက်နှစ်ဖက်ထည့်ကာ
ကြည့်နေမိသည်။သူမ နဲ့
သူနဲ့အရင်အချိန်ကတွေ့ခဲ့ပြီး ချစ်ကြိုက်ခဲ့တာတွေ
နာကျင်ခဲ့ရတာတွေက အခုအချိန်မှာတော့
ပေါင်းဖက်နိုင်ကြပြီ။အသက်လောက်ချစ်ရဲ့
ခင်များသာလျင် ကျွန်တော်အသက်ရှင်ရခြင်း
အကြောင်းရင်း.....။

~~~~~~~~~~~~~~~~~~ 🍓
~~~~~~~~~~~~~~~~~~

မေ နည်းနည်းသက်သာလို့ ရေးပြီးထားတဲ့
နေတို့ကိုပဲတင်လိုက်တယ်နော် 😊

လိုင်းလည်းမကောင်းဘူး 😹

comment လေးတွေ like
တွေအားဆေးကျွေးခဲ့ပါဦး 🤍 🤍

OBJ

📖 The Sun Of Flower {Season 2} 📖

Lay Nge

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

Part_43~~~~🦋

"Hello NayMinnLatYar!"

သူမလက်ကိုဆွဲက Hotel ကိုလာတဲ့ US အခြေစိုက်သူရှယ်ယာဝင်ထဲတဲ့ company ကလူတွေကသူ့ကိုခေါ်တယ်ဆို သူလည်း သူမလက်လေးကိုပိုတင်းအောင်ကိုင်ကာ ထို အမေရိကန်နိုင်ငံ jack တို့ဝိုင်းကို

လျှောက်လိုက်သည်။နိုင်ငံခြားက
လူတွေအတွက်လုပ်ပေးတာဆိုပင်မဲ့
တစ်ခြားစီးပွားရေးလုပ်ငန်းရှင်တွေပါတက်ရောက်
ကြသည်။

"Hi Jack "

"How is your job?"

{ခင်များရဲ့အလုပ်အကိုင်တွေအဆင်ပြေလား}

နေ Jack ဆိုတဲ့လူမေးတာကို ပြုံးကာ...

Lay Nge

"Yes,She is my lovely wife"

{အင်း,သူမက ကျွန်တော်ရဲ့ချစ်ဇနီး}

နေက သူ့ကိုမေးရင်းနဲ့ သူမကိုကြည့်ပြီး
ပြောနေတာမို့ ကိုင်ထားတဲ့လက်ကိုဖြုတ်ကာ
သူမခါးကို တင်းနေအောင်ဖက်ရင်း
သူမေးတာအပြင်
သူမကသူ့ရဲ့ဇနီးဖြစ်ကြောင်းပါပြောလိုက်သည်။

"Wow she is so beautiful"

{ဝိုး သူမကလှတယ်}

"I appreciate it"

{ကျေးဇူးတင်ပါတယ်}

နေ သူမခါးကိုဖက်က Party ကိုလာသမျှ
လုပ်ငန်းရှင်တွေနဲ့စကားပြောနေသည်။သူမကတော့

Lay Nge

သူသွားရာကို
ဘေးကနေသူသွားတဲ့နေရာလိုက်နေရသည်။

သဘာဝ အကျင့်ယုတ်တဲ့မောင့်ကိုစိတ်တိုနေရသလို
သူမြန်မာဆန်ဆန်ဝတ်ခိုင်းတဲ့အကြောင်းအရင်းလ
ည်း သူမသိလာရသည်။သူမက party ကို
ဂါဝန်ဝတ်မယ်ဆိုတာကိုမဝတ်ရဘူးဆိုကာ
သူကြိုက်တဲ့ဝတ်စုံရွေးပြီး
သူမကိုဝတ်ခိုင်းခြင်း။အခုကြည့်ဦး party တစ်ခုလုံး
ဂါဝန်တွေ ကိုယ်ကြပ်အင်္ကျီတွေနဲ့
သူမထက်အသက်ကြီးတဲ့သူတွေတောင်ဝတ်ထား
တာ အခုတော့သူမတစ်ယောက်ထဲ

မြန်မာဝတ်စုံနဲ့။သူမှာ
နိုင်ငံခြားသားတစ်အုပ်စုနဲ့စကားပြောတိုင်း သူမကို
သူဇနီးဆိုတာကိုပြောနေလိုက်တာများ။

နေ ည့ေသည်တွေနဲ့စကားပြောပြီးတော့
ဝိုင်းတစ်ခုမှာတစ်ယောက်ထဲထိုင်ပြီး မြုံနေတဲ့
အထက်တန်းစားကိုတွေ့တော့
သူမလက်ကိုဆွဲလျှောက်သွားကာ မပြောမဆိုနဲ့
အထက်တန်းစားဇာတ်ပိုးကိုပိတ်ရိုက်ထုတ်လိုက်သ
ည်။သူရိုက်လိုက်တာဆို ဝိုင်သောက်နေတဲ့
အထက်တန်းစား ခင်မျာ
ပါးစပ်ထဲရောက်နေတဲ့ဝိုင်ပါပြန်ထွက်ကျမတက်။

"နေ မင်းကွာ"

"မင်း ကိုယ်ရုံတော်တွေကတအားအားကိုးရာတာပဲ
ငါ့သားဆေးရုံတက်ရတာတောင်အနားမရှိဘူး"

နေကရွဲ့ပြောတာကို အထက်တန်းစားကရီကာ....

"အဟက် နေ အဲ့နေ့ကအရေးပေါ်ကိစ္စရှိလို့
ငါခေါ်လိုက်တာပါကွာ
အဲလိုဖြစ်မယ်မှန်းသိရင်မခေါ်ပါဘူးကွာ"

ဒီကောင် သူသားကိစ္စမကျေနပ်လို့
သူကိုလာပြဿနာရှာတာသိတဲ့အပြင် ဒီကိစ္စက
သူ့ဘက်ကလိုအပ်ချက်မို့
နေကိုပြန်တောင်းပန်ရသည်။နေကလည်း
စိတ်ဆိုးလို့သူကိုလုပ်တာမဟုတ်ဘူးဆိုတာသိပါသ
ည်။ဒီကောင်နဲ့က အရင်ကတည်းက
မလိုရင်မလိုသလိုထုရိုက်နေကြမို့မထူးဆန်းတော့။

"အေးပါ ငါ့သားငါ့ဘာသာပဲကာကွယ်တော့မယ်"

"မင်းရဲ့စွမ်းအားကြီးကို ငါသိပါတယ်ကွာ ဒါနဲ့
မင်းမဟေသီကို ငါအခုမှသေချာတွေ့ဖူးတော့တယ်
တကယ်အဖိုးတန်လေးပဲလှတယ်နော် ဒါကြောင့်
နေမင်းလက်ရာ တို့ရောက်တဲ့နေရာ
မိန်းမကိုကြွားနေတာ "

"စောက် FAကောင် မင်း ငါ့မိန်းမကိုမကြည့်နဲ့
ကိုယ့်ဘာသာစားစရာရှိတာစား!"

နေကအမြင်ကတ်ကတ်နဲ့
အထက်တန်းစားကိုဆဲတော့

သူမကအားနာသွားရသည်။မောင်ဟာလေတစ်က
ယ်ကို သဝန်တိုတဲ့နေရာမှာ သရဖူဆောင်းထားတဲ့
ဂိုက်ချုပ်ကြီး။တစ်ခြားသူနဲ့မပြောနဲ့
သူသားအရင်းနဲ့တောင် သဝန်တိုမှတော့
ပြောစရာစကားကကုန်နေပြီမဟုတ်လား.....။

Party ပြီးတော့ US က ပါတနာတွေကို VIP
အခန်းစီစဉ်ပေးကာ အချိန်ကလည်း 12ဖြစ်နေပြီမို့
အိမ်ကိုလည်း ပြန်မလာဘူးပြောခဲ့တာမို့ Hotel
ကသူနားနေခန်းကိုပဲ မကိုခေါ်ကာ
ထွက်လာလိုက်သည်။သူနားနေခန်းရောက်တယ်ဆို
မက အရှေ့ကနေဝင်သွားပြီး သူက တံခါး Lock

ချကာ

အရှေ့ကဝင်သွားတဲ့သူမနောက်ဝင်လိုက်သည်။

"မောင် အကျင့်မကောင်းတာ!"

သူအနောက်ကနေ သူမလေးကိုဖက်လိုက်တော့

သူမရဲ့အသံမာမာလေး....

"ဘာလို့"

Lay Nge

"သူကြ Suit နဲ့ သူများကြ ပုံတုံးဝတ်ခိုင်းတာ
တော်တော်လူကြားထဲပေါလွင်ချင်နေတာလား
မောင်စုတ်ရဲ!"

သူမစိတ်ကောက်နေရတဲ့အကြောင်းအရင်းကိုသိတ
ယ်ဆို သူ့ရုပ်ပြုံးတုံးတုံးဖြစ်သွားရသည်။party မှာ
တော်တော်များများ ရင်ဟိုက်မဟုတ်ရင်တောင်
ဂါဝန် နဲ့ စကပ်ကို ဝတ်လာမှာသိပင်မဲ့
နိုင်ငံခြားကယောကျ်းတွေက
ဘာမှရှောင်တာမဟုတ်။သူ့မိန်းမကို
ကြည့်ရင်းကြည့်သူပဲကြည့်မယ်။သဘာဝပန်း ရဲ့

ဖြစ်တည်မှုက နေမင်းလက်ရာအတွက်မို့
အရာရာဟာသူပဲပိုင်သည်။

"နိုင်ငံခြားသားတွေပါတယ်လေကွာ မရဲ့သိသားနဲ့
မောင့်မိန်းမအလှကိုကြည့်နေမှာ
အခုတောင်ကြည့်ချင်နေတာ"

"မောင် ကြည့်တာကမျက်လုံးပါတာကို
တဏှာစိတ်နဲ့ ကြည့်တာမှမဟုတ်တာ ပြီးတော့
သဘာဝကအိမ်ထောင်သည်
အရွယ်ကလည်းငယ်တော့တာမဟုတ်ဘူး"

"ငယ်တာတွေ မငယ်တာတွေမောင်မသိဘူး
သိတာက မောင့်မိန်းမကို
စောက်ရမ်းချစ်တာပဲပြီးတော့ စောက်ရမ်းလည်း
သဝန်တိုတယ် "

"ကြည့်စကားပြောတာက အချိုးမပြေဘူး "

မောင်ကအသက်သာကြီးလာတာ
စကားပြောတာက
အရှေ့မကြည့်နောက်မကြည့်။စကားပြောတာကလ

ည်း ကိုယ်ပြောတာရိုင်းနေလားဆိုတာလည်း
မစဉ်းစားဘူး။

"အချိုးမပြေတာတာကနောက်ထား မောင့်မိန်းမကို
မောင်ချစ်ချင်လာပြီ အသဲတွေကတယားယား ဟွန်း
ရေချိုးမလား အိပ်ယာပေါ်သွားမလား"

သူမကို အနောက်ကဖက်ထားပြီး သူတဏှာရူးဖို့
နေရာရွေးခိုင်းနေတဲ့
မောင်။ဘယ်လောက်တောင်အရှက်မရှိလိုက်လည်း
။သူမ ကိုစကားနဲ့တင်

အရသာခံပြောနေတာကသူ။ဒါကို
တစ်ခြားသူတွေတဏှာရူးမှာကြောက်နေသေးတာ။

"နေမင်းလက်ရာ!!!"

"No need to hurry"

{လောဖို့မလိုဘူးလေ}

Lay Nge

"ဘာ!! မောင်နင်တော်တော်ကိုဆိုးနေပါလား
ငါ့ကိုဖက်ထားတာ
အခုလွတ်စမ်းနင်နာဘူးထချင်နေတဲ့
အကြောကိုဖျက်မလို့!"

"မ နော်မလုပ်ကောင်းဘူး ဟွန်း
မောင့်မှာအဲတာလေးပဲရှိတာ "

သူမပြောချင်တာ အဲ့တာမဟုတ်မှန်းသူသိပင်မဲ့
သူမစိတ်ဆိုးနေတဲ့ပုံလေးကချစ်ဖို့ကောင်းတာမို့မစ
ပဲမနေနိုင်။သူလည်း ချစ်စရာမိန်းမဖြစ်သူကို

သူလိုချင်တဲ့အနေအထားကိုဆွဲပြောနေတာ
ခန္ဓာကိုယ်လေးကိုဖက်ထားတာကိုလည်းမလွတ်
ပေး။

"မောင်က တဏှာရူး နာဘူး!"

"အင်း မတစ်ယောက်ထဲကိုပဲ ကွက်ပြီး ရူးတာ
ဘူးတာ"

Lay Nge

"မောင်တော်ပြီ စနောက်မနေနဲ့တော့ အိပ်မယ်
သဘာဝသိပ်နေမကောင်းချင်ဘူး
ဒီရက်ပိုင်းအားနည်းနေသလိုခံစားရတယ်

သူမနေမကောင်းချင်ဘူးဆိုတာနဲ့
ဖက်ထားတာကိုချက်ခြင်းလွှတ်ပေးကာ
သူနဲ့ချက်ခြင်းမျက်နှာချင်းဆိုင်ဖြစ်အောင်လှည့်လို
က်တဲ့မောင်။

"ဆေးခန်းပြမလား မောင်ဆရာဝန်ခေါ်ပေးရမလား"

"ဟင်အင်း နားလိုက်ရင်ရပြီ မောင်"

နှုတ်ခမ်းလေးတွေက
သေချာကြည့်မှာဖြူဖက်ဖြူရောလေးဖြစ်နေတာမို့
သူမှာစိတ်ပူသွားရသည်မှာ
ခဏကစချင်နေတဲ့စိတ်ဘယ်ဆီရောက်သွားမှန်းမ
သိ။သူ သူမပြောတာကို ခေါင်းငြိမ့်ကာ
သူမလေးကိုပွေ့လိုက်ပြီး
ကုတင်ပေါ်တင်ပေးလိုက်သည်။သူမကိုစောင်ခြုံ
ပေးပြီးတယ်ဆိုသူအပေါ်ကုတ်ချွတ်ကာဆိုဖာပေါ်ပ
စ်တင်လိုက်သည်။သူအပေါ်ကုတ်ချွတ်ပြီးတော့ကု
တင်ပေါ်တက်ကာ

သူမလေးကိုရင်ခွင်ထဲသွင်းလိုက်တော့
သူခါးကိုပြန်ဖက်လာတဲ့ လက်သွယ်သွယ်လေး။

"မောင့်ရင်ခွင်ထဲမှာပဲ နွေးနွေးထွေးထွေးနဲ့အိပ်ပါ
အန္တာရယ်တွေ စိတ်ပူစရာတွေကို
မောင်ပဲဖြေရှင်းမယ် မောင်ရဲ့ချစ်သောလေး"

ဆိုကာ ရင်ခွင်ထဲအိပ်ပျော်သွားတဲ့
သူမနာဖူးလေးကို ကြင်နာစွာပန်းလေးတစ်ပွင့်နယ်
နမ်းလိုက်ကာ တစ်စုံတစ်ယောက်အတွက်
အကျိုးဆက်တွေကိုပါ တွေးရင်း.....။

"အစ်ကို နေလက်ရာဘက်ကဘာပြောလည်း"

ဆွေးရိပ်ကမ္ဘာ မနက်စာစာရင်း
ဒေါ်မေသန္တာမေးတာကို....

"မေ နဲ့ ပူးပေါင်းလုပ်တဲ့ကောင်မလေးက
နေလက်ရာမိသားစုနဲ့ရင်းနှီးတော့
အဲကောင်မလေးက လွတ်ဖို့များတယ် ပြီးတော့
ကောင်မလေးက ခေါင်းငြိမ့်ခေါင်းခါပဲ

ဒီကိစ္စမှာပါတာတဲ့ လက်တွေ့လုပ်တဲ့
မေအတွက်ကမလွယ်ဘူး သန္တာ"

ဦးဆွေးရိပ်ကစိတ်မကောင်းတဲ့မျက်နာထားအပြင်
အသံကပါမကောင်းပဲပြောနေတော့
ထမင်းစားခန်းထဲဝင်လာတဲ့ လင်းရိပ်ကို
ကကြားကာ.....

"ကိုယ်ပြုသည့်ကံပဲ့တင်သံ ကိုယ်ထံပြန်လာမည်
ဆိုတဲ့စကားကသိပ်မှန်တယ်နော် ဒယ်ဒီ

အခုသူများမကောင်းကြံတော့
သေဒဏ်မကျရင်တောင် 10နှစ်ကအနိမ့်ဆုံးပဲ"

"သမီး!!"

"Sorry ကိုပြောတဲ့အထဲအမှန်တွေပါသွားတယ်
မေမိုးသမီး coffee ပြင်ပေးနော်"

ကို ကသူမထိုင်နေကြနေရာမှဝင်ထိုင်ကာ
မေမိုးကိုသူမစားဖို့ မေမိုးကိုပြင်ခိုင်းလိုက်သည်။

LayNge

"သမီး မေအပေါ် ကြည့်မရရင်တောင်..."

"မင်းပါးစပ်ပိတ်ထားလိုက်ဆွေးရိပ်
ငါ့မြေးကိုမင်းမှာပြောပိုင်ခွင့်မရှိဘူး"

မနက်စာဝိုင်းမှာ
ငြိမ်သက်နေတဲ့ဒေါ် နှင်းရတုမေကသူ့မြေးမလေးကို
ပြောဖို့ပြင်နေတဲ့သားဖြစ်သူကိုဖိဟောက်လိုက်
တော့...

"မာမီ ကျွန်တော်ကသူ့အဖေ"

"ဟွန်း အဖေဟုတ်လား
မိထွေးတွေအတွက်ကိုယ့်သွေးသားကိုရိုက်တာ
အဲ့တာအဖေလားပြောစမ်း ဆွေးရိပ်ကမ္ဘာ"

"မာမီ ကျွန်တော်ဆုံးမနေတာ သမီးအတွက်
ရိုင်းစိုင်းနေတာမလိုချင်ဘူး"

ဒေါ်နှိုင်းရတုခင် သားဖြစ်သူပြောတာကို
သဘောကျလို့ပြုံးတဲ့အပြုံးမဟုတ်ပဲ
ရွံရှာလို့ပြုံးတဲ့အပြုံးပြုံးကာ....

"နင့်သားပုံစံပြောင်းလိုက်ရင် ငါမြေးလေးလည်း
ပြောင်းလဲသွားလိမ့်မယ် မင်းကိုမင်းသာ
လမ်းမှန်ရောက်အောင်အရင်လျှောက်လိုက်ဦး"

ချွေးမဖြစ်သူရှိစဉ်အခါက
မြေးမလေးကဖြူစင်လွန်းလို့
တစ်ခြားသူတွေထိခိုက်အောင်လုပ်မှာကို
သူမစိုးရိပ်ခဲ့ရတည်။အခုတော့မြေးမလေးကသတ္တိရှိ
တဲ့အပြင် အရာရာကို ရင်ဆိုင်နိုင်နေတာမို့

အဲတာတစ်ခုကိုအတွက်တော့
သားကိုတောင်ကျေးဇူးတင်ရမလိုလို။

"နင်အဖေတစ်ယောက်
ရှိသင့်တဲ့အရေအချင်းပြည့်တဲ့နေ့
ငါ့မြေးပြောင်းလဲတဲ့နေ့ဆိုတာမှတ်ထား ပြီးတော့
ငါ့မြေးကို ငါအရင်တုန်းကပုံစံပြန်မဖြစ်စေချင်ဘူး
သိလား ဘာလို့ဆို ငါ့မြေးရဲ့ပျော့ကွက်ကိုရှာနေတဲ့
ဟာတွေရှိလို့လေ"

ဒေါ်နှိုင်းရတုခင်က မေသန္တာကိုကြည့်ကာ
တည့်တိုးပြောချလိုက်တော့ ဆွေးရိပ်မျက်နာ
ပျက်ကျသွားရသည်။မာမီက နဂိုကတည်းက
သူ့ချွေးမမျက်နာ နဲ့ မြေးမျက်နာကလွဲ
သူ့ကိုတောင်အရေးသိပ်လုပ်တာမဟုတ်။သမီးဖြစ်
သူတစ်ယောက်ထဲတောင်မနိုင်တာ
မာမီပါရောက်လာတော့ သမီးကို
ပြောဖို့တောင်မဖြစ်နိုင်တော့.....။

Love You So Much Ma ဆိုတဲ့ လေထိုးထားတဲ့
စာလုံးလေးတွေက သူမအိပ်ရာနိုးတယ်ဆို
အပေါ်မျက်နာကျက်မှာ

စီတန်းထားသည်။ဒါဘယ်သူလက်ချက်လည်းတွေး
စရာမလိုလောက်အောင်
သူ့မဘဝမှာဒီလိုပျော်ရွှင်မှုတွေပေးတဲ့
တစ်ဦးတည်းသောသူ။သူမခြုံထားတဲ့စောင်ကို
ဖယ်ကာထထိုင်တော့ သူမကြိုက်တဲ့
ပိတောက်ပန်းလေးတွေပြင်ထားတာ
မောင်ရဲ့နားနေခန်းတစ်ခန်းလုံးပင်။မောင်ဘယ်အချိ
န်ကထလုပ်ထားလည်း သူမမသိ။

"ဒီနေ့က မောင်တို့ခွဲခွာရပြီး ပထမဆုံး
စင်တာမှာပြန်တွေ့တဲ့နေ့"

သူမကုတင်ပေါ်ကခြေထောက်ချလိုက်တိုင်ဆို
နံရံမှာကပ်ထားတဲ့ TV ကနေ ဓာတ်ပုံတွေနဲ့
အတူမောင်အသံပါပါနေတာမို့
သူမဆက်နားထောင်နေလိုက်သည်။

"အဲ့နေ့က မောင့်အတွက်နောင်တရဆုံးဆိုပင်မဲ့
မကိုတွေ့လိုက်ရတဲ့အချိန်မှာ မောင့်ဆီကို
ခံစားချက်နှစ်ခုကပြိုင်ဝင်လာတယ် တစ်ခုက
ကိုယ်သိပ်ချစ်ရတဲ့သူကို 3နှစ်တာဝေးပြီးမှ
တွေ့လိုက်ရလို့ ပျော်နေတာရယ် တစ်ဖက်ကတော့

အဲ့မိန်းကလေးက ကိုယ်မပိုင်တော့ဘူးဆိုတဲ့
ခံစားချက်ဆိုးပေါ့ မောင်နှလုံးသားတွေ
ကွဲကြေမတက်ခံစားခဲ့ရတယ် တကယ်ပြောတာ
ဘဝမှာမိဘတွေကြောင့်တောင်မျက်ရည်တစ်စက်မ
ကျခဲ့ဘူးတဲ့ မောင်က ခင်များလေးအတွက်ဆို
အသေးစိတ်ကအစမျက်ရည်ကျတက်နေပြီ "

သူမဓာတ်ပုံလေးတွေနဲ့အတူ
အသံနောက်ခံပြောနေတာကို နားထောင်ပြီး
မျက်ရည်က ကျလာရသည်။မောင့်က
သူမကိုအရမ်းတန်ဖိုးထားတာမို့
သူမအတွက်ကတော့ ဒီလူသားက

သူမအတွက်တော့ ဒဏ်ရာမှန်သမျှကို
အမာရွတ်ပါမကျန်အောင်ရှင်းနိုင်တဲ့သူမတစ်ယော
က်ထဲအတွက် Limit နဲ့ထုတ်ထားတဲ့ ဆေးလေး။

"ကံကြမ္မာကလည်း မောင့်အချစ်စစ်တယ်ဆိုတာ
သိသွားတယ်ထင်တယ် မောင့်ချစ်သူကို
မောင့်ရင်ခွင်ထဲပြန်ပို့ခဲ့တယ် မောင့်ဘဝရဲ့
အသက်က မောင့်မိန်းမ
ချစ်တယ်ဆိုတာတောင်ပြောရမှာ မောင့်ရဲ့
အချစ်အတိုင်းအတာနဲ့မညီမျှသလိုခံစားရတယ်
အကုန်ကုန်ပြောရရင် တစ်ဖက်က သား
တစ်ဖက်က မဆိုရင်ရင် မောင်မတွေဝေပဲ

မကိုရွေးမှာ အဲ့တာဘာဖြစ်လို့လည်းသိလား
ပန်းဆိုတဲ့မက နေရောင်ရမှုရှိနိုင်မှမဟုတ်ပဲ
နေရောင်က သူ့ရဲ့အလင်းတန်းဖြန့်ကျဲဖို့အတွက်
အဲ့ပန်းလေးရှိနေမှဖြစ်မှာမို့ မောင့်ရဲ့ရင်သန်ရာလေး"

TV ကအသံ နဲ့အတူ vedio ပြီးသွားတယ်ဆိုသူမ
ရင်ထဲပျော်ရွှင်မှုက မည်မျှရှိလည်းတောင်မသိပဲ
အားရပါးရငိုချမိသည့်အထိ။ဒီမျက်ရည်က
ပျော်လွန်းလို့ကျတဲ့မျက်ရည်တွေပါ။မောင်
သူမအပေါ်ဘယ်လောက်တောင်
ချစ်ပေးခဲ့လည်းသူမအသိဆုံး။

"မ

ခင်များလေးကအခုထိကျူပ်ကိုပြုစားလွန်းတယ်

မွ"

သူမအနောက်ကနေဖက်ပြီး

ပါးကိုနမ်းခံလိုက်ရတာမို့ လှည့်ကြည့်လိုက်တော့

မောင်။ဒါကသူ့နားနေခန်းမို့

ရေချိုးပြီးသွားပြီထင်ပါရဲ့ သူရဲ့အရင်စတိုင်ပဲ

ဝတ်ထားသည်။

"မောင်ဘယ်ကဘယ်လို"

"မောင်အကုန်ပြင်ဆင်ပြီးတယ်ဆို
မဘေးခေါင်းကိုခြုံပြီး ပြန်နေနေတာ
တကယ်မတွေ့ဘူးလား"

သူမေးတော့ သူမကခေါင်းရမ်းပြသည်။သူပြုံးရင်း
ဖက်ထားတာကိုလွှတ်ကာ
သူမရဲ့ဘယ်ဘက်လက်လေးကိုယူကာ
ဟန်းချိန်းလေးကိုသူမလက်ကောက်ဝတ်လှလှလေး
မှာ ဝတ်ပေးလိုက်သည်။ဟန်းချိန်လေးကာ

နေလုံးပုံစံ
စိန်လုံးလေးတွေကလက်လေးလုပ်လိုက်တိုင်း
တစ်ခုနဲ့တစ်ခုထိသွားရသည်။

"ကြိုက်လား မောင်မှာထားတာကြာပြီ
အခုစိတ်ကြိုက်ရတာနဲ့
ဒီရက်နဲ့ကတိုက်ဆိုင်သွားလို့လေ"

"ဒီရက်တွေထဲ ပြဿနာဒီလောက်များနေတာကို
မောင်က"

"တကယ်တော့ ကိုယ်ချစ်တဲ့သူအတွက်
အချိန်မပေးနိုင်တာက အလုပ်ရှုပ်လို့ဆိုတာတွေက
ဆင်ခြေတွေပါ မောင်အတွက်ကတော့
မောင့်မိန်းမအတွက်အချိန်က အမြဲ နံပတ်တစ်မှာပဲ'

သဘာဝ မောင်ရင်ခွင်ထဲဝင်လိုက်ပြီး
သူခါးကိုဖက်ထားလိုပ်သည်။ရေချိုးပြီးတာသိပ်မ
ကြာသေးတဲ့ မောင့်ကိုယ်က ဆပ်ပြာအနံ့လေးက
အရမ်းပြင်းတာမျိုးမဟုတ်ပဲ
အနံ့သင်းသင်းလေး။အဲ့ဆပ်ပြာ ကိစ္စကလည်း
သူသုံးတဲ့ရဆပ်ပြာကို သူမယူသုံးမိတော့
အသားအရေမှ အနီစက်ထတာတွေကို

တွေ့ပြီးကတည်းက သူမအသားအရည်နဲ့ တည့်တဲ့နူညံတဲ့အနံ့တွေသာသူသုံးတော့သည်။အခုလည်း အိမ်မှာမဟုတ်တဲ့ Hotel ကနားနေခန်းမှာတောင် ဆပ်ပြာကိုပြောင်းထားသည်။

"မွေးလား ခိုးနမ်းနေတာ"

"အင်း အိပ်ရာနိုးကာစ လန်းသွာတာပဲမောင် ဒါနဲ့ ပိတောက်ပန်းတွေက"

"သင်္ကြန်နီးနေပြီလေမရဲ့
ကျွန်တော်မျိုးရဲ့မိန်းမလေးကြိုက်မှန်းသိလို့
ပန်းတော်ဆက်တာပါဗျ"

"အရမ်းချစ်တယ် မောင် ဟင့်"

"မောင်ကပို ချစ်တာ ဟွန်း"

ရင်ခွင်ထဲမှာ
လူကိုချစ်ကြောင်းပြောနေတာလေးကသူ့အတွက်
တော့ မြတ်နိုးရသော သူမမို့

တန်ဖိုးထားရပါသည်။သူမလေးကို ဖက်ထားပြီး
သူမခေါင်းလေးကို နမ်းရှိုက်ရင်း.....။

"မေမေ ဖေဖေပြန်လာပြီလား သားပြောစရာရှိလို့"

သူတို့အိမ်ထဲဝင်လာတယ်ဆို
အခုအချိန်ထိအပြင်မထွက်ပဲ
သူတို့ကိုစောင့်နေပုံထောက်ရင် တစ်ခုခုမို့
နေပုခုံးတစ်ချက်တွန့်ပြီး ညှဉ်ခန်းထဲ
သဘာဝလက်ကိုဆွဲကဝင်လာပြီး
ဆိုဖာမှာဝင်ထိုင်လိုက်သည်။

"သား ဘာပြောမလို့လဲ "

"ဖေဖေ သားတိုင်ပင်စရာရှိလို့ ပြောမယ်ဆို
သားဝါသနာပါတာတစ်ခုလုပ်ချင်လို့"

"ဘာလုပ်မှာလည်း မင်းကြိုက်တာလုပ်ပေါ့
ဖေဖေအနောက်ကထောက်ပံ့ပေးမှာပေါ့"

နေတစင်း ဖေဖေပြောတာကို
ပြုံးပြီးခေါင်းငြိမ့်ကာ...

"သား Coffee ခြံဝယ်ပြီး သားကိုယ်ပိုင်တံဆိပ် coffee ထုတ်ချင်လို့လေ
သားတစ်ယောက်ထဲမဟုတ်ဘူးဖေဖေ Light နဲ့ နှစ်ယောက်အတူတူလုပ်မှာ
ကိုယ်ပိုင်တံဆိပ်ထုတ်ဖို့ကတော့ သား US ကပြန်လာမှလုပ်ဖြစ်မှာ ဖေဖေ အခုတော့ ဝယ်ထားမလို့လေ သားဆီမှာလည်း ငွေအမောက်ကထိုက်သင့်သလောက်ရှိပါတယ် လိုတာကို ဖေဖေခဏစိုက်ခိုင်းမလို့ US ရောက်ရင် ပြန်ပို့ပေးမယ်"

Coffee ခြံဝယ်ရာကနေ Coffee ကို
ကိုယ်ပိုင်တံဆိပ်ထုတ်မယ်ဆိုတာအထိကို
နေနားလည်သည်။နေနားမလည်တာက
အခုထိမိဘအရိပ်အောက်ကမလွတ်သေးတဲ့ကောင်
က သူ့ဆီကပိုက်ဆံချေးပြီး US
ရောက်ရင်ပြန်ပို့မယ်ဆိုတာပင်။မသိရင်
သူတို့ကပဲသူ့ကို US
မှာသွားအလုပ်လုပ်ခိုင်းနေတဲ့ပုံစံ။

"မင်းက US မှာဘာလုပ်လို့လည်း ဟမ် နေတစင်း
ငါ့ကို ဘာတွေပြောနေတာလည်း
ပွင့်ပွင့်လင်းလင်းပြောစမ်းကွာ"

"သား US မှာတစ်ခါတစ်လေ
ကားမောင်းတာဝင်ပြိုင်တာလေ
ပိုက်ဆံအများကြီးရ...."

နေတစင်း မေ့ပြီးပါးစပ်ကနေ
ကားမောင်းပြိုင်တဲ့ကိစ္စထွက်သွားတယ်ဆို
မေမေတင်မက
ဖေဖေကပါမျက်နာတင်းသွားတာကြောင့်
သူစကားကိုရောက်တဲ့နေရာမှာတင်ရပ်လိုက်သည်။

Lay Nge

"သား ကားမောင်းပြိုင်တယ် ဟုတ်လား
ဒီလောက်အန္တရာယ်ကြီးတာကို ကြည့်စမ်း
နှိုင်ဒံရပ်ခြားနေပြီး
မိဘကွယ်ရလုပ်ချင်တာလုပ်နေတယ် ဟုတ်လား
မေမေကိုပြောစမ်း!!"

နေတစင်း USမှာ
နေ့ခင်းဘက်စာတွေဖိကျက်နေရတဲ့အကြောင်းအရ
င်းက
ညဘက်သူကားပြိုင်မောင်းဖို့အတွက်သာ။ဒီလိုလုပ်
နေတာတွေကို မခြယ်လည်းမသိသလို
သူတက်နေတဲ့ကျောင်းဆရာဆရာမတွေလည်းမသိ

။ဘယ်သူကထင်မှာလည်း
ထူးချွန်ကျောင်းသားတစ်ယောက်က
ညဘက်အလေလိုက်တယ်ဆိုတာကို။ကားပြုင်မော
င်းတာကလည်း ဝါသနာပါတာမျိုးမဟုတ်ပင်မဲ့
ပြိုင်ဆိုင်ချင်တဲ့စိတ်ကတော့ သူဝါသနာပင်။

"မင်းကငါ့ထက်အဆန့်စဆယ်လောက်သာနေပါ
လား ဟမ်! နေတစင်း "

မေမေတစ်ယောက်ထဲနဲ့တောင်ဘယ်လိုပြန်ပြောရမ
ယ်ဆိုတာမသိရတဲ့အထဲ ဖေဖေကပါဆူနေတာမို့

နေတစင်းပြောမိတဲ့သူ့ပါးစပ်ကိုသာပိတ်ရိုက်ချင်သည်။

နေ သားကိုဟောက်သာထဟောက်လိုက်တာ
ဒီကိစ္စတွေလည်း သူကိုယ်တိုင်
လန်ဒန်မှာတုန်းကလုပ်ခဲ့ဖူးသည်။ကားပြိုင်မောင်းရင်မောင်း မဟုတ်ရင် ဆိုင်ကယ်ပြိုင်မောင်း
သားတို့လိုတော့လောင်းကြေးနဲ့မဟုတ်
တစ်ယောက်မျက်နာတစ်ယောက်
တော့ထိုးကြေးနဲ့ပြိုင်ကြတာ။

"သား ပြောပြမယ် "

"မင်းကို
မင်းအဖေကကျောင်းတက်ဖို့အကုန်မလုပ်ပေးလို့
လားပြောစမ်းနေတစင်း
မင်းအတွက်ဘာလိုအပ်တာရှိလည်း ငါ့ကတော့
မင်းကိုလိမ္မာတယ်မှတ်နေတာ မောင့်တုန်းကတောင်
အဲလောက်စိတ်မဆင်းရဲရဘူး
သားမင်းကိုယ့်အသက် အန္တရာယ်ကို
တန်ဖိုးမထားရင်တောင်
မင်းမိဘတွေအတွက်တော့စဉ်းစားပေးလေ

မေမေတို့မှာ သားတစ်ယောက်ပဲရှိတာနော်
နေတစင်း"

မျက်နှာမကောင်းတော့တဲ့
မလက်လေးကိုကိုင်လိုက်ပြီး သူ
သားကိုကြည့်ကာ...

"ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေ
အန္တရာယ်ကိုဖိတ်ခေါ်မနေနဲ့ ကြားလား
နောက်တစ်ခါ ကျောင်းသွားတက်လို့

Lay Nge

အဲ့လိုသတင်းကြားရင် ဖေဖေ
မင်းကိုတင်းကျပ်ရလိမ့်မယ်"

သူဖေဖေပြောတာကိုခေါင်းငြိမ့်လက်ခံလိုက်သည်။
ဒီထက်ဆိုးတဲ့အကြောင်းတွေသိလို့ကတော့ သူ US
တောင်ပြန်သွားရပါမလား။နေတစင်းဟာ
မိဘတွေရှေ့မှာမို့သာ ကောင်းအောင်နေတာ
အားလုံးမသိတဲ့တစ်ဖက်ခြမ်းမှာတော့
ဒုတိယနေမင်းလက်ရာပင်။

နေ မျက်နာမကောင်းတော့တဲ့ သားအမိကို...

"ကဲထားလိုက်တော့
သားပြောချင်တာဆက်ပြောတော့"

"သားပြောချင်တာက Coffee ခြံဝယ်တာနဲ့
လုပ်ငန်းစတဲ့အချိန်ကြ ဖေဖေရှယ်ယာဝင်ခိုင်းမလို့
သူမတစ်ယောက်ထဲဖြစ်ပင်မဲ့
သားကလည်းဝါသနာပါလို့လေ"

"ကောင်းပါတယ် သဘောမတူစရာမှမရှိတာ
သားလိုသလောက် သား bank acc

ထဲမှာရှိတာပဲသုံးပေါ့
ဖေဖေရှယ်ယာဝင်စရာတောင်မလိုဘူး မင်း bank acc ကို ဖေဖေရောက်ကတည်းကပေးမလို့
မင်းမေမေက မပေးနဲ့ဦးဆိုလို့ "

သူမမောင်ပြောတာဟုတ်တာမို့ သူမတကယ်လည်း
သားကငယ်သေးတာကြောင့်
ပိုက်ဆံပမာဏာကနည်းတာမဟုတ်တော့
ပျက်စီးသွားမှာကို
ဆိုးရင်လို့မောင်ကိုပဲသိမ်းခိုင်းထားတာ။

"ပြီတော့ နေလက်ရာ Hotel နဲ့ Company ကရတဲ့ မင်းရှယ်ယာအကျိုးအမြတ်ကို ဖေဖေ လစဉ်ထည့်ပေးထားတယ် "

ဖေဖေပြောတဲ့ သူ့ရှယ်ယာတွေကိုပြောနေတာကို သူနားမလည်။သူဘယ်တုန်းကမှ company နဲ့ မိသားစုပိုင်လုပ်ငန်းတွေမှာ ဝင်ပါဖို့နေနေသာသာ US မှာပဲသူ့အချိန်တွေကုန်ခဲ့တာ။

"ဖေဖေ ရှယ်ယာက ဘာတွေပြောနေတာလည်း သားနားမလည်ဘူး "

"ဟွန်း နေလက်ရာ Hotel နဲ့ Company မှာ
မင်းရှယ်ယာ 40ရာခိုင်နှုန်းဆီပါတယ်"

"ဗျာ!"

သားကအံ့ဩသွားပင်မဲ့
မောင်ကသူဘာလုပ်လုပ်သူမကိုပြောပြနေကြမို့
ဒီကိစ္စလည်းသူမသိတာကြောင့်
မောင်ပြောမှကိုပဲစောင့်နေလိုက်သည်။

Lay Nge

"အင်း အဲ့ရှယ်ယာ 40 ရာခိုင်းနှုန်းက မင်း အဖိုး နဲ့
အဖွား အပြင် မင်းအန်တီလေးကပါ
မင်းကိုအကုန်လွဲပေးထားတာ"

ဖေဖေ ပြောတာတင်မကပဲ အန်တီလေးနဲ့ ဖိုးတို့က
သူ့အပေါ်အမြဲ
ဒီအိမ်ကမျိုးဆက်တစ်ယောက်ထဲမို့လားတော့မသိ
အတော်ကိုချစ်တာ။သူကတော့ ဒီမိသားစုမှာ
အချစ်ခံရတဲ့သူ။သူဖေဖေပြောတာကို
နားထောင်ပြီး ဖေဖေကိုစချင်တာကြောင့်.....

Lay Nge

"ဖေဖေ"

"ဘာလဲ"

"ကျန်တဲ့ 60 ရာခိုင်နှုန်းကရော "

"ငါ့ဟာလေ"

"ဒါဆိုသား 10ရာခိုင်နှုန်းပေးလေး 50/50ပေါ့နော်"

Lay Nge

"မပေးနိုင်ဘူး! ရှင်းလား ငါ့ရှာနေတာ
ငါ့မိန်းမအတွက်
တစ်ခြားသူတွေအတွက်မဟုတ်ဘူး နော် သိထား"

နေက အချိန်တန်ရင်သူပဲအကုန်ရမဲ့ ကိစ္စကို
ဖအေကို လာပြီး ပေးချင်စိတ်ပါပျောက်အောင်
လုပ်နေတဲ့ ခွေးကောင်ကို သူပြောချလိုက်သည်။

"ကိုယ်မွေးထားတဲ့ သားလေးတစ်ယောက်ထဲကို"

"မင်းတစ်ယောက်ထဲလို့ဘယ်သူပြောလည်း "

နေရဲ့ရုတ်တရပ်စကားကြောင့် သားတင်မက သဘာဝပါ
စိတ်ဝင်စားသွားရသည်။ကိုယ့်ယောကျ်ားက နောက်ကလေးရှိတဲ့ပုံပြောနေတာကို ဘယ်မိန်းမက မသိချင်ပဲနေမှာလဲ။

"တစ်ခြားတစ်ယောက်ရှိသေးတာလား"

"ဟုတ်တယ် ငါ့ရှာငါ့သမီးလေးအတွက် အခုငါ့မိန်းမဗိုက်ထဲမှာလေ"

"ဟာ ဖေဖေရာတကယ်မှတ်လို့ဗျ"

နေတစင်းတစ်ယောက်ဖြစ်ပျက်သွားတဲ့မျက်နာကို
နေတစ်ယောက်
အားရဝမ်းသာစွာကြည့်နေမိသည်။နေမင်းလက်ရာ
ဆိုတာ မင်းထက်လည်လို့ မင်းအဖေလုပ်နေတာ။

နေတစင်း မင်းငယ်ပါသေးတယ်.....။

~~~~~~~~~~~~~~~ 🍓 🍓
~~~~~~~~~~~~~~~

ဒီအပိုင်းကအရှည်ကြီးပါနော်
အချစ်တွေလည်းပိုလျော့လာကြတာ😔

မေ နေတို့ကိုတင်တာကကြိုရေးထားတာပါ part 50ကျော်နေပါပြီ
ဒါကြောင့်တင်တာပါ😣ကျန်တာတွေက နေကောင်းမှတင်ပေးပါ့မယ်😽

Lay Nge

comment အရှည်ကြီးတွေမဟုတ်ရင်တောင်
ချစ်ပေးကြရင်ကိုကျေနပ်ပါတယ် 😽 comment
100 မျှော်လို့ရတယ်ဟုတ် Like 600 🥹

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Part_44~~~~ 🦋

Lay Nge

"နေ အစ်မတကယ်ကျေးဇူးတင်ပါတယ်
သမီးလုပ်ရက်အတွက်လည်း တောင်းပန်ပါတယ်"

မိုင် သမီးဖြစ်သူကိုအမှုကလွတ်အောင်
လုပ်ပေးတဲ့နေကို ကျေးဇူးတင်ကြောင်းပြောကာ
တောင်းပန်နေတဲ့။

နေ တကယ်တော့ ခြယ်လေးကိုအမှုကနေလွတ်ဖို့
စဉ်းစားနေရင်း လင်းရိပ်ကို ကို အဲ့မိန်းမလွဲချတာကို
သတိရသွားကာ အဲ့မိန်းမလုပ်တဲ့နည်းလမ်းအတိုင်း
လုပ်ဖို့စဉ်းစားမိကာ ရဲမှူးဆီကခွင့်တောင်းပြီး

တရားခံတွေကို တွေ့ကာ ပိုက်ဆံနဲ့
အလုပ်လုပ်လိုက်တာ
အပစ်တွေအဲ့မိန်းမပေါ်အကုန်ပုံချလိုက်တာကြောင့်
ခြယ်လေးအမှုကနေဘာမှမသိတဲ့ အနေအထားနဲ့
လွတ်လာရသည်။နေ ရဲစခန်းကနေ
အခုအိမ်တောင်ရောက်နေပြီ တောင်းပန်နေတဲ့
ကိုအုံတို့ လင်မယားကို....

"ကိုအုံ ရော မမိုင်ရောတော်ပါတော့ဗျာ
ကျွန်တော်တို့စိတ်လည်းမဆိုးဘူး ဘာမှမဖြစ်ဘူး
ပြီးတော့ အစ်ကို ကျေးဇူးတွေက
ကျွန်တော်အပေါ်မှာနည်းတာမဟုတ်ဘူး

အရင်တုန်းက
ကျွန်တော်ထောင်ထဲရောက်တဲ့အခါတိုင်း
ဒယ်ဒီတို့ထက် အစ်ကိုပဲဖြေရှင်းခဲ့တာ
အဲတာတွေနဲ့ယှဉ်ရင် ဘာမှမဖြစ်သေးဘူး"

"အင်း ဒါတော့ဒါပေါ့ကွာ သမီးကိုလည်း
နေတစင်းကို လာတောင်းပန်ခိုင်းဦးမယ်
တကယ်တွေးလေစိတ်တိုလေပဲ
ဘယ်ကအကျင့်တွေတက်လာလည်းမသိဘူး ကွာ"

"ခြယ်လေးကို လာတောင်းပန်ခိုင်းမနေပါနဲ့ အစ်ကို
ဘာလို့ဆို ဒီကိစ္စကို မောင်ရော သဘာဝရော
သားကိုပေးသိဖို့မဖြစ်နိုင်ဘူး ဒီအတိုင်းပဲ
ကလေးတွေသွားပါစေ မဟုတ်ရင်
အိမ်ကကောင်ကလည်း
စိတ်ခုသွားရင်မကောင်းဘူး"

သဘာဝပြောတာက
လူငယ်တွေစိတ်သိတာမို့ပြောပြတော့ မောင်ရော
ကိုအံ့တို့ရောလက်ခံကြသည်။လူငယ်တွေက
စိတ်ခုစရာရှိရင် အညှိးထားတက်တာမို့
ပြဿနာကိုမကြီးစေချင်တာမို့ဖြစ်သည်။

Lay Nge

"ဟိုကောင်"

နေတိုးစကားပြောနေစဉ် သူ့ကိုဟိုကောင်လို့ခေါ် ပြီး ဝင်လာတဲ့ ငြိမ်းထက်တို့ 3ကောင်။လူဘယ်လိုစုံပြီး သူဆီလာကြလည်းမသိ။အဲ 3ကောင်ကသူတို့ရဲ့ ထောင့်က ဆိုဖာမှာဝင်ထိုင်ကြသည်။

"ကိုအုံးရောက်နေတာအတော်ပဲ ကျွန်တော်တို့ သက်သက်လာစရာမလို့တော့ဘူးပေါ့"

လူပျိုကြီး ငြိမ်းထက်ပြောတာကို အံ့က...

"မင်းတို့က လူစုံနေတော့ဘာဗရုတ်ကြဦးမလို့လည်း
ကိုယ့်အသက်အရွယ်ပြန်ကြည့်ကြနော်"

"ဟာ ကိုအံ့ကလည်းဗျာ
ဘာပဲဖြစ်ဖြစ်ကျွန်တော်တို့ကလူလွတ်တွေလေ
အခု နေဆီလာတာက
သက််န်ထွက်ကဲကြမလားလို့"

ကျော်မျိုးထူးက
လူပျိုကြီးလို့ပြောလိုက်ကတည်းကသူ့ပါထိတာမို့
ငြိမ်းထက်ဘက်နေဝင်ပြောသည်။

"ဟုတ်တယ် နေ ငါတို့ဒီနှစ်ကဲရအောင်ကွာ
ငါတို့အလုပ်တွေမအားတာနဲ့
မဆော့တာကြာပြီလေ"

လူပျိုလူလွတ်တွေပြောတာကြားကောင်းပင်မဲ့ အခု
ကျော်သူရကပါပြောနေတာမို့

အံ့ခေါင်းရမ်းလိုက်မိသည်။အံ့ခေါင်းရမ်းလိုက်တာကို ကျော်သူရက....

"ကိုအံ့က
အသက်ကြီးနေပြီမလိုက်တာကောင်းပါတယ်
ကျွန်တော်တို့က 40 လေးနည်းနည်းပဲကျော်နေတာ
အစ်ကိုက 50နားကပ်နေပြီ အိမ်ထမှာပဲနေ နော်
နေ"

"စိတ်မဝင်စားဘူး"

Lay Nge

နေကို အားရပါးရကျော်သူရကပြောလိုက်ပင်မဲ့
နေဘက်က တုန့်ပြန်ချက်က
*စိတ်မဝင်စားဘူး*တဲ့လေ။ကျော်သူရ
နေရဲ့တုန့်ပြန်ချက်ကိုသဘောမကျစွာ...

"နေပိတ်ရက် အားနေတာကိုကွာ"

"ငါမိန်းမအနားပဲကပ်နေမယ် ဟျောင့်
အဲ့တာကတန်ဖိုးရှိတယ်
ရေဆော့ရင်ဖျားရင်ငါ့မိန်းမပင်ပန်းမှာ
ရှင်းတယ်နော်"

ဒီ မယက ကိုပြောနေမိတာက သူတို့အမှားမှန်
ကျော်သူရတို့
ကိုယ်ကိုကိုယ်သာအပြစ်တင်လိုက်တော့သည်။တ
ကယ် နေမင်းလက်ရာတို့က
အရွယ်ရှိတုန်းကဲရမဲ့ကိစ္စ စကားပြောရင်လည်း
တော်တော်လက်ပေါက်ခတ်တဲ့ကောင်။

"မိုင်ကတော့ဆော့ချင်တယ်
မောင်လေးတို့သွားရင်အစ်မခေါ်နော်"

Layige

"ဘာ!!"

အံ့ သူတောင်အသက်အရွယ်ရှိလာလို့
မဆော့တော့တာကို အစ်မတော်က
သကြ်န်လည်ရင်သူ့ပါခေါ်ဆိုတာကြောင့်
အံ့ထအော်မိသည်။ဒါကအထူးအဆန်းမဟုတ်တာ
ဘသူသိသည်။မိုင်ကအရင်ကတည်းက
ဒီလိုလူမျိုး။အခုကိုယ့်အရွယ်က
သမီးပဲအပျိုဖြစ်နေပြီ
ဒါကိုသကြ်န်ထွက်ဆော့ချင်နေတုန်း။

"ဘာ ဘာတာလည်းရှင်က !

ကျွန်မဘာသာသွားတာလေ ရှင်ခေါ်နေလို့လား !!"

"မင်းအရွယ်မင်းကြည့် ကလေးထင်နေလား

မင်းသမီးလည်း ထွက်လည်မှာ မရှက်ဘူးလား"

"ဘာလို့ရှက်ရမှာလည်း သူလည်းသူအကန့်နဲ့တူ

မိုင်လည်းမိုင်အကန့်နဲ့မိုင် ရပြီလား"

Lay Nge

ကြည့်စမ်း သူတောင် သက််န်ထွက်မဆော့နဲ့
ပြောလို့ ရန်တောင်ပြန်တွေ့နေသေးတယ်။အဲ့လည်း
မိုင်ကိုရွဲ့ကာ....

"မင်းအရွယ်က သက််န်ထွက်ဆော့ရမှာမဟုတ်ဘူး
တရာစခန်းဝင်ရမှာ သိရဲ့လား!"

အဲ့ထပြောတဲ့စကားကြောင့် နေတို့ ဟို3ကောင်ပါ
တဟားဟားထရီကြတော့ မိုင် အဲ့ကိုတင်းသွားကာ
မျက်စောင်းထိုးပြီး
သဘာဝဘက်လှည့်စကားစလိုက်သည်။

"သဘာဝ ငါတို့ထွက်ဆော့ရအောင်နော်
ယောကျ်ားတွေအတွက်ပဲအချိန်ကုန်မနေနဲ့ သူတို့က
ကိုယ်တွေကိုသာ အိမ်ထဲထားတာ သူတို့က
အပြင်မှာ ကဲချင်တိုင်းကဲနေတာ"

"ဟာ မမိုင်ဘာသာသက််နဆော့ယုံမကာ
ကန်တော်ကြီးထဲ ခုန်ချချ ကျွန်တော့်မိန်းမကို
အပြင်ခေါ်မထုတ်နဲ့"

Lay Nge

မိုင်စကားကို
သဘာဝပြန်မပြောခင်အတင်းဝင်ပြောလိုက်သူက
နေ။မသိရင် သူပိုင်တာကို
တစ်ခြားသူကအတင်းလုကြည့်နေတာကို
ငြင်းဆန်နေတဲ့မျက်နာအနေအထား။

"ဟျောင့် နေ
မင်းကွာငါ့မိန်းမကိုပြောရက်လိုက်တာ"

"အဲတာ အစ်ကိုမိန်းမက
ကျွန်တော်တောင်ချစ်လို့မဝသေးတာကို

Lay Nge

အပြင်ခေါ်ထုတ်ပြီး တစ်ခြားတဏှာရူးတွေကြည့်ဖို့
ခေါ်ထုတ်သွားမယ်ပြောတာကို"

ငြိမ်းထက်တို့ ကိုအုံ့တစ်ယောက်
မယားကိုကိုးကွယ်နေတဲ့အကောင်နဲ့
စကားယှဉ်ပြောနေတာကို
ခေါင်းသာရမ်းနေမိသည်။အဲ့ကောင်က
မယားကိုထိပ်တင်မဟုတ်တော့ဘူး ခေါင်းပေါ်မှာ
တင်ထားမဲ့ကောင်။သူမိန်းမနဲ့ပက်သက်ရင်
သားအရင်းတောင် မနာလိုနေတဲ့ မယားချစ်။

LaYNge

"Coffee ခိုကိစ္စအဆင်ပြေပြီ ဆိုတော့
ပါးပြောသလို ပါး US ကပြန်လာမှပဲ ကလောက
ခိုကိုသွားကြည့်ပြီး Coffee စထုတ်ကြတာပေါ့"

Light က Coffee ခိုအကြောင်းပြောတော့
သူလည်း သူမကို Coffee တံဆိပ်ထုတ်ဖို့က သူUS
ကပြန်လာမှအေးဆေးလုပ်မယ်ပြောတော့
သူမကလက်ခံသည်။အခုစလုပ်လိုက်မယ်ဆိုရင် သူ
US ပြန်မှာနဲ့က အချိန်ကိုက်နေတာမို့ မဖြစ်။

Lay Nge

"ကိုယ်လည်း သဘောကျတယ် ဖြစ်နိုင်ရင် ကလောက Coffee ခိုကို သွားကြည့်ချင်ပင်မဲ့ သက််တ်ရက်ကလည်း နီးနေပြီ အဲတာပြီးရင်လည်း Hotel သစ်ဖွင့်ပွဲတွေ ဖေဖေအလုပ်တွေလည်း ဘာကူရဦးမလည်းမသိ"

"သက််နှ်ထွက်လည်မို့ Light မှီကိုဖြောပြီးသွားပြီ လိုက်မယ်တဲ့ သူကောင်လေးရောပါမယ်ထင်တယ် တို့ 4ယောက် မြို့အနှံ့ပတ်ကြမယ် ကားက မှီစီစဉ်ပြီးသွားပြီ Light တို့ကလူလိုက်ယုံပဲ"

သူမပြောတာကို သူခေါင်းငြိမ့်လက်ခံလိုက်ပြီး....

"နောက်နှစ်ရက် နေရင် သင်္ကြန်ကျပြီနော် ကိုယ်က
မြန်မာတွေရဲ့
ရာသီအလိုက်ကျင်းပတဲ့ပွဲတွေထဲမှာတော့
သင်္ကြန်ကို သဘောကျဆုံးပဲ မကစားရတာကြာပြီ"

"အင်း မြန်မာနှစ်သစ်ကူးလေ
ပျော်စရာကောင်းတယ် ရှေ့ဘုရင်တွေကတည်းက
ကစားလာတဲ့ ရေသဘင်ပွဲတော်

အဲ့ရေကလေဘာလို့လည်းတော့မသိဘူး
တစ်နေ့ကုန်ရေပက်ခံ မဖျားဘူး "

သူမ မျက်ဝန်းလှလှလေးကို
ငေးကြည့်နေမိတာသူမဘာပြောလည်းဆိုတာတော
င်သူမသိတော့။သူမမျက်ဝန်းတွေမှာ
အရည်လဲ့နေတာလေးကိုက
ဆွဲဆောင်နေတာ။ဒီမိန်းကလေးသူ့ချစ်သူဖြစ်လာမ
ယ်လို့ သူတကယ်မထင်ခဲ့တာ။စတွေ့ကတည်းက
နှစ်ယောက်လုံးကောင်းသောတွေ့ခြင်းနဲ့တွေ့ခဲ့တာ
မှမဟုတ်တာ။သူမအနီးအနားနေလေ သူမရဲ့
ဖြူစင်တဲ့အတွင်းစိတ်ကို ပိုသိလေမို့

သူမမြတ်နိုးရသည်။သူမက သူမကြိုက်နှစ်သစ်တဲ့
ကျူးလစ်ပန်းလိုမျိုး အရောင်ပုံစံအများကြီးရှိပင်မဲ့
သေချာကြည့်ရင် တကယ်လှပါတယ်။

သင်္ကန်အကြိုနေ့
မနက်မိုးလင်းတယ်ဆိုရောက်ချလာတယ်
နေကြာင့် ကျော်သူရတံခါးမဖွင့်သေးပဲ....

"ဘုရား သကြားမလို့
မင်းငါ့အိမ်ရောက်လာတာလားနေ"

LayNge

"မင်းတော်တော်လျှောကြာရှည်တယ် တံခါးဖွင့်
ငါပန်းလာခူးတာ"

နေ ဆီကပန်းလာခူးတာဆိုမှာ
ကျော်သူရဒီနေ့သက််ရှိမှန်းသတိရကာ
ဒီကောင်သူ့အိမ်က
ပိတောက်ပန်းလာခူးတာဆိုတာသူသိပြီ။ဒါဒီကောင်
လုပ်နေကြနှစ်စဉ်အလုပ်။သက််ရောက်ပြီဆိုတာနဲ့
ပိတောက်ပန်းများပေါ်လွန်းလို့
တောင်းယူလို့ရရဲသားနဲ့ ဒင်းကအကြောရှည်ပြီး
အိမ်ကလာခူးတာ။

"ကျော်သူရ ငါ့စိတ်သိပ်မရှည်ဘူး
တံခါးဖွင့်စမ်းကွာ!"

ကြည့်သူကလည်း သူများအိမ်ကပစ္စည်း
လာယူသေးတယ်
စကားပြောပုံကသူငယ်ချင်းဆိုတာထက်
ညီအစ်ကိုအရင်းလိုဖြစ်နေလို့သာပေါ့။ကျော်သူရ
တံခါးကိုဖွင့်ပေးလိုက်တယ်ဆို
ဒင်းကသူကိုကျော်ပြီး ခြံထဲက

Lay Nge

ပိတောက်ပန်းတွေဝေဆာနေတဲ့
ပိတောက်ပင်အောက်ဒင်းကလျှောက်သွားသည်။

နေသစ်ပင်အောက်ရောက်တယ်ဆို
ဘောင်ဘီတိုဝတ်နေကျအတိုင်းဝတ်လာတာမို့
သစ်ပင်ပေါ်တက်ဖို့ပြင်လိုက်သည်။

"နေ မင်းအဲဒါဘာလုပ်မလို့လည်း"

Lay Nge

"သစ်ပင်ပေါ်တက်မှာမြင်ရဲ့သားနဲ့
ဘာလုပ်မှာလည်းဆိုတော့ မင်းကိုတက်
ုပ်မှာလေ!"

"ဟေ့ကောင် နှစ်သစ်ကူးမှာမဆဲရဘူးကွ"

"မင်းတိတ်တိတ်နေစမ်းပါကွာ
ငါသစ်ပင်ပေါ်တက်တော့မှာ ငါပစ်ချတာကို
ဖမ်းထားမြေပေါ်မကျစေနဲ့"

Lay Nge

ဒါမှ နေမင်းလက်ရာ
အစစ်အမှန်။သူမိန်းမရှေ့ကမင်းသားလေးက
သူအစစ်အမှန်မဟုတ်ဘူး ခွေးကောင်။နေက
အသက်က 40ကျော်တာတောင်သစ်ပင်ပေါ်
တက်သွားတာများ
အမြင့်ကြီးကိုခဏလေးတက်သွားတာမြန်ချက်။

"အောက်ကကောင်
ငါပစ်ချထားတာကိုဖမ်းထားနော်
အေးတစ်ခက်မြေကြီးပေါ် ကြတာနဲ့
မင်းဇာတ်ရိုးကျိုးလို့ဆေးရုံရောက်ပြီသာမှတ်"

Lay Nge

သူများအပင်ကပန်းလည်း လာခူးနေတယ်
သူမိန်းမအတွက်ကိုများ
မြေကြီးပေါ်တစ်ခတ်ကြရင်သူ့ကိုသက်တော့မဲ့အတို
င်းပြောနေတဲ့နေမင်းလက်ရာပင်။

နေသူလိုချင်သလောက်ပိတောက်ပန်းခူးပြီးတော့ပြ
န်ဆင်းလာသည်။သစ်ပင်ဂွကြားရောက်တယ်ဆို
အောက်ကိုခုန်ချလိုက်တာများ ပစ်လဲကျပြီးလို့
ကျော်သူရထင်လိုက်ပင်မဲ့
ဒင်းကမက်တပ်ရပ်နေအတိုင်းပဲ ဘာမှမဖြစ်။

"ကျေးဇူး ငါ့ကောင် ငါပြန်တော့မယ်"

"ဟော့ကောင် မင်းကွာအကုန်ယူသွားမလို့လား
ငါ့မိန်းမအတွက်လည်း နည်းနည်း...."

ကျော်သူရစကားတောင်မဆုံးလိုက်...

"မင်းမိန်းမမင်းပေးချင်တာ
ကိုယ့်ဘာသာတက်ခူးပါလား

Lay Nge

ဘာလည်းမိန်းမအပေါ်ကလွဲ
ကျန်တာမတက်တက်တော့ဘူးလား!"

တစ်တစ်ခွခွပြောပြီးကိုထွက်သွားတဲ့ကောင်ကို
မျက်စောင်းတခဲခဲနဲ့ကျန်နေခဲ့တဲ့ကျော်သူရအဖြစ်။ဒီ
နေ့ နေတစင်းတို့နှစ်ယောက်နဲ့
သမီးသကြိန်ထွက်ဆော့မယ်ဆိုတာပြောခွင့်ကိုမ
ပေးပဲထွက်သွားတာ။

"ငရုတ်သီးစိမ်းတွေ
ထည့်နေတယ်ဒီကောင်မလေးတွေ"

သဘာဝ အိမ်မှာ Thingyan Festival အတွက်
မိသားစုပွဲလေးစဉ်ထားတာမို့ သူမနဲ့
နှိုင်းယှဉ်တို့နှစ်ယောက် ရေဆော့ရင်းနဲ့စားရအောင်
မုန့်လုံးရေပေါ်လုပ်နေရင်း သူမအပြင်ခဏသွားပြီး
ပြန်ဝင်လာတယ်ဆို မုန့်လုံးရေပေါ်အထဲ
ငရုပ်သီးစိမ်းတွေထည့်နေတာမြင်တော့
ပြီးကာပြောလိုက်သည်။

"မမ အပျော်လေ
အိမ်ကဘယ်သူမဲ့ပေါက်မလည်းသိချင်လို့"

"ဟင်း ဟုတ်ပါပြီ အများကြီးမထည့်နဲ့နော်
မေမေတို့အတွက် သီးသန့်ဖယ်ထားလိုက်နော်"

သူမ နှိုင်းယှဉ်တို့ကိုမှာစရာရှိတာမှာကာ သူမက
မီးဖိုပေါ်က ရေနွေးထဲက ပေါ်လာတဲ့မုန့်တွေကို
စကာနဲ့ဆယ်ကာ
လင်ဗန်းတစ်ခုထဲထည့်လိုက်သည်။

နေတစင်း သူ့အခန်းထဲကနေ
သက််န်ထွက်လည်မှာမို့

ပြင်ဆင်ကာအောက်ထပ်ကိုဆင်းလာတော့
ပိတောက်ပန်းကိုလှပသေသပ်စွာစည်းထားတဲ့ပန်းစ
ည်းကြီးကို ပိုက်ကာဝင်လာတဲ့
ဖေဖေနားလျှောက်သွားလိုက်သည်။

"ဖေဖေ ပန်းစည်းကဝယ်လာတာလား
ဘယ်လောက်တဲ့လည်း"

သူလည်း ဖေဖေ
မေမေအတွက်ဝယ်လာမှန်းသိတာမို့ သူလည်း

LayNge

Light ကိုဝယ်ပေးချင်ဆာကြောင့်
ဖေဖေကိုမေးလိုက်တော့...

"1500"

"တန်တယ်နော်ဖေဖေ ဘယ်နားကလည်း
သားကိုညွှန်းဦး သားလည်း Light
ကိုလက်ဆောင်ပေးချင်လို့"

LayNge

"အရင်ဆုံး ကျော်သူရတို့အိမ်ကိုသွား
အဲ့မှာပိတောက်ပင်ရှိတယ် တက်ခူး ပြီးရင်
ပန်းစည်းဖို့လိုအပ်တာဝယ် ပြီးရင်စည်းလိုက် ပြီးပြီ"

နေတစင်း ဖေဖေသူ့ဘာသာတက်ခူးပြီး
စည်းလာတာကို လှည့်ပတ်ပြောနေတာကြောင့်...

"ဖေဖေ ဘာသာခူးလာတာလို့
ရှင်းရှင်းပြောလို့ရပါတယ် ဒါနဲ့ သားကိုအဲ့ပန်းထဲက
တစ်ဝက်ခွဲပေးပါလား"

"မင်းဘာသာ သွားခူးပါလား
အချောင်လိုချင်နေတာလား မရဘူး
ငါ့မိန်းမအတွက်ငါခူးထားတာတစ်ခြား
မိန်းကလေးတွေအတွက်မဟုတ်ဘူး မင်းပေးချင်ရင်
စျေးထဲအများကြီး ငါကတော့
ငါ့မိန်းမကိုတစ်ခြားကောင်တွေနမ်းထားလား
ဘာလားမသိတာကိုမပေးချင်လို့
ကိုယ်တိုင်သွားလုပ်လာတာ"

နေတစင်းသူ့မိန်းမကလွဲကျန်တာကို မိန်းမမထင်တဲ့
ဖေဖေကိုတော်တော်ကိုအမြင်ကတ်လာရတယ်ဆို
တာ

လိမ်မရတဲ့အမှန်တရားတစ်ခု။သူဆီကအခုအကူအ
ညီတောင်းနေတာ သူစိမ်းကြနေတာပဲ။

"ငါ့မိန်းမရောဘယ်မှာလည်း"

"မသိဘူး!"

နေတစင်း လိုချင်တာမရတာမို့
ဖေဖေကိုစိတ်ဆိုးတဲ့ပုံစံနဲ့စကားပြောတော့ ....

Lay Nge

"မသိရင်လည်းပြီးရော !!"

ပြောကာ သူပုခုံးတိုက်ကာ အပေါ်ထက်ကို
ပန်းစည်းကိုင်ကာ
တက်သွားတဲ့ဖေဖေ။တော်တော်ချစ်ဖို့ကောင်းတဲ့
ဖခင်။သူ့သွေးသားထက်ကို သူစိမ်းဖြစ်တဲ့
မေမေကိုပိုချစ်တာကြီးကလွန်လွန်းတယ်။

"သား ဘာဖြစ်နေတာလည်း
အပြင်သွားတော့မလို့လား"

ထမင်းစားခန်းထဲကထွက်လာတဲ့
မေမေကသူ့ကိုတွေ့တယ်ဆို မေးတော့...

"ဟုတ်တယ် မေမေသားမြို့ထဲသွားဆော့မလို့
မေမေယောကျ်ားကတကယ် မယက
ကြီးသိလားတော်တော်အမြင်ကတ်ဖို့ကောင်းတယ်
ဦးနေမင်းလက်ရာက"

"ဟယ် သားဖေဖေကိုဘယ်လိုပြောနေတာ"

Layne

"ဟွန်း မယက မယားကြောက်ကြီးလို့ပြောတာ
တကယ်အဖေအရင်းမို့လို့ ဖထွေးသာဆို
အိမ်ပေါ်ကနှင်ချမိမှာ"

ဆိုကာ နေတစင်းခြေဆောင့်ကာ
အိမ်ထဲကထွက်သွားတာကို
သဘာဝမှာမယုံနိုင်တာထက် မနက်မိုးလင်းထဲက
အိမ်မှာမရှိတဲ့ မောင်နဲ့ သား
ဘာတွေဖြစ်သွားကြလည်းမသိ။Style
ဘောင်းဘီအနက်အရှည်ကိုတောင် ဒူးနေရာက
ပေါက်နေတဲ့ ဘောင်းဘီနဲ့ ကိုယ်ကြပ်ဆွဲသား
Shirtကိုဝတ်ထားတဲ့သားက

ဆူပုတ်ကာထွက်သွားသည်။သူမလည်း
သားထွက်သွားတာကိုကြည့်ရင်း
မောင့်ကားရပ်ထားတာတွေ့တာမို့
မောင်ပြန်ရောင်နေပြီအထင်နဲ့
အပေါ်ကိုတက်လာလိုက်သည်။

ကျွီ

"Happy Thingyan Festival ပါ မောင့်ရဲ့မ"

သူမ အခန်းထဲတံခါးဖွင့်ဝင်ယုံရှိသေး မိုးပြာရောင်
အပေါ်အအောက်အရောင်အတူတူဝတ်ထားတဲ့မော
င်က သူမကို
ပိတ်တောက်ပန်းစည်းကိုကမ်းပေးတော့
သူမအတွက်နှစ်စဉ်ပန်းပေးတာမပျက်တဲ့
မောင်ကိုကြည့်ကာ ပြုံးမိသည်။သူမမောင်ပေးတဲ့
ပိတောက်ပန်းစည်းကိုယူလိုက်ရင်း
ဆူပုတ်ပြီးထွက်သွားတဲ့သားမျက်နာလေးကို
မြင်ကာ...

"မောင် ကျေးဇူးတင်ပါတယ်
အမြဲနှစ်တိုင်းသတိတရ ပန်းပေးလို့ ပြီးတော့

မောင့်သားဆူပုတ်ပြီးထွက်သွားတယ်
မောင်ကိုမကျေနပ်တာတွေပြောပြီး"

မပြောတာကို နားထောင်ပြီး
သူပန်းမပေးလို့စိတ်ဆိုးထွက်သွားတာ
သူသိတာပေါ့။ပေးစရာလားကိုယ်တောင်
ကိုယ့်မိန်းမအတွက် အပင်ပန်းခံပြီး
တက်ခူးထားတာ။ကိုယ်ချစ်တဲ့သူမအတွက်ကို
သူဘယ်သူ့ကိုမှ ခွဲမပေးနိုင်တာ။

Lay Nge

"မောင်က မအတွက်ကျော်သူရတို့အိမ်ကသွားခူးပြီး
စည်းလာတဲ့ ပန်းစည်းကို
သူချစ်သူကိုပေးဖို့တောင်းတာ
မောင်ကမပေးလို့စိတ်ဆိုးသွားတာ"

"တကယ်ပါပဲ မောင်တို့သားအဖကလေ
မောင်ကလည်း ပေးလိုက်တာမဟုတ်ဘူး"

"ဘာ! ကိုယ့်ယောကျ်ားက
သစ်ပင်ပေါ်တက်ခူးပြီးစည်းထားတာကို
တစ်ခြားသူကိုပေးခိုင်းတယ် စိတ်ဆိုးတယ်"

ပြောပြီး တစ်ဖက်ကိုလှည့်သွတဲ့ မောင်ကြောင့်
သူမချော့ရဦးမှာမို့ ပန်းစည်းကို
မှန်တင်ခုံပေါ်တင်ပြီး သူ့အရှေ့သွားကာ...

"စိတ်ဆိုးသွားတာလား ဒါက"

"....."

"မောင်လို့ ဒီမှာကြည့်"

Lay Nge

သူမကအတင်းသူမျက်နာကို လက်နှစ်ဖက်နဲ့
သူမမျက်နာနားငုံထားစေလိုက်ပြီး သူမမောင့်ပါးကို
ဖနောင့်လေးကြွကာ နမ်းလိုက်သည်။

"သားက မောင်နဲ့မတူဘူးလေ
အူတူတူနဲ့ချစ်တဲ့သူကိုဘယ်လို ဂရုစိုက်ရမလည်း
သူမသိဘူး ဒါကြောင့်ပေးလိုက်လို့ပြောတာပါ
မောင့်ဆီက
မောင့်ရဲနှလုံးသားတစ်ခုလုံးရနေမှတော့ဘာမှမလို
တော့ဘူး"

ချစ်စရာအမျိုးသမီးလေးကို
သူမှာစိတ်တောင်ကြာကြာမကောက်နိုင်တဲ့သူ။ဒီအ
မျိုးသမီးလေးကြောင့်သာလျင်
သူ့ဘဝရဲ့အဓိပ္ပာယ်ဆိုတာသူသိလာတာ။မိဘပိုက်
ဆံရှိတာပဲဆိုပြီး ဖြစ်သလိုနေခဲ့တဲ့သူက
သူမနဲ့တွေ့မှာ
တန်ဖိုးထားရကောင်းမှန်းသိလာတာ။မရယ်
ခင်များကကျွန်တော်ကိုဆိုးမိုးလွန်းတယ်.....။

~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~

သင်္ကြန်အပိုင်းလေးတွေကို မေက
သင်္ကြန်ပိတ်ရက်အိမ်မှာပဲနေပြီး
ဖက်ရအောင်တင်ပေးမလို့ကို
ချစ်သဲတုန်းတို့ကတင်ဆိုလို့
အကြိုသင်္ကြန်အတွက် 🌷🐱

NayMinnLatYar is the best 🌷🍁

OBJ

📘 The Sun Of Flower {Season 2} 📘

LayNge

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

Part_45~~~~🦋

သက်န်အကြိုနေဆိုပင်မဲ့
လူတွေကလမ်းမပေါ်အပြည့်။မြန်မာသက်န်ဟာ
တကယ်ကို ပျော်စရာကောင်းတဲ့
ပွဲတော်တစ်ခုဆိုတာထက် တစ်ယောက်
နဲ့တစ်ယောက် သိသိမသိသိ မုန့်လုံးရေပေါ်
ဒါမှမဟုတ် တစ်ခြားမုန့်တွေကို စတုဒိသာကျွေးတာ
အကုန်ခေါ်ကျွေးတာက မြန်မာလူမျိုးရဲ့

ဖော်ရွေမှုကိုထင်ဟက်နေသည်။သင်္ကြန်သီချင်းတွေ
က လည်း ရေသဘင်ပွဲတော်နဲ့အတူ
သာယာငြိမ့်ငြောင်းစွာ။

"အေးနေပြီလား"

ပါးက သူမကိုအနောက်ကနေဖက်ကာ
ရေစိုနေတဲ့ပါးလေးကို နမ်းကာပြောတော့
သူမခါးဖက်ထားတဲ့ ပါးလက်ကိုကိုင်ကာ
ခေါင်းရမ်းပြလိုက်သည်။

Lay Nge

"စတုဒိတာ ဝင်စားကြမလား
အရှေ့မှာကျွေးနေတယ်"

စပါပြီ အငတ်မကဗျာမမှီရဲ့
ငတ်ကြောထားခြင်းအနုပညာကို
အငတ်ကြောထတက်တဲ့သူငယ်ချင်းမကို
မျက်စောင်းထိုးမိလိုက်သည်။သူမတို့
စတုဒိတာကျွေးတဲ့နားရောက်တယ်ဆို
သူမတို့ကိုကားလိုက်မောင်းပေးတဲ့ မှီချစ်သူရဲ့
သူငယ်ချင်းကကားကိုရပ်လိုက်သည်။

ကို နဲ့မိုက စကပ်အရှည်လေးတွဲ့
ခါးတိုကိုယ်ကြပ်လေးလေးတွေကို
ဆင်တူဝင်လာတာမို့
ညီအစ်မလားထင်ရသည်။သူမက ပါးလက်ကိုဆွဲပြီး
မိုက သူရဲ့ကိုကြီးလက်ကိုဆွဲကာ မုန်လုံးရေပေါ်
စတုဒိတာကျွေးနေတဲ့ မဇ္ဈာပ် ထဲဝင်လာလိုက်သည်။

"မမတို့ အစ်ကိုတို့လာကြ"

Lay Nge

ချစ်စရာဝကစ်ကစ်ကလေးလေးကသူတို့ကို
ခေါ် ပြီး မဏ္ဍပ် ထဲဝင်ခိုင်းက မုန့်တွေယူပေးပြီး
နေတစင်း ဘေးနားထိုင်ကာ မခွာပဲနေတာ မို့.....

"မီးမီး ကိုကိုနားနေချင်လို့လား"

လို့ မှိကမေးတော့ ဝကစ်ကစ်နဲ့
ချစ်စရာကလေးလေးက နေတစင်းကိုကြည့်ပြီး....

"ကိုကို ကချောတယ် ဒီနေ့တွေ့တဲ့အထဲ
ကိုကိုအချောဆုံးပဲ ဒါလေးသုတ်လို့ရမလား"

ဆိုပြီး လက်တစ်ဖက်က
အိုးမဲတွေကိုပြကာပြောတော့ နေတစင်း
သူ့မိန်းကလေးမျက်နာကြည့်တော့
ခေါင်းငြိမ့်ပြတာမို့
သူပါးကိုကလေးရှေ့တိုးပေးလိုက်တော့
လက်သေးသေးလေးတွေနဲ့ သူပါးကို
သုတ်လိုက်တော့ လက်ငါးချောင်းရာလေးက
သူ့ပါးမှာအကွက်လိုက်။

"ပါး အရမ်းလိုက်တယ် ပါး နဲ့ ခွီး"

သူမျက်နာကိုကြည့်ကာ သဘောကျနေတဲ့ Light ကို
ပန်းကန်ထဲက မုန့်လုံးရေပေါ်တစ်လုံးကို
ခွံ့ကျွေးလိုက်သည်။

"ကောင်းတယ် မုန့်ကပူပူလေး
အေးနေတာနဲ့ကွက်တိပဲ ပါးရောစားရော့"

သူမကလည်း သူကိုပြန်ခွံ့တော့
နေတစင်းစားလိုက်သည်။တစ်ယောက်နဲ့တစ်ယော

LayNge

က် ခွံ့ကျွေးလိုက်စကားပြောလိုက်နဲ့
အေးနေတာကိုပင်မေ့သွားရသည့်အထိ။

" မောင် မုန့်စားမလား"

သူမ ခြံထဲမှာ မောင့်သူငယ်ချင်းတွေရော
မိုင်တိုဘာရောက်နေပြီး
အပြင်ထွက်ဆော့ဖို့မောင်ကသဘောမတူတာမို့
အကုန်လုံးခြံထဲမှာပဲ မုန့်လုပ်စားကြတာမို့
တစ်ယောက်ထဲထိုင်နေတဲ့ မောင်အနားသွားကာ
ပြောလိုက်သည်။

"စား မှာပေါ့ မောင်ကိုခွဲ့"

သူမလက်ထဲ မုန့်ပန်းကန်ပါလာတာ မြင်တာမို့
ပါးစပ်ဟက ခွဲ့ခိုင်းသည်။

"ဟိုမကြီးမငယ်ကောင် ကိုယ်ဘာသာစားလို့ရသားနဲ့
အပျင်းကြီးလိုက်တာ"

တစ်ဖက်မှာ အုပ်စုလိုက်မုန့်စားနေတဲ့
မောင်သူငယ်ချင်းတွေက လှမ်းအော်တော့...

"အဖြစ်မရှိတဲ့သူတွေနဲ့ စကားကို ပြောမနေချင်တာ
မိန်းမ မောင့်ကိုခွဲ"

သူမပြုံးပြီး မောင့်ပါးစပ်ထဲကို မုန့်တစ်လုံးကို
ယူကာခွံ့လိုက်တော့ မောင်ကချက်ခြင်းဝါးစားပြီး
မျက်နှာအနေအထားပြောင်းလဲသွားကာ..

"အဟွတ် အဟွတ်"

စပ်ကြားထဲချောင်းကပါထဆိုးတော့
သူမှာခေါင်းတွေပါ
ပူထူသွားရတာကြောင့်ထိုင်နေရာမှမက်တပ်ရပ်လို
က်သည်။

"ဟား ဟား နေမင်းလက်ရာ အစားငမ်းပြီး သီးပြီ"

မောင်ကို လက်ညှိုးထိုးလှောင်နေတဲ့
မောင့်သူငယ်ချင်းတွေကိုလည်း သူမမကြည့်တော့ပဲ
မုန့်ပန်းကန်ကို ပစ်ချလိုက်ကာ ....

LayNge

"မောင် မောင်ဘာဖြစ်တာလည်း"

"အဟွတ် စပ်တယ်!"

မောင်ကချောင်းဆိုးနေရင်းမှ
စပ်တယ်ဆိုတာကြောင့် သူမမောင်ကို
သနားလိုက်တာ
ဘယ်လောက်တောင်စပ်သွားလိုက်မလဲ။သူမ
အိမ်ထဲအမြန်ဝင်ကာ ရေသန့်ဘူးယူပြီး
မောင့်အနားအမြန်ပြေးလာကာ...

"မောင် ရေသောက်လိုက်နော်"

နေ ငရုတ်သီးဝါးမိတယ်ဆိုပင်မဲ့
ဒီအတိုင်းမြုချလိုက်တာမို့
သိပ်မစပ်။ချောင်းဆိုတာကလည
သက်သက်ဟန်လုပ်တာသာဖြစ်သည်။မက
သူ့ကိုစိတ်ပူသွားပြီး မုန့်ပန်းကန်ပါ
လွှတ်ချပစ်လိုက်တာ ဘယ်လောက်
ရင်ထဲရောက်လိုက်လည်း။သူမဆီက
ရေသန့်ဘူးယူပြီး အနည်းငယ်သောက်ကာ
ကျန်နေတဲ့ရေတွေကို

ပိတောက်ပန်းလေးပန်ထားတဲ့ မ
ပုခုံးကနေလောင်းချလိုက်သည်။

"မောင် စိုကုန်ပြီ"

"သကြိန်လေ မရဲ့တစ်နှစ်မှမောင့်မိန်းမကို
ရေမလောင်းခဲ့ရဘူးလေ အခုတော့လောင်းပြီ"

သူမကို တမင်ရေလောင်းတာကို
ပြုံးပြောနေတဲ့မောင်ကို သူမလည်း

LayNge

ပန်းပင်တွေဘေးနားချထားတဲ့ ပိုက်ကိုကောက်ကာ
ရေပိုက်ခေါင်းကို လှည့်လိုက်ပြီး.....

ဇွမ်း

သူမကရေပိုက်နဲ့ မောင်ကိုရေပတ်တော့
မောင်ကမပြေးပဲ မက်တပ်စုံရပ်ပေးကာ
လက်နှစ်ဖက်ကို ပေးကိုဖြန့်ထားပြီး
ခေါင်းကိုအပေါ်မော့က ရေပတ်ခံနေသည်။

LayNge

"မောင့်မိန်းမပတ်တဲ့ရေမို့လားမသိဘူး
ပိုပြီးအေးတယ် လာထား မောင်လည်းပတ်မယ်"

ဆိုကာ သူမလက်ထဲက
ရေပိုက်ကိုယူကာစကားပြောကောင်းနေတဲ့
အုပ်စုနားပိုက်ကိုဆွဲသွားပြီး ရေပိုက်နဲ့
ထိုးပတ်ချလိုက်သည်။သူရေနဲ့ပက်လိုက်တယ်ဆို....

"ဖလူး နေမင်းလက်ရာ ! ကလေးကလားကွာ"

သူပက်လိုက်တဲ့
ပိုက်ကမျက်နာတည့်တည့်ကျသွားတာက ကိုအုံမို့
ရေသီးသွားကသူကို အော်တော့
သူကတော့လုပ်ချင်ရာလုပ်ရာလို့ကျန်ပ်နေတဲ့မျက်
နာထားနဲ့။

" နေ
အေးဒီနားမှာအိမ်ထောင်သည်တွေကြီးပါဆိုတော့
ဆဲဦးမယ် "

Lay Nge

လို့ ကျော်သူရကပြောတော့
နေကဟိုလူပျိုကြီးနှစ်ကောင်ကို
လက်ညှိုးထိုးပြသည်။

"အဲကောင်နှစ်ကောင်ကို
မင်းမို့လို့လူပျိုထင်နေတယ် မိန်းမမယူလို့သာ
လူပျိုကြီးနာမည်ခံနေတာ သိလား အဲ့ကောင်တွေ
မင်း Hotel ကိုကောင်မလေးတွေခေါ်လာပြီး
အိပ်နေတာမင်းမသိဘူးလား "

"ဘာ!!"

LayNge

"နေ မင်းလည်းအဲ့အထာတွေကြုံဖူးရဲ့သားနဲ့
စိတ်မဆိုးပါနဲ့"

"ဟင်"

ငြိမ်းထက်ကလည်း နေ
ဆရာကြီးလုပ်တော့မှာသိလို့
စကားလမ်းကြောင်းလွဲသွားအောင် ဒင်းကို
သဘာဝပန်းရှိချိန် ညှော်ပေးလိုက်သည်။ဒီကောင်
သူမိန်းမနဲ့မတွေ့ခင်ကတည်းက ဘယ်မိန်းမကိုမှ

အရောတဝင်မနေခဲ့သလို
သူ့မိန်းမနဲ့တွေ့ပြီးနောက်ပိုင်းမှာတော့
ပိုပြီးတောင်ဆင်ခြင်ခဲ့သေးသည်။ဒီကောင်ရဲ့
သူမိန်းမပေါ်ထားရှိတဲ့ မေတ္တာတရားက
ဘယ်လိုဖြုခွင်းခွင်းပြုမယ်မထင်။

"ငြိမ်းထက် ေ-
ခွးကောင်မင်းဘာတွေပြောနေတာလည်း
မဟုတ်ဘူးနော် မ မောင်ဘယ်မိန်းမနဲ့မှ Hotel
သွားဖို့နေနေသာသာ
ထမင်းတစ်ဝိုင်းထဲအတူတူထိုင်ဘူးတာမဟုတ် "

နေ ရဲ့ပြာပြာတလဲဖြစ်သွားတဲ့ပုံကို မိုင်ရော
ကျော်သူရမိန်းမ မေမြတ်မိုးကပါ သဘာဝကို
အားကျတဲ့မျက်ဝန်းတွေနဲ့ကြည့်နေမိ။သူငယ်ချင်း
တွေစနေတာကို
မိန်းမဖြစ်သူအထင်လွဲမှာဆိုးတာကြောင့်
ရှင်းပြနေလိုက်တာ။သူမတို့ယောကျ်ားတွေဆို
*ငါ့သူငယ်ချင်းကစနေတာလေ
မင်းကအဟုတ်မှတ်နေတာလား*ပြန်မေးမှာ။

သူမလက်ထဲက ပိုက်ကိုလွှတ်ချကာ
အတင်းရှင်းပြနေတဲ့ မောင်ကို ကြည့်ကာ
သနားလာမိသည်။သူမအပေါ်ဘယ်လောက်
မြတ်နိုးပြီး တန်ဖိုးထားတယ်ဆိုတာ
သူမသိသည်။သူမစိတ်ခုမှဆိုးလို့ ပြောပြနေတဲ့
မောင်ရင်ခွင်ထဲတိုးဝင်လိုက်ပြီး သူ့ခါးကိုဖက်ကာ...

"မောင့်ကိုယုံတယ် "

သူကြားချင်တာ ဒီစကားမို့ သူ့ရင်ခွင်ထဲဝင်လာတဲ့
မရဲ့ရေစိုနေတဲ့ ခန္ဓာကိုယ်လေးကို

တင်းနေအောင်ဖက်ထားလိုက်သည်။အနားမှာသူင
ယ်ချင်းတွေရှိနေတာသိပင်မဲ့
မမြင်ချင်ရင်ရှောင်သွားလိမ့်မည်။

"ချစ်တယ် မောင်မြတ်နိုးရတဲ့မိန်းမကို
ဘယ်တော့မခွဲချင်ဘူး တစ်ခါတစ်လေ သေတဲ့အခါ
ခွဲကြရမှာပါလားလို့ တွေးမိတိုင်းလေ.... "

စကားပြောနေရင်း ရပ်သွားတာကြောင့်
သူရင်ခွင်ထဲကနေ သူ့မျက်နာမော့ကြည့်လိုက်တော့
မျက်ရည်တွေစီးကျနေတဲ့ မောင်။

"မောင် မငိုပါနဲ့
သဘာဝအမြဲဆုတောင်းလေ့ရှိတယ်သိလား
ငရဲတောင်ကြီးမလားမသိဘူး နိဗ္ဗာန် မဝင်ချင်ဘူး
မောင်နဲ့သာ
ဘဝဆက်တိုင်းစုံစည်းခွင့်ပေးပါလို့လေ"

သူမစကားကြောင့် မျက်ရည်တွေကပိုကျလာရကာ
ဆက်ပြောမဲ့စကားတွေကိုငြိမ်သက်ပြီး
သူနားထောင်နေလိုက်သည်။

"အခုဘဝလိုမျိုး သူများနိုင်နင်းတာခံပြီးမှ
မောင်နဲ့ပြန်တွေ့မယ်ဆိုရင်တောင် အဲ့ဘဝကို
သဘာဝကျကျနပ်နပ်လက်ခံမှာမောင်"

တစ်ယောက် နဲ့ တစ်ယောက်ခွဲခွာရမှာ
သေမှာလောက်ကြောက်နေကြတဲ့ ချစ်သူနှစ်ဦးကို
သူငယ်ချင်းတွေမှာလည်း
အမြဲတမ်းရှင်သန်ခွင့်ဆိုတဲ့ ဆုလာဒ်သာရှိရင်
သူတို့နှစ်ယောက်ကိုပေးမိမှာအမှန်ပင်။နေ
ဒီလိုမျိုးပျော်ရွှင်အောင် သူတို့နှစ်ယောက်ကို
ရှင်ခွဲမခွဲခဲ့တဲ့ ကံကြမ္မာကြီးကိုာ
ကျေးဇူးတင်နေမိသည်....။

2071

"ပါး သင်္ကြန်ကိုနှစ်တိုင်းလူတွေကိုကြိတ်တိုးနေ ဟွတ် ဟွတ်"

သူမ ကားပေါ်မှာ ရေပက်တာခံရင်း ပါးကိုစကား လှည့်ပြောနေခိုက် ပါးစပ်ထဲဝင်လာတဲ့ အရက်နံ့ နဲ့အတူ ခါးသီးတဲ့အရသာကြောင့် စကားဆက်မပြောနိုင်ပဲရပ်သွားရသည်။သူမချောင်း ဆိုးတော့ ပါးက...

"ဘာဖြစ်တာလည်း"

Ayi Nge

"အရက်တွေနဲ့ ပက်တာ
လင်းကစကားပြောတော့ဝင်သွားတာ ထင်တယ်"

သူမစကားပြန်မပြောနိုင်သေးတာမို့
မှီကဝင်ပြောတော့ သူကဘေးဘက်မှာ ရေပတ်ခံဖို့
နေတဲ့ သူမကို အလယ်ကိုပို့ လိုက်ပြီး
သူကဘေးမှာရပ်လိုက်သည်။သူဘေးမှာ ရပ်ပြီး
သူမကိုကြည့်ကာ....

Aye Nge

"ရလား မွန်သွားတာလား မူးနေပြီလား US
မှာလည်း ရေကစားရင် ရေကနည်းနည်း
အရက်ကများများ
အခုဒီမှာလည်းအကျင့်တွေကူးနေတာထင်တယ်"

သူမမျက်နှာကို ကိုင်ကာမေးနေတဲ့ ပါးလက်ကို
ပြန်ကိုင်ပြီး...

"နည်းနည်းမွန်သွားတာ တစ်နေကုန်ဆော့မယ်နော်
သက််ိန်ပြီးသွားရင် ပါးကို
ကိုရဲ့ဘွားဘွားနဲ့မိတ်ဆက်ပေးဦးမယ်"

"ဟုတ်ကဲ့ပါဗျ Light ဟိုမှာကြည့်"

သူမပါးလက်ညှိုးထိုးပြတဲ့
နေရာကိုကြည့်လိုက်တော့ သူမတို့အရှေ့က
ဂျစ်ကားပေါ်မှာ အစ်ကိုတစ်ယောက်က
သကြိန်ဦးထုတ်လေးစောင်းထားတဲ့ကလေးကို
တစ်ဖက် သူမိန်းမလို့ထင်ရတဲ့ အစ်မရဲ့
ခါးကိုဖက်ကာ ရေပက်ခံနေတာကို တွေ့ရသည်။

Layige

"ကိုတို့ လက်ထပ်ပြီးရင် ကလေးလေးတွေမွေးပြီး
အဲ့လိုမျိုးထွက်လည်ကြမယ် မိသားစုလိုက်ပေါ့"

"ဟုတ်တယ်ပါး
မိသားစုလိုက်ဆင်တူလေးတွေဝတ်ပြီး
ပျော်စရာကြီး"

"အဟွန်း နေလင်း Couple
အရင်ဆုံးကလေးမမွေးခင် လက်ထက်ဖို့လုပ်ပါဦး
ပြောတော့ friendship မြန်တယ်နော်"

Lay Nge

ကဗျာမမှိုက

သူကိုကြီးရင်ခွင်ထဲကနေသူမတို့နှစ်ယောက်ကိုပြော
တော့ ကဗျာမမှိုကို ဘာမှပြန်မပြောပဲ သူမနဲ့သူ
တစ်ယောက်မျက်နာတစ်ယောက်ကြည့်မိကာ...

"Light လည်းကိုယ်တွေးသလို
တွေးမိနေတယ်မဟုတ်လား"

"အင်း ပါး "

LayNge

တစ်ယောက်နဲ့တစ်ယောက်
အတွင်းစိတ်ကအစတူညီပြီး
တစ်ယောက်ကဘာတွေးနေတာကိုလည်း
သိတဲ့နှလုံးသားတစ်စုံ ပိုင်ဆိုင်ထားတဲ့
သူမတို့နှစ်ဦးပါး လို့သာခေါ်ရတာ ကို
ကသူထက်တစ်နှစ်ကြီးတာ တစ်မျိုးလေး.....။

"မောင်"

နေ တို့ယောကျ်ားလေးအုပ်စုမှာ
မိုးတိမ်ရောင်ကလာထိုင်တာမို့

ကျော်သူရတို့ကမေးတာမို့သူက
ညီမလေးနဲ့ပက်သက်တာကို ပြောပြနေခိုက်
မောင်လို့ ခေါ်တာမို့ လှည့်ကြည့်လိုက်တော့
ဂါဝန်ပန်းရောင်အရှည်နဲ့ မေလက်ရာ။

မိုးတိမ်ရောင် ချစ်ရသူလေးက
သူကိုခေါ်တော့ပြုံးပြီး စကားပြောမလို့ရှိသေး
နေက မက်တပ်ထရပ်ကာ ညီမဖြစ်သူကို.....

"မေလက်ရာ
ထိုင်နေတာနင့်အစ်ကိုအရင်းပါတယ်နော်

Lay Nge

သိပ်ပြီးအပိုတွေလုပ်မနေနဲ့ နင့်အသံဆိုးကြီး နဲ့
မောင်လို့မခေါ်စမ်းနဲ့
ငါနားထဲသံရည်ပူဆင်းသွားသလိုပဲ"

အစ်ကိုအရင်းတဲ့
သူမကိုသမျှာလို့ထပြောတယ်မှတ်တာ
အကြောင်းက မောင် ဆိုတာကို
ပြဿနာရှာချင်နေတာ။သူမိန်းမသူ့ကိုခေါ်တော့
မောင့်မိန်းမ မောင့်မိန်းမ ဖြစ်နေတာ
အမြင်ကတ်ဖို့တော်တော်ကောင်းသည်။

LaNge

ငြိမ်းထက်တို့ ကိုအုံတို့မှာလည်း မောင်
ဆိုတဲ့စကားလုံးကို
တစ်ယောက်ထဲမူပိုင်ယူချင်နေတဲ့ နေကိုကြည့်ကာ
ပြေးရိုက်ချင်စိတ်ပါပေါက်လာသည်။

"ကိုကို !! ညီမလေး ချစ်သူကို ကိုယ့်ဘာသာခေါ်တာ
ဘာဖြစ်လဲ"

"ဒီကမ္ဘာပေါ်မှာ နာမ်စားက မောင်ပဲရှိတော့တာလား
တစ်ခြားနာမ်စားတွေမှအများကြီး"

"ခေါ်မှာပဲ ဘယ်သူ့ကိုဂရုစိုက်ရမှာလည်း မောင်
မောင် မောင် မောင် မောင်!"

မေလက်ရာ အစ်ကိုဖြစ်သူကိုကြည့်မရတော့တာမို့
ရွဲပြီး မိုးတိမ်ရောင်ကို ကြည့်ကာ
မောင်ဆိုတာကိုဆက်တိုက်ခေါ်ပြလိုက်တော့.....

"မေလက်ရာ နင်ကသူ့ကို
မောင်လို့ခေါ်ရမှမဟုတ်ဘူး အဲ့ထက်လိုက်ဖက်တဲ့
နာမ်စားရှိတယ် ငါပြောပြရမလား"

"ပြောကြည့်"

နေ ညီမဖြစ်သူမျက်နာကို တည့်တည့်ကြည့်ကာ...

" ထူးထူးခြားခြားလေးဖြစ်သွားအောင် တူတူ
ခေါ်လိုက်လေ နင်တို့နှစ်ယောက် က
တူရိုးလောက်ကွာတာပဲ ဒီမှာမင်းကလည်း သူ့ကို
မမ လို့မခေါ် နဲ့ တီတီ လို့ခေါ်
ဘယ်လောက်လိုက်ဖက်လိုက်လည်း တူတူ နဲ့
တီတီ"

အစ်ကိုဖြစ်သူဆီကစကားကြောင့် မေလက်ရာ
ဒေါသကထွက်လာကာ....

"အင်း ဒါဆို အသက်က40ကျော်တာတောင် မောင်
အခေါ် ခံချင်နေတဲ့ အဖိုးကြီးကရော
သားကလူပျိုဖြစ်နေပြီ မောင်အခေါ် ခံချင်နေတယ်
အံ့သြပ"

"အဲ့တော့ ငါက အသက်ကြီးမှ
ရည်းစားရတဲ့အပျိုကြီး မမကို ဂရုစိုက်နေရမှာလား
နေမင်းလက်ရာက မိန်းမကလွဲကျန်တာကို

ဂရုစိုက်မနေဘူး နောက်ငါ့ရှေ့ မောင်လို့ခေါ်ရင်
နင့်သေပြီသာမှတ်"

ပြောကာ သူနေရာသူပြန်ထိုင်ဖို့လုပ်နေတဲ့ ကိုကို ကို
လက်ထဲမှာအိမ်ထဲက အိုးမဲတွေလူးလာတာ
မောင့်ကိုစဖို့။အခုတော့ မောင်ကို မစတော့ပဲ...

"ကိုကို"

"ဘာလဲ"

Lay Nge

သူမဘက်လှည့်လာတဲ့ ကိုကို ကို...

"နည်းနည်း မျက်နာမှာ ဘာကြီးလည်းမသိဘူး"

သူကအဟုတ်မှတ်လို့ မျက်နာကို မေလက်ရာ
ရှေ့ငုံ့ပေးလိုက်တော့ သူမျက်နာကို
လက်ဝါးနှစ်ဖက်နဲ့ ပွတ်လိုက်နဲ့ ညှိမဖြစ်သူ။

"လှသွားပြီး ကိုကို က အခုအချိန်ကစပြီး
နေမင်းလက်ရာ ကနေ နေမဲလက်ရာ ဖြစ်သွားပြီ"

နေမျက်နာကို ဘာနဲ့သုတ်လိုက်လဲဆိုတာ လက်ကို
လှမ်းကြည့်နေ လက်ဖဝါးကို ထောင်ပြကာ
သူ့နာမည်အသစ်မှည့်ပေးနေတဲ့ မေလက်ရာကြောင့်
သူမျက်နာဘယ်လိုအနေအထားရှိလည်းမသိ
ဟိုသကောင့်သားတွေကပါ....

"မမ ရဲ့မောင်က နေမဲလက်ရာ "

ဆိုပြီး ထအော်ကြတော့ မိုးတိမ်ရောင်ကပါ
ရီနေသည်။နေ ညီမဖြစ်သူကို
လက်ကနေသူဘက်ကိုဆွဲချပြီး ခန္ဓာကိုယ်ကို

ချုပ်ကာ မေလက်ရာလက်က အိုးမဲတွေကို
မေလက်ရာမျက်နာပေါ်သုတ်ပေးလိုက်သည်။သူလု
ပ်ချင်ရာလုပ်ပြီး နေကအဲ့နားကနေထွက်လာကာ
မျက်နာသစ်ဖို့ အိမ်ဘက်လျှောက်လာတယ်ဆို
အိမ်ထဲကထွက်လာတဲ့ မတို့မိန်းကလေးတွေ...။

"သား! ဟင်းးး မင်းကလေးလား ဟမ်"

ဒေါ်လက်ရာ သားဖြစ်သူမျက်နာကို
ကြည့်ကာရီပြီးပြောတော့ နောက်ကနေလိုက်လာတဲ့

မေလက်ရာ မျက်နာကိုပါကြည့်ပြီး အကုန်လုံးမှာ ပြီးစီးဖြစ်သွားကြရသည်။

"မောင် ကလေးကုလား ဘယ်လိုတောင်လည်း မောင်နှမနှစ်ယောက်လုံး"

"ကိုကိုစုတ်ပေါ့ ကိုယ့်ချစ်သူကို မောင်လို့ခေါ်တာကို မောင်လို့မခေါ် နဲ့တဲ့ နင်တို့နှစ်ယောက်က တူရီးလောက်ကွာတာ တစ်ယောက်ကို တစ်ယောက် တူတူ နဲ့ တီတီလို့ ခေါ်တဲ့"

"ဟင်းးး ဟင်း "

အိုးမဲတွေနဲ့ မောင်နှမမျက်နာကိုကြည့်ကာ
သဘာဝတို့ မိုင်တို့ပါ ရီနေကြရကာ
မေလက်ရာလေးကလည်း အခုထိ
အစ်ကိုအပေါ်ကလေးဆိုးလေးလုပ်နေပုံကြောင့်
ဒေါ်လက်ရာမှာ သူမတို့မရှိရင် သားလက်ထဲကို
သမီးကိုထားခဲ့ရမှာ
စိတ်ချသွားရသည်။သူညီမလေးကို
သားကအပြင်မှာထုတ်မချစ်ပြပင်မဲ့ ချစ်တာ
သူမတို့သိတာပေါ့။

"အမေ့ အမလေး မောင်"

အကုန်လုံး သူတို့မောင်နှမကိုကြည့်နေခိုက် နေက မိန်းမဖြစ်သူဝတ်ထားတာကြည့်တော့ ရေစိုနေတာ မလဲရသေးတာကြောင့် ကောက်ပွေ့လိုက်ချိန် မက လန့်သွားပုံရကာ အလန့်တကြားထအော်သည်။

"မောင်က အိမ်ထဲဝင်သွားလို့
အဝတ်လဲပြီးသွားပြီထင်တာ အခုထိမလဲရသေးဘူး
ဖျားတော့မှာပဲ အဝတ်လဲပေးမယ်"

ဆိုကာ သူကိုကြည့်နေတဲ့ ကျော်သူရမိန်းမနဲ့ မာမီတို့
မမိုင်တို့ကို ထားခဲ့ကာ မိန်းမကို ပွေ့ပြီး
အိမ်ထဲဝင်လာလိုက်သည်။သူချီပြီး ဝင်လာတာကို
ငြိမ်ပြီးလိုက်လာပင်ပဲ နှုတ်ဖြားလေးကတော့...

"မောင်နော်
သဘာဝတစ်ယောက်ထဲဆိုနေတာမှမဟုတ်တာ
အဖြစ်သည်းလိုက်တာ မိုင်ကပြောစရာမလိုပင်မဲ့
မေမြတ်မိုးက အားနာဖို့ကောင်းတယ် သိလား"

"မသိဘူး သူ့ယောကျ်ားရှိတာပဲ
သူ့ယောကျ်ားနားပဲနေပေါ့ မောင်ကတော့
မောင့်မဟေသီလေးပဲစိတ်ဝင်စားတယ် "

ဆိုကာ အခန်းရှေ့ရောက်တယ်ဆို
သူပုခုံးနဲ့တိုက်ကာ တံခါးကိုဖွင့်လိုက်ပြီး
အခန်းထဲဝင်လာသည်။သူမလည်းအခန်းထဲရောက်
မှ မောင့်မျက်နာကြီးကို သေချာကြည့်မိကာ..

"မောင် မျက်နာမဲသည်းနေတာပဲ"

"အဲတာတောင်

ချောတာကမပျောက်ပျက်သွားဘူးနော်"

"လိပ်ကြီး"

သူရင်ခွင်ထဲကနေ ချစ်စဖွယ်လုပ်ပြနေတဲ့
မိန်းမလေးကို အဝတ်စားလဲခန်းထဲ ပွေ့ခေါ်သွားကာ
အထဲရောက်မှသူမကို ချပေးသည်။

"မောင့်မိန်းမ အကျီလဲမယ်
လာမောင်ချွတ်ပေးမယ်"

Lay Nge

"ကိုယ့်ဘာသာလဲမယ် မောင်ကမျက်နာသွားသစ် "

သူမကပြောတော့ သူဘာမှပြန်မပြောပဲ
သူမရင်ဘက်က
ကြယ်သီးတွေကိုတစ်လုံးစီဖြုတ်လိုက်တော့ မ
ကသူကိုဆူပုတ်ပုတ်လေးနဲ့ကြည့်လာသည်။သူမရင်
ဖုံးအင်္ကျီလေးကို ချွတ်လိုက်ပြီး
သူအမြဲရစ်မူးရာနေရာလေးဖြစ်တဲ့
သူမရင်ဘက်နားကို ခေါင်းလေးငုံချကာ
သူမကိုယ်သင်းရနံ့ကို ရှူရှိုက်နေမိသည်။

"အ့ နေမင်းအစုတ်ပလုတ်!"

နေ သူမရင်ဘက်နားရစ်မူးရင်း အသဲယားလာတာမို့
သူမခါးသိမ်သိမ်လေးကို ဆွဲညစ်က အပြင်ကို
ထွက်လာလိုက်တော့
အထဲကနေသူ့ကိုလှမ်းအော်တဲ့ မ
ကြောင့်ပြုံးနေမိကာ မှန်တင်ခုံရှေ့သွားပြီး
မှန်မှာမြင်နေရတာက အိုးမဲတွေက
မျက်နာတစ်ခုလုံးပင်။သူမျက်နာသစ်ဖို့
မှန်တင်ခုံရှေ့က လှည့်လိုက်တယ်ဆို

သူ့အလုပ်ခုံပေါ်က ဖုန်းခေါ်လာတာမို့
အလုပ်စားပွဲနားသွားကာ ....

"ပြော"

"....."

တစ်ဖက်က ဘာပြောလည်းမသိပင်မဲ့
နေမျက်နာအနေအထားကတော့
မဲ့ပြီးပြီးနေတာကာ တစ်ခုခုကို ကြံစည်တော့မဲ့

Lay Nge

မျက်နှာအနေအထား။သူဘာလုပ်မယ်ဆိုတာ
သူသာလျင်အသိဆုံးမို့.....။

~~~~~~~~~~~ 🦋🦋

လိုင်းမကောင်းလို့ပြန်တင်ပေးတာ 🦋🦋

Comment လေးတွေဝေဖန်ပေးပါဦး🥹

OBJ

📘 The Sun Of Flower {Season 2} 📘

Lay Nge
~~~~~~~~~~~

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

part~46

ဒီနေ့က သက်ိန်နောက်ဆုံးနေ့မို့
လူတွေကအရင်နဲ့တွေကထက်ပိုပြီး
များပြားနေကာ။တစ်မြို့လုံးလည်း
ဆူညံနေသည်။ကို တို့လည်း နောက်ဆုံးနေ့မို့
အပြတ်ကဲကြဖို့ဆုံးဖြတ်ထားခြင်းနဲ့အတူ ကားကို
တစ်နေရာမှ ရပ်ထားခဲ့ပြီး မြို့တော်ခန်းမရှေ့ကို

LayNge

လမ်းပဲလျှောက်လာလိုက်သည်။မှိုကလည်း သူဘဲ
နဲ့သူ။သူမကလည်း ပါးနဲ့လက်တွဲကာ
လူအုပ်ကြားထဲဝင်လာလိုက်သည်။ပါးကဒီနေ့
ဘာစိတ်ကူးပေါက်လည်းမသိ
ဘောင်းဘီအဖြူအရှည်နဲ့ Shirt လက်တိုအနက်ကို
တွဲဝတ်ထားသည်။သူမကတော့ ပါးက ပထမနေ့က
ခါးပေါ်နေတာမကောင်းဘူးပြောတာမို့
သူမဝတ်နေကြ အပေါ်အောက်တစ်ဆက်ထဲဟာ
ဝတ်လာလိုက်သည်။

"ပါး အေးနေပြီလား
နေ့လည်တောင်မရောက်သေးဘူး"

"မအေးပါဘူး ကိုယ့်ချစ်သူနဲ့ တွဲစော့ရတာ
ဘယ်လောက်မိုက်လိုက်လည်း"

အဆိုတော်က သီချင်းဆိုနေတဲ့အတိုင်း
ပါးကသူမလက်ကိုဆွဲကာ ခုန်ပေါက်နေတာမို့
သူမလည်း
သူအဲလောက်ကဲမယ်တကယ်မထင်ခဲ့ပင်မဲ့
လက်တွေ့မှာတော့ စီးချက်ညီစွာ ကခုန်နေတာမို့
သူမပါသူနဲ့အတူ ကခုန်နေသည်။မှီတို့အတွဲကြ

မှီကပဲ ကခုန်နေပြီး သူ့ဘဲကရင့်ကျက်သူမို့ မှီကိုသာ
လက်ပိုက်ကြည့်နေသည်။

"ဟေးးး"

ထောင်သောင်းချီနေတဲ့ လူတွေရဲ့
အော်သံတွေ။အဆိုတော်ရဲ့
သီချင်းမြူးမြူးတွေကြောင့် ဘယ်လောက်ပဲ ရေစိုစို
ရေကအေးအေးမချမ်းနိုင်တာ မြန်မာသက်န်ပင်။

LayNge

နေတစင်း

ရေခဲရေတွေနဲ့လည်းပက်ကြတာမို့တုန်နေတဲ့သူမကို

ရင်ခွင်ထဲဆွဲသွင်းကာ အနောက်ကနေဖက်ထားပြီး

ခန္ဓာကိုယ်ကိုပဲဆက်လှုပ်ရှားနေမိသည်။

နှစ်နာရီခွဲလောက်သူတို့

မြို့တော်ခန်းမရှေ့ရောက်စားပြီးနောက်

မှီတိုကတစ်ခြားတစ်နေရာသွားရအောင်ဟုခေါ်တာ

ကြောင့်

4ယောက်သားတစ်ခြားတစ်နေရာကိုထွက်လာလိုက်သည်။

LayNge

"မြိုအင်တ်မ "

ကဗျာမမြို

4ယောက်သားစတုဒိတာကျွေးတဲ့အထဲဝင်စားနေရ

င်း လင်းကသူမကို အင်တ်မလို့ခေါ်တော့.....

"နင်ကြတော့ စားနေပြီးတော့"

"နင်ဝင်စားလို့ ငါလိုက်စားတာလေ နော်ပါး"

"အင်း မမှီကင်တ်ကိုင်တ်တယ်
စားချင်ရင်အိမ်လိုက်ခဲ့ မေမေတို့လည်း
အိမ်မှာလုပ်ကြတယ်ထင်တယ်
အန်ကယ်ကျော်သူရတို့ရော"

နေတစင်း အရင်နေ့တွေတုန်းက ဖေဖေတို့အိမ်မှာ
ပွဲလုပ်ကြတာမို့
ဒီနေ့လည်းလုပ်မယ်အထင်နဲ့ပြောလိုက်တော့...

"နေတစင်း ကောင်စုတ်
ဖေဖေကငါရည်းစားရှိတာသိသေးတာမဟုတ်ဘူး
ကိုကြီးနဲ့သာ လိုက်ခဲ့လို့ကတော့
ဦးကျော်သူရကမိုးမီးလောင်မဲ့ဖြစ်ခြင်း"

မှီပြောတာကို သူ့ကိုကြီး နဲ့ ပါးက
သဘောကျနေကြသလို
သူမလည်းအိမ်မှာနေတာထက် ဒီလိုမျိုးလေး
ချစ်ရသူတွေနဲ့အတူတူရှိနေခြင်းက
သူမအတွက်ပျော်စရာပိုကောင်းသည်။အိမ်မှာနေရ
င် တစ်နေ့တစ်နေ့ပူလောင်ရလွန်းလို့
စိတ်ဆင်းရဲလှသည်။ဒီရက်တွေထဲတော့

မေဆိုမိန်းမကိစ္စနဲ့ ဒယ်ဒီရော
မိထွေးတော်ရောအလုပ်ရှုပ်နေတာမို့ သူမကို
ရန်လုပ်ချိန်မရဘူးထင်ပါတယ်။ဖွားဖွားကတော့
သူမNewYork ကိုပြန်ရင်လိုက်ခဲ့ဖို့ခေါ်နေပင်မဲ့
သူမကတော့
မာမီနဲ့ပက်သက်တဲ့အငွေ့အသက်တွေရှိတဲ့နေရာမှာ
ပဲနေချင်တာမို့ ဘယ်သူနိုင်တာမှမခံဘူးဆိုတဲ့
ကတိကို ဖွားကိုပေးထားရသည်။

"Light ကိုယ်တို့သွားရအောင်"

LayNge

"ဟမ် အင်း"

သူမလက်ထဲကဇွန်းကို ချကာဘယ်အချိန်ထဲက
စားသောက်ပြီးတယ်မသိတဲ့ဟိုအတွဲက
မက်တပ်တောင်ရပ်နေပြီ။ပါးက
သူမကိုလက်ကမ်းပေးတော့ သူမပါးလက်ကိုင်ကာ
မက်တပ်ရပ်လိုက်ပြီး စတုဒိတာကျွေးတဲ့
နေရာကနေ ကားထားတည့်တဲ့ ပါး ဖေဖေရဲ့
ခရီးသွားဝန်ဆောင်မူ company
နားကိုလျှောက်လာလိုက်သည်။

"ပါး ဖေဖေက idea ကောင်းတယ်နော်
မြန်မာပြည်အနှံ့မှာ Hotel ခွဲတွေဖွင့်ထားပြီး
ခရီးသွားဝန်ဆောင်မှုလုပ်တာ အခုလည်း
သက်ဆိုင်ရာကိုတော့ company
ရှေ့မှာလူကိုမပျက်ဘူး"

Company ရှေ့မှာလူတွေအုံနေတာကို ကြည့်ကာ
Light ကပြောတော့...

"ဖေဖေက အရမ်းတော်တယ်
သူဘာလုပ်လုပ်အောင်မြင်တယ် ဖေဖေက

နေလက်ရာအတွက်တော့ Lucky ပဲ
သူစဉ်းစားလိုက်ပြီဆို
လက်တွေ့အကောင်အထည်ဖော်တယ်
တကယ်သူဘာလုပ်လုပ်မဖြစ်ဘူးဆိုတာမရှိဘူး
ကိုယ်လည်း ဖေဖေကိုအားကျတယ်"

သူမပြောတာကို
သူကဟုတ်ကြောင်းပြောသည့်အပြင်
သူ့အဖေဘယ်လောက်တော်ကြောင်း
ပြောနေတဲ့ပါးမျက်နှာမှာ
သူ့အဖေအတွက်ဘယ်လောက်ဂုဏ်ယူနေတယ်ဆို
တာ ပေါ်လွင်နေသည်။သူမ ဘဝထက်

ပါးကမိဘကံရော

အရာရာသူမထက်ပိုကံကောင်းပါသည်။သူမဘဝအ

တွက်တိုက်ခိုက်နေရချိန်ပါးကတော့ မိဘတွေရဲ့

မေတ္တာရိပ်အောက်မှာ

နွေးထွေးစွာခိုလုံနေရသည်။ပါး ဆေးရုံတက်တုန်းက

သားသမီးဇောနဲ့အထင်လွဲပြီး သူမကို

ပါးရိုက်တာကို ပါးကရှင်းပြထားပြီးသားပင်မဲ့ သူမ

အရမ်းအားကျရသည်။ပါး တစ်ခုခုဖြစ်ရင်

ကာကွယ်မဲ့ မိဘတွေကအဆင်သင့်။

"ရှင် ဒီမှာ"

သူမ ပါးအကြောင်းတွေးနေခိုက် သူမတင်ပါးကို ရိုက်ခံလိုက်ရတာကြောင့် လှည့်ကြည့်လိုက်တော့ သူမတို့ထက်ငယ်မယ်ထင်ရတဲ့ ကောင်အုပ်စု။ Company ရှေ့မှာ Company ဝန်ထမ်းတွေဆော့ဖို့ပြင်ဆင်ထားတဲ့နေရာမှာရောက်နေတာမို့ လူတွေကအများကြီး။

"ဒီမှာ ရှင်လူယုတ်မာ တဏှာရူး"

ပါးစပ်ကလည်းပြော လင်းရိပ်ကို
လက်ကထိုကောင်ပါးတစ်ဖက်ပေါ်ချက်ခြင်းရောက်
သွားတော့ ဘေးက နေတစင်း နဲ့
မှိတို့ချစ်သူနှစ်ဦးက ဘာဖြစ်တာလည်းမသိတာမို့..

"ဘာဖြစ်တာလည်း လင်း"

မှိ
တစ်ဖက်ကမကြေမနပ်ကြည့်နေတဲ့ကောင်လေးအု
ပ်စုကို ကြည့်ရင်း လင်းကိုမေးလိုက်တော့
နေတစင်းကပါ....

Lay Nge

"ဘာဖြစ်တာလည်း Light ကိုယ့်ကိုပြော "

"ဒီကောင် ကို တင်ပါးကိုလာရိုက်တယ်"

ကို သူမတင်ပါးကို
ရိုက်တဲ့ကောင်မျက်နာတည့်တည့်ကို
လက်ညှိုးထိုးကာ
ပါးကိုပြောလိုက်သည်။နေတစင်းလည်း
သူမပြောတာကိုနားထောင်ပြီး
ဒေါသကအလိပ်လိုက်ထွက်လာကာ.....

"ငါ ိုးမသား မင်းအမေဟာသွားကိုင်ပါလား !!"

ခွပ်

လက်မြန်ခြေမြန်နဲ့က
လင်းရိပ်ကိုလိုပင်စကားပြောရင်း
လက်သီးကအဲ့ကောင်မျက်နာတေ့ထိုးချလိုက်တော့
ပစ်လဲကြသွားသည်။နေတစင်း တစ်ချက်လောက်နဲ့
မကျေနပ်တာမို့ လဲသွားတဲ့ကောင်ပေါ်ကို
တက်ခွကာ မျက်နာပေါ်ကို

အောက်ကကောင်ပြန်လုပ်ချိန်တောင်မရသူလက်သီးချက်ကို မျက်နာကမခွာ။

ခွပ် ခွပ် ခွပ် ခွပ်

"ွေးမသား မင်းဘယ်လက်နဲ့ ကိုင်တာလည်းဟမ်း"

သူထိုးထားလို့
သွေးတွေပါးစပ်ကနေကျနေတဲ့ကောင်ကို
အင်္ကျီကော်လံစနှစ်ခုကို စောင့်ဆွဲကာမေးတော့

သူထိုးနေတဲ့ကောင်ဘက်က ကောင်တွေ
ဆောင့်တွန်းချလိုက်တာမို့
သူအနောက်ကိုပစ်ကျသွားတာကို ကိုက စီးထားတဲ့
ဒေါက်ဖိနပ်ကို ချွတ်ကာ
ပါးကိုတွန်းချလိုက်တဲ့ကောင် ဒေါက်ဖိနပ်နဲ့
လွဲရိုက်ချလိုက်သည်။

"အား:::"

ကို ရဲ့လုပ်ရပ်ကြောင့်
ထိုကောင်ခေါင်းကသွေးတွေပါကျလာသည်။မို့ နဲ့

Lay Nge

သူ့ချစ်သူကလည်း သူတို့ဘက်ကနေ
ဝိုင်းလုပ်လာရင် သူတို့ပါဝိုင်းလုပ်ဖို့ပြင်ထားသည်။

နေတစင်းကတော့ သူမတင်ပါးကို
ရိုက်တယ်ဆိုတဲ့ကောင်ပေါ်ကိုပဲ အာရုံထားကာ
ဖင်ထိုင်ကျသွားရမှ ပြန်ထကသူတပြန်ကိုယ်တပြန်
ပြန်ထိုးနေတော့သည်။

"ဟာ"

"ဟ ငြိမ်းထက်လုပ်ဦး"

ငြိမ်းထက် နဲ့ ကျော်မျိုးထူး company အထဲမှာ
ကျော်သူရနဲ့ 3ယောက်သား
အလုပ်အပ်တဲ့သူတွေများလို့ တိုင်ပင်နေခိုက်
အရှေ့မှာပြဿာတက်နေတယ်ဆိုလို့ထွက်လာကြ
ည့်ပြီး လူအုပ်ကြားထဲဝင်ကြည့်မှ
အပြန်အလှန်ထိုးကြိတ်နေတဲ့ နေ သား။နေ
သားကထိုးနေတာတစ်ဖက်က
သွေးတွေရဲနေတာပဲမို့ ငြိမ်းထက် နဲ့ကျော်မျိုးထူးမှာ
အလန့်တကြားဖြစ်သွားကာလူအုပ်ထဲချက်ခြင်းဝင်
လာပြီး နေတစင်းကို ဆွဲရတော့သည်။

"နေတစင်း သားတော်တော့ "

"တော်ကြတော့ နှစ်ဖက်လုံး ခဏ!"

ငြိမ်းထက်က နေတစင်း ကိုဆွဲထားလိုက်ရသလို
ကျော်မျိုးထူးကလည်း
အုပ်စုနှစ်ခုကြားအလည်ကနေဝင်ပြီး တားတော့မှ
နှစ်ဖက်ရန်ဖြစ်နေတာ ငြိမ်သွားသည်။

"ဒီဘက်က အန်ကယ်တို့က
ဒီကလေးရဲ့အုပ်ထိန်းသူတွေ ဘာကစဖစ်ကြတာလဲ"

ကျော်မျိုးထူးက မေးတော့
တစ်ဖက်ကအထိုးခံရတဲ့ ကောင်လေးက
ထိုးခံထားရတာ တော်တော်များတာမို့
စကားပြောနိုင်ပုံမရ။ဒါကြောင့်
ထင်တယ်အဲ့ကောင်လေး
ဘေးကကောင်လေးက.....

"လူချမ်းသာသားသမီးဆိုပြီး
မိုက်ရိုင်းချင်တိုင်းရိုင်းနေတာထင်တယ်

ကျွန်တော်တို့ဘာသာ ရေဆော့နေတာ
သူအရင်လာထိုးတာ"

"ဟာ"

"ွေးမသား ဖာကျနေတယ်ဟုတ်လား !!"

ငြိမ်းထက်ဆွဲထားရက်နဲ့တောင်
တစ်ဖက်ကစကားကြောင့် နေတစင်း ရုန်းထွက်ပြီး
ပြေးလုပ်ချင်နေတဲ့ပုံစံကို ငြိမ်းထက်က...

Lay Nge

"နေတစင်း !!! တော်တော့ "

"ဟူး"

ကျော်မျိုးထူးက ဒီအခြေအနေက
ဒီအတိုင်းပြီးမှာမဟုတ်တာသိတာကြောင့်
သက်ပြင်းချလိုက်ပြီး...

"ငြိမ်းထက် မင်း နေတစင်းကို အိမ်ခေါ်သွားတော့
ပြီးတော့ မင်းတို့လည်း
အန်ကယ်တို့နောက်ကလိုက်ခဲ့ပြီးရင်

Lay Nge

မင်းတို့မိဘကိုပါ လိုက်လာခိုင်းလိုက်
မိဘတွေနဲ့ဖြေရှင်းတာကောင်းမယ်"

လူငယ်တွေကြီးပဲတာ ဖြေရှင်းခိုင်းကြည့်
တစ်ယောက်ယောက် သေမှာသေချာနေတာမို့
ကျော်မျိုးထူးပြောတော့ နေတစင်းက...

"ကျစ် ! မမို့ Light ကိုသူအိမ်လိုက်ပို့ပေးလိုက်ပါဦး"

"ပါး အဆင်ပြေရဲ့ ကို လိုက်ခဲ့ရဦးမလား"

"ရတယ် ကိုယ်ဖြေရှင်းနိုင်တယ် ဘာမှမပူနဲ့"

သူစကားပြောရင်း မှိကိုမျက်စပစ်ပြီး သူမကို
ခေါ်ထုတ်သွားဖို့ပြောတော့ သူမကို မှိက
ဆွဲခေါ်ရာကို သူကို
လှည့်ကြည့်လှည့်ကြည့်နဲ့လိုက်သွားတော့မှ
သူလည်း ငြိမ်းထက် နဲ့
ကျော်မျိုးထူးနောက်လိုက်လာတော့သည်.....။

"နေတစင်း !! မင်းသူများ သားသမီးကို
ထိုးကြိတ်ထားတာ ကြည့်စမ်း"

တစ်ဖက်ကခံရတဲ့သူတွေရဲ့မိဘတွေမလာခင်
ကိုယ်သားသမီးကို
အရင်ဆုံးမရသည်။မောင်ကတော့ အခုမှသူသား
ကိုစွကြားပြီး
အပြင်ကအလုပ်ကိစ္စကြောင့်သွားရာကနေ
ပြန်ရောက်လာပင်မဲ့ သားကို
သူမဆူနေလို့ထင်သည် ဘာမှဝင်မပြော။မေမေတို့
နဲ့ မေလက်ရာလေး တို့ကလည်း
သူ့တူလွန်ထားတာမို့ ဘာတစ်ခုမှဝင်မပြော။

"မင်းက လက်စောင်းတော်တော်ထက်နေတယ်
ဟက်လား ဟမ် နေတစင်း !!"

"သား ဒီထက်တောင်ပိုလုပ်ချင်တာ "

သူမဆူနေတဲ့ကြားက သားစကားကြောင့် သူမ
သားဒီလောက်တောင်ဘယ်လိုဖြစ်လို့
ရိုင်းစိုင်းသွားရတာလဲ နားမလည်တော့။နေတစင်း
ဆိုတာ မိဘစကားတစ်ခါတောင် ပြန်မပြောဖူးတဲ့
သူက အခုတော့သူမစကားကို အလေးမထားပဲ
ပြန်ခံပက်လိုက်မို့.....

"မြေး မေမေကို ဘယ်လိုပြောလိုက်တာလဲ"

"မြေး ကိုယ့်မိဘကဆုံးမနေတာကို
သူစိမ်းတွေရှေ့နော်!"

ဖေဖေ နဲ့ မေမေကပါ
သားကိုစကားပြောတာထိန်းပြောဖို့ပြောတော့
သူမမျက်ရည်ဝဲလျက်....

Lay Nge

"သား

ကမေမေကိုလူကြားထဲတောင်ပြန်ခံပက်တဲ့အထိဖြ

စ်နေပြီပေါ့ ရပါတယ် မေမေ

သားကိုမပြောတော့ဘူး သူတို့မိဘတွေလာမှ

တောင်းပန်လိုက်တာပေါ့"

"တောင်းပန်စရာတစ်စက်မှကို မလိုတာ မေမေ

သူတို့မိဘတွေလာရင် သားနဲ့တွေ့မယ်"

ဆိုကာ နေတစင်းရဲ့

တစ်ဖက်မှာဖေဖေသူငယ်ချင်းတွေ အတူထိုင်နေတဲ့

3ကောင်ကိုကြည့်ကာပြောလိုက်သည်။မိန်းကလေး
တစ်ယောက်ကို ထိကပါးရိကပါးလုပ်တာ
သူအမုန်းဆုံးပင်။ဒီနေရာမှာတစ်ခြားမိန်းကလေး
သာဆိုအဲလောက်ဖြစ်ချင်မှဖြစ်လိမ့်မယ် ဒါပင်မဲ့
ကြည့်မနေမှာတော့သေချာသည်။

"ငြိမ်းထက် အန်ကယ်တို့ကိုပြောပါဦး
မြေးတို့ကဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်တို့နှစ်ယောက်ရယ် ကျော်သူရရယ်
အစည်းဝေးအထဲမှာထိုင်နေတာ

အလုပ်သမားတစ်ယောက်က Company ရှေ့မှာပြဿနာတက်နေတယ်ပြောလို့ သွားကြည့်မှ နေတစင်း တို့မှန်းသိတာ ကျွန်တော်တို့ရောက်တော့ ပြဿနာကဘယ်ကစဖြစ်လည်းတော့မပြောကြဘူး သူတို့ပြောတာတော့ သူတို့ဘာသာရေကစားနေတာ နေတစင်းကအရင်ထိုးတာတဲ့"

နေတစင်း အန်ကယ်ဆီကစကားဆုံးတယ်ဆို ဖုံးကွယ်ထားတဲ့
စိတ်တွေကဘယ်လိုမှထိန်းလို့မရတော့တာကြောင့် မက်တပ်ထရပ်ပြီး လျှာကို ပါးစောင်ကို ထိုးကာ.....

"ငါအရင်ထိုးတာ ဟုတ်လား ! ဒါဆိုလည်း
မင်းအမေ မင်းနှမ ဟာကို ယောကျ်ားတကာကို
ကိုင်ခိုင်းပြီး ငါ့ကိုလာထိုး ငြိမ်ခံနေပေးမယ်!!"

"နေတစင်း !!!"

"မြေး!!"

နေတစင်း ရဲ့ရိုင်းစိုင်းစွာထွက်ပေါ်လာတဲ့
စကားကမိဘတွေရှေ့မှာတောင် မထိန်းတဲ့ သားကို

Lay Nge

သဘာဝ ဒေါသကထွက်လာမိသည်။မောင်တောင်သူ့မိဘရှေ့မှာ
တစ်ခါမှဒီလိုထွက်ဖူးတာမဟုတ်။ကြည့်ဦး
အင်ဂျင်နီယာကျောင်းသားတဲ့ လျှာကို
ပါးစောင်းထိုးနေပုံက တကယ်လူမိုက်ပုံစံနဲ့။

"အစ်ကိုလေး သူတို့မိဘတွေရောက်နေပြီ
ဝင်လာခိုင်းရမလား"

"အင်း နေတစင်းမင်းထိုင်!"

နေခြံစောင့်ကောင်လေးကို ခေါင်းငြိမ့်ပြလိုက်ပြီး
သား ဖြစ်သူကို အသံမာမာနဲ့ပြောကာ
ထိုင်ခိုင်းလိုက်သည်။နေတစင်း
ဖေဖေကိုမလွန်ဆန်ချင်တာကြောင့်
ထိုင်ခုံမှပြန်ထိုင်နေလိုက်သည်။

"ဟင် "

ည့်ခန်းတံခါးကို တွန်းဖွင့်ကဝင်လာတဲ့
အမျိုးသမီးနှစ်ယောက်ကြောင့်
နေကချက်ခြင်းမျက်နာအနေအထားပြောင်းသွား

Lay Nge

ကာ သဘာဝမှာတော့
ဘယ်လိုတွေ့ဆုံမှုတွေဖြစ်ရတာလဲ
အံ့သြနေမိသည်။

ဒေါ်ညိုစိမ့် နဲ့ သူမနဲ့
မတိမ်းမယိမ်းမြတ်နိုးမောင်။အရင်တုန်းက
အဝတ်အစားတစ်နေ့အထည်ပေါင်းများစွာလဲနေတဲ့
မြတ်နိုးမောင်က ထဘီနဲ့ ရင်ဖုံး
အနွမ်းလေးတွေနဲ့။ဒီကိုလာတာ သူမတို့ရှိတာ
သိပုံမရဘူးထင်သည်။

LaNge

"ဒေါ် ဒေါ်လေး"

ဆံပင်တွေဖြူကာ
အရင်လိုသူမအပေါ်အမြဲတင်းတင်းမာဆက်ဆံခဲ့တဲ့
ဒေါ်လေးက မေမေတို့နဲ့ရွယ်တူဆိုပင်မဲ့ မေမေတို့က
ပိုက်ဆံရှိတဲ့လူမို့ အရွယ်တင်နုပျိုနေပင်မဲ့
ဒေါ်လေးကတော့
အနေအစားဆင်းရဲတယ်ထင်ပါတယ်။သူမအပေါ်ဘ
ယ်လိုပဲ နိပ်စက်ခဲ့ပါစေ
အခုလိုမြင်တော့စိတ်မကောင်းပေ။သူမပါးစပ်က
ဒေါ်လေးကို ခေါ် မိသွားတော့ သူမကို
မော့ကြည့်ရှာတဲ့ ဒေါ်လေး။

"သမီး သမီး လှလိုက်တာ"

သူမတို့ဘယ်လောက်ပဲ ယုတ်မာခဲ့ပါစေ
စိတ်ထားမွန်မြတ်တဲ့ ဒီမိန်းကလေးဟာအခုတော့
သူမတို့
အိမ်မက်တောင်မမက်နိုင်တဲ့အနေအထားကို
ရောက်နေပြီ။အရင်တုန်းကထက်ပိုကောင်းတဲ့
ဘဝမှာနေရလို့လားမသိ
ပိုတောင်လှလာသေးသည်။

မြတ်နိုးမောင်လည်း သူမတို့ဘဝတွေနဲ့
ဘာမှမဆိုင်တဲ့ ဘဝမှာရောက်နေတဲ့
အစ်မဖြစ်သူကိုကြည့်ကာ အရင်တုန်းက
သူမအပေါ် နှိုင်စားခဲ့တာကို သတိရလာပြီး
မျက်ရည်ဝဲလာရသည်။

ဒေါ်လက်ရာတို့လည်း
ဘယ်သူဆိုတာဝင်ဝင်လာခြင်းမသိပင်မဲ့
ချွေးမဖြစ်သူက ဒေါ်လေးလို့ခေါ်လိုက်မှ
ဘယ်သူမှန်းရိပ်စားမိကာ...

"ထိုင်ပါ အစ်မ
မြေးလုပ်ရက်အတွက်တောင်းပန်ချင်လို့ပါ"

ဒေါ်လက်ရာ ထိုင်ခိုင်းလို့ ထိုင်မလို့ပြင်နေတဲ့
လူယုတ်မာ သားအမိကို
နေအရင်တုန်းကအဖြစ်အပျက်တွေ
မျက်လုံးထဲပြန်ဝင်လာကာ...

"မထိုင်နဲ့ ! ခင်များတို့နဲ့တန်သလား!"

ဘယ်သူဆီကထွက်လာတဲ့ စကားဆိုတာ
အကုန်လုံးလှည့်ကြည့်စရာမလို။ဒေါ်လက်ရာလည်း
သားအပြုအမူက ရိုင်းစိုင်းတာထက်
ကြည့်မကောင်းတော့တဲ့အခြေအနေ။

"နေမင်းလက်ရာ !!! မင်းလူစကားပြောစမ်း"

"ဒီကိစ္စ ကျွန်တော်ဘာသာရှင်းမယ်
ဘယ်သူမှဝင်မပါနဲ့"

ပြောကာ ထရပ်လိုက်တဲ့နေ။နေ
မက်တပ်ရပ်ပြီးတော့ သူဘောင်းဘီအိတ်ကပ်ထဲက
ပိုက်ဆံအိတ်ကိုထုတ်ကာ လက်ထဲကိုင်ထားရင်း.....

"အခု ခင်များမြေးကို ကျူပ်သားက ထိုးထားတယ်
အဲ့တော့ လျော်ကြေးဘယ်လောက်ယူမလည်း"

မောင် တစ်ခြားသူဆိုအဲလိုပြောမှမဟုတ်။ဒါ
ဒေါ်လေးတို့မို့လို့ မောင်တမင်လုပ်နေတာ
သူမသိသည်။ကိုယ့်သားသမီးကလည်းမှားနေ
အိမ်ခေါ် ပြီး စော်ကားနေတာက မဟုတ်တာမို့....

"မောင် ဒေါ်လေးတို့ကို အဲလိုမပြောပါနဲ့
သူတို့နှစ်ယောက်လုံး
မောင့်ထက်အကြီးတွေကြီးပဲ..ဒေါ်လေးတို့ထိုင်ပါ
သဘာဝသားလုပ်ရပ်အတွက်...."

"တန်ရာတန်ရာဆက်ဆံတာပဲလေ ဘာလဲ
ခင်များအဒေါ်တွေထိလို့နာနေတာလား !"

သူမ စကားတောင်ဆုံးအောင်ပြောခွင့်မပေးပဲ
တားဆီးပိတ်ပင်သံက

မောင့်နှုတ်ဖျားကထွက်လာသည်။ဒေါ်လေးတို့ရှေ့
မှာတင် သူမကို အသံမာဆက်ဆက်နဲ့ပြောတာမို့
မောင်ကို လှည့်ကြည့်တော့....

"ရော့ အဲ့Card ထဲမှာ ခင်များတို့လူကို
ကျူပ်သားထိုးလိုက်တာနဲ့ ပက်သက်ပြီး
လျော်ကြေး "

ဆိုကာ သူပိုက်ဆံအိတ်ထဲက bank card ကို
ဆိုဖာရှေ့က
ခုံပေါ်ပစ်တင်ပေးလိုက်သည်။သူခုံပေါ်ပစ်တင်ပေး

လိုက်တဲ့ card ကိုကြည့်ယုံကြည့်နေတဲ့
သားအမိနှစ်ယောက်ကို ကြည့်ကာ နေ စိတ်ထဲမှာ
ငွေမတ်တဲ့သားအမိကို ပိုက်ဆံတွေနဲ့
မျက်နှာကိုပိတ်ပေါက်ချင်စိတ်ပေါက်နေသည်။

"နေမင်းလက်ရာ !! ဒါမင်းစီးပွားရေးလုပ်နေတဲ့
လူတစ်ယောက်ရဲ့အပြုအမူလား ဟမ် မင်းက
ကလေးမဆုံးမ ပဲ
ကလေးရှေ့မှာဘယ်လိုအပြုအမူတွေလုပ်နေတာ
လဲ!"

ဦးနေမင်း

ကိုယ်ထက်နိမ့်ကျတဲ့သူတစ်ယောက်အပေါ်

သားပြောတဲ့စကားတွေက

အဆင့်အတန်းမရှိတဲ့သူပြောတဲ့ပုံစံမို့

သူဝင်ပြောတော့.....

"တန်ရာ တန်ရာ ဆက်ဆံနေတာလေ ဒယ်ဒီ

ဒီလိုတွေက ဒီလိုပဲတန်တယ် အခုဖြစ်နေတဲ့ကိစ္စက

နေတစင်း ကိစ္စ ကျွန်တော်သားကိစ္စ

ကျွန်တော်ပဲပြောပါရစေ ဒယ်ဒီ"

Lay Nge

"ဒီမှာ ခင်များတို့ရဲ့သားလားမြေးလား
မဆုံးမထားဘူးလား ဒါမှမဟုတ်
မိမနိုင်ဖမနိုင်လား!"

အဖေဖြစ်သူက ဂျစ်ကန်ကန်ပြောနေတဲ့အချိန်
သားဖြစ်သူကပါ ဒေါ်လေး တို့ကို
လက်ညှိုးထိုးထပြောနေတဲ့စကားက သူမတို့နားထဲ
နားဝင်ချိုမနေတာတော့သေချာသည်။

"ကဲ နေတစင်း !! မိုက်ရိုင်းချင်ဦး ဟယ်"

Lay Nge

ဖြန်း

"ဟင်"

နေတစင်း မေမေသူ့ပါးကို ရိုက်လိုက်တာကို အသားသာမနာရင်ယုံမှာတောင်မဟုတ်။ငယ်ငယ်ကတည်းက တယုတယနမ်းလာတဲ့ မေမေက အခုအဲ့မိန်းမတွေကိုပြောလို့သူ့ကို ပါးရိုက်တယ်တဲ့။

နေ လည်းသားကို ရိုက်လိုက်တာတွေတာမို့....

"သား ကိုဘာလုပ်လိုက်တာလည်း!"

"ရိုက်လိုက်တာမောင်!! ရိုက်လိုက်တာ
နေတစင်းမင်းကို
မေမေဒီလောက်မိုက်ရိုင်းနေမှန်းမသိခဲ့ဘူး
အဲ့တာဘယ်သူတွေလည်းသိလား အဲဒါ မင်းအဒေါ်
နဲ့ အဘွား မင်းစကားကရိုင်းစိုင်းနေတာ !!"

သူမကပြောတော့နေက လက်ထဲကပိုက်ဆံအိတ်ကို
စားပွဲပေါ်ပစ်ချကာ...

"အဒေါ်နဲ့ အဘွား ဟုတ်လား နေတစင်းမှာ
မိသားစုဆိုတာ နေလက်ရာကလွဲကျန်တာမရှိဘူး
အဆင့်အတန်းမရှိတဲ့ မိန်းမတွေနဲ့
ကျူပ်သားနဲ့အမျိုးဇာတ်မသွင်းနဲ့ ဒီဟာမတွေက
ဘယ်လိုယုတ်မာခဲ့လည်းဆိုတာ မ အသိဆုံးပဲ"

ဒီဟာမတွေတဲ့လား
မောင်ရယ်။စကားပြောတာတွေက
ကြမ်းကြမ်းတမ်းတမ်းပြောမှထိရောက်မှာလား။တ
စ်ခြားစကားပြောတဲ့ နည်းတွေအများကြီး။

ဦးနေမင်း သားဖြစ်သူအပေါ်ဒေါသက
ထွက်လာတာမို့ ခါးထောက်က
ဟိုအမျိုးသမီးနှစ်ယောက်ကို
ထက်ပြောဖို့ပြင်နေတဲ့ သား နားလျှောက်သွားကာ
ကော်လံစစောင့်ဆွဲပြီး ထိုးချလိုက်သည်။

"နေမင်းလက်ရာ မိဘတွေရှေ့တောင်ရိုင်းချင်ဦးကွာ
!!!"

ခွပ်

LayNge

"ကိုကို !"

"ဖေဖေ"

မေလက်ရာ အပြင်ကပြန်ရောက်တယ်ဆို
မြင်လိုက်ရတဲ့အခြေအနေကြောင့်
ဒယ်ဒီထိုးလိုက်လို့ အနောက်ယိုင်သွားတဲ့
ကိုကိုအနားပြေးသွားလိုက်မိသည်။

နေတစင်းလည်း ဒီကိစ္စအကြောင်းအရင်းက
သူ့လုပ်တာကစတာမို့ အခုသူ့အတွက်နဲ့

ဖေဖေထိုးခံလိုက်ရတော့
သူရင်ထဲအပူတစ်ခုဖြတ်သန်းသွားတာသေချာသည်
။

"ဖေဖေ အဆင်ပြေရဲ့လား သားကြောင့်ပါ"

ငြိမ်းထက်တို့နှစ်ယောက်လည်း
ဒဏ်ရာဒဏ်ချက်တွေအလူးအလဲခံခဲ့ရတဲ့
နေဒီကိစ္စတွေမမေ့နိုင်တာ
အပြစ်မဆိုရက်။အရင်တုန်းက

Lay Nge

ဒီမိန်းမတွေဘယ်လောက်တောင်
ယုတ်မာခဲ့လည်းဆိုတာ သူတို့လည်းအသိ။

တောက်စ့်

နေရဲ့
တောက်ခေါက်သံကအကုန်လုံးတောင်ငြိမ်ကျသွား
ရသည်။သူအရွယ်ရောက်မှ
လူငယ်တွေရှေ့ထိုးခံရတော့
သူရှက်တာပါဖြစ်သွားရကာ ခုံပေါ်တင်ထားတဲ့

Lay Nge

ကားသော့ကို ယူကာ ဒေါနဲ့မာန်နဲ့
ထွက်သွားတော့သည်။

"ဟေ့ နေ"

"ဟေ့ လုပ်မနေနဲ့ ငြိမ်းထက်
ဒီကောင်ကဒေါသထွက်နေရင်လွယ်တဲ့ကောင်မဟု
တ်ဘူး မြန်မြန်လိုက်ရမယ် ထ"

ကျော်မျိုးထူးက ထိုင်နေတဲ့
ငြိမ်းထက်ကိုအတင်းဆွဲကာ နေနောက်ကို

အမှိုလိုက်ပင်မဲ့ သူတို့အိမ်ရှေ့ရောက်တယ်ဆို
စိတ်မြန်လက်မြန်ကောင်က ကားပေါ်တက်ကာ
မောင်းထွက်သွားပြီဖြစ်သည်။သူတို့နှစ်ယောက်လ
ည်း သူတို့ကားပေါ်တက်က
အဲ့ကောင်နောက်လိုက်ရတော့သည်။တကယ်ပဲ
အသက်က 40ကျော်နေတောင် စိတ်မြန်လက်မြန်နဲ့။

အိမ်ထဲမှာကျန်နေခဲ့တဲ့
ဒုတိယနေမင်းလက်ရာကလည်း
အဖေဖြစ်သူထိုးခံရတာ စိတ်မကောင်းတာနဲ့အတူ
ဖေဖေနဲ့ ဘာရန်ငြိုးတွေရှိခဲ့လည်းမသိပင်မဲ့

Lay Nge

ဖေဖေကခါးခါးသီးသီးဆက်ဆံနေကတည်းက
သူလည်းကောင်းကောင်းမွန်မွန်ပြောဖို့စိတ်ကူးမရှိ။

"ဒီမှာ ခင်များက ဒီကောင်အမေထင်တယ်
ဒါဆုံကျွန်တော်ပြောမယ် ဒီကောင်ကို
ကျူပ်ဆိုတဲ့ကောင်ထိုးလိုက်တာ
အကြောင်းပြချက်က ကျူပ်ကောင်မလေး
တင်ပါးကိုလာရိုက်လို့ ဒါတောင်
အန်ကယ်တွေဝင်တားလို့မဟုတ်ရင် ခင်များသားကို
သုသာန် မဟုတ်ရင် ဆေးရုံမှာတွေ့နေရပြီ
ဒါကြောင့် လျော်ကြေးပေးတာမကျေနပ်ရင်
ကြိုက်တဲ့နေရာကနေ တရားစွဲ

ကျုပ်တို့ရှင်းနိုင်တယ် အခုဖြစ်တဲ့ပြဿနာက ဖေဖေ company ရှေ့မှာဖြစ်တာ အဲမှာ cctv ရှိတယ် အဲ့ကနေကြည့်ပြီး ခင်များသားကိုလည်း မိန်းကလေးတစ်ယောက်ကို မထိတထိလုပ်မှန့် ပြန်ပြီးထောင်ထဲ ပို့ပစ်မယ်"

နေတစ်စင်း ရဲ့ပုံစံကတကယ် သူ့အဖေပုံစံအတိုင်းတစ်ထေရာထဲ။သူ့အဖေနဲ့ ဒီလိုနေရာမတူဘူးထင်ခဲ့သမျှ သဲထဲရေသွန်လိုက်သလိုပင်။

Lay Nge

"အဘွား တောင်းပန်ပါတယ်ကွယ်
ဒီကလေးကိုလည်းဆုံးမပေးပါ့မယ်
နောက်မဖြစ်စေရပါဘူး မြေးရယ်"

"ဘာ! ကျုပ်ကခင်များ မြေးမဟုတ်ဘူး
ကျုပ်အဘွား ကဟိုမှာ ခင်များတို့ကို
ကျုပ်သိတောင်မသိဘူး ရှင်းတယ်နော် ပြီးတော့
ကျုပ်က ဦးနေမင်းလက်ရာ ရဲ့သားဆိုတာမမေ့နဲ့
ဖေဖေ ရန်သူကကျုပ်ရန်သူပဲ"

ဆိုကာ သူမကို မျက်ရည်တွေဝဲပြီး
တစ်ချက်ကြည့်ကာ
ညှဉ်ခန်းထဲကထွက်သွားတဲ့သား။သူမ
ရိုက်လိုက်မိတာ ပထမဆုံးမို့
သားခံစားသွားရတယ်ထင်ပါရဲ့။

သူတို့သားအဖကတော့
သူတို့ဖြောချင်တာဖြောလုပ်ချင်ရာလုပ်ပြီး
ထွက်သွားကြပင်မဲ့ ကျန်တဲ့ မိသားစုဝင်တွေမှတော့
တောင်းပန်စရာရှိတာ တောင်းပန်ကာ
ဆေးခန်းတွေဘာတွေကို အိမ်က Diver နဲ့
လိုက်ပို့ခိုင်းရသည်။ဒီနေ့အဖြစ်အပျက်ကြောင့်

ဟိုသားအဖတော့ဘယ်လိုနေလည်းမသိ။
သူမတို့မှာတော့ အိပ်ခန်းထဲစိတ်ဆိုးပြီး
ဝင်သွားတဲ့တစ်ယောက်ရယ်
အပြင်ထွက်သွားတဲ့တစ်ယောက်ရယ်ကို
သူမတို့ကပဲပြန်ချော့ရမဲ့ပုံစံ။

ပုံစံတူနေတဲ့ သားအဖကို
ဘယ်လိုများထိန်းရပါ့မလဲ.....။

~~~~~~~~~~~~~

Lay Nge
~~~~~~~~~~~~~

ဒီအထဲမှာသာပျော်ရွှင်စရာသကြိန်ဆိုပင်မဲ့
လက်တွေ့မှတော့ မဟုတ်ခဲ့ပါဘူး။

A/N {မောင်တို့က part~61နဲ့ဇာတ်သိမ်းတာပါ
အခုတော့ ဇာတ်သိမ်းပိုင်းရေနေဆဲပါ
မနေ့ကအစီစဉ်ဆိုတာက
စဆုံးဖတ်ချင်တဲ့သူတွေအတွက် နဲ့ မေလည်း
လိုအပ်တဲ့နေရာကို ကိုယ့်စာဖတ်သူတွေနဲ့အတူ
လှူချင်လို့ ပမဏာမသတ်မှတ်ထားပဲ
ကိုယ်တက်နိုင်၍ နဲ့ ဖတ်နိုင်အောင်ပါ}

OBJ

📘 The Sun Of Flower {Season 2} 📘

☺နေနှစ်စင်းရဲ့ချစ်ပုံပြင်☺

part~47

"ကံကြမ္မာက ဘာဖြစ်စေချင်နေတာလဲ"

လို့သူစိတ်ထဲကနေမေးနေမိသည်။သူ့ဘဝမှ
အနာကျင်ဆုံးအချိန်တွေဖြစ်တဲ့ မနဲ့
ဝေးခဲ့ရတဲ့အချိန်တွေမှာ
မိဘမျက်နာတောက်ပြန်မမြင်နိုင်လောက်အောင်

Lay Nge

အသက်ရှင်ချင်တဲ့စိတ်ကုန်သွားတဲ့အထိဖြစ်ခဲ့ရသ
ည်။သူအဲလိုအချိန်တွေထက်ရောက်မှာ
သေလောက်အောင်ကြောက်သည်။ဒီနှစ်တွေမှာ
သူ့ဘဝရဲ့အပျော်ရွှင်ဆုံးအချိန်တွေကိုဖြတ်သန်းခဲ့ရ
တာ။

အခုမှ သူမတွေချင်တဲ့ မျက်နာတွေတစ်ယောက်ပြီး
တစ်ယောက်
သူတို့ဘဝထဲပြန်ပေါ်လာရတာလဲ။ဟိုတစ်လောက
ရှိုင်းထက်မြတ်။ရှိုင်းထက်မြတ်နဲ့ ကိစ္စကလည်း
အကြီးကြီးရှင်းစရာရှိသေးသည်။အဲ့ပြဿနာတောင်
အရှင်းရသေးဘူး

အခုလူယုတ်မာသားအမိကိုထက်တွေ့လိုက်ရတာ
ကြောင့်သူ့စိတ်တွေသူမထိန်းလိုက်နိုင်။

ကံကြမ္မာ ခင်များတစ်ခါ ကျူပ်ကိုကစားခဲ့ပြီးပြီ
ဒီတစ်ခါ ကျူပ်ပြန်ကစားမယ်.....။

"CEO "

သူအတွေးလွန်နေရာမှ သူ့လူယုံရဲ့ခေါ်သံကြားမှ
သူHotel နားနေခန်းက ကုတင်ပေါ်ထိုင်နေရင်း
သတိဝင်လာသည်။သူအိမ်ကဒေါသထွက်လာပင်မဲ့

အခုကိစ္စက ဒေါသထွက်တာထက်အရေးကြီးတဲ့
ကိစ္စမို့ ဒေါသကိုဘေးဖယ်ထားရသည်။

"ရောက်လာပြီးလား ဟို Group
မှာအဆင်ပြေရဲ့လား"

"ပြေပါတယ် CEO သူတို့ရဲ့
အလုပ်တွေတော်တော်များကို
သူကိုယ်တိုင်မသွားတော့ပဲ ကျွန်တော်ကိုပဲ
လွှတ်တာတွေအထိပြေပါတယ်"

Lay Nge

နေ သူ့လူယုံပြောတာကို ခေါင်းငြိမ့်ပြီး
ကုတင်ခြေရင်းမှ ခြေချိတ်ထိုင်နေရာကနေ
ထရပ်ပြီး...

"မင်းငါ့ကို ဘာပေးမလို့လည်း"

သူပြောတော့ သူလူယုံကအင်္ကျီအိတ်ကပ်ထဲက
USB ကို ထုတ်ကာ သူ့လက်ထဲကို
ထည့်ပေးလိုက်ကာ စကားကိုဆက်လိုက်သည်။

Lay Nge

"ဒီအထဲမှာ ရှိုင်း Group ရဲ့ပက်သက်နဲ့
နောက်အပတ်ကစပြီး လုပ်မဲ့လုပ်ငန်း project
အပါအဝင် သူတို့ ရှယ်ယာဝင်ဖို့လုပ်နေတဲ့
နိုင်ငံခြားပါတနာတွေပါပါတယ် CEO အဲ့ထဲမှာ
Date တွေပါထည့်ရေးပေးထားတယ်"

"အင်း ငါတို့ပထမခြေလှမ်းစရတော့မှာပေါ့
အကုန်လုံးဖြေရှင်းပြီးတဲ့
နေ့ကြမှမင်းနဲ့ထိုက်တန်တဲ့နေရာကို ငါပေးမယ်"

သူပြောတော့ သူလူယုံက
ခေါင်းတစ်ချက်သာငြိမ့်ပြီး
သူနဲ့အကျိုးအကြောင်းနည်းနည်းပြောက
လူတွေမရိပ်မိခင် ပြန်သွားသည်။သူကတော့
သူလူယုံပေးထားခဲ့တဲ့ USB နဲ့ ဟိုကောင်ကို
ဘယ်လိုစပြီး ချိုးရမလည်းဆိုတာတွေရင်း USB
ကိုလက်ထဲကျစ်နေအောင်စုတါထားမိသည်။

ကိုယ့်အလှည့်ကြခံနိုင်ရည်ရှိအောင်ကြိုးစားထား
ရှိင်းထက်မြတ်.....။

"ပါး အဆင်ပြေရဲ့လား ဆူခံရသေးလား"

Light က

မျှောင်ခါနီးသူကိုစိတ်ပူလို့ထင်သည်။Vedio Called

ခေါ်လာတာမို့ ကိုင်လိုက်တယ်ဆို

သူအခြေအနေကိုမေးသည်။ပါးရိုက်ခံရသေးတယ်

ပြောရင်

သူမစိတ်မကောင်းဖြစ်သွားမှမို့မပြောတော့ပဲ.....

Lay Nge

"ဘာမှမဖြစ်ဘူး Light
ဖေဖေအကုန်ဖြေရှင်းပေးတာပြီးသွားပြီ Light
ရောဘာမှမဖြစ်ဘူးမဟုတ်လား"

"ကို ကဘာဖြစ်ရမှာလည်း ဘာမှမဖြစ်ဘူး
မနက်ဖြန် နှစ်ဆန်းတစ်ရက်နေ့
သာဓုကန်မှာဆော့ကြမယ်ထင်တယ် သွားမလား
ပါး"

"အင်း သွားမယ် ကိုလည်းသင်္ကြန်ဒီနှစ်မှဆော့ရတာ
အားမရသေးဘူး မနက်ဖြန် ကိုလာခေါ်မယ် "

သူမပါးပြောတာကို ပြုံးပြီး
ခေါင်းငြိမ့်ပြလိုက်သည်။သူမဘဝမာဓိမရှိတဲ့အချိန်
ကနေ စတွက်မယ်ဆို ပါးနဲ့စတွေ့ကတည်းက
အခုအထိ
အဆိုးထဲကအကောင်းလို့ဆိုရမည်။သူမရဲ့အဆိုးဆုံး
အချိန်တွေမှာ ပါးရော မှီရော
မြန်မာပြည်ပြန်ရောက်လာလို့ တော်သေးတာ။

"Light ဒယ်ဒီတို့ရော ပြဿနာရှာသေးတာ"

"ကို ကိုပြဿနာရှာဖို့နေနေသာသာ မေကိစ္စနဲ့
တိုင်ပတ်နေကြတာ
နောက်တစ်ပတ်လောက်နေရင်ရင် နားစွင့်နေလိုက်
ဒယ်ဒီ Company
ရှယ်ယာစေ့ဈးကျတယ်ကြားရလိမ့်မယ်"

သူရဲ့မယားသမီးဆိုတာထက်
နောက်ယူထားတဲ့မိန်းမကို
ဒယ်ဒီချစ်တက်လိုက်တာ။ထောင်ကျမှာသေချာပင်
မဲ့ လိုတာထက်ပိုသက်သာအောင် ပိုက်ဆံတွေ
အချိန်တွေအကုန်ခံကြိုးစားနေတာ သူမနဲ့
တစ်နေ့လုံးနေလို့တစ်နာရီတောင်မျက်နာခြင်းမဆိုင်

ဖြစ်တော့။နေလက်ရာဘက်ကလည်း
အကောင်းဆုံးရှေ့နေဌားထားသလားထင်ရသည်။
တရားရုံးတစ်ခါတက်အမှုတစ်ခုတိုးနေတာ။

"Light လည်းတော်ယုံ
ဘာစကားမှပြောမနေနဲ့တော့
သူတို့လည်းထိုက်သင့်တဲ့အပြစ်ရပြီးသွားပြီ
ကိုယ်စိတ်အပူလောင်မခံနဲ့"

"အင်းပါ ပါးရေမိုးချိုးပြီးသွားပြီလား
နေ့ခင်းကအဝတ်အစားနဲ့ပဲလားလို့ ဖျားမယ်နော်"

သူမက
သူအဝတ်အစားမလဲရသေးတာကိုပြောတော့
သူအဝတ်အစားမလဲပဲ
နေ့ခင်းကပြဿနာကြီးသွားတာကို
ပြန်စဉ်းစားနေခြင်း။နေ့ခင်းကလာတဲ့
အမျိုးသမီးနှစ်ဦးက ဖေဖေနဲ့
ပြဿနာတော်တော်တက်ထားပုံပေါ်သည်။ဖေဖေမျ
က်နာအနေအထားရော ပုံစံရော
အဲ့အမျိုးသမီးနှစ်ယောက်ဝင်လာမှပြောင်းသွားတာ
။

"ပါး Light ပြောနေတာကြားလား
အဝတ်အစားလဲတော့ဆို!"

သူမ အော်မှသူအတွေးတွေကိုဖျက်ကာ..

"အင်း ဒါဆိုကိုယ်ရေချိုးတော့မယ် မနက်ကြရင်
Light ကို လာခေါ်မယ်"

"အွန်း ချစ်တယ် မွ by"

Lay Nge

သူကို ချစ်တယ်ပြောပြီး Kiss ပေးသွားတဲ့ Light
ကိုသူပြန်ပြောမလို့ရှိသေးဖုန်းချသွားတာကြောင့်
သူမှာတန်းလန်းကျန်ခဲ့ရတော့သည်။သူမဖုန်းချသွား
တော့ သူဖုန်းကိုစာကြည့်တဲ့စားပွဲပေါ်တင်လိုက်ပြီး
ထိုင်ရာကထားလိုက်ကာ
အင်္ကျီတွေချွတ်လိုက်သည်။ချွတ်ထားတဲ့အင်္ကျီတွေ
ကို အဝတ်လျှော်မဲ့ခြင်းထဲထည့်ပြီး
ရေချိုးခန်းထဲဝင်လာလိုက်သည်။

"ကျစ်!! "

နေ မှောင်မှ Hotel ကနေအိမ်ကိုပြန်လာလိုက်ပြီး
ကားပေါ်ကဆင်းတယ်ဆို
ခေါင်းကတအားထိုးကိုက်လာကာ
တစ်ကိုယ်လုံးလည်းပူထူနေသည်။နေ့လည်က
သားသတင်းကြောင့်ပြန်လာရင်း
ရေစိုနေတာကိုအခုထိမလဲရသေးတာကြောင့်
ဖျားတော့မည်ထင်သည်။သူခဏစုံရပ်နေလိုက်ပြီး
အနည်းငယ်သက်သာသွားမှ
အိမ်ထဲဝင်လာလိုက်သည်။

ခြေလှမ်းတွေလှမ်းပြီး ဝင်လာနေပင်မဲ့
တဖြည်းဖြည်းမျက်လုံးတွေကဝါးလာကာ လူက

မိုက်ကနဲဖြစ်သွားပင်မဲ့ တင်းခံကာ အပေါ်ထက်ကို တက်ဖို့
လှေကားနားအလှမ်းလူကဘယ်လိုမှတင်ထားလို့မ ရတော့ဘဲပစ်လဲကျသွားတော့သည်။

"ဖေဖေ !!!"

နေတစင်း စ်တ်ဆိုးနေပင်မဲ့
ညစာစားဖို့ဆင်းလာတော့ လှေကားခြေရင်းမှ ပစ်လဲနေတဲ့ ဖေဖေကို
တွေ့တော့လူကပူထူသွားကာ

အသံကုန်အော်လိုက်တဲ့အပြင်လူကလည်း
လှေကားအထစ်တွေကို
နှစ်ထစ်တွေသုံးထစ်တွေကျော်မိကာ လဲနေတဲ့
ဖေဖေကို ပွေ့လိုက်တော့
ပူကျစ်တောက်နေဖေဖေခန္ဓာကိုယ်။

"ဖေဖေ ဖေဖေ သားကိုအဲလိုမနောက်နဲ့ ဗျာ ထ!"

"သား!!!"

"မောင်!!!"

LayNge

"ကိုကို!"

နေတစင်းရဲ့အသံကြောင့်
ထမင်းစားခန်းထဲထွက်လာတဲ့ သဘာဝတို့
4ယောက်မှာ မြင်ကွင်းကြောင့်
အလန့်တကြားနဲ့အတူ သားပွေ့ထားတဲ့
မောင်အနားချက်ခြင်းရောက်သွားမိသည်။

"မောင် ! မောင် ဘာဖြစ်တာလဲ"

"နှင်းယှဉ် ဆရာဝန်ဖုန်းဆက်ခေါ်လိုက် မြန်မြန်"

ဦးနေမင်း သူတို့အနောက်ကနေကြည့်နေတဲ့
နှင်းယှဉ်တို့နှစ်ယောက်ကို
လှည့်ကာပြောလိုက်တော့
ညည့်ခန်းထဲပြေးဝင်သွားကာ
ဖုန်းသွားဆက်ကြသည်။

"မောင် ဟင့် ကိုယ်တွေပူကျစ်နေတာပဲ"

LayNge

သဘာဝလည်း သူမချစ်ရတဲ့သူကို
ဒီလိုပုံစံနဲ့တွေ့ရတာ ဒုတိယအကြိမ်မို့ မျက်ရည်က
ကျလာရပြန်သည်။မောင် နေမကောင်းနေတာကို
အပြင်ထွက်သွားသေးတယ်။

နေတစင်း လဲနေတဲ့ဖေဖေကို
ကျောပေါ်တင်ထမ်းပြီး အပေါ်ထပ်တက်လာကာ
ဖေဖေတို့အခန်းဝင်လာလိုက်သည်။သူဖေဖေကို
ကုတင်ပေါ် သာသာလေးချလိုက်သည်။ဖေဖေ
သတိလစ်နေတာ သူမြင်ရင်တာရင်ထဲ ဆစ်ကနဲ့
မျက်ရည်တွေကကျလာကာ။

"ဆရာဝန် မလာသေးဘူးလား!!
အခုထိမလာသေးဘူးလား !!! ဖေဖေကို
ကိုယ်ဘာသာဆေးရုံခေါ်သွားရမလား"

နေတစင်း ယောကျ်ားတန်မဲ့ ရှိုက်ကြီးတငင်ငိုကာ
ဖေဖေကို ကြည်ကာ အနောက်လိုက်ဝင်လာတဲ့
မေမေတို့ ဘွားတို့ကို အော်ပြောလိုက်သည်။

"လာနေပါပြီ မြေးရယ် သားဖေဖေ
ဘာမှမဖြစ်ပါဘူး ကွယ်"

သဘာဝ အဖေဖြစ်သူဘေးထိုင်ကာ
လက်ကိုကိုင်ပြီး ရှိုက်ကြီးတငင်ငိုနေတဲ့
သားကြောင့်ဆိုတာထက် သူမလည်း
အပူကြီးသွားလို့ သတိလစ်သွားတာသိပင်မဲ့
သူမလည်း မောင်ဘယ်ဘက်နားမှ
မှန်တင်ခုံကထိုင်ခုံတောင်မယူတော့ပဲ
ဒူးထောက်ထိုင်ချလိုက်ပြီး
မောင်ဘယ်ဘက်လက်လေးကိုင်ကာ...

"မောင့် ဟင့် ဟင့် အဲလိုမလုပ်ပါနဲ့
သဘာဝကိုစိတ်ဆိုးနေရင်တောင်
ကိုယ်ကျန်းမားရေးကို ဂရုစိုက်မှပေါ့ ဟင့်"

အနောက်အှ မက်တပ်ရပ်နေတဲ့
ဦးနေမင်းတို့လင်မယားနှစ်ယောက်မှာလည်း
သားဖြစ်သူဘေးနားမှာ အရမ်းချစ်ကြတာ ဇနီး နဲ့
သားရှိနေတာကြောင့်
သားကိုစိတ်ပူနေရင်းတောင်ပြုံးမိသေးသည်။

Lay Nge

ခဏနေတော့ မိသားစုဆရာဝန်ရောက်လာပြီး
နေကို စစ်ဆေးကာ
ဘာဖြစ်တာလဲသိချင်လို့စောင့်နေတဲ့
မိသားစုဝင်တွေကို.....

"အန်ကယ် ကိုနေမင်းလက်ရာက
ဖိအားတွေတအားများနေတယ်ထင်တယ် အခုက
အအေးပက်ပြီးဖျားတယ်ဆိုပင်မဲ့
သူစိတ်ပင်ပန်းနေတယ်ထင်တယ် ဒါကြောင့်
သတိလစ်တဲ့အထိဖြစ်သွားတာ"

LayNge

"Doctor မောင် အခြေအနေကစိုးရိပ်ရလား
ဆေးရုံတက်ဖို့လိုလား"

သူမကစိုးရိပ်တကြီး
မျက်ဝန်းမှာလည်းမျက်ရည်စတွေနဲ့ မေးတော့...

"စိုးရိပ်စရာမရှိပါဘူး
သိပ်ပြီးစိတ်ကိုဖိအားမပေးဖို့တော့လိုတယ်"

ဆရာဝန်ကမှာစရာရှိတာမှားပြီး
သောက်ရမဲ့ဆေးတွေပေးထားခဲ့ကပြန်သွားသည်။

ဆရာဝန်ပြန်သွားတယ်ဆို မေမေတို့ကလည်း
အခန်းထဲပြန်ထွက်သွားသည်။

"ဖေဖေကို အဝတ်စားလဲပေးရမယ်"

ဆိုကာ မေမေကိုတော့စိတ်ကောက်ပြီး
စကားအပြောပင်မဲ့ ဖေဖေခန္ဓာကိုယ်ကို
ကြွကသူကိုမှီစေလိုက်ကာ မေမေက
ဖေဖေအပေါ်ပိုင်းက
ကုတ်တွေရောအတွင်းအင်္ကျီပါ
ချွတ်လိုက်သည်။မေမေ

ဖေဖေအပေါ်ဝတ်တွေ့ချတ်ပြီးတယ်ဆို
အဝတ်ခြင်းထဲထည့်ကာ အဝတ်စားလဲခန်းထဲက
ဆွယ်တာတစ်ထည် နဲ့ ပုဆိုးသွားယူလာသည်။

"မေမေ အပြင်ထွက်လိုက် သားဖေဖေကို
အဝတ်အစားလဲပေးလိုက်မယ်"

"ရတယ် ငါ့ယောကျ်ားငါ့လဲပေးရဲတယ်
သူစိမ်းမဟုတ်ဘူး"

"ပြီးရော"

သားအမိနှစ်ယောက်
စကားကောင်းကောင်းမပြောပဲ ဖေဖေကိုသာ
အာရုံစိုက်ပြီး
အဝတ်အစားလဲပေးနေသည်။သူမေမေကို
ဖေဖေအောက်ပိုင်းကို မလဲပေးရဘူးထင်ပင်မဲ့ါ
သူထင်တာနဲ့တစ်ခြား ပုဆိုးကို
မေမေကိုယ်တိုင်ဝတ်ပေးပြီး
ဖေဖေဘောင်းဘီဇစ်ကိုသူဘာသာဆွဲချက်
ခွတ်လဲလိုက်တာ။တစိခြားမိန်းကလေးတွေလို
ရှက်တာဘာညာ မျက်နာမှ မမြင်ရပဲ

ဖေဖေကိုစိတ်ပူနေတဲ့
အရိပ်အယောင်တွေသာမြင်ရသည်။

"မောင့်နားကမခွာနဲ့ မောင်သတိရရင်
စားဖို့သွားလုပ်လိုက်ဦးမယ်"

လို့ပြောပြီး
ဖေဖေကိုစောင်သေချာခြုံပေးကာထွက်သွားတဲ့
မေမေ။ဖေဖေကိုတော့
မေမေတော်တော်ချစ်ပုံရသည်။ယောကျ်ားဖြစ်သူ
သတိလစ်နေတာကို မျက်ရည်တွေကျတဲ့အပြင်

Lay Nge

မြန်မြန်သတိရပါစေဆိုတဲ့
မေမေရဲ့ဆုတောင်းနေတဲ့မျက်ဝန်းတွေတွေ့ရသည်။
ဒါပင်မဲ့
သူကိုပါးရိုက်တာတော့ကျကိုမကျေနပ်တာ.....။

"အင့်...အ့ ကျစ်!"

နေသတိရလာတယ်ဆို
ခန္ဓာကိုယ်ရောခေါင်းရောကပါလန်းဆန်းမနေတာမို့
စိတ်ကတိုလာရသည်။သူဆိုတာ
အမြဲလန်းဆန်းနေတဲ့လူတစ်ယောက်

Lay Nge

သူလုပ်ရမဲ့ကိစ္စတွေအများကြီးရှိနေတဲ့အချိန်မှ
နေမကောင်းထဖြစ်ခြင်း။ပြဿနာတွေကလည်း
တစ်မျိုးပြီး တစ်မျိုးဝင်နေလိုက်တာ အဲ့တာ
သားကြောင့်ဆိုပင်မဲ့
လူငယ်ဆိုတော့သူနားလည်လို့ရသည်။

"ဖေဖေ ! သက်သာလား
သားထူပေးမယ်ဖြေးဖြေးထ"

Lay Nge

ဖေဖေ ကသတိရတယ်ဆို

ထထိုင်ဖို့လုပ်နေတာမို့သူက ကူပြီးထူပေးလိုက်ကာ

ဖေဖေကျောနောက်မှာခေါင်းအုံခံပေးလိုက်သည်။

"ဒေါ်မျိုးချစ်ရော!"

"ဗျာ"

သတိရတယ်ဆို

*ဒေါ်မျိုးချစ်*ဆိုတဲ့အမျိုးသမီးကိုမေးနေတာမို့

Lay Nge

နေတစင်းကြောင်သွားရသည်။ဒေါ်မြိုးချစ်ဆိုတဲ့နာ
မည် သူအခုဖေဖေပြောမှကြားဖူးခြင်း။

နေ သူ့မိန်းမကိုအနားမှာမတွေ့လို့ မေးတာကို
ကြောင်ကြည့်နေတဲ့ သားကို
နရင်းပိတ်အုတ်ချင်စိတ်ပေါက်ပင်မဲ့
စိတ်ထဲကသာလုပ်လိုက်ပြီး
လက်တွေ့မှာတော့မလုပ်ရက်။ဒီလိုနေရာမှကြ
ဒီကောင်သူ့ကိုမမှီ။

"မင်း အမေ ကိုမေးနေတာ"

"ဖေဖေ မိန်းမ
ဖေဖေသတိရလာရင်စားဖို့သွားပြင်နေတယ်
ရပြီလား သတိရလာတာတဲ့ ဆို
သူ့မိန်းမအရင်မေးတာပဲ ဖေဖေသတိလစ်သွားတာ
ကျွန်တော်ဘယ်လောက်ငိုလိုက်ရလည်းထင်လဲ
ငယ်ငယ်ကတည်းက ဖေဖေရှိမှကို
သားအရမ်းကြောက်ခဲ့တာ ဖေဖေကတော့ထင်မှာ
2နှစ်ကျော် 3နှစ်ကလေးလေးက
ဘာမှမသိလောက်ဘူးလို့ သားသိတယ်
သားအဲအရွယ်မှ ဖေဖေရောက်လာတယ်ဆိုတာ"

"နေတစင်း!! မင်းဘာတွေပြောနေတာလည်း

ဖအေစိတ်မကောင်းဖြစ်အောင်လို့

သွားညစာသွားစားတော့"

သူမ အခန်းထဲဝင်လာတယ်ဆိုတစ်ချိန်က

ခံစားချက်ဆိုးတွေကိုပြန်ပြောနေတဲ့ သားကို

ဆူရတော့သည်။ဟိုကနေမကောင်းရကြားထဲ

မောင်ကအတွေးလွန်တက်တာသူမသိတာမို့။သူမ

ဆန်ပြုတ်ပန်းကန်ကို

ကုတင်ဘေးကခုံပေါ်တင်ကာ....

"ဖေဖေ သားသွားပြီ
ဆန်ပြုတ်လေးသောက်လိုက်ပါဦး "

အမေဖြစ်သူဆူလို့
လစ်တယ်ထင်မနေနဲ့။စားပွဲပေါ်တင်လိုက်တဲ့
ဆန်ပြုတ်ပန်းကန်ကိုတွေ့လို့လစ်ထွက်သွားခြင်း။နေ
မျက်နာကြီးတည်နေပင်မဲ့ သားဖြစ်သူကို ကြည့်ပြီး
ရီချင်နေတာကိုမနည်းအောင့်ထားရသည်။

LayNge

သူမကုတင်ပေါ်တက်ပြီးထိုင်နေတဲ့မောင့်ဘေးကပ်
ထိုင်ကာ ဆန်ပြုတ်ပန်းကန်ယူလိုက်ရင်း
သူကိုတိုက်ဖို့လုပ်တော့....

"တစ်ခြားဟာ မရဘူးလား မသောက်ချင်ဘူး"

"မောင် မရစ်နဲ့နေမကောင်းနေတဲ့ကိစ္စ
တစ်ခြားတစ်ခုခုဆို ကိုယ်ပူပြန်တက်မှာပေါ့ ဟ"

သူမကပါးစပ်ဟခိုင်းတယ်ဆို မဟပဲသူဝတ်ထားတဲ့
အဝတ်အစားငုံကြည့်နေတဲ့မောင်ကို...

"သဘာဝ လဲပေးထားတာဘာဖြစ်လို့လဲ"

နေ နေ့လည်ကသူ့ကုတ်ထဲထည့်ထားတဲ့ USB
ကိုသတိရသွားလို့
သူဝတ်စားထားတာကိုငုံကြည့်တော့
နေ့လည်ကအဝတ်အစားမဟုတ်တော့တာမို့...

" မ မောင့်ကုတ်ရော
နေ့လည်ကမောင့်အဝတ်အစားတွေရောဘယ်မှာလဲ
"

"ဘာလို့လဲ မောင်"

"အရေးကြီးလို့ အရေးကြီးတယ် မရဲ့ဘယ်မှာလည်း လျှော်စက်ထဲတော့မထည့်ရသေးဘူးမဟုတ်လား"

သူ့အဝတ်အစားတွေကိုအသည်းသန်မေးနေတဲ့မောင့်ကို တအံ့တသြဖြစ်ရပင်မဲ့ အဝတ်ခြင်းကို လက်ညှိုးထိုးလိုက်ကာ....

"အဝတ်ခြင်းထဲမှာပါ မထည့်ရသေးပါဘူး "

သူမပြောတော့မှ
သူသက်ပြင်းချနိုင်တော့သည်။ဒီပစ္စည်းက
ဟိုလူယုတ်မာကောင်ကို စီးပွားရေးအရတိုက်ခိုက်မဲ့
နည်းလမ်း။မင်းနဲ့ ငါမကြာခင်တွေ့ကြမယ်
ရှိုင်းထက်မြတ်။မင်းတောင်မှ တူမကို ငါ့ဆီလွှတ်ပြီး
ယုတ်မာနိုင်သေးတာ
ငါကလည်းဘယ်လောက်ယုတ်မာတက်တယ်ဆို
တာတွေ့ကြမယ်.....။

~~~~~~~~~~ ♥ ♥ ~~~~~~~~~~ ♥ ♥ ~~~~~~~~~~~~

နှစ်ဆန်းတစ်ရက်နေ့.... ♥ ♥

သာဓုကန်မှာ
နှစ်ဆန်းတစ်ရက်နေ့ကပိုစည်တယ်ဆိုတာ
သူမလက်တွေ့တွေ့ယုံမိတော့သည်။ပြီးတော့နှစ်တို
င်းလည်း ရေနစ်သေတဲ့ လူတွေရှိတာလည်း
ကြားရသည်။

Lay Nge
~~~~~~~~~~

"ပါး SPY ဝယ်သောက်ကြမလား"

ဒီနေ့တာ့ ပါးကားနဲ့လာတာမို့
မှီတို့အတွဲမပါလာတော့ပဲ နှစ်ယောက်သား Shirt
အကွက် couple ဝတ်စုံကို အပေါ်က
ထက်ဝတ်ထားပြီး ကဲနေကြသည်။ပါးကလည်း
မနေကဖြစ်တဲ့ကိစ္စ
ဘာမှမဖြစ်ဘူးထင်သည်။သူတစ်ခုခုသာဖြစ်ရင်
ပြောမှာသေချာသည်။

"Light သောက်ချင်လို့လား သောက်ကြမယ်လေ"

"ဟင်အင်း

ဟိုမှာအတွဲတွေသောက်နေကြတာမြင်လို့"

သူတို့အတွဲရှေ့ကနေ

တစ်ယောက်ခါးတစ်ယောက်ဖက်ကာ

လက်တစ်ဖက်စီက SPY

ပုလင်းတွေကိုင်ကာသောက်နေတဲ့ အတွဲကို ပြတာမို့

သူပြုံးလိုက်သည်။

Lay Nge

"သောက်စမရှိရင်မသောက် ဟင်
သောက်စရှိတယ်မဟုတ်လား
လုပ်ငန်းရှင်တစ်ယောက်က
ဝိုင်သောက်စမရှိဘူးဆိုတာက
ရီစရာကောင်းနေမယ်ထင်တယ်"

"အင်း
နိုင်ငံခြားကည့်သည်တွေနဲ့တွေ့တဲ့အခါကျရင်တော့
သောက်ရတာပေါ့ "

Lay Nge

သူမပြောတာကို
နားလည်တဲ့ပုံစံဖြင့်ခေါင်းငြိမ့်ပြသည်။

"ပါး မေမေကရိုးရိုးလေးဆိုတော့ Light
ကိုသဘောကျပါ့မလား"

သူမကအထူးအဆန်းနဲ့ ထမေးတော့ နေတစင်း
ခဏတာ ကြောင်သွားရပင်မဲ့...

Lay Nge

"မေမေက ဖေဖေပြောရင်ရတယ် Light ပြီးတော့
ဖေဖေက
ကိုယ်တို့ထက်တောင်ခေတ်ရှေ့ပြေးသေးတယ်"

သူမ ပါးပြောတဲ့ဒီစကားကိုတော့
မထောက်ခံလို့မရ။ပါး
အဖေနဲ့ကလုပ်ငန်းတွဲလုပ်ဖူးတဲ့အပြင်
နေမင်းလက်ရာဆိုရင် company တိုင်း
လုပ်ငန်းတိုင်းကာ အမြဲ
ကြိုနေတာ။နိုင်ငံခြားမှာဆိုလည်း
သူရှယ်ယာဝင်ထားတဲ့ Company
ကမရှိသလောက်ရှားသည်။ဝတ်ပုံးစားပုံကလည်း

အသက်အရွယ်နဲ့မှမလိုက် ပါးနဲ့ ယှဉ်ရင်တောင်
အသက်သိပ်မကွာတဲ့
ညီအစ်ကိုတွေတောင်ထင်ချင်ထင်ကြမှာ။

"ဖေဖေက မိုက်တယ်
ဘာကိုမဆိုခေတ်လူငယ်အတိုင်းပဲ
ဖျတ်လတ်နေတာပဲ အလုပ်လုပ်တာရော အကုန်ပဲ
မေမေကို ချစ်တာကြီးကလည်း ကိုယ်တောင်
သူဆီကပြန်သင်နေရမဲ့ပုံစံ
သူ့မိန်းမကိုအမွှန်းတင်ဖို့ဆို
မိသားစုရှေ့တောင်ရှောင်တာမဟုတ်ဘူး"

နေတစင်း Light

ဆီကိုဖေဖေ့အကြောင်းတွေဖောက်သည်ချနေတာ

သာ ဖေဖေသိရင်တော့.....။

"သား

သက်သာလားဘာတွေစိတ်တွေပင်ပန်းနေတာလဲ

အဲတာမင်းစိတ်ပင်ပန်းစရာတွေကို

မမေ့နိုင်လို့ဖြစ်နေတာ ကိစ္စတွေကကြာလှနေပြီ"

Lay Nge

သူညှဉ်းထဲထိုင်နေခိုက် မာမိတို့ဝင်လာပြီး
မကပါသူ့ဘေးဝင်ထိုင်ကာ
မာမိတို့ပြောတာကိုသူ့ဘေးနားကနေနားထောင်နေ
သည်။

"ကိစ္စတွေကကြာခဲ့ပြီဆိုတာသားသိတယ်
လုပ်တဲ့သူအဖို့ကမေ့နိုင်ပင်မဲ့ ခံစားခဲ့ရသူကို
မမေ့နိုင်ဘူး မာမိ"

မာမိပြောတာကို သူကပြန်ပြီး
ထောက်ပြလိုက်တော့ ဒယ်ဒီက....

LayNge

"ဒယ်ဒီတို့ အသက်တွေမငယ်တော့ဘူး သား
ပြီးတော့
မင်းကိုအခုရွယ်ထိလိုက်ဆုံးမနေရာတာလည်း
ကြည့်မကောင်းဘူး
မင်းရင့်ကျက်ရမဲ့အရွယ်ရောက်နေပြီ
နေမင်းလက်ရာ"

"ကျွန်တော်မရင့်ကျက်တာမဟုတ်ဘူး ဒယ်ဒီ
သားခံစားခဲ့ရတာ ပေါ့သေးသေးမဟုတ်ဘူး
အဲ့အချိန်တွေတုန်းက

သက်သေချင်စိတ်ပါပေါက်သွားရတာ ဒါကြောင့်
သားသူတို့ကိုဘယ်တော့ခွင့်မလွှတ်ဘူး"

ဒေါ်လက်ရာ ခေါင်းမာတဲ့သားအကြောင်းသိပင်မဲ့
သားကို ဒီလိုပုံစံနဲ့တော့သူမတို့မရှိတဲ့အချိန်မှာ
ဘယ်လိုမှစိတ်ချပြီး ထားခဲ့နိုင်မှာမဟုတ်။

"သား ဒီအတိုင်းဆက်သွားမယ်ဆို
မြေးကိုအဖေတစ်ယောက်အနေနဲ့
ဘယ်လိုဆုံးမမလဲ ကလေးက

ဖေဖေတောင်ဒီလိုဖြစ်နေတာ သူလဲလုပ်မယ်လို့
အတွေးဝင်ကုန်မယ်"

"သားကို
လာမထိရင်ဘယ်သူ့ကိုမှသားဘက်ကရန်မစဘူးဆို
တာတော့ကတိပေးနိုင်တယ်မာမီ ဒါပင်မဲ့
သားကိုရန်လာစရင်တော့
အဲ့လာစတဲ့သူရဲ့အကျိုးရလာဒ်က
ကောင်းမှာမဟုတ်တာတော့သေချာတယ်"

Lay Nge

မောင်ရဲ့ပြတ်သားလွန်းတဲ့ဆုံးဖြတ်ချက်တွေက
ပြင်လို့မရဘူးဆိုတာ
မေမေတို့လည်းသိသွားတယ်ထင်ပါတယ်
မောင့်စကားဆုံးတယ်ဆိုငြိမ်ကျသွားရသည်။မောင်
ကသူတစ်ခုခုမယ်လို့ဆုံးဖြတ်ပြီးရင်
မပြင်တက်တာသူမအသိ.....။

OBJ

📖 The Sun Of Flower {Season 2} 📖

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

part~48~~~

Yangon International Airport 🛫🛬

ရှိုင်းထက်မြတ် ဒီနေ့ UK က
ပါတနာကအရေးကြီးတာမို့
သူကိုယ်တိုင်လေယာဉ်မဆင်းခင်း 10
မိနစ်လောက်အလိုကတည်းက
လေဆိပ်ထဲရောက်နေသည်။အခုလာမဲ့
ည့်သည်က သူတို့လုပ်ငန်းချဲ့ထွင်းဖို့အတွက်
ရှယ်ယာထည့်မဲ့ ရှယ်ယာရှင်တစ်ဦးမို့

အရေးကြီးသည်။သူဘေးမှာပါလာတာဆိုလို့
အလုပ်ဝင်တာက
မကြာသေးအားပင်မဲ့အလုပ်ကြိုးစားတဲ့
ခန့်ဆိုတဲ့ကောင်လေး။လုပ်ရည်ကိုင်ရည်ကတကယ်
ကို တော်တာမို့ သူလိုချင်တဲ့ လူတော်က
အခုမှရသည်။

"ခန့် အချိန်ဘယ်လောက်ရှိပြီလည်း "

"10 နာရီပါ Boss"

Lay Nge

"လာပြန်ပြီ Boss အဲ့ဟာကိုမခေါ် နဲ့ဆိုကွာ CEO ဖြစ်ဖြစ် ဦးရှိုင်းထက်မြတ် ဖြစ်ဖြစ် တစ်ခုခုခေါ်ကွာ အဲ့အသုံးနှုန်းကြီးကငါ့အတွက်အသားမကျဘူး"

သူကို Boss လို့ခေါ်ချင်လို့ခေါ်တယ်များမှတ်နေလားမသိ။CEO ရဲ့အကူအညီတောင်းမှုကြောင့် သူ့ကိုခေါ်နေတာကို။

"CEO လို့ခေါ်စရာလား ငါ့မှာလူချောCEO တစ်ယောက်လုံးရှိတာကို"

LayNge

ဆိုတဲ့စကားကို

ခန့်စိတ်ထဲမှာပြောဖြစ်အောင်ပြောလိုက်သေးသည်။

ခန့်ဆိုတဲ့ ကောင်က

လမ်းဘေးမှာမတောင်းစားရုံတမယ်

ဆင်းရဲမွဲတေပြီး ပညာတစ်ပိုင်းတစ်စနဲ့

ပန်းသည်။အဲလိုကောင်ကို

သူညီတစ်ယောက်လိုသဘောထားပြီး

ဘွဲ့ရတဲ့အထိတာဝန်ယူကာ ဘွဲ့ရတော့လည်း သူ ရဲ့

company မှာအလုပ်ပေးခဲ့တဲ့CEO။ခန့် မိသားစုက

တွေ့ရာနေရာမှာတဲထိုးနေရတဲ့ဘဝက

တိုက်ခန်းနဲ့နေနိုင်အောင်အကုန်ထောက်ပံ့ပေးခဲ့တဲ့

CEO ကျေးဇူးကသူ့အပေါ်မှာ
ဒီတစ်သက်ဆပ်လို့ကုန်မှာမဟုတ်။

"ခန့် ငါတို့ည့ေသည်က ဟုတ်ရောဟုတ်ရဲ့လားကွ
လေယာဉ်ဆိုက်နေတာ နာရီဝက်တောင်ရှိပြီ"

"ဟုတ်တယ် နောက်ကျနေတာများလား သူငြေး"

ခန့်တော့ အခုချိန်ထိရောက်မလာတဲ့ UK က
လုပ်ငန်းရှင်ကြောင့် CEO
တစ်ခုခုစီစဉ်လိုက်ပြီဆိုတာ

သူတွက်လိုက်သည်။CEO
ကသူကလိုချင်နေတဲ့သူဖြစ်ပင်မဲ့
အောက်ကျမခံတက်တာသူသိသည်။ဘယ်လိုနည်း
သုံးပြီး ဘာလုပ်လုပ်လိုက်လည်းမသိ UK
ကလူကလေယာဉ်ဆင်းသက်ပြီး
နာရီဝက်ကြာတဲ့အထိရောက်မလာ။

ရှိုင်းထက်မြတ်ညော်သည်ကိုစောင့်နေခိုက်
ခန့်လက်ထဲက
သူဖုန်းမြည်သံထွက်ပေါ်လာတာကြောင့်
သူယူလိုက်ပြီး ကြည့်လိုက်တော့ company
ကသူ့အတွင်းရေးမှူးဆက်တာမို့ ကိုင်လိုက်သည်။

"Hello "

"....."

"ဘာ!"

ရှိုင်းထက်မြတ်တစ်ဖက်က သူ့အတွင်းရေးမှူးရဲ့
စကားကိုနားထောင်ပြီး
ဖုန်းကိုချလိုက်သည်။သူ့အတွင်းရေးမှူးပြောတာက
သူနဲ့ချိန်းဆိုထားတဲ့ည့်သည်က

Lay Nge

သူနဲ့လက်တွဲဖို့ကိုဖျက်သိမ်းကြောင်းကြောငြာပြီး ငါးမိနစ်တောင် မခြားပဲ နေလက်ရာ Group ကသူဆီရှယ်ယာဝင်ထားတာ ဂုဏ်ယူမိတယ်လို့ သူ့ Offical acc ကနေတင်ထားသည်တဲ့။

"ဘာဖြစ်လို့လည်း သူငွေး"

ခန့် ဦးရှိုင်းထက်မြတ်
မျက်နာအနေအထားကြည့်တာနဲ့တစ်ခုခုဆိုတာသေချာသွားပင်မဲ့ သူမသိချင်ယောင်ဆောင်ပြီး မေးလိုက်သည်။

"ငါတို့အလုပ်လက်တွဲမဲ့သူ
မလာဘူးတဲ့ပြန်ရအောင်"

ပြောပြီး မျက်နာပျက်သွားကာ
အရှေ့ကအရင်ထွက်သွားတဲ့
ဦးရှိုင်းထက်မြတ်နောက်ကို
ခန့်နောက်ကနေလိုက်သွားတော့သည်။

LaNge

"Congratulations! နေမင်းလက်ရာ ခင်များကို
တကယ်အားကျတယ် နိုင်ငံခြားရှယ်ယာတွေရော
အခု Hotel ခွဲတွေကလည်း တစ်ခုပြီးတစ်ခု"

သူ့ Hotel သစ်ဖွင့်ပဲအတွက်
သူလုပ်ဖော်ကိုင်ဖက်တွေက ပြောတာကို နေက
ပြုံးယုံပြုံးပြကာ လက်ဆွဲနှုတ်ဆက်နေသည်။

"ဒီကောင် အောင်မြင်နေတာက
သူမိန်းမကြောင့်လေ"

ဆိုပြီး သူတို့စကားဝိုင်းကိုဝင်လာတဲ့ ကျော်သူရနဲ့
လူပျိုကြီးနှစ်ကောင်။သူ့ဘေးမှာတော့
သူ့ချစ်ဇနီးလေး
သူလက်မောင်းကိုကိုင်ထားကရပ်နေသည်။

"Bro ဒါကျွန်တော်ဇနီး"

စကားပြောတာကြည့်ဦး
သူ့ကိုသူသားအရွယ်များမှတ်နေလားမသိတစ်ဖက်
ကအစ်ကိုကိုခေါ်လိုက်တာ Bro တဲ့။မောင်က

ခေတ်ရှေ့ကိုတော်တော်ပြေးလွန်းပါသည်။ခေတ်
တောင်မှသူ့နောက်ပြန်လိုက်ရမည်ထင်သည်။

"အင်း လှတယ်နော်မင်းနဲ့ရယ်တူပဲလား"

"မဟုတ်ဘူး ကျွန်တော်ထက်
4နှစ်နီးပါးကြီးတယ်ပေါ့"

"မင်းကတကယ် Lucky နေမင်းလက်ရာ ငါက
ရှယ်ယာထည့်ပါရစေပြောတာတောင်
လက်မခံဘူး"

နေတစ်ဖက်က လုပ်ဖော်ကိုင်ဖက်ပြောတာကို
ခေါင်းရမ်းကာ...

"Bro မှမဟုတ်ဘူး ဘယ်သူကိုမှလက်မခံတာပါ
ကျွန်တော်ကစိတ်ကလက်တစစ် ဘယ်သူနဲ့မှ
အဆင်ပြေမှာမဟုတ်ဘူး ဒါကြောင့်ပါ"

သူ Hotel ဖွင့်ပွဲကို လာကြတဲ့
မိတ်ဆွေတွေနဲ့စကားအနည်းငယ်ပြောပြီး
ဝိုင်းတစ်ခုအရောက် မိတ်ဆွေတစ်ချို့က

သားကိုမေးနေတာကြောင့်
သူလှည့်ပတ်ကြည့်လိုက်တော့ ထိပ်ဆုံးဝိုင်းမှာ
ကျော်သူရ သမီးနဲ့အတူ စကားထိုင်ပြောနေတဲ့
သားကိုတွေ့တော့ ဖုန်းဆက်လိုက်ကာ
သူဆီလာဖို့ပြောလိုက်သည်။

"ဖေဖေ"

သူဖေဖေကဖုန်းဆက်ပြီး သူတို့ထိုင်နေတဲ့နေရာကို
ခဏလာခဲ့ပါဦးဆိုတာကြောင့် Light နဲ့ မမို့ကို
ပြောကာ

ဖေဖေနားကိုလျှောက်လာလိုက်သည်။သူဖေဖေတို့
ထိုင်နေတဲ့ ဝိုင်းဘက်ရောက်တယ်ဆို
ဖေဖေဘေးကခုံလွတ်မှာဝင်ထိုင်လိုက်သည်။

"မင်းသားလို့ပြောစရာကိုမလိုတာ
ရုပ်ရည်ကိုကြည့်မင်းနဲ့တစ်ပုံစံထဲ"

နေ သူ့စီးပွားရေးမိတ်ဖက်ကပြောတာကို....

Lay Nge

"သားက US ပြန်လာတာသိပ်မကြာသေးဘူး 4 လကျော်လောက်ပဲရှိသေးတာ အင်ဂျင်နီယာ နောက်ဆုံးနှစ်လေ"

"အင်း တော်သားပဲ မင်းနဲ့တော်တော်တူပဲ"

သားကိုကြည့်ကာ သူနဲ့တူတယ်ပြောတာမို့ ပြုံးနေတဲ့မျက်နာက သဘောတွေ့နေတဲ့ပုံစံ။မိဘတိုင်းကတော့ ကိုယ်သားသမီးတော်တာပြောခံရတာကိုဘယ်သူက သဘောမကျပဲနေမှာလည်း။

"မောင် သဘာဝ

သားကောင်မလေးနဲ့စကားသွားပြောလို့ကဲ့ဦးမယ်"

သူမမောင့်လုပ်ငန်းပါတနာတွေနဲ့စကားပြောနေတာ ကြောင့် ကပ်ပြောလိုက်တော့...

"ဘာသွားလုပ်မှာလည်း မောင့်နားမှာပဲနေလေ မရဲ့"

LayNge

"သဘာဝ
အထင်လွဲပြီးပါးရိုက်ထားတဲ့ကိစ္စတောင်းပန်ရမယ်
မောင်စကားပြောပြီး ရင်လိုက်ခဲ့လေ"

သူမပြောတာကို မောင်ကခေါင်းငြိမ့်ပြတယ်ဆို
သားကို ခေါ်ကာ သားချစ်သူနဲ့
မောင့်သူငယ်ချင်းသမီးထိုင်နေတဲ့ နေရာကို
သားနဲ့အတူတူလျှောက်လာလိုက်သည်။

နေတစင်း Light တို့ထိုင်နေတဲ့ဝိုင်းရောက်တယ်ဆို
မေနဲ့ Light ကြား

ခုံတစ်ခြားကမေမေကိုထိုင်ခိုက်လိုက်ပြီး
သူကကြားထဲကခုံမှာဝင်ထိုင်လိုက်သည်။မေမေဘ
က်ကစကားပြောရတာအဆင်ပြေအောင်သူကပဲ...

"Light နဲ့ မေမေက စကားပြောချင်လို့တဲ့"

ပါးပြောတာကို သူမခေါင်းငြိမ့်ပြလိုက်ပြီး
ပါးမေမေကိုကြည့်လိုက်တော့
တော်တော်ကိုလှသည်။အခုမှသေချာကြည့်မိလို့
လားမသိ ပါးဖေဖေ အရမ်းချစ်တာလည်းမပြောနဲ့
သူမတောင် ငေးရလောက်အောင်လှသည်။

"အန်တီ သမီးကိုအဲ့နေ့ကပါးရိုက်ခဲ့တာ
တောင်းပန်ပါတယ် သားဇော်နဲ့
ဘာမှမမြင်နိုင်ဖြစ်သွားတယ်"

"ဟုတ် ရပါတယ်
ပါးကလည်းအန်တီအထင်လွဲလို့ရိုက်လိုက်တာကို
ပြောပြထားတဲ့အပြင် အန်တီနေရာမှ
ခံစားလို့ရပါတယ်"

Lay Nge

Light

အဲ့နေ့ကကိစ္စတကယ်စိတ်ထဲမှာမရှိ။ဘာလို့လည်း
တို့မသိ သူမသိတာကတော့
အန်တီကပါးနဲ့သက်ဆိုင်တဲ့သူဖြစ်လို့ထင်သည်။အန်
တီမျက်နာလေးကသေချာကြည့်လေအေးချမ်းလေ။
တကယ် ဘယ်လိုကြည့်ကြည့် ကြည့်မဝဘူးဆိုတာ
အန်တီမျက်နာလေးကိုပြောတယ်ထင်ပါတယ်။

"သမီး နဲ့ သား ကြားအဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ပြေပါတယ် ပါးကအရမ်းဂရုစိုက်ပါတယ် ဒါပင်မဲ့ Romance မဆန်ဘူး "

သဘာဝ သားဖြစ်သူဒီနေရာကျ
မောင်နဲ့မတူတာမဟုတ်
လုံးဝကိုကွာခြားတာ။မောင်ဦးနောက်ထဲမှာအချိန်ပြည့်သူမအတွက်ဘာလုပ်ပေးရမလည်းအချိန်တိုင်းစဉ်းစားနေတယ်ထင်ရသည်။

LayNge

နေတစင်း Light ပြောတာကိုပြုံးနေတဲ့
မေမေကြောင့် ဖေဖေ နဲ့ သူ့ကို
ယှဉ်နေပြီဆိုတာအတက်သိသည်။

"မေမေ ယောကျ်ားလောက်တော့
ဘယ်အတွဲမှအဖြစ်မသည်းဘူး
မေမေဘာတွေးနေလည်းကျွန်တော်သိတယ် "

"သိရင်လည်း ဘာလို့စောက်ကြောရှည်နေသေးလဲ"

ဦးနေမင်းလက်ရာတို့ရောက်လာပါပြီ။သူမိန်းမကို
ဘာမှတောင်မပြောရသေးသလို
ထိုင်ခုံပြောင်းလာတာ 5မိနစ်တောင်မပြည့်သေးဘူး
လိုက်လာပြီ။တကယ်ကို
မိန်းမမရှိရင်မနေနိုင်ဘူးလားမသိ။

နေ သားဖြစ်သူကို မကြည်ကြည့်ကာ
မဘေးမှာဝက်ထိုင်ပြီး
မပုခုံးလေးကိုဖက်ထားလိုက်သည်။

"မောင့်မိန်းမက ဘာအရောင်ဝတ်ဝတ်လှနေတာပဲ
မြန်မာဆန်ဆန်လေးနဲ့
မောင့်မိန်းမမို့လှတာထင်တယ်"

ကြည့်ပါဦး
တစ်ဝိုင်းထဲထိုင်နေတာမိန်းကလေး3ယောက်ရှိတာ
ကို သူ့မိန်းမလေးကအလှဆုံးဆိုနေတာကြောင့်...

"ပုံတုံးတယ်လို့ပြောချင်နေတာ မေမေ အဲဒါ"

"ငါ့မိန်းမငါဘယ်လိုပြောပြော မင်းနဲ့ဆိုင်လား
ငါကအဲပုံတုံးတာကိုချစ်တာ
မင်းချစ်သူမင်းအရင်ကြည့်လိုက်ဦး
ငါ့မိန်းမလောက်လှလို့လား"

နေက သူ့မိန်းမနဲ့ပက်သက်ရင်
ဘယ်သူကိုမှအားနာရကောင်းမှန်းမသိပင်မဲ့
သဘာဝကတော့မောင့်စကားကြောင့်
သားချစ်သူမိန်းကလေးကို အားနာသွားရသည်။

နေတစင်းလည်း ဖေဖေစကားကြောင့်
ရုပ်ကြီးအီးမှန်သွားရသလိုဖြစ်သွားကာ Light
ကိုလှည့်ကြည့်တော့မျက်ခုံးပင့်ပြသည်။သူမလုပ်ပြ
တဲ့သဘောက နိုင်အောင်ပြောဆိုတဲ့သဘောပေါ့။

"ဖေဖေ သားကောင်မလေးက
စင်းလုံးချောတစ်ကိုယ်လုံးပြောစရာဘာမှမရှိလို့
သူမအလှတရားတွေကို လွတ်လပ်စွာပြရဲတယ်"

နေ သူနဲ့ပြိုင်ဆိုင်ချင်နေတဲ့
သူမွေးလို့လူဖြစ်လာတဲ့ကောင်ကို

သူကအလျော့ပေးစရာလား။ကိုယ့်အဖေကိုများ
ပြန်ပြောနေလိုက်ပုံများ ရိုက်သက်ချင်စရာ။

"ငါ့မိန်းမ အလှတရားတစ်ခြားသူသိစရာမလိုသလို
ငါ့ကလည်း ဝေမျှနေရအောင် Zero
ဦးနောက်ပိုင်ရှင်မင်းလိုဟုတ်ဘူး ငါ့မိန်းမလှတာ
ငါသိရင်ပြီးတာပဲ"

"ဖေဖေ ပြောချင်တာက အခုထိုင်နေတဲ့
မိန်းကလေး 3ယောက်ထဲ
ဖေဖေ့မိန်းမအလှဆုံးပေါ့"

"သိရင်ပြီးတာပဲ ချစ်တယ်မောင့်မိန်းမ မွ"

ကလေးနဲ့အပြုံင်စကားများနေပြီး
ကလေးတွေ့ရှေ့မှာတင်သူမနဖူးကို နမ်းလိုက်တာမို့
သူမမျက်နာဘယ်နားသွားထားရမှန်းမသိ။သားကိုနို
င်ချင်တာကနည်းနည်း
သူမကိုအသားယူချင်တာကများများ။

"အွန့် "

နေတစင်းကလည်း ဖေဖေကိုနိုင်ဖို့အရေး
သူ့အရေးမို့ Light ဘက်လှည့်လိုက်ပြီး နမျက်နာကို
လက်ဖြင့်ပင့်လိုက်ကာ နီဆီရောင်ထင်းနေတဲ့
နှင်းဆီဖူးလေးလို့နူတ်ခမ်းကို လူပုံအလည်မှာတင်
ဖိကပ်နမ်းလိုက်သည်။

သဘာဝ လည်းမောင့်လုပ်ပုံကြောင့်
အရှက်သည်းနေရကြားထဲ
မောင့်ထက်ပိုအရှက်မရှိကြောင်းပြတဲ့ သားက
သူ့ကောင်မလေးနူတ်ခမ်းကိုနမ်းနေတာများ။သဘာ
ဝနေ့ခင်းကြောင်တောင်ဆိုပင်မဲ့ Hote
အတွင်းမှာက

အပြင်ဘက်ကအလင်းရောင်မပေါက်။ခန်းမအတွင်း
က မီးတွေသာလင်းနေတယ်ဆိုပင်မဲ့
ထင်ရှားရှားမြင်နေရသည်။

"ဟွန်း"

နေပြီးကာ ဘာမှမပြောတော့ပဲ
သူ့ကိုနှိုင်တယ်ဆိုတဲ့အကြည့်နဲ့ကြည့်နေတဲ့
သားနားကိုထိုင်ရာကထားသွားပြီး
သားရဲ့နားနားကပ်ကာ....

Lay Nge

"မင်းက နမ်းယုံပဲနမ်းလို့ရတာ ငါက ငါမိန်းမကို
အတွင်းကျကျထိတွေ့ခွင့်ရှိတယ် မင်းငါ့ကိုနှိုင်ဖို့
မိန်းမရအောင်အရင်လုပ်"

ပြောပြီး သားနောက်က ဝိုင်ခွက်တွေထဲက
ဝိုင်ခွက်ယူကာ
သူ့မိတ်ဆွေတွေဘက်လှည့်ကာမြောက်လိုက်ပြီး.....

"နေလက်ရာ Hotel သစ်ဖွင့်ပွဲ
လာရောက်ပေးတဲ့အတွက်အကုန်လုံးကို
ကျေးဇူးတင်ပါတယ် ဒီထက်လည်း Review

ကောင်းအောင်နေလက်ရာဘက်က
ကြိုးစားသွားမှာပါ"

နေစကားဆုံးတယ်ဆို Hotel ခွဲပင်မဲ့
Partyတွေဘာတွေလုပ်ရအောင်
ခန်းမဆောင်ပါထည့်ထားမို့
ခန်းမအတွင်းကလူတွေက
လက်ခုပ်ထတီးကြသည်။စီးပွားရေးလုပ်ငန်းရှင်တို
င်းကအားကျရတဲ့ စီးပွားရေးလုပ်ငန်းရှင်မို့
သူအောင်မြင်မှုတစ်ခါရတိုင်း
ပြည်ပကလုပ်ငန်းရှင်တွေကပါဂုဏ်ပြုကြသည်။

"ပါး ဖေဖေကတကယ်မလွယ်ဘူးနော်"

သူနားကိုကပ်ပြီးပြောတဲ့ Light ကြောင့်....

"ဖေဖေကိုကြောက်သွားတာလား
သူကတစ်ခြားသူကိုဝေဖန်ချင်စိတ်မရှိဘူး
အခုကကိုယ်ကသူ့မိန်းမလေးကိုပြောလို့
သူပြောတာ"

LaNge

သူမ
ပါးဖေဖေကိုတကယ်သဘောကျတာ။သူမကြားဖူး
သလာက် ယောကျ်ားတွေက
ကလေးတစ်ယောက်ရရင် ဒါမှမဟုတ်
အိမ်ထောင်သက်တမ်းကြာသွားရင်
ရိုးသွားတာမျိုးတွေပဲကြားဖူးသည်။သူမမြင်နေရသ
လောက်ကတော့ အန်တီကို
အန်ကယ်ကတော်တော်ချစ်ပုံရသည်။သူမမိဘတွေ
သာအဲလိုမျိုးဆိုသူမဘဝဘယ်လောက်ကောင်းလို
က်မလဲ။

~~~~~~~~~~ ♥ ♥ ~~~~~~~~~~ ♥ ♥ ~~ ~~~~~~~

"မောင် သဘာဝပြောစရာရှိတယ်"

သူတို့ Hotel
ဖွင့်ပွဲကပြန်လာကာစရှိသေး။သူအပေါ်ကထက်ဝတ်
ထားတဲ့ ကုတ်ကိုချွတ်ပြီး
ကုတင်ပေါ်တင်လိုက်တော့
မကပြောစရာရှိတယ်ဆိုတာကြောင့်

Ley Nge
~~~~~~~~~~

ကုတင်ဘယ်ဘက်ခြမ်းမှထိုင်နေတဲ့
မအနားသွားထိုင်လိုက်သည်။

"ပြောလေ မောင့်မိန်းမ"

"မောင်သားနဲ့ ပြိုင်နေတာတွေလျော့ပါ
သားကိုမောင်ချစ်တာသိတယ် ဒါပင်မဲ့ မောင်
ကလေးနဲ့စကားတွေပြိုင်ပြောတာကသားအဖခြင်း
ကဘာမှမဖြစ်ဘူး မောင်တစ်ဖက်က သားချစ်သူက
မောင့်သမီးမဟုတ်ဘူး"

"မ သားကမောင့်မိန်းမကို"

သူမမောင်ရင်ခွင်ထဲတိုးဝင်ကာ
မောင့်ခါးကိုဖက်ထားလိုက်သည်။မောင်သူမကိုအရ
မ်းချစ်ပြောတာသိပင်မဲ့
ကိုယ့်ယောကျ်ားကိုတစ်ခြားမိန်းကလေးက
မကောင်းဘူးပြောတာတော့သူမလက်မခံနိုင်။

"ချစ်တယ် သဘာဝလည်း
မောင်တစ်ယောက်ထဲကိုချစ်တာ

ကိုယ်ချစ်တာတစ်ခြားသူသိဖို့မလိုဘူး
မောင်သိဖို့ပဲလိုတာ"

"ဟုတ်ပါပြီ မောင်လျော့နိုင်သမျှလျော့မယ်
မောင့်မိန်းမက မောင်ဘဝပဲ အခုတောင်
ချစ်ချင်လာပြီ"

ပြောကာ သူမကိုလှဲချလိုက်ပြီး
သူကအပေါ်ကအုတ်မိုးလိုက်ကာ
သူမနှုတ်ခမ်းလေးဆီ
အကြည့်ရောက်သွားရသည်။သူမနှုတ်ခမ်းလေးကို

ငေးကြည့်နေခိုက် အိတ်ထဲကဖုန်းက Messeng
ပို့သံကြားရတာမို့သူမပေါ်ကနေမဖယ်ပဲ
ဖုန်းကိုဘောင်းဘီအိတ်ထဲကထုတ်ကာ
ကြည့်လိုက်တော့...

လူကြီး လွှာ UK ကပြန်ရောက်ပြီ

*သူငယ်ချင်းတွေနဲ့သွားတာလေ
မနက်ကြမှလူကြီးကို လာတွေ့တော့မယ်*

လွှာကိုအရင်လိုကြိုဆိုတယ် မဟုတ်လား

ဆိုပြီး Messenge

ပို့ထားသည်။သူစာပြန်ဖို့လည်းစိတ်ကူမရှိတာမို့

ဖုန်းကိုပိတ်ပြီး

ဘေးကကုတင်လွတ်နေတဲ့နေရာကိုချထားလိုက်သ

ည်။သူဖုန်းကိုကြည့်ပြီး စိတ်မကြည်ပင်မဲ့

သူ့အောက်က မျက်ဝန်းလှလှလေးကိုကြည့်မိခိုက်

စိတ်ထဲကြည်လင်သွားရသည်။

"မောင့် စိတ်ကိုအမြဲကြည်လင်စေတဲ့

မောင့်ဆေးလေး "

အွန့်

သူဘယ်တော့မှ မရိုးအီနိုင်တဲ့သူမနှတ်ခမ်းလေးကို
ဖိကပ်နမ်းလိုက်တော့
အလိုက်သင့်တုန့်ပြန်နမ်းလိုက်တာကြောင့်
သူရင်ခုန်နှုန်းက
အရင်စတွေ့ကတည်းကအတိုင်းပင်။သူမကသူ့အတွ
က်တော့အသက်ကြီးလာတာကလွဲကျန်တာမပြော
င်းလဲ။

အချစ်ကဘာလဲဆိုရင် သူခံစားရသလိုပြောမယ်ဆို
သူမကိုယ့်အနားရှိယုံနဲ့တင်
ကိုယ်ရင်တွင်းခံစားချက်ကကောင်းနေတာမျိုး။နှ
လုံးခုန်နှုန်းကမြန်နေတာတွေ။သူမရဲ့သူအတွက်
ဆူပူသံလေးကအစနားဝင်ချိုနေတာ။ဆရာမ
လုပ်ခဲ့ဖူးသူပိပိ သူအပေါ်အစ်မတစ်ယောက်လိုရော
မိန်းမတစ်ယောက်အနေနဲ့ပါ
အမြဲဘယ်လိုလုပ်ဘယ်ကိုသွားသွား ဂရုစိုက်သွားဖို
တဗျစ်တတောက်တောက်ပြောနေတာ
သူ့ကိုချစ်လို့။ချောတိုင်းလှတိုင်းကြိုက်တာကို
အချစ်လို့ခေါင်းစဉ်တက်နေကြတာတွေ့ရပင်မဲ့
အဲ့တာအချစ်မဟုတ်ဘူး။အလှအပပေါ်

ရစ်မူးနေတာ။မိန်းကလေးတစ်ယောက်က
အိမ်ထောင်ကျသွားတဲ့အခါ အများစုက
ဝလာတာမျိုးတွေ
အပျိုတုန်းကပုံစံတွေမရှိတော့တဲ့အခါ
စိတ်ပျက်သွားတာ
အဲတာစချစ်တယ်ပြောခဲ့ကတည်း
ချစ်ခဲ့တာမဟုတ်ပဲ ကြိုက်ပဲကြိုက်ခဲ့ကြလို့။

မလည်း ဝလာတာမျိုးမဟုတ်ပင်မဲ့
အပျိုတုန်းကထက်တော့ပြောင်းလဲလာတာရှိတာပဲ
လေ။ခါးလေးတွေတုတ်လာတာမျိုးပေါ့။ဒါပင်မဲ့
ဒါတွေဖြစ်ရတဲ့က ယေကျာ်းတွေကြောင့်ဆိုတာ 99

ရာခိုင်းနှုန်းလောက်ကသေချာပါတယ်။သူ့နှလုံးသား
ရော ဦးနောက်မှပါ
ဒီမိန်းကလေးတစ်ယောက်ထဲရှိခဲ့တယ်
ထင်သည်။ချစ်တာမှ သေလောက်အောင်ကို
ချစ်တာ.....။

"အမှုကိုတို့ဘက်က ရှုံးသွားပြီ သန္တာ"

"ရှင် အစ်ကို အမလေး"

Lay Nge

ဦးဆွေးရိပ်ကမ္ဘာဆီက စကားကြောင့် ဒေါ်မေသန္တာ
ဆိုဖာမှာဝင်ထိုင်မို့လုပ်နေရမှ
ထိုင်ရပ်ပစ်ကျသွားရသည်။သူမ သမီးလေး
ဒုက္ခရောက်တော့မှာ သူများသားသမီးကို
ယုတ်မာခဲ့လို့ ဝဋ်လည်တာထင်ပါရဲ့။

ဦးဆွေးရိပ်ကမ္ဘာလည်း ဒေါ်မေသန္တာကို
ထိန်းထားလိုက်ကာ...

"အစ်ကို သမီးကဘယ်နှစ်နှစ်တောင်လဲ"

LayNge

ဦးဆွေးရိပ်ကမ္ဘာလည်း
ဇနီးဖြစ်သူကိုကြည့်ကာစိတ်မကောင်းဖြစ်ပင်မဲ့
နေလက်ရာဘက်က ပိုက်ဆံလည်းရှိတဲ့အပြင်
ရှေ့နေကလည်းထက်မြတ်လွန်းသည်။မေ
အမှုကိုကိုင်ဖို့အတွက် ပဲရစ်က
ရှေ့နေတောင်လှမ်းငှားထားထဲကိုက
မေအမှုကိုပိုတိုးချင်လို့ဆိုတာသိသာသည်။

"မေက ထောင် 7နှစ်တဲ့ သန္ဆာ"

"အမလေး 7နှစ်တောင် သမီးကခိုင်းယုံပဲခိုင်းတာ
လူသက်ဖို့ကြံတာမှမဟုတ်တာ ကိုရယ် အဟင့်
သန္တာသမီးလေးတော့မပေါ့မပါးကြီးနဲ့ ဟင့် ဟင့်"

ဒေါ်မေသန္တာ
စိတ်မကောင်းဖြစ်နေတာကိုမကြည့်ရက်စွာ
ဖက်ထားလိုက်ပြီး
သူတစ်ခုခုတွေးမိလာရသည်။သမီးသာ နေလက်ရာ
မိသားစုဝင်ဖြစ်သွားတဲ့အခါသူ့ကိုအရေးလုပ်ပါဦးမ
လား။သူသမီးကို နေတစင်းနဲ့သဘောတူလို့မဖြစ်
ရအောင်ကို ခွဲပြစ်မယ်.....။

Lay Nge

"ပါး ဖေဖေကတကယ်ပဲနော် သူ့မိန်းမကို
တော်တော်ချစ်တာ"

"Light တွေ့ပြီမဟုတ်လား
ကိုယ့်ဆိုအိမ်မှာအမြဲဖဲ့ခံနေရတာ"

နေတစင်း Light မေးတာကို မဲ့ပြီး ပြန်ဖြေကာ
မျက်ဝန်းထဲမှာတော့ ဖေဖေ Hotel
ဖွင့်ပဲမှာကပ်ပြောထားတာကိုသာပြန်မြင်နေသည်။

LayNge

"အန်ကယ်က စိတ်ဓာတ်ပြတ်သားတယ်နော်
သူပြောမယ်ဆိုတဲ့စကားကို
ပြောဖြစ်အောင်ပြောတယ် အဲ့လူက
သူသားဖြစ်နေရင်တောင်ပြောတာပဲ"

"ဖေဖေက
သူစကားကိုသူမိန်းမအပေါ်ကလွဲကျန်တဲ့သူပေါ်ထိ
န်းတာမဟုတ်ဘူး ဘာပဲဖြစ်ဖြစ်ကိုက အဖေတူသား
ဖေဖေလိုပဲချစ်တက်ပါတယ်"

Lay Nge

ပြောကာ ဟော့ပေါ့စားနေတဲ့ သူမရဲ့ဆံပင်တွေက
အနောက်ကျနေတာမို့ သူမလည်ပင်းက
မာဖလာလေးကိုဖြုတ်ကာ ဆံပင်ကို
မြင့်စည်းပေးလိုက်မှ
သူမစားရတာအဆင်ပြေသည်။

"ပါး ကျေးဇူးပဲ ချစ်တာ မွ
မာဖလာနဲ့စည်းလို့ရတာကိုမေ့သွားတာ"

သူကိုချစ်တယ်လည်းပြော ပါးကိုဖျက်ကနဲ့ နမ်းပြီး
သူမစားစရာရှိတာကိုဆက်စားနေသည်။တော်တော်

လည်း

ဟော့ပေါ့ကြိုက်တဲ့ကောင်မလေး။အစပ်လည်းစား

လိုက်တာ

တရူးရူးတရဲရဲနဲ့။ဒီကောင်မလေးနားမှာရှိနေတဲ့သူက

တော့ သက်သာလုံးဆောင်ထားရမယ်ထင်သည်။

အချစ်တွေထပ်တူညီနေပင်မဲ့ အနားသတ်မညီတဲ့

အချိန်တွေသာရှိလာခဲ့ ရင်.....။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

ဘယ်နှစ်ရက်တောင်ပျောက်မိသွားပါလိမ့် 🌸 🌷

ညကြ wattpad ကကလေးတွေကို part~50 ထိတင်ပေးမယ်နော် 🌷 My Reader 🌷

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

part~49~~~

LayNge

မောင်မိုးတိမ်ရောင်

&

မမေလက်ရာ

တို့၏ စေ့စပ်ပွဲအခန်းအနားဆိုသည့်စာတန်းက
နေလက်ရာ Hotel ခန်းမဆောင်ထဲမှာ
သေသပ်လှပစွာ ထွင်းထားပြီး သတို့သားလောင်း နဲ့
သတို့သမီးလောင်းတို့ကလည်း
နှစ်ဖက်မိဘအသိုင်းအဝိုင်းနဲ့အတူ
အပြုံးတို့တွဲခိုလျက်။ဒါပင်မဲ့ ညှဉ့်ခန်းပွဲကစနေတာ

ပြီးဖို့အချိန်ကတစ်နာရီလောက်ပဲလိုတော့တာကို
မရောက်မလာသေးတဲ့သူက နေ။

ဦးနေမင်း လာတဲ့ည့်သည်တွေကို
လက်ရာနဲ့အတူတူမိတ်ဆက်ရင်း
အခုအချိန်ထိခန်းမထဲက ရောက်မလာသေးတဲ့
သားဖြစ်သူကြောင့်မျက်နာကပျက်ချင်နေပြီဖြစ်သ
ည်။

"လက်ရာ မင်းသားကအခုအထိမလာသေးဘူးက
ပွဲကပြီးတော့မယ်"

ဒေါ်လက်ရာလည်း ကိုက သူမအနားကပ်ပြောမှ
သားဖြစ်သူမလာသေးတာ သတိထားမိပြီး
ချွေးမဖြစ်သူနဲ့ မြေးထိုင်နေတဲ့ဝိုင်းကို
လှမ်းကြည့်လိုက်တော့ မြေးရော
ချွေးမရောကခေါင်းရမ်းပြသည်။သူမတို့ထက်အရင်
အရေးကြီးကိစ္စရှိတယ်ဆိုပြီး အရင်ထွက်သွားကာ
အချိန်မှီလာခဲ့မယ်ဆိုတဲ့သူအခုထိရောက်မလာသေး
။

"ဖုန်းဆက်ကြည့်လိုက်ရမလား ကို"

"ဖုန်းဆက်မယ် ဟုတ်လား လက်ရာ
ဘယ်လောက်ရိုင်းစိုင်းတဲ့ မင်းသားအပြုအမူလဲ
တစ်ဖက်ကသမီးတော်ရမဲ့ ယောကျ်ားမတွေကို
ဘယ်လိုပြောမလဲ"

ဦးနေမင်းရော ဒေါ်လက်ရာပါ သားဖြစ်သူကို
ဒေါသထွက်နေခိုက် ခန်းမထဲဝင်လာတဲ့
နေကိုတွေ့သွားသည်။Shirt အဖြူလက်ရှည် နဲ့
Style ဘောင်းဘီအနက်ကိုပဲ ဝတ်ပြီး
ဝင်လာတဲ့သားဖြစ်သူကြောင့်

ဒေါသကထက်ထွက်ချင်နေသည့်စိတ်ကို
ဦးနေမင်းမနည်းထိန်းနေရသည်။

နေခန်းမဆောင်ထဲ
ဝင်လာတဲ့အချိန်ကတော်တော်နောက်ကျနေမှန်းသူ
သိသည်။သူအစကမလာတော့လို့လုပ်ပင်မဲ့
ညီမလေးကသူ့ကိုမတွေ့ရင်စိတ်မကောင်းဖြစ်မှာမို့
မှီသလောက်နဲ့ဝင်လာလိုက်သည်။သူဝင်လာတယ်
ဆို သူမိတ်ဆွေတွေကို မဖိတ်ထားပင်မဲ့
မိုးတိမ်ရောင်တို့ဘက်က
ဖိတ်ထားတဲ့ည့်သည်တော်တော်များကသူ့ကို

တွေ့တယ်ဆို အတင်းခေါ်
အတင်းမိတ်ဆက်ကြသည်။

"ဟေ့ နေမင်းလက်ရာ မင်းကိုမတွေ့လို့ရှာနေတာ
မဖိတ်ဘူးနော်"

"နေမင်းလက်ရာ မဖိတ်ဘူးနော်
အန်ကယ်တို့ကမင်းဖိတ်ရင်လာမှာပါကွ"

"မတွေ့တာကြာပြီး ထပ်တွေ့ချင်နေတာ
ကိုနေမင်းလက်ရာ"

Lay Nge

ဆိုတဲ့ စကားသံအသီးသီးက
ခန်းမတစ်ခုလုံးပင်။မိုးတိမ်ရောင်မိဘတွေကလည်း
နေလက်ရာမိသားစု ချမ်းသာတာသိပင်မဲ့
နေမင်းလက်ရာရဲ့အရှိန်အဝါကို
အခုလက်တွေ့မြင်မှသိရတော့သည်။

"ကိုကို ဟင့်"

အစ်ကိုဖြစ်သူမလာဘူးထင်ပြီး
စိတ်မကောင်းဖြစ်နေတဲ့ မေလက်ရာ

ကိုကိုကိုတွေ့တော့မှာ ချိတ်ထားတဲ့မိုးတိမ်ရောင်ကို
လွှတ်ကာ ကိုကိုဆီပြေးသွားဖက်လိုက်သည်။

နေလည်း သူကိုပြေးဖက်လာတဲ့
အပျို့ကြီးညီမလေးကိုပြန်ဖက်ထားပြီး
ခေါင်းလေးကို လက်နဲ့ပွတ်ပေးလိုက်ကာ....

"ယောကျ်ားပဲယူတော့မယ် ငိုရလား ကလေးလား"

"အင်း"

"ဟွန်း ဟုတ်ပါပြီ မငိုနဲ့တော့ တိတ်တိတ်
ဘာပဲဖြစ်ဖြစ် ယောကျ်ားရသွားလည်း
ယောကျ်ားနဲ့ရန်ဖြစ်ရင် ညီမလေးနောက်မှာ ကိုကို
ရှိတယ် ဘယ်သူ့ကိုမှဂရုစိုက်စရာမလိုဘူး"

သူမ ကိုကိုပြောတာကို ခေါင်းငြိမ့်ပြီး ကိုကို
ကိုဖက်ထားရာကနေထွက်လိုက်တော့
ကိုကိုကမျက်ရည်တွေသုတ်ပေးသည်။သူမ ကိုကို
မျက်ရည်သုတ်ပေးပြီးမှ မိုးတိမ်ရောင်ရှိပြန်သွားကာ
လက်ပြန်ချိတ်သည်။ယောကျ်မတွေကလည်း
အသက်အရွယ်နဲ့မှမလိုက်

ကလေးဆန်လွန်းတဲ့ချွေးမဖြစ်သူကိုကြည့်ကာသ
ဘောကျနေသည်။

ည့်ခန်းပွဲပြီးသွားတော့
နှစ်ဖက်မိသားစုတွေ့ဆုံပွဲအဖြစ် Hotel က VIP
အခန်းထဲမှာသက်သက်ထက်ဆွေးနွေးကြသည်။

"မင်္ဂလာပွဲကို အစ်မတို့ဘက်က
ဘယ်မှာလုပ်ချင်လည်းရှင့်
ညီမတို့အကုန်စီစဉ်ပေးပါ့မယ်"

မိုးတိမ်ရောင်အမေကပြောတော့ ဒေါ်လက်ရာက...

"ကလေးတွေရဲ့သဘောပါ
လက်ရာတို့ကသူတို့သဘောအတိုင်းစီစဉ်ကြတာ
ပေါ့"

မေလက်ရာ မိဘတွေက သူနဲ့ မောင်အပေါ်ကို
ပုံချလိုက်ပင်မဲ့ သူမ နဲ့ မောင်ကလည်း
လက်ထပ်ပွဲအတွက်တိုင်ပင်ထားတာကြောင့်
မောက်လက်ကို ကုတ်လိုက်သည်။

"မာမီ မမရော

ကျွန်တော်ရောလက်ထပ်ပွဲအကြီးအကျယ်မလုပ်ချင်ဘူး ဒါအစကတည်းကသားတို့တိုင်ပင်ထားတာပါပြီးတော့ မင်္ဂလာဆောင်မဲ့ ကုန်ကျစရိတ်ကို ပညာရေးဖောင်ဒေးရှင်းကို လှူချင်တယ်"

မိုးတိမ်ရောင်စကားကို သူမဘတွေကလက်မခံခေါင်းရမ်းကာ...

"မင်းကယောကျ်ားလေးဘာမှမဖြစ်ဘူး သမီးဘက်ကြည့်ဦးမှပေါ့ "

"အဲတာက သမီးဆုံးဖြတ်ချက်ပါ"

နောက်ဆုံးတော့
သူမဆန္ဒအတိုင်းတရားရုံးလက်မှတ်တက်ထိုးပြီး
သူမတို့မင်္ဂလာဦးအလှူအဖြစ်
ပညာရေးဖောင်ဒေးရှင်ကို
လှူဒါန်းဖို့ဆုံးဖြတ်လိုက်သည်။

"လက်ထပ်ပြီးရင် ခွဲနေကြမှာမဟုတ်လား"

LaWge

နေက အစ်ကိုမို့လို့
ဒီကိစ္စသူဝင်မပါလို့မရတာကြောင့် မေးလိုက်တော့
ညီမလေးရော
မိုးတိမ်ရောင်ကပါခေါင်းငြိမ့်ပြသည်။သူလည်း
အစကတည်းက
ညီမလေးလက်ထပ်ခဲ့ရင်ဆိုတဲ့အတွေးနဲ့စီစဉ်ထား
တဲ့အတိုင်း။

"ဟုတ် ကိုကို မေတို့ခွဲနေဖို့စစဉ်ထားတယ်"

Lay Nge

"အင်း ဒါဆို ကိုကို ညီမလေးတို့နှစ်ယောက်နေဖို့
တိုက်နဲ့ခြံရယ် လက်ဖွဲ့မယ် ပြီးတော့ နေလက်ရာ
company လည်း ညီမလေးယူပေါ့"

"လက်ဖွဲ့ကိုတော့ သဘောကျတယ် ကိုကို ဒါပင်မဲ့
company က ကိုကိုဘာသာလုပ်ပါ
မေတို့လုပ်လည်း အောင်မြင်မှာမဟုတ်ဘူး
နှစ်ယောက်လုံးကလည်း
အဲတာတွေဝါသနာမပါဘူး"

LayNge

မေလက်ရာကသူမကိုယ်တိုင်
မိဘးစုပိုင်ဆိုင်မှုတွေစိတ်မဝင်စားလို့
သူမရပိုင်ခွင့်တွေအကုန်လုံးကို နဂိုကတည်းက
တူတော်မောင်ကိုအကုန်လွှဲပေးထားတာ။မောင်က
လည်း သူမတို့အခုလုပ်နေတဲ့ တက္ကသိုလ်ကျူတာ
ပဲနှစ်ယောက်အတူတူလုပ်ဖို့ပြောထားသည်။

"အင်း သဘောပဲ"

Lay Nge

"ညီမလေး ရပိုင်ခွင့်ရှိသမျှ သားကိုပဲပေးလိုက်ပါ
သူအဆင်ပြေတာပဲမြင်ချင်တာ သူကို
ကိုကိုလိုပဲဖြစ်စေချင်တာ"

မေလက်ရာ ကနေတစင်းအကြောင်းပြောမှ
နေတစင်းဒီအခန်းထဲပါမလာတာ
သတိထားမိကြသည်။လူကြီးတွေစကားပြောနေ
တာမို့ မနေတက်လို့ ဝင်မလိုက်လာတာထင်သည်။

~~~~~~~~~ ♥ ♥ ~~~~~~~~~ ♥ ♥ ~~~~
~~~~

"ပါး company ကို ဘာလို့လိုက်လာတာလဲ"

သူမက မေမေတို့နဲ့ အန်တီလေး
မင်္ဂလာပွဲဆွေးနွေးပွဲကို ဝင်မလိုက်သွားပဲ
သူမနောက်ကိုပဲလိုက်တာမို့ သူကို ဆူနေခြင်း။

"လိုက်ချင်လို့ company မှာ ဘယ်ကောင်တွေ
Light ကိုကြည့်နေတာလည်းသိချင်လို့"

သူမလည်း company ဝင်လာရင်း
သူမဘေးနာကိုနေ သူမလက်ကိုဆွဲပြီး
သူမကိုစိတ်မချကြောင်းဘေးကနေပြောနေတဲ့
ပါးကြောင့် သူမပြုံးနေမိသည်။ပါးက
သူမကိုပြုံးအောင်လုပ်နိုင်တဲ့ တစ်ဦးတည်းသောသူ။

"ပါးကလည်း ကို
ဝန်ထမ်းတွေကသူ့တို့အလုပ်တာဝန်ကလွဲကျန်တာစိ
တ်ဝင်စားတာမဟုတ်ဘူး အဲ့တာတော့အာမခံတယ်"

သူ သူမနောက်ကနေ
သူမရုံးခန်းထဲဝင်လိုက်လာရင်းသူမစကားကြောင့်
ဆိုဖာပေါ်သွားထိုင်ဖို့လျှောက်သွားတဲ့ Light
အနောက်ကနေသိုင်းဖက်ကာ....

"ကိုယ်မှစိတ်မချတာ အခုဆို Light
သွားရာလိုက်လို့ရပြီ Hotel Project
လည်းပြီးသွားပြီ"

Lay Nge

"ဟုတ်ပါပြီ ပါးရှိနေတာပိုကောင်းတယ် မဟုတ်ရင် company မှာ အလုပ်က လက်မှတ်ထိုးတာပဲရှိတာ ပျင်းစရာကောင်းတယ်"

သူမပြောတာကို သူမခန္တာကိုယ်လေးကို ရင်ခွင်းထဲသွင်းထားရင်နားထောင်ကာ နှုတ်ခမ်းကေလည်း သူမလည်တိုင်လေးကို နမ်းနေမိသည်။သူမလေးက လည်တိုင်လေးနမ်းနေတာကို အလိုက်သင့်ငြိမ်နေပေးသည်။

Lay Nge

"ဖေဖေ ဘာလို့
မေမေကိုအချိန်ပြည့်နမ်းနေတာလည်း ဆိုတာ
ကိုယ်အခုမှနားလည်တော့တယ် မွေးနေတာပဲ
စိတ်ထဲလည်း ကြည်သွားတာ"

သူမလည်တိုင်ကို
နမ်းရှိုက်ရင်းပြောလာတဲ့ပါးကြောင့်
သူမပြုံးမိသွားပြန်သည်။ပါးကသူ့မိသားစုပျော်ရွှင်စ
ရာလေးတွေမျှဝေတက်တော့
သူမလည်းသူစကားတွေကြောင့် ပျော်တက်လာပြီ။

Lay Nge

ပါးရယ် သူမရယ်တစ်ချိန်ချိန်ကြရင်
ကလေးလေးတွေနဲ့အတူတူ
ပျော်စရာမိသားစုကမ္ဘာလေးကို ဖန်တီးရမည်။သူမ
ဘဝလိုမျိုး သူမနဲ့ ပါးရဲ့ရင်သွေးလေးတွေက
ဖြစ်စရာအကြောင်းမရှိ။ပါး နဲ့ သူမရဲ့အချစ်တွေနဲ့
သာယာတဲ့ မိသားစုလေးဖြစ်နေမှာပါ.....။

ကြိုတင်စိတ်ကူးရင်နေတယ်ဆိုပါစေ သူမမရဘူးတဲ့
အဲလိုမျိုးဘဝလေး သူမခံစားချင်သေးလို့.....။

နေ ညီမလေးစေ့စပ်ပွဲပြီးသွားလို့
ကျန်တဲ့မိသားစုဝင်တွေပြန်သွားပင်မဲ့
သူကခန့်နဲ့ချိန်းထားတာကြောင့် Hotel
မှာနေခဲ့သည်။သူအလုပ်စားပွဲမှာထိုင်ရင်း
မနက်ကအဖြစ်အပျက်ကို
ပြန်စဉ်းစားနေလိုက်သည်။

သူမနက်က
ညီမလေးစေ့စပ်ပွဲအတွက်အခန်းထဲပြင်ဆင်နေတု
န်း အမည်မသိဖုန်းနဲ့ ဆက်သွယ်လာတဲ့
လူတစ်ယောက်။သူအဲလူပြောတာကိုအနည်းငယ်

နားထောင်ပြီး အဲ့လူချိန်းတဲ့နေရာကို
အလောတကြီး ထွက်လာလိုက်သည်။

သူထိုလူချိန်းတဲ့နေရာရောက်တော့ VIP 5
ခန်းထဲကိုဝင်လာတော့ သူဆက်သွယ်ထားတဲ့
Shine Group
ကဒုတိယရှယ်ယာအများဆုံးသူ။သူတွေးထားသလို
အခြေအနေရောက်တော့မှာမို့ ထိုလူရှေ့ဝင်ထိုင်ရင်း
နှုတ်ခမ်းကပြုံးနေမိသည်။

Lay Nge

"နေလက်ရာဘက်က
ခင်များဒီလောက်ထိမြန်မြန်ဆက်သွယ်လာမယ်မှန်း
မထင်မိဘူး"

နေပြောတဲ့ အဓိပ္ပာယ်က
ပိုက်ဆံများများပေးဝယ်တာကို
အလွယ်တကူလက်ခံမယ်မထင်ဘူးလို့ဆိုလိုခြင်း
ဟထိုလူဘက်တော့ သူ့စကားကို
ကောက်ချင်သလိုကောက်နိုင်သည်။

LayNge

"ဖြစ်နိုင်ရင် နေလက်ရာ Group ထဲ
ရှယ်ယာထည့်ချင်တာ ခင်များကလက်မခံလို့"

ဒီလောက် ပိုက်ဆံပိုပေးလိုက်တာနဲ့
ရှယ်ယာကိုအလွယ်တကူရောင်းဖို့ပြန်ဆက်သွယ်တဲ့
ူကို
သူဘက်ကလက်ခံလိုက်ရင်စောက်ရူးဖြစ်သွားမှာ
ပေါ့။

"အခု ရှယ်ယာ 20ရာခိုင်းနှုန်းကို
ရောင်းမှာသေချာရဲ့လား"

Layne

နေဘက်က စကညားကနု လိုတာထက်ပိုမပြောပဲ လိုရင်းကိုသာ တန်းပြောလိုက်တော့ ထိုလူမျက်နာ ပျက်သွားသည်။

"သေချာတယ်
မြန်မာပြည်ကနေမကြာခင်ထွက်တော့မှာဆိုတော့ ရောင်းလိုက်တာအကောင်းဆုံးပဲ"

"ဒါဆို စာချုပ်မှာလက်မှတ်ထိုးပေးပါ"

Lay Nge

နေကသူယူလာတဲ့ စာချူပ်ကို
ထိုလူဆိကမ်းပြီးလိုက်ရင်း နောက်ထက်စကားကို
ထပ်ပြောလိုပ်သည်။

"ဒီစာချူပ်က
တရာသူကြီးထုတ်ပေးလိုက်တဲ့စာချူပ်နော်
နှစ်ယောက်ထဲလက်မှတ်ထိုးတယ်ဆိုပင်မဲ့
တရားဝင်တယ်"

သူကဖြစ်လေဖြစ်ထရှိတာကို ပြောတော့
တစ်ဖက်ကလူကလည်း သဘောတူခေါင်းငြိမ့်ကာ

LayNge

စာချုပ်မှာလက်မှတ်ထိုးပေးတော့

သူကဖုန်းထုတ်ကာ...

"ခင်များ Bank acc ထဲကို

ကျုပ်ပြောထားတဲ့အတိုင်းထည့်ပေးလိုက်ပြီ"

"100ရာခိုင်နှုန်း အပြည့်ပါပဲ"

နေ ပြန်တွေးရင်း ရှိုင်းထက်မြတ်ကို

တွန်းချဖို့တဖြည်းဖြည်းလမ်းစနီးလာပြီမို့

သူမျက်နာက

Lay Nge

မဲ့ပြုံးပြုံးနေမိသည်။ဒီအပြုံးဟာရှိုင်းထက်မြတ်အ
တွက်ကောင်တဲ့အပြုံးမဟုတ်။ရှိုင်းထက်မြတ်မင်းငါ့
အပေါ်ယုတ်မာဖို့ကြံတာ ဒီတစ်ခါ
ငါကအရင်သိနေတာတော့ မင်းအတွက်
ကံဆိုးခြင်းပဲ။

တစ်လခန့်ကြာပြီးနောက်~~~~~~

"မင်းအဲ့မိန်းကလေးကို စိတ်ဝင်စားနေပြီလား နေ"

Lay Nge

နေ အထက်တန်းမေးတာကို
တစ်ချက်တောင်ဟန်ဆောင်ပြီးတောင်မဖြေ...

"ငါလား အဲ့လိုမိန်းကလေးကို
ဦးနောက်ထဲတောင်မရှိဘူးရှင်းလား
ငါကတန်ဖိုးမရှိတဲ့မိန်းမတွေကို အရှုံးပဲ"

အထက်တန်းသူငယ်ချင်းဖြစ်သူကို စလိုက်တာကို
နေကလည်း သူစိတ်မဝင်စားဘူးဆိုတာ
ပွင့်ပွင့်လင်းလင်းပင်ပြောချလာတာကြောင့်ပြုံးမိ

တာအမှန်ပင်။ဒီကောင် Shine Group ကို
ဒုက္ခပေးဖို့တော်တော်တောင်ပြင်ဆင်ပြီးနေပြီ။

"အဲ့မိန်းကလေးကို
မင်းကောင်းကောင်းမွန်ဆက်ဆံနေတာက"

"အိမ်ထောင်သည်ကို စိတ်ဝင်စားရင်
ဘာဖြစ်တက်လဲပြချင်လို့လေ ပြီးတော့
အဲ့မိန်းကလေးက ငါနဲ့
ကုတင်တစ်ခုထဲအတူတူအိပ်ရလောက်အောင်
အဖိုးမတန်ဘူးကွ!"

နေ နဲ့ အထက်တန်းစားတို့စကားပြောနေတာကို
ရုံခန်းတံခါးဝကနေ နားထောင်နေတဲ့
ပန်းရိပ်လွှာတစ်ယောက်ကြားသွားလေပြီ။ရက်စက်
လိုက်တာလူကြီးရယ်။လူကြီးအပေါ်ကို
လွှာဘက်ကအစစ်အမှန်တွေပေးခဲ့သလောက်
လူကြီးဘက်ကတရင်းတနှီးဆက်ဆံနေတာတွေက
ဟန်ဆောင်နေတာတွေကြီးပဲလား။ရပါတယ်
လူကြီးတကုတင်အတူတူမအိပ်ချင်တဲ့ လွှာနဲ့
မကြာခင် အတူတူအိပ်ရမယ်ဆိုတာ.....။

"ဦးနေမင်းလက်ရာ
ရှင်တောင်ကျွန်မအချစ်ကိုစော်ကားသေးတာ
ရှင်မအိပ်ချင်တဲ့ကျွန်မနဲ့အတူတူ အိပ်ရမယ်ဆိုတာ
ရှင်ကြည့်နေလိုက်ပါ
မိန်းကလေးတစ်ယောက်အချစ်ကိုမကစားနဲ့
အဲ့တာရဲ့ဆိုးကျိုးက ရှင့်မိန်းမနဲ့ ကွဲစေရမယ်"

အချစ်ကြီးတော့အမြတ်ကြီးသည်ဆိုသည့်အတိုင်း
လွှာတစ်ယောက်ကတော့
တရင်းတနှီးနေရုံကျေနပ်နေရကာ
သူမအပေါ်ဟန်ဆောင်နေတာသိလိုက်ရချိန်
လူငယ်တစ်ယောက်မို့ နာကျည်းချက်တွေနဲ့.....။

"မာမီ ကိုကိုရော ပြီးတော့ သားရယ်"

မေလက်ရာ လက်ထပ်ပြီးသွားပြီမို့ မောင်နဲ့
ကိုကိုလက်ဖွဲ့တဲ့ အိမ်မှာနေဖြစ်ကြသည်။သူမတို့ကို
ကိုကိုက အိမ်နဲ့ခြံလက်ဖွဲ့သလို
နှစ်ဖက်မိဘကလည်း သူတို့အတွက် ဘဏ် Acc
တွေထဲ ပိုက်ဆံတွေထည့်ပေးထားကြသည်။အခု
အိမ်ကိုမရောက်ဖြစ်တာ
လက်ထပ်ပြီးကတည်းကဆို 3ပတ်ရှိတော့မှာမို့

လာလည်ခြင်း။သူမအိမ်လာတယ်ဆို ကိုကိုရော
တူတော်မောင်ရောမရှိတာမို့ မေးတော့.....

"သမီး အစ်ကိုလုပ်ငန်းရှင်ကြီးက
ဒီအချိန်ဘယ်တုန်းကအိမ်မှာရှိဖူးလဲ
သူ့မိန်းမနေမကောင်းတာတို့
သူမိန်းမကအိမ်မှာနေပါဦးပြောမှသာ
နေမဲ့ကောင်လေ ပြီးတော့ မြေးက သူဒီနေ့
သူ့ချစ်သူရဲ့အဘွား နယူးယောက်ကို
ပြန်မှာမို့သွားသတဲ့ရှင်"

Lay Nge

မာမီပြောတဲ့စကားကြောင့် သူရော
မောင်ရောပြုံးနေမိတာအမှန်ပင်။ကိုကို
ကသူမိန်းမကို အရမ်းချစ်တာကို မောင်လည်း
ဒီရက်ပိုင်းအတွင်းလေးနဲ့သိသွားလောက်ပြီ။ကိုကို
နဲ့တူတဲ့ တူတော်မောင်ကလည်း
ချစ်သူကောင်မလေးလေးမျက်နာနဲ့
မတော်ရသေးတဲ့ ဘွားယောကျ်ားမကို
သွားပြီးမျက်နာချိုသွေးနေမှာပေါ့။

"သား နဲ့ သမီး ကလေးယူဖို့စီစဉ်ကြတော့နော်
သမီးအသက်ကမငယ်တော့ဘူး"

ဒေါ်လက်ရာ

သမီးစယ်တို့လင်မယားနှစ်ယောက်လုံးကိုကြည့်ကာ

ပြောလိုက်တော့ သမီးကပြုံးရောင်သမ်းသွားပင်မဲ့

သမတ်ဖြစ်သူကတော့.....

"မာမီ သားက

ဂေဟာကကလေးမွေးစားရင်ကောင်မလားစဉ်စား

နေတာ

မမအသက်မငယ်တော့ဘူးဆိုပင်မဲ့အသက်ကြီးတဲ့

အထဲလည်းမပါသေးပါဘူး သားက

Lay Nge

သားမိန်းမဗိုက်ကြီးတစ်လုံးနဲ့ပင်ပန်းနေတာ
မကြည့်ရက်လို့"

ရောင် စကားကြောင့်
သူမရောင်ကိုလှည့်ကြည့်လိုက်တော့.....

"ဟုတ်တယ် ကျွန်တော်ချစ်တဲ့အမျိုးသမီးကို
မပင်ပန်းစေချင်ဘူး"

"မဟုတ်ဘူး မောင် မမတို့မှာကိုယ်ရင်သွေးတော့
တစ်ယောက်တော့ရှိသင့်တယ်ထင်တာပဲ"

မမ အပြောကို မိုးတိမ်ရောင်သဘောမကျ။သူလည်း
သူ့ရင်သွေးလို့ချင်တာပေါ့ ဒါပင်မဲ့
အဲ့ကလေးတစ်ယောက်ရဖို့အတွက် မမအသက်ကို
ရင်းနှီးရမှာတန်ရဲ့လား။

"မဟုတ်ဘူး မမ ဘောမတူဘူး မမကလေးချစ်တာ
မောင်သိတယ် ဒါပင်မဲ့ မွေးစားလို့ရနေတာပဲ"

"မွေးစားတာနဲ့ ကိုယ်မွေးတာကတူမလား!
တကယ်လို့အဲ့မွေးစားတဲ့ကလေး

ရောဂါတစ်ခုခုဖြစ်လို့ သွေးလိုတာတို့ဘာတို့ဖြစ်ရင်
ဘယ်လိုပေးမလည်း !!"

"မဖြစ်သေးတဲ့ကိစ္စကို မမကတွေးပူနေတာလေ"

သူမကို
သူကအလိုလိုက်အကြိုက်ဆောင်ထားလိုဆိုတာထ
က် အခုရောက်နေတာက ကိုယ့်အိမ်ကိုယ်နေရာမို့
....

Lay Nge

"ရတယ် မင်းငါ့ဆန္ဒမလိုက်ရော
နှိုင်မှာတော့ငါမင်းနဲ့မနေနိုင်တော့ဘူး
ငါ့အိမ်မှာငါနေခဲ့တော့မယ် မင်းပြန်တော့!!"

ဆိုကာ သူ့ဘေးနားထိုင်နေရာက
ထကာခြေစောင့်ပြီး ည့်ခန်းထဲက
ထွက်သွားတာကြောင့် ဒေါ်လက်ရာမှာလည်း
ကိုယ့်ကိုချစ်လို့တန်ဖိုးထားနေတာကို
မသိတဲ့သမီးဖြစ်သူကို
ပြေးလုပ်ချင်စိတ်ပါပေါက်သည်။ဒီကလေးဘယ်
လောက်သည်းခံလိုက်လည်း

ဆိုတာသူမတို့သိသည်။တော်တော်ဆိုးတဲ့ကောင်မ
လေးတွေ့ဦးမယ်။

မိုးတိမ်ရောင်လည်း
မမစိတ်ဆိုစရင်ချော့တာကနောက်
စိတ်ပြေအောင်အရင်စောင့်ရတာကအရင်ဆိုတာသိ
တာမို့ သူမစိတ်ပြေလောက်တဲ့အထိစောင့်ဖို့သာ
ဆုံးဖြတ်ထားသည်.....။

Yangon International Airport 🛫🛬

LayNge

နေတစင်း Light ရဲ့အဘွားပြန်တော့မှာမို့
လေဆိပ်ကို Light နဲ့အတူတူလာပို့ခြင်းဖြစ်သည်။

ဒေါ်နှင်းရတုခင် သူမမပြန်ခင် သူမမြေးမလေးကို
စိတ်ချခဲ့ချင်တာကြောင့်
သူမမြေးမလက်တစ်ဖက်ကိုကိုင်ကာ
မြေးချစ်သူရဲ့လက်ထဲထည့်ပေးလိုက်ပြီး.....

"ဘွား မြေးမလေးကို
သားလက်ထဲစိတ်ချထားခဲ့ပါရစေနော်
ဘွားရဲ့သားမြေးအဖေထက်စာရင် သားက

မြေးမလေးကိုကာကွယ်ပေးမယ်ဆိုတာ
ဘွားယုံကြည်တယ်"

"ဟုတ်ကဲ့ပါ ဘွား သားLight ကို သားအသက်နဲ့
ထပ်တူချစ်ပေးသွားပါ့မယ်"

သူကတိပေးလိုက်တော့ Light
အဘွားကပြုံးသွားကာ Light ဘက်လှည့်ပြီး.....

Lay Nge

"မြေး ဘွားစိတ်ချမယ်နော် ဘယ်သူနိုင်တာမှမခံနဲ့ မြေးတို့နှစ်ယောက် လက်ထပ်ပွဲကို US မှာလာလုပ် အဘွားအကုန်ခံမယ်"

"ဟုတ်ဘွား သမီးကိုစိတ်ချနော် သမီးဘေးမှာ သူရှိနေသ၍ သမီးကိုဘယ်သူမှနိုင်လို့မရပါဘူး ဒယ်ဒီကအစပေါ့"

"ဟုတ်ပြီ ဒါဆိုဘွားသွားတော့မယ်"

ဆိုကာ သူမနဲ့ပါးကို နှုတ်ဆက်ပြီး
လေယာဉ်ပေါ်တက်သွားတဲ့ အဘွားကို
လေယာဉ်ပြန်တက်သွားတဲ့အထိရပ်ကြည့်ပြီးမှ
လေယာဉ်ကွင်းထဲက
သူမတို့ပြန်ထွက်လာလိုက်သည်။

"Light မှာကိုယ်ရှိတယ် ဘယ်သူမှမကြောက်နဲ့"

လေဆိပ်ကထွက်လာတယ်ဆို သူမခေါင်းလေးကို
ကိုင်ကာပြောလာတဲ့ ပါးရဲ့ခါးကိုဖက်ထားကာ....

"မကြောက်ပါဘူး ချစ်ရပါသော
ပါးရှိနေတာပဲလေနော် ပြီးတော့
ယောကျ်ဖထီးကလည်း ပါဝါရှိတယ်လေ"

"ဟွန်း...ဦးနေမင်းလက်ရာတို့ကလူတိုင်းပါးစပ်ဖျား
နေရာယူနေတော့တာပဲ"

အဖေဖြစ်သူရဲ့အောင်မြင်မှုတွေကို သိတဲ့ Light
ကပြောတော့ သူ့ဘာသာ
အဖေဖြစ်နေပါစေဦးတော့ ကိုယ့်ချစ်သူနှုတ်ဖျားက
ကိုယ့်ကောင်းကြောင်းပဲပြောစေချင်တာလေ.....။

~~~~~~~~~~~~~~~~~ 🤍 🌿

လွှာ နဲ့ လူကြီး တွေ့ကြတာပေါ့ ဟွန်း 🌷

အချစ်လျှော့ကြတယ်ဆိုပင်မဲ့အပြစ်မယူပါ 🌸

ဝေဖန်တဲ့ comment လေးတွေ

အမှားကိုထောက်ပြတာလေးတွေလိုချင်ပါတယ် 🌷

🍁

OBJ

LayNge
~~~~~~~~~~~~~~~~~

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

part~50~~~

Lay Nge

နေ အိမ်ထဲဝင်လာလိုက်ပြီး
ညည့်ခန်းထဲစကားပြောသံတွေကြားတာမို့
ကြည့်လိုက်တော့ မှန်ထဲကနေမြင်နေရတာ
မိုးတိမ်ရောင် နဲ့ မာမီ
စကားပြောနေကြသည်။သူလည်း ယောက်ဖတော်နဲ့

တစ်ခါမှစကားကောင်းကောင်းမပြောရသေးတာ
ကြောင့် သူညှဉ်ခန်းဝင်တဲ့ မုန်တံခါးကို တွန်းဖွင့်ကာ
ဝင်လာသည်။

"ဟော သားပြန်လာပြီလား ထိုင် မင်းညီနဲ့
စကားပြောလိုက်ဦး
မေမေမင်းညီမဆီသွားလိုက်ဦးမယ်"

မေမေကသူ့ကို ထိုင်ခိုင်းက ထထွက်သွားတာမို့သူ
မိုးတိမ်ရောင်
နဲ့မျက်နှာချင်ဆိုင်ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။မိုးတိ

မ်ရောင် နဲ့စကားမပြောခင်
အိုက်တာမို့အပေါ်ကကုတ်ကို ချွတ်ကာ
ဆိုဖာလက်တန်းပေါ်တင်ထားလိုက်သည်။

"ဘာဖြစ်လို့လဲ
တပူးတတွဲတွဲမြင်နေရတဲ့နှစ်ယောက်က
တစ်အိမ်ထဲတောင် နေရာကွဲနေရတာလဲ"

"အစ်ကို ညီမကျွန်တော်ကိုစိတ်ဆိုးသွားလို့"

ဒီကောင်လောက်အလိုလိုက်တာ ဒီကောင်ပဲရှိတာမို့
သူမျက်ခုံးပါပင့်တက်သွားရသည့်အထိပင်။ဒီအတွဲ
က ကိုယ့်ညီမက အကြီးဆိုပင်မဲ့အငယ်ဖြစ်တဲ့
ဒီကောင်ကဘယ်လောက်အလိုလိုက်အကြိုက်ဆော
င်ထားလည်းဆိုတာ သူသိသည်။

မိုးတိမ်ရောင်လည်း ဖြစ်ပျက်သမျှကို
ယောက်ဖဖြစ်သူကို
ရှင်းပြလိုက်သည်။သူမိန်းမအပေါ်တန်ဖိုးထားလို့
ပြောတာပါဆိုတဲ့အကြောင်းရှင်းပြသည်။

"နင်ဘာမှမပြောနဲ့ အဲ့တာငါ့အစ်ကို"

ဆိုကာ ညှော့ခန်းထဲမာမီနဲ့အတူဝင်လာတဲ့
ညီမလေးက သူဘေးနားဝင်ထိုင်ကာ
သူလက်မောင်းကိုကိုင်ပြီး သူပုခုံးကိုမှီထားသည်။

"ကဲ မေလက်ရာ! ညည်းကို
သားကစေတနာနဲ့ပြောတာလေ
နားမလည်ဘူးလား"

"လည်ဘူး ! ကိုကို ညီမလေးကိုအနိုင်ကျင့်နေတယ်"

ကြည့်စမ်း မအေ နဲ့ ယောကျ်ားကပဲ
သူအစ်ကိုကိုကြောက်ရတဲ့အတိုင်းပြန်တိုင်နေတာ
များ မသိရင် သူမနဲ့
သမတ်တော်ကပဲလူဆိုးကြီးကြနေရော။

"ထားလိုက်တော့ မိုးတိမ်ရောင် အစ်ကိုပြောပြမယ်
မိန်းကလေးတွေမှာကခံယူချက်တစ်ခုရှိတယ်ကွ
သူတို့ခံယူချက်က
သူတို့ချစ်တဲ့သူနဲ့အိမ်ထောင်ကျတဲ့အခါ
ချစ်တဲ့သူရင်သွေးလွယ်ပေးချင်တာ

မိန်းကလေးတွေသဘာဝပဲ

ညီ....မင်းပြောတာကရော

မမှန်ဘူးလားဆိုတော့မှန်ပါတယ် ဒါကလည်း

ညီမလေးကို မင်းချစ်လို့ပြောတာ မင်းချစ်ရင်

သူမဖြစ်ချင်တာကို အလိုလိုက်လိုက်ပါ

သူမမပေါ့မပါးနဲ့ကျရော ဘာဖြစ်လဲ

ခေတ်ကနည်းပညာခေတ်ပါကွ ဘာမှမဖြစ်ဘူး

မင်းကဂရုစိုက်ပေးပေါ့ အဲလိုအခွင့်ရေးရခဲတယ်ကွ"

အခွင့်အရေးရခဲတယ်ဆိုတဲ့ စကားက

သူကိုယ်သူနဲ့နှိုင်းယှဉ်ပြီး ထွက်လာတဲ့စကား။။မ

ကိုယ်ဝန်ရှိတဲ့အချိန်တုန်းကသူရှိနေခွင့်ရဖို့နေနေသာ

သာ ကိုယ်ကလေးလွယ်ထားရတဲ့အကြောင်း နဲ့
ကလေးရှိနေတာကို
3နှစ်ကြာပြီးမှသိရတဲ့သူအဖြစ်။သူမကိုယ်ဝန်လွယ်
တဲ့အချိန်ဂရုစိုက်ချင်တာပေါ့
ကလေးလေးဘယ်လိုအနေအထားရှိတယ်ဆိုတာ
ဆေးခန်းကို မိန်းမလက်ဆွဲသွားချင်တာပေါ့။

သူ့စကားတွေကို
ညှဉ်ခန်းအဝကနေနားထောင်နေတဲ့
သဘာဝလည်းရင်ထဲနင့်သွားရသည်။မောင်
အဲ့ကိစ္စနဲ့ပက်သက်ပြီး
တော်တော်ခံစားနေရတယ်ဆိုတာ

သူမအခုမှပိုသိလာရသည်။သူမဖြစ်နိုင်ရင်
မောင့်အတွက်ရင်သွေးလေးထက်လွယ်ပေးပြီး
အဲလိုအခွင့်အရေးပေးချင်ပါတယ် မောင်ရယ်....။

"ရှယ်ယာရှင်အစည်းအဝေးကို
ဘာလို့ကျန်တဲ့သူတွေကရောက်မလာသေးတာလဲ"

ရှိုင်းထက်မြတ်မေးတာကို ခန့်က.....

"ကျွန်တော်လည်းမသိဘူး
သူ့ဌေးအကုန်လုံးကိုဆက်သွယ်ထားတာပဲ"

ခန့်အစည်းအဝေးခန်းထဲကို
ရှိုင်းထက်မြတ်အပါအဝင်မှာ
4ယောက်သာရောက်သေးတာမို့
တစ်ခုခုလွဲနေပြီဆိုတာသူသိပြီ။ဒီကိစ္စကလည်း
CEO လက်ချက်ဆိုတာတွေးစရာမလို။မကြာခင်
Shine Group ရဲ့ ကျဆုံးခန်းမြင်ရတော့မှာပါ....။

ရှိုင်းထက်မြတ်ခေါင်းပါခြောက်ချင်လာရသည်။သူ
ကို တိုက်ခိုက်နေတဲ့လူရှိမှန်း ရိပ်မိပင်မဲ့
ဘယ်သူဆိုတာလည်းမသိရ။သူလုပ်သမျှလုပ်ငန်း

တိုင်းကလည်း အကြောင်းအမျိုးမျိုးကြောင့်
နေလက်ရာ
နဲ့လက်တွဲသွားကြတာတွေကပိုများလာသည်။ဘာ
လုပ်လုပ်အဆင်မပြေဖြစ်နေတာမို့
စိတ်ညစ်လာရသည်။

"ခန့် မနက်ဖြန်အတွက်
ရှယ်ယာရှင်တွေကိုထက်ဆက်သွယ်ထားလိုက်!"

လို့အမိန့်ပေးပြီး ထွက်သွားတဲ့
ဦးရှိုင်းထက်မြတ်ကိုကြည့်ကာ

Lay Nge

ဘယ်လိုတွေတောက်ကျဆုံးမလည်း
သိချင်လာရသည်။CEO ကလည်း
လွယ်လွယ်အလျော့မပေးတက်တာသူသိသည်။Go
okLuck ပါ ဦးရှိုင်းထက်မြတ်.....။

TV သတင်းအစီစဉ်....

"River နိုင်ငံတကာ Company
ကြီးကမြန်မာနိုင်ငံမှာ အခြေစိုက်မဲ့အပြင် အစက
Shine Group နဲ့လက်တွဲဖို့သတင်းထွက်ခဲ့ပင်မဲ့
လက်တွေ့မှာတော့ NayLatYar Group

နဲ့တရားဝင်လက်တွဲမယ်ဆိုတာကို သူတို့တရားဝင် Fb စာမျက်နှာကနေထုတ်ပြန်ထား..."

ဆိုတဲ့ သတင်းကို Live လွှင့်နေတဲ့ သတင်းချန်နယ်တစ်ခုကို Light နဲ့ အတူတူ သူမ Company ကရုံးခန်းထဲမှာ ကြည့်နေမိသည်။Light ကတော့ဘယ်လို အဓိပ္ပာယ်နဲ့ကြည့်နေလည်းမသိ။သူကတော့ မမှီပြန်လာတဲ့အထိန်းအမှတ် party လုပ်တုန်းက ဖေဖေတို့ပြောတာကြားပြီးကတည်း Shine Group က ဖေဖေရဲ့ရုန်သူ မေမေရဲ့

အစ်ကိုတွေပိုင်တာသိတာမို့ ဖေဖေ
တစ်ခုခုလုပ်နေပြီဆိုတာ သူသိသည်။

"Shine Group နဲ့ ပါးတို့ NayLatYar Group
ကအပြိုင်ပဲနော် မိုက်တယ်"

"အင်း
ဖေဖေကဘယ်လိုတွေတောင်လုပ်လိုက်လည်းမသိ
ဘူး Project အကြီးကြီးကို ရအောင်ယူနိုင်တယ်"

Lay Nge

သူ Light ကိုစကားပြောရင် ဖေဖေနဲ့ အဲ့မေမေကို
ကြာကူလီလုပ်ဖို့ကြံတဲ့
မေမေအစ်ကိုဆိုတဲ့ကောင်ကို
သူတွေ့ဖူစချင်နေတာ။သူဖေဖေနဲ့
အန်ကယ်တို့ပြောတကို ကြားတာလေးကိုတောင်
ဒေါသကအဲလူကိုတွေ့ရင်ထသက်မိမလားမသိဘူး။
ဖေဖေအရမ်းမုန်းတာလဲမပြောနဲ့ သူတို့သားအဖ
3နှစ်လောက်မတွေ့ရတာ အဲ့ကောင်ကြောင့်။

"ပါး လည်းနောက်ဆို အန်ကယ်အနားယူရင်
ပါးဦးစီးရမှာ အန်ကယ်လိုထက်မြတ်အောင်လုပ်

တစ်ခြားသူတွေထက်ခြေလှမ်းကြိုလှမ်းထားမှ
တော်ခါကျမှာ"

"အင်း ဖေဖေကတော့
ဘာလုပ်လုပ်အောင်မြင်နေတာဆိုတော့
ကိုယ်သူဆီကပြန်သင်ရမယ်"

ဖေဖေ ဒီလအတော်အတွင်း ရှိုင်းGroup
နဲ့လက်တွဲမဲ့ company တော်တော်များများကို
ရယူနေတာ သူကြားမိသည်။ဖေဖေ
ရှိုင်းထက်မြတ်တို့ကို

တစ်ခုခုလုပ်ချင်နေတာများလား။ဘာပဲဖြစ်ဖြစ် နှစ်
20လောက်ကြာသွားတဲ့ ကိစ္စကို
ဖေဖေပြန်လုပ်ချင်တယ်ဆိုတာကလည်း
ဒဏ်ရာဟောင်းကို လာဆွလို့နေမှာ။

"ဒါနဲ့ ပါးရောဘာလုပ်ဖို့အစီစဉ်ရှိလည်း
အန်ကယ်ကို ဝင်ကူညီးမှာလား"

"ကိုယ်ဝင်ကူချင်ရင်တောင်
ဖေဖေကလက်ခံမှာမဟုတ်ဘူး ဘာလို့ဆို
ကိုယ့်ကိုလွတ်လွတ်လပ်လပ်နေစေချင်လို့တဲ့"

ဖေဖေက လူငယ်တွေနေထိုင်မှုပုံစံနားလည်တာမို့
သူအတွက်ကတော့ ဒီလို ဖခင်မျိုးရတာတကယ်ကို
ဘုရားပေးတဲ့ဆုလာဒ်။ဖေဖေက သူ့စိတ်ကို
နားလည်တဲ့အပြင်
လူတစ်ယောက်မျက်နာပြောင်းလဲသွားတာနဲ့
အရိပ်အကဲသိတာလည်း
လွန်ပါလေရော။အခုလည်း အသက်လေး
40စွန်းလေးနဲ့ စီးပွားရေးလုပ်ငန်းကို
နိုင်ငံတကာချဲ့ထားတာများ
သူသုံးဖို့အတွက်ရှာထားလားထင်ရသည်။ဖေဖေကို
စီးပွားရေးအရမ်းလုပ်လို့ ပိုက်ဆံမသုံးဘူးထင်မနေနဲ့

ဖေဖေလည်း အသုံးကြမ်းတာပါပဲ။အဲတာတွေထက်
သူ့အပေါ် ဖခင်တာဝန်ကျတာတော့
ဖေဖေဟာဘယ်သူနဲ့မှအစားထိုးရမှာမဟုတ်.....။

"အန်တီလေးတို့က မပြန်ကြဘူးလား
ဒီမှာအိပ်မှာလား"

ညစာထမင်းဝိုင်းမှာ ညစာစားခါနီးပြန်ရောက်တဲ့
နေတစင်း ထမင်းဝိုင်းဝင်ထိုင်တယ်ဆို
အန်တီလေးတို့လင်မယားကိုတွေ့တာကြောင့်မေး
လိုက်သည်။

Lay Nge

"ဘာလို့လဲ သားက
တီတီတို့လာတာမကြိုက်ဘူးလား"

"မဟုတ်ပါဘူး တီလေးရဲ့
သားကအိမ်ကိုမလာတာကြာပြီမို့မေးကြည့်တာ
ယောကျ်ားရပြီးမှရောက်မလာတော့လို့"

နေတစင်း အန်တီလေးကိုပြောပြီး
သူဘေးနားကဖေဖေကိုကြည့်လိုက်တော့
တစ်ခုခုစဉ်းစားနေတဲ့ပုံပေါ်တာကြောင့်.....

"ဖေဖေ"

သူဘေးနားကပ်ခေါ်တာတောင်သူ့အတွေးနဲ့သူဘာမှ
ကြားတဲ့ပုံမပေါ်တဲ့ဖေဖေ။

နေလုပ်ဖို့ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုကို
လုပ်ရမလားမလုပ်ရဘူးလား
သေချာစဉ်းစားနေမိသည်။သူစီစဉ်ထားတာကြီးက
ပြန်လည်ရပ်တည်ဖို့မလွယ်တာသိပင်မဲ့
သူကအရင်ဒုက္ခပေးတာမှမဟုတ်တာ။သူတို့ဘက်

ကသာအရင်စတာမို့
သူပြန်တုန့်ပြန်ခြင်းဟာအပြစ်မဟုတ်တော့။

"ဖေဖေ !!"

"ဟာ ဘာလဲကွာ အလန့်တကြား!"

နေတစင်း အသံမြင့်ခေါ်လိုက်ခေါ်မှ
အလန့်တကြားဖြစ်သွားတဲ့နေ။နေ
အလန့်တကြားဖြစ်သွားခြင်းနဲ့အတူ နေတစင်း
အော်ခံရသည်။

LayNge

"ဖေဖေ ဘာသာအတွေးလွန်နေတာလေ
သားဖြေးဖြေးခေါ်တော့ ကြားလို့လား"

"ဘာလဲ ဘာပြောမလို့လည်း"

"ဖေဖေ River Company နဲ့ လက်တွဲတဲ့သတင်း
သား internet မှာတွေ့တယ် "

Lay Nge

သားပြောတော့နေက ခေါင်းတစ်ချက်သာငြိမ့်ပြီး ဘာမှမပြောပဲ ဇွန်းကိုင်ကာ ထမင်းစားဖို့အလုပ် ငြိမ်နေတဲ့ ဦးနေမင်းက....

"Shine Group က
အခြေအနေတော်တော်ဆိုးနေတယ်
မင်းသတိထားနေဦး တော်ကြ မင်းလက်ချက်လို့
ထင်နေဦးမယ်"

ဒယ်ဒီစကားကြောင့်
နေထမင်းပါးစပ်ထဲထည့်မလို့ကို

LayNge

ခဏရပ်သွားရပင်မဲ့
ထမင်းလုတ်ကိုပါးစပ်ထဲကိုသွင်းလိုက်သည်။

ဦးနေမင်းရိပ်မိသလိုရှိပင်မဲ့ သူပြောလိုက်တယ်ဆို
မျက်နှာတည်သွားတဲ့သားဖြစ်သူကို...

"ဒါမှမဟုတ် Shine Group ကို ဒုက္ခပေးနေတာ
သားလား"

ဦးနေမင်းက
သားဖြစ်သူကိုတည့်တိုးမေးချလိုက်တယ်ဆို

ထမင်းစားနေတဲ့ သဘာဝလည်း
မောင်ကိုကြည့်လိုက်မိသည်။မောင်
ပါးစပ်ကဖြမှာကို
သူမနားထောင်ချင်မိသည်။မဟုတ်ဘူးလို့ပြောပါ
မောင်ရယ်။သဘာဝတို့
ရန်ငြိုးတွေကြောင့်မပူလောင်ချင်တော့ဘူး။

"ဒယ်ဒီကဘယ်လိုထင်လို့လည်း
သူတို့တစ်ခုခုဖြစ်တိုင်း သားပဲလား"

Lay Nge

"မင်းလုပ်နေတာမဟုတ်လားပြောစမ်း
နေမင်းလက်ရာ! ဒီကိစ္စက
မင်းကလွဲဘယ်သူမှအလွယ်တကူဘယ်သူမှလုပ်နိုင်
မှာမဟုတ်ဘူး သူတို့လိုအပ်နေတဲ့
စီးပွားရေးလုပ်ငန်းရှင်တွေကို
မင်းတမင်လက်တွဲနေတာမဟုတ်လား"

နေ ဒယ်ဒီက Shine Group က တွဲဖက်တွေကို
သူတမင်ယူနေတာပဲသိသေးတာကို။သူ company
အတွင်းမွေ့မဲ့ကိစ္စမသိသေးဘူး။သူဆိုတဲ့ကောင်က
လည်း ညာတက်တဲ့သူမဟုတ်။

"ဟုတ်တယ် ဒယ်ဒီသူတို့
ဒုက္ခရောက်နေမှန်းသိလို့ကို
ကျွန်တော်တမင်လုပ်တာ နောက်လည်းလုပ်ဦးမှာပဲ
ဒါမှ ရှိုင်းထက်မြတ်ဆိုတဲ့ကောင် ခေါင်းစားပြီး
ကိုယ်ကိုကိုယ် သက်သေသွား အေးရော"

"ဟဲ့ နေမင်းလက်ရာ!"

Lay Nge

"နေမင်းလက်ရာ!!
မင်းရဲ့ငြိုးရန်စတွေအခုထိမရပ်နိုင်ဘူးလား
မင်းသားတစ်သက်ဖြစ်နေပြီလေ! "

နေရဲ့ပြင်းထန်စွာထွက်လာတဲ့စကားကို
ဦးနေမင်းတို့လက်မခံနိုင်တာမို့
ထကန့်ကွက်ကြသည်။နေလည်းဘယ်သူ
ကန့်ကွက်ကန့်ကွက်လုပ်မယ်လို့ဆုံးဖြတ်ချက်ချပြီး
သားမို့ ပြန်ပြင်ဖို့မရှိ။

"လွန်ခဲ့တဲ့ 20က ကိစ္စသားစိတ်မဝင်စားဘူး
အဲ့ကိစ္စပါတွေးလိုက်ရင်
အဲ့ကောင်စ်စစီလုပ်ပစ်ချင်စိတ်ပါပေါက်တယ်"

ပြောကာ လက်ထဲကဇွန်းကိုချပြီး
ထမင်းဝိုင်းကထထွက်သွားတဲ့နေ။နေ
စိတ်ကထိန်းချုပ်ရခက်တာ
နေကိုယ်တိုင်သိသည်။အဲ့ကောင်အကြောင်းပြောရ
င်း စိတ်မထိန်းနိုင်ရင် သူ့ကြောင့်
မိသားစုထမင်းဝိုင်းပျက်စီးမှာဆိုးလို့ထထွက်လာခြ
င်း။

ဖေဖေ ဆူနေတဲ့ကြားကထထွက်သွားတဲ့
မောင့်ကြောင့်
သူမမျက်နာမကောင်းဖြစ်ရခြင်းနဲ့အတူ
သူစိမ်းတစ်ယောက်ရှိနေတာကို
မိဘအပေါ်လုပ်သွားတဲ့လုပ်ရက်က
ရိုင်းလွန်းသည်။မေလက်ရာလေး
ယောကျ်ားကဘယ်လိုထင်လိမ့်မလဲ။

"သား ထည့်စားနော်စိတ်ထဲမထားနဲ့ မင်းအစ်ကိုက
အဲ့အတိုင်းပဲ စိတ်က"

ဒေါ်လက်ရာလည်း မိုးတိမ်ရောင်ကို
သားဖြစ်သူလုပ်ရက်ကြောင့် ထပြောတော့
ကောင်လေးကနားလည်တဲ့သဘောဖြစ်ခေါင်းငြိမ့်ပြ
သည်။နေမင်းလက်ရာ ဆိုတာ ကို နဲ့ သူမအတွက်
သားဦးယောကျ်ားလေးမို့ သမီးထက်အချစ်ပိုခဲ့ပင်မဲ့
သားကအမြဲသူလုပ်ချင်ရာသာလုပ်ခဲ့တာ။အခုလ
ည်း ဖအေကဆူနေတာကိုငြိမ်နေလိုက်ပါလား
ထမင်းဝိုင်းကထထွက်သွားရတယ်လို့။သူမတို့အသ
က်တွေကလည်း ဒီနေ့မဟုတ်ရင် နောက်နေ့
သေရမဲ့အချိန်ကသိပ်လိုတော့တာမဟုတ်။သားကို
ဒီလိုပုံစံနဲ့ဘယ်လို စိတ်ချထားခဲ့ရမှာလဲ..... ။

နေအခန်းထဲရောက်တော့ကုတင်ခြေရင်းမှာထိုင်ကာ
စဉ်းစားနေမိသည်။
သူလုပ်နေတဲ့ကိစ္စကိုအပေါယံလောက်သိသေးတာ
တောင် ဒီလောက်ကန့်ကွက်နေကြတာ
အတွင်းကျကျသိရင်တော့ပိုဆိုးမှာ။ဘာလို့သူလုပ်
တာကိုနားလည်မပေးနိုင်ကြတာလဲ။သူခံစားခဲ့ရတာ
တွေထက် အခုနောက်ပိုင်းကိစ္စတွေက
အနာဟောင်းကိုပြန်လာစွတာ
သူတို့မဟုတ်လား။သူဘက်ကအရင်
ရန်သွားစတာမဟုတ်။

ဂျလောက်...

သူမအခန်းတံခါးဖွင့်ဝင်လာတော့
မောင်ကကုတင်ပေါ်ထိုင်နေသည်။သူမအတွေးလွန်
ပုံပေါ်နေတဲ့မောင့်ကိုကြည့်ကာ
နှစ်ယောက်စကားများရပေဦးမည်မို့
သက်ပြင်းအရင်ချမိသည်။သူထိုင်နေတဲ့
နားလျှောက်သွားကာ သူ့ဘေးဝင်ထိုင်လိုက်ပြီး.....

"မောင်"

နေအတွေးလွန်နေရမှ သူ့ဘေးဝင်ထိုင်တဲ့
မခေါ်သံကြောင့်အတွေးဖျက်ကာ
မကိုကြည့်လိုက်သည်။

"မောင် ဖေဖေစကားပြောနေတာငြိမ်နေလိုက်တော့
ဘာဖြစ်သွားမှာမို့လဲ အခုအိမ်မှာက
မေလက်ရာလေး
ယောကျ်ားရောရောက်နေတာလေ
သတိထားမှပေါ့"

Lay Nge

"မောင်သာ သတိမထားရင်
အဲ့ထမင်းဝိုင်းပျက်သွားတာကြာပေါ့
မောင်ကိုယ့်စိတ်ကိုယ်သိလို့အပေါ်ကိုတက်လာတာ"

သူမ
မောင့်ကိုအသက်ရလာရင်စိတ်လျော့သွားမယ်မှတ်
တာ။မောင်ကအသက်ကြီးလာတာကလွဲ
ကျန်တာဘာတစ်ခုမှမပြောင်းလဲ။လူတိုင်းကအမှား
နဲ့ကင်းတာမှာမဟုတ်တာ တစ်ခါတစ်လေတော့
ခွင့်လွှတ်ပေးရမှာပေါ့။

LaNge

"မောင် ဘာလို့ကိုရှိုင်းထက်မြတ်တို့ကို
ဒုက္ခပေးချင်နေရတာလဲ သူ့ဘာသာနေတဲ့ဟာကို"

ပထမပြောနေတဲ့စကားတွေတုန်းကနေ
ဘာမှမဖြစ်ပင်မဲ့
ရှိုင်းထက်မြတ်ဘက်ကပါသလိုပြောလာတဲ့
မကြောင့် နေဒေါသကချက်ခြင်းထွက်လာကာ.....

"လုပ်တော့ရော ဘာဖြစ်လဲ! လုပ်ချင်လို့ကိုလုပ်တာ
ဒေဝါလီခံရအောင်ကို လုပ်မှာကြည့်နေ!"

ဆိုပြီး ဒေါသသံနဲ့ပြောလာတဲ့ မောင်ကို
သူမအလျော့ပေးဖို့
စိတ်ကူးမရှိ။အေးချမ်းနေတဲ့မိသားစုလေးကို
အပူတွေနဲ့သူမတောက်လောင်ချင်။သူမ
မောင့်ဘေးကနေ ထရပ်ကာ.....

"သူများကို ဒုက္ခပေးပြီးမှရလာတဲ့
မောင်ပိုက်ဆံတွေကို
သဘာဝသုံးဖို့လိပ်ပြာသန့်မှာမဟုတ်ဘူး မောင်"

"ဘာ!"

သဘာဝ စကားကြောင့်
မောင်ဒေါသကပိုထွက်လာတယ်ထင်ပါရဲ့ဘာ
ဆိုတဲ့အသံနဲ့အတူ သူမရှေ့ကို
ထိုင်နေရာကထရပ်သည်။

"ဒါဆို ကျုပ်ကပဲလူဆိုးကောင်
လူယုတ်မာကောင်ပေါ့ ဟုတ်လား !! ညီမကိုတောင်
မယားပြန်တော်ချင်တဲ့ ကောင်ထက်စာရင်
သာပါသေးတယ်!!"

Lay Nge

"မောင်!! သဘာဝပြောနေတာ ..."

သူမစကားမဆုံးသေးခင်မောင်က
သူမပုခုံးနှစ်ဖက်ကို ကိုင်ကာ...

"ဘာလဲ နာနေတာလား ခင်များအစ်ကို ကိုထိလို့
ဟွန်း အစ်ကိုတဲ့ ညီမတောင်
လင်မယားလိုနေချင်နေတဲ့ ကောင်!!"

မောင့်စကားတွေက သဘာဝ နဲ့
ကိုရှိုင်းထက်မြတ်ကို

Lay Nge

လင်မယားလိုမနေယုံတမယ်ပြောချလိုက်တာမို့
သူမဝမ်းနည်းသွားရကာ သူမျက်လုံးကို
စိုက်ကြည့်ပြီး....

"မောင်တကယ်ပြောင်းလဲသွားတယ်နော် အရင်ဆို
သဘာဝဘာပဲပြောပြော ဘယ်လိုပဲတိုင်ပင်တိုင်ပင်
အသံမာမာနဲ့ မပြောဘူးတဲ့ မောင်က သဘာဝကို
အော်တာ! အခုကိစ္စကလည်း
ရှိုင်းထက်မြတ်အတွက်ပြောနေတာမဟုတ်ဘူး
မောင့်အတွက်ပြောနေတာ
ရန်ငြိုးတွေကပူလောင်တယ်

အဆုံးသတ်ကဘယ်သူ့အတွက်မှကောင်းနေမှာမဟုတ်ဘူး"

သူမကမျက်ရည်တွေဝဲလျက်သူမျက်နာကိုစိုက်ကြည့်ပြောတော့ သူ သူမပုခုံးကိုင်ထားတဲ့လက်တွေကိုလွတ်ချလိုက်မိသည်။သူကပြောင်းလဲသွားသည်တဲ့လား။သူဘာတွေများပြောင်းလဲသွားလို့လဲ။သူမအပေါ်ထားတဲ့သူ့အချစ်က အရင်အတိုင်းပဲ။ဘာလဲသူ့အစ်ကိုမမည်တဲ့ကောင်ထိလို့နာနေတာလား။အဲ့ကောင်ကသူ့ထက်အရေးပါတာလား။သူ့ဘဝသူဦးနောက် သူနှလုံးသား နဲ့
သူခန္ဓာကိုယ်တစ်ခုလုံးမှာ

မတစ်ယောက်ထဲပဲရှိခဲ့သလောက်
သူမဘက်ကြတော့။

သူနဲ့လည်း
သူ့အတွေးနဲ့သူဒေါသထွက်လာခြင်းနဲ့အတူ
နှလုံးသားတစ်ခုလုံးလည်း အောင့်တက်လာရကာ
မှုန်တင်ခုံပေါ်တင်ထားတဲ့ ဖုန်းကိုယူပြီး
နံရံနဲ့ပစ်ပေါက်ခွဲလိုက်သည်။

"ကဲကွာ.!!...."

LayNge

သူဒေါသက ဘယ်လောက်ထွက်လည်းမသိ
နံရံကိုထိသွားတဲ့သူ့ဖုန်းကတော့
တစ်စစီဖြစ်သွားရကာ
သဘာဝလန့်သွားရတာအမှန်ပင်။

နေတစင်း ညစာစားဖို့ ဖေဖေကိုသွားခေါ်မယ်ဆိုပြီး
တက်သွားတဲ့ မေမေပါ နှစ်ယောက်လုံး
ကျန်တဲ့သူတွေထမင်းစားပြီးတဲ့အထိ
ဆင်းမလာသေးတာမို့ သူတက်လာကာ
အခန်းတံခါးခေါက်မလို့ရှိသေး
အထဲကအသံကြောင့် တံခါးကို
ဖွင့်ဝင်လိုက်တယ်ဆို.....

"ဖေဖေ မေမေ ဘာဖြစ်ကြတာလဲ"

သူ ခါးထောက်ပြီး မှန်တင်ခုံကိုမျက်နာမူထားတဲ့
ဖေဖေကိုတစ်လှည့် မျက်ရည်တွေကျနေတဲ့
မေမေကိုတစ်လှည့်ကြည့်ကာ
စကားများထားမှန်းသိလိုက်သည်။ဖေဖေ နဲ့
မေမေကစကားများဖို့နေနေသာသာ
တစ်ယောက်နဲ့တစ်ယောက်ချစ်နေကြတာ။ဒီကိစ္စက
လည်း ရှိုင်းထက်မြတ်ဆိုတဲ့

ခွေးသတောင်းစားကြောင့်ပဲနေမှာ။သူအဲ့လူကိုမမြင်
ဘူးသေးတာတောင်သက်ချင်စိတ်ပါဖြစ်နေရသည်။

သူသက်ပြင်းချပြီး မေမေနားသွားကာ.....

"မေမေ ဘာမှမဖြစ်ဘူးနော်
ဖေဖေကစိတ်တိုလိုပြောတာနေမှာပါ"

သူဘာမှမသိပင်မဲ့
ဖြစ်နေတာကိုခန့်မှန်းပြောလိုက်တော့
မေမေကသူကိုဖက်က

တအင့်အင့်ရှိုက်ကာငိုနေသည်။သူလည်း ငိုနေတဲ့
မေမေကို ဖက်ထားကကျောပြင်လေးကို
ပုတ်ပေးနေလိုက်သည်။

"ခွေးမသား ရှိုင်းထက်မြတ်
ခင်များကျွန်တော်နဲ့မတွေ့စေနဲ့"

မေမေကို ဖက်ပြီးနှင့်သိမ့်ပေးရင်စိတ်ထဲကလည်း
မမြင်ဘူးသေးတဲ့ ရှိုင်းထက်မြတ်ကို
အမုန်းကြီးမုန်းက ကျိန်းထားလိုက်သည်။

Lay Nge

နေ သူဒေါသအလျောက်ဖြစ်ပျက်သွားပြီးမှ xီး
ပါးစပ်က မဟုတ်တာတွေပြောထွက်လိုက်တဲ့
ကိုယ့်ကိုကိုယ်သာရိုက်သတ်ချင်စိတ်ပေါက်လာရပြ
န်သည်။ဒီကိစ္စမှာ သူမမှားပင်မဲ့
သူ့မိန်းမမျက်ရည်ကျရင်တော့
သူ့အမှားဖြစ်သွားရပြီ။နေ စိတ်ကိုလျော့ချလိုက်ကာ
မှန်တင်ခုံဘက်လှည့်နေရာကနေ
အနောက်လှည့်လိုက်တော့ သားကိုဖက်ပြီး
ငိုနေတာတွေ့တော့ သူရင်ထဲမကောင်း။သူ သားနဲ့
မနားကိုလျှောက်သွားကာ သားခါးကိုဖက်ထားတဲ့
မလက်ကိုဖြုတ်လိုက်ပြီး မိန်းမဖြစ်သူကို
ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

သူမ သားကိုဖက်ငိုနေတာကို အတင်းခွာချပြီး
သူ့ရင်ခွင်ထဲခွဲထည့်လိုက်တဲ့ မောင်ကြောင့်
ပိုဝမ်းနည်းလာရကာ သူမအတွက်
အားကိုးရာရင်ခွင်မို့
သူခါးကိုတင်းနေအောက်ဖက်ရင်း ငိုချလိုက်သည်။

နေတစင်း လည်း
လင်မယားတွေရန်ဖြစ်စကားများတာ မြင်ဖူးပင်မဲ့
ချက်ခြင်းပြန်တည့်သွားတဲ့
လင်မယားကိုအခုမှတွေ့ဖူးတော့သည်။အခုတော့

Lay Nge

နှစ်ယောက်သားဖက်ထားကြလိုက်တာ
နှစ်ကိုယ်ပေါင်းမှ
တစ်ယောက်ဖြစ်တဲ့မတိုင်း။အခုတော့
ဝင်လာမိတဲ့သူတောင်နောင်တရချင်သွားက
အချစ်တွေပြည့်နေတဲ့
ဖေဖေတို့အခန်းကထွက်လာလိုက်တော့သည်။

နေ သူမကိုရင်ခွင်ထဲထည့်ထားရင်း
ရှိုင်းထက်မြတ်ကို ဒုက္ခပေးမဲ့ ကိစ္စတွေကို
အိမ်ကိုပြန်မပြောဖို့ဆုံးဖြတ်လိုက်သည်။သူလုပ်တာ
ကိုပြန်ပြောပြရင် မနဲ့
ထက်ပြီးစကားများမှာသူမလိုချင်။မ နဲ့

သူအေးအေးချမ်းချမ်းလေးပဲနေချင်ပါသည်လေ.....

..။

~~~~~~~~~~ ⚡ 💗

Comment 100 မျှော်လင့်မိပါတယ်

မနက်ဖြန်တော့

ယူတို့သိချင်တဲ့အပိုင်းရောက်တော့မှာနော် Like &

share 💗 💗

📘 The Sun Of Flower {Season 2} 📘

Lay Nge
~~~~~~~~~~

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

part~51~~~

ရှိုင်းထက်မြတ်

ဘာလုပ်လို့လုပ်ရမှန်းမသိတော့တဲ့အခြေအနေရောက်လာလေပြီ။ပြီးတော့ သူ့ Company ရဲ့ရှယ်ယာ 60 ရာခိုင်နှုန်းကို ရှယ်ယာရှင်တွေဆီက ဝယ်သွားတာကို

သူရှယ်ယာရှင်တွေကတစ်ဆင့်သူသိပြီပြီ။ရှယ်ယာရှင်တွေကလည်း ပေါက်စျေးထက်ပိုပေးတော့

ရောင်းတာအပြစ်ဆိုမရ။ရှယ်ယာရှင်တွေကလည်း
ရောင်းတာကိုသာပြောပြီး
ဝယ်တဲ့သူကဘယ်သူဘယ်ဝါဆိုတာမပြော။

သူ company ရဲ့ 60 ရာခိုင်းနှုန်းပိုင်ဆိုင်သွားပြီဆို
အဲ့လူက company ရဲ့ CEO
အဖြစ်ထိုင်ရမှာ။ဒါပင်မဲ့ ရှယ်ယာတွေဝယ်ပင်မဲ့
အခုထိသူ့ရှေ့ထွက်မလာသေးတာ
ဘာကြောင့်လည်း။

LayNge

ရှိုင်းထက်မြတ် company ရုံးခန်းထဲက
ဆုံလည်ခုံပေါ်မှာ စိတ်ညစ်ညစ်နဲ့
လက်မှတ်ထိုးရမှာတွေလည်း ပစ်ထားတာ
သူ့စားပွဲပေါ်မှာ
တောင်လိုပုံနေပြီ။ဘာဖြစ်တာလည်း
အရင်နှစ်တွေတုန်းက
အရာရာအဆင်ပြေခဲ့သလောက်အခုတော့
company ကိုသူများလက်ထဲအပ်ရမလိုဖြစ်နေပြီ။

ခန့်လည်း ရှိုင်းထက်မြတ်
ဘေးမှာမက်တပ်ရပ်လျက်ကနေပြီးနေမိသည်။သူ
များကို ဒုက္ခပေးတုန်းကရော

ပြုံးနေနိုင်တယ်မဟုတ်လား။ကိုယ့်အလှည့်ကြလည်း ပြုံးနိုင်အောင်ကြိုးစားပေါ့။

"သူငြေး "

"ဘာလဲ အစည်းအဝေးခေါ်စရာရှိလို့လား"

သူမေးတာကို ခန့်ကခေါင်းရမ်းပြကာ...

Lay Nge

" Mr.James Email ကနေစာပို့ထားပါတယ်
သူနောက်လကြရင် ဒီ company မှာ
လာထိုင်မယ်တဲ့
နေရာဖယ်ပေးဖို့အသင့်ပြင်ထားပါတဲ့"

ရှိုင်းထက်မြတ် ခန့်ပြောတဲ့ Mr.James ဆိုတဲ့ လူကို စိတ်ဝင်စားသွားရသည်။သူနဲ့ ဘာရန်ငြိုးရန်စရှိလို့ ဒီလိုလုပ်ရတာလဲ။သူ company ကို
လာထိုင်မယ်ပြောတဲ့ အဲ့လူကဘယ်သူလဲ။

LaYNge

ရှိုင်းထက်မြတ်လည်း အတွေးများစွာဖြစ်ရသလို
သူမှာ နေမင်းလက်ရာ ကြောင့် Hotel
ပိတ်ခဲ့ရပြီးနောက် Company ကသာ
သူ့အတွက်စီးပွားရေးဖြစ်ခဲ့သည်။အခု company
ကလည်း
သူတစ်ခါမှမမြင်ဖူးတဲ့လူလက်ထဲအပ်ရမှာလား။

"ခန့် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုတွေရှိသေးလား"

"ရှိတော့ရှိပါတယ် ဒါပင်မဲ့ သူတို့က နေလက်ရာနဲ့
လက်တွဲချင်နေတဲ့ လူတွေ ကများတယ် ဟိုဘက်က

wellcome လုပ်လိုက်တာနဲ့ ကျွန်တော်တို့ဘက်ကို
ဘိုင့် ဘိုင့် လုပ်မဲ့သူတွေကြီးပဲ"

ရှိုင်းထက်မြတ် ကတော့ ခန့်ဆီကစကားကြောင့်
အားတွေထိုးချသွားရကာ နဖူးမှာတောင်
ချွေးကဆို့ချင်လာရသည်။နေမင်းလက်ရာ က
သူနဲ့မပြိုင်ပဲနဲ့တောင် အရာရာသူထက်သာသလို
သူ့ဘက်က
ဘယ်သူကိုမှအရင်ကမ်းလှမ်းလေ့မရှိ။သူနဲ့လက်တွဲ
ချင်တဲ့သူတွေကသာ သူဆီကို
ကမ်းလှမ်းကြရတာပင်။

Anniversary Day အတွက် အကြီးဆင်တူဝတ်ပြီး ပန်းခြံထဲလက်တွဲကာ လမ်းလျှောက်နေတဲ့ အတွဲလေး။သူတို့ကတော့ နေတစင်း နဲ့ လင်းရိပ်ကို တို့အတွဲလေး။ချစ်သူသက်တမ်း 2လပြည့်ပြီမို့ Couple လေးဝတ်ကာ လျှောက်လည်နေခြင်း။

ဒီနေ့က သူ နဲ့ သူမအတွက်ထူးခြားတဲ့ နေ့လေးမို့ ထူးထူးခြားခြားလေးဖြစ်အောင် အိမ်ကနေ နှစ်ယောက်လုံး ကားလည်းမယူခဲ့ပဲ သွားချင်တဲ့နေရာကို

တစ်ခြားသာမာန်အတွဲလေးတွေလိုမျိုး
လမ်းလျှောက်သွားရင်သွား မဟုတ်ရင်
လိုင်းကားတိုးစီးပြီး သွားကြသည်။

"Light ကိုယ်ပေးစရာရှိတယ် ဒါပင်မဲ့
အခုတော့မဟုတ်ဘူး 2 Year Anni ကျမှ အခုတော့
...."

ဆိုကာ သူစကားပြောတာကို
စိတ်ဝင်တစားကြည့်နေတဲ့သူမက
သူမျက်နှာကိုပဲကြည့်နေတာမို့ အနောက်က

သူပြင်ဆင်ထားတာကို မတွေ့သေး။သူက သူမျက်နာကိုပဲကြည့်နေတဲ့ Light ကို အနောက်ကို မျက်ခုံးပင့်ပြလိုက်သည်။

သူမကို ပါးက အနောက်ကိုမျက်ခုံးပင့်ပြတာမို့ လှည့်ကြည့်လိုက်တော့ အံ့သြသွားရကာ ပါး ဒီလိုလုပ်တက်တာ သူမဖြင့်မယုံနိုင်သေး။သူမ အနောက်မှ ရပ်နေတဲ့ မိန်းကလေး 6ယောက်။မျက်နာတွေက သူမမျက်နာပါတဲ့ မျက်နာဖုံးကိုတပ်ထားသည်။မိန်းကလေးတစ်ယောက်ခြင်းဆီတိုင်းမှာလည်း Tulip ပန်းတစ်ယောက်အရောင်တစ်မျိုးနဲ့ ပန်းစည်း

6စည်း။သူမကြည့်နေခိုက် ပထမတစ်ယောက်က
သူမကို ခရမ်းနဲ့အဖြူ စပ် Tulip
ပန်းစည်းကိုပေးတော့.....

"Variegated Tulip(အရောင် ရောစပ်ထားတဲ့
Tulip)ရဲ့အဓိပ္ပါယ်က
မင်းမျက်ဝန်းတွေကသိပ်လှတယ်လို့ ပြောတာ
တကယ်လည်း Light မျက်ဝန်းလှလှလေးတွေက
ကိုယ်တကယ်သဘောကျတဲ့အပြင် Light
ကိုချစ်ရတဲ့ထဲက တစ်ချက်ပေါ့"

LayNge

သူမလက်ထဲက ပန်းစည်းထဲက အရောင်စပ် Tulip ပန်းအရေအတွက်ကို ရေကြည့်လိုက်တော့ 10ပွင့်။သူမအရောင်စပ်ထဲမှာဆို ခရမ်းနဲ့အဖြူလေးစပ်တာကိုကြိုက်တာသူသိတယ် ထင်သည်။သူမ ပန်းစည်းလေးကြည့်ပြီးပြုံးနေခိုက် ဒုတိယတစ်ယောက်က Tulip ပန်းရောင်လေးတွေစည်းထားတဲ့ ပန်းစည်းလေးကမ်းပေးလာသည်။

"Pink Tulip အဓိပ္ပာယ်က ပျော်ရွှင်မှုတဲ့ ကိုယ်လေ Light

ကိုအမြဲပျော်နေတဲ့ကောင်မလေးအဖြစ်မြင်ချင်တာ
Forever Happy ဖြစ်စေခြင်းတယ်"

သူမလက်ထဲကို ပန်းတစ်စည်းရောက်လာလိုက်
သူပြောတာကို နားထောင်လိုက်နဲ့ ကိုမှာ
ဝမ်းသာလွန်းလို့ ပြောမပြတက်အောင်
ရင်ထဲကြည်နူးနေရသည်။သူမပြုံးပြီး
မျက်ရည်ဝဲနေခိုက်
ပန်းနောက်တစ်စည်းသူမလက်ထဲထည့်ပေးပြန်သ
ည်။ဒီတစ်ခါတော့ Tulip
အနီရောင်ပန်းစည်းလေးဖြစ်သည်။

"Tulip အနီရောင်က ပြီးပြည့်စုံတဲ့အချစ်တဲ့
အခုအချိန်အထိ ကိုယ် Light အပေါ်
ပြည့်စုံတဲ့အချစ်မပေးနိုင်သေးပင်မဲ့
ကိုယ်ကတိပေးနိုင်ပါတယ် ကိုယ်ကြောင့် Light
စိတ်မဆင်းရဲစေရပါဘူး"

သူမပုခုံးလေးကိုကိုင်ပြီး သူ့မျက်လုံးကို
တည့်တည့်ကြည့်စေကာ ကတိပေးနေတဲ့
ပါးကြောင့် သူမမျက်ရည်ကျလွယ်ခဲ့ပြီ။သူမ
ခံစားချက်အတိုင်း မျက်ရည်မကျခဲ့ရပဲ

ရင်ထဲမှာပဲခံစားခဲ့ရတာတွေ
ဒီအမျိုးသားနဲ့တွေ့မှလွတ်လပ်စွာ
ခံစားခွင့်ရခဲ့ပြီ။သူမ ဘဝရဲ့ကံဆိုးမူတွေ
ကုန်ပြီထင်ပါတယ်။ဒယ်ဒီ ဆီကမရတဲ့
မေတ္တာတရားတွေ ပါးဆိုတဲ့
အမျိုးသားလေးဆီကရနေပြီမို့.....။

သူမကို သူ Suprise လုပ်ပြီးတော့
ကန်တော်ကြီးထဲက ထိုင်ခုံတစ်ခုမှာထိုင်ကာ
သူမက သူ့ကိုတောင်အရေးမလုပ်နိုင်လက်ထဲက
Tulip ပန်းစည်းလေးတွေကြည့်ကာ ပြုံးနေတာကို

သူအသဲယားတာမို့ ပန်းကိုင်ဂုံကြည့်နေတာလေးကို
ဓာတ်ပုံရိုက်ထားလိုက်သည်။

"စုစုပေါင်း အပွင့် 60 ဆယ် 2 Months Anni"

"အရောင်လေးတွေက ကို Fav လေးတွေကြီးပဲ
Tulip ကမြန်မာနိုင်ငံမှာ ရှားတယ်"

ပန်းလေးတွေကို ကြည့်ပြီးစိတ်ချမ်းသာနေတဲ့
သူမကိုကြည့်ကာ
သူလည်းစိတ်ချမ်းသာရသည်။ကိုယ်ချစ်တဲ့သူပျော်

နေရင် ကိုယ်လည်းပျော်ရွှင်ရတယ်ဆိုတာ
ဒါမျိုးကိုပြောတာထင်သည်။

"လူကြီး "

နေ Hotel ကနားနေခန်းထဲ မ
ကနေ့လည်လာမယ်ဆိုတာကြောင့် စောင့်နေခိုက်
အခန်းထဲဝင်လာတဲ့ ပန်းရိပ်လွှာကြောင့်
ကုတင်ပေါ်လဲနေရာကနေ ထထိုင်လိုက်သည်။

"ဘယ်လိုဝင်လာတာလဲ !"

"မန်နေဂျာ ကိုမေးပြီး လာတာလေ"

"သွား ရုံးခန်းထဲက စောင့်နေ ငါအခုလာခဲ့မယ်"

နေ သူနားနေခန်းထဲအထိ ရဲရဲတင်းတင်းဝင်လာတဲ့
ပန်းရိပ်လွှာကို ရွံပါရွံလာရသည်။အပျိုစင်
မိန်းကလေးက
သူလိုအိမ်ထောင်သည်ယောကျ်ားမပြောနဲ့
လူပျိုယောကျ်ားလေးရှိတဲ့အခန်းကို
ဝင်သင့်မဝင်သင့်မစဉ်းစားဘူးလား။

"လူကြီး အတွက် နေ့လည်စာလာပို့တာပါ
စားကြမလား"

နေ သူနားနေခန်းကနေ ထွက်သွားရင်ပြီးရောဆိုတဲ့
စိတ်နဲ့ ခေါင်းငြိမ့်ပြလိုက်ပြီး...

"ငါ့ ရုံးခန်းထဲကစောင့်နေ လာခဲ့မယ်"

သူပြောတယ်ဆို နားနေခန်းထဲကနေထွက်သွားတဲ့
မိန်းကလေးကြောင့်

သူနေ့လည်စာစားဖို့လက်ခံမိပြီမို့ မကို
လာမပို့တော့ဖို့ ဖုန်းဆက်လိုက်သည်။

"Hello "

"..... "

" မရော အိမ်ကထွက်မလာရသေးရင်
မကိုမလာခိုင်းနဲ့တော့ ငါ့ Hotel
ကမှာစားလိုက်ပြီလို့ပြောလိုက် "

Lay Nge

"....."

"အင်း ဒါပဲ"

သူမဆီ ဖုန်းဆက်တာ မကထမင်းချိုင့်ပြင်နေတာမို့ နှိုင်းယှဉ်လာကိုင်တော့ သူ Hotel ကမှာစားလိုက်လို့ မလာတော့ဖို့ပြောခိုင်းကာ ဖုန်းချလိုက်ပြီး နားနေခန်းက သူ့ရုံးခန်းနဲ့ တံခါးတစ်ခုသာခြားတာမို့ ဖွင့်ဝင်လိုက်သည်။

သူရုံးခန်းထဲရောက်တယ်ဆို ဟိုမိန်းကလေးက
ဆိုဖာရှေ့က ခုံမှာ
သူ့စားဖို့ပြင်ပေးနေသည်။သူမျှင်လုံးထဲမှာတော့ မ
သူစားဖို့ပြင်ပေးနေတဲ့ပုံလောက်ရင်ခုန်ဖို့မကောင်း။
အဲ့နေရာမှာ သူ့မိန်းမလေးသာဆို
ပြေးနမ်းပြီတာကြာပေါ့။

"လူကြီး စားလို့ရပြီ"

သူအတွေးလွန်နေရာ ဆိုဖာနားသွားကာ
ထိုင်လိုက်ပြီး ဟင်းပွဲတွေကိုကြည့်လိုက်တာ

Lay Nge

စားချင်စရာကောင်းပင်မဲ့ သူစားရမှာ
စိတ်ကမသန့်။မ ကိုကြမလာနဲ့ပြောပြီး
တစ်ခြားမိန်းကလေးယူလာတာစားဖို့ကို
သူလက်တွန့်နေမိသည်။

"ဘာလို့လည်း မစားဘူးလား လူကြီး"

သူဘေးနားဝင်ထိုင်ကာ မစားဘူးလားမေးနေတာမို့
သူခရင်း နဲ့ ဇွန်းကို ကောက်ကိုင်ကာ အဲ့မိန်းကလေး
ချက်ထားတဲ့ပုံမပေါ်တဲ့ သူမကြိုက်ဆုံး ဟင်း
ပဲလင်းမြွေသီးအစာသွပ် ကို ပန်ကန်းထဲထည့်ပြီး

ထမင်းနဲ့ရောကာ
ပါးစပ်ထဲထည့်လိုက်သည်။သူအလိုမကျတဲ့
သူကကျွေးတာမို့ သူမကြိုက်တဲ့ဟင်းကို
သာရွေးစားသည်။သူ 3ဇွန်းလောက်စားပြီးတယ်ဆို
စားတာရပ်လိုက်တော့သည်။

"တော်ပြီ ဝပြီ ဒီလောက်စားပြီးတယ်ဆို
မင်းကျေနပ်ရောပေါ့"

သူမကို ဟန်ဆောင်နေတဲ့လူကြီးကို
အခွင့်ရေးရတုန်း

သူမစီစဉ်လာသလိုဖြစ်အောင်လုပ်ရမှာမို့
သူပြောတာကို ခေါင်းငြိမ့်လိုက်သည်။

သဘာဝ ရုံးခန်းတံခါးဝကနေမြင်နေရတဲ့
မြင်ကွင်းကို မယုံနိုင်စွာကြည့်နေမိသည်။အိမ်ကို
ဖုန်းဆက်တော့ Hotel ကိုမှာစားမယ်ပြောတဲ့ သူက
အခုတော့ ဟိုမိန်းကလေးပြင်ပေးတဲ့
နေ့လည်စာကိုစားနေသည်တဲ့။သူမကတော့
သူမနောက်ကျနေလို့
သူကောက်တော်မူနေပြီထင်ကာ
အမြန်ပြင်ပြီးလာလိုက်ရတာ။

သူမမျက်ဝန်းတစ်စုံက မျက်ရည်တွေက
ထိုမြင်ကွင်းကို ကြည့်ရင်း
မျက်ရည်တွေကကျလာတော့သည်။ချစ်ရတဲ့
ယောကျ်ားက သူမပြင်ပေးတာပဲ စားတယ်ဆိုတဲ့
မောင်က အခုတော့
တစ်ခြားမိန်းကလေးပြင်တာစားရဖို့အတွက်
သူမကိုတောင်
ညာပြီးဖုန်းဆက်ပြောရက်တယ်။လုပ်ရက်လိုက်တာ
မောင်ရယ် သဘာဝအပေါ်ကို လုပ်ရက်လိုက်တာ။

မောင်ပြောတော့ သဘာဝကို
အချစ်ဆုံးဆို။အရမ်းချစ်ပြခဲ့ပြီး အခုမှ သဘာဝကို
ချစ်ရတာ စိတ်ကုန်သွားတာလား။သဘာဝ
သူမကြည့်နေခိုက် သူတို့စားပြီးသွားတာ တွေ့တာမို့
သူ့ရုံးခန်းရှေ့ကနေပြန်လှည့်ထွက်လာလိုက်သည်။
ခြေလှမ်းတွေကသာ ပြန်လှည့်လာဖြစ်တာပါမောင်
သဘာဝစိတ်က
မောင်ထံပါးသာကျန်နေခဲ့တာပါ.....။

"လူကြီး နေ့လည်စာစားပြီးသွားပြီဆိုတော့ coffee
သောက်မလား ဖျော်ပေးမယ်နော်

ဟင်းချက်တဲ့အခန်းက

ဒီအခန်းအရှေ့ကမဟုတ်လား"

"မလုပ်....."

နေစကားကိုတောင်

ဆုံးအောင်နားမထောင်ပဲပြေးထွက်သွားတဲ့

ပန်းရိပ်လွှာကြောင့်

စိတ်ကတော်တော်အလိုမကျတော့။သူဆိုဖာပေါ်ထို

င်နေရာကထပြီး သူ့အလုပ်စားပွဲမှာပြန်ထိုင်ပြီး

computer ကိုကြည့်နေလိုက်သည်။

"ဟင် ပြန်လာပြီလား သမီး မာမီက ညနေသားနဲ့
အလုပ်ဆင်းချိန်မှအတူတူပြန်လာမယ်ထင်နေတာ"

သဘာဝ ဆွဲခြင်းကို ဆွဲကာ
ထမင်းစားခန်းထဲဝင်လာတော့ မေမေက
သစ်သီးခွဲနေရင်း သူမကိုတွေ့လို့ မေးတာကြောင့်
သူမငိုချင်နေတဲ့စိတ်ကို တင်းကာ....

"မေမေ သားပေါ့ သူက Hotel
ကမ္ဘာစားတယ်ဖုန်းဆက်တာကို

သမီးကနောက်တယ်ထင်ပြီးသွားပို့တာ
တကယ်စားနေပြီ"

"အဲ့တော့ သမီးကစိတ်ကောက်ပြီး
ပြန်လာတယ်ပေါ့"

ဒေါ်လက်ရာချွေးမဖြစ်သူလေးရဲ့သားအပေါ်
ဆိုးနွဲ့မှုက
အခုထိမပျောက်သေးတာလေးကိုကြည့်ကာ
သဘောကျနေမိသည်။

Lay Nge

"ဟုတ် မေမေ သမီးဒါပြီးမှ
ဆင်းပြီးလာဆေးတော့မယ်နော်
သူစိတ်ပူနေမှာဆိုးလို့ ဖုန်းဆက်ပြောမလို့"

"အင်း ရပါတယ် နှိုင်းယှဉ်တို့လုပ်လိမ့်မယ် သွားလေ
ကိုယ်တော်ချော အကြောင်းသိတယ်မဟုတ်လား"

သူမ မေမေကိုပြုံးပြကာ
ထမင်းစားခန်းထဲကထွက်လာလိုက်ပြီး
အပေါ်ထက်ကအခန်းကို
တက်လာလိုက်သည်။သူမတို့အခန်းထဲရောက်တယ်

ဆို တံခါးကို Lock ချကာ
ကုတင်ပေါ်သွားထိုင်လိုက်တော့.....

"ဟင့် ဟင့် ဟင့် သဘာဝအပေါ်ပြောင်းလဲနေတာ
ဒါကြောင့်လား ဟင့် ဟင့် မောင့်ကို
အဆုံးရှုံးမခံနိုင်ဘူး ဟင့် ဟင့် ချစ်တယ်ဆို
သဘာဝနဲ့ ခွဲရမှာ
သေလောက်အောင်ကြောက်တယ်ဆို ဟင့် ဟင့်
သဘာဝ ဘဝမှာ မောင်ပဲရှိတာပါ မထားခဲ့ပါနဲ့ ဟင့်
ဟင့်"

Lay Nge

သူမ
ရုံးခန်းထဲကမြင်ကွင်းကသူမမျက်ဝန်းထဲကမထွက်
တော့ပဲ ငိုပဲငိုနေမိသည်။အိမ်ထောင်သက်တမ်း 17
နှစ်လုံးမှာ သူ့ဆီက အကြင်နာတရားတွေနဲ့
သူမဘဝအရမ်းအေးချမ်းခဲ့ရသည်။အခုတော့
တတိယလူကို သဘာဝတို့
ကြားဝင်ခွင့်ပေးတော့မှာလား မောင်ရယ်....။

*ရှင်က လူကြီးရဲ့
ဆန္ဒတွေဖြည့်စည်းပေးနိုက်လို့လား*

ဆိုတဲ့ မိန်းကလေးရဲ့စကားသံတွေက သူမနားထဲ
ပဲ့တင်သံထပ်နေသည်။သူမ
မောင့်ဆန္ဒတွေဖြည့်စည်းပေးနိုင်လားမသိပင်မဲ့
မောင်လိုအပ်နေချိန်တိုင်း
ဖြည့်စည်းပေးခဲ့တာပါပဲ။သူမ ဘဝ
သူမခန္ဓာကိုယ်အကုန်လုံး
မောင်တစ်ယောက်ထဲပေါ်ကို
ပုံအပ်ခဲ့တာပါ။လွန်ခဲ့တဲ့ နှစ် 20 ကကိစ္စတွက်
ကလဲ့စားချေနေတာလားမောင်ရယ်.....။

ပါး နဲ့ သူမအခု
ပန်းခြံကနေခတစ်ခြားနေရာသွားဖို့အတွက်

လိုင်းကားတိုးစီးဖြစ်ကြသည်။သူမတို့
လိုင်းကားပေါ်ရောက်တော့
ခုံကတစ်ခုံပဲလွတ်တော့တာမို့ သူမကိုထိုင်ခိုင်းကာ
သူက သူမဘေးမက်တပ်ရပ်က
အပေါ်ကတန်းကိုကိုင်ထားသည်။အရွယ်ရောက်က
တည်းက ကိုယ်ပိုင်ကားပဲစီးလာခဲ့တာကြောင့်
ဒီလိုမျိုးလူတိုးစီးရတာကတစ်မျိုးပင်။ဒါပင်မဲ့ သူမ
နဲ့မို့ဘယ်လိုပဲပဲဖြစ်ဖြစ်အခြေခံလူတန်းစားတွေရဲ့
ဘဝကိုနားလည်ရတာပေါ့။

"ပါး ညောင်းနေပြီလား ပါးထိုင်လိုက်လေ ကို
မက်တပ်ရပ်နေပေးမယ်"

"ရပါတယ် Light ဘာသာအေးဆေးထိုင်နေ
ကိုယ်ကဘာမှမဖြစ်ဘူး မိန်းကလေးက
မက်တပ်ရပ်စီးစရာလား"

"ဒါဆို ဒီလိုလုပ်"

ဆိုကာ သူမက မက်တပ်ရပ်လိုက်ပြီး ပါးကိုဆွဲကာ
ခုံပေါ်ထိုင်ခိုင်းလိုက်သည်။ပါး
ခုံပေါမထိုင်ပြီးတယ်ဆို သူမက
ပါးပေါင်ပေါ်ထိုင်လိုက်တော့ ကားပေါ်မှာ

ပါတဲ့လူတွေကြည့်နေတာသိပင်မဲ့
နှစ်ယောက်ထဲတစ်ကမ္ဘာသာမှတ်ထားလိုက်သည်။

နေတစင်း သူမရဲ့ပုံစံလေးက
တကယ်တမူထူးခြားတဲ့သူလေးမို့
သူမှာသူမလေးကိုကြည့်ကာ
အမြဲရင်ခုန်ရသည်။တကယ်ကို
ယောကျ်းတစ်ယောက်က ကိုယ့်ကိုပြုစုမဲ့
မိန်းကလေးတစ်ယောက်လိုကိုလိုအပ်တယ်ဆိုတာ
သူလက်ခံမိသည်။နေတစင်းသူ့အပေါ်ထိုင်နေတဲ့
Light ရဲ့ခါးလေးကိုဖက်ကာ

သာမာန်အခြေခံလူတန်စားတွေဘဝလို
ဖြတ်သန်းနေမိသည်။

"Light ကိုယ်တို့အတွက် ဒီလိုဖြတ်သန်းရတာ
အဓိပ္ပာယ် ရှိတယ်လို့မြင်လား"

"အင်း ဘဝကိုဒီအတိုင်း
ရိုးရိုးလေးပဲဖြတ်သန်းချင်တယ် ပိုက်ဆံက
လူကိုပျော်ရွှင်စေတယ်ဆိုတာ
တစ်ချို့နေရာတွေအတွက်မှန်ပင်မဲ့
အကုန်မှန်မနေဘူးလေ ပိုက်ဆံရှိပြီး

Lay Nge

ပျော်ရွှင်မှုမရှိတဲ့ ကို တို့မိသားစုလို့မျိုးဆို
ပိုက်ဆံရှိလဲ အလကားပဲ"

"ဟုတ်တယ် ကိုယ်လည်းလေ
စိတ်ချမ်းသာမှုပဲလိုချင်တာ ပူလောင်တာတွေကို
မကြိုက်ဘူး ကိုယ်တို့နှစ်ယောက်ကြားထဲ
ဘာကိစ္စပဲဖြစ်ဖြစ် ပွင့်လင်းကြမယ် အဲ့တာက
Relationship တစ်ခုအတွက်အဓိကကြတယ်"

ပါးပြောတာက တကယ်ဘဝရဲ့အမှန်တရားတွေမို့
သူမခေါင်းငြိမ့်ပြလိုက်မိသည်။ပူလောင်တာတွေ

သူမ ဒီလောက်ပဲခံနိုင်တော့သည်။သူမချစ်တဲ့ ပါး
နဲ့ကတော့ အချစ်တွေနဲ့ ဘဝရဲ့ခရီးကို
အတူတူရင်ဆိုင်ဖြတ်သန်းချင်တော့တယ်.....။

"ကျစ် ! ပူလိုက်တာ ဘာဖြစ်တာလဲ"

အလုပ်ခုံပေါ်မှာ သူမဖျော်တိုက်တဲ့ coffee
အအေးသောက်ပြီးသွားတော့ ပြောင်းလဲလာတဲ့
လူကြီး အခြေအနေကို
လူကြီးအလုပ်စားပွဲရှေ့ကခုံပေါ်ထိုင်ရင်းကြည့်နေမိ
သည်။

"လူကြီး မအိပ်ချင်တဲ့ ကျွန်မနဲ့မကြာခင်အတူတူ
အိပ်ရတော့မှာ "

သူမအကြံစည်တွေအလုပ်ဖြစ်တာမို့ လွှာပြုံးရင်
စိတ်ထဲကပြောလိုက်သည်။သူမဘက်ကသာအစစ်
အမှန်တွေပေးခဲ့ပင်မဲ့ ဟန်ဆောင်နေတာမို့
သူမလည်းထိခိုက်အောင်လုပ်ဖို့
ဝံ့မလေးတော့ပြီ။အစက
သူတို့အိမ်ထောင်ရေးထိခိုက်အောင်ထိမလုပ်ချင်ပင်

မဲ့ အခုတော့
လူကြီးချစ်တဲ့မိန်းမနဲ့ကွဲအောင်ကိုလုပ်မှာ။

"တောက်စ့် ဟာ ကွာ မင်းငါသောက်တာထဲ
တစ်ခုခုထည့်လိုက်တယ်မဟုတ်လား"

လူကြီးအသံကတစ်ခုခုကို
လိုချင်တပ်မတ်နေတဲ့အသံမို့
လွှာကဘာမှမပြောတော့ပဲ လူကြီးနားထသွားကာ
ပုခုံးကို ပွတ်ပေးလိုက်သည်။ပုံမှန်လူကြီး ရဲစိတ်နဲ့ဆို
သူမထိရင် လက်ခံချင်မှာ

လက်ခံလိမ့်မည်အခုတော့ သူပုခုံးပေါ်ပွတ်နေတဲ့ သူမလက်ကို ဆွဲလုံက်တဲ့လူကြီး~~~

"ငါမင်းကို လိုအပ်နေပြီ"

~~~~~~~~~~~~~~~~~~~~

တစ်တွဲကတော့ Ro တယ် ဗျ.....တစ်တွဲကတော့ ငိုနေရ 🌿 😢

Lay Nge
~~~~~~~~~~~~~~~~~~~~

ကျွန်မလည်း နေတို့ကို 💔 ရေးလို့ထင်တယ်
ချက်ခြင်းကိုအသဲကွဲနေရပါပြီ 😥 😥

comment လေးတွေဝေဖန်ပေးကြပါဦး

comment 100 နဲ့ Like 700 ရရင် မနက်ဖြန်
2part လာပေးပါ့မယ် 🤍 ⚡

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

part~52~~~

"အင့်.....ဟင်"

သဘာဝအိပ်ရာကနိုးလာတော့
သူမစိတ်မကောင်းကဖစ်ပြီးဝမ်းနည်းနေပင်မဲ့
ညကထမင်းစားပြီးတဲ့အချိန်တောင်ပြန်မရောက်
လာသေးတဲ့ မောင့်ကို စောင့်ရင်အိပ်ပျော်သွားရာက
အခုနိုးတော့ လက်ကလည်း သူအိပ်တဲ့နေရာကို
စမ်းတော့ အေးစက်နေတာကြောင့်
မျက်လုံးဖွင့်ကြည့်လိုက်တော့ သူမရှိ။

"မောင် !"

သူမလှဲနေရာက ထကာ
သူပြန်မလာတာလား။သူမထက်အရင်နိုးပြီး
အောက်ထပ်ဆင်းသွားတာလား။သူမရင်ထဲမှာလ
ည်းအတွေးပေါင်းများစွာနဲ့။သူမမျက်နာလေးကလ
ည်း ချက်ခြင်းစိုးရိပ်ခြင်း ဆုံးရှုံးရမှာကြောက်တဲ့
စိတ်တွေကြောင့် ပါးထက်မျက်ရည်တွေက
ထက်ကျရပြန်သည်။သူမကျနေတဲ့မျက်ရည်တွေသု
တ်ကာ ရေချိုးခန်းထဲမျက်နာဝင်သစ်ပြီး

အောက်ထပ်ကိုဆင်းလာတော့ နှိုင်းယှဉ်တို့
မနက်စာပြင်နေတုန်းရှိသေးသည်။

"မမ နိုးပြီးလား ဒီနေ့နောက်ကျတယ်နော် "

ထမင်းစားခန်းထဲဝင်လာတဲ့ သူမကိုတွေ့တယ်ဆို
နှိုင်းယှဉ်တို့ကမေးတော့~~

"အင်း နင်တို့အစ်ကိုလေးရော ဆင်းလာပြီးလား"

LayNge

"မဆင်းလာသေးပါဘူး မမ"

ဒါဆို မောင်

ညကတစ်ညလုံးပြန်မလာခဲ့ဘူးပေါ့။သူပဲ

သူမမရှိရင်တစ်ညတောင်မနေနိုင်ဘူးဆိုတဲ့သူက

သူမအစားတစ်ခြားမိန်းကလေးကြောင့်

နေနိုင်သွားပြီလား မောင်။သူမဘဝမှာ အချစ်ရဆုံး

အတွယ်တာရဆုံးက မောင်။သားကိုတောင်မှာ

အချိန်တန် ချစ်ရသူကိုတွေ့ရင်

သူမကိုထားသွားမှာဆိုပြီး ဖြေသိမ့်ခဲ့တဲ့အပြင်

သူမအနားမှာ

မောင်တစ်ယောက်ထဲပဲရှိမှာထင်ခဲ့တာ။သူမအသက်

ကြီးလာတာက
သဘာဝတရားအရလူတိုင်းဆိုတာနားလည်ပင်မဲ့
မောင့်အနားမှာရှိဖို့
သူမအရင်အချိန်တွေသာပြန်လိုချင်လာသည်။

"မမ နေမကောင်းဘူးလားဟင် နားနေလိုက်ပါလား
မျက်နာလေးကဖြူဖျော့နေတာပဲ"

ယမုံပြောတာကို သူမပြုံးပြပြီး ခေါင်းရမ်းက ဖေဖေ
တို့ မေမေ တို့စားဖို့သူမပြင်ပေးဖို့လုပ်ရသည်။

နှိုင်းယှဉ်တို့လည်း
မျက်နာသိသိသာသာပျက်ယွင်းနေတဲ့
မမပုံစံကိုကြည့်ကာ
ဘာဖြစ်နေလဲခန့်မှန်းမရ။အရင်နေ့တွေကဆို
မနက်စာပြင်ဖို့ဆင်းလာရင် သနပ်ခါးအမြဲလူးလာတဲ့
မမက အခုမျက်နာပြောင်နဲ့မို့ ပိုအံ့သြရသည်။

သူမတို့ မနက်စာပြင်နေခိုက် မေမေတို့ရော
သားရောပါ
ထမင်းစားခန်းထဲဝင်လာသည်။သူမလည်း
စားဖို့ဆင့်သင့်နေရာချပေးပြီးတာမို့
သူမစားမဲ့နေရာဝင်ထိုင်လိုက်သည်။

ဒေါ်လက်ရာ မနက်စာဝိုင်းဝင်ထိုင်တယ်ဆို
ချွေးမဖြစ်သူမျက်နာက
အရင်နေ့တွေလိုမဟုတ်တာရယ် သားဖြစ်သူညက
ပြန်မလာတာ သိတာမို့~~~

"သမီး ညက နေမင်းလက်ရာ
ပြန်မလာဘူးမဟုတ်လား"

"ဟို မောင်က...."

Lay Nge

"မကာကွယ်ပေးနဲ့သမီး
ဒီကောင်ပြန်မလာဘူးဆိုတာတောင်ဖုန်းမဆက်ဘူး
လား ပြန်လာပါလေ့စေဦး! "

သူမ မောင်ပြန်မလာတာ
သိမှာဆိုးလို့လိမ်ပြောမလို့ပြင်လိုက်ပင်မဲ့ မေမေက
သိပြီးသားထင်သည်။သူမလည်း
ဘာမှမပြောတော့ပဲပြင်ထားတဲ့ မနက်စာကိုသာ
မိသားစုတွေရှိတာမို့ရဝင်အောင်စားနေရသည်။

"မင်းတမင် ကြံစည်ထားတဲ့ကိစ္စ
မိန်းမဖြစ်ပါစေဦး ငါ့ဘဝမှာ ငါ့လက်တွဲဖော်
ငါ့အိမ်ထောင်ဖက်ပဲရှိတယ် ရိုင်းရိုင်းပြောရရင်
အပြင်ကမိန်းမမှ
မင်းပြောတဲ့ငါ့ဆန္ဒဖြည့်စည်းပေးနိုင်တာမဟုတ်ဘူး
အိမ်ကငါ့ဇနီးကလည်း မိန်းမ ပဲဆိုတာ မမေ့နဲ့ !"

နေရဲ့အားမနာတမ်းလူအများရှေ့ပြောထွက်လာတဲ့
အသုံးအနှုန်းတွေကြောင့်
ပန်းရိပ်လွှာမျင်ရည်တွေပါးပေါ်မှာစီးကျနေသည်။

"လူကြီးက အန်ကယ်ကို
နှိုင်ချင်တာနဲ့မိန်းကလေးတစ်ယောက်အချစ်ကို
ခုထုံးလုပ်တာ မိန်းမဆန်တယ်"

"ဆန်တယ်ဆိုရင်ရော ဘာပြောမလည်း
ဟမ်!ငါ့ကမင်းစကားတစ်ခွန်းနဲ့

အရည်ပျော်သွားမဲ့အထဲမပါဘူး အခုအချိန်မှာ
မင်းဘဝမင်းဘယ်လိုကယ်ရမလည်း စဉ်းစားထား!"

ဆိုကာ မျက်နှာအနေအထားက
လည်ပင်းကြောတွေထောင်နေအောင်
အံ့ကိုကြိတ်ထားတဲ့ နေကို ကြည့်က
ဒီအတိုင်းပြောနေလို့လည်းမထူးတော့မှန်းသိတဲ့
ရှိုင်းထက်မြတ်က ဒူးထောက်ချလိုက်သည်။

"သား ရှိုင်းထက်မြတ်!"

"ကိုရှိုင်းထက်မြတ် !!"

ဦးနေမင်းတို့ လင်မယားမှာလည်း သားဖြစ်သူ
နေမင်းလက်ရာ
ဘယ်လောက်တောင်အကြောတင်းလည်းဆိုတာအ
ခုမှသူတို့ထင်ထားတာထက်ပိုမှန်းသိရသည်။

နေအကုန်လုံးဆီကအသံထွက်လာတည်မို့
လှည့်ကြည့်လိုက်တော့ ရှိုင်းထက်မြတ်က
ဒူးထောက်ထားတာကြောင့်
မျက်နှာအနေအထားပိုတင်းသွားရသည်။

"မောင် !

သဘာဝတို့ပြဿနာတွေဒီမှာတင်ရပ်ရအောင်နော်

တောင်းပန်ပါတယ် သဘာဝမိသားစုအစားမောင်ကို

တောင်းပန်ပါတယ် ဟင့် "

"မိသားစု ဟုတ်လား ! ခင်များမိသားစုက

ရှိုင်းထက်မြတ်လား ကျုပ်ကရောသူစိမ်းလား !!"

နေဒေါသထွက်နေရကြားထဲ ရှိုင်းထက်မြတ်ကို

မိသားစုလို့သုံးလိုက်တဲ့ မကြောင့် ဒေါသထွက်ကာ

Lay Nge

အော်လိုက်တော့

မခန္တာကိုယ်လေးတုန်သွားတာသိပင်မဲ့

သူဒေါသလျော့ဖို့စိတ်ကူးမရှိတော့....

"ဘာလဲ သိပ်ကိုမိသားစုကိုတွယ်တာနေတယ်ပေါ့

ဘာဖြစ်ချင်တာလဲပြော ! "

သဘာဝလည်း သိပ်ချစ်ရတဲ့အမျိုးသားကို

တစ်ခြားသူတွေအမြင်မှာလူယုတ်မာလို့မမြင်ဖို့

အတက်နိုင်ဆုံးကာကွယ်ဖို့ကြိုးစားရမည်။

"မောင် အဲ့ Vedio ကို Social မှာတင်မယ်ဆို
သဘာဝ....မောင်နဲ့မနေတော့ဘူး
ကွာရှင်းရလိမ့်မယ်"

ဒီစကားကမောင်နာကျင်မယ်မှန်းသိပါတယ်မောင်။
သဘာဝပြောတာကိုနားထောင်မယ်လို့ယုံကြည်မိ
နေတယ်။ဒီတစ်ခါလေးသဘာဝပြောတာနားထောင်
ပြီး သဘာဝတို့မိသားစုလေး
ပျော်ပျော်နေသွားကြမယ်မောင်။

"မေမေ!!"

နေတစင်းဆီကစကားသံထွက်လာပင်မဲ့
နေဆီကတော့
ဘာအသံမှာထွက်မလာ။ရက်စက်လိုက်တာ
လုပ်ရက်လိုက်တာ။သူမအပေါ်ထားတဲ့သူ့အချစ်ကို
သိလိုခုထုံးလုပ်တာ။သူသေလောက်အောင်ချစ်မှန်း
သိလို့ ဒီလိုစကားပြောတာ။သူအနှစ်
20လောက်ချစ်ပေးခဲ့တာတွေက
ဒီလိုခွဲခွာခွင့်တောင်းခံရဖို့တဲ့လား။

Lay Nge

"ဘာလို့လဲ မေမေဘဝမှာ သားနဲ့
ဖေဖေကအရေးမပါဘူးလား! သားကရော
မေမေလိုလိုချင်ချင်ရခဲ့တဲ့
ကလေးမှာမဟုတ်ရဲ့လား"

နေတစင်း မေးတာကို
သဘာဝအခုအချိန်နားထဲမဝင်။သူမအာရုံက
သူမချစ်တဲ့သူဦးတည်းသောသူ့ထံပါးတွင်သာရှိသ
ည်။သူမ မောင်လက်ကို ကိုင်လိုက်ပြီး....

"သဘာဝစကားနားထောင်မယ်မဟုတ်လား ဟင်"

"အင်း နားထောင်မယ် ကွာရှင်းပေးမယ်
ကျုပ်ကတော့ကျုပ်လုပ်စရာရှိတာဆက်လုပ်မှာပဲ!"

ဦးနေမင်းတို့လည်း
ချွေးမလေးလုပ်နေတာဘာကြောင့်လဲသိတာကြောင့် ဘာမှဝင်မပြောသေးက
သူ့မိန်းမစကားနားထောင်မယ်မျှော်လင့်ခဲ့ပင်မဲ့
မထင်ထားတာကို နားထောင်ခဲ့တာ။

Lay Nge

သဘာဝ

ရန်ငြိုးထက်သူမပြောတာကိုစိဆ်မကောင်းဖြစ်ပြီးရဲ့တာကိုသူမသိသည်။သူမစိတ်တွေတွေဝေတာတွေတော်သင်ပြီ။သားပြောသလိုပဲ မောင် နဲ့ သားသာလျှင်သူမမိသားစု။

"ဟင်အင်း သဘာဝကဒီအတိုင်းပြောတာမောင် သဘာဝမောင်နားကဘယ်မှာသွားမှာမဟုတ်ဘူး"

"လူကြီးက
သူများကိုအကြင်နာတရားရှိဖို့နေနေသာသာ
ကိုယ်မိန်းမက ကိုယ်အတွက်ပြောနေတာ...."

ပန်းရိပ်လွှာ
ဒီထက်လည်းအရှက်ပိုကွဲစရာမရှိတော့တာမို့သူများ
လင်မယားကြားသွေးထိုးစကားဝင်ပြောတော့
သူစကားတောင်အဆုံးမခံပဲ သဘာဝက.....

"ဒီလိုဖြစ်လာရတာတွေကဘယ်သူ့ကြောင့်လည်း
နင့်ကြောင့် ငါတို့သာယာနေတဲ့အိမ်ထောင်ရေးကို

ဖျက်လို့ဖျက်စီးလုပ်နေတာနင်လေ မောင်က
နင့်အဖေအရွယ်မဟုတ်ရင်တောင်
နင်ဦးလေးအရွယ် အဲတာကို
ငါတို့အိမ်ရှေ့ညကြီးအချိန်မတော်မိန်းကလေးတန်မဲ့
ငါ့ယောကျ်ားကိုလာပိုးတာလေ!"

သဘာဝပြောမှ
ရှိုင်းထက်မြတ်မသိသေးတဲ့ကိစ္စတွေပါအကုန်ပေါ်
လာတာကြောင့်
မျက်တာကပျက်သည်ထက်ပိုပျက်ရသည်။ဦးထက်
မြတ်သည်လဲပဲ မြေးဖြစ်သူက
သမီးတို့မိသားစုပေါ်လုပ်ရက်ကအကျည်းတန်လွန်

တဲ့တွက်
နေမင်းလက်ရာဒီလိုလုပ်တာလွန်ရာမကျတော့။

"ပြီးတော့ နင်မနေ့ကပဲငါ့ဆီကို
ဒီဓာတ်ပုံတွေနဲ့လာခြိမ်းခြောက်သွားတာသိမှပေါ့
မောင်ကိုနင်ဟာလိုလိုပြောသွားတာ
အိမ်ထောင်ရှိတဲ့ယောကျ်ားကိုရယူချင်နေတာ
မင်းအဆင့်ဘယ်လောက်ရှိလဲသိမှာပေါ့"

"ဘာလဲ သူကဓာတ်ပုံတွေနဲ့"

နေကနားမလည်သလိုမေးတော့
သဘာဝကခေါင်းငြိမ့်ကာ.....

"ဟုတ်တယ်မောင်။ သဘာဝကိုဓာတ်ပုံတွေပြပြီး
သူလာပြောတာ။ ပြီးတော့ မောင်ဆီတောင်သူက
ဖုန်းဆက်ပြသေးတယ်"

"သိပြီ မင်းအဲ့တုန်းကဖုန်းဆက်တာက တောက်စ့် !
ငါအမုန်းဆုံးက
သစ္စာဖောက်တာပဲ။ငါတည်ထောင်ထားတဲ့အိမ်
ထောင်ရေးတစ်ခုကိုမင်းလိုဟာမမျိုးအတွက်နဲ့ဖျက်

စီးရအောင်ငါမရူးသေးဘူး။မင်းတော်တော်ယုတ်မ
တဲ့ မိန်းမယုတ်ပဲ!"

သူအခုမှ
မိန်းမဖြစ်သူဘာလို့သူကိုဆက်ဆံပုံတွေပြောင်းလဲ
ရာတဲ့အကြောင်းအရင်းပါပေါ်လာတာမို့
ဒီမိန်းကလေးအသက်လေးငယ်ငယ်နဲ့
သူများမိသားစုကိုကွဲကွာအောင်လုပ်တဲ့အပြင်သူ
များ ကာမပိုင်ယောကျ်ားတောင်မရှောင်မှတော့
ဒီလိုလုပ်ရက်ကမပြောပလောက်။နေဒါသက
ထိန်းမရသိမ်းမရဖြစ်လာကာ

မိန်းမတွေဘာတွေမမြင်နိုင်
လက်ပြန်ရိုက်ချလိုက်သည်။

"ဟဲ့ သမီး
နေမင်းလက်ရာနင်ဘယ်လိုလုပ်လိုက်တာလဲ!!"

နေလက်ပြန်ရွယ်လိုက်တာ ပန်းရိပ်လွှာဆိုပင်မဲ့
ဝင်အရိုက်ခံလိုက်တဲ့သူက
သဘာဝပင်။သူရိုက်ချက်ကဘယ်လောက်တောက်
အားထည့်ထားလည်းမသိ

Lay Nge

မကခွေခွေလေးလှဲသွားတယ်ကြောင့် သူထိုင်ပြီး
သူမကိုယ်လေးကိုပွေ့လိုက်ကာ....

"မ မ ကျစ်
ဘယ်တော့ဖြစ်ဖြစ်သူများတွေအတွက်ကြည့်တယ်
ကျွန်တော့်ဘက်ဆိုဘယ်တော့မှမကြည့်ဘူးဗျာ"

ဆိုကာ သတိလစ်နေတဲ့
မကိုကောက်ပွေ့ကာလက်ထဲက USB ကို
ဒူးထောက်နေတဲ့ ရှိုင်းထက်မြဆ်ရှေ့ပစ်ချထားခဲ့ကာ

သူ့မိန်းမကိုချီပြီး

ည့်ခန်းထဲကထွက်သွားတော့သည်.....။

~~~~~~~~~~ ♥ ♥

နေ သူလက်နဲ့ပထမဆုံး မရဲ့ပါးကို

ရိုက်လိုက်မိတာကြောင့်

မရည်ရွယ်ပဲဖြစ်သွားတာတောင်သူမှာ

ရင်ဘက်ကြီးတစ်ခုလုံး

နာကျင်နေရတာ။တမင်တာရိုက်လိုက်မိလို့ကတော့

သူကိုယ်သူဘာလုပ်မိမယ်မှန်းမသိ။သူလဲနှိုင်တယ်
~~~~~~~~~~

သူမပျော်ရွှင်ဖို့ဆို
သူအရာအားလုံးနဲ့လဲနိုင်ပါတယ်။အခုလည်း
သူမဘက်ကကွဲကွာမယ်ပြောလိုက်ယုံနဲ့
သူလုပ်မဲ့ကိစ္စကို လက်လျော့လိုက်တာ
ဘာကြောင့်ထင်လဲ အဲဒါခင်များကို သိပ်ချစ်လို့ မရဲ့။

"ဟေ့ကောင် နေဝင်ခဲ့မယ် ငါရောက်ပြီ"

သူမပါးလေးကိုကိုင်ပြီး အတွေးလွန်နေရာက
အပြင်က သူရိန်ဘုန်းထက် အသံကြောင့်...

"အေး ဝင်ခဲ့"

သူရိန်ဘုန်းထက်ဆိုတာ သူ့ထက်
၆နှစ်လောက်ငယ်တဲ့သူငယ်ချင်း။စတိတ်ကျောင်းမှာ
ကတည်းက ကိုယ်ကစီနီယာ
သူကဂျူနီယာအနေနဲ့ခင်ခဲ့တာ။ကိုယ်ကသူ့ထက်အ
တန်းကြီးတော့ ဆယ်တန်းအောင်ပြီးတယ်ဆို
စင်ကာပူ၊လန်ဒန်၊နယူးယောက်
စတဲ့တည်နေရာမမြဲပင်မဲ့
စီးပွားရေးဘွဲ့ကိုယူခဲ့သည်။အဲ့အချိန်တွေကတည်း
က ဒင်း နဲ့သူက အခုအထိအဆက်မသွယ်မပြတ်ပဲ
ညီအစ်ကိုတွေလိုနေခဲ့တာ။သားကို

ကားနဲ့တိုက်ကောင်တွေရဲ့ဆေးမှတ်တမ်းကိုလည်း
ဒီကောင်ဆီကပဲသူရခဲ့တာ။

"နေ မင်းဘာလုပ်ထားတာလည်း
ပါးရိုက်ထားတာတော့မဟုတ်ဘူးမဟုတ်လား"

သူရိန်ဘုန်းထက် မေးတာကို သူခေါင်းငြိမ့်ပြလိုက်
ရဲနေတဲ့သူမပါးလေးကိုတစ်ချက်ကြည့်ပြီး
အကြည့်လွဲလိုက်ကာ...

"အင်း ဒါပင်မဲ့မတော်တစပဲ
ငါရိုက်တာသူမမဟုတ်ဘူး
တစ်ခြားမိန်းမကိုရိုက်တာ မ ကဝင်ခံလိုက်တာ"

"ဟာ နေ မင်းမင်းက တော်ချက်ကွာ !"

အတည်ပေါက်စကားပြောနေရာကနေ
ထဖောက်တဲ့ သူရိန်ဘုန်းထက်ကြောင့်
နေကအသည်းသန်ဖြစ်သွားရကာ...

"ဘာလဲကွာ မင်းဟာက
တည့်ပြောစမ်းငါ့မိန်းမဆေးခန်းသွားဖို့လိုလား !!"

"အင်း လိုတယ်"

"ဒါဆိုအခုသွားမယ်
ခွေးကောင်အဲတာကိုတည့်မပြောတာ xီးလိုပဲ"

ဆိုကာ သူမိန်းမကိုအတင်းပွေ့ဖိုကြိုနေတဲ့သူကို
ကြည့်ပြီး တဟားဟား ထရီကာ...

Lay Nge

"ဟား ဟား တော်သေးတာပေါ့
ကလေးတစ်ယောက်အဖေမို့ ငါ့မပြောချင်ဘူး
မင်းမိန်းမက မင်းရိုက်တာထက် က
ကိုယ်ဝန်ကြောင့် မူးလဲတာဆိုပို့မုန်မယ်"

"ဘာ!!"

နေမျက်နာက အတွေးပေါင်းစုံနဲ့
ပြည့်နေတဲ့မျက်နာထား။ဘယ်လိုလုပ်ဖြစ်နိုင်မှာလ
ည်း မအသက်က 40ကျော်နေပြီဟာကို။

သူရိန်ဘုန်းထက် ငြိမ်ကြသွားတဲ့နေကို
အံ့ဩနေမှန်းသိတာမို့...

"နေ
အံ့ဩမနေနဲ့အသက်ကြီးမှကလေးရတဲ့သူအများ
ကြီးပဲကွ အကြီးကောင်က
ဘယ်လောက်ရှိပြီလည်း"

"19 ကျော်ပြီ 20ထဲမှာပေါ့
အောက်ထက်မှာမင်းမတွေ့ခဲ့ဘူးလား!"

LayNge

သူရိန်ဘုန်းထက်
ဒီကောင်ဘာတွေဒေါသထွက်နေလည်းမသိပင်မဲ့
အသံမကောင်းတာတော့သည်မို့ မစတော့ပဲ
အတည်ပြောဖို့ကြံရသည်။

"နေ ဂရုစိုက်ပါကွာနော်။
အခုအသက်နဲ့မင်းကလေးလွယ်ပေးတယ်ဆိုတော့
မင်းအပေါ်အတော်ချစ်ပုံပဲဟ ဒါဆိုငါပြန်တော့မယ်
မင်းမျက်နာကြည့်ပြီး
မိန်းမယူချင်စိတ်ပါပျောက်တယ်"

ပြန်ခါနီးတောင် စသွားသေးတဲ့ကောင်ကို
ရန်မလုပ်အားသေးပဲ
သူမအနားကထကာသူ့အလုပ်စားပွဲမှာထိုင်ပြီး
ဖုန်းထုတ်ကာ Google ကနေ
ကိုယ်ဝန်သည်တွေအကြောင်းကို
ရိုက်ရှာဖတ်နေတော့သည်။သားရှိတာမှန်ပင်မဲ့
သားမွေးတုန်းကနဲ့
သားကိုယ်ဝန်လွယ်ထားတုန်းကသူမှရှိမနေခဲ့တာ။

သဘာဝ
သတိရလာတော့ပါးကနာနေတာမို့မျက်နာလေးမဲ့
သွားရကာထထိုင်လိုက်တော့ခေါင်းကလည်းမူးနေ

သေးသည်။သူမဘေးပတ်လည်ကိုကြည့်လိုက်တော့
မောင်က
သူ့အလုပ်ခုံမှာရုပ်တည်ကြီးနဲ့ထိုင်နေတာကြောင့်
မူးနေတဲ့ခေါင်းကိုရမ်းလိုက်ကာ
ကုတင်ပေါ်ကဆင်းလိုက်ပြီး
သူ့အနားလျှောက်သွားလိုက်သည်။

"မောင် "

သူမ မောင်လို့ခေါ်လိုက်တော့
သူမကိုမော့ကြည်လာကာ....

Lay Nge

"ရှိုင်းထက်မြတ် တို့အောက်မှာရှိတယ်
လိုက်သွားချင်လိုက်သွားလို့ရတယ် ကျွန်တော်
ကွာရှင်းစာချုပ်ပို့ပေးလိုက်မယ်"

မောင့်စကားကြောင့်
သူမရင်တစ်ခုလုံးတုန်လှုပ်သွားရပြီးနောက်. .....။

~~~~~~~~~~~~~~~~~~ 🌷 🌷 🌼

Lay Nge
~~~~~~~~~~~~~~~~~~

Suprise {စတာ

ညကြအိပ်ပျော်သွားမှာဆိုးလို့စောစောတင်ပေးတာ
ပါ}

မေ acc က share တာပိတ်ခံထိထားတာ 7ရက်မို့
ညကလို့ ချစ်သည်းတို့ share
ပေးကြပါဦးနော် 🌟 🌼 🌷

ကိုယ်ချစ်ဆုံးတွေက တကယ်ချစ်ဖို့ကောင်းတယ်
ညကလည်း comment
အများကြီးမန့်ကြတယ် 🌼 🌷

LayNge

ဘယ်သူညလည်းပေါ် ပြီးနော် ဟွန်း🌟 🌷

OBJ

📘 The Sun Of Flower {Season 2} 📘

🌞နေနှစ်စင်းရဲ့ချစ်ပုံပြင်🌞

part~57~~~

LayNge

"ရှိုင်းထက်မြတ် တို့အောက်မှာရှိတယ်
လိုက်သွားချင်လိုက်သွားလို့ရတယ် ကျွန်တော်
ကွာရှင်းစာချုပ်ပို့ပေးလိုက်မယ်"

သူမမောင့်စကားကြောင့် မူးနေတဲ့ကြားက
ခေါင်းကိုရမ်းကာ မျက်ရည်တွေကျလာရပြီး
သူမပြောခဲ့တာ
ဘာကြောင့်လည်းဆိုတာပြောပြဖို့ကြိုးစားပင်မဲ့
ခေါင်းကပိုမူးတာကြောင့် လဲကျတော့မှာကို
သူဆွဲလိုက်တာမို့ သူအပေါ်ထိုင်ရပ်ကြသွားရသည်။

နေစိတ်မကောင်းဖြစ်သွားရသည်။နေ
ဒီလောက်အားနည်းနေတဲ့ မကိုထက်ပြီး
ဝမ်းနည်းအောင်မလုပ်ချင်တာကြောင့်....

"တော်တော်မူးနေတာလား ဆေးခန်းသွားမလား
OG ဆီသွားမလား"

သူစကားကြောင့်
သူမကနဖူးလေးမှာချွေးလေးတွေထွက်နေတဲ့မျက်
နာလေးနဲ့ခသူကိုနားမလည်တဲ့မျက်ဝန်းတွေနဲ့
မော့ကြည့်ရှာသည်။

"OG ဆီဘာဆိုင်လို့သွားရမှာလည်း "

"ခင်များ ဗိုက်ထဲမှာကလေး ရှိနေတယ်တဲ့ ခဏက ဆရာဝန်လာသွားတာပြောသွားတာ"

မောင့်ပြောတဲ့စကားက သူမဘယ်လောက်တောင် ပျော်နေလည်းပြောပြမရပင်ပဲ့
လက်ကလည်းသူမဗိုက်လေးကို
ကိုင်မိလျက်သား။ဒါပင်မဲ့

မောင်မျက်နာကိုကြည့်တော့
ပျော်နေတဲ့ပုံမပေါ်တာကြောင့်....

"မောင် သဘာဝကိုစိတ်ဆိုးနေတာလား ဒါမှမဟုတ်
စိတ်နာသွားတာလား သဘာဝ
မောင့်အတွက်ပြောတာပါ
သူတို့ဘက်ကနေပြောတာမဟုတ်ပါဘူး"

သူမက
သူစိတ်ဆိုးမှာဆိုးလို့ရှင်းပြနေပင်မဲ့ါသူမှစိတ်မဆိုး

LayNge

တော့တာ။ခွဲသွားမယ်ဆိုတဲ့စကားကတော့
သူရင်ထဲတကယ်မကောင်းဘူးပေါ့။

"ခင်များကိုစိတ်ဆိုးနေတယ်လို့ပြောမိလား"

"အဲ့
ခင်များဆိုတာကြီးကစိတ်ဆိုးနေတာမဟုတ်ဘူး
လား ပြီးတော့
ဘာလို့မျက်နာကြီးကတည်တင်းနေတာလဲ ဟင့်
မောင်ကြိုက်သလိုလုပ်

သဘာဝမပြောတော့ဘူးလေ ဒါပင်မဲ့
သူစိမ်းလိုမျိုးတော့ ပစ်မထားပါနဲ့ မောင်"

"ဟာ ခင်များကိုယ်ဝန်ရှိတာကို
ပျော်တယ်ပျော်တယ်လို့က်အော်နေရမှာလား
ကျုပ်မိန်းမပင်ပန်းမဲ့ကိစ္စကြီးကို"

သူမအပေါ်အလေးထားလွန်းတဲ့
မောင်ကသူ့ကလေးကိုယ်တောင်သူမထက်ပိုမချစ်
တာကိုသက်သေပြနေတာကြောင့်
သူမနားလည်လိုက်တာက

သူမတို့နှစ်ယောက်ကြားကဆက်ဆံရေးက
မောင်သာဆွဲထားလို့မြဲနေတာ။သူမဘက်က
မောင့်အပေါ်ကို အထင်တွေလွဲ
စိတ်ဆိုးစိတ်ကောက်ခဲ့ပင်မဲ့
သူမကိုအမြဲခွင့်လွှတ်တက်သူ။

"မောင်ကလည်း အဲ့တာမောင့်ကလေးလေ"

"အဲ့ကလေးကနောက်
အရင်းအနှီးကကျုပ်ချစ်တဲ့မိန်းမ"

သူမဘာစကားမှပြန်မပြောနိုင်လောက်အောင်
မောင့်ရဲ့သူမအပေါ်ထားရှိတဲ့ချစ်ခြင်းကို
ပိုသိမြင်လာရသည်။သူမ
မောင်ရင်သွေးလေးကိုအသက်ကြီးမှလွယ်ပေးရလ
ည်း ကျေနပ်တယ်။မောင်က
သားတုန်းကသူမရှိနိုင်တာကို အခုအချိန်ထိ
မမေ့နိုင်ပဲအမြဲတွေးနေတက်တာကြောင့်
ဒီတစ်ခါကမောင့်အတွက် ဒုတိယအခွင့်အရေး။

"မောင် "

"မပူပါနဲ့ မ မလုပ်စေချင်တာကို မောင်မလုပ်ပါဘူး
အဲ့ USB ရှိုင်းထက်မြတ်ကိုပေးလိုက်ပြီ"

"တကယ်လား ! သဘာဝကြောင့်ဆိုရင်တော့
မောင်ဆက်လုပ်ပါ
သဘာဝကမောင့်သွားမဲ့ခရီးမှာဆူးခလုတ်ပဲ"

"မဟုတ်ပါဘူး ကျေးဇူးတင်ပါတယ်
မဘဝရောအကုန်ပြောရရင်
မနဲ့ပက်သက်တာမှန်သမျှမောင်တစ်ယောက်ထဲပိုင်
ခွင့်ပေးလို့"

လို့သူကပြောတော
သူမကခါးဖက်ထားတဲ့လက်နှစ်ဖက်ကို
လည်တိုက်ကိုပြောင်းတွဲခိုလိုက်ပြီး...

"သဘာဝ တင်ဘယ်ကမလည်း သားရော
ဒီဗိုက်ထဲကဘာလေးမှန်းမသိသေးတဲ့
ကလေးလေးရော မောင်ပိုင်တယ်
သဘာဝဘဝတင်မဟုတ်ဘူးမောင်
သဘာဝခန္ဓာကိုယ်ကအစ
မောင်တစ်ယောက်ထဲပိုင်တာ ပြီးတော့..."

LayNge

သူမဆက်ပြောမဲ့စကားကိုသူနားထောင်နေလိုက်
ကာ သူမကဆက်မပြောတာကြောင့်...

"ပြီးတော့ ဘာဖြစ်လဲဆက်ပြောလေ"

"မောင့်ကို အချစ်ဆုံးပဲလို့"

"ဟွန်း"

Lay Nge

ပြဿနာတွေပြီးသွားတော့လည်း သူနဲ့
သူမကြားကဆက်ဆံရေးကမပြောင်းလဲသွားပါဘူး။
ဒါကလည်းဘယ်သူ့ကြောင့်လဲ
ပြောစရာမလိုပါ။မောင့်ရဲ့သူမအပေါ်ထားရှိတဲ့အချစ်
က သူမမောင့်အပေါ်ချစ်တဲ့အချစ်ကို
ဘယ်လောက်ပဲသူမဘက်ကချစ်ကြောင်းပြောပြော
မှိမှာမဟုတ်တာ.....။

"အဲ့တာဆို အရှုပ်ထုတ်လေးလာတော့မယ်ပေါ့
ဟွန်း မကောင်းလိုက်တာ အမွေခွဲပေးရတော့မယ်"

နေတစင်း နဲ့ မိသားစုဝင်တွေ
သဘာဝဘာဖြစ်တာလည်းဆိုတာ ဆရာဝန်ကို
မေးပြီးတာမို့အပျော်လွန်ကာ သဘာဝကို
လာကြည့်တော့ မပျော်နိုင်သူမှာ နေတစင်း နဲ့ နေ
သားအဖ။တစ်ယောက်က သူ့မိန်းမပင်ပန်းရမှာမို့တဲ့
တစ်ယောက်ကလည်း
သူတစ်ယောက်ထဲရမဲ့ရပိုင်ခွင့်တွေခွဲပေးရမှာမို့
မကျေနပ်။

"မြေးကလည်း ဘာတွေပြောနေတာလည်း"

"သား ပြောတာမဟုတ်လို့လား ဘွားရဲ့
အမွေတွေတင်မကဘူး
အကုန်လုံးကအဲ့ဗိုက်ထဲကဟာလေးပဲချစ်ကြတော့
မှာ"

နေ
သားပြောတာကိုနားထောင်ရင်းကအမြင်ကတ်တဲ့အ
ဆင့်ထိရောက်လာတာမို့ အိပ်ယာပေါ်လှဲနေတဲ့
မဘေးထိုင်နေရာက
ကုတင်အောက်ဆင်းလိုက်ပြီး....

Lay Nge

"ဟုတ်တယ်ကွာ မင်းဒယ်ဒီတို့
မာမီတို့ဆီကရတာနဲ့ပဲကျနပ်လိုက်တော့
ငါ့ဆီကမျှော်လင့်မနေနဲ့ ရပြီလား"

"ဖေဖေ ကလည်းဗျာ "

"မိဘတောင် မသေသေးဘူး
မင်းဟာကအမွေကပါးစပ်ထဲကမချဘူး
တော်တော်ချစ်ဖို့ကောင်းထဲ သား"

Lay Nge

သားဘယ်လိုထင်နေလည်းတော့သူမသိ။မ နဲ့
သူကတော့ သားသမီးခြင်းအတူတူမို့
တစ်ယောက်ထက်တစ်ယောက်ပိုချင်မှပိုလိမ့်မယ်။
မာမိတို့ သူအန်တီလေးကတော့ သားထက်
ပိုချစ်မှာမဟုတ်ဘူးဆိုတာသူသိသည်။မြေးဦး
ဖြစ်တဲ့အပြင်
ညီမလေးလို့ကလေးရချင်နေတဲ့သူတောင်
အခုကလေးကိုသူတူထက်မပိုမှာ
နေသိပြီးသား။ကလေးကရချင်တာကတစ်ယောက်
ရလာတာကတစ်ယောက်။ကလေးဆိုတာကလည်း
လူတိုင်းမရဘူးဆိုတာ
သူအခုလက်တွေ့တွေ့နားလည်လာရသည်။ညီမ

လေးကိုလည်း
ရစေချင်ပါတယ်လေ။သူ့ယောကျ်ားကမယူချင်တာ
က ညီမလေးပင်ပန်းမှာဆိုးလို့ပြောတာသိပင်မဲ့
ရင်သွေးဆိုတာကလည်း
အိမ်ထောင်ရေးတစ်ခုတည်မြဲဖို့ နှောင်ကြိုးတစ်ခုပဲ။

~~~~~~~~~~~~~~~~~~~~~~ 🍓 🍃

"ဒါဆို
ညနေကတော်နော်ပြဿနာကြီးသွားတာပေါ့
ဟုတ်လားပါး"

Lay Nge
~~~~~~~~~~~~~~~~~~~~~~

အိမ်မှာဖြစ်သမျှကို ချစ်ရသူလေးထဲ
ဖောက်သည်ချနေတဲ့
နေတစင်း။သူမမေးတာကိုလည်း
ဖုန်းနားကပ်ပြောရင်
သူ့ခေါင်းကအလိုလိုငြိမ့်မိနေသေးသည်။

"အဲ့ထက်ဆိုးတဲ့ ပြဿနာရှိသေးတယ် ကိုယ်ရဲ့Light
"

"ဘာများလည်း"

LayNge

အန်ကယ်တို့ပြဿနာတက်တယ်ပြောတာကို
သူမမယုံပင်မဲ့ ပါးက
အစဆုံးဖြစ်ပျက်သမျှပြောသွားမှ
အန်ကယ်လုပ်ရက်က ကောင်းကောင်းကြီး
အရှက်ခွဲပစ်လိုက်တာအားရစရာ။အန်ကယ် နဲ့
အန်တီ ပြဿနာတက်တာတော့
သူမမှာမယုံနိုင်သေး။အဲ့ကြားထဲကအဲ့ထက်ဆိုးတာ
ရှိသေးတယ်ဆိုတဲ့ပါးကြောင့်
သူမကပြန်မေးမိသည်။

"မေမေ ဗိုက်ထဲအရှုပ်ထုတ်ရောက်နေပြီလေ "

"ဦး "

သူကအတည်ပေါက်ခံစားပြီးပြောနေတာကို Light ကတစ်ဖက်ကနေရီလိုက်တဲ့အသံကိုကြားလိုက်ရတာမို့ ....

"ဘာရီစရာပါလို့လည်း Light ရဲ့ ကိုယ်တစ်ကယ်ခွေးစိတ်ပေါက်နေတာ"

Layige

"ဘာဖြစ်လဲ
တစ်ဦးတည်းသောကပါးစပ်ပြောကသာကောင်း
တာတကယ်လက်တွေ့မှကမကောင်းဘူး။ ဥပမာ
ပေးရမယ်ဆိုရင် ကို ကိုပဲကြည့်လေ
တိုင်ပင်စရာညီအစ်ကိုမောင်နှမမရှိတော့ဘယ်လော
က်ခံစားခဲ့ရလည်း။
ကျန်းမာရေးနဲ့ပက်သက်ရင်လည်း
ကိုကြားဖူးတာပြောမယ် အရိုးသွင်းချင်ဆီ
ခမ်းခြောက်တာတို့ ဘာတို့ဆို
မောင်နှမအရင်းရှိရင်ကုလို့ရတယ်တဲ့။ ကို
သာအခုအဲ့ရောဂါရှိရင် ကုလို့ရမှာမဟုတ်ဘူး"

သူမပြောတာတွေကအမှန်ဆိုပင်မဲ့
သူတာသက်သက်
မိဘတွေဆီကအချစ်လျော့မှာဆိုးလို့သာဂျစ်နေတာ
သူ့တို့မိသားစုထဲဝင်လာမဲ့ မိသားစုဝင်လေးကို
သူဘက်ကလည်းလက်ခံဖို့အသင့်။

"အင်း အခု Light ကို ကိုယ်ပြောစရာရှိလို့"

"ဘာပြောမလို့လည်း ဟင်"

"ကိုယ် Light နဲ့အမြန်လက်ထပ်ချင်နေပြီ
ဘာကြောင့်လည်းဆိုတော့ Light ဒယ်ဒီနဲ့ မိထွေးနဲ့
ထားရမှာစိတ်မချဘူးလေ ဒါကြောင့် US ကို
ဒီလကုန်ပြန်လစ်ပြီး
နောက်ဆုံးနှစ်သွားတက်တော့မယ် "

စိတ်ကဖြစ်ချင်တာကို ချက်ခြင်းဆုံးဖြတ်တက်တဲ့
ပါးအကြောင်းသိပင်မဲ့ အခုမှချက်ခြင်းကြီး
တော်တော်ဖြစ်နေတဲ့ ပါးကြောင့်....

Lay Nge

"ပါးရယ် နှစ်ကုန်အထိတော့နေပါဦး
အန်တီတို့လည်း ခွဲနေရတဲ့ သားကို
သူတို့အနားမှရှိစေချင်တာပေါ့"

"စိတ်ပူမနေနဲ့ Light မေမေကဒီကမ္ဘာပေါ်မှာ
ဖေဖေရှိရင်ရသလို ဖေဖေကလည်း
သူ့မိန်းမလေးရှိရင် OK မှာ စိတ်ချမ်းသာနေတာပဲ
အခုဆို ဗိုက်ထဲက
ပေါက်စီလေးရောဆိုတော့ကိုယ့်ကုသတိရချိန်တော
င်ရှိရင်ကံကောင်း"

Lay Nge

ပါးကအလိုမကျတဲ့အသံနဲ့ပြောနေတာမို့
အူတိုနေမှန်းသိသည်။သူချစ်တဲ့မိဘတွေကသူ့ထက်
အငယ်လေးကိုပိုချစ်သွားမှာကြောက်နေတာ။

"အဖေရော အမေရောကချောတော့
အဲ့ကလေးလေးက ပါး လိုပဲချောမှာ"

"ဒါပေါ့ ကိုယ်နဲ့တူလို့ချောတာ"

ကိုယ်ဘက်ကိုယ်ရပ်ဖို့မမေ့တာက
နေတစင်းပင်။သူမလည်း

ပါးကအသက်ကလည်းသူငယ်နာမစင်သေးတဲ့အသ
က်မို့ သူမမှာ တွေးရင်ပြီးမိသွားရသည်။ကိုယ်ထက်
1နှစ်ငယ်တဲ့ ပါးက 20 ပင်မပြည့်သေး
မိန်းမယူချင်နေတာကိုလည်း
သူမကစိတ်ထဲတွေးပြီး
ကျိတ်ရီရသည်။မဟုတ်ရင်သူ့ကိုလှောင်တယ်ဆိုပြီး
ပြောဦးမည်။

ပါး နဲ့ သူမ 2နာရီကျော်လောက်ဖုန်းပြောကြပြီး
ဘေကုန်သွားမှာ
ဖုန်းကချသွားရတဲ့အထိပြောဖြစ်ကြသည်။ပါးကလ
ည်း သူ US သွားရင်ခဲ့ဖို့ပါ တစ်ခါထဲပြောပင်မဲ့

သူမလည်း သူသွားရင်
ခဏဖြစ်ဖြစ်လိုက်သွားဖို့ဆုံးဖြတ်ထားပြီးသားပင်.....
..။

2 လခန့်ကြာပြီးနောက်.....

"မ နေရတာအဆင်ပြေရဲ့လား
ဆရာဝန်သွားမလား"

မေးသာမေးရတာ ကိုယ်ဝန်သည်တွေခံစားရတဲ့
ခေါင်းမူးတာကို ကိုယ်ဝန်စရှိကစကသာ

Lay Nge

မခံစားရပင် နောက်ပိုင်းတွေ မူးတာ အန်တာ
အချဉ်တွေစားချင်တာ သူသာဖြစ်နေတာ
ကိုယ်ဝန်အခု
5လထဲရောက်သည့်အထိပင်။မိန်းမက
မပေါ့မပါးနဲ့အနားမှာ သူ့ရှိမှရမှာမို့ သားဖြစ်သူကို
ခဏလွဲထားဖို့သူကြံမိပါရဲ့ ခွေးသားလေးက US
ကိုပြန်ပြီး ကျောင်းဆက်တက်နေပြီ။မကတော့
ကျန်တာသိပ်ပြီးမခံစားရပင်မဲ့
ခြေထောက်ကလေးဖောင်းလာပြီး
ပါးလေးတွေကလည်း
အရင်လိုမဟုတ်ပဲဖောင်းချင်လာတာမို့
သူမှာအသည်းယားပင်မဲ့ ဗိုက်ထဲက

ပေါက်စီလေးခံနေတာကြောင့်
သူမစိတ်ထိန်းနေရသည်။

"ပြေပါတယ်မောင်ရယ် မူးတာအန်တာမဖြစ်တော့
နေရတာရင်ထဲအားနည်းနေသလိုမဖြစ်တော့ဘူးပေါ့
သားတုန်းကလည်းအဲလိုပဲမဖြစ်ဘူး"

"သားတုန်းကအဲလိုတွေမဖြစ်ဘူးလား"

Lavnee

"အင်း

အခုထက်တောင်နေလို့ထိုင်လို့ကောင်းသေးတယ်

အကုန်ဘာစားစားအဆင်ပြေတယ်"

သူမပြောတာကို သေချာနားထောင်ပြီး

သူပြုံးလုံက်မိသေးသည်။မကဘယ်ခံစားရမလည်း

သားတုန်းကလည်း အနားမှမရှိနိုင်ခဲ့ပင် US မှာ RT

ရှိမှာ အသည်းကွဲပြီး အချဉ်စားချင်လို့လုပ်ခိုင်းတာ

မှတ်မှတ်ရရ။

"မောင့် ဘာလေးလိုချင်တာလည်း"

"သမီးလေး"

"ထင်သားပဲ"

"ဘာလို့ထင်လဲ"

"ဘာလို့"

Lay Nge

"သမီးသာမွေးလာရင်
မောင့်မိန်းမအိမ်မှုကိစ္စလုပ်စရာမလိုတော့ဘူး
သမီးကိုလုပ်ခိုင်းလိုက်လေ"

သူတို့အခန်းအပြင်က သူတို့ကိုပြောစရာရှိလို့လာတဲ့
ဦးနေမင်းတို့လင်မယား နဲ့
မိုးတိမ်ရောင်တို့နှစ်ယောက်မှာ သူ့စကားကြောင့်
ဒေါသပဲထွက်ရမလိုလို ကြည်နူးရမလိုလိုနဲ့။

"အ့"

LayNge

သဘာဝ မောင့်စကားဆုံးတယ်ဆို
ဗိုက်ထဲကကလေးက ကန်လိုက်တာမို့
ညဉ်းသံထွက်သွားတော့
သူမကိုယ်ဝန်ရှိပြီဆိုကတည်းအလုပ်ကို
တစ်ခြားသူတွေနဲ့လွဲထားတဲ့ မောင်က
အထိတ်တလန့်နဲ့.....

"ဘာဖြစ်တာလဲ မ မောင့်ကိုပြော"

"အထဲကကန်တာ လန့်သွားတာ
အဲ့ဒါမောင့်စကားကြားလို့ ဆန္ဒပြတာနေမှာပေါ့"

Lay Nge

"ဟုတ်လား မောင်နဲ့တွေ့မယ်"

ဆိုကာ

သူမဗိုက်ပူပူလေးပေါ်လက်ကလေးနှစ်ဖက်နဲ့ကိုင်လိုက်ပြီး....

"မေမေ

ကိုအထိတ်တလန့်ဖြစ်အောင်မလုပ်ရဘူးနော်

ကြားလား ကလေးကို မေမေကချစ်လို့

သူ့အသက်အန္တရာယ်တောင်မမူပဲလွယ်ပေးထားတာ

လေ

ဖေဖေပြောလို့စိတ်ဆိုးတယ်ဆိုမပြောတော့ဘူးကွာ

ငါ့မိန်းမကို မကန်နဲ့"

ဒေါ်လက်ရာမှာ သူမမွေးထားတဲ့ သားကို

နေမင်းလက်ရာ

လို့အရှိန်အဝါရှိတဲ့နာမည်ပေးခဲ့တာပါ။

အခုတော့သားက မယားထိပ်ခေါင်တင်

ဖြစ်နေတာပဲ။သူ့မိန်းမဗိုက်ကို ကန်လို့တဲ့

ကလေးကိုပြောနေပုံများ

ဗိုက်ထဲကမြေးလေးတော့မသိသူမကတော့

လက်ကိုယားနေတာပင်။

ဒေါက် ဒေါက်

"သား မာမီတို့ဝင်လာမယ် ပြောစရာရှိလို့"

"ဝင်ခဲ့လေ မာမီ Lock မချထားဘူး"

မာမီတို့အသံကြားနေတာမို့
သံလွင်ဆီဗူးဖွင့်နေတဲ့လက်က
ဘူးအဖုံးကိုပြန်ပိတ်လိုက်ကာ
ဘေးမှာချထားလိုက်သည်။မကိုလည်း

Lay Nge

သက်သာသလိုနေဖို့ ဒူးထောင်ပြီး
နေခိုင်းထားတာကို ခြေထောက်ကို
ပြန်ဆင်းစေလိုက်သည်။မာမီတို့ကလည်းဝင်လာတ
ယ်ဆို ကုတင်ဘယ်ဘက်ခြမ်းက ဆိုဖာမှာ
ညီမလေးတို့လင်မယားနဲ့အတူတူဝင်ထိုင်သည်။

"မာမီတို့ပြောစရာရှိလို့လား "

"အင်း အခုသမီးကိုရောခေါ်လိုက်တာက မာမီ
မိသားစုစုံပြီး ပြောစရာရှိလို့။မာမီရယ်

သားဒယ်ဒီရယ် စက်ကိုင်းတောင်သွားမလို့
အဲမှာပဲနေဖို့ဆုံးဖြတ်ထားတယ်"

နေကုတင်ပေါ်က မဘေးထိုင်နေရင်း
မာမီစကားကြောင့်...

"မာမီ ဘာလို့လည်း ဘာအဆင်မပြေလို့လည်း"

"ကိုကို မာမီတို့ပြောတာက
အဲ့မှာတရားအရိပ်မှာပဲသွားနေတော့မယ်ပြောချင်
တာ ဘာအဆင်မပြေလို့မှမဟုတ်ဘူး မနေ့က

မာမီပြောပြလို့ အကုန်သိနေပြီးပြီ ဒီနေ့
ကိုကိုကိုပြောမှာမို့လာခဲ့ပါဆိုလို့"

ညီမလေးမပြောခင်ကတည်းက
စက်ကိုင်းတောင်သွားမယ်ဆိုကတည်းကသူဘာအ
တွက်လည်းဆိုတာသိသည်။ဒါပင်မဲ့
ဘာစိတ်ညစ်စရာတွေရှိလို့လည်း။

"သား မာမီတို့အသက်ကြီးပြီး တရားမရှိဘုရားမရှိပဲ
သေတဲ့အခါဘာမှပါမဟုတ်ဘူး ပြီးတော့
မာမီတို့အဲ့ကိုသွားတဲ့အခါ သားဆီကို

ညီမလေးကိုစိတ်ချလက်ချထားခဲ့မယ်နော် ပြီးတော့
သမီးကလည်း ကိုကိုပြောတာနားထောင်ပြီး
ကိုယ်အိမ်ထောင်ရေးအဆင်ပြေအောင်နေပါ"

မောင်နှမနှစ်ယောက်လုံးမသက်သာလို့သာခေါင်းငြိ
မ့်လိုက်ပင်မဲ့
မျက်နာတော့နှစ်ယောက်လုံးမကောင်း။ဒေါ်လက်ရာ
သားနဲ့သမီးကိုပြောပြီးတော့ ဒီအိမ်ရဲ့ Main ဖြစ်တဲ့
ခွေးမလေးကို....

Lay Nge

"သမီး သားနဲ့ညီမလေးကို
သမီးလက်ထဲအပ်ခဲ့ပါရစေ အဓိကကတော့
သားပေါ့ သူ့အတွက်ကသမီးရှိနေမှ ဖြစ်မှာမို့
သူကိုမထားခဲ့ပါနဲ့
သူကကျန်တဲ့သူပြောရင်သာနားမဝင်တာ
သမီးစကားကို နားထောင်ပါတယ်"

"ဟုတ်ကဲ့ပါ မေမေ မေမေနဲ့
ဖေဖေစိတ်ချလက်ချသွားပါ
သူတို့နှစ်ယောက်အတွက်မပူပါနဲ့ သမီးတို့လည်း
တစ်လတစ်ခါလောက် လာခဲ့ပါမယ်"

Lay Nge

ချွေးမဖြစ်သူလေးစကားကြောင့်
သူတို့ဇနီးမောင်နှံမှာ သား နဲ့
သမီးကိုထားခဲ့ဖို့အဆင့်သင့်ဖြစ်ကြလေပြီ။သူမတို့နှ
စ်ယောက်အသက်အရွယ်ကလည်းမငယ်တော့သ
လို သမီးငယ်ကလည်းရင့်ကျက်တဲ့
ဆရာမလေးဖြစ်နေပြီး သားကလည်း
စိတ်တိုဒေါသထွက်တာမထိန်းနိုင်ပင်မဲ့
သားကိုထိန်းမဲ့ သူမိန်းမရှိသည်။

"မြေးငယ်လေး နည်းနည်းအရွယ်ရောက်လာမှ
မေမေတို့ဆီလာကြပေါ့"

"မာမီတို့ကဘယ်တော့သွားမှာလဲ"

"မနက်ဖြန်သား"

"မြန်လိုက်တာ မာမီရာ "

Lay Nge

သူလည်းမိဘကိုအရွယ်တစ်ခုထိ ဒုက္ခပေးခဲ့ပြီပြီမို့
ဒယ်ဒီတို့ရဲ့
ဆန္ဒကိုသူဒီတစ်ခါမတားချင်တော့ပါ။ဟုတ်ပါတယ်
အခုအသက်က 60ကျော် 70နီးပန်းဖြစ်နေပြီမို့
သူ့ဒယ်ဒီတို့ပြောတာလက်မခံချင်ပဲလက်ခံရသည်။
ကိုယ်တိုင်မိဘနေရာရောက်လာတော့
နားလည်ရပေမည်.....။

~~~~~~~~~~~~~~~~🍭🍭

နေတစင်းရယ် ဆိုးစလက်ရွက်ပါ🌷🌼
~~~~~~~~~~~~~~~~

ဒီအပိုင်းလေး စခွိုးကြပါတော့

နေတစင်းတစ်ယောက် အူတိုနေပါပြီ🙃

share ပေးကြပါဦးနော် 🌷🌟🌼

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Lay Nge

part~58~~~

"အင့် "

နေမှာ သူမကိုယ်ဝန်လွယ်ကတည်းက ညဘက်ဆို အိပ်တဲ့အချိန်နည်းလာရသည်။သူမလေးကသူအိပ်ရေးပျက်အောင်လုပ်တာလားဆိုတော့မဟုတ်။သူကိုယ်တိုင်ကသူအိပ်နေတဲ့အချိန်သူမတစ်ခုခုဖြစ်မှာကြောက်လို့ပင်။အခုလည်း
သူမဆီကညည်းသံလေးထွက်လာတယ်ဆို အလုပ်စားပွဲမှာထိုင်နေရာကချက်ခြင်းထလာကာ

အိပ်နေတာမသက်မသာဖြစ်နေတာကြည့်
မျက်ရည်ကဝဲချင်လာရသည်။သူ့ရဲ့
ခေါင်းဦးကိုယူကာ
မရဲ့ခြေထောက်လေးအောက်ခံပေးလိုက်ပြီး
ဘေးတစ်ဖက်ဆီခံဖို့အတွက် အဝတ်လဲခန်းထဲကို
ပြေးရပြန်တဲ့သူ။အဝတ်လဲခန်းထဲဝင်ပြီး
ခေါင်းဦးအပိုတွေထားတဲ့ထဲက 3လုံးကို
ယူကာပြန်ထွက်လာသည်။

နေ
မရဲ့လက်လေးနှစ်ဖက်အောက်မှာခေါင်းအုံးတစ်လုံး
စီခံပေးလိုက်ကာ

အိပ်ရတာအဆင်ပြေအောင်လုပ်ရသည်။သူ
ပင်ပန်းနေရှာတာတဲ့
သူ့အမျိုးသမီးလေးကိုကြည့်ကာတစ်ခုတွေးမိလာရ
သည်။ဘာကြောင့်လောကာကြီးက ယောကျ်ား နဲ့
မိန်းမ ယှဉ်လာရင်
အားနည်းတဲ့မိန်းကလေးတွေရွေးပြီး
နာကျင်မှုပေးရတာလဲ။ယောကျ်ားနဲ့
အတူနေရင်တောင်
သာယာမှုကယောကျ်ားတွေရပင်မဲ့
မိန်းကလေးဘက်ကတော့
နာကျင်ရတယ်။ကလေးကြတော့လည်း
ဘာလို့အားနည်းတဲ့အမျိုးသမီးကိုပဲလဲ။ဒါကမိန်းမ

တိုင်းဆိုပင်မဲ့ သူဇနီးကိုမြင်နေရတာ
သူတစ်စက်မျှစိတ်မချမ်းသာ။

"မောင် ဟင့်"

"မ မောင်ရှိတယ်နော် မောင့်မိန်းမနားအမြဲရှိတယ်"

ဒါကထယောင်တာမှန်းသိပင်မဲ့ သူလက်နဲ့
ပါးစပ်ကတော့ သူမလေးအတွက်စိတ်ပူနေမှုကာ
သူကိုယ်တိုင်တောင်ထိန်းချုပ်လို့မရတဲ့အထိကို
သူစိတ်တင်မဟုတ်ပဲ ခန္ဓာကိုယ်ကပါသူမလေးကို

ချစ်နေတာပင်။သူမ ခေါင်းလေးကိုပွတ်ပေးလိုက်ပြီး
သူလည်း မဘေးတစောင်းလေးဝင်လှဲလိုက်ကာ
လက်တစ်ဖက်ကလည်း
ဗိုက်လေးကိုဖွဖွလေးကိုင်ထားသည်။

"သား မွေးတုန်းကတစ်ယောက်ထဲ
တော်တော်ခက်ခဲခဲ့မှာ အဲ့တာတွေတွေးမိလေ
ရှိုင်းထက်မြတ်ကို မောင်ခွင့်မလွှတ်နိုင်လေပဲ
ဒါပင်မဲ့ အဲ့ကောင်ကို ဒုက္ခပေးပြီးလို့
ခင်များလေးမပျော်ရင်အလကားပဲ"

သူမနက်ဖြန်ကြ ဦးထက်မြတ်က
သူ့သမီးကိုခဏတွေ့ခွင့်တောင်းတာမို့
မကိုပြောတော့ မောင်မတွေ့စေချင်ရင်
မတွေ့ဘူးတဲ့လေ။သူလည်းသူ့စိတ်ကိုရှေ့တန်းမတင်
ချင်တာကြောင့်
သူမကိုမနက်ဖြန်ခြံထဲမှာစကားပြောဖို့ခွင့်ပြုထားသ
ည်လေ။ဒီလိုခွင့်ပြုခြင်းဟာလည်း
ရှိုင်းထက်မြတ်မပါလို့သာ သူခွင့်ပြုခြင်းသာ....။

"ပါ။။။။။"

လို့အသံကိုဆွဲပြီးအော်ကာ လေယာဉ်ပေါ်ကနေ
သူ့ဆီကိုပြေးဆင်းလာတဲ့
သူမလေးကိုသူဖက်ထားလိုက်ရသည်။သူမြန်မာပြ
ည်ကထွက်လာတာ 3လတောင်မပြည့်သေးဘူး
Lightကို လွမ်းနေတာကြောင့်
အားရင်သူ့ဆီလာခဲ့ပါလားခေါ်တော့အစ်မတော်
လေးကလည်း*ပါးကခေါ်မှခေါ်ပါမလားလို့*ပြော
ကာသူဆီကမနေ့ကဖုန်းဆက်တယ်ဆို
ညဘက်လေယာဉ်နဲ့လိုက်လာတဲ့ပုံရတဲ့ Light။

"လွမ်းနေတာ"

"ကိုယ်ရောပဲ"

ခရီးဆောင်ကို လွတ်ချထားကာတစ်ဦးကိုတစ်ဦး
လွတ်ထွက်သွားမှာဆိုးသည်လား US
ငလေဆိပ်ထဲမှာဖက်ထားကြသည်။နေတစင်းလည်း
လွမ်းနေခဲ့ရတဲ့ချစ်ရသူလေးကို
ခေါင်းလေးကိုငုံနမ်းနေတာဘယ်နှစ်ခါမှန်းမသိတော့
။

Lay Nge

"ကိုယ် ကျောင်းပြီးမှ မြန်မာပြည်အတူတူပြန်မယ်
ရလား"

"အင်း ရတယ်မြန်မာပြည်မှာ
အလုပ်တွေကိုစိတ်ချရတဲ့သူလက်ထဲအပ်ထားခဲ့တ
ယ် ပါးကိုလွမ်းလို့မပြန်ချင်ဘူး"

သူမကအရာရာပွင့်လင်းတာမို့
သူမှာစိတ်ချမ်းသာမှုအပြည့်။မေမေလည်း
အခုတစ်ခါကိစ္စကြောင့် နောက်ဆိုဘာပဲဖြစ်ဖြစ်
ဖေဖေကိုပွင့်ပွင့်လင်းလင်းမေးတော့မယ်ဆိုတာသူ

သိသည်။သူအချစ်က
ဖေဖေကိုမမှီတာကသေချာသည်။ဒီလောက်ကိုယ်မ
ဖောက်ပြန်ပါပဲနဲ့
မေးမြန်းခြင်းမရှိကိုယ်စိတ်ထဲထင်ရာတွေးနေတဲ့
မေမေကိုစိတ်မဆိုးတဲ့ ဖေဖေလို
သူဆိုခံနိုင်ရည်ရှိမှာမဟုတ်ဘူး။

"ဒါဆို နောက်တစ်ပတ်ထဲကိုယ်တို့
ဘုရားကျောင်းမှာလက်ထပ်ထားရအောင်
ဒါမှသင့်တော်မှာ"

Lay Nge

"အွန်း ပါးသဘော"

သူဖေဖေ တို့နဲ့မတိုင်ပင်ပဲလုပ်မဲ့
ပထမဆုံးအလုပ်။သူမှ
သူမနဲ့မခွဲနိုင်တော့တာကို။လက်ထပ်မဲ့နေကြမှပဲ
ဓာတ်ပုံရိုက်ပြီး သူ့ accမှာတင်လိုက်ရင်
ဖေဖေတို့သိမှာပဲလေ။

"သမီး အဆင်ပြေရဲ့လား နေမင်း..."

Lay Nge

ခြံထဲကစားပွဲမှာထိုင်ရင်း
ဦးထက်မြတ်ကမေးလာရာ
မောင့်နာမည်ပါလာတာကြောင့်
သူမဦးထက်မြတ်စကားကိုဖျက်ပြောလိုက်သည်။

" အန်ကယ် ဒီကိစ္စအတွက်တော့စိတ်ပူမနေပါနဲ့
ကျွန်မအမျိုးသားက သူကိုယ်သူထက်
သဘာဝကိုပိုချစ်တာ
ပူစရာကိစ္စမဟုတ်ပါဘူး။သူက
သဘာဝဘဝတစ်လျှောက်လုံး ဖအေလို အစ်ကိုလို
ယောကျ်းတစ်ယောက်လို ချစ်ခဲ့တဲ့သူပါ"

"အင်း ဖေဖေယုံပါတယ် ဒါပင်မဲ့ လွှာလေးနဲ့ကိစ္စက
အမြင်ရှင်းကြတယ်မဟုတ်လား"

ဦးထက်မြတ်က မေးတော့
သဘာထိုင်နေရာကမက်တပ်ထားရပ်ကအဲ့နေ့ကမ
ပြောလိုက်ရတဲ့စကားတွေကို
ပြောဖို့ပြင်လိုက်သည်။

"အန်ကယ် အဲ့နေ့ကကျွန်မက မောင်
ပန်းရိပ်လွှာကိုရိုက်တာဘာလို့ဝင်ခံလိုက်တာလည်း

သိလား....ကျွန်မယောကျ်ားရဲ့လက်နဲ့
အဲ့မိန်းမနဲ့မတန်လို့
ကျွန်မဝင်ခံလိုက်တာ....အဲ့တာအပြင်
ကျွန်မယောကျ်ားကို
ဘာအမှုညာအမှုအတက်မခံနိုင်လို့....အဲ့နေ့ကလုပ်ခဲ့
တဲ့ သဘာဝလုပ်ရက်တွေက
သဘာဝယောကျ်ားကိုချစ်လို့လုပ်ခဲ့တာ"

သူတို့နဲ့ပက်သက်ပြီး တစ်စွန်းတစ်စတောင်
သံယောဇဉ်မရှိတဲ့သမီးကို သူခေါင်းငြိမ့်ယုံမှတစ်ပါး
ဘာများတက်နိုင်တော့မှာလဲ။သမီးရဲ့
သူ့ယောကျ်ားအပေါ်ထားရှိတဲ့ချစ်ခြင်းထဲက

တစ်စလောက်တောင်သူတို့အပေါ်မရှိတာသိသွားရသည်။သူလည်းဘာမမပြောတော့ပဲ နှုတ်ဆက်ကပြန်ထွက်သွားတော့သည်။

ဦးထက်မြတ်ထွက်သွားတာမြင်လိုက်သည့်နှင့် အိပ်ပေါ်တီအောက်မက်တပ်ရပ်ကြည့်နေတဲ့ နေကသူမနားလျှောက်လာသည်။

"မောင် "

"ချစ်လိုက်တာအရမ်းပဲ မွှ"

သူမအနားရောက်တယ်ဆို
မောင်ကသူမကိုသူ့ရင်ခွင်ထဲအတင်းထည့်ကာ
နဖူးလေးကိုနမ်းသည်။ပြီးတော့
သူမဗိုက်လေးကိုကိုင်ကာ...

"မောင် အခန်းထဲပြန်ရောက်ရင်
သံလွင်ဆီလိမ်းပေးမယ်နော်
ဗိုက်အကြောပျက်တာတွေမဖြစ်အောင်"

Lay Nge

"အင်း မောင်ပင်ပန်းနေပြီလား
သဘာဝကိုဂရုစိုက်ရတာ"

"No မောင့်မိန်းမအနားအရင်ကထက်ပိုကပ်ရတာ
ဗိုက်ထဲကဟာလေးကိုတောင်ကျေးဇူးတင်တယ်"

သူမ မောင့်ကိုသတိထားမိတာကြာပြီး
ဗိုက်ထဲကကလေးကို
သားလေးရေသမီးလေးရေမခေါ် ပဲ
ဟာလေးဟာလေးနဲ့
ခေါ်နေတာကနားကြားလို့မကောင်း။

"မောင်နော် ကလေးကိုအဲလိုမခေါ် နဲ့ဆိုနေ"

"ဘယ်လိုခေါ်ရမှာလည်း"

"ကလေးဆိုမှတော့ကလေးလို့ခေါ်ပေါ့
မောင်နော်ဒီကလေးကနင့်ဟာနော်"

"သိတယ်လေ မောင်ကြိုးစားမှုရလဒ်ပေါ့"

Lay Nge

ကြည့်အကောင်းပြောနေရာကနေ
သူနာဘူးဘယ်လောက်ထဲကြောင်းဘက်ရောက်
သွားတာမို့ သူရင်ခွင်ထဲကနေ
သူ့ရင်ဘက်ကိုထုဖြစ်အောင်ထုလိုက်သေးသည်။

"အဟွန်း
မောင့်ရင်ဘက်ကြီးလည်းပွင့်ထွက်သွားဦးမယ် မရဲ့"

"ဟွန့် မောင်ငါအခုတစ်ခုခုစားချင်လို့"

Lay Nge

"ဘာစားချင်တာလည်းပြောပါ
ကျွန်တော်မျိုးကိုယ်တိုင်ချက်ပြုတ်ပေးပါ့မယ်
သူများချက်ပြုတ်ထားတာဆို နိုးပါ"

"သဘာဝကလည်း မောင်ကိုပဲချက်ခိုင်းမှာပါ
ရှောက်သီးသုတ်နဲ့
နံနတ်သီးဖျော်ရည်သောက်ချင်တယ်
မောင်လုပ်ပေး"

ကိုယ်ဝန်ရှိကတည်းကစားချင်တာကို
တောင်းခဲတဲ့မဆီကတောင်းဆိုမှုကို

သူမလုပ်တက်လည်း
လုပ်ပေးဖို့အဆင့်သင့်။သူမလေးကိုတွဲပြီး
အိမ်ထဲခေါ်သွားကာ
အောက်ထက်ကသူမကိုယ်ဝန်ရှိကတည်းကပြောင်း
နေခဲ့တဲ့ အခန်းထဲခေါ်သွားပြီး
ကုတင်ပေါ်ထိုင်စေလိုက်သည်။

"မ ဒီမှာနေခဲ့တော့ အပေါ့အပါးသွားချင်ရင်လည်း
အခန်းရှေ့မှာ နှိုင်းယှဉ်တို့ကိုမောင်နေခိုင်းလိုက်မယ်
လှမ်းခေါ်လိုက်နော်"

Lay Nge

"မောင်

ကြွေပြားတွေကိုလဲတာထားတယ်မဟုတ်လား

မချောလဲပါဘူး"

"ပြောရတာမဟုတ်ဘူးမ ဘယ်ပစ္စည်းမှ

100ရာခိုင်နှုန်းစိတ်ချလို့မရဘူး"

"ဟုတ်ပါပြီ ဗိုက်ဆာနေပြီ သွားလုပ်ပေး"

LayNge

သူအခန်းထဲကထွက်လာပြီး
ဟင်းချက်တဲ့အခန်းထဲရောက်တယ်ဆို
ပန်းကန်တွေဆေးပြီး သုတ်နေတဲ့ နှစ်ယောက်ကို...

"နှိုင်းယှဉ် နင့်မမလေးခေါ်ရင်ရင်ကြားရအောင်
ငါ့အလုပ်လုပ်နေတုန်း ခဏသွားနေပေး"

"ဟုတ်ကဲ့ အစ်ကိုလေး"

ဆိုကာနှစ်ကောင်လုံးထသွားကြတယ်ဆို
သူရေခဲသေတ္တာထဲထည့်ထားရင်

အရည်ပျော်သွားမကောင်းတော့မှာဆိုးလို့
သက်သက်ဖယ်ထားတဲ့
ရှောက်သီးတစ်လုံးကိုယူကာအခွံခွာလိုက်ပြီး
ရှောက်သီးအသားလေးတွေသေချာဖယ်ယူကာ
ပန်းကန်ပြားထဲထည့်လိုက်သည်။အဲ့အထိပဲသူသိ
တော့တာမို့
သူဘောင်းဘီအိတ်ကပ်ထဲကဖုန်းထုတ်ကာ
Google မှာသုတ်တဲ့နည်းရှာရတော့သည်။

ရှောက်သီးသုတ်ထဲထည့်ဖို့ ပုစွန်ခြောက်မှုန့်ရှာပြီး
3ဇွန်းထည့်လိုက်ကာ
မြေပဲလှော်ကာထည့်ထားတဲ့ဘူးယူလိုက်သည်။မြေ

ပဲကို ကြိတ်စက်ထဲထည့်ကြိတ်ပြီး
ရှောက်သီးပန်ကန်ထဲထည့်ကာ
ကြိတ်စက်ကိုတစ်ခြားနေရာတင်ထားလိုက်သည်။
ကြက်သွန်စိမ်းထည့်ရမှာကြောင့် ကြက်သွန်နီ
3လုံးကိုလှီးကာ ရေစိမ်ပြီး
ထည့်လိုက်သည်။သူပါဝင်ပစ္စည်းတွေထည့်ပြီးတော့
အရသာမှုန့်နဲ့ ဆီထည့်ကာ
လက်အိတ်ဝတ်ပြီးနှဲလိုက်သည်။

သူရှောက်သီးသုတ်ပြီးတော့
ရေခဲသတ္တာထဲကနံနတ်သီးကိုထုတ်ကာထိပ်ပိုင်းကို
ဖျက်လိုက်ပြီး

လူတွေခေါ်တဲ့မျက်လုံးဆိုလားဟာတွေကို
သူမလှိုထုတ်တက်ပင်မဲ့
ရအောင်ထုတ်သည်။သူမျက်လုံးတွေထုတ်ပြီးတော့
အသီးကဟိုရွဲဒီရွဲမို့
သူ့စကေးသူသဘောကျကာပြုံးမိသေးသည်။သူရဲ့
အလှအပနာနတ်သီးကို
အရည်ပဲသီးသန့်ထုတ်တဲ့စက်ထဲထည့်လိုက်ကအဖ
က်တွေကစက်ထဲကျန်ခဲ့ပြီ နာနတ်သီးအရည်ကို
ဖန်ခွက်ထဲ့ထည့်လိုက်သည်။သူထိပ်ပိုင်းမှာခေါက်
လိုရတယ် ပိုက်လုံးလေးကိုယူကာ
ဖန်ကွက်ထဲထည့်လိုက်သည်။သူပြင်ဆင်လို့ပြီးသွား
တဲ့ ရှောက်သီးသုပ် နဲ့

နာနတ်သီးဖျော်ရည်လေးကိုကြည့်ကာ
ကြည်နူးရိပ်ထွန်းနေတဲ့ သူမျက်နာပြုံးလို့။

ကျွိ

"ဟာ ဟိတ်ငါ့မိန်းမကိုဘာလုပ်နေကြတာလဲ
ဟိုနှစ်ကောင်!!"

နေ မိန်းမဖြစ်သူစားဖို့
စားစရာတွေကိုင်ကာအခန်းထဲဝင်လာတော့
မအနားထိုင်ပြီး လက်ကိုင်လိုက်

Lay Nge

ဗိုက်ကိုင်လိုက်လုပ်နေတာကြောင့်
သူအော်လိုက်တော့....

"အစ်ကိုလေးကလည်း နှိုင်းယှဉ်တို့ကချစ်လို့ပါနော်"

"နင်တို့ချစ်စရာမလိုဘူး ငါ့မိန်းမမှာသူ့ကိုချစ်မဲ့
ငါတစ်ယောက်လုံးရှိတယ် ရှင်းတယ်နော် မရှင်းရင်
ကန်ထုတ်မှာ Go!"

သူများကိုစကားပြန်တောင်ပြောခွင့်မပေး
အခန်းထဲအတင်းနှင်ထုတ်နေတဲ့ မောင်ကြောင့်

သူမလည်းနှိုင်းယှဉ်တို့နှစ်ယောက်အခန်းပြင်ထွက်
သွားမှ သူမအနားဝင်ထိုင်တဲ့သူကို...

"မောင်
သူများကိုအားနာဖို့ဘယ်လောက်ကောင်းလိုက်လဲ"

"လူတိုင်းကိုသာ
အားနာနေရင်ဘယ်သူမှအမြင့်ရောက်မှာမဟုတ်ဘူး
မောင့်မိန်းမရဲ့အဲဒါထားပါအခုတော့
ဒါလေးတွေစားကြည့်ဦးခံတွင်းတွေ့ရဲလားလို့"

Lay Nge

သူပြောတော့
မကခေါင်းငြိမ့်ကာသူလက်ထဲကဖန်ခွက်ကိုယူပြီး
သောက်တော့ သူမကိုကြည့်ကာ...

"မောင် ဘာသကြားမှထည့်မလာဘူး
သဘာဝသစ်သီးအရသာပဲ ရော့ ဒါလေးလည်းစား"

ဆိုကာ သူလက်ထဲကရှောက်သီးကိုဇွန်းနဲ့ခပ်ပြီး
ခွံ့ကျွေးမလို့ သူမပါးစပ်နားတေ့ပြီးမှ
သူပါးစပ်ထဲအရင်ထည့်လိုက်တော့ သူမကသူ့ကို
နောက်နေတာလားဆိုတဲ့မျက်ဝန်းနဲ့ကြည့်လာသည်။

သူတကယ်တော့
သူသုပ်လာတဲ့အရသာကိုမယုံတာကြောင့်
သူဘာသာအရင်စားလိုက်ခြင်း။

"မဟုတ်ဘူး မ မောင်ကအရသာဆိုးနေမှာဆိုးလို့"

ပြောပြီးမှ
သူစားတာသိပ်အရသာကောင်းတာကြီးတော့မဟု
တ်ပင်မဲ့စားလို့ရတဲ့အထဲတော့ပါတာမို့
သူမကိုခွန့်လိုက်သည်။

Lay Nge

"အင်း ကောင်းတယ်မောင် ကြိုက်တယ်"

"ကြိုက်ရင်စားနော် နောက်နေ့တွေလည်းမ
စားချင်တာကိုပြောနော် မောင်လုပ်ပေးမယ်"

Ring~~~Ring~~~Ring

နေ
သူမကိုရှောက်သီးသုပ်ခွန့်နေရင်းဖုန်းလာတာကြော
င့် ရှောက်သီးသုပ်ပန်းကန်ကို ပေါင်ပေါ်တင်ကာ

LayNge

ကုတင်ခေါင်းရင်းမှာတင်ထားတဲ့သူဖုန်းကိုယူပြီး ကိုင်လိုက်သည်။

"Hello"

"....."

"အင်း အစည်းဝေးကမနက်နေ့လည် 2နာရီဆိုတော့ ငါ့အစား ကျော်သူရလာတက်လိမ့်မယ်"

Lay Nge

"....."

"ဟုတ်ပြီ ရတယ်အခဲ့ကိစ္စကို ငါ UK က Company ကို Emailနဲ့ပို့လိုက်မယ် ကျန်တာတွေကို ငါ့အတွင်းရေးမှူးတွေကို ညွှန်ကြားလိုက်မယ်...ဒါနဲ့ မင်းတစ်ခါထဲနားထောင်သွား မင်းက Hotel တစ်ခုထဲကအတွင်းရေးမှူး ဝန်ထမ်းတွေအပေါ်သိပ်ဆရာမလုပ်နဲ့ ငါပြောခိုင်းတာထက်ဝန်ထမ်းတွေကိုပိုပြီးဖိအားမပေးနဲ့ ...ပြီးတော့မင်းအနေအထိုင်ဆင်ခြင် ငါပြောမကြိုက်ရင်အလုပ်ထွက်!"

ပြောကာ
ချက်ခြင်းဖုန်းချပစ်လိုက်တဲ့မောင်လက်ကိုသူမလှမ်း
ကိုင်လိုက်တယ်ဆို သူမကိုပြုံးပြတာကြောင့်
ခဏကဖုန်းပြောတဲ့မျက်နာအနေအထားနဲ့တစ်ခြား
စီ။

"မောင်
သဘာဝသားတုန်းကလည်းတယ်ယောက်ထဲလုပ်
လာတာပါ မောင်အခုအရမ်းပင်ပန်းနေပြီ
အလုပ်ရော သဘာဝရောပြုစုနေရတာ

Lay Nge

နားချိန်လည်းမနားဘူး
သဘာဝကိုပဲထိုင်ကြည့်နေတာ"

"မောင် စိတ်မှမချတာဘယ်လိုလုပ်ရမလည်းမရဲ့
မောင့်မိန်းမအလိုရှိတိုင်းမောင်ရှိနိုင်အောင်လေ
အခုမောင်ခံစားနေရတာက ပျော်ရမလိုလို
ငိုရမလိုလို နဲ့ လမ်းခုလတ်မှာ"

သဘာဝ မောင်ပြောတဲ့အဓိပ္ပာယ်ကိုနားလည်တာမို့
ပြုံးလိုက်မိသည်။မောင့်က သူ့ဘဝမှာ
သူမအပေါ်ကိုအရာအားလုံးထက်ပိုချစ်တယ်ဆိုတာ

ကိုပေါ့။သားနဲ့ ယှဉ်ရင်တောင် သားမရှိရင်တောင်
မောင်နေနိုင်ပင်မဲ့ သူမမရှိမှာကိုကြောက်နေတဲ့
မောင်ကိုအပိုတွေပြောနေတဲ့လို့
သူများတွေထင်ကောင်ထင်နိုင်သည်။သူမအတွက်
တော့ မောင်စကားတစ်ခွန်းဆီရဲ့တန်ဖိုးကိုသိသည်။

~~~~~~~~~~~~~~~ 🍓 🍓

အရောင်စုံများစွာစိုက်ပျိုးထားတဲ့ Tulip
ပန်းခင်းကြီးထဲမှာ
ခရမ်းနုရောင်ရင်ပြတ်သတို့သမီးဝတ်စုံလေးနဲ့
~~~~~~~~~~~~~~~

ကောင်မလေးရယ် ပြီးတော့
ဆံပင်ကိုအနောက်လှန်တင်ထားပြီး
ခရမ်းနုရောင်အနောက်တိုင်းဝတ်စုံနဲ့
သတို့သားလို့ထင်ရတဲ့ကောင်လေး။သူတို့နှစ်ယော
က်ကတော့တစ်ခြားသူတွေမဟုတ်
မိဘတွေကိုအသိမပေးပဲကိုယ့်ဘာသာလုပ်ချင်ရာ
လုပ်နေတဲ့ နေတစင်း နဲ့ သူ့ရဲ့အသည်းအသက်လေး
လင်းရိပ်ကို။

"ဟော့ကောင် နေတစင်းခါးကိုဖက်ခိုင်းနေတာမင်းကို
ဘာလို့အဲ့ပုခုံးပဲဖက်နေတာလဲ "

ကောင်းကင်

နေတစင်းရဲ့သူ့မိန်းမလောင်းလျာလေးကို ကြည့်ပြီး

မျက်တောင်တောင်မခတ်ပဲကြည့်နေတာကို

ဓာတ်ပုံရိုက်ပေးနေရင်း

အမြင်ကတ်လာတာကြောင့်ပြောတော့....

"ငါ့ဇနီးလောင်းလေးက လှတာကိုကွာ Tulip

ပန်းခင်းတောင်သူမနဲ့ယှဉ်လိုက်တော့

အရောင်တွေမှေးမိန်သွားသလိုပဲ"

Lay Nge

"အေးပါကွာ မင်းဒီရောက်တာ
ဒုလတောင်မပြည့်သေးဘူး
မိန်းမကတန်းယူတာပဲနော်"

ကို ဘုရားကျောင်းမှာလက်ထပ်ပြီးတာတောင်
ပါးက Fb
မှာစုံတွဲပုံတင်ချင်သေးတယ်ဆိုတာကြောင့် သူမ
ကြိုက်တဲ့ Tulip ပန်းခင်းထဲ
သူသူငယ်ချင်းကိုခေါ်ကာ ဓာတ်ပုံလာရိုက်ခြင်း။

Lay Nge

"တော်စမ်းပါ ! နေတစင်းက
ချစ်တက်တာမင်းသိပါတယ်
ဒါပင်မဲ့ငါချစ်တာကိုမင်းဒီလောက်အမြင်ကတ်နေရ
င် ဦးနေမင်းလက်ရာရဲ့အချစ်ကိုသာမြင်လို့ကတော့
လဲသေသွားလောက်တယ်"

"အဲ့လူကဘယ်သူလဲ "

"ငါ့ပထွေး"

Lay Nge

ကောင်းကင်စုတ်သိရဲ့သားနဲ့မေးနေတာကြောင့်
သူ့ရဲ့ပြီးပြောလိုက်တော့ ဒင်းကရီနေသေးသည်။

"ပါးကလည်း
ကိုယ့်အဖေကိုဘယ်လိုပြောနေတာလဲ
အန်ကယ်လောက် ပါးအ
ေပါနာလည်ပေးနိုင်တာရှိလို့လား"

"ဟုတ်ပါပြီ ဗျ ကျွန်တော်မျိုး
Lightရဲ့ယောကျ္ခမလောင်းလျာကြီးကို
မပြောတော့ပဲ ဆက်ပြီး ဓာတ်ပုံရိုက်ကြတာပေါ့"

ဆိုကာ Tulip ပန်းခင်းကြီးအလယ် ဓာတ်ပုံတွေ
တစ်ပုံပြီး တစ်ပုံရိုက်ကူးရင် နှစ်ယောက်သား
နဖူးခြင်းထိလိုက်ပြီး....

" Tulip ပန်းခင်းကြီးကိုသက်သေတည်ပြီး
ကိုယ်မင်းကိုကတိပေးတယ်
မင်းကိုယ်ကြောင့်နှလုံးသွေးစက်တစ်စက်ကျတိုင်း
ကိုယ်လည်းထပ်တူခံစားရပါစေ"

LayNge

ဆိုတဲ့ကတိကို ပေးရင်

ဒီအမျိုးသမီးလေးဟာသူအပိုင်ဆိုတာ

ပဲရစ်မြို့တစ်ခွင်သိသွားစေချင်တာကြောင့် .....။

~~~~~~~~~~~~~~~🍭🌼

Share ပေးကြဦးနော် ယုံမယ် 🌼🍭

မိဘကိုအသိမပေးပဲ

သူ့ဘာသာသာလုပ်ချင်ရာလုပ်နေတဲ့နေတစင်း

ဟိုကသိသွားရင်ဖြင့်...🤧
~~~~~~~~~~~~~~~

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

part~59~~~

"တောက်စ် နေတစင်း ခွေးသား!"

နေ သားဖြစ်သူနဲ့ အဆက်အသွယ်မလုပ်ရတာ US သွားကတည်းကကြောင့်ရယ်။မ

Lay Nge

ကလည်းသူ့သားကို သတိရတယ်ဆိုတာကြောင့် မနဲ့
ကုတင်ပေါ်အတူတူဘေးရင်းကပ်ထိုင်နေရင်းက သူ့
Latop ကိုဖွင့်ပြီး ကြည့်လိုက်တယ်ဆို
နေတစ်စင်းတင်ထားတဲ့ post က လင်းရိပ်ကို နဲ့
မင်္ဂလာဝတ်စုံတွေဝတ်ကာ
ရိုက်တာတဲ့ဓာတ်ပုံတွေနဲ့အတူ
*ချစ်သောအမျိုးသမီးလေးကသူ့အပိုင်*ဆိုတဲ့
ကပ်ပရှင်နဲ့တင်ထားတာများ
မိဘကိုတိုင်ပင်ရမှန်းမသိ။

"မောင် မောင့်သား!"

"မောင့်သား မဟုတ်ဘူး ခွေးသား!
မိဘကိုမတိုင်ပင်ပဲလုပ်တဲ့ကောင်
တစ်ဖက်ကသူ့ယောကျ်ားမကဖြင့်
သဘောမတူသေးပဲနဲ့"

"မောင် ဒါဆိုဘယ်လိုလုပ်မလည်း
ဟိုကသဘောမတူတာ ရဲတိုင်မှဖြင့်"

Lay Nge

"ဒါတော့ပူမနေနဲ့မ
နှစ်ယောက်လုံးကအသက်ပြည့်ပြီးနေပြီ
ဆွေးရိပ်ကမ္ဘာ ဘာမှလုပ်လို့မရဘူး"

နေ ဒေါသတွေကုမြိုချရင်း vedio called
ခေါမယ်ပြင်ယုံရှိသေး အရင်ခေါလာတဲ့
နေတစင်းကြောင့် နေကိုင်လိုက်ကာ
မျက်နာကိုတင်းထားသည်။

"ဖေဖေ"

LayNge

"ခွေးသား! ငါကမွေးတဲ့ ခွေးသား!!"

ဒေါသထွက်နေတဲ့ပုံနဲ့သူကို ဆဲချလိုက်တာက
ဆဲပုံကြီးကရီချင်စရာကြီးပင်မဲ့ ဖေဖေရဲ့
မျက်နာထားကြောင့်
မရီရဲ့။သူလုပ်ချင်ရာလုပ်ချလိုက်တုန်းကကြတော့
ဒီလိုလန့်ရမယ်ဆိုတာမသိ။

"ဖေဖေ ကလည်းစိတ်ကြီးပဲ မေမေပြောကူညီး"

LayNge

နေတစင်း ဖေဖေဘေးထိုင်နေတဲ့
မေမေကိုစစ်ကူခေါ်တော့ မေမေကပါ
သူ့ယောကျ်ားဘက်တော်သား....

"လုပ်ချင်ရာလုပ်ထားပြီးတော့
အခုမှကြောက်နေတာလား
နေတစင်း..မင်းသာကိုယ်ချစ်တဲ့မိန်းကလေးကိုတန်
ဖိုးထားရင် မိဘအစုံအလင်ရှိနေတာပဲ
တောင်းရမ်းလက်ထပ်ပေါ့"

LayNge

"မေမေ ဟိုဘိုးတော်ကသဘောမှမတူနဲ့ဟာ
တော်တော်လက်ပေါက်ကပ်တဲ့ ဘဲကြီး သူကြတော့
မိန်းမနှစ်ယောက်တောင်တစ်ချိန်ထဲပေါင်းပြီးတော့"

ယောကျ္ခမကိုသိပ်လေးစားတဲ့ သားဖြစ်သူကြောင့်
နေမှာတော်တော်ကို
တရားကျသွားရသည်။သူကတော့
ယောကျ္ခမတွေနဲ့မရင်ဆိုင်ခဲ့ရတော့ဘာမှမသိ။သား
ကြတော့ ယောကျ္ခမကိုပြောနေလိုက်တာများသူနဲ့
ရွယ်တူကျနေတာပဲ။ဟိုကမွေးရင်ဒင်းကသူ့မြေး
လောက်ရှိတာကို။

"ဘာပဲဖြစ်ဖြစ်ကွာ
ငါတို့လင်မယားကဘယ်ရောက်နေတာလဲ
မင်းဦးနောက်ထဲ လင်းရိပ်ကိုပဲရှိတော့တာလား "

"ဟုတ်တယ် ဖေဖေ"

"ဘာကွ!!"

သူကရွဲ့မေးတာကို
ဟုတ်ကြောင်းအတည်ပြုပေးတဲ့နေတစင်းကြောင့်

Lay Nge

နေမှာအောင့်သက်သက်ဖြစ်သွားရသည်။သူ
မာမီတို့ကိုပြောခဲ့တာတွေဝင့်လည်နေတာ။

"ကဲမင်းတို့ဘယ်လိုလုပ်ဖို့စီစဉ်ထားကြလဲ
လင်းရိပ်ကို ရောဘယ်မှာလဲ"

"ပင်ပန်းလို့ အိပ်နေတယ် "

"ဘာ ! မင်းတော့နော် ကိုယ့်ကြည့်တော့အသက်က
သူငယ်နာမစင်သေးတဲ့အသက်နဲ့"

Lay Nge

နေတစင်း
ပြောတာကမနေ့ကတစ်နေကုန်ဆတ်ပုံရိုက်အဝတ်
အစားလဲ
မြို့အနှံလျှောက်လည်ခဲ့လို့ပင်ပန်းပြီးအိပ်နေတယ်
ပြောတာကို ဖေဖေက သူ့စိတ်နဲ့နှိုင်းကာ
ဟိုဟာထင်သွားတာကြောင့်....

"ဖေဖေ အရှိန်လျော့အဆုံးထိမသွားနဲ့
မနေ့ကလျှောက်သွားတာလို့
ပင်ပန်းပြီးအိပ်နေတယ်ပြောတာ ဖေဖေကလည်း
သားတို့အဲ့ပြန်လာပြီး လက်ထပ်တဲ့အခါကြမှ
အဲ့တာလုပ်မှာပါ"

"နေတစင်း အဲ့တာကောင်းတယ်
မင်းတို့ငယ်ငယ်လေးရှိကြသေးတာ ပြန်ရောက်မှ
စီစဉ်ပေးမယ်
မင်းကိုယ်ချစ်တဲ့မိန်းကလေးတန်ဖိုးထားရင်
လွန်လွန်ကျူးကျူးတွေမဖြစ်စေနဲ့
မေမေပြောတာနားလည်လား"

ဖြစ်ပြီးမှတော့ သူမတို့ဘာပြောလို့ရမှာလဲ။ဒါပင်မဲ့
ကိုယ့်ကမိဘဆိုတော့မဖြစ်သင့်တာကိုတော့
တားသင့်ရင်တားရမှာပဲ။

"ဟုတ်ကဲ့ပါ
မေမေရောနေကောင်းတယ်မဟုတ်လား
ဂရုစိုက်ဦးနော် သားပြန်လာရင်တော့
အရှုပ်ထုတ်လေးကအပြင်ရောက်ရောပေါ့"

"ဒါမင်းပူရမဲ့ ကိစ္စမဟုတ်ဘူး!
မင်းကွယ်ရာမှာလုပ်ချင်ရာလုပ်တာတွေပြင်
မင်းမြန်မာပြန်လာရင် နေလက်ရာ Hotel နဲ့
Company ကိုဦးစီးတော့ "

Lay Nge

နေပြောတော့ သားကခေါင်းငြိမ့်ပြကာ...

"သားကိုနားလည်ပေးလို့ ကျေးဇူးပါ ဖေဖေ နဲ့ မေမေ"

သူတို့သားကို
ဒေါသထွက်လို့ပြောတာမှမဟုတ်တာ။သားကိုရုတ်တရက်ကြီး သူများကို
ပေးလိုက်ရတဲ့ခံစားချက်ကြီးကြောင့်ပေါ့။နေအတွက်ကတော့
ဒီလိုအခြေအနေကတော့သူကိုယ်တိုင်လုပ်လာတာ

မို့ နားလည်သည်။ဒါပင်မဲ့သူက 20ကျော်မှ
မိန်းမရတာ ဒီကောင်ကတော့
20တောင်မပြည့်သေးဘူး မိန်းမရတာကြောင့်
ဖအေထက်သားတစ်လကြီးတယ်ဆိုတာဒါကိုပြော
တာနေမယ်.....။

"ပါး"

"နိုးပြီလား "

Lay Nge

မြန်မာနဲ့ US က အချိန်က 11နာရီလောက်ကွာမို့
မြန်မာမှာညဘက်ဆို US
မှာကမိုးလင်းနေပြီဖြစ်သည်။

"ကိုယ် Light စားဖို့အတွက်မနက်စာပြင်ထားတယ်
ခဏက ဖေဖေတို့နဲ့ဖုန်းပြောနေတာ"

"အကောခံလိုက်ရသေးလား"

သူမမေးတော့ သူကခေါင်းရမ်းပြကာ
သူစာလုပ်တဲ့စားပွဲရှေ့ကထကာ

Lay Nge

သူမလက်ကိုဆွဲသွားပြီး
မနက်စာပြင်ထားတဲ့စားပွဲကို ခေါ်လာကာ
နှစ်ယောက်သားမျက်နှာချင်းဆိုင်ထိုင်နေလိုက်သည်
။

"Coffee သောက်ကြည့်ပါဦး
ကိုယ်နည်းအသစ်နဲ့ဖျော်ထားတာ"

သူပြောတော့သူမက အရှေ့က Coffee
ခွက်ကိုယူသောက်လိုက်သည်။သူမပါးစပ်ထဲရောက်
လာတဲ့ Coffee အရသာကို သဘောကျစွာ

တစ်ငုံပြီးတစ်ငုံ
မုန့်တောင်မစားပဲသောက်နေမိသည်။

"အရမ်းကောင်းတယ် ပါး အရသာကကလေ
Coffee အရသာပေါ်လွင်ပြီး မခါးပဲနဲ့
ချိုစိမ့်လည်းမဟုတ်ပြန်ဘူး
ဘယ်လိုပြောရမှန်းတောင်မသိဘူး ကြိုက်တယ်"

သူဖျော်ထားတာကို ကြိုက်တယ်ပြောတဲ့ သူရဲ့
ဇနီးအသစ်စက်စက်လေးကြောင့်
သူမှာကျေနပ်ရပြန်သည်။လက်ထပပြီးသားဆိုပင်မဲ့

ဖေဖေပြောတဲ့အတိုင်း

သူလည်းမိဘနဲ့တောင်းရမ်းလက်ထပ်ပြီးမှ

အတူတူနေဖို့နဂိုကတည်းကဆုံးဖြတ်ပြီးသားပင်။

"ရော့ Cake

လည်းကိုယ့်ဘာသာဖုတ်ထားတယ်စားကြည့်

ChoColate နဲ့လုပ်ထားတာ "

သူလှီးထားတဲ့ cake ကို Light

ရှေ့တိုးပေးလိုက်တော့ Light

ကပါးစပ်ဟကာခွံ့ကျွေးဆိုတဲ့ပုံပြနေတာမို့

သူပြုံးကာဇွန်းမသုံးတော့ပဲ သူလက်နဲ့ဖွဲ့ပြီး သူမကိုခွဲ့လိုက်သည်။

"ကောင်းလား My Light"

"Very Good My Husband!"

"ဟာ
အသဲယားလာပြီနော်လူကိုစားပစ်ချင်အောင်လုပ်နေတာလားနော်"

Lay Nge

"စားလေ
ဘယ်သူကမစားပါနဲ့ပြောနေလို့လဲသူ့ဘာသာ
မူနေပြီးတော့ ဟွန့်"

ဒီမိန်းကလေးကို
သူပိုင်ဆိုင်ရတာတကယ်ကိုကံကောင်းခြင်းပင်။အရ
မ်းလည်းချစ်ရတာမို့
တန်ဖိုးလည်းထားရသည်။ချစ်တာထက်
မြတ်နိုးမိတာမိတာမို့ တယုတယနဲ့
သိမ်းထားချင်တာမျိုး.....။

Lay Nge

သဘာဝ

မောင်ရေချိုးခန်းထဲဘာသွားလုပ်တာလည်းမသိ
ကော်ဇလုံကိုင်ကာဝင်သးတာကြောင့်
အခန်းပတ်လည်ကြည့်နေမိသည်။ကုတင်ဘေးမှာ
မောင်သူမကိုပထမဆုံး
OGဆီသွားအပ်ပြီးပြန်လာကတည်းက
သူမသောက်ရမဲ့ဆေးခြိန်တွေမှားမှာဆိုးကာ A4
စက္ကူစာရွက်နဲ့
သောက်ရမဲ့အချိန်ဇယားကိုသူကိုယ်တိုင်ဆွဲကာကပ်
ထားသည်။ဆေးတွေဆိုလည်းအကန့်တွေပါတဲ့ဘူးဝ
ယ်ကာတစ်ကန့်ဆီထည့်ထားသည်။ညတိုင်းလည်း
သူမဗိုက်ကိုသံလွင်ဆီလိမ်းပေးညတိုင်းမပြတ်။သူမ

ကသူချော့သိပ်လို့ သူရင်ခွင်ထဲအိပ်ပျော်သွားပြီးလို့ ပြန်နိုးလာရင် Google ကနေကိုယ်ဝန်သည်နဲ့ပက်သက်တဲ့စာတွေဖတ်နေလေ့ရှိသည်။

မောင်ကမသိရင်

အခုမှကလေးရတဲ့ယောကျ်ားတစ်ယောက်နဲ့တောင်တူနေသေးသည်။သားတုန်းကသာမောင်သူမအနားရှိနေရင် ဒီလိုဂရုစိုက်မှာသေချာပါသည်။

Lay Nge

"မ ခြေထောက်လေ
ဒီအထဲကိုထည့်လိုက်မောင်နိပ်ပေးမယ်"

သူမအတွေးလွန်နေရမှ
သူမခြေထောက်ကိုလာထိတဲ့ မောင့်လက်ကြောင့်
ရုန်းမိသွားသည်။

"မဟုတ်တာ မောင်ကလည်း
သဘာဝဘာသာလုပ်မယ် တကယ်ပါပဲ
ဒီလောက်ထိလိုက်လုပ်ပေးစရာမလိုဘူးနော်"

Lay Nge

"မရယ်
ဒီလောက်မပြောပလောက်ဘူးခြေထောက်လေးချ
လိုက် ဇလုံထဲကို
အဲ့ထဲကပန်းကခြေထောက်ရောင်တာတွေတင်းနေ
တာတွေသက်သာတယ်တဲ့ မရဲ့"

သူမမောင်ပြောတာကိုငြင်းပင်မဲ့ မောင်က
သူမခြေထောက်ကိုသူကိုယ်တိုင်ချပြီးရေနွေးပူယုံ
လောက်ရှိတဲ့အထဲထည့်လိုက်ကာ
မောင်ကကုတင်အောက်မှာထိုင်ချလိုက်သည်။

"ခြေဖမိုးလေးတွေကိုတင်းနေတာပဲ
မအစားဒီဝေဒနာတွေကို မောင်ပဲယူလိုက်ချင်တယ်"

သူမခြေဖမိုးကအစား
ခြေချောင်းလေးတွေကိုပါသေချာနိပ်ပေးနေရင်း
အလိုမကျစွာပြောထွက်လာတဲ့မောင်ကြောင့်
သူမမှာကိုယ့်ချစ်ရတဲ့အမျိုးသားကဒီလောက်ဂရုစို
က်နေတာမပျော်ပဲနေပါ့မလား။

"မောင် ရလောက်ပြီ တော်ပြီနော်
သူများတွေသိရင်မကောင်းပါဘူး "

"ဘယ်သူကိုမှ ဂရုမစိုက်တဲ့မောင်အတွက်ကတော့
ပတ်ဝန်းကျင်စကားလောက်က မတုန်လှုပ်ဘူး
မနဲ့ပက်သက်တာဆိုပိုဆိုး"

ခြေခြင်းဝတ်လေးတွေကိုရော
သေချာနိပ်နယ်ပေးနေပြီး
ဖောင်းနေတဲ့နေရာလေးတွေရောသေချာတဘတ်နဲ့
သုတ်ပေးသည်။သူမခြေထောက်ကို
နိပ်ပေးပြီးတော့ ရေဇလုံကိုဘေးဖယ်ကာ

LayNge

သူမခြေထောက်ကိုမောင်က သူ့ပေါင်ပေါ်တင်ပြီး
တဘတ်အခြောက်နဲ့သေချာသုတ်ပေးသည်။

သူမခြေထောက်လေးကို
ခြောက်သွားအောင်သုတ်ပေးလိုက်ပြီး
ကတုတင်ဖြေးဖြေးလေးပြန်တင်ပေးလိုက်သည်။သူ
ရေဇလုံနဲ့ တဘတ်ကိုပြန်ထားဖို့အလုပ်
မကသူ့ခါးကိုအနောက်နေဖက်ထားတာကြောင့်
ငြိမ်နေရသည်။

Lay Nge

"မ ဘာဖြစ်လို့လည်း
ဘာစားချင်လည်းမောင့်ကိုပြော"

"ဘာမှမစားချင်ပါဘူး မောင့်ကိုဖက်ထားချင်လို့"

နေသူ့ကိုကပ်ခွဲနေတဲ့ ချစ်ဇနီးကြောင့် လက်ထဲက
တဘတ်တွေကိုလည်း အောက်ကိုချပစ်လိုက်ပြီး
ခါးကိုဖက်ထားတဲ့သူမလကလေးကိုကိုင်ကာ
သူမဘက်လှည့်လိုက်သည်။သူမနဖူးလေးကို
နမ်းပြီး....

"ချစ်တယ်
မောင့်မိန်းမသေတဲ့အထိခင်များလေးနားနေသွားမှာ
ယုံ"

"ယုံတယ် သဘာဝလည်းမောင့်ကိုချစ်တယ်"

သူမကသူ့ရင်ခွင်ထဲတိုးဝင်လာပြီး
သူကလည်းဗိုက်လေးခံနေတာမို့
သူမအသက်ရှူကြပ်မှာဆိုတာကြောင့်
ဖွဖွလေးပြန်ဖက်ထားသည်။အနာဂတ်မှာ မရယ်
သူရယ် အရှုပ်ထုတ်လေးနှစ်ကောင်ရယ် နဲ့

သူတို့နဲ့ပက်သက်ပြီး ဖြစ်တည်လာမဲ့
ဟာလေးတွေရယ်.....။

4 months Later~~~~

ခွဲခန်းရှေ့မှာ ဂနာမငြိမ်ဖြစ်နေတဲ့ သူကို
မိုးတိမ်ရောင်နဲ့ ညီမလေးကစိတ်မပူနဲ့ပြောလည်း
သူစိတ်ပူတာတစ်စက်ကယ်မျှရောမသွား။သူခွဲခန်း
ရှေ့ ဟိုဘက်လျှောက် ဒီဘက်လျှောက်လုပ်နေခိုက်
နာစ့်တစ်ယောက်ကသူကိုကျော်ပြီး
ခွဲခန်းထဲဝင်တော့မှာကို.....

"နာစ့် "

သူခေါ်လိုက်တော့ နာစ့်မကလှည့်ကြည့်တယ်ဆို
သူရင်တွေဘယ်လောက်ပူနေလည်းမသိ
အသံတောင်တုန်နေကာ....

"အခုခွဲခန်းထဲဝင်လို့ အကယ်၍ ကလေး နဲ့ မိခင်
ရွေးရမယ်ကိစ္စဖြစ်လာခဲ့ရင်
ကျွန်တော်မိန်းမပဲကယ်ပေးပါ"

ဆိုတဲ့စကားနဲ့အတူ
မျက်ဝန်းကမျက်ရည်စကနာစ့်မရဲ့
လက်ပေါ်တောင်ကျသွားတာမို့ သူပုံစံကိုကြည့်ကာ
နာစ့်မလည်း ခေါင်းငြိမ့်ကာဝင်သွားသည်။

မိုးတိမ်ရောင် မိန်းမဖြစ်သူအပေါ်
အချစ်ကြီးလွန်းတဲ့အစ်ကိုကြည့်ပြီး
ပြုံးမိသေးသည်။သူလည်း
အဲလိုတွေရင်ဆိုင်ရမှာဆိုးလို့ မမ ကို
ကလေးမယူချင်ဘူးပြောတာကို
မမကလည်းနားမလည်။

LaMge

"ကိုကို စိတ်ထိန်းမှပေါ့
ဘာလို့ငိုနေတာတုန်းမရှက်ဘူးလား"

မေလက်ရာ အစ်ကိုဖြစ်သူစိတ်ပြေလို
ြေပြောစလိုက်ပင်မဲ့
သူမပြောတာပင်နားထဲမရောက်တဲ့ကိုကို က
ခွဲခန်းကိုပဲမျက်နာမူနေလေသည်။တကယ်ချစ်တက်
တဲ့ယောကျ်းတွေကြတော့လည်း
စိတ်မပူရလောက်အောင်စိတ်ချရတဲ့ကိစ္စတောင်

Layne

သူတို့အတွက်ကမ္ဘာပျက်မေသလိုဖြစ်နေတာ ကိုကို
ကိုကြည့်ပြီး သဘောပေါက်ရသည်။

ဖျက်.

ခွဲခန်းအပေါ်က မီးပိတ်သွားတယ်ဆို
နေခွဲခန်းတံခါးရှေ့ကနေခြေတစ်လှမ်းတောင်မခွာ
တော့။

ကျွီ.....

LayNge

အထဲက ဆရာဝန်တွေထွက်လာတယ်ဆို ကိုကို

ဘေးနား

မောင်နဲ့အတူတူသွားရပ်လိုက်မိသည်။ထွက်လာတဲ့

ဆရာဝန်တွေနဲ့အတူ နာစ်မလက်ထဲက

အနီးပန်းရောင်လေးထဲက

ကလေးသေးသေးလေးကိုမြင်လိုက်တော့

ကလေးကို

သူမတို့ဆီပေးဖို့သူမကဆုတောင်းနေပင်မဲ့

ကိုကိုကတော့....

"Doctor ကျွန်တော်ဇနီး"

"စိတ်ပူစရာမရှိပါဘူးနော်
ခဏနေဌားထားတဲ့အခန်းကိုပြောင်းပေးမှာပါ ဒီမှာ
ကလေးကမိန်းးကလေးပါ"

ကလေးကို ကိုကိုဆီနာစ့်မကပေးပင်မဲ့
သူမိန်းမကိုမတွေ့ရသေးတာကြောင့်
မတည်ငြိမ်သေးတဲ့ ကိုကိုအစား တူမလေးကို
သူမချီလိုက်သည်။ချစ်စရာလေး
ဖြူဖြူဖွေးဖွေးလေးကိုမှ

Ley Nge

ဆူနေတဲ့နှုတ်လေးကဂျယ်လီတုန်းလေးအတိုင်း
အိစက်စက်လေးကိုပန်းရောင်သန်းနေတာ.....။

"အဲ အဲ အဲ"

မောင်ကသူမကို ဗိုက်ခွဲထားတာမို့သတိရတယ်ဆို
သမီးလေးလို့သာပြောပြီး မပြသေးပဲ
သူမသက်သာလား ဘာဖြစ်သေးလည်းမေးပြီး
နှုတ်ခမ်းဆွေခြောက်နေတာမို့ လက်ဖက်ဇွန်းလေးနဲ့
ရေခတ်တိုက်နေတုန်း ကလေးရူးရူးနေတဲ့

မေလက်ရာလေးလက်ထဲက
သမီးလေးကထိုတာကြောင့်.....

"အဲ အဲ အူဝဲ အဲ"

အိုင်သံချက်ကတော့
ကမ်းကုန်အောင်ပင်။သမီးငိုသံကိုနားထောင်ပြီး
သူမမှာ
သားတုနကမွေးခါစကအနေအေးတာကြောင့်
အခုတော့ အသံကိုပြာနေအောင်ဟော်နေတာမို့
သူအန်တီလေးကလည်း နို့စာနေတယ်ထင်ပြီး

Lay Nge

သူမကိုလာပေးတာမို့
သမီးကိုရင်ခွင်ထဲထည့်ချီလိုက်သည်။

"အဲ အဲ အဲ"

"သမီးကဘာလို့ငိုနေတာလဲ
မောင်ဆရာဝန်သွားခေါ်လိုက်ရမလား"

"မဟုတ်ဘူး မောင် သမီးကနို့ဆာနေတာထင်တယ်"

LayNge

ဆိုတာကြောင့် နေ
ဆိုဖာပေါထိုင်မိုးတိမ်ရောင်ကိုလှမ်းကြည့်ကာ
မျက်စပစ်ပြီး ထွက်သွားခိုင်းတာကို
မေလက်ရာမြင်ကာ ကိုကို ကိုမျက်စောင်းထိုးရင်
မောင်လက်ဆွဲကအပြင်ထွက်လာခဲ့တော့သည်။

သဘာဝ မိုးတိမ်ရောင်တို့ ထွက်သွားမှာသမီးကို
နှုတ်ိုက်တော့ မောင်ကသေချာကြည့်နေရရင်းက....

"မ မအားနည်းနေရင် သမီးကို
နှုမှန့်ဝယ်တိုက်မလား"

"ဟင်အင်း
မိခင်နို့ကကလေးအတွက်အကောင်းဆုံးပဲမောင်
သမီးလေးကို ငယ်ငယ်လေးနဲ့
ရောဂါတွေမများစေချင်ဘူး"

သမီးကို မနို့တိုက်မှ
သမီးကိုသူသေချာကြည့်မိတော့သည်။သမီးလေးက
မွေးခါစလေးတောင် မျက်နာကြပုံကသူနဲ့တူပြီး
ကျန်တဲ့မျက်နာအစိတ်အပိုင်းက
မနဲ့အတော်သူသည်ကင။ဒီသမီးလေးကြီးလာရင်

Lay Nge

တော့ သူတော့အူတိုရဦးမှာကိုတွေးရင်း
သက်ပြင်းချမိသည်။

"အဲ အဲ အဲ"

ဟာ နှုံစိုပြီး သူဘာသာဝလိုချွတ်လိုက်တာကို
အော်နေတဲ့သမီးကြောင့် သဘာဝက
ဗိုက်နာနေတယ်ထင်ကာ ဗိုက်လေးစမ်းကြည့်တော့
လေမရှိ။

Lay Nge

နေလည်း အသံလေးသေးသေးလေးကို
စွတ်အော်နေတဲ့ သမီးလေးကို
အသံဝင်မှာဆိုးတာကြောင့် မရင်ခွင်ထဲကနေ
သူယူကာ ပွေးချီလိုက်တော့
ငြိမ်ကြသွားတဲ့သေးသေးလေး။သူရင်ခွင်ထဲကနေ
မျက်လုံးမေမေးလေးနဲ့ ရီပြတာကြောင့်...

"ဟာ မောင့်သမီး ဖအေချစ်တွေ့လား
အခုမှမွေးတာကို"

Lay Nge

သူရင်ထဲဘယ်လိုခံစားချက်ကြီးမှန်းလည်းမသိ
သမီးလေးမျက်နာလေးကြောင့်
ကြည်နူးရပါသည်။သူဘက်ကသာ သမီးလေးကို
မလိုချင်သလို မိန်းမမျက်နာသာစိတ်ဝင်စားခဲ့တာ
သမီးကတော့
မွေးခါစလေးတောင်သူ့ကိုချစ်နေတာ.....။

~~~~~~~~~~~~~~~~ 🌼 🌷

Share ပေးဦးနော် 🌼 🌷

Lay Nge
~~~~~~~~~~~~~~~~

သား နဲ့ အဖေ ပြုင် ဘယ်သူနိုင်😰

[OBJ]

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

part~60~~~

1 နှစ်ခန့်ကြာပြီးနောက်~~~

Lay Nge

"ဖေ့ !"

သဘာဝ ဖေ့လို့ခေါ်သံကြားတာမို့
လှည့်ကြည့်လိုက်တော့မျက်လုံးတောင်ပြူးသွားရ
သည်။ကုတင်ပေါ်မှာထိုင်ရပ်လေးခဏလေးထားပြီး
သမီးပစ်ဆော့ထားတဲ့ အရုပ်တွေသိမ်းနေတုန်း
ကြည့်လိုက်တော့
ကုတင်ပေါ်ကနေဘယ်လိုဆင်းသွားလဲမသိ
အလုပ်လုပ်နေတဲ့ ဖအေနားကို ဖေ့လို့ခေါ် ပြီး
လေးဘက်ထောက်လေးသွားနေသည်။

နေလည်း သူ့ကို
ဖေ့လို့ခေါ်သံလေးကအကျယ်ကြီးမဟုတ်ပင်မဲ့
ကြားရတာကြောင့် လှည့်ကြည့်တော့ သမီးလေးက
လေးဘက်ထောက်လျက် သူ့ဆီလာနေတာမို့
သူထိုင်နေရာက ချက်ခြင်းထပြီး
ကောက်ချီလိုက်သည်။

"သမီး ဖေ့သမီးက
ဖေဖေဆီလာချင်နေတာလာကွာ"

" ခစ် ခစ်"

Lay Nge

သူကသမီးလေးကို
မြောက်လိုက်တယ်ဆိုတစ်ခစ်ခစ်ထရီတာကြောင့်
သူကထက်ပြီး မြောက်ပြန်သည်။သဘာဝလည်း
ဆော့ပြီး ရီမောနေတဲ့
သားအဖနားလျှောက်သွားကာ....

"သမီး ရေချိုးကြမယ် လာ မေမေဆီ"

"ရာဝူး !"

Love Nge

မလာဘူးပြောပြီးနှုတ်ခမ်းပါတစ်ခါထဲဆူသွားတဲ့သ
မီးကိုကြည့်ကာ နေ
သဘောကျမိပြန်သည်။သမီးဖြစ်သူ
ဂျစ်တိုက်တော့မှာလည်းကြိုးသိနေသည်။

"Lily! လာနော် "

"ရာဝူးဆို ! ဘိုဖစ်"

စကားကအသက်တစ်နှစ်တောင်မပြည့်သေးဘူး
စပြောနေပြီ။သူမကဘာမှမပြောရသေးဘူး

Lay Nge

ကတ်ကတ်လန်အောင်ပြန်ပြောတာ
လီလီပန်းသွေးပေါ့။Lily ပန်းလေးလို
ဖြူဖွေးနေတဲ့အသားအရည် နဲ့
စတော်ဘယ်ရီနှုတ်ခမ်းလေးကချစ်စရာကောင်းသ
လောက် ပြန်ပြောတက်ပုံများ။

"လီလီပန်းသွေး မလာဘူးလား!
အေးမလာရင်ငါ့ကငါ့သားပဲငါချစ်တော့မှာ"

မပြောလိုက်တာကို
သမီးဘယ်လိုဖြစ်သးမလည်းဆိုတာကြည့်လိုက်

တော့ သမီးကမ္ဘေစ့လေးက
သူလက်သေးသေးလေးနဲ့ထောက်ပြီးတစ်ခုခုစဉ်း
စားနေပုံပေါက်သည်။

"တားယား အဲ့ရာဘူရယ်?"

သူမကို
ဖအေလက်ပေါ်ကနေမေးခွန်းပြန်ထုတ်နေတဲ့
ဒေါ်လီလီပန်းသွေး။အစ်ကိုဖြစ်သူကိုလည်း
အခုထိမမြင်ဘူးသလို အစ်ကိုဖြစ်သူကလည်း
အခုထိသမီးကိုမမြင်ဘူးသေး။

Lay Nge

"လီလီ အဖေမေးကြည့်လေ
နင့်အဖေကသူ့သားကိုသိပ်ချစ်တာ
လီလီထက်ပိုပြီးတော့"

"မ ရာ"

ငေ
မီးမလောင်တာကိုလောင်အောင်လုပ်ချလိုက်တာ
ကြောင့်

Lay Nge

မျက်နာကြီးမဲ့သွားရသည်။သမီးရစ်တာခံရတော့မှာ
မို့ ဦးနောက်ထဲလည်
ားဘာပြောရမလည်းကြိုစဉ်းစားနေမိသည်။

"ဟီး ဖြဲ ဟီး ဖေ့ ဟီး"

"မငိုနဲ့လေ သမီးရာ သမီမေမေကစနေတာလေ"

"တာဆို တားရှိဝူးပေါ့"

Lay Nge

"ရှိတယ်လေ သမီးကိုကို..."

သူတောင်စကားမဆုံးသေး ဖြဲဆိုပြီးထဋ်ပြန်တဲ့ လီလီလေးကြောင့်..

"ဖြဲ တွား ! ဖေ့ကိုဂျစ်တော့ဝူး ဖြဲ မေ့ ခေါ်"

သဘာဝမလိမ့်တပတ်လုပ်လိုက်တာအဆင်ပြေသွားသည်။သမီးကချီထားတဲ့ မောင့်ရင်ဘက်ကိုတွန်းကာ သူမကိုခေါ် ဖို့လက်ကမ်းနေတာကြောင့်

သူမမောင့်ဆီက သမီးလေးကို
ပြောင်းချီလိုက်သည်။

"ဟင့် ဖြဲ ဖေ့ယူကျိုးကြီး! မေ့ ရိုကိုချစ်"

သဘာဝ သမီးပြောတဲ့စကားကြောင့်
ရီချင်သွားရက်ာ မောင်ကိုကြည့်လိုက်တော့
ခါးထောက်က သူမနဲ့ သမီးကိုကြည့်နေတာမို့
သမီးကိုခေါကာ ရေချိုးဖို့အကြောင်းပြရင်း
မောင့်ရှေ့ကလစ်ထွက်လာလိုက်သည်။

ဒေါက် ဒေါက်

"ဘယ်သူလဲ Lock မချထားဘူးဝင်ခဲ့"

နေ သူကိုပညာပြသွားတဲ့
မတို့သားအမိကိုအသည်းယားနေနေတာမို့
ရေချိုးခန်းထဲကထွက်လာတာကို
ကုတင်ပေါ်ထိုင်ရင်းစောင့်နေခိုက်
တံခါးခေါက်တာကြောင့် သူဝင်လာခိုင်းလိုက်သည်။

"ဖေဖေ သားပြန်လာပြီ"

နေ သားအသံကြောင့် သူ့အရှေ့လာရပ်တဲ့သူကို
မော့ကြည့်လိုက်တော့ နေတစင်းနေ
သားကိုတွေ့တာကြောင့် မက်တပ်ရပ်လုံးကြီး...

"ဒီတစ်ခါတော့အပြီးပြန်လာတာလား
မင်းမိန်းမရော"

"Light က လက်ထပ်ပွဲပြီးမှ ဒီမှာလာနေမှာဖေဖေ
ဒါနဲ့ မေမေတို့ဘွားတို့ရော"

LayNge

သူလွန်ခဲ့တဲ့တစ်နှစ်ကတည်းက ဒယ်ဒီ နဲ့ မာမီတို့
စစ်ကိုင်တောင်သွားကြောင်းသားကိုပြောပြလိုက်
ပြီး သူ့အမေကတော့ လီလီကို
ရေချိုးပေးနေတာကို ပြောပြလိုက်သည်။

"အရှုပ်ထုတ်လေးနာမည်က လီလီ လားဖေဖေ"

"မဟုတ်ဘူး လီလီပန်းသွေး"

"နာမည်လေးကချစ်စရာလေး
လူကဘယ်လိုလေးလည်း သိချင်လှပြီ"

နေ သားကိုတွေ့တာနဲ့ အကြံတစ်ခုရသွားကာ
သမီးဖြစ်သူစွာတေးမလေးအကြောင်း
သိစေချင်တာမို့ သားအနားကပ်ပြီး
သားမေမေတို့ထွက်လာရင်
ဘယ်လိုလုပ်ဆိုကာပြောလိုက်သည်။

သဘာဝ
သမီးလေးကိုရေချိုးပေးပြီးရေချိုးခန်းထဲကထွက်
လာတော့ ရေချိုးခန်းဘက်ကိုကျောပေးထားကာ

Lay Nge

မောင်ကတစ်စုံတစ်ယောက်နဲ့စကားပြောနေတာ
ကြောင့် သေချာကြည့်လိုက်မှ...

"သား"

"မေမေ"

နေတစင်း ရေချိုးခန်းထဲကနေ
ပေါက်စီလုံးကိုချီကာထွက်လာတဲ့
မေမေကိုတွေ့တယ်ဆို ဖေဖေအနားထိုင်နေရာက

Lay Nge

မေမေအနားလျှောက်သွားလိုက်သည်။မေမေ
အနားရောက်တယ်ဆို ပါးလေးကိုနမ်းလိုက်ပြီး...

"သားလွမ်းနေတာ မေမေ"

"အံမယ် သူမိန်းမအနားကပ်နေပြီး အခုမှ
လွမ်းတယ်လာလုပ်နေတယ်"

"ဟုတ်တယ်
မပြောတဲ့စကားထဲအဲ့စကားအမှန်ဆုံးပဲ"

Lay Nge

ဆိုပြီးပြောကာ
သူတို့အနားလျှောက်လာတဲ့ဖေဖေကို
နေတစင်းကြည့်နေတုန်းရှိသေး
ဆံပင်ဆွဲခံလိုက်ရတာကြောင့်...

"အား ဟာ !"

သူဆံပင်ကို ဆွဲထားတာကကျစ်နေတာမို့
ကြည့်လိုက် မမေလက်ပေါ်က
ကလေးရေခဲ့ူးဝတ်စုံပန်းရောင်လေး နဲ့ ပေါက်စီမ
ကသူဆံပင်ကို ဆွဲထားတာမို့...

Lay Nge

"ပေါက်စီမ ငါ့ဆံပင်လွတ် !!"

ပေါက်စီမအသားလေးက
မထိရက်လောက်အောင်ဖြစ်နေတာကြောင့်
သူမှာဆံပင်ဆွဲထားတာကို
သူဆွဲဖြုတ်လိုက်ရင်နာသွားမှာဆိုးလို့မဖြုတ်ရက်။

"သမီး လွတ်လိုက်ကိုကိုဆံပင်ကို"

Layloe

သူမပြောနေတဲ့ကြားက
ကောဲကလန်ထိုးကာအစ်ကိုဖြစ်သူဆံပင်ကို
လက်နှစ်ဖက်လုံးနဲ့ ဆွဲနေတာကြောင့်
သူမမောင့်ကိုကြည့်လိုက်တော့ ရီနေတာမို့....

"မောင် ဘာရီနေတာလဲ ! မောင့်သမီးကလူကြမ်းမ
သားနာနေပြီ"

မ ကသူကြည့်ပြီး ရီနေတာကိုပြာမှ မ လက်ထဲက
သမီးလေးကို...

"သမီးလာ ဖေဖေဆီ"

နေကလက်လေးကမ်းပေးကသူဆီလာဖို့ခေါ်တော့
နေတစင်းဆံပင်တွေကို
လွတ်ချကာအဖေဖြစ်သူကမ်းပေးတာကို
တခစ်ခစ်ရီကာလိုက်သွားသည်။

"ခစ် ခစ် ဖေ့အငြားကြီးဂျစ်"

"အာ နာလိုက်တာကောင်မဆိုးလေးပဲ !
စကားပြောတက်နေပြီလား"

နေတစင်းက
ပေါက်စီမလုပ်လို့ပွဘွားတဲ့သူဆံပင်တွေကို
အနောက်လှန်တင်နေရင်း ဖေဖေကို
စကားပြောတာကြားလိုက်တာကြောင့်
မေးလိုက်တော့....

"ဟုတ်တယ် သား စကားစောပြောနေတာ
စကားကတော့မပီသသေးဘူးပေါ့"

Lay Nge

"လူလေးကချစ်စရာကောင်းသလောက် စိတ်ကပုတ်လိုက်တာ!"

"ဘာဖစ် ! တွား ရာနဲ့!!"

နေတစင်းက
စတယ်ဆိုစကားလေးမပီကလာပီကလာနဲ့ပြန်ပြီး
ချက်ခြင်းရန်တွေ့တာကြောင့်
နေတစင်းအသည်းယားလာကာ...

Lay Nge

"ဒါငါ့အိမ် ငါ့အိမ်ငါလာတာဘာဖြစ်ချင်လည်း ပေါက်စီမရဲ့ပြီးတော့ ဒါကငါ့မေမေ ဒါကငါ့ဖေဖေ !"

နေတစင်း မေမေနဲ့ ဖေဖေကို သူအပိုင်လိုလုပ်ပြီး စွာတေးလန်ပေါက်စီမလေးကို ထက်စလိုက်တော့ ပေါက်စီမကချက်ခြင်း မျက်နာကြီး ရဲလားကာ...

"ရူကျိုးကြီး ! ဖေ့ ရိုက်ရိုက်"

နေ သားကသူညီမကိုစနေရင်းက
သမီးကသူ့ဘက်လှည့်လာပြီး
စစ်ကူတောင်းနေတာမို့ မျက်နာကို
တည်လိုက်ကာ...

"နေတစင်း !မင်းနော် ငါသမီးကို"

"မောင်နော် ! မောင့်သမီးလွန်တာကျထည့်ပြော"

ကြည့်
သူကကလေးကျေနပ်အောင်သက်သက်ပြောပေး

LayNge

တာကို မ ကသားဘက်ကနာနေတာမို့ သူမှာ
မကအလိုက်မသိလိုက်တာလို့ပြောချင်ပင်မဲ့
စိတ်ကောက်သွားမှလည်းကြောက်ရသေး။ကောင်း
တယ် နေမင်းလက်ရာ မင်းဘဝတော့
ဒီဘုရင်မနှစ်ယောက်ကအမိန့်ပေးစီရင်တာကို
ခံပေတော့.....။

"သဘောမတူနိုင်ဘူးလို့
ကျုပ်ဘက်ကငြင်းပြီးသား!"

Lay Nge

ပါးက မိဘတွေနဲ့တောင်းရမ်းဖို့လာတာကို ဒယ်ဒီက ထိုင်တယ်ဆို ခါးခါးသီးသီးဆက်ဆံတာကြောင့် သူမပါးဘေးနားထိုင်နေရင်း လက်သီးလေးကိုကျစ်နေအောင်စုပ်ထားမိသည်။ဒါ ဒယ်ဒီက သူမကိုသက်သက်အရှက်ခွဲတာပင်။သူမ US ကပြန်လာတော့ သဘောတူမယ်သူ့မိဘတွေနဲ့လာတောင်းခိုင်းဆိုပြီး တော့ အခုတော့.....

"အဟက် ခင်များဘယ်ခေတ်မှာနေနေတာလည်း ဆွေးရိပ်ကမ္ဘာ...သူတို့နှစ်ယောက်ကိုသဘောမတူရ အောင် အသက်မပြည့်သေးတဲ့သူတွေမဟုတ်ဘူး"

နေက ဘယ်တော့မှစကားကို
ကွေ့ဝိုက်ပြောတက်သူမဟုတ်တော့
ဆွေးရိပ်ကမ္ဘာကိုဒဲ့တိုးပြောချလိုက်သည်။နေကသူ
ပြောတာကို မမှုဘူးဆိုတဲ့အနေအထားမို့...

"ခင်များ သဘောမတူလည်း သူတို့နှစ်ယောက်က
တရားဝင်လက်ထပ်ပြီးနေပြီ ရှင်းလား! ပြီးတော့
ခင်များဦးနောက်ထဲမှာ ဘယ်မိန်းမနဲ့
ဘယ်လိုအိပ်ရမလည်းပဲ စဉ်းစားတက်တာလား

အဖေဆိုတဲ့ ဂုဏ်ပုဒ်ကို
ခင်များတဏှာစိတ်ကလွမ်းမိုးသွားတာလား"

နေ စကားဆုံးတယ်ဆို အနာထိလို့စပ်သွားတဲ့
ဆွေးရိပ်ကမ္ဘာက နေကို...

" ဒီကိစ္စက မင်းနဲ့မဆိုင်တဲ့အတွက်
မေးခွန်းထုတ်ခွင့်မရှိဘူး"

"ဟွန်း အဖေဆိုတဲ့
ဂုဏ်ပုဒ်နဲ့ခင်များကတန်ကိုမတန်တာ ဆွေးရိပ်ကမ္ဘာ

မွေးထားတော့ သမီးမိန်းကလေး
ခင်များလိုအောက်တန်းစားစိတ်ဓာတ်နဲ့လူဆီမှာ
လူဖြစ်ရတဲ့ လင်းရိပ်ကိုကံဆိုးတယ်"

သဘာဝ မောင့်ဘေးကနေလက်ကိုစိတ်နေလည်း
မောင်ကနားမလည်ပါပဲ လင်းရိပ်ကို အဖေကို
လက်ညှိုးထိုးပြီးကို သူစိတ်ထဲရှိတဲ့အတိုင်း
တစ်ခါတောင်အားမနာပဲပြောနေတာ။

လင်းရိပ်ကို တစ်ဖက်က
အန်ကယ်ပြောနေတာတွေကအမှန်တွေမို့

ဒယ်ဒီမျက်နာကြည့်လိုက်တော့ ဒေါသထွက်ပြီး
ရှက်နေတဲ့ပုံပေါ်သည် ။

"လင်းရိပ်ကို ဘက်ကအုပ်ထိန်းသူက
ဆွေးရိပ်ကမ္ဘာမဟုတ်ပါဘူး အန်တီပါ"

ဆိုပြီး ဝင်လာတဲ့တစ်ယောက်သောသူ....။

ဆွေးရိပ်ကမ္ဘာ ကိုယ်ကဖခင်ဖြစ်ရက်နဲ့
ကိုယ်ရှေ့မှာတင် ကိုယ်ကလူရာမသွင်းပဲ
နေလက်ရာမိသားစုနဲ့ သမီးကို

Lay Nge

လက်ထက်ဖို့လုပ်ပေးနေတဲ့
မာမီဒေါ်နှိုင်းရတုခင်ကြောင့်
သူမှာဒေါသကိုမနည်းမြိုချကာ
ထွက်သွားတော့သည်။

"အန်တီလည်း မြေးကောင်လေးကိုစတွေ့ထဲက
မိကောင်းဖခင်သားသမီးမှန်းသိလို့
သဘောတူခဲ့ပြီးသားပါ
အခုမင်္ဂလာရက်ရွေးကြတာပေါ့"

LayNge

ဒေါ် နှိုင်းရတုခင် ရဲညီနှိုင်းမူနဲ့ လင်းရိပ်ကို နဲ့
နေတစင်းရဲ့
မင်္ဂလာပွဲအတွက်လူကြီးခြင်းစကားပြောတာအဆင်
ပြေသွားရသည်။ကို လည်းပါးနဲ့
လက်ထပ်ခွင့်ရတော့မှာမို့ ပျော်ပင်မဲ့
ကိုယ့်မှာမိဘရှိရဲ့သားနဲ့ မိဘမဲ့လို့ဖြစ်နေရတာတော့
သူမစိတ်မကောင်း.....။

"မောင်
ဘာလို့ကိုယ်နဲ့မဆိုင်တာတွေလျှောက်ပြောတာလဲ
သားမိန်းကလေးမျက်နာကြည့်ဦးမှပေါ့...ဘယ်လော
က်အားငယ်နေလိုက်မလဲ"

သား လက်ထပ်ပွဲအတွက်စကားပြောပြီး
ပြန်လာတော့
မကဟိုမှာသူဦးဆွေးရိပ်ကမ္ဘာကိုပြောခဲ့တာတွေကို
မပြောသင့်ကြောင့်ပြောတော့.....

"မောင် သူမအားငယ်စေဖို့ပြောတာမဟုတ်ဘူး
ဖခင်စိတ်မရှိတဲ့လူကိုအသိစိတ်ဝင်အောင်လို့ပြော
တာ"

"မောင်ရယ်....."

Lay Nge

သူမမောင်ကိုစကားဆက်ပြောမလို့ရှိသေး အပြင်က
နှိုင်းယှဉ်တို့အသံထွက်လာတာကြောင့်
ထိတ်လန့်သွားရသည်။

"မမ အစ်ကိုလေး အောက်ကိုမြန်မြန်ဆင်းခဲ့ပါဦး
သား နဲ့ သမီး ရန်ဖြစ်နေကြတယ်"

ဆိုတာကြောင့် နေကတော့ ကလေးအိပ်နေတာကို
အတင်းခေါ်သွားတဲ့ မကြီးမငယ်ကောင်က

မိန်းမပဲယူတော့မယ် 1နှစ်တောင်မပြည့်သေးတဲ့
ကလေးနဲ့ရန်ဖြစ်နေသည်တဲ့။

သူတို့လင်မယားအောက်ကိုဆင်းလာတော့
ည့်ခန်းထဲက Lily လေးငိုသံကြားနေရတာကြောင့်
အပြေးလေးဝင်ကြည့်တော့
သမီးကဆိုဖာပေါ်ငုပ်တုတ်လေးကို
မဆင်းတက်လို့ငိုနေတဲ့ပုံ။ငို
နေတဲ့သမီးကလည်းမျက်နာချင်းဆိုင်ကထိုင်ရီနေတဲ့
သားကို.....

"ဟီး ဖြဲ ရှစ်ဝူး ! ဖြဲ ဟင့် ဖေ့ ရဲတိုင်မှာ!!"

ငိုရင် အစ်ကိုကို သူ့အဖေနဲ့တိုင်မှာလို့
အော်ဟစ်ပြောနေတာကြောင့် သားကလည်း
သူညီမကိုကြည့်ကာ
ရီနေတာသွားတောင်အအေးပတ်တော့မယ်။

"တိုင်ပေါ့ ဖေဖေကငါ့ကိုချစ်တာ မရိုက်ဘူး
နင့်ပဲရိုက်မှာ လီလီပန်းသွေး ရဲ့"

"ရီ ကိုရိုက်ဝူး !"

ကိုယ်ကြည့်တော့ သွားတောင်မစုံသေးဘူး
အော်ပြောလိုက်ပုံများ နားထဲစူးနေတာပဲ။နေ နဲ့
သဘာဝလည်း ညှဉ်ခန်းအဝကနေ ရန်ဖြစ်နေတဲ့
မောင်နှမကို ကြည့်ကာ ပြုံးနေမိကြသည်။

"ဖေဖေ "

နေတစင်းက ညှဉ်ခန်းအဝမှာရပ်တဲ့
ဖေဖေတို့ကိုတွေ့တာမို့ ထိုင်နေရာကထကာ
ဖေဖေနားသွားရပ်က

လက်မောင်းကိုကိုင်ထားပြလိုက်တော့
လီလီလေးကလည်း...

"ဖေ့ ရီကိုချီ !"

အဖေဖြစ်သူကို တစ်ခြားသူကိုမျှမပေးချင်တဲ့
သမီးလေးကို သဘာဝကြည့်ကာ
ပြုံးမိသည်။အခုလည်း အစ်ကိုက
အဖြစ်သူလက်မောင်းကိုကိုင်ထားလို့ဖြစ်ပျက်နေ
တာလေးက လက်လေးနှစ်ဖက်အရှေ့ထုတ်ပြီး
အဖေကို မျက်နာငယ်လေးနဲ့လုပ်ပြနေတာ သမီးကို

သဲသဲလှုပ်ဖြစ်နေတဲ့ မောင်က
သူ့သမီးနားချက်ခြင်းရောက်သွားက ချီလိုက်သည်။

"ခစ်ခစ် ဖေ့ကရီကိုပဲဂျစ်"

သူ့အဖေကချီလိုက်တယ်ဆို အစ်ကိုဘက်လှည့်ပြီး
သူ့အဖေက
သူပဲချစ်တာဖြစ်ကြောင်းအစ်ကိုကိုပြောတော့သား
ကလည်း အလည်မလေးကိုကြည့်ပြီး
ရီနေတော့သည်။

LayNge

"ဒါဆို မေမေကငါ့အပိုင်ပေါ့နော်"

နေတစင်းက
ဖေဖေနဲ့ပေါက်စီလုံးလေးကိုရပ်ကြည့်ကာနေတဲ့
မေမေအနားကပ်ကပုခုံးလေးဖက်ပြီးပြောတော့...

"ရှူး ! မေ့ ရီဆီရာ"

သဘာဝလည်း သားကိုကြည့်လိုက်တော့
သားကပြုံးပြကာ သမီးဆီကို
သွားခိုင်းသည်။သားကအစ်ကိုအကြီးမို့

ကလေးနဲ့တုမဖြစ်ချင်တာထက်
ညီမမို့လို့အလျော့ပေးတာထင်သည်။နေတစင်းဆို
တာ သူများအပေါ်အမြဲဗိုလ်ကျခဲ့တာ အခုတော့
ဝင့်လည်လေပြီ.....။

~~~~~~~~~~~~~~~ 🍇

ဇာတ်သိမ်းပိုင်းဆက်ရန်~~~~~~{နေမင်းလက်ရာ
ဆိုတဲ့ကောင်လေးကို မခွဲနိုင်သေးတာအမှန်ပါ}

OBJ

📘 The Sun Of Flower {Season 2} 📘

Lay Nge
~~~~~~~~~~~~~~~

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

part~61~~~{Final}

"ဒါ ဒါ"

နေတစင်း သူမျှော်လင့်တဲ့
မင်္ဂလာဦးညရောက်လေပြီမို့ ရေမိုးချိုးပြီး
ရေချိုးခန်းထဲဒိုက်တွေထိုးကာ ထွက်လာတော့
ကုတင်ပေါ်မှာ သူနဲ့ သူမရဲ့ မင်္ဂလာကုတင်ပေါ်မှာ
အိပ်နေတဲ့ လီလီ ကိုတွေ့လိုက်တာကြောင့်

မုန်တင်ခုံရှေ့ထိုင်ဆံပင်ဖြီးနေတဲ့ Light

နားသွားကာ...

"Light

ပေါက်စီမကဘယ်လိုလုပ်ဒီရောက်နေတာလဲ"

"အန်ကယ် လာပို့သွားတာ

အန်တီနေသိပ်မကောင်းချင်နေလို့တဲ့

ဒီနေ့ည့်သည်ကနှစ်ဖက်အသိုင်းအဝိုင်းကလူကုန်

လာတော့ ပင်ပန်းသွားတယ်ထင်တယ်"

Lay Nge

နေတစင်း Light ဘာပဲပြောပြော
ဖေဖေဒါသက်သက်လုပ်တာသူသိသည်။သူ့ရဲ့မင်္
လာဦးညလေးကို သက်သက်နှောက်ယှက်တာ။

"ပြန်သွားပို့မယ် ! ဖေဖေသက်သက်လုပ်တာ"

ဆိုကာ အောက်ပိုင်းတဘတ်တစ်ထည်တဲ့နဲ့
ကုတင်ပေါ်တက်ကာ အိပ်နေတဲ့ ပေါက်စီမကို
ပွေ့မလို့ရှိသေး ညဝတ်ဂါဝန်အသားရောင်လေးနဲ့
Light က ကုတင်တစ်ဖက်ကနေတက်လာပြီး...

"ကလေးအိပ်နေတာကို ပါး ကလည်းအိပ်ပါစေ "

"မဟုတ်ဘူးလေ
ဖေဖေသက်သက်အကျင့်ယုတ်တာ"

ပါးက အန်ကယ်ကိုမကျေမနပ်ပြောတော့
သူမကသက်ပြင်းချရင်း...

"ပါးရယ်တစ်ညတစ်လေပဲကို
နောက်ကျတွေကြလည်း အတူတူအိပ်ရမှာကို
မင််လာဆောင်တဲ့ညမှ အဓိပ္ပာယ်ရှိတာမဟုတ်ဘူး

Lay Nge

တစ်ယောက်နဲ့
တစ်ယောက်အတူရှိတဲ့အချိန်တိုင်းက မင်္ဂလာဦးပါပဲ
အခုတော့အဝတ်အစားသွားဝတ်တော့
မုန်တင်ခုံပေါ်မှာ ပါးဝတ်ဖို့ထုတ်ပေးထားတယ်"

သူမပြောလို့ မအီမသာမျက်နာထားနဲ့
လက်ခံလိုက်ရပင်မဲ့ ဖေဖေကို
နည်းနည်းလေးမှမကျေနပ်။ဒါ
သူတို့လင်မယားကြည်နူးရင်
သူနှောက်ယှက်လို့သက်သက်လုပ်တာ။ဖေဖေကလ
ည်း တကယ်ကိုသူကိုတစ်ခုခုလုပ်ရင်
ပြန်လုပ်ရမှကျေနပ်တဲ့ ဦးပြန်လုပ်ကြီး။

ပါး သူမပြောတယ်ဆိုကုတင်ပေါ်ကဆင်းသွားပြီး
မှန်တင်ခုံပေါ်တင်ပေးထားတဲ့ ဘောင်းဘီအတိုနဲ့
T_Shirt
ကိုယူကာအဝတ်လဲခန်းထဲဝင်သွားတော့သည်။သူမ
လည်းအိပ်နေတဲ့ ပါး ညီမလေးဘေးလှဲကာ
ပါးဖောင်းဖောင်းလေးကိုနမ်းမိသည်။ဒီကလေးတ
ကယ်ဆုတောင်းကောင်းတဟမပြောရမည်။ဘာလို့
ဆို မျက်ခုံလေးကလည်းထူထူလေး
အဓိကနေရာကတော့
နှုတ်ခမ်းလေးကကိုက်ဆွဲချင်စရာလေး။သူမလည်း

ပါးအတွက်ဒီလို
ချစ်စရာကလေးလေးမွေးပေးချင်ပါသေးသည်။

ပါး နဲ့ သူမက အန်ကယ်တို့နဲ့
ဒီတစ်ညပဲလာနေတာဖြစ်ပြီး
ပါးကလည်းသူမနဲ့အတူ မာမီရဲ့အိမ်လေးမှာ
မခွဲခွာစေချင်တာမို့
အတူလိုက်နေပေးမည်တဲ့လေ။အိမ်မှာဘယ်သူတွေ
ပဲရှိရှိ သူမအနား
ပါးရှိရင်ရပြီ။ပါးသာသူမလက်ကိုဆွဲထားသ၍
ဘယ်တိုက်ခိုက်မှုမျိုးမဆိုဖြတ်ကျော်နိုင်မယ်ထင်သ
ည်။

သဘာဝတစ်နေကုန်မျက်နာကမိတ်ကပ်တွေနဲ့မို့
ရေချိုးခန်းထဲမျက်နာဝင်သစ်ပြီး
ပြန်ထွက်လာတော့ သူမရေချိုးခန်းမဝင်က
မောင်နဲ့အတူတူသားအဖနှစ်ယောက်ဖက်အိပ်နေ
တာ အခုတော့ မောင်ကကုတင်ပေါ်မှာထိုင်ကာ သူ
Laptop နဲ့အလုပ်လုပ်နေသည်။သမီးလေးက
မောင့်ဘေးမှာမရှိတော့တာကြောင့်
သူမမောင့်အနားသွားကာ...

"မောင် သမီးရော!!"

"သူ့အစ်ကို နဲ့သွားအိပ်တယ် မရဲ့"

"ဟင်"

လီလီ လေးကအိပ်ရင်တောင် မောင်သိပ်မှအိပ်တဲ့ဖအေချစ်သမီးဖို့ သူ့အစ်ကိုလာခေါ်ရင်တောင် လိုက်မဲ့ကလေးမဟုတ်တာ သူမသိသည်။သူမဖြစ်နိုင်လောက်တာကိုတွေးကြည့်တော့မှ....

Lay Nge

"မောင် ! သားတို့အခန်းကို
သမီးကိုမောင်သွားပို့လိုက်တာမဟုတ်လား!!"

"အင်း "

မောင်က သူ့ပေါင်ပေါ်က Laptop
ကိုအကြည့်မပျက်ပဲ
သူမမမေးတာကိုဟုတ်ကြောင်းပြောသည်။သူမ
မောင်ကြောင့်လုပ်တယ်ဆိုတာသိတာကြောင့်....

Ley Nge

"မောင် ကလေးတွေအခုမှအတူနေကြရမှာလေ
ဘာလို့ နှောက်ယှက်တာလဲ မောင်က"

"ဟွန်း မ
သားမောင်တို့တုန်းကဘယ်လောက်တောင်နှောက်
ယှက်ထားလဲ အခုတော့ ဟွန်း ဟွန်း"

Laptop ကိုပိတ်ကာရီပြီးပြောတဲ့
မောင်ကတမင်လုပ်မှန်းသိတာကြောင့်
သူမမောင်ကို ဘာမှမပြောတော့ပဲ သမီးကို
သွားခေါ် ဖို့ အခန်းတံခါးဆီသွားတယ်ဆို...

"မောင့်မိန်းမကလည်း
သူ့အစ်ကိုနဲ့အိပ်တာဘာဖြစ်လို့လဲ"

ဆိုကာ
သူမကိုအနောက်ကနေဖက်ထားတဲ့မောင်လက်ကို
ပြန်အုပ်ကိုင်ကာ...

"သမီးလေးက
မောင်မရှိရင်ကြာကြာအိပ်မှာမဟုတ်တာ
မောင်သိရဲ့သားနဲ့ကို သွားခြေနင်္ခလိုက်ပါ"

Lay Nge

"ထားလိုက်ပါ မရာ
မတည့်တဲ့မောင်နှမငြိမ်းချမ်းရေးရတာပေါ့"

ဆိုကာ
သူမပါးကိုအနောက်ကနေနမ်းနေတဲ့မောင်။သူကြ
တော့ မိန်းမနဲ့ကြည်နူးချင်နေပြီးတော့ သားကိုကျ
ကိုယ်ချင်းမစာနာတဲ့မောင်။

"မောင့် မိန်းမကိုအရမ်းချစ်တာပဲ "

LaWNge

"မောင် သမီးကိုသွားခေါ်ရအောင်
သမီးမရှိရင်မအိပ်တက်ဘူး သွားခေါ်ရအောင်နော်"

သူမက သူအကြံကို အားမပေးတဲ့အပြင်
သူ့ကိုချော့မော့ပြီး
သမီးကိုသွားခေါ် ဖို့ပြောနေတာက သူပဲ
အရှုံးပေးရမလိုလို။

"မောင်လည်း မောင့်မိန်းမနဲ့ အိပ်ချင်သေးတာပေါ့
သမီးမွေးကတည်းကမိန်းမနားကိုမကပ်ရတော့ဘူး"

LayNge

ဆိုပြီး မောင်ကသူမကို
ဖက်ထားရာကနေခွာသွားတယ်ကြောင့်
လှည့်ကြည့်တော့ သူရဲ့ Laptop ကို
အလုပ်စားပွဲပေါ်တင်ပြီး ကုတင်ပေါ်ပြန်တက်ကာ
စောင်ခြုံကာသူမကို
ကျောပေးသွားသည်။သူမလည်း
အခုထိသူမကိုတွယ်ကပ်နေတဲ့ မောင်ကို
အချစ်ပိုရသလို ကလေးတွေ
နဲ့အပြိုင်စိတ်ဆိုးသွားတဲ့ ကလေးကြီးကို ချော့ဖို့
မောင့်မျက်နာချင်းဆိုင်ထားတဲ့ သူမနေရာကို
တက်လာတော့ သူကတစ်ဖက်လှည့်သွားသည်။

"မောင် သဘာဝဘက်လှည့်ပါဦး မောင်ရဲ့"

"အိပ်တော့မယ် မက
သမီးမရှိရင်မအိပ်တက်ဘူးမဟုတ်လား
သွားခေါ် ပြီး ဖက်အိပ်"

နေမင်းလက်ရာ တဲ့
နာမည်ကတော့ပေးထားတာအရှိန်အဝါနဲ့
သူများတွေရှေ့ဆို တကယ်ကိုနာမည်နဲ့
လူလိုက်ဖက်ပင်မဲ့ သူမရှေ့မှာဆိုရင်တော့

Lay Nge

လူဆိုး။သဘာဝလည်း စိတ်ကောက်နေတဲ့
မောင်နားတိုးသွားပြီး....

"အဲ့"

"မ ဘာဖြစ်တာလဲ! ဟင်"

သူမ ညည်းသံလေးကြားတယ်ဆို
ချက်ခြင်းလှည့်ကြည့်ပြီး
စိုးရိမ်တကြီးမေးတာတောင်မဆုံးလိုက်
သူ့ရင်ခွင်ထဲတိုးဝင်လာတဲ့ မရဲ့ခန္ဓာကိုယ်လေး။

LayNge

"မောင်က ကလေးနဲ့အပြုံင်ဆိုးနေလိုက်"

"မောင်ကသာ အရာအားလုံးထက်ပိုချစ်တာပါ
မကတော့ မ သားနဲ့ သမီးကို ပိုချစ်တယ်"

"ဘယ်သူပြောလဲ သဘာဝပြောမိလား
မောင်ထက်ပိုချစ်တယ်လို့ သား နဲ့
သမီးကိုဘာကြောင့်အချစ်ပိုရတာလဲသိလား"

သူမကရင်ခွင်ထဲကနေသူ့ကို
မော့ကြည့်ကာမေးတော့
သူကမျက်မှောင်ကုတ်ထားပင်မဲ့
မဘာဖြောမှာလည်း သိပြီးသားမို့.....

"မသိဘူး"

"သား နဲ့ သမီးက
သဘာဝသိပ်ချစ်ရတဲ့တစ်ဦးတည်းသောဘဝလက်
တွဲဖော်ဖြစ်သလို သဘာဝဘဝရဲ့
ပထမဆုံးတွေကိုသာပိုင်ဆိုင်ခဲ့တဲ့

Lay Nge

နှလုံးသားရဲ့အရှင်သခင် မောင်နဲ့ ရတဲ့ကလေးမို့
ချစ်တာ"

နေ
သူမကိုဒီလောက်ချစ်ကြောင်းတွေဖွဲ့နွဲ့ပြောတက်မ
ယ်မထင်ထားခဲ့။အခုပဲကြည့် သူက သူမနှလုံးသားရဲ့
အရှင်သခင်တဲ့လေ။

"မောင့်ကိုတော့ မောင့်ဘုရင်မနှစ်ယောက်က
စေစားတယ်ကွာ"

ဘုရင်မနှစ်ယောက်ဆိုတာ သူမ နဲ့
သမီးကိုပြောတာမှန်းသိတာကြောင့် ပြုံးပြီး
သူရင်ခွင်ထဲမြုပ်တော့မတက် ပိုတိုးဝင်လိုက်တော့
မောင်ကလည်း
အလိုက်သင့်ပြန်ဖက်ထားသည်။ချစ်သောအမျိုး
သားရေ သိပ်ကိုချစ်ရပါတယ်.....။

1 AM

နေတစင်း နဲ့ လင်းရိပ်ကိုကြားအိပ်နေတဲ့ LiLy
လေးက သူမလေးတစ်ရေးနိုးချိန်မို့ နိုးလာတော့

မျက်လုံးလေးတစ်စုံကမဖွင့်သေးပဲ
လက်လေးသေးသေးလေး နဲ့
ဘေးကိုလိုက်စမ်းသည်။

"အဲ့ အဲ အဲ ဖေ့ အဲ့ "

LiLy
လေးကလက်လေးကအင်္ကျီစလေးကိုင်လိုက်တယ်
ဆို သူ့အဖေမဟုတ်ဘူးဆိုတာသိသွားတာကြောင့်
ထငိုတော့သည်။LiLy လေးငိုသံကြောင့် နေတစင်း
ရော လင်းရိပ်ကိုရောနိုးသွားကြရသည်။

Lay Nge

"အဲ့ ဖေ့ အဲ့"

"အယ် မီးမီးရေ မမဆီလာ"

"ပေါက်စိမ
သူများမင်္ဂလာဦးညလည်းဖျက်စီးသေးတယ်တယ်
အခုလည်း အိပ်ရေးပျက်အောင်ပါလုပ်နေတယ်"

"ပါး ကလေးကို !"

Lay Nge

ကို ငိုနေတဲ့ LiLy လေးကိုကောက်ချီလိုက်တော့
တအီအီနဲ့ ပါးစပ်ကလေးကလည်းမပီကလာပီလာနဲ့
ဖအေကို ခေါ်နေတာမို့ အန်ကယ်ကို
မတွေ့လို့ငိုတာထင်သည်။ဒီကြားထဲကလေးကို
ဘုကြည့်ကြည့်နေတဲ့ပါးကို
မျက်စောင်းထိုးပစ်လိုက်သည်။

"အဲ့ ဖေ့ အဲ့ ဖေ့ရေ အဲ့ ရီရိုရာခေါ် အဲ့ ဖြဲ ဟီး"

နေတစင်း သူပြောမှပိုင်သွားတဲ့ ပေါက်စီမလေးကို
ခြောက်ရင်တော့တိတ်မှာပဲထင်ကာ..

"ပေါက်စီမ ငါ့ကိုကြည့် ထက်ငိုရင်ရိုက်မှာနော်
ဒီလိုကိုရိုက်မှာ"

ပြောရင်း လက်ကပါဒိုက်ပါဝတ်ထားတဲ့ ဖင်လေးကို
ဖြေးဖြေးလေးပုတ်လိုက်တော့ ပေါက်စီမက
နားလည်စွာတိတ်သွားမယ်မှတ်တာ ဒင်းလေးက
နားလည်းသွားတာက သူ့အဖေကို
အသံဖြဲအော်တော့တာပင်။

"ဟီး အဲ့ ဖြဲ ဖေ့ရေ! ဟီး"

"ပါး နော် ကလေးကိုချော့မယ်မစဉ်းစားဘူး ဒါဆို Light တို့ကလေးရလာရင်ဘယ်လိုလုပ်မလဲ "

ကိုကသူ့ကိုအတည်ပေါက်ကြီး ထအော်တော့ နေတစင်းငြိမ်ကျသွားရသည်။သူမပြောတာလည်း အမှန်မို့ သူငြိမ်နေရသည်။သူကလည်း ပေါက်စီမကို တွေ့ရင်မစပဲကိုမနေနိုင်တာ။

ဒေါက် ဒေါက်

"ဖြဲ ဟင့် ဟီး ဖေ့"

တံခါးခေါက်သံကြားတယ်ဆို
အသည်းအသန်ထဋ်ပြန်တဲ့ ပေါက်စီမကိုကြည့်ကာ
သက်ပြင်းချရင်း သူခြုံထားတဲ့စောင်ကိုခွာချပြီး
ကုတင်ပေါ်ကဆင်းကာ
တံခါးဖွင့်ပေးသည်။သူတံခါးဖွင့်လိုက်တယ်ဆို
ဖေဖေကိုတွေ့တာကြောင့်....

"ဖေဖေ "

နေ သားဖြစ်သူစကားတောင်နားမထောင်
မင်္ဂလာဦးအခန်းတွေဘာတွေမသိ
တံခါးဖွင့်တယ်ဆိုတန်းဝင်သွားကာ ကုတင်ပေါ်က
လင်းရိပ်ကို လက်ပေါ် ငိုနေရှာတဲ့ သမီးလေးကို
ချီလိုက်သည်။

"ဖွေ ဟင့် ဟီး"

LayNge

"မငို နဲ့တော့နော်တိတ်တိတ် ဖေဖေလာပြီ မေမေဆီပြန်မယ်နော်"

"ဟင့် ဖေ့"

"ဗျာ"

"တူ ရီကို ရိုက်"

"ဘာဖြောတာလည်း သမီး"

Lay Nge

နေကသမီးပြောတာကို
နားမလည်လို့ထက်မေးလိုက်တော့ သမီးက
တံခါးနားကသားကို လက်ညှိုးထိုးကာ...

"တူ ရီကို ရိုက်! "

နေ အခုမှ တင်ပါးကိုပါပုတ်ပြီး
တိုင်မှနားလည်သွားကာ
သားကရိုက်တာလားလှမ်းကြည့်လိုက်တော့ ...

"ဟုတ်တယ် အန်ကယ် မီးမီးပြောတာမှန်တယ်
ကလေးငိုတာကိုမချော့ပဲနဲ့ တင်ပါးကိုသွားပုတ်တာ"

နေတစင်း ပေါက်စီမကပြန်တိုင်ယုံတင်မက Light
ကပါ ဖေဖေကိုတိုင်နေကြတာကြောင့် နေတစင်း
ခေါင်းရမ်းကာ ဖေဖေနားလာပြီး....

"ဖေဖေ သားဖြေးဖြေးလေးပဲပုတ်လိုက်တာ နော်"

Lay Nge

"အေးပါကွာ
မောင်နှမရင်းမလုပ်ဘူးဆိုတာသိပါတယ်
အခုအချိန်ကစပြီး အေးဆေးမင်္ဂလာဦးကြတော့"

ပြောပြီး ဖေဖေကထွက်သွားပင်မဲ့ သူပြုံးကာ
မင်္ဂလာဦးဖို့ တံခါးပိတ်ရင်း Light ကိုကြည့်တေ့ာ
အိပ်ပျော်နေပြီ.....။

2 years Later....

"ဘာကွ !"

သဘာဝ သမီးလေးကို
ရေမိုးချိုးပြီးအဝတ်အစားလဲကာ
ကျစ်ဆံမြီးကျစ်ပေးနေခိုက်
သူ့အလုပ်ခုံပေါ်ထိုင်ဖုန်းပြောနေတဲ့မောင်က
ထအော်တာကြောင့် လန့်သွားရတာအမှန်။

နေ ဒေါသဘာကြောင့်ထွက်လည်းဆို နေတစင်း
ကိုယ်မိန်းမက ကလေးအမွှာလေးမွေးထားတာ
တစ်နှစ်တောင်မပြည့်သေးဘူး
နောက်တစ်ဗိုက်ကြီးနေပြီတဲ့။အခုထက်ကြီး

တဲ့ဗိုက်ကလည်း အမွှာဆိုတော့
သူမှာသွေးတက်ချင်သွားရသည်။

တီ

နေဘက်ကဖုန်းကို အရင်ချလိုက်ပြီး ကိုယ့်မိန်းမကို
နည်းနည်းတောင်အနားမပေးတဲ့ဒီကောင်ကို
ဘာချစ်တာလဲမေးပြီး
အိပ်ယာပေါ်မှာချစ်တာလားပြောလိုက်ချင်သည်။

"မောင် "

"ဖေဖေ နေနေလား"

နေ သူနားကိုလျှောက်လာတဲ့
သမီးလေးကိုကောက်ချီလိုက်တော့
သူဒေါသထွက်တာကို သမီးက သူ့အစ်ကိုကြောင့်လို
ကြိုးသိနေတဲ့အတိုင်းမေးတော့ နေ မကိုကြည့်ကာ....

"မ မသားက
မိန်းမကိုမျိုးပွားဖို့များယူထားတာလား"

Lay Nge

"ဘာဖြစ်လို့လဲ မောင်"

"လင်းရိပ်ကို မှာကိုယ်ဝန်ရှိနေပြန်ပြီတဲ့"

"ဟယ် တကယ်"

သူပြောတာကို မကဆုံးသြသွားတဲ့ပုံမို့
သူခေါင်းငြိမ့်ပြလိုက်ပြီး
နေတစင်းအကြောင်းဆက်ပြောလိုက်သည်က...

Lay Nge

"နေအရိပ် နဲ့ နေလင်းကို တင်မကဘူးအခု
လင်းရိပ်ကို ဖိုက်ထဲနောက်ထပ်အမွှာနှစ်ကောင်တဲ့
နာဘူးကောင်
မိန်းမမီးထွက်တာတောင်စောင့်ရဲ့လားမသိ"

"မောင်နဲ့တူတာလေ နာဘူးထတာက"

"ဖြစ်ရလေ မောင်သာနာဘူးထကြည့်
သူကအမွှာပူးယုံ မောင်က
10မွှာပူးတောင်မွေးတယ်"

သားကိုတောင် ဘယ်တုန်းကမှ
အချစ်နဲ့ပက်သက်လာရင်
သူ့ထက်အသာမခံတဲ့မောင်။တကယ်လည်း
သားဟာ ဒီလူသားရဲ့အချစ်ကိုမမှီပါဘူးလေ။မောင်
နဲ့ သူမစတွေ့ခဲ့တဲ့
စာသင်ကျောင်းလေးကအစပြုတဲ့
ချစ်ခြင်းဟာအခုတော့ အဖူးအပွင့်တွေနဲ့
သာယာနေခဲ့ပြီ။

"မောင် မြေးတို့ ဆီသွားလည်ရအောင်"

"လည်နဲ့ ဖေဖေမသွားနဲ့နော် နေအရိပ် နဲ့ နေလင်းကို ကချစ်မဲ့သူ့တို့ ရဲ့အဖေ နေနေရှိတယ် လီလီမှာ ဖေဖေ ပဲရှိတာ"

"ကဲ ဒေါ်လီလီ ကျွန်မကရော"

မက ရင်ဘက်ကိုပုတ်ကာမေးတဲ့ပုံလေးက 50နားကပ်နေတဲ့ အမျိုးသမီးဆိုတာယုံစရာမရှိ။မ ဘယ်အရွယ်ရောက်သည်ကိုစိတ်မဝင်စား အဓိကက ဒီမိန်းကလေးဟာ

သူစတွေ့ကတည်းကချစ်ခဲ့ရတဲ့
သဘာဝပန်းဖြစ်နေဖို့ပဲလိုတာ.....။

"မေမေ က နေနေကိုပဲချစ်တာလေ လီလီကို ချစ်ပဲနဲ့
ပြီးတော့ နေနေရဲ့သားနှစ်ယောက်ကိုပဲချစ်တာ"

သဘာဝ 3နှစ်သာရှိသေးတဲ့ သမီးလေးစိတ်ထဲ
တစ်မျိုးထင်သွားမှာဆိုးလို့
မောင်လက်ထဲကသမီးလေးကို ပြောင်းချီကာ...

"လီလီ မေမေ မေးတာကိုသေချာဖြေနော်
သမီးလေး မေမေက နေအရိပ်တို့ကို
မေမေနဲ့အတူအိပ်ခွင့်ပေးလား"

"ဟင်အင်း "

"အင်း ဒါဆို မေမေသမီးကိုလုပ်ပေးသလို
သူတို့ကိုလုပ်ပေးလား ပြီးတော့ ဖေဖေနဲ့
မေမေဆီမှာ အခုသမီးပဲရှိတာ
သမီးကိုပဲမချစ်လို့ဘယ်သူကိုချစ်ရမှာလဲ
လီလီလေးရဲ့"

လို့ မကပြောတော့ နေလည်း
သားအမိနှစ်ယောက်လုံးကို သိုင်းဖက်လိုက်ကာ..

"ဖေဖေရယ် မေမေ
လီလီလေးရယ်တစ်သက်လုံးအတူတူနေသွားကြမယ် လီလီလေးက ဖေဖေတို့နားမှာပဲနေရမှာ"

သူပြောတော့ လီလီလေးက
သူ့အမေရင်ခွင်ထဲကနေ ခေါင်းပြူထွက်လာပြီး....

LayNge

"ဟင်အင်း နေနေလို ယောကျ်ားယူမှာ"

"ဘာ!"

သူတို့လင်မယားမှာ
၃နှစ်အရွယ်ကလေးရဲ့စကားကိုနားထောင်ပြီး
မျက်လုံးပြူးသွားရသလို နေမှတော့ ရင်ဘက်ထဲ
အမည်မသိခံစားချက်ကတစ်ချိန်သူများပေးရမယ်
ဆိုတော့ကို သူလက်မခံနိုင်။

သဘာဝကတော့ ချစ်သောအမျိုးသားရဲ့
သမီးဖြစ်သူစကားကြောင့်
အူတိုသွားတဲ့မျက်နာထားနဲ့ တစ်ချိန်ကြရင်ဆိုင်ရမဲ့
သမတ်လောင်းလျာလေးအတွက်ရင်လေးမိသည်....
..။

{30.11.2022 to 13.4.2023}

~~~~~~~~~~~~

မောင်တို့ Season2
လေးနောက်ဆုံးတော့အဆုံးသတ်သွားပြန်ပြီပေါ့

Lay Nge
~~~~~~~~~~~~

နော်။Season 2လေးဖန်တီးတာ 5
လတောင်ကြာတာတကယ်မယုံနိုင်စရာ။နေမင်းလ
က်ရာ ကမ္ဘေအတွက်တော့
ထူးခြားတဲ့ကောင်လေးမို့
နောက်အသစ်တွေရေးတိုင်းလည်းသတိရနေမှာပါ
ချစ်တက်သူကြီးရေ။🍭 💝

မောင် ဆိုတဲ့အတိုင်း
ချစ်တဲ့မိန်းမအပေါ်ဆက်ဆိုးနိုင်ပါစေ ရှင့်~~~~။

Lay Nge

မောင်တို့ Season 2 ဇာတ်သိမ်းသွားပြီဆိုတော့
အချစ်တို့တစ်ဦးခြင်းစီရဲ့ Feeback
လေးတွေလိုချင်ပါတယ်လို့👈

Wattpad မှာ
မနက်ဖြန်ဇာတ်သိမ်းအထိတင်ပေးပါ့မယ် 🌻

[OBJ]

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

LayNge

Extra~1

"ဟာ ဖေဖေ သမီးလေးကချစ်စရာလေးကွာ
သူ့အမေအတိုင်းပဲ"

အခု မေမေတို့ရှိတဲ့စက်ကိုင်းကို သွားမှာမို့ သမီးကို
အက်ီုနဲ့စိမ်းရောင်အပွလေးနဲ့
ဘောင်ဘီအရှည်အကျပ်အနက်လေးကို
ဝတ်ပေးထားပြီး သူမလည်း
အဖြူရောင်ဝမ်းဆက်ကို ဝတ်ရင်း
မုန်တင်ခုံရှေဆံထုံးထုံးနေခိုက်

သမီးကိုပြောသလိုလို နဲ့ သူမကိုပါပြောနေတဲ့
မောင့်ကြောင့်ပြီးမိသည်။

"ဖေဖေ "

"ပြောလေ သမီးဘာပြောမလို့လဲ"

"မေမေ နဲ့ လီလီ ဘယ်သူကပိုလှလည်း"

"မေမေကပိုလှတာပေါ့"

LayNge

ကြည့်ဦး ကလေးကိုစိတ်ချမ်းသာအောင်
ညာမဖြေတဲ့သူကို
မျက်တင်ခုံရှေ့ထိုင်နေရာကထပြီး
မျက်စောင်းထိုးလိုက်တော့ ....

"ဖေဖေက မေမေကိုပို့ချစ်တာ
လီလီကိုကြမချစ်ဘူး"

"အင်း"

Lay Nge

သူမေးနေတာတွေတာဖြေနေတာ
စိတ်ရောမျက်လုံးကပါ
အဖြူရောင်ဝမ်းဆက်လေးနဲ့ လှရက်နိုင်လွန်းတဲ့
အမျိုးသမီးလေးဆီသာရောက်နေသည်။လှလိုက်
တာ ဘယ်အချိန်ကြည့်ကြည့်
သူ့အတွက်မရိုးနိုင်တဲ့အလှမျိုး။

မောင်သူကိုကြည့်နေတာသိပင်မဲ့
မောင်ကသူ့ချီထားတဲ့သမီးလေးက
ငိုမဲ့မဲ့ဖြစ်နေတာကိုသိပုံမပေါ်။ကလေးရှေ့တောင်
မရှောင်သူမကိုကြည့်နေတာများဘယ်တုန်းကမှမ
တွေ့ဘူးတဲ့ သူတွေကျလို့။

"မောင် ! သမီးငိုတော့မယ်"

"ဟင် !! သမီးဘာဖြစ်လို့လည်း ဖေဖေကိုပြော"

"ဟင့် ဖြဲ ဟီး ဖေဖေက
မေမေကိုလီလီထက်ပိုချစ်တာကို ဟီး ဖေဖေက
လီလီကို ပိုချစ်ရမှာမဟုတ်ဘူးလား
ဟီးဟင့်...လီလီက ဖေဖေသမီးလေး ဖြဲ "

နေ
လူလည်သမီးစကားကြောင့်မဖြူသေးတဲ့ဆံပင်
တောင် ချက်ခြင်းဖြူချင်သွားရသည်။သမီးက
အရာအားလုံးထက် သူက
ပိုချစ်တာကိုလိုချင်တာ။သမီးကလည်း
ကျန်တဲ့သူတင်မက အမေဖြစ်သူထက်ကိုပင်
သူကိုပိုကပ်ရာတာ။

"ဖေဖေ ဘဝမှာ မေမေရော
သမီးရောအတွက်နံပါတ်စဉ်ဆိုတာမရှိဘူးသမီး
နှစ်ယောက်လုံးက
ဖေဖေအတွက်မရှိမဖြစ်ပဲ...ဖေဖေက

မေမေကိုချစ်တာက
ဇနီးမယားတစ်ယောက်လိုချစ်တာ သမီးကိုကျ
အဖေတစ်ယောက်ချစ်ခြင်းနဲ့ ချစ်တာ
မေတ္တာခြင်းမတူပင်မဲ့ သမီးနဲ့ မေမေ က
ဖေဖေ့အသက်ရှင်ရာပဲ"

"ဖေဖေကို လီလီကအချစ်ဆုံးပဲ မွ"

အဖေဖြစ်သူလည်ပင်းကိုသိုင်းဖက်ကာ ဖအေပါးကို
ဂျယ်လီတုံးလေးလိုနှုတ်ခမ်းလေးနမ်းလိုက်တာများ

ဖအေကလည်းကြည်နူးနေလိုက်တာ
ရုပ်ကြီးကိုပြုံးနေတာပဲ။

"ဖေဖေကလည်း ချစ်တယ် ဖေဖေ့သမီးလေးကို"

"ကဲ ရှင်လေးတို့သားအဖ
ချစ်နေတာနဲ့ပဲတစ်နေကုန်တော့မယ်"

"မေမေလည်း ချစ် နေနေလည်းချစ်
ဖေဖေကိုအများကြီးပိုချစ် "

LayNge

မောင်ချီထားရာကနေ အဖေ နဲ့ အမေအပြင်
မျက်နာချင်းဆိုင်ရင်သာမတည့်တာ
ကွယ်ရာကြအစ်ကိုဖြစ်သူကို
ချစ်ကြောင်းထည့်ပြောတဲ့
သမီးလေး။သားကလည်း
သူညီမချစ်လားမချစ်လားဆို အခု နေလက်ရာ နဲ့
company ကိုဦးစီးနေတာကြောင့်
နှိုင်ငံခြားတစ်ခါတစ်လေသွားရရင်
ကျန်တဲ့သူတွေတွက်တော့မပါရင်မပါလိမ့်မယ်။သူ
ကလေးနှစ်ယောက်က တစ်ခုဆိုရင်
ညီမလေးအတွက်နှစ်ခုပါပြီးသား။

"ချစ်ဇနီးလေး နဲ့ ချစ်သမီးလေးခင်မျ
သွားကြရအောင်"

ဆိုကာ သမီးကိုလက်တစ်ဖက်ကချီ
လက်တစ်ဖက်က မရဲ့ပုခုံးလေးကို ဖက်ပြီး
အောက်ထပ်ကိုဆင်းလာလိုက်သည်။သူတို့သည်းအ
ဖတွေ့ဆင်းလာတယ်ဆို
အပေါ်တက်လာဖို့လုပ်နေတဲ့
သားကိုတွေ့တာကြောင့်.....

"ဖေဖေ တို့ကကြာတာဗျာ
အောက်မှာစောင့်နေရတာ ဗျိုင်းဖြစ်တော့မယ်"

"ဟင်း ကလေး ၄ယောက်အဖေကြီးက
စိတ်ရှည်တက်အောင်ကြိုးစားစမ်းကွာ!"

ဆိုကာ သူ့ကိုပခုံးပုတ်ပြီး
ဆင်းသွားတဲ့ဖေဖေကြောင့်.....

"အသက်က 22 ကလေးက 4ယောက်
ဖေဖေသားတော်တာကို ဂုဏ်ယူလိုက်စမ်းပါ"

Lay Nge

လို့ တစ်ကိုယ်ကြားယုံလောက်ပြောပြီး
ကာပေါ်ကျန်နေခဲ့တဲ့ မဗိုက် နဲ့
သားနှသ်ယောက်ဆီကိုပြန်လစ်ရသည်။Light
နဲ့သူက မိသားစု လုပ်ငန်းတွေကို ဦးစီးနေတဲ့အပြင်
NL တံဆိပ်နဲ့ coffee ကိုထုတ်လုပ်တာ
အတော်အသင့်အောင်မြင်နေပြီဖြစ်သည်။

Light က သူမကလှည့်တုန်းက တစ်ယောက်ထဲမို့
သူမလိုဖြစ်မှာဆိုးလို့ထင်သည်။သူက
ကလေးကိုအသက်ခြားပြီး ယူမယ်ပြောတာတောင်

ပြုံးပြုံးလေးနောက်ကိုယ်ဝန်ကိုထက်လွယ်ပေးသည်။လွယ်တော့လည်း တစ်ခါလွယ်နှစ်ယောက်ဆိုတော့ တစ်နှစ်နှစ်ယောက်ဆို ဆယ်နှစ်ဆိုအယောက်နှစ်ဆယ်။

"ဟွန်း"

သူ့အတွေး နဲ့သူပြုံးပြီး ခြံထဲကိုဆင်းလာပြီး ဖေဖေ့ကားရှေ့မှာ သူကားရပ်ထားတာကြောင့် သူကားထဲဝင်ထိုင်လိုက်သည်။သူမောင်းတဲ့နေရာဝင်ထိုင်တော့ ပေါက်စနလေးနှစ်ယောက်က

အနောက်ခန်းမှာ သူတို့ခုံလေးတွေပေါ်ထိုင်ပြီး အိပ်နေကြသည်။

"Light ကလိုက်ချင်နေလို့ ကိုယ်က Light မပေါ့မပါး နဲ့ဆိုတော့ မလိုက်စေချင်တာ"

"ပါးကလည်း ကိုယ်ဝန်က
2လကျော်ပဲရှိပါသေးတယ်
ဒီမှာတွေ့လားဗိုက်ရှိနေမှန်းတောင်မသိသာသေးဘူး
"

ဂါဝန်အပွအဖြူအရှည်ကြီးဝတ်ထားတဲ့သူမက
ဗိုက်နားကိုကိုင်ပြီး
ပြောတော့သူကပြုံးကာခေါင်းငြိမ့်ပြရသည်။မေမေ
လီလီလေးကိုယ်ဝန်ရှိတုန်းကတော့
ဘယ်လိုနေလည်းမသိပင်မဲ့
သူကတော့ပထမနှစ်ယောက်တုန်းက
အရစ်ခံရတာသိတာကြောင့် သူမစကားကို
ဆန့်ကျင်ဖို့တွေးကိုမတွေးထားတော့ချေ။

တီ တီ

"အမလေး !!"

နှစ်ယောက်သားစကားပြောရင်းအကြည့်စိုက်နေခို
က်အနောက်က ဖေဖေက ကားဟွန်းတီးတာကြောင့်
နေတစင်းနှုတ်ခမ်းဆူသွားရကာ ...

"ဟွန်း ဦးနေမင်းလက်ရာကတော့ "

ပြောကာ အိမ်ပေါ်တီအောက်ကနေ
သူအရင်းမောင်းထွက်လာလိုက်သည်။သူမောင်းထွ

က်လာတာနဲ့တွေ့တာနဲ့ ခြံရှေ့က
အန်တီလေးတို့ကားကခြံရှေ့ကနေထွက်သွားသည်။

အရှေ့ဆုံးကားက မိုးတိမ်ရောင်တို့အတွဲဖြစ်ပြီး
နောက်ဆုံးကားက
နေတို့သားဖဒုယောက်။နောက်ဆုံးကားက
နေတို့မိသားစုမှာတော့ ကားစထွက်ကတည်းက
သမီးကသူ့အဖေပေါ်မှာပဲထိုင်မယ်ဆိုတာကြောင့်
မောင်က ကားမောင်းရင်း သူ့သမီးကိုလည်း
ပေါင်ပေါ်တင်ထားရသေးသည်။

"ဖေဖေ လီလီတို့ဘယ်သွားမှာလဲ"

"ဖိုးဖိုး နဲ့ ဖွားဖွား ဆီလေ"

"အဝေးကြီးပဲလား ဟင်"

"အင်း အဝေးကြီးပဲ ဖိုးဖိုးတို့ဆီမရောက်ခင်
ဖေဖေတို့ မန္တလေးဝင်ကြမယ်လေ
နောက်နေ့ကြမှစက်ကိုင်းဆက်ကြတာပေါ့"

Lay Nge

သမီးက သူသိချင်တာနားမလည်တာကို
မောင်ပေါင်ပေါ်ထိုင်ရင်း
မောင်နဲ့မျက်နှာချင်းဆိုင်လှည့်ကာမေးတော့
မောင်ကလည်းသူ့သမီးနားလည်အောင်သေချာရှင်း
ပြသည်။ဒါကိုဘာထက်သိချင်သေးလည်းမသိတဲ့
မိလည်မလေးက.....

"လီလီနာမည်က ဘာလို့
ဖေဖေနာမည်မပါတာလည်းဟင်"

"ဟင် ! ဘာဖြစ်လို့လည်းသမီးရဲ့"

သဘာဝ

အခဲ့သားအဖနှစ်ယောက်ဘာဆက်ပြောမယ်ဆိုတာ ဆက်ပြီးကြည့်နေလိုက်သည်။

"နေနေ နာမည်မှာကြ ဖေဖေနာမည် နေ ပါတယ် လီလီကြဘာလို့မပါတာလဲ"

အစ်ကိုဖြစ်သူနဲ့တူပြီး ဖအေနာမည်သူ့ဆီမှာမပါလို့ ဂျစ်နေတာကြည့်ဦး။နေလည်း သမီးပြောတာကို သဘောကျတာကြောင့် ရီလိုက်တော့..

"ဟွန်း.."

"လီလီကို လှောင်တာလား "

"မလှောင်ပါဘူးဗျာ သဘောကျတာပါ"

နေ အရှေ့ကိုသေချာကြည့်ပြီး
မောင်းနေရင်းသမီးကိုလည်း
စကားပြန်ပြောနေရသေးသည်။မပြောကြည့်ပါလား

Lay Nge

ကောက်လိုက်မဲ့ မယ်ကောက်တေးကနေ ရီနေရာမှ
မျက်နာတည်လိုက်ကာ...

"ကိုကို က
ဖေဖေနာမည်ပါတာယောကျ်းလေးမို့လေ
သမီးကမိန်းကလေးမို့
မေမေနာမည်ပါတယ်လေဗျာ"

"မရဘူးလေ လီလီလည်း
ဖေဖေနာမည်ပါချင်တာပေါ့ ဘာလဲ

ဖေဖေနာမည်မထည့်ပေးတာ
လီလီကိုမချစ်လို့လား!"

နှုတ်ခမ်းဆူကာ
ဖအေကားမောင်းနေတာကိုအနှောက်အယှက်ပေး
နေတဲ့ သမီးကို...

"ကဲ လီလီပန်းသွေးရေ လာမေမေဆီ
ဖေဖေကားမောင်းနေတယ်လေ အန္တရာယ်ဖြစ်မယ်"

"မလာဘူး! ဖေ့ချစ်ဘူးလားလို့ "

"ကဲ ပြောနေတဲ့ကြားက
!လာမေမေပေါ်လာအိပ်ကြာဦးမှာ
မန္တလေးရောက်ဖို့က"

ပြောတော့ ငြိမ်ကျသွားကာ နေရင်ဘက်ပေါ် မှီပြီး ခါးကိုဖက်ကာ
မျက်လုံးလေးမိတ်သွားသည်။တကယ်ကလေးဆိုးလေး မွေးလာကတည်းက ဖအေမှဖအေ။မောင်ကို ချစ်လိုက်တာလည်းတုန်လို့။မွေးခါစက

Lay Nge

နို့စို့ချိန်ကလွဲကျန်တဲ့အချိန်ဆို
မောင်ကလွဲကျန်တဲ့သူချီမရ။

အခုလည်း
ဖအေကိုရစ်နေရာကသူမဆူလိုက်တယ်ဆို
နှုတ်ခမ်းလေးဆူပြီး
ဖအေရင်ဘက်ပေါ်မှောက်အိပ်နေတာများ
ဖြူစင်လွန်းလှပါသည်။

"မောင် ကားရပ်လိုက်ပါလား သမီးအိပ်သွားပြီ
သဘာဝကိုပေးလေ"

"ရပါတယ် အိပ်ပါစေမရယ် မောင့်သမီးက
မောင်မဟုတ်ဘူးဆိုရင်
အိပ်နေရင်းတောင်ခွေခြားနိုင်တာ
မသိတယ်မဟုတ်လား"

သူ့သမီး သူ့ကိုဘယ်လောက်ချစ်ကြောင်းပြောနေတဲ့
မောင်မျက်နာက ဘယ်အချိန်ကြည့်ကြည့်
သားနဲ့သမီးအတွက်ဆို အကောင်းဆုံးဖခင် ဖြစ်ပြီး
သူမအတွက်ဆိုရင်ဘယ်သူနဲ့မှအစားထိုးမရတဲ့
ခင်ပွန်းကောင်းဘဲဘယ်သူထင်မလည်း

ပေါ့ပျက်ပျက်နေပြီး မိဘလုပ်စာထိုင်ဖြုန်းနေခဲ့တဲ့
ခပ်ဆိုးဆိုးကောင်လေးက အခုဆို တစ်အိမ်လုံးကို
အိမ်ထောင်ဦးစီးအနေနဲ့ရော
အစ်ကိုတစ်ယောက်အနေနဲ့တင်မက
အကောင်းဆုံးဖခင်တစ်ယောက်ဖြစ်နေပြီ။

"မောင် မောင့်သမီး နဲ့ သား ကိုဘယ်သူပို့ချစ်လဲ"

သူမမေးတဲ့
မေးခွန်းကသူအတွက်ခက်ခဲတဲ့မေးခွန်းမဟုတ်တဲ့အ
တွက် သူကားမောင်းနေရင်း....

"အခုအချိန်ပြောမယ်ဆိုရင်တော့ သမီးပေါ့
ဘာလို့ဆို သမီးလေးကငယ်လည်းငယ်သေးသလို
မောင်တို့ရင်ခွင်ထဲကထုတ်လို့မရသေးတဲ့အရွယ်
သားကြတော့ ကိုယ့်ဘဝကိုရပ်တည်နိုင်တဲ့
လူငယ်တစ်ယောက်ဖြစ်နေပြီ ဒါပင်မဲ့
သားကမောင့်အတွက်သားကြီးဖြစ်လို့ချစ်ရသလို
သမီးလေးကလည်း အငယ်ဆုံးလေးမို့ချစ်ရတယ်မ
သားနဲ့ သမီးကိုအတူတူချစ်တယ်"

"သမီးက သားထက်ကံကောင်းပါတယ်မောင်
သမီးလေးမွေးကတည်းက
မောင့်လက်ထဲမှာနေရတယ် ဒါပင်မဲ့
သားကတော့မတူဘူးလေ
ဒါတွေကလည်းလူတစ်ချို့ရဲ့
မလိုတမာစိတ်တွေကြောင့်ပေါ့ ဒါနဲ့"

သူမအရင်ကအကြောင်းတွေပြောနေရင်းက
မကဆက်ပြောမဲ့စကားကမေးခွန်းလို့ထင်ရတာ
ကြောင့် သူငြိမ်ပြီး နားထောင်နေလိုက်သည်။

"မောင် မြေးတို့ကိုအခုထိမချီဖူးသေးဘူးနော်"

"မရာ
မြေးဆိုတာကြီးထည့်မပြောပါနဲ့အသက်ကြီးလာသလိုခံစားရတယ်"

"မောင်ကလည်း
အသက်ကလည်းငယ်တော့လို့လား 40
ဘယ်လောက်လဲ 49 လား?"

Lay Nge

"ဟာ ရှိရင်းအသက်ကိုပိုကြီးအောင်လုပ်နေတယ် 45 ပါ"

သူ့အသက် နဲ့ပက်သက်ရင်တကယ်ကို အထိမခံတဲ့မောင်။သူ့အသက်ကမငယ်တော့တာသိ မှာဆိုးလို့ မြေးတွေကို မချီတာလားမသိ။

"မောင်ရယ် သဘာဝကစတာပါ ဘာလို့မချီတာလဲ"

LayNge

"မောင့်သမီးလေး

စိတ်ဒဏ်ရာရမှာဆိုးလို့..မောင့်ကိုသိပ်ချစ်တဲ့သမီးက

မောင့်အသက်"

အဲ့တာကြောင့်

သူ့သမီးကသူမှသူဖြစ်နေတာ။ဖအေကိုသိပ်ချစ်တဲ့

သမီးရယ် သမီးကိုအရမ်းချစ်တ

ဲ့အဖေသွားတွေ့တဲ့အခါ.....။

~~~~~~~~~~~ ❤ 🌿

LaNge
~~~~~~~~~~~

Mandalay NayLatYar Hotel..... ❁

သူ သမီး နဲ့မလက်ကို ဆွဲကာ Hotel
ထဲကိုဝင်လာတော့ အသစ်ခန့်ထားတယ်ထင်ရတဲ့
ကောင်တာက ဝန်ထမ်းတွေဆီသွားလိုက်သည်။

နေတစင်းလည်း Hotel
ပိုင်ရှင်လာတာတောင်ကြိုမဲ့သူမရှိတာမို့
ဖေဖေဘာလုပ်မယ်ဆိုတာစိတ်ဝင်စားချေပြီ။သူလ
ည်း အိပ်နေတဲ့ပေါက်စလေးနှစ်ယောက်ထဲက
သားကြီး နေအရိပ် ကိုတွန်းလဲ့လေးကို ကိုင်ထားပြီး

Light ကတော့ သားငယ် နေလင်းကို
ရဲတွန်းလှဲကိုကိုင်ထားသည်။

"အခန်းသော့ပေး!"

"ဒီမှာ ဘိုကင်ကြိုတင်ထားလားရှင့်"

ဝန်ထမ်းအချို့ကို
နေတစ်စက်မှသဘောမကျတာကြောင့်
သူချီထားတဲ့သမီးလေးကို မဆီခဏပေးကာ
ဝန်ထမ်းတွေကိုကြည့်ပြီး....

Lay Nge

"ငါ ဘယ်သူလဲသိလား!"

"ရှင့်ဘာသာဘယ်သူဖြစ်ဖြစ်ပေါ့
အခန်းခမပေးနိုင်ပဲနဲ့
ဟိတ်တွေဟန်တွေလုပ်လာသေးတယ်"

"တောက်စ့် ! Manager !!"

"အင့်"

LayNge

နေရဲ့ ဒေါသတကြီးအော်သံကြောင့်
သဘာဝချီထားတဲ့သမီးလေးက လန့်နိုးလာကာ
ငိုမဲ့မဲ့ဖြစ်နေတာကြောင့်
သူမကျောလေးပုတ်ပေးတော့
သူမပုခုံးပေါ်ပြန်မှောက်အိပ်သွားသည်။

"ဟုတ်ကဲ့ ဦးဟင်"

Lay Nge

ဂျာကြီးမှ ညည့်သည်မှတ်လို့ဘာအဆင်မပြေတာလဲ
မေးမလို့ သူ့ဘက်လှည့်လာတဲ့မျက်နာကိုမြင်မှ
လန့်သွားရကာ...

"CEO"

"ဟွန်း သိသေးတယ်ပေါ့ Hotel
ဗရမ်းပတာဖြစ်နေပါလား ! အင်း ပြီးရင် Hotel
တစ်ခုလုံးငါလိုက်စစ်မယ် !! အခန်းသော့
တောင်းတာကို စောက်ချိုးမပြေတဲ့ဟာတွေ
ငါနဲ့ပြီးရင်တွေ့မယ်"

ဆိုကာ မ နဲ့ သမီးကို အရင်သူလာနေကြအခန်းမှာ ထားခဲ့ပြီး သားတို့ကိုလည်း Special Room တစ်ခန်းစီစဉ်ပေးလိုက်သည်။သူ မိသားစုအတွက်အကုန်လုပ်ပေးပြီးတယ်ဆို Hotel အစည်းအဝေးခန်းထဲတောင်မခေါ် ပဲ Hotel ဝန်းထဲသူ့ဘာသာလှည့်ပတ်ကြည့်နေလိုက်သည်။သူ Hotel တစ်ခုလုံးလိုက်မစစ်နိုင်ရင်တောင် ပထမထပ်စစ်တာတောင်စောက်ပြစ်တွေကအများကြီး။

"မင်းတို့ကိုမင်းတို့ဘာကောင်တွေ
ဘာကောင်မတွေထင်နေကြတာလဲ"

နေ အစည်းအဝေးခန်းထဲမခေါ်တော့ပဲ Hotel
အဝင်နေရာကနေမက်တပ်ရပ်ကာ ဌာနတိုင်းကို
ပြောတော့ Manager ကလည်း
သူ့ဘေးခေါင်းငုံရပ်နေတော့
ခဏကနေတို့ကိုပြောတဲ့သူတွေလည်း
ငြိမ်ကျသွားသည်။

"ငါလာမစစ်တာနဲ့ပဲဖြစ်ချင်တိုင်းဖြစ်နေတာပဲလား!

Manager

ကရောဒီလောက်တောင်အသုံးမကျရလား!!"

ဝန်ထမ်းတွေအကုန်လုံးကိုဆူနေတာမို့ သူမျက်နှာကို
တစ်ယောက်မျှပင်မော့မကြည့်ရဲ။သူလို Hotel
ပိုင်ရှင်မှမဟုတ်ဘူး တစ်ခြားည့်သည်ဆိုလည်း
ဒီလိုပြောစရာအကြောင်းမရှိ။

"ငါသာဝင်မကြည့်ရင် Hotel
ကိုပြောင်းပြန်လှန်ပစ်မလားပဲ ! ရပြီ အခု Hotel

မှာတာဝန်ထမ်းဆောင်နေတဲ့
ဝန်ထမ်းသစ်မှန်သမျှအကုန်ထုတ်တယ်
မကျေနပ်ရင်ကြိုက်သလိုပြောနိုင်တယ်!!"

ဆိုကာ ကချင်ပြည်နယ်ဘက်ကိုပို့ထားတဲ့ ခန့်ကို
ကုတ်အင်္ကျီထဲက ဖုန်းထုတ်ကာ...

"ခန့် မင်းမန္တလေးက Hotel ကို လာဦးစီး ဒီမှာ
ဗရမ်းပတာတွေ ဘာကွ!"

သူကတာဖုန်းကိုင်တယ်ဆိုစကားဆက်တိုက်လွှတ်ဖို့
လုပ်ထားပင်မဲ့ ခန့်စကားကြောင့်
ဒေါသထွက်နေတဲ့ကြားက ရီချင်သွားရသည်။

"ကချင်မလေးနဲ့ ယူတော့မှာမို့ ကချင်ပြည်နယ်မှာပဲ
နေပါရစေ"

တဲ့လေ။သူ့တင် မိန်းမကိုချစ်တက်တာမဟုတ်ပဲ့
သူနဲ့ပက်သက်တဲ့ယောကျ်ားတချို့ကလည်း
သူလိုမျိုး မယကတွေကြီးပင်။ကိုယ်ကတော့

အားကိုးရမလားမှတ်ပါတယ်။ခန့်ဆိုတဲ့အကောင်လုပ်ချလိုက်ပြန်ပြီ။

သူတစ်ဖက်ကကောင်စကားတွေနားမထောင်ပဲဖုန်းချလိုက်တော့သည်။သူ ဒီHotel ကိုဘယ်သူဦးစီးခိုင်းရမလည်းစဉ်းစားနေခိုက် သူစဉ်းစားမိတာက.....။

~~~~~~~~~~~~ 🎗️🎗️

Extra လေးပါလို့ 🙈🍓
~~~~~~~~~~~~

OBJ

📘 The Sun Of Flower {Season 2} 📘

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Extra {2}

"ဘာကွ !"

နေ သူ့စကားကြောင့်
ကျော်သူရအော်သံကြီးထွက်လာတာကြောင့်

Lay Nge

ဖုန်းကိုနားနဲ့
ခွာထားရသည်။သူစိတ်ဆိုးချင်လည်းဆိုးစရာဆိုပင်
မဲ့..

"ကျော်သူရ မင်းကလဲကွာ
ဒါလေးအကူညီတောင်းတာကို မင်းသမီးလည်း
မန္တလေးမှာဒီဇိုင်နာလုပ်မှာဆိုတော့
မင်းရဲ့သမက်တော်ကို ငါ့ Hotel ဦးစီးခိုင်းတာကို
လစာက နှစ်ဆနော်"

LayNge

နေ သူ့ဘာသာပြောရင်း
ပြုံးနေမိသည်။သူတစ်ခုခုလိုအပ်လာရင်
ဒီကောင်ကိုပဲအပူကပ်နေရတာ။အရင်တုန်းကလ
ည်း သူကိုဆို အမြဲသည်းခံခဲ့တဲ့ကောင်ကို
အခုလည်းအပူကပ်ရပြန်သည်။

"နေမင်းလက်ရာ !! မင်းနော် မင်း "

ဒါ ဒီကောင်လက်ခံလိုက်တဲ့စကားမို့
သူပြုံးငေးကဘာမှပြန်မပြောတော့ပဲ
ဖုန်းကိုချပစ်လိုက်သည်။သူဖုန်းပြောပြီးတော့

ကုတင်ပေါ်လှမ်းကြည့်လိုက်တော့ အိပ်နေတဲ့
မရဲ့ဘေးကနေ ထိုင်ပြီး
သူ့ကိုနှုတ်ခမ်းဆူကာကြည့်နေတဲ့ ချစ်သမီး။

"သမီး ဘာဖြစ်လို့လည်း ဗိုက်ဆာလို့လား"

"ဟွန့်"

သူက သမီးအနားသွားဝင်ထိုင်တော့ သမီးကသူ့ကို
မျက်စောင်းထိုးပြီး အိပ်နေတဲ့ မဘက်ကို

Lay Nge

လှည့်သွားတာကြောင့်
သူဘာအပြစ်များလုပ်မိလည်း စဉ်းစားမိသည်။

"သမီး ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ"

"ဟွန့် ဖေကလီလီကို မချစ်ပါဘူး အမြဲငြိုငြင်နေတာ
နေနေကြချစ်တယ်
နေနေကြဖေဖေ့နာမည်ထည့်ထည်းတယ်
လီလီကိုကျမချစ်လို့မဟုတ်လား"

ကောင်းရော။ကားပေါ်မှာပြောလာတဲ့ ကိစ္စကို
အခုအိပ်ရာကနိုးလာတာတောင်မမေ့။အသက်လေး
3နှစ်ကျော်လေးနဲ့စကားတက်လိုက်တာလဲ
လွန်ပါလေရော။မ
တောင်သူကိုအဲလောက်မရစ်တက်ဘူး။ဒီအကျင့်
တွေက ဘယ်သူနဲ့တူလည်း
မေးစရာတောင်မလို။သားရော သမီးရောက
သူကိုပိုချစ်ကြတာလဲမပြောနဲ့
အကျင့်စရိုက်တွေအကုန်တူတာကို။အခုလည်းသူ
ကို ငြိုငြင်နေပါတယ်ပြောနေတဲ့သမီး။

"သမီးကလည်း လီလီပန်းသွေး
ဆိုတဲ့နာမည်လေးဘယ်လောက်လှလဲ"

"သိဘူး ဖေ့မချစ်တာပဲသိတယ်"

"ဒါဆို ဘာဖြစ်ချင်တာလဲဗျ"

လို့ နေကပြောမှ သမီးကသူ့ဘက်ပြန်လှည့်လာပြီး
သူပေါင်ပေါ်တက်လာကာ...

LayNge

"လီလီနာမည် ပန်းလက်ရာ လို့ပြောင်းပေး ဖေဖေ နာမည်ရော မေမေနာမည်ရောပါတယ်"

ပန်းလက်ရာ တဲ့လေ။သူတောင်မစဉ်းစားမိခဲ့တဲ့ နာမည်ကို သမီးငယ်ကပြောထွက်လာတာကြောင့် သူမအံ့ဩနေရသည်။ဒါပင်မဲ့ ဘယ်လောက်ပဲလည်ပါစေဦး ဒါတစ်ယောက်ယောက်လက်ချက်ဆိုတာသူသိသည်။

"သမီးကို အဲနာမည်ဘယ်သူပြောတာလဲ"

"အန်တီလေးလေ"

တွေ့လား သူထင်တဲ့အတိုင်းပင်။ဘာပဲဖြစ်ဖြစ် ပန်းလက်ရာဆိုတဲ့ နာမည်လေးကိုတော်တော်လေး သဘောကျသည်။သူ့နာမည်ကအနောက်ရောက်နေတယ်ဆိုရင်တောင့် အရှေ့ကနာမည်က သူ့ချစ်ဇနီးနာမည်မို့ သဘောကျသည်။

"အိမ်နာမည်လေးထားလိုက်ပေါ့ သမီး "

"တကယ်နော် ဒါကြောင့် ဖေ့ကိုအများကြီးချစ်တာ
ဒါနဲ့ နေနေတို့ရောဘယ်မှာလဲ"

အစ်ကို ကိုလည်း
ကိုကိုလို့ခေါ် ခိုင်းတာဘယ်လို့မှမရ။သားနာမည်ကို
သိကတည်းကိုက နေနေလို့
သူ့ဘာသာခေါ်နေခြင်းပင်။သမီး
နဲ့ငြိမ်းချမ်းရေးယူပြီး သမီးကို မ
နဲ့သူကြားပြန်အိပ်ခိုင်းလိုက်တော့ ခဏကြာတယ်ဆို
ခရီးပန်းလို့ ပြန်အိပ်ပျော်သွားတာကို
သူကကုတင်ကိုမှီက
အိပ်နေတဲ့သားအမိကိုကြည့်နေလိုက်သည်။

"ပါး စားလေဘာတွေစဉ်းစားနေတာလဲ"

"ဖေဖေ စက်ကိုင်းတန်းသွားလို့ရသားနဲ့
ဘာလို့မန္တလေးဝင်တာလည်း စဉ်းစားနေတာ"

NayLatYar Hotel View ဝရံတာတံခါးဖွင့်တယ်ဆို
မန္တလေးတောင်ကိုမြင်နေရတာကြောင့် ပါးက
တောင်းတန်းတွေငေးပြီး ငိုင်နေတာကြောင့် သူမက
ကလေးတွေကို နို့ဘူးတိုက်ကာ

သူနားလျှောက်လာရင်း မေးတော့
ပါးကသူစဉ်းစားနေတာကိုပြန်ဖြေသည်။

"Hotel ဝင်ကြည့်တာနေမှပေါ့ ပါးရဲ့"

ကို ကရောက်ကာစက
အန်ကယ်ပွဲကြမ်းထားတာကို
တွေးမိပြီးပြောလိုက်တော့ ပါးက ခေါင်းရမ်းရင်း
သူမစကားကိုငြင်းသည်။

Ivy Nge

"ကိုယ်ကတော့မထင်ဘူး
ဘာတွေစတန့်ထွင်ဦးမလည်းမသိဘူး တကယ်ပါပဲ
"

"ပါးကလည်း
ဘာပဲဖြစ်ဖြစ်ကလေးတွေပါတယ်လေ
ခရီးမပန်းတော့ဘူးပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပြီ !"

LayNge

သူများကရှင်းပြနေခိုက် တစ်ခုခုစဉ်းစားမိဟန်နဲ့
ထပြောတဲ့ပါးကြောင့်
သူများကကြည့်လိုက်တော့.....

"ကိုယ် နဲ့ Light ညနေကြ
ကျုံးဘေးမှာလမသွားလျှောက်ရအောင် ပြီးတော့
မဟာမြတ်မုနိဘုရားသွားဖူးရအောင်"

"ကလေးတွေကရော"

"ဘာလို့လည်း Light
ကလင်မယားနှစ်ယောက်ထဲသွားချင်လို့လား"

သူမက ကလေးတွေကဘယ်လိုလုပ်မလဲဆို
ိုချင်တာကို သူက ကလေးတွေကို
သူမကပဲမခေါ်ချင်တဲ့ပုံမေးနေတာကြောင့်
အန်ကယ်လောက်တောင်
အသုံးမကျလိုက်ခြင်း။ဒါပင်မဲ့
အဲ့လူကိုပဲသူမမှာချစ်နေရတာမဟုတ်လား။အခုအ
ချိန်အထိ ဒယ်ဒီက သူမတို့နှစ်ယောက်ကို
လက်မခံသေးပင်မဲ့ သူမတို့ကလည်း
အထူးအဆန်းလုပ်ပြီး ခံစားမနေတော့ပါ။

"ကလေးတွေ နဲ့အတူတူသွားမယ်လေ ပါးရယ်
ဘဝဆက်တိုင်း
ဒီမိသားစုလေးပဲဆုံပါစေဆုတောင်းရအောင်"

"အင်း ကိုယ်လည်းသဘောတူတယ်
ညနေဆည်းဆာခံစားရင်းနဲ့ ကိုယ်တို့မိသားစုလေး
မန္တလေးစျေးချိုပါ ဝင်ကြတာပေါ့"

သူပြောတော့
သဘောတူတယ်ဆိုတဲ့အကြောင်းခေါင်းငြိမ့်ပြတော့

ကုတင်ပေါ်မှာ
ဆင်တူဝတ်စုံလေးတွေနဲ့နီစိုနေကြတဲ့ကလေးနှစ်
ယောက်တောင်မေ့သွားသလား။သူမကိုရင်ခွင်ထဲထ
ည့်ပြီး နဖူးလေးကို နမ်းတော့
သူခါးကိုပြန်ဖက်လာတဲ့သူမလက်လေး။

"ပါး အခုလေတွေးမိတာပေါ့
ဗိုက်ထဲကကလေးလေးတွေကိုလေ လီလီလေးလို့
ချစ်စရာကလေးလေးတွေဖြစ်စေချင်တယ်
လီလီလေးကဆုတောင်းကောင်းတယ်
ချစ်စရာလေး"

Lay Nge

သားနှစ်ယောက်ရပြီးတာမို့
သမီးလေးတွေလိုချင်နေတဲ့ Light ကိုနားလည်ပင်မဲ့
လီလီပန်းသွေးလို့
မျောက်မသာနှစ်ကောင်ပူးရလာလို့ကတော့
နေတစင်းကနေ နေထက်ခြမ်းကွဲ
ဖြစ်သွားရပေလိမ့်မည်။လီလီပန်းသွေး
ရုပ်ရည်လေးကတော့ Light
ပြောသလိုဆုတောင်းကောင်းပင်မဲ့
လည်လိုက်တာလည်းမွှတ်နေတာပဲ။

Layne

သူမှတ်မိပါသေးတယ် Light သားတို့ကိုမွေးပြီး ရက်100 ပြည့်တော့ မေမေတို့ဆီသွားတယ်ဆို သားတို့နှစ်ယောက်ကို တစ်ပြိုင်နက် ဘယ်လိုမွေးတာလဲ မေးလို့သူက.....

"တစ်ယောက်ပြီးမှတစ်ယောက်မွေးတာပေါ့"

"ဟွန့် လီလီတောင်မေမေကတစ်ယောက်ထဲမွေးတာ မမကဘာလို့ နှစ်ယောက်တောင်မွေးတာ"

LayNge

လို့ စကားမပိကလာပိကလာနဲ့မေးတော့ Light ကို
နေအရိပ်လေးကို ချီထားရင်း...

"လီလီ မေမေကို
လီလီဖေဖေကချစ်လို့တစ်ယောက်ပဲ မွေးခိုင်းတာ"

ပြောတော့ မယ်မင်းကြီးမလေးက
ဖေဖေအပေါ်ကနေပြီး
သူကိုလက်ညှိုးထိုးကာ*နေနေက
မိန်းမကိုအနိုင်ကျင့်တယ်
ဖေဖေလို့ချစ်တက်တဲ့သူရှာပြီး

Lay Nge

ထက်ယူ*တဲ့လေ။အဲ့ကတည်းက သူမှာ
လီလီပန်းသွေးရဲ့စကားတက်မူကို
အရှုံးပေးလိုက်ခြင်း။

"တော်ပါပြီ Light ရယ် သမီးလေးတော့ယူချင်ယူပါ
လီလီပန်းသွေးတော့မလုပ်ပါနဲ့"

ဒီလောက်ချစ်စရာကလေးလေးကို
ပါးနဲ့မတည့်ပင်မဲ့
သူမကတော့ညနေဘုရားသွားရင်တော့

Jayngo

လီလီလိုကလေးလေးပုံစံတူရပါစေဆုတောင်းခဲ့ဦး
မှာ.....။

"လာပါဦးဆိုဗျာ"

အိပ်ရာကနိုးတယ်ဆို သူခေါ်တာကိုမလာတဲ့မကို
သူကသမီးလေးထိုင်နေရာကထကာ
သူမလက်ကိုဆွဲပြီး
ကုတင်ခြေရင်းကခုံမှာအတူတူထိုင်လိုက်သည်။

"မောင် ! ဘာလဲ"

"မောင့်မိန်းမအနားမကပ်ရတာကြာပြီ"

အပိုတွေလုပ်နေပြန်တဲ့ မောင်။နေ့ရက်
ညရောကော်လိုကပ်နေတဲ့ငါ
သူကမကပ်ရတာကြာပြီတဲ့လေ။သူအပိုတွေလုပ်နေ
လည်း အဲ့ဒါတွေမှာကျဆုံးနေရတာ ကိုယ်ဘာပဲ။

"မောင် ပြောစရာရှိလို့လား"

"အွန်း ညနေမောင်တို့ မန္တလေးမြို့ထဲသွားရအောင်"

"မောင်ကလည်း
ရန်ကုန်ကနေဒီအထိကားမောင်းလာရတာ
မပင်ပန်းဘူးလား"

လို့ ပြောတော့
ခေါင်းရမ်းပြပြီးလသူမပုခုံးကိုဖက်ကာ ပါးကို
နမ်းလိုက်တဲ့သူ။သူမလည်း
သူရင်ခွင်ထဲပြန်မှိထားလိုက်ကာ သူပြောမှာကို
နားမထောင်ခင် သူမမေးစရာရှိတာမို့...

"မောင့်ကို သဘာဝမေးစရာရှိတယ် မောင်"

သူမပြောတော့ သူခေါင်းငြိမ့်ပြလိုက်သည်။သူမ
ဘာမေးမလည်းဆိုတာလည်း
သူမမျက်ဝန်းတွေကနေ သူအဓိပ္ပာယ်ကိုသိနေပါပြီ။

"ဘာမှမဟုတ်တော့ပါဘူး မောင်ရာ။
မောင်ပြောစရာရှိတယ်မဟုတ်လားပြောလေ"

"မောင့်မိန်းမ
ဘာမေးချင်လည်းဆိုတာမောင်သိတယ်။မောင့်ဘ

က်ကစပြောပြချင်ပါတယ်။ဒါပင်မဲ့
မောင်စိတ်ထဲသတိရနေတယ်ထင်မှာဆိုးလို့
မမေးမှာကိုစောင့်နေခဲ့တာ။ဟုတ်တယ်မ
မထင်သလိုပဲ ရှိုင်းထက်မြတ်တူမကို အရှက်ခွဲဖို့
မောင် နဲ့အတူ
အထက်တန်းစာကအခန်းထဲမှာစကားပြောနေတာ
သူရောက်နေတာသိလို့ သူရဲ့
မူလစိတ်ပေါ်အောင်တမင်လုပ်ခဲ့တာ။မောင့်
မကိုစပြီးလက်တွဲမယ်လို့ဆုံးဖြတ်တဲ့အချိန်းကတ
ည်းက မောင်ချစ်ရတဲ့သူအပေါ်
ဖောက်ပြန်ဖို့နေနေသာသာ
စိတ်နဲ့တောင်တစ်ခြားမိန်းကလေးတစ်ယောက်အ

ပေါ်မပြစ်မှားဖူးဘူး။မ
တစ်ယောက်ထဲပဲချစ်ခဲ့လို့လည်း
မောင်တို့နှစ်ယောက်အတူနေစနေခဲ့တဲ့အခန်းတော
င် သူကိုမထိစေရဘူး"

မောင် ကသူမကိုသူလုပ်ခဲ့တာတွေကို
အကုန်တစ်ခုမကျန်ပြန်ရှင်းပြနေရင်း နဲ့
စကားပြောရတာ မောလို့ဆိုကာ သူမပါးကို
နမ်းနေတာကတစ်လုပ်။မောင် သူဘယ်လိုထင်ပြီး
ဘာကြောင့်လုပ်ခဲ့တာတွေကို ပြန်ပြောပြတော့
အချိန် 2နှစ်ကျော်ကြာသွားတာတောင်
သူမကိုမျက်ရည်ဝဲစေပါသည်။

မောင်ကတကယ်သူမအပေါ်
သစ္စာမဖောက်ခဲ့ဘူးဆိုတာ အဲ့ကတည်းက
သူမအတွက်သက်သေပင်။သူမထက်
အသက်ငယ်တယ်ဆိုပင်မဲ့
သူမကိုကပ်ပြီးနေတာကလွဲရင်ကျန်တာအကုန်
သူမအပေါ်အရမ်းအစ်ကိုတစ်ယောက်လို
ကြင်နာတက်တဲ့မောင်ပါ။အဲ့အဖြစ်အပျက်ကြောင့်
မောင် နဲ့သူမကြား
သူများစကားအလေးမထားရဆိုတဲ့
သင်ခန်းစာရလိုက်တာတော့အမှန်ပင်။

"မောင်ကအရမ်းချစ်ဖို့ကောင်းတာပဲ "

ဆိုရင်း သူပါးကိုနမ်းတာကြောင့် သူမကို
ရင်ခွင်ထဲထည့်ရင်း....

"မ သမီးက မောင့်ကိုဘာပြောတယ်ထင်လဲ"

"အလည်လေး ဘာပြောပြန်တာလဲ"

LayNge

"သူနာမည်ကို ပန်းလက်ရာ လို့ပြောင်းပေးပါတဲ့
ဖေဖေရော မေမေနာမည်ပါပါတယ်တဲ့လေ ဟွန်း
မသမီးလေးကတကယ်မလွယ်ကြောလေး"

မောင့်စကားနားထောင်ပြီး ပန်းလက်ရာ ဆိုတဲ့
နာမည်လေးကို
သူမလည်းတကယ်သဘောကျတာကြောင့်
မောင်ကိုပြုံးပြီး ကြည့်လိုက်တော့
စကားဆက်သည်။

Lay Nge

"မလည်း
သမီးပြောတဲ့နာမည်သဘောကျတယ်မဟုတ်လား "

"အင်း လှတယ်
ဒါကသမီးလက်ချက်တော့မဟုတ်လောက်ဘူး
မောင်"

"သေချာတာပေါ့ မေလက်ရာ
လက်ချက်လေသူဘာသာကျ ကလေးမမွေးပဲ
သမီးနဲ့ သားရဲ့ကလေးတွေကို
လှည့်ပတ်ထိန်းနေတော့တာ"

မောင် နဲ့ သားကလေ သူတို့သမီးတွေ သားတွေကို
မေလက်ရာလေးများချီရင်
ကိုယ်ဘာသာမွေးဆိုတဲ့စကားက
သားအဖနှစ်ယောက်အမြဲအပိုင်စားယူထားသလား
မှတ်ရသည်။

"အော် သူ့ယောကျ်ားကချစ်တာကို
သူကမယူချင်တာမှမဟုတ်တာ မောင်ကလည်း"

Lay Nge

"မိုးတိမ်ရောင်ထက်
မယောကျ်ားကပိုချစ်တက်ပါတယ်"

သူမက မိုးတိမ်ရောင်ကချစ်တက်တယ်ပြောတာနဲ့
သူထက်ပိုချစ်ပါတယ်လို့ပြောမိလို့လား။အဲတာကို
သူကပိုချစ်တက်ကြောင်းပြောနေသည့်မောင်။

မောင့်ချစ်တက်မှုကို သူမသမီးလေးကိုမွေးတော့
နာစ့်မက မောင်ပြောလိုက်တာကိုပြန်ပြောပြတော့
ဆရာဝန်တွေကလည်းသဘောတကျပြုံးနေရကာ
သူမကတော့ သမီးလေးမွေးဖို့

အားဖြစ်ခဲ့ရသည်။နာစ့်မကို မောင်က လူကြီး နဲ့
ကလေး အသက်လုကယ်ရမယ်ဆို
သူ့မိန်းမအသက်ပဲကယ်ပါလို့
တစ်ခါထဲမှာလိုက်သည်တဲ့။ပြီးတော့လည်း
စိုးရိမ်နေတာတင်မက
ငိုနေသေးသည်တဲ့လေ.....။

🌼My princess is my wife🌼

ညနေရောက်တော့
နေတို့သားအဖ3ယောက်ကလည်း ပြင်ဆင်ပြီး

Lay Nge

Hotel အခန်းထဲကနေထွက်လာတော့
တစ်ဖက်အခန်းကနေပြင်ဆင်ထွက်လာတဲ့
နေတစင်းတို့မိသားစု။နေတစင်းက Style
ဘောင်းဘီအနက် နဲ့ ဆွဲသား shirt လက်တိုကို
လွတ်လွတ်လပ်လပ် ဝတ်ထားတဲ့ ဖေဖေ နဲ့
ဝမ်းဆက်ဆင်တူဝတ်ထားတဲ့ မေမေတို့ကို
တွေ့တယ်ဆို.....

"ဘယ်သွားမလို့လည်း ဖေဖေတို့"

"ဘယ်သွားသွားပေါ့ နေနေအပူပါလား!"

သူမေးလိုက်တာက မိဘတွေကိုပါ။
ခပ်ဆက်ဆက်ဖြေလာတဲ့သူကတော့ ဖေဖေ နဲ့
မေမေလက်ကို တစ်ဖက်ဆီကိုင်ထားတဲ့
လီလီပန်းသွေးပင်။

"အေး ငါကလည်း ငါ့ဖေဖေ နဲ့ မေမေကိုမေးနေတာ
နင့်မေးတာလား နင့်အပူပါလား"

"ပါတယ် နေနေက ဗျိုင်းကြီးကြနေတာပဲ
ဝတ်ထားတာ"

Lay Nge

သူ အဖြူရောင်လည်ကတုံးအင်္ကျီကို
လည်ပင်းနားက
ကြယ်သီးလေးကစိန်ပွင့်လေးဖြစ်ပြီး
မီးခိုးရောင်လေးဝတ်ထားတာ သူမှန်ထဲမှာ
သူဝတ်လာတာကြည့်တာတော့လိုက်ပါသည်။လီလီ
ပန်းသွေး သူများလည်းပြောချင်သေး
ကြိုးကြာမှန်းမသိ ဗျိုင်းမှန်းမသိ။

"အဲ့တော့ဘာဖြစ်လဲ ငါကချောတယ်လေ"

"အော့ "

သူက သူကိုယ်သူချောတယ်ပြောတာကို
လှောင်သလိုလိုပြောင်သလိုလိုနဲ့ပြောတာကိုကြည့်
ကာ အသဲယားလာရသည်။သူ ကလေးနဲ့သာ
ရန်ဖြစ်နေတာ သူကိုယ်တိုင်လည်း
သားငယ်လေးကို ချီထားရသေးသည်။

"ကဲ ပါးဘယ်လိုဖြစ်နေတာလည်း ဟိုက
ဒုန့စ်ကျော်လေး ပါးက ကလေးနဲ့တုပြီးပြောနေတာ
ကလေးလား"

"နေတစင်း မင်းက ကလေးအဖေဖြစ်နေပြီနော်
သူငယ်နာမစင်သလိုလုပ်မနေနဲ့ အခု ဖေဖေတို့က
မြို့ထဲသွားမလို့ မင်းတို့ကရော"

"သားတို့က ဘုရားသွားဖူးမလို့လေ"

တစ်ယောက် နဲ့တစ်ယောက်
သွားမှာမတူတာကြောင့်
ညစာစားချိန်ပြန်ဆုံမယ်ပြောပြီး ဖေဖေတို့ကလည်း

Lay Nge

သူကားနဲ့သူထွက်သွားရင်း သူတို့လည်းပဲ
ကိုယ့်ကားနဲ့ ကိုယ်ထွက်လာလိုက်သည်။

နေ ကားမောင်းလားရင်း
ဘေးကသားအမိကိုကြည့်လိုက်တော့ မ နဲ့ က
ခဏခဏ မန္တလေးကိုလာဖူးပင်မဲ့
သမီးကငယ်သေးတာမို့ အခုမှ
မန္တလေးရောက်ဖူးတာကြောင့် နေရာစိမ်းမို့
သေချာလေ့လာနေသည်။

"မ ကျုံးနားလမ်းလျှောက်ကြဦးမလား"

"လျှောက်မယ် ရေတွေကြည့်ချင်တယ်"

"ငါ့ယောကျ်ားက
ငါ့မေးတာလေနင်ကဘာလို့ဖြေတာလဲ"

လို့ မောင်မေးတယ်ဆို
ထဖြေတဲ့သမီးလေးကိုစလိုက်တော့...

"ဖေဖေက မီးအပိုင်
မီးခွင့်ပြုချက်မရှိပဲဘယ်သူမှမရဘူး"

Lay Nge

သြော် မောင်ကို သူပဲပိုင်တယ်ဆိုတာကြောင့်
မောင်ကိုကြည့်လိုက်တော့ သူသမီးပြောတာကို
သဘောအတော်တွေ့နေပုံ။

ကျွိ.....

သူကျုံးနားရောက်တယ်ဆို
ကားရပ်ကာသူအရင်ဆင်းလိုက်ပြီး
မတို့ဘက်သွားကာ
တံခါးဖွင့်ပေးလိုက်သည်။သူတံခါးဖွင့်ပေးတယ်ဆို

သမီးကချိုဆိုတာကြောင့် ချိုလိုက်ပြီး မကိုတော့
လက်တစ်ဖက်ကမ်းပေးကာ
ဆင်းစေလိုက်သည်။သူတို့မိသားစု ကားကို Lock
ချကာ ကုုံးဘေးနားလမ်းလျှောက်တော့ သမီးက
မန္တလေးပတ်ဝန်းကျင်ဒေသကို
သဘောကျနေသည်။

သဘာဝ မန္တလေးရဲ့အလှအပကို ကြည့်နေရင်းက
လူတွေအများအပြားဖြစ်နေတဲ့
တစ်နေရာကိုကြည့်မိသွားသည်။ဘာမို့လို့
ဒီလောက်တိုးကြိတ်ဝယ်နေကြတာလည်းမသိ။အ

ထဲကပြန်ထွက်လာတဲ့သူတွေရဲ့လက်ထဲ
အိတ်ကလေးတွေ ဆွဲဆွဲထွက်လာတာတွေ့ရသည်။

နေ မကို suprise လုပ်ချင်တာကြောင့် မန္တလေးကို
ဝင်ခြင်းပင်။အခု မကြည့်နေတဲ့နေ ရာကလည်း
တစ်နိုင်ငံလို့မှာ ဆိုင်ခွဲတွေတစ်နေ့ထဲ ဖွင့်တာဖြစ်ပြီး
အဲ့ဆိုင်တွေကတသ်ခြားမဟုတ်
သူအကောင်အထည်ဖော်ဖို့လုပ်ထားတဲ့ NP
တံဆိပ်နဲ့ ကိုယ်ပိုင် Brand ရေမွှေးဆိုင်ပင်။

"မ သွားရအောင် အဲ့ကို"

"မ သွားချင်ပါဘူးမောင်ကလည်း
လူတွေ့ရှုပ်နေတာကို"

ပြောနေပင်မဲ့ မောင်ကသမီးကိုချီရင်း သူမကိုချီကာ
ကားလမ်းတစ်ဖက်က လူများနေတဲ့နေရာကို
အတူတူလျှောက်လာလိုက်သည်။သူမအဝေးကနေ
ကြည့်တော့သိမပိသပင်မဲ့ အဲ့ရှေ့ရောက်မှ Group
by NayLatYar ဆိုမှ.....။

"CEO တို့ကိုယ်တိုင်လာမယ် မထင်ထားဘူး"

နေ သူတို့မိသားစုဝင်လာတယ်ဆို ထွက်ကြိုကြတဲ့ ဝန်ထမ်းတွေနဲ့အတူ သူတာဝန်ပေးထားတဲ့ မန်နေဂျာက ပြောတော့...

"အင်း ဘယ်လိုလည်းအဆင်မပြေတာရှိလား"

"မရှိပါဘူး CEO အခုဆိုမနက်ကတည်းက လာဝယ်သွားတဲ့သူတွေက ကျွန်တော်တို့ NP offical page ကို tage ပြီး Review ပေးတဲ့သူတွေတောင်ရှိပါတယ်"

Lay Nge

သဘာဝ မောင်က

သူဝန်ထမ်းတွေနဲ့စကားပြောနေပင်မဲ့ သူမကတော့

NP ဆိုတဲ့ အဓိပ္ပာယ်ရယ်

ရေမွှေးနံတစ်ခုခြင်းဆီအဓိပ္ပာယ်ကို ဖော်ပြထားတဲ့

စာတန်းတွေကိုကြည့်ကာ ကြည်နူးရပြန်သည်။N

ဆိုတာက မောင့်ကို ကိုယ်စားပြုတာဖြစ်ပြီး P က

သူမကို ကိုယ်စားပြုတာတဲ့လေ။

" မ"

LaNge

သဘာဝ

ရေးမွေးတံဆိပ်တစ်ခုထဲရောင်းတယ်ဆိုပင်မဲ့
ဆိုင်အတွင်းပြင်ဆင်ထားတာက သဘောကျစရာမို့
ကြည့်နေခိုက် မောင်ကခေါ်တာမို့...

"ဟင်"

"မောင် နဲ့ Interview သွားဖြေရအောင်
မအဆင်ပြေတယ်မဟုတ်လား"

Lay Nge

သူမ မောင်နဲ့ ပွဲတက်တိုင်း interview
ခံနေကြမို့သိပ်ပြီးတော့အခက်အခဲမရှိတာမို့
မောင်ကိုခေါင်းငြိမ့်ပြလိုက်တယ်ဆို့ မောင်က
interview မဲ့လူတွေကို ဝင်ခွင့်ပေးလိုက်သည်။

"အစ်ကိုရဲ့ရေမွှေးတံဆိပ်က
အခုမှစျေးကွက်ထဲရောက်တယ်ဆုံပင်မဲ့ review
ကောင်းတွေရနေတာမို့ ဘာကြောင့်
ဒီလိုထုတ်လုပ်ဖို့တွေးမိတာလဲရှင့်"

"ပိုက်ဆံရချင်လို့"

နေဖြေတာမဟုတ်ပဲသူ့လက်ပေါ်က
လီလီပန်းသွေးလေးကဖြေတာကြောင့် interview
မေးနေတဲ့သူတွေရော
ဆိုင်ထဲကသူတို့မိသားစုကိုကြည့်နေတဲ့
သူတွေရောပြုံးသွားကြသည်။

"စိတ်ကူးကတော့ မိန်းမဆီကပေါ့
အမျိုးသမီးကအစ်ကိုဘဝရဲ့လမ်းညွှန်ချက်မို့ပါ
ပြီးတော့ NP ဆိုတာကလည်း
အစ်ကိုနှစ်ယောက်ကို ကိုယ်စားပြုတာပေါ့"

Lay Nge

နေက သဘာဝကို
ချစ်မြတ်နိုးခြင်းတွေပါတဲ့အကြည့်နဲ့ကြည့်ကာဖြေ
တော့ သတင်းသမားတွေလည်း ....

"အစ်မက တကယ်ကံကောင်းတဲ့အမျိုးသမီးလို့
ပြောရင် လက်ခံနိုင်လားရှင့်"

"အစ်မတစ်ဘဝကိုပဲကြည့်မယ်ဆို
လက်ခံနိုင်ပါတယ်။အစ်မထက်ပိုချစ်ခံရတဲ့သူရှိ
ကောင်းရှိနိုင်ပါတယ်။ဒါပင်မဲ့ အစ်မဘဝက

မောင်နဲ့မတွေ့ခင်အချိန်ထိ
သူများအနိုင်ကျင့်တာခံခဲ့ရတာပါ။မောင်က
အစ်မဘဝအတွက်ဘယ်သူနဲ့မှအစားထိုးလို့မရတဲ့
သူ။အစ်မ နဲ့ အစ်မအမျိုးသားက
ချစ်ခြင်းတွေထပ်တူညီခဲ့ပင်မဲ့
ကြားထဲအခက်အခဲတွေကို ဖြတ်ကျော်တဲ့အခါ
အစ်မဘက်ကသာလက်လျော့ချင်ခဲ့ပင်မဲ့
မောင်ကတော့
အစ်မလက်ကိုအမြဲတွဲထားခဲ့တာ။အစ်မ
မောင်အပေါ်ကိုဘယ်လောက်ချစ်ကြောင်းမပြောတ
က်ပင်မဲ့

သူကိုအဆုံးရှုံးမခံနိုင်လောက်အောင်မြတ်နိုးရပါတယ်"

သတင်းသမားတွေလည်း သူတို့ဇနီးမောင်နှံကို မေးခွန်းတွေမေးပင်မဲ့
တစ်ယောက်အပေါ်တစ်ယောက်ဘယ်လောက်မြတ်နိုးကြောင်းသာဖြေသွားတဲ့ NP couple.....။

OBJ

🔰 The Sun Of Flower {Season 2} 🔰

🌞 နေနှစ်စင်းရဲ့ချစ်ပုံပြင် 🌞

Extra {Final}

"မဟာမြတ်မုနိ"

သူမက ဘုရားကိုဝင်တယ်ဆို ရေရွတ်မိလိုက်ပြီး
ဘုရားပန်းရောင်းတဲ့သူတွေ
စျေးဆိုင်တန်းတွေနဲ့စည်ကားလှသည်။သူမ နဲ့ သူ
သားနှစ်ယောက်ကို တစ်ယောက်ဆီချီကာ
ဘုရားထဲဝင်လာလိုက်သည်။ဘုရားရောက်တော့

LayNge

ညမှောင်တော့မယ်မို့ ပတ်ဝန်းကျင်ကအေးစိမ့်ပြီး
နေလို့အတော်ကောင်းသည်။

သူတို့ ဘုရားရှေ့ရောက်တယ်ဆို
နှစ်ယောက်အတူတူဘေးရင်းကပ်ထိုင်လိုက်ရင်
သားတို့ကလည်းထိုင်တက်နေပြီးမို့
ထိုင်ရပ်လေးထားပြီး ဘုရားမှဦးချရသည်။

"အရှင့်ဘုရား ဘဝဆက်တိုင်း ကျွန်တော်ချစ်ရတဲ့
ဖေဖေ နဲ့ မေမေ ရယ် ညီမလေးရယ်
ဒီမိသားစုလေးရယ် အမြဲဆုံစည်းရပါစေ"

လို့ နေတစင်းစိတ်ထဲကနေ
ဆုတောင်းမိလိုက်သည်။မိဘနှစ်ပါးနဲ့ Light ဟာ
သူ့ဘဝရဲ့ရှင်သန်ရာဖြစ်သလို သားတို့နဲ့
ညီမလေးကလည်း
သူညဝရဲ့အရေးပါတဲ့လူသားပေါက်စလေးတွေဖြစ်
သည်။

"ဘဝဆက်တိုင်းမှာ မာမီသည် ချစ်တဲ့သူနဲ့မညားပဲ
အချစ်ခံရတဲ့သူသာဖြစ်ပါစေ မာမီ

နောက်ဘဝများရှိလာခဲ့ရင် မာမီ
သမီးဖြစ်ချင်ပါသေးတယ်"

ရင်တွင်းဆုတောင်းရင်း
မာမီအတွက်ဝမ်းနည်းလာတာကြောင့်
ပါးပြင်ပေါ်မျက်ရည်စက်က
ကျလာရသည်။မာမီလည်း ရောက်နေတဲ့
နေရာကနေ သမီးပျော်နေတာ
မြင်ရမှာပါနော်။သူပေါ့ မမေလိုမျိုး
အကြင်နာတရားရှိတဲ့သူပေါ့။သူတင်မကပဲ
သူ့မိသားစုကလည်း သမီးကိုချစ်ပေးကြတယ်

LayNge

မေမေ။နေလက်ရာ မိသားစုက နွေးထွေးမှု
မေတ္တာတရား အကုန်ရတယ်မာမီ။

"Light "

"ပါး ပြီးပြီလား သားတို့ရော"

သူမပါးကိုပြောရင် ပုဆိုးလေးဆင်တူနဲ့
သားတို့နှစ်ယောက်ကို မေးလိုက်တော့ အကြီးလေး
နေအရိပ်လေးက...

LayNge

"ကန်ရော ပီပီ"

ကန်တော့ပြီးပြီ ကို
စကားကသိပ်မပြောတက်သေးသလို့
ကလေးနှစ်ယောက်လုံးကအနေအေးတာမို့
လီလီလေးလို သိပ်လည်လည်ဝဲဝဲမရှိ။

နေတစင်းလည်း
ပေါက်စနလေးနှစ်ကောင်ကိုကြည့်ကာ ပြုံးရင်
သူမမျက်နာလေးကြည့်လိုက်တော့
မျက်ဝန်းလေးကဆွေးရိပ်ထင်နေတာမို့....

"Light မာမီကိုသတိရလို့လား"

သူမမျက်ဝန်းကိုကြည့်ပြီး
သူမစိတ်ထဲခံစားနေရတာကို သိတဲ့ပါးက
မေးတော့...

"အင်း မာမီအတွက်ဆုတောင်းနေတာ
စက်ကိုင်းရောက်ရင်လည်း
အဲ့မှာလိုအပ်တာလေးတွေလှူခဲ့ဦးမယ်"

Lay Nge

"ကောင်းတာပေါ့ ကိုယ်လည်းသဘောကျတယ်"

သူမလက်လေးကိုကိုင်ကာ အားပေးနေတဲ့ ချစ်ရတဲ့အမျိုးသားရဲ့လက်ကိုပြန်ကိုင်လိုက်ရင်း ထိုင်ရပ်လေးသူ့တို့ဘာသာစကားသူတို့ပြောဆော့နေတဲ့ သားနှစ်ယောက်ကိုကြည့်ရင်း ပြုံးလို့.....။

ကျိုးနားလမ်းလျှောက်နေတဲ့ NP Couple နဲ့ ပတ်ဝန်းကျင်ကို အထူးအဆန်းလိုက်ကြည့်နေတဲ့ ပန်းပေါက်စလေး။

"မောင် သမီးကြည့်ဦး
သူ့သိချင်တာကိုလေ့လာနေတာ
မိဘတွေတောင်လှည့်မကြည့်ဘူး"

မ ကသူ့လက်မောင်းကိုကိုင်ထားရင်း
အရှေ့ကထဘီလေးနဲ့
တစ်ယောက်ထဲလမ်းလျှောက်နေတဲ့
သမီးလေးကိုကြည့်ကာပြောတော့....

"ဟွန်း လူလည်မလေး သားထက်အဆတစ်ရာသာမဲ့
ကောင်မလေး"

Lay Nge

"အဲ့တော့ မောင်ကသူသွားရာလျှောက်လိုက်ပါ့
မားတစ်ချောင်းကိုင်ပြီး"

သူမက ရီချင်နေတဲ့ပုံစံနဲ့ ပြောလိုက်ပင်မဲ့
မောင်ကတော့ အတည်ပေါက်ကြီးနဲ့
သူမစကားကို....

"မ ပြောတာမှန်တယ် မောင် သူကျောင်းတက်ရင်
အလုပ်မလုပ်တော့ပဲ သူ့နောက်ပဲလိုက်တော့မယ်

မဟုတ်ရင် ဟိုကောင်လို့
ယောကျ်ားစောစောရသွားမှ "

မဖြစ်သေးတာကို ကြိုတင်ပူနေတဲ့ မောင့်ကြောင့်
သက်ပြင်းဖွဖွလေးချပြီ သားသမီးဆို
တာအချိန်တန်ရင်
သူတို့အတောင်အပံတွေစုံတဲ့အခါပုံသန်းတက်တာ
ကို သေချာပြောပြရဦးမည်။ကိုယ်တွေလည်း
ချစ်တဲ့သူနဲ့တွေ့တဲ့အခါဝေးပြီး နေနိုင်ခဲ့ကြလို့လား။

"မောင်က သူများသားသမီးကြယူထားပြီး
ကိုယ့်ကြမ္ပေးရမှာမကြောက်နဲ့လေ"

"မောင် သမီးလေးကို
မောင့်လိုလူမျိုးနဲ့ပဲတွေ့စေချင်တယ်။ ဘာလို့ဆို
သမီးလေးကအရမ်းနုနယ်တာ
အိမ်ထောင်ရေးလောကခံဆိုးကြီးနဲ့မတွေ့စေချင်
တာအမှန်။ သားကအိမ်ထောင်ရေးအဆင်မပြေလို့
ယောကျ်ားလေးစိတ်ပူစရာမရှိပင်မဲ့။
သမီးလေးကိုတော့
ကောင်းတဲ့ယောကျ်ားနဲ့ပဲတွေ့စေချင်တယ်။မောင်
တို့အမြဲရှိနေရင်တစ်မျိုးပေါ့

မောင်တို့မရှိတော့တဲ့အခါ
ယောကျ်ားကရိုက်တာနက်တာတို့ဆိုရင်....."

မောင်တစ်ယောက်စကားပြောနေရင်းဆက်မပြောနိုင်လောက် တိတ်ကျသွားတာမို့ကြည့်လိုက်တော့ မောင်က မျက်ရည်စက်ကိုသုတ်လိုက်မြင်တာမို့ ဖခင်စိတ်အပြည့်ရှိတဲ့ ဒီလူသားကို သား နဲ့ သမီး မိဘနေရာထားရတာကံကောင်းလွန်းပါသည်။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

"မာမီ နဲ့ ဒယ်ဒီ နေကောင်းတယ်မဟုတ်လား"

နေ ဘုရားရင်ပြင်တော်ပေါ်က
ခရေပင်ကြီးအောက်မှာ ထိုင်ပြီး
တရားမှတ်နေကြတဲ့
မိဘနှစ်ပါးရှေ့လျှောက်သွားကာ မေးလိုက်တော့
သူကိုကြည့်လာတဲ့ အေးချမ်းတဲ့အပြုံးတွေနဲ့ မာမီ။

"သား မြင်တဲ့အတိုင်းပဲလေ "

နေလက်ရာ မှာတုန်းကလို့
စည်းစိမ်ဂုဏ်ပကာသနတွေမပါပဲ ရောဂိဝတ်စုံလေး
ဒယ်ဒီ နဲ့ မာမီက အေးချမ်းလှပါသည်။

"ဘွား
သားတို့ကတကယ်သတိရနေတာကိုစကားလည်း
သိပ်မပြောဘူး ချေတာလား"

"ဟဲ့ နေတစင်း!"

LayNge

ဘုမသိဘမသိနဲ့ ထပြောတဲ့ သားဖြစ်သူကြောင့်
သဘာဝ သားကို
ထဟန့်လိုက်ရသည်။မိန်းမသာရတာ လူလောကကို
သိပ်မကျဉ်လည်တဲ့
သားကိုလည်းလွှတ်ထားလို့မရသေးတာအဲ့တာတွေ
ပါသည်။

တူဖြစ်သူရဲ့စကားကြောင့်
ဘေးကမေလက်ရာတို့အတွက်မှာလည်း
ရီချင်နေတာကို ထိန်းထားရသည်။တရားရိပ်မှာ
ခိုဝင်တဲ့ါသူတိုင်းကစကားသိပ်ပြောကြတာမှမဟု

တ်တာ။ဒါကို မာမီတို့ကို ချေတယ်ဆိုတာကြောင့်
ရီချင်နေရသည်။

ဒေါ်လက်ရာတို့ဇနီးမောင်နှံလည်း
မြေးဖြစ်သူစကားကြောင့်
ပြုံးယုံလေးပြုံးကြသည်။သားဘေးနားထိုင်နေတဲ့
ကလေးလေးက မြေးငယ်လေးထင်ပါရဲ့
အေးလိုက်တာ ငြိမ်နေတာပဲ။သူမတို့လည်း
အခုဆိုမြေးတွေတင်မက မြစ်သွားပါရနေကြပြီ။

"သားက အခုလိုအဆင်ပြေပြေမြင်ရတာ မာမီတို့
စိတ်ချမ်းသာပါတယ်
အခုလုံပဲမိသားစုစည်းစည်းလုံလုံးနေကြ သား
ညီမလေးလည်း လွတ်မထားနဲ့ သူကအသက်သာ
30ကျော်တာ
ကလေးစိတ်ကကုန်သေးတာမဟုတ်ဘူး"

"အိမ်အတွက်က မာမီကစိတ်ချပါ
စိတ်ပူစရာမလိုပါဘူး ဒီမီာအဆင်ပြေတယ်
မဟုတ်လား သား ဘာလုပ်ပေးရမလည်း"

နေ မာမီ နဲ့
ဒယ်ဒီနှစ်ယောက်လုံးကိုကြည့်ပြီးပြောလိုက်တော့
မာမီက သူတို့ကလုံအပ်တာမရှိပင်မဲ့
ကျောင်းမှာတော့
ရိပ်သာအဆောင်တွေလိုအပ်တယ်ပြောတာကြောင့်
နေပြီးရင်ခေါင်းငြိမ့်ကာ....

"စိတ်ချပါ မာမီ
အဲ့တာတွေအကုန်သားလူပေးသွားပါမယ် ဒီမှာ
ဆွမ်းကျွေးတာတွေလည်း
သားတာဝန်ယူပေးသွားပါမယ် သားလည်း

မာမီတို့အပေါ်
တက်နိုင်သလောက်ပြန်လုပ်ပေးရတာပေါ့"

သူပြောတာကို
မိဘနှစ်ပါးကကျေနပ်ပိတိတွေနဲ့ပြုံးကြည့်နေတာမို့
နေလည်းရင်ထဲအလိုလိုအေးချမ်းသွားရသည်။မိဘ
တွေအပေါ်သူဘယ်လောက်ဆိုးခဲ့လည်း
ဆိုတာသူသာလျင်အသိဆုံး။

ဦးနေမင်း + ဒေါ်လက်ရာ မိသားစု
နေ့ဆွမ်းကပ်အလှူ နှင့် ရိပ်သာကျောင်းဆောင်

ဆောက်လုပ်လျှုတန်းခြင်း ဆိုတဲ့စာတန်းနဲ့အတူ
မာမီတို့လို တရားရိပ်ခိုလုံတဲ့သူတွေနဲ့
သံယာတော်တွေ နေ့ဆွမ်းကပ်နေတာကို သူ
သမီးလေးကို ချီလျက်
မိန်းမဖြစ်သူပုခုံးကုံဖက်ကက
ကြည်နူးဖွယ်မြင်ကွင်းလေးကိုကြည့်နေမိသည်။သူ
တို့မိသားစုက မာမီနဲ့ ဒယ်ဒီ နာမည်နဲ့ လူသလို
သားတို့မိသားစုကလည်း သူနဲ့ မအပြင်
ကွယ်လွန်သွားတဲ့ လင်းရိပ်ကို အမေနာမည်နဲ့
ရိပ်သာ ဆောက်လုပ်လျှုတန်းသည်။

နေ့အတွက်တော့
ဒီနေ့လေးကဘာနဲ့မှမလဲနိုင်လောက်အောင်ကြည်နူး
ရသည်။သူလည်းတက်နိုင်တဲ့အပိုင်းကနေ
မိဘကျေးဇူးဆပ်နိုင်သလို သားကလည်း
သူတို့အပေါ်အသက်ငယ်ငယ်နဲ့
မိဘကျေးဇူးသိတက်တာကြောင့်
သူမှာဝမ်းသာဝမ်းနည်းခံစားချက်ကို
ချစ်ဇနီးနည်းအတူတူ ခံစားရသည်။မကလည်း
ရုတ်တရက်ထလှူတဲ့ သားဖြစ်သူက
မိဘနာမည်တွေမို့ မျက်ရည်ကျတာသူမြင်ပင်မဲ့
မတားမိ။မိဘမေတ္တာကို ဘာမှန်းမသိခဲ့ရတဲ့

မအတွက် သားသမီးရဲ့
ချစ်ခြင်းမေတ္တာတွေခံစားပါစေလေ။

"ပါး ကိုအရမ်းပျော်တာပဲ ဘာပဲဖြစ်ဖြစ်
ပါးမိဘတွေပျော်နေတာမြင်ရတာလေ Light
မာမီကိုတွေ့နေရသလိုပဲ"

Light က ဖေဖေ နဲ့ မေမေကိုကြည့်ကာပြောတော့
သူလည်းပျော်နေတဲ့ မိဘနှစ်ပါးကိုကြည့်ကာ
စိတ်ချမ်းသာရသည်။ငယ်ငယ်ကတည်းက
မျက်နာတစ်ချက်အညိုးမခံချစ်ခဲ့တဲ့ ဖေဖေ နဲ့

မေမေကို သူ့အသက်ရှင်သမျှကာလပတ်လုံး
ကျေးဇူးဆပ်ဖို့အမြဲကြိုးစားသွားမှာ။

အသက်နဲ့ရင်းပြီး မွေးဖွားပေးခဲ့တဲ့ မေမေ နဲ့
အရွယ်ရောက်တဲ့အထိ
လက်နဲ့တစ်ခါတောင်နာကျင်အောင်မလုပ်ဖူးတဲ့
ချစ်သောဖေဖေ ကို သားအရမ်းချစ်တယ်.....။

သူတို့မိသားစု စက်ကိုင်းမှာ
တစ်ပတ်ခန့်ကြာပြီးနောက်
ရန်ကုန်ပြန်လာလိုက်သည်။အကြာကြီးနေဖို့

ဆုံးဖြတ်ထားကြပင်မဲ့ သားကလည်း Hotel မှာ
အရေးကြီးအစည်းအဝေးရှိသလို
မောင်ကလည်းသူနောက်ထပ်ချဲ့ထွင်းမဲ့
စင်တာအတွက်
လိုအပ်တာတွေအရေးကြီးလုပ်စရာရှိတယ်ဆိုတာ
ကြောင့် ပြန်လာကြရသည်။

"မွ ပင်ပန်းလိုက်တာ အမွှေစိန်လေးအိပ်ပြီလား"

"အချိန်ကဘယ်လောက်ရှိပြီလဲ မောင်ရဲ့
ကလေးကမအိပ်ပဲနေပါ့မလား"

နေ Company မှာ
ကိစ္စတစ်ခုကြောင့်အလုပ်ရှုပ်သွားတာမို့
အိမ်ပြန်ရောက်တော့ 11 ထိုးတော့မှာမို့
မကမျက်စောင်းထိုးပြောမှ သူပြုံးပြီး မရဲ့
ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲထည့်ကာ.....

"အွန်းပါ မ
သားကိုလည်းအိမ်ရောက်တဲ့အထိပြန်ပို့ပေးရသေး
တယ်"

"ဟင် သားလား သားကဘာဖြစ်လို့လဲ"

နေ မိန်းမဖြစ်သူက
မေးတာကြောင့်ဖက်ထားရာကခွာက
အခန်းတံခါးပိတ်လိုက်ပြီး မပုခုံးဖက်ထားလျက်
ကုတင်တစ်ဖက်မှာအတူတူဝင်ထနိုင်လိုက်သည်။

"ဒီနေ့ Company မှာ
ခရီးသွားမဲ့သူတွေလာအပ်တာမတရားများတယ်၊
ဘယ်လောက်များလည်းဆို
လွန်ခဲ့တဲ့လကတစ်လလုံးဝင်ငွေတောင်

ဒီတစ်ရက်ထဲနဲ့ စံချိန်ချိုးနိုင်တဲ့အထိပဲ၊မောင်ရော
ကျော်သူရရောရ လာအပ်တာတွေကို
အတူတူလက်ခံနေရာတော့ လက်မှတ်ထိုးတာ၊
ကြမောင်တစ်ခြားလူမခိုင်းချင်လို့
သားကိုဖုန်းဆက်ခေါ်တော့ လာတယ်လေ၊
ဒါကြောင့် ပြန်တော့မောင်သူကိုစိတ်မချတာနဲ့
သူ့အိမ်ရောက်တဲ့ထိအနောက်ကနေ
ကားနဲ့လိုက်ကြည့်တာ"

မောင်က
သူတစ်နေ့လုံးအလုပ်ရှုပ်နေတာဆိုတဲ့အကြောင်းနဲ့
သားကိုဘာကြောင့်ခေါ်တာပါ

တစ်လုံးမကျန်အကုန်ပြောပြတော့
သူမပြုံးလိုက်သည်။

"မ မောင်ဗိုက်ဆာတယ်
တစ်နေကုန်ဘာမှမစားရသေးဘူး"

ကြည့်ဦး အသက်အရွယ်နဲ့မှမလိုက်
သူမခါးကိုဖက်ပြီး ခွဲနေပါတဲ့မောင်။ဒါပင်မဲ့
တစ်နေ့လုံး ဘာမှမစားရသေးဘူးဆိုတာကြောင့်...

"မောင် !

ဘယ်လောက်အလုပ်ရှုပ်ရှုပ်အစားမှန်မှန်စားရမယ်

လို့ သဘာဝပြောထားတယ်လေ၊ သဘာဝက

သမီးနဲ့မို့လာမပို့တာ Hotel ကပို့ခိုင်းပါလား!၊

မရဘူး နောက်နေ့ကစ သားကိုပြောထားရမယ်

Hotel ကနေ မောင်အတွက် နေ့တိုင်းစီစဉ်ပေးဖို့"

သူကို အစားဂရုစိုက်မစားလို့ ဆူနေတဲ့ မကြောင့်

သူမတိတ်သွားရသည်။သူနေ့တိုင်း စားတာက

ပုံမှန်အချိန်တိုင်းစားပါသည်။အခုကအလုပ်ကတ

အားရှုပ်သွားတော့ မစားဖြစ်တာ။

" ထ သဘာဝတစ်ခုခုလုပ်ပေးမယ်
အစာအိမ်ဖြစ်မယ် မောင်သတိထားနေ!"

ဒါကြောင့် သူ့အမျိုးသမီးလေးငို
တန်ဖိုးထားနေရတာ။ကြည့် ယောကျ်း
ကျန်းမာရေးဂရုစိုက်သလို
ဗိုက်စာတယ်ဖြာတာကြောင့်လည်း
အချိန်ဘယ်လောက်ရှိနေပါစေ
မငြိုမငြင်ပြင်ဆင်ပေးဦးမှာ။

သူမ နဲ့ သူမအောက်ထပ်ကိုဆင်းလာပြီး
ထမင်းစားခန်းရောက်တယ်ဆို
မီးပိတ်ထားတာကြောင့် မောင်က
မီးခလုတ်ဖွင့်လိုက်တော့ လင်းသွားသည်။

"မောင် ဘာစားမလည်း
သဘာဝဘာလုပ်ပေးရမလည်း"

"ဖြစ်နိုင်ရင် မောင့်မိန်းမကိုစားချင်တာ"

LayNge

"ကြည့် မောင်ကိုစိတ်တိုနေတာနော်
ဘာစားမှာလည်းပြော ဗိုက်အောင့်မယ်"

"ပေါင်မုန့်ပဲကျော်ပဲ မမောင်အဲလောက်ဆိုရတယ်"

သူပြောတာကို ခေါင်းငြိမ့်ပြကာ
ဟင်းချက်ထဲအခန်းထဲဝင်သွားတာမို့
သူပါလိုက်ဝင်လာလိုက်တော့
မကရေခဲသေတ္တာထဲက ကြက်ဥ ၂လုံး နဲ့
ပေါင်မုန့်ချပ်ထုတ်ကိုယူကာ ကျော်ဖို့ပြင်ဆင်သည်။

LayNge

သူကတော့ မိန်းမဖြစ်သူ
သူ့အတွက်လုပ်ပေးနေတာကို အနောက်ကနေ
လက်ပိုက်ကာကြည့်နေမိသည်။ချစ်မြတ်နိုးရသော
ဇနီးလေးက
နို့စိမ်းရောင်ဝမ်းဆက်လေးနဲ့အလှကြီးလှနေသည်။
ညသန်းခေါင်အချိန်ကြီးတောင်
မငြိုမငြင်ထားလုပ်ပေးတာ သူ့ချစ်ဇနီးမို့။

"မောင် လာ ပေါင်မုန့်ကျော်ပြီးနေပြီ
ဘာတွေတွေးနေတာလည်း"

Lay Nge

ဆိုကာ သူလက်ကိုဆွဲပြီး
ထမင်းစားခန်းထဲဝင်လာတဲ့သူမ။ထမင်းစားခန်းထဲ
ရောက်တယ်ဆို ဘေးရင်းကပ်လျက်ထိုင်လိုက်ပြီး
သဘာဝက
မောင်ညဘက်အိပ်ရေးပျက်တာတွေပါသိတာမို့
နို့ဆွဲက်ပါ ရေခဲသေတ္တာထဲကယူလာလိုက်သည်။

"မောင် ရော့ နို့အရင်သောက်လိုက်
အလုပ်တွေသိပ်ဖိမလုပ်နဲ့ တစ်ချို့ဟာတွေဆို
သားကိုခိုင်းလို့ရနေတာကို"

သူမကမ်းပေးတဲ့ နို့ဆွဲက်ကိုတစ်ချို့က်ထဲ
မော့သောက်ပစ်လိုက်သည်။ဘာလို့ဆို
သူနို့သောက်ရတာ တကယ်
ဆန်ပြုတ်တန်းတူကိုမကြိုက်တာ။

"ဟ စားကုန်အောင်စားနော် သဘာဝခွံ့မယ်
ကိုယ်ကျန်းမာရေးဂရုစိုက်မှပေါ့"

"မောင့်မိန်းမကို ချစ်လိုက်တာ"

မိန်းမကို ချစ်ကြောင်းလဲပြော သူမခွံ့တဲ့
ပေါင်မုန့်ကြက်ဥကျော်ကိုလည်း
တစ်ခါထဲပါးစပ်ဟပေးရင်း
အားရပါးရစားပြီးသားပင်။ချစ်တဲ့မိန်းမကိုယ်တိုင်က
ရုတစိုက်ကျွေးနေတာမို့ ကျော်ထားတဲ့ ပေါင်မုန့်
၄ချပ်လုံးအကုန်ကုန်သွားရသည်။

"မောင် ဗိုက်စာသေးလား
သဘာဝထက်ကျော်လိုက်မယ်"

Lay Nge

"ဝပါပြီး နည်းနည်းလေးနေရင်း မောင့်မိန်းမကို
ဆွဲစားပစ်လိုက်မယ်"

ဒီတစ်ခါပြောတော့ မက ပြုံးပြပြီး
ပန်းကန်နဲ့ခွက်ကိုယူကာ
ဟင်းချက်တဲ့အခန်းထဲယူသွားရင်း
ခဏနေတော့ပြန်ထွက်လာကာ
သူ့အမားလျှောက်လာသည်။

"မောင် ဝရံတာသွားကြမယ်
စားပြီးတန်းအိပ်တာမကောင်းဘူး"

LayNge

တစ်ယောက်လက်တစ်ယောက်ကိုင်က
အပေါ်ထပ်က
ဝရံတာကိုအတူတူထွက်လာလိုက်သည်။သူမ
ဝရံတာရောက်တယ်ဆိုမောင်လက်ကိုတွဲထားတဲ့လ
က်ကို ဖြုတ်တော့ မောင်ကအဖြုတ်မခံပဲ
ဆွဲထားတဲ့လက်နေ ဆွဲရင်း သူရင်ခွင်ထဲပြီး
ဖက်ထားသည်။

ချွတ်

Lay Nge

သူ မရဲ့ပါးလေးကို
ငုံနမ်းမိလိုက်သည်။သူမသူ့အနားရှိနေရင်
တစ်ခုခုမလုပ်ရရင်ကိုမကျေနပ်တာ။သူ့မိန်းမအသ
က်ရွယ်ဘယ်လောက်ရောက်ရောက်သူစိတ်မဝင်
စားအဓိကကတော့ သူ့မိန်းမဟာ
သဘာဝပန်းဖြစ်နေဖို့ပဲလိုတာ။

ရွှတ်

သူမအကြောင်းတွေးကောင်းနေတုန်း မ
ကရင်ခွင်ထဲကနေ

သူပါးကုိမော့နမ်းလိုက်တာကြောင့်
သူနမယုံနိုင်အောင်ပင်သူမကိုငုံကြည့်တော့
အရင်လိုရှက်သွေးဖြာပြီး
မျက်နာရင်ခွင်ထဲမအပ်ထားပဲ မော့ထားလျက်နဲ့.....

"ချစ်တယ် မောင် ကျေးဇူးလည်းတင်တယ်
အမြဲတမ်းမောင့်ရွေးချယ်မှုက
သဘာဝပဲဖြစ်ခဲ့လို့..သဘာဝ နဲ့
ကလေးတွေအပေါ်အမြဲပြည့်စုံနေအောင်
ချစ်ပေးတဲ့အတွက်ရော၊သဘာဝကို
စိတ်မပျက်ပဲဆက်ချစ်နေပေးတဲ့အတွက်ရော၊အသ
က်ရှုလိုက်တဲ့အချိန်တိုင်း မောင့်အချစ်နဲ့

စိတ်လှုံခြုံမှုရလို့ အရမ်းပျော်ရတယ်၊သဘာဝ
ကိုယ့်ထက်ငယ်တဲ့ မောင်ကိုရွေးချယ်ခဲ့လို့
စရွေးချယ်ကတည်းက
ဒီအချိန်ရောက်တဲ့အထိဆက်ချစ်ပါ့မလားဆိုတာကို
မသေချာပင်မဲ့ မောင့်အချစ်နဲ့လောင်းကြေးထက်ပြီး
ရွေးချယ်ခဲ့မှဟာ တကယ်မှန်ကန်ခဲ့တယ်၊မောင်က
သဘာဝအတွက် Right Person"

သူမက သူ့ကိုချစ်ကြောင်းနဲ့
သူ့ကိုချစ်ပေးတဲ့အတွက်ကျေးဇူးတင်တာကို
စကားအရှည်ကြီးပြောနေတာမို့

ကြည်နူးတာကြောင့် ကြည့်နေမိတော့
သူမကစကားဆက်သည်။

"သဘာဝ
မောင့်အပေါ်အထင်လွဲခဲ့တဲ့အချိန်မှာလည်း
အမြဲနားလည်ခွင့်လွှတ်ခဲ့တယ်၊သဘာဝစိတ်ဆိုးလို့
ထုရိုက်တဲ့အခါလည်း အသားအနာခံပြီး
စိတ်ဆိုးပြေတဲ့အထိ ပေခံတယ်၊အမြဲတမ်း
မောင်က သဘာဝအပေါ် ကြင်နာခဲ့ပါတယ်၊သဘာဝ
အသက်ရှင်တဲ့အချိန်အကုန်လုံး
မောင်နဲ့ပဲအတူတူဆက်ဖြတ်သန်းချင်တယ်"

နေ စကားတွေတက်နေတဲ့ မရဲ့နှုတ်ခမ်းလေးကို
ဖိကပ်နမ်းလိုက်ပြီး ပြန်ခွာကာ
သူ့မျက်ရည်ဝဲနေတဲ့ မျက်ဝန်းကို
သေချာစိုက်ကြည့်ပြီး....

"ဘာလို့အဲ့လိုသည်းခံတာလည်းဆိုတော့
ခင်များလေးက *မောင့်သဘာဝပန်း* မို့ပေါ့"

သူစကားက အများကြီး မဟုတ်ရင်တောင်
အဓိပ္ပာယ်သက်ရောက်မှုက

တူညီတဲ့နှလုံးသားတစ်စုံရှိတဲ့

လူနှစ်ယောက်အတွက်တော့ *မောင့်သဘာဝပန်း*

ဆိုတဲ့စကားလေးက

သိပ်ကိုနက်ရှိုင်းလွန်းပါတယ်.....။

ဟုတ်ပါတယ် သဘာဝက

*မောင့်သဘာဝပန်း*ပါမောင်.....။

~~~~~~~~~~~~ 🌷 🌼

LayNge
~~~~~~~~~~~~

ချစ်တက်လိုက်ကြတာ *မောင့်ရဲ့မေ*

လို့ပြောပါဦးလား😭

Lay Nge